# အဘိဓမ္မာသင်တန်းပို့ချချက်များ

## (ပထမတွဲ)

အရှင်သီလာနန္ဒာဘိဝံသ (D.Litt.)
(အဂ္ဂမဟာပဏ္ဍိတ - အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
**ပါမောက္ခချုပ်ဆရာတော်**
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်








အရှင်သီလာနန္ဒာဘိဝံသ (D.Litt.)

(အဂ္ဂမဟာပဏ္ဍိတ-အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

ပါမောက္ခချုပ်ဆရာတော်

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ရန်ကုန်မြို့။

# အဘိဓမ္မာသင်္ဂြိုဟ်တော်နှင့် ပို့ချချက်များ

(ပထမတွဲ)

အရှင်သီလာနန္ဒာဘိဝံသ (D.Litt)
အဂ္ဂမဟာပဏ္ဍိတ–အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ပါမောက္ခချုပ်ဆရာတော်
အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

အမှတ်
ရက်စွဲ

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၅၄/၂၀၀၃ (၃) |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၇/၂၀၀၃ (၆) |
| ထုတ်ဝေခြင်း | ပထမအကြိမ် |
| | အုပ်ရေ ၁၀၀၀ |
| တန်ဖိုး | ၃၅၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ |
| အတွင်းသားပုံနှိပ် | ဦးကျော်ဇင် (၀၄၂၂၉)<br>ခိုင်ရည်မွန်ပုံနှိပ်တိုက်<br>အမှတ် (၈၁)၊<br>ဗိုလ်ချုပ်လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | ဦးဝင်းမင်းကို (၀၇၀၉၅)<br>တော်ဝင်ကျောက်စိမ်းပုံနှိပ်တိုက်<br>အမှတ် (၁၇၁)၊ ၄၀ လမ်း၊<br>ရန်ကုန်။ ဖုန်း- ၃၇၅၄၆၀ |
| ထုတ်ဝေသူ | ဦးကျော်ဆန်း (၀၉၃၂)<br>ရဲအောင်စာပေ အမှတ်(၂)၊ ချွန်း (၁)လမ်း၊<br>ပုသိမ်ညွန့်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | **Dream City** |
| ဖလင် | K & M ³<br>အမှတ် ၁၅၀ (ပ/ယာခန်း)<br>ဆိပ်ကမ်းသာလမ်း၊ (အောက်ဘလောက်)<br>ဖုန်း - ၃၇၅၅၈၀ |
| စာအုပ်ချုပ် | ဦးတင်ထွန်း "ငွေအိမ်စည်"<br>၇/၁၁၁လမ်း၊ ဖုန်း ၂၉၁၆၈၀ |
| စီစဉ်သူ | သိရိ |

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရွှေစန္ဒာထွန်းစာပေ

အမှတ်-၉၆၊ (မြေညီ)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
၀၁-၂၄၃၈၇၀

# အဘိဓမ္မာသင်တန်းပို့ချချက်များ

(ပထမတွဲ)

## မာတိကာ


**အဘိဓမ္မာသင်တန်း (၁) မိတ်ဆက်နိဒါန်း**

| | |
|---|---|
| ဗုဒ္ဓဘာသာထွန်းကားရာဒေသ | ၁ |
| အဘိဓမ္မာပိဋကတ်သမိုင်းကြောင်း | ၂ |
| နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ | ၆ |
| အဘိဓမ္မာဆိုသည်မှာ / သုတ္တန်နှင့် အဘိဓမ္မာကွာခြားချက် | ၈ |
| စိတ်နှင့်စေတသိက် | ၁၀ |
| အဘိဓမ္မာဆိုတာဘာလဲ | ၁၁ |
| အဘိဓမ္မာတတ်ဖို့လိုအပ်သလား | ၁၂ |
| အဘိဓမ္မာတတ်ထားမှ | ၁၃ |
| ကုသိုလ်အကုသိုလ်ခွဲခြားသိနိုင်ဖို့ | ၁၄ |
| မလွယ်သော်လည်း မခက်သည့်အဘိဓမ္မာ | ၁၆ |
| မကျဉ်းမကျယ်အဘိဓမ္မာ | ၁၇ |
| သင်္ဂြိုဟ်ပိုင်မှ အဘိဓမ္မာကိုင် | ၁၈ |
| အဘိဓမ္မာဆိုင်ရာကျမ်းဂန်များ | ၁၉ |
| မြန်မာနိုင်ငံနှင့် အဘိဓမ္မာ | ၂၀ |
| အနောက်နိုင်ငံနှင့် အဘိဓမ္မာ | ၂၁ |
| ဝိသုဒ္ဓိမဂ်နှင့် အဘိဓမ္မာ | ၂၂ |
| ကိုယ့်ခန္ဓာထဲမှာ အဘိဓမ္မာ | ၂၃ |
| **အဘိဓမ္မာသင်တန်း (၂)** | |
| သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ | ၂၆ |
| **အဘိဓမ္မာသင်တန်း (၃)** | |
| အကုသိုလ်စိတ် ၁၂ - ပါး | ၅၁ |
| **အဘိဓမ္မာသင်တန်း (၄)** | |
| အဟိတ်စိတ် ၁၈ - ပါး | ၇၇ |
| **အဘိဓမ္မာသင်တန်း (၅)** | |
| ကာမာဝစရသောဘနစိတ် ၂၄ - ပါး | ၁၀၁ |

**အဘိဓမ္မာသင်တန်း (၆)**
ရူပါဝစရစိတ် ၁၅ - ပါး ၁၂၈
**အဘိဓမ္မာသင်တန်း (၇)**
အရူပါဝစရစိတ် ၁၂ - ပါး ၁၅၄
**အဘိဓမ္မာသင်တန်း (၈)**
လောကုတ္တရာစိတ် ၈ - ပါး ၁၈၁
**အဘိဓမ္မာသင်တန်း (၉)**
လောကုတ္တရာစိတ် ဈာန်ပွားပုံနှင့် စိတ်ပိုင်းသရုပ်ခွဲ ၂၀၉
**အဘိဓမ္မာသင်တန်း (၁၀)**
အညသမန်းစေတသိက် ၁၃ - ပါး ၂၃၅
**အဘိဓမ္မာသင်တန်း (၁၁)**
အကုသိုလ်စေတသိက် ၁၄ - ပါး ၂၅၈
**အဘိဓမ္မာသင်တန်း (၁၂)**
သမ္ပယောဂနည်းအစ ၂၈၃
**အဘိဓမ္မာသင်တန်း (၁၃)**
သမ္ပယောဂနည်း ၃၀၄
**အဘိဓမ္မာသင်တန်း (၁၄)**
သင်္ဂဟနည်း ၃၂၉

# ကျေးဇူးမှတ်တမ်း

ဤစာအုပ် ထုတ်ဝေနိုင်ရေးအတွက် တိုက်ရွေ့မှ စာသားအဆင့်သို့ ရောက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြသော

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် Fremont မြို့ မြန်မာကျောင်း ပဓာန နာယကနှင့် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ထားဝယ်ငါးကျမ်းပြန် သာသနာ့ရိပ်သာ ဆရာတော် အရှင်ဓမ္မပိယ (M.A Ph.D.) Thesis တပည့်သံဃာတော်များနှင့်

* စာမူအဆင့်တွင် အမှားကင်းစင်အောင် ဝိုင်းဝန်းကြိုးကြပ် ဆောင်ရွက်ပေးသော
* ဒေါက်တာအရှင်ဥတ္တရဉာဏ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဌာနမှူး, ပဋိပတ္တိမဟာဌာနအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့်
* အဘိဓမ္မာသင်တန်းကို အစမှအဆုံးတိုင် ကြည်ညိုသဒ္ဓါစိတ်ဖြင့် တက်ရောက်ကြသော အမေရိကန်နိုင်ငံရောက် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် သူတော်စင် ဒါယကာ ဒါယိကာမတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သီရိ

ရွှေစန္ဒာထွန်းစာပေ၏

စိစဉ်သူ

# နိဒါန်း

ဤအဘိဓမ္မာသင်တန်း ပို့ချချက်များကို အမေရိကန်နိုင်ငံရောက် မြန်မာအမျိုးသားအမျိုးသမီးများအတွက် ပို့ချခဲ့ပါသည်၊ မြန်မာနိုင်ငံ၌ ထုတ်ဝေရန် ရည်ရွယ်ချက် မရှိခဲ့ပါ၊ အကြောင်းကား မြန်မာနိုင်ငံ၌ မိမိထက် အဘိဓမ္မာအရာ၌ ကျွမ်းကျင်သောဆရာတော်များ ရှိနေ၍တစ်ကြောင်း, မြန်မာလို ရေးသားထားသော အဘိဓမ္မာစာအုပ်များ များစွာရှိနေ၍ တစ်ကြောင်း ဖြစ်ပါသည်။

တစ်ပတ်တစ်ခါ, တစ်ခါလျှင် တစ်နာရီပို့ချခဲ့ပါသည်၊ အားလုံးပေါင်း ၅၆ ကြိမ်, တိတ်ခွေ ၅၆ ခွေစာ ပို့ချခဲ့ပါသည်၊ နဂိုက မြန်မာနိုင်ငံ၌ထုတ်ဝေရန် ရည်ရွယ်ချက် မရှိသော်လည်း တစ်နေ့သ၌ Fremont မြို့ မေတ္တာနန္ဒဝိဟာရ ကျောင်းတိုက် ဆရာတော်ဦးဓမ္မပိယနှင့် စကားစပ်မိရာ သူက မြန်မာနိုင်ငံ၌ ထုတ်ဝေလိုကြောင်း, မြန်မာအမျိုးသား အမျိုးသမီးများအဖို့လည်း ကျေးဇူးများနိုင်ကြောင်းနှင့် မိမိတို့အနေနှင့်လည်း နည်းယူစရာရနိုင်မည်ဖြစ်ကြောင်းများကို ပြောသဖြင့် မြန်မာပြည်၌ထုတ်ဝေရန် သဘောတူခဲ့ပါသည်၊ တစ်ဖန်တုံ ဤသို့ စာအုပ်ရိုက်မည့်အကြောင်းကို ရွှေစန္ဒာထွန်းစာပေမှသိရှိသွား၍ သူတို့ကပင် တာဝန်ယူရိုက်၍ ဖြန့်ချိရန် တောင်းပန်သဖြင့် ဤစာအုပ်မှာ ပို၍ လျှင်မြန်စွာ ထွက်ပေါ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤသင်တန်းမှာ အမေရိကန်ပြည်ရောက် မြန်မာများအတွက် ပို့ချခဲ့ခြင်း ဖြစ်၍ ၎င်းတို့မှာ အင်္ဂလိပ်လိုတတ်သူများဖြစ်ကြ၍ အချို့နေရာ၌ အင်္ဂလိပ် စကားလုံးကိုညှပ်၍ သုံးထားသည်တို့ကို တွေ့ရမည်ဖြစ်ပါသည်၊ ထိုသို့သုံးထားခြင်းမှာ အချို့အရာ၌ အင်္ဂလိပ်လိုပြောခြင်းက သူတို့အဖို့ ပိုမိုလွယ်ကူစွာ နားလည်နိုင်မည်ဖြစ်သောကြောင့်ဖြစ်ပြီး အခြားအကြောင်းတစ်ခုမှာမူ အကျင့်ပါနေသောကြောင့်ဟု ဆိုရပါမည်၊ ထိုအင်္ဂလိပ် အသုံးအနှုန်းများကိုလည်း ပင်ကိုယ် အတိုင်းပင် ထားခဲ့ပါသည်၊ မြန်မာပြန်ဆိုခြင်း မပြုခဲ့ပါ၊ ထို့ပြင် သင်တန်းပို့ချချက်

အားလုံးလိုလိုပင် သူ့အတိုင်းထားခဲ့ပါသည်၊ အချို့ စကားမချောသောနေရာများတွင်သာ ရွှေစန္ဒာထွန်းစာပေမှ ဆရာမဒေါ်သီရိက ဒိုင်ခံ၍ ပြင်ပေးပါသည်၊ စာတစ်အုပ်လုံးကို ဒိုင်ခံ၍ တည်းဖြတ်ပေးသူကားအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပဋ္ဌိပတ္တိ မဟာဌာနမှူး၊ ဒေါက်တာဘွဲ့ရ ဦးဥတ္တရဉာဏ ဖြစ်ပါသည်၊ သူက မြန်မာမှုဆိုင်ရာ၌လည်းကောင်း၊ အင်္ဂလိပ်စာဆိုင်ရာအပိုင်း၌လည်းကောင်း တတ်စွမ်းသလောက် ပြင်ဆင်ပေးပါသည်၊ အင်္ဂလိပ်စာပိုင်းဆိုင်ရာ၌ ဤစာရေးသူလည်း အထူးဂရုစိုက်၍ ပြင်ပေးပါသည်၊ ထိုပြင်ချက်အားလုံးကိုမှ ပုံနှိပ်တိုက်မှပြင်၍ ရိုက်နှိပ်ခဲ့ပါသည်၊ ဤသို့ ကြိုးပမ်းကြပါသော်လည်း အမှားကတော့ကင်းချင်မှ ကင်းမည်၊ အမှားတွေ့ရှိပါက ဖြန့်ချိသူတို့ထံသို့ စာဖြင့် အကြောင်းကြားပါလျှင် ထိုပြင်ချက်များ မှတ်ထားပြီး နောက်တစ်ကြိမ် ရိုက်သောအခါ ထည့်သွင်းပြင်ဆင်ပါမည်။

လင်္ကာများကို များသောအားဖြင့် လယ်တီဆရာတော်ဘုရားကြီး၏ပရမတ္ထသံခိပ်နှင့် တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်၏ ဘာသာဋီကာမှရယူပါသည်။

ပစ္စည်းပိုင်း ကမ္မဋ္ဌာန်းပိုင်းလာ အခန်းများကို ဆူးလေအဘိဓမ္မာပြန့်ပွားရေးအသင်းမှ ထုတ်ဝေသော ဥက္ကဋ္ဌဦးကျော်စိုးရင်ရေးသားသည့် သင်္ဂြိုဟ် သရုပ်ပြ အခြေပြုကျမ်းစာအုပ်မှ ရယူပါသည်။



**အရှင်သီလာနန္ဒာဘိဝံသ**

၁၃၆၅ ခု၊ နယုန်လဆန်း ၄ ရက် အင်္ဂါနေ့

(၃-၆-၂၀၀၃)

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနပြုတက္ကသိုလ်

ရန်ကုန်မြို့၊

မြန်မာနိုင်ငံ။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# အဘိဓမ္မာသင်တန်း [၁]

## စိတ်ပိုင်း (၁)

## မိတ်ဆက်နိဒါန်း

**ဗုဒ္ဓဘာသာထွန်းကားရာဒေသ**

ဒီနေ့ ၁၉၈၆–ခု ဇူလိုင်လ ၂၈ ရက်၊ တနင်္လာနေ့၊ အဘိဓမ္မာသင်တန်း အစပြုတဲ့နေ့ပေါ့၊ အဲဒီတော့ အဘိဓမ္မာကို မလေ့လာခင် အဘိဓမ္မာဆိုတာဘာလဲ အဘိဓမ္မာနှင့် ပတ်သက်ပြီးတော့ နည်းနည်းပါးပါး သိသင့်သိထိုက်တဲ့ အချက်အလက်ကလေးတွေ, အခြေခံသမိုင်းကြောင်းအချက်အလက်ကောင်းတွေ သိဖို့ ပထမ အရေးကြီးတာ။

အဲဒီတော့ ပထမဦးစွာ အခုခေတ်မှာ ဗုဒ္ဓဘာသာဂိုဏ်းကြီးနှစ်ဂိုဏ်း ရှိတယ်၊ ထေရဝါဒ ဗုဒ္ဓဘာသာရယ်, မဟာယာန ဗုဒ္ဓဘာသာရယ်ပေါ့၊ ထေရဝါဒ ဗုဒ္ဓဘာသာကို မဟာယာနတွေက ဟီနယာနလို့ ခေါ်တယ်၊ အခုထိအောင်လည်း သုံးနေကြတုန်းပဲ၊ ဒါပေမယ်လို့ အဲဒီဟာကို ဦးဇင်းတို့က လက်မခံဘူး၊ ဟီနဆိုတာ ယုတ်ညံ့တယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်၊ သူတို့က အင်္ဂလိပ်လိုပြန်တော့ (lesser) လို့ပြန်တော့ပြန်တာပဲ၊ ဒါပေမယ်လို့ အမှန်တော့မဟုတ်ဘူး၊ ဟီနဆိုတာယုတ်ညံ့တယ်၊ အဲဒီလို အဓိပ္ပာယ်မျိုးတွေထွက်တယ်၊ ဒါကြောင့်မို့လို့ ဦးဇင်းတို့က အဲဒါကို လက်မခံဘူး၊ ထေရဝါဒရယ်, မဟာယာနရယ်, ဒါပဲ လက်ခံထားတယ်။

အဲဒီတော့ ထေရဝါဒဗုဒ္ဓသာသနာက တောင်ပိုင်းနိုင်ငံတွေမှာ ပျံ့နှံ့ ထွန်းကားတယ်၊ မြတ်စွာဘုရား ပွင့်တော်မူပြီးတဲ့နောက် ဗုဒ္ဓဘာသာဟာ တဖြည်း ဖြည်းနဲ့ တောင်ဘက်ကို ရွေ့သွားတယ်၊ အိန္ဒိယတောင်ပိုင်း ရောက်သွားတယ်၊ အိန္ဒိယ တောင်ပိုင်းကနေ သီဟိုဠ် (သီရိလင်္ကာ)ကို ရောက်သွား တယ်နော်။

သမိုင်းကြောင်းအရပြောရရင်တော့ အသောကမင်းကြီးလက်ထက်မှာ ရှင်မဟိန္ဒနှင့် တခြားပုဂ္ဂိုလ် ၅–ယောက်တို့ သာသနာပြုစေလွှတ်တယ်၊ သီဟိုဠ် (သီရိလင်္ကာ)မှာ သာသနာတည်သွားတာပေါ့၊ အဲဒီသာသနာအဆက်ကို ထေရဝါဒလို့ ခေါ်တာပါပဲ။

အဲဒီတော့ ထေရဝါဒ ဗုဒ္ဓသာသနာဟာ ယခုခေတ်မှာဆိုရင် သီဟိုဠ်နိုင်ငံ (သီရိလင်္ကာ), မြန်မာ, ယိုးဒယား, ကမ္ဘောဒီးယား, လာအို, ဒီငါးနိုင်ငံမှာ ထွန်းကား လျက် ရှိတယ်၊ တခြားနိုင်ငံမှာကော ထေရဝါဒ မရှိဘူးလားဆိုတော့ နည်းနည်း ပါးပါးတော့ ရှိပါတယ်၊ အိန္ဒိယမှာ နည်းနည်းပါးပါးရှိတယ်၊ အခု အနောက် အင်္ဂလန်တို့ ဥရောပတို့မှာ နည်းနည်းပါးပါးရှိတယ်၊ အမေရိကတို့မှာ နည်းနည်းပါးပါး ရှိတယ်၊ ဗီယက်နမ်မှာလည်း နည်းနည်းပါးပါးရှိတယ်။

မဟာယာနကတော့ မြောက်ဘက်ကို ပျံ့သွားတယ်၊ ဒါကြောင့်မို့ မြောက်ပိုင်း ဗုဒ္ဓဘာသာလို့လည်းခေါ်တယ်၊ ထေရဝါဒကို တောင်ပိုင်း ဗုဒ္ဓဘာသာလို့ခေါ်တယ်။

မြောက်ပိုင်းနိုင်ငံဆိုတော့ နီပေါ, တိဗက်, တရုတ်, မွန်ဂိုလီးယား, ကိုရီးယား, ဂျပန်ပေါ့လေ၊ အဲဒီနိုင်ငံတွေ ပျံ့နှံ့သွားတယ်၊ အခုတော့လဲ တစ်ကမ္ဘာလုံး ပျံ့နှံ့နေပါပြီ။

အဲဒီလိုဆိုတော့ ထေရဝါဒမှာလည်း အဘိဓမ္မာရှိတယ်၊ မဟာယာနမှာလည်း သူတို့အဘိဓမ္မာနှင့် သူတို့ရှိတယ်၊ အဘိဓမ္မာဟာ ဦးဇင်းတို့ ထေရဝါဒမှာသာရှိတာ မဟုတ်ဘူး၊ သူတို့(မဟာယာန)မှာလည်းရှိတယ်၊ ခုနစ်ကျမ်းပဲ၊ ဒါပေမယ်လို့ သိပ်မတူ တတ်ဘူး၊ နည်းနည်းကွဲပြားတာလည်းရှိတယ်၊ တူတာလည်းရှိတယ်၊ အခု ဦးဇင်းတို့ လေ့လာမှာကတော့ ဦးဇင်းတို့ ထေရဝါဒ အဘိဓမ္မာကို လေ့လာ ကြမယ်။

## အဘိဓမ္မာ ပိဋကတ်သမိုင်းကြောင်း

အဲဒီတော့ အဘိဓမ္မာပိဋကတ်ရဲ့ အခြေခံကို(သို့) သမိုင်းကြောင်း နောက်ခံကို နားလည်ဖို့ဆိုရင် ဘာ ပြန်စဉ်းစားရမလဲဆိုတော့ ပထမ သင်္ဂါယနာ တင်တာကနေ အစပြုရမယ်နော်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးလို့ (၃)လကျော်ကျော်ရှိတဲ့အခါမှာ ရှင်မဟာကဿပအမှူးရှိတဲ့ ရဟန္တာငါးရာက ပထမသင်္ဂါယနာတင်တယ်။

ပထမသင်္ဂါယနာတင်တယ်ဆိုတာ အမှန်ကတော့ ဘာလဲဆိုရင် ရဟန္တာချည်း ငါးရာစုပြီးတော့ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတွေအားလုံးကို စုဆောင်းတယ်၊ စုဆောင်းပြီးတော့ စိစစ်တယ်၊ စိစစ်ပြီးတော့ ဒါ မြတ်စွာဘုရားဟောတဲ့ တရားစစ်မှန်ပြီဆိုပြီး ကျေနပ်တဲ့အခါမှာ လက်ခံတယ်။

အဲဒီလို လက်ခံတဲ့အခါမှာ စာအုပ်တွေဘာတွေ မရှိသေးတော့ စုပေါင်းပြီးတော့ ရွတ်ဆိုလိုက်တာ၊ သင်္ဂါယနာဆိုတာ အဲဒီအဓိပ္ပာယ်ရှိတယ်၊ သံ–ဆိုတာ အတူတကွ၊ ဂါယနာ–ဆိုတာက ရွတ်ဆိုတာ၊

ရဟန္တာငါးရာ အတူတူရွတ်ဆိုလိုက်တဲ့အခါမှာ ဒီသင်ကြားချက်ဟာ မြတ်စွာဘုရားရဲ့ သင်ကြားချက် အစစ်အမှန်ပဲလို့ အဲဒီ (Council) ကြီးက လက်ခံလိုက်တာပဲဆိုပါတော့။

အဲဒီ Council ပထမသင်္ဂါယနာမှာ အရှင်မဟာ ကဿပက မေးခွန်းထုတ်တယ်၊ အရှင်ဥပါလိက ဝိနည်းနှင့် ပတ်သက်ပြီးတော့ အဖြေပေးရတယ်၊ အရှင်အာနန္ဒာက သုတ်, အဘိဓမ္မာနှင့် ပတ်သက်ပြီးတော့ အဖြေပေးရတယ်၊ အဲဒီလို အဖြေပေးပြီးတော့ အားလုံး ကျေနပ်ပြီဆိုတော့ လက်ခံလိုက်ကြတယ်ပေါ့လေ၊

အဲဒီလို လက်ခံတဲ့အခါမှာ (classify) လုပ်လိုက်တယ်၊ ဒါက ဝိနည်းပိဋကတ်ပဲ, ဒါက သုတ္တန် ပိဋကတ်ပဲ, ဒါက အဘိဓမ္မာ ပိဋကတ်ပဲလို့ အဲဒီလို သင်ကြားချက်တွေကို သုံးမျိုးသုံးစားခွဲလိုက်တယ်၊ ဒါကို ပိဋကတ်လို့ ပါဠိလို ခေါ်တယ်၊ အခုခေတ် အင်္ဂလိပ်လိုကတော့ (basket) လို့ အဓိပ္ပာယ်ပြန်တယ်။

ပိဋကတ်ဆိုတဲ့ ပါဠိစကားက ခြင်းတောင်းဆိုတဲ့ အနက်အဓိပ္ပာယ် လည်း ထွက်တယ်၊ ပြီးတော့ သင်ကြားအပ်တဲ့ ပရိယတ်, သင်ကြားအပ်တဲ့ အရာဆိုတဲ့ အနက်လည်းထွက်တယ်၊ ဒီ ၂–မျိုး အဲဒီမှာ သူတို့ကတော့ လွယ်တဲ့ဟာ ယူလိုက်တာပေါ့လေ၊ (basket) ဆိုပြီးတော့ ပြန်တယ်၊ အဲဒါ ဘာလဲဆို ပိဋကတ်သုံးပုံပဲနော်။

ပိဋကတ်သုံးပုံက ဝိနည်းပိဋကတ်, သုတ္တန်ပိဋကတ်, အဘိဓမ္မာပိဋကတ်၊ ဝိနည်းပိဋကတ်ကတော့ ရဟန်းတို့ ရဟန်းမိန်းမတို့အတွက်ပေါ့၊ သုတ္တန် ပိဋကတ်ကတော့ အားလုံးအတွက်ပေါ့၊ အဘိဓမ္မာပိဋကတ်ကတော့ အဲဒီထက် နည်းနည်း ထူးခြားတယ်ပေါ့လေ။

အဲဒီလို ပထမသင်္ဂါယနာ တင်ပြီးတဲ့နောက် အနှစ် ၁၀၀, မြတ်စွာဘုရား

ပရိနိဗ္ဗာန်ပြုပြီးလို့ အနှစ်တစ်ရာကျတော့ ဒုတိယသင်္ဂါယနာတင်ပြန်တယ်၊ ရဟန္တာတွေ ၇၀၀–စုပေါင်းပြီးတော့ တင်ကြတာနော်။

အဲဒီမှာတော့ သိပ်တော့ အထူးခြားကြီးမဟုတ်ပါဘူး၊ အဲဒီ ပထမသင်္ဂါယနာတုန်းက လက်ခံတာတွေကိုပဲ ထပ်မံအတည်ပြုတဲ့သဘောပါ။

နောက်တစ်ခါ အသောကမင်းတရားကြီးလက်ထက်မှာ တတိယသင်္ဂါယနာတင်ပြန်တယ်၊ အဲဒါလည်း ပထမ, ဒုတိယ, သင်္ဂါယနာတင်တုန်းက လက်ခံထားတဲ့ ဟာတွေကို ထပ်ပြီးတော့ အတည်ပြုတဲ့ အနေပါပဲ။

အဲဒီ အသောကမင်း တရားကြီးကတော့ ဘုရား ပရိနိဗ္ဗာန် ပြုပြီးတဲ့နောက် နှစ် ၂၀၀–ကျော်ပေါ့လေ၊ ၂၃၀–လောက်မှာ ထင်ပါတယ်၊ ဒီ တတိယ သင်္ဂါယနာ တင်ပါတယ်၊ အဲဒီ တတိယသင်္ဂါယနာတင်အပြီးမှာ ကိုးတိုင်းကိုးဌာနကို သာသနာ ပြုတွေ စေလွှတ်တယ်၊ သာသနာပြုအဖွဲ့ ရဟန်းငါးပါးပေါ့လေ၊

အဲလို စေလွှတ်တော့ သားတော် မဟိန္ဒနှင့် နောက်တော့ သမီးတော် သင်္ဃမိတ္တာပေါ့လေ၊ သားတော် မဟိန္ဒကို သီဟိုဠ်ကျွန်း (သီရိလင်္ကာ)ကျွန်းကို စေလွှတ်တယ်၊ သီဟိုဠ်ကျွန်းမှာ အဲဒီအခါတုန်းက ဒေဝါနံပိယတိဿ ဘုရင်အုပ်စိုး နေတဲ့ အချိန်၊ အဲဒီဘုရင်ကြီးကို တရားဟောလိုက်တော့ ဗုဒ္ဓဘာသာဖြစ်သွားပြီးတော့ နောက်တော့ သီဟိုဠ်တစ်ကျွန်းလုံး ဗုဒ္ဓဘာသာ ပျံ့နှံ့သွားတယ်။

အဲဒီသီဟိုဠ်မှာ ဗုဒ္ဓသာသနာတည်နေပြီးတော့ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးလို့ အနှစ် ၄၅၀ လောက်ရှိတဲ့အခါမှာ (First Century A.D) အေဒီလောက်မှာ (သို့မဟုတ်) ဘီစီအဆုံးလောက်ပေါ့လေ၊ ဘာဖြစ်သလဲဆိုတော့ ဗြာဟ္မဏတိဿ ခိုးသူဘေးဆိုတဲ့ သူပုန်ဘေးကြီး ပေါ်လာတယ်နော်၊ ရှေးတုန်းကလဲ အကြီးအကျယ်ပဲ၊ အဲဒီ သူပုန်ဘေးဟာ ၁၂–နှစ်ကြာတယ်၊ အဲဒီတော့ တိုက်ကြ ခိုက်ကြဆိုတော့ လူတွေ ဟိုပြေးသည်ပြေး ပြေးတော့ ရဟန်းတော်တွေလည်း စားစရာနေစရာခက်တယ်၊ အဲဒီလို ခက်တဲ့အခါကျတော့ တချို့ရဟန်းတော်တွေက အိန္ဒိယဘက်ကိုကူးတယ်၊ တချို့ ရဟန်းတော် တွေကတို့တော့ ဒီဘက်မှာပဲ နေရစ်တော့မယ်၊ အိန္ဒိယမကူးဘူး ဆိုပြီး သီဟိုဠ်မှာ နေရစ်တဲ့ ရဟန်းတော်တွေက ဆင်းဆင်းရဲရဲ အသက်မွေးကြရတာ ပေါ့၊ စားစရာ သောက်စရာ မပြည့်စုံဘူး၊ နေစရာ ထိုင်စရာ မပြည့်စုံဘူးပေါ့လေ။

ဒါပေမယ်လို့ သူတို့ဆောင်ထားတဲ့ ပိဋကတ်တွေကိုတော့ မမေ့အောင် ဆိုပြီးတော့ သူတို့က အမြဲပြန်တယ်၊ တစ်ခါတစ်လေ စားစရာမရှိလို့ ဆာတဲ့ အခါကျရင် ဘယ်လိုလုပ်ရသလဲဆိုရင် မြစ်ကမ်းတို့ သမုဒ္ဒရာကမ်းတို့သွားပြီး

သဲလေးပုံ,အဲဒီသဲလေးပေါ်မှာမှောက်ပြီး သဲတွေက နည်းနည်းအေးတော့ ဗိုက်ကလေး အေးပြီးတော့ အဲဒီလိုပဲ ပိဋကတ်တော်တွေကို ပြန်ပြီးတော့ ဆောင်ထားကြတယ်။

အဲဒီဘေးကြီး ငြိမ်းသွားတဲ့အခါကျတော့ အိန္ဒိယဘက်ပြေးသွားကြတဲ့ ရဟန်းတော်တွေက ပြန်လာကြတာပေါ့လေ၊ သီဟိုဠ်မှာ ငြိမ်းချမ်းရေးဖြစ်ပြီဆိုတော့ ပြန်လာကြတဲ့အခါကျတော့ သီရိလင်္ကာမှာ ကျန်ရစ်တဲ့ ရဟန်းတွေနှင့် အိန္ဒိယက ပြန်လာတဲ့ ရဟန်းတွေနှင့် တွေ့တဲ့ခါကျတော့ ဒီမှာ ကျန်ရစ်တဲ့ ရဟန်းတွေက ဘယ်လိုပြောတုန်း။

"ငါ့ရှင်တို့– သင်တို့ကတော့ ဟိုဘက်မှာ ချမ်းချမ်းသာသာ နေရထိုင်ရတယ်၊ အဲဒီတော့ ငါ့ရှင်တို့ကတော့ ပိဋကတ်တော်တွေကို မှန်မှန်ကန်ကန်ပဲ ဆောင်ထားကြမယ်၊ ငါတို့ကတော့ ဒီဘက်မှာ ဆင်းဆင်းရဲရဲ နေရတာဆိုတော့ မတော်တဆ ချွတ်ယွင်းတာတွေ ဖြစ်ချင်ဖြစ်လိမ့်မယ်၊ အဲဒီတော့ သင်တို့ဆောင်ထားတာနဲ့ ငါတို့ ဆောင်ထားတာ တိုက်ဆိုင်ကြည့်ရအောင်"

အဲဒီလိုတိုက်ဆိုင်ကြည့်လိုက်တဲ့အခါ တစ်လုံးမှ မလွဲဘူး၊ အားလုံး ကိုက်ညီနေတယ်တဲ့၊ အဲဒီလိုကိုက်ညီတာတွေ့ရတော့ သူတို့ဝမ်းသာတယ်၊ ပြီးတော့ စဉ်းစားတယ်၊ "နောင်အခါမှာဆိုရင် ဒီလို ပိဋကတ်သုံးပုံကိုဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ရှားလိမ့်မယ်၊ ဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေ မရှိရင် ပိဋကတ်သုံးပုံ ပျောက်ကွယ်မယ်၊ ပိဋကတ်သုံးပုံ ပျောက်ကွယ်ရင် သာသနာတော်ကြီး ပျောက်ကွယ် သွားလိမ့်မယ်၊ ဒါကြောင့် ငါတို့ ပေပေါ်မှာ ရေးကြရအောင်"ဆိုပြီးတော့၊ ပေထက် အက္ခရာ တင်တဲ့ပွဲပေါ့၊ အေဒီ (First Century A.D) အတွင်းမှာပဲ အဲဒီပေထက် အက္ခရာတင်တာ လုပ်တယ်၊ အဲဒီပေထက် အက္ခရာတင်တဲ့ပွဲကိုပဲ စတုတ္ထသင်္ဂါယနာလို့ အများက ဒီလို ခေါ်ကြတယ်။

အဲဒီလို ပေထက်အက္ခရာတင်တာကို စတုတ္ထသင်္ဂါယနာလို့ ကျမ်းဂန်မှာ သေသေချာချာဆိုတာ မရှိဘူး၊ ဒါပေမယ်လို့ ဒါကို စတုတ္ထသင်္ဂါယနာလိုပါပဲဆိုပြီးတော့ အားလုံးကပဲ စတုတ္ထသင်္ဂါယနာလို့ အသိအမှတ်ပြုလိုက်တယ်၊ ပထမ, ဒုတိယ, တတိယ သင်္ဂါယနာမှာ အာဂုံပဲ ဆောင်လာခဲ့ကြသေးတယ်၊ စတုတ္ထသင်္ဂါယနာကျတော့ ပေရွက်တွေပေါ်ရေးပြီ၊ အဲဒီနောက်လည်း သာသနာတော်ကြီးဟာအိန္ဒိယကနေပြီးတော့ အနယ်နယ် အရပ်ရပ်ပျံ့နှံ့လို့ မြန်မာပြည်လည်းရောက်တယ်ပေါ့လေ။

တစ်ခါ မင်းတုန်းမင်းကြီး လက်ထက်ကျတော့ ပဉ္စမသင်္ဂါယနာဆိုပြီးတော့ တင်ပြန်တယ်၊ ဒါကတော့ ကြားဖူးကြပါလိမ့်မယ်၊ မန္တလေးမြို့တည် နန်းတည်

မင်းတုန်းမင်းကြီးကတော့ စတုတ္ထသင်္ဂါယနာထက် တစ်ဆင့်တက်ပြီး ကျောက်ချပ်တွေပေါ်မှာ ရေးတယ်၊ ကျောက်ချပ်ပေါင်း (၇၂၉)ချပ်ရှိတယ်၊ အဲဒါ ခုထိတောင် ရှိသေးတာပဲ၊ သွားဖတ်ရင်ရတာပဲ၊ မန္တလေးတောင်ခြေမှာ ကုသိုလ်တော်လို့ခေါ်တဲ့ ဘုရားဝင်းထဲမှာ ကျောက်စာတစ်ခု ဂူတစ်ခုနှင့်ထားတာ၊

နောက်တစ်ခါ ဆဋ္ဌမသင်္ဂါယနာဆိုတာကတော့ ဦးဗင်းတို့ခေတ်ပေါ့၊ ၁၉၅၄ ခုမှာစတယ်၊ ဆဋ္ဌသင်္ဂါယနာကို ရန်ကုန်မှာ ကျင်းပတယ်၊ အဲဒီ ဆဋ္ဌသင်္ဂါယနာကျတော့ စာအုပ်တွေ ကျမ်းစာတွေရိုက်တယ်၊ ပါဠိတော်ကျမ်းစာတွေ ဒါ အခုထိအောင် ကမ္ဘာမှာ အကောင်းဆုံး ပါဠိစံမူအဖြစ်နှင့် အသိအမှတ်ပြုထားရတယ်၊ အဲဒီ ခြောက်ကြိမ်သော သင်္ဂါယနာတို့မှာ ဒိဝိနည်းပိဋကတ်၊ သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ်ကို အတည်ပြု လက်ခံထားခဲ့ကြတယ်။

ဒါကြောင့်မို့ အခုတွေ့နေရတဲ့ ပိဋကတ်တော်တွေဟာ နောက်မှ ဟိုလူကရေး၊ ဒီလူကရေး, ဟိုလူကထည့်, ဒီလူကထည့်, ဒါမျိုးတွေ မဟုတ်ဘူး၊ မြတ်စွာဘုရားရဲ့ နှုတ်ကပတ်(မုခပါဌ်)တော်ကို အရှင်အာနန္ဒာနှင့် အရှင်ဥပါလိက ဆောင်ထားတယ်၊ သူတို့ကတစ်ဆင့် ပဌမသင်္ဂါယနာမှာ ရဟန်းတော်တွေ အားလုံးကို အသိပေးတယ်၊ အဲဒါ အားလုံးလက်ခံပြီးတော့ အဆင့်ဆင့် ဆောင်လာခဲ့ကြလို့ ယခုထိအောင်ရှိတယ်၊ ဒါကြောင့်မို့ ယခုထိအောင်ရှိနေတဲ့ ဝိနည်း, သုတ္တန်, အဘိဓမ္မာပိဋကတ်တွေဟာ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားထားခဲ့တဲ့ ပိဋကတ်တော်တွေ။

## နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ

အဲဒီ ပိဋကတ်တွေကို ပိဋကတ်အားဖြင့် သုံးပုံ, နိကာယ်အားဖြင့်ငါးခု၊ (နိကာယ်ငါးရပ်လို့ သုံးတယ်) ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်၊ အဲဒီလိုလည်း နှစ်မျိုး ခွဲသေးတယ်။ အဲဒီ ပိဋကတ်သုံးပုံကိုပဲ နိကာယ်အားဖြင့် ခွဲလိုက်တော့ နိကာယ်ငါးရပ် ဖြစ်တယ်။

၁။ ပဌမနိကာယ်က ဒီဃနိကာယ်တဲ့၊

ဒီဃဆိုတာ ရှည်တာကို ဆိုလိုတာ၊ ရှည်တဲ့သုတ်တွေ စုပေါင်းထားတာ၊

၂။ နောက်တစ်ခုက မဇ္ဈိမနိကာယ်၊

မဇ္ဈိမဆိုတာ အလယ်အလတ် (Middle length)မတိုမရှည်သုတ်တွေ စုပေါင်းထားတာ။

၃။ နောက်တစ်ခုကတော့ သံယုတ္တနိကာယ်၊

သံယုတ္တနိကာယ်ကတော့ သုတ်တိုတိုလေးတွေ စုပေါင်းထားတာ၊ ဒါပေမယ်လို့ အဆင့်အဆင့် ရှည်တာလေးတွေလည်း ရှိတော့ရှိပါတယ်၊ များသောအားဖြင့်တော့ သုတ်တိုတိုလေးတွေ။

၄။ ပြီးတော့ တစ်ခါ အင်္ဂုတ္တရနိကာယ်တဲ့၊ အင်္ဂုတ္တရနိကာယ်ဆိုတာက တရားတွေကို တစ်ခု, နှစ်ခု, သုံးခု, လေးခု, စသည်စုပေါင်းပြီးတော့ ဟောတာ၊ လောကမှာ အမြတ်ဆုံးပုဂ္ဂိုလ် တစ်ယောက်တည်းရှိတာ၊ အဲဒါက ဘုရားပဲ၊ စသည်ဖြင့်ပေါ့လေ၊ အဲဒီလို တစ်ခု အစုတရား, နှစ်ခု အစုတရား, သုံးခု အစုတရား အဲဒီလို တဖြည်းဖြည်းနှင့် တိုးတိုးတိုးတိုးသွားတာ ၁၁–ထိအောင်ရှိတယ်၊ ဒါကြောင့်မို့ အင်္ဂုတ္တရလို့ ခေါ်တယ်၊ အင်္ဂဆိုတာက အစိတ်အပိုင်း၊ ဥတ္တရဆိုတော့ များသွားတာ, အထက်တက်သွားတာ၊ ဒါကြောင့် သူ့ကို အင်္ဂလိပ်လိုပြန်တော့ (gradual) ဆိုပြန်တာ။

၅။ ပြီးတော့မှ နောက်တစ်ခုကျတော့ ခုဒ္ဒက နိကာယ်၊ ခုဒ္ဒကဆိုတာက ငယ်တယ်လို့ ဆိုလိုတယ်၊ ငယ်တယ်ဆိုတာ အမှန်ကတော့ ဆိုခဲ့ပြီးတဲ့ နိကာယ်လေးခုမှ မပါတဲ့ဟာတွေကို ခုဒ္ဒကထဲ အကုန်သွင်းတာ၊ ဒါကြောင့်မို့ ဝိနည်းပိဋကတ်ကလည်း ခုဒ္ဒကထဲပါသွားတယ်၊ အဘိဓမ္မာပိဋကတ်လည်း ခုဒ္ဒက နိကာယ်ထဲပါသွားတယ်၊ ကျန်တဲ့ သုတ္တန်တွေလည်း ခုဒ္ဒကထဲ ပါသွားတယ်၊ ခုဒ္ဒကလို့ နာမည်သာပေးတယ်၊ အမှန်တော့ ခုဒ္ဒကနိကာယ်က အများဆုံးဖြစ်တယ်၊ ဒါကြောင့်မို့ နိကာယ်အားဖြင့် ငါးရပ်, ပိဋကတ်အားဖြင့်သုံးပုံ၊ အဲဒီလို ခွဲခြားထားတယ်။

အခု ဆဋ္ဌသင်္ဂါယနာမှာ ရိုက်ခဲ့တဲ့ စာအုပ်တွေ အနေနှင့် ပြောမယ်ဆိုရင် စာအုပ်ပေါင်း ၄၀–ရှိတယ်၊ ပိဋကတ်သုံးပုံ (သို့မဟုတ်) နိကာယ်အားဖြင့် ငါးရပ်၊ ပိဋကတ်သုံးပုံမှာ ဝိနည်းပိဋကတ်ဆိုတာက ခုနပြောတဲ့အတိုင်း ရဟန်းတော်တွေ သာမဏေတွေ ဘိက္ခုနီတွေ ကျင့်သုံးဖို့ဟောထားတဲ့ သိက္ခာပုဒ်တွေရယ်၊ သိက္ခာပုဒ်တွေကို ဘယ်လို အဓိပ္ပာယ်ဖွင့်ဆိုရမယ် နေတာထိုင်တာတွေကော အကုန်လုံးပေါ့လေ၊ အဲဒီဟာတွေနှင့် ပတ်သက်ပြီးတော့ ဟောတဲ့ ဥပဒေစာအုပ်ကြီးတွေလိုပေါ့လေ။

သုတ္တန် ပိဋကတ်ဆိုတာကတော့ အများနားလည်အောင်ဟောတဲ့ တရားတွေပါပဲ၊ ရဟန်းတွေကိုလည်း ဟောတယ်၊ လူတွေ နတ်တွေကိုလည်းဟောတယ်၊

အဲဒါတွေကို သုတ္တန်တရားလို့ခေါ်တယ်။

### အဘိဓမ္မာဆိုသည်မှာ

အဘိဓမ္မာဆိုတာကတော့ ထူးကဲတဲ့တရားလို့ ဆိုရတယ်၊ အဘိဓမ္မာမှာ အဘိရယ် ဓမ္မရယ် ၂-ပုဒ်တွဲထားတယ်၊ အဘိ-ဆိုတာက လွန်ကဲတယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်၊ (သို့မဟုတ်) ထူးမြတ်တယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်၊ ဓမ္မဆိုတာက တရား၊ အဲဒီတော့ လွန်ကဲထူးမြတ်တဲ့တရားဆိုတာက ဘာကိုဆိုလိုတာလဲ၊ အဘိဓမ္မာမှာဟောထားတဲ့ တရားတွေက သုတ္တန်မှာ ဟောထားတဲ့ တရားတွေထက်သာလို့လား ပိုပြီးတော့မြတ်လို့လား၊ ဒီလို မဟုတ်ဘူးတဲ့၊ လွန်ကဲထူးမြတ်တယ်ဆိုတာ အမှန်ကတော့ ဟောပုံလွန်ကဲ ထူးခြားတာကို ဆိုလိုတာ။

ဟောပုံ ထူးခြားတယ်ဆိုတာက ဒီလို သုတ္တန် ပိဋကတ်မှာ ခန္ဓာငါးပါးဆိုရင် ခန္ဓာငါးပါး အကျဉ်းလေးပဲဟောတော်မူတယ်၊ ခန္ဓာငါးပါး အကျယ်ကြီး မဟောဘူး၊ အဘိဓမ္မာ ပိဋကတ်ကျတော့ အဲဒီ ခန္ဓာငါးပါးကို အကျယ်ချဲ့ပြီးတော့ ဟောတော်မူတယ်၊ ခန္ဓာငါးပါးနှင့်ပတ်သက်ပြီးတော့ သိသင့်သိထိုက်တာ မှန်သမျှ အကုန်လုံး တစ်ခါတည်း ဟောချလိုက်တယ်၊ အဲဒီလို ကွာတယ်၊ ခန္ဓာငါးပါးကို သုတ္တန်မှာ တစ်မျက်နှာတည်း ဟောထားတာ တစ်မျက်နှာတည်းနှင့် ရိုက်လို့ရတယ်၊ အဘိဓမ္မာမှာ ခန္ဓာငါးပါးနှင့် ပတ်သက်ပြီးတော့ ဟောထားတာဆိုရင် ဝိဘင်းပါဠိတော် စာမျက်နှာ ၈၀-လောက်ဖြစ်တယ်၊ သုတ္တန္တ ဘာဇနီယနည်း, အဘိဓမ္မာ ဘာဇနီယနည်း, အမေးအဖြေနည်း, စသည်ဖြင့် အဲဒီလိုနည်းတွေနှင့် အမျိုးမျိုး ချဲ့ပြီးတော့ ခန္ဓာငါးပါးနှင့် ပတ်သက်တဲ့ သိသင့်သိထိုက်တာ အကုန်လုံးပါအောင် ဆိုဂြိုးတော့ ဒီလိုဟောတာ၊ ဒါကြောင့်မို့ ဟောတော်မူတဲ့ အခြင်းအရာအားဖြင့် ထူးခြားတဲ့အတွက်ကြောင့် အဘိဓမ္မာလို့ခေါ်တာ။

အဘိဓမ္မာက သုတ္တန်ထက်ပိုပြီး မြင့်မြတ်တယ်၊ အဘိဓမ္မာမှာ ဟောထားတဲ့ တရားတွေက သုတ္တန်မှာ ဟောထားတဲ့ တရားတွေထက် သာတယ် ဒီလိုဆိုတာ မဟုတ်ဘူး၊ အဲဒီတော့ (method of treatment) မှာ သူက ပိုပြီးတော့ ကျယ်ဝန်းများပြားတယ်၊ ဒါကြောင့်မို့ အဘိဓမ္မာလို့ခေါ်တာ။

### သုတ္တန်နှင့် အဘိဓမ္မာကွာခြားချက်

သံယုတ်မှာ တစ်မျက်နှာဟာ ဝိဘင်း ပါဠိတော်မှာ ၆၈-မျက်နှာလောက်

ရှိတယ်၊ အဲဒီတော့ သုတ္တန်မှာ ဟောထားတဲ့တရားနှင့် အဘိဓမ္မာမှာ ဟောထားတဲ့ တရားနှင့်ဘာထူးသလဲ၊ သုတ္တန်မှာကျတော့ မြတ်စွာဘုရားက သမုတိ ပညတ်လို့ခေါ်တဲ့ လူအားလုံးသုံးနေတဲ့စကားလုံးတွေနှင့် ဟောတော်မူတယ်၊ လူပဲ, နတ်ပဲ, သတ္တဝါပဲ မိန်းမပဲ, ယောကျ်ားပဲစသည်ဖြင့် ဒီလို စကားလုံးတွေနှင့် ဟောထားတာ၊ မင်္ဂလ သုတ်တို့ ဓမ္မစကြာသုတ်တို့ ကြားဖူးကြတယ်မဟုတ်လား၊ အဲဒီမှာ ဟောထား တာတွေဆိုရင် အခုလို နတ်သားတစ်ယောက် မြတ်စွာဘုရားကို လျှောက်တယ်၊ မြတ်စွာဘုရားက လူမိုက်မပေါင်းနှင့်, လူလိမ္မာပေါင်း စသည်ဖြင့် ဒီလိုပဲ ဟောတော် မူတယ်မဟုတ်လား၊ အဲဒီလို နေ့စဉ်သုံးစကားနှင့် သုံးပြီးတော့ သုတ္တန်ပိဋကတ်ကို ဟောတော်မူတယ်၊

အဘိဓမ္မာပိဋကတ်ကျတော့ သမ္မုတိသစ္စာကို စွန့်ပြီး ပရမတ္ထ သစ္စာလို့ခေါ်တဲ့ (Ultimate truth) အဲဒီအသုံးအနှုန်းတွေနှင့် သုံးပြီးတော့ မြတ်စွာဘုရား ဟောတော်မူတယ်၊ ဒါကြောင့်မို့ အဘိဓမ္မာကျတော့ ဘာတွေ လာတွေ့မလဲ၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, စိတ်, စေတသိက် စသည်ဖြင့် ဒါတွေပဲတွေ့တယ်၊ သတ္တဝါပဲ, ပုဂ္ဂိုလ်ပဲ, အဲဒီလို ဟောထားတာမရှိဘူး။

အဲဒီတော့ ဘာနှင့်တူသလဲဆိုတော့ လောကဓာတ်ပညာတွေမှာ (lab) ထဲကျတော့ စကားလုံးတစ်မျိုးသုံးတယ်၊ အပြင်ရောက်လာတော့ အပြင်စကား သုံးတယ်၊ အဲဒီလိုပေါ့၊ ရေကို အပြင်ဘက်မှာနေရင် ရေပဲခေါ်မယ်ပေါ့၊ ရေတစ်ခွက် သောက်ချင်တယ်၊ ရေတစ်ခွက်ပေးပါလို့ သုံးမယ်၊ lab ထဲမှာပြောရင် $H_2O$ လို့ ပြောလိမ့်မယ်၊ တစ်ခြားဟာတွေလည်းရှိဦးမှာပေါ့၊ ဘာတွေလဲ မသိဘူး၊ ဆား အကြောင်း ပြောရင် lab ထဲကျ ဆိုဒီယမ်(sodium)ခေါ်မယ်၊ အဲဒီလိုပေါ့။

အဘိဓမ္မာက အဲဒီလို Lab language နှင့်တူတယ်၊ ဒီလူတစ်ယောက်ကို လူလို့မခေါ်တော့ဘူး၊ ယောကျ်ားလို့ မခေါ်တော့ဘူး၊ ခန္ဓာငါးပါး အစုအဝေး, မိန်းမလည်း ခန္ဓာငါးပါး အစုအဝေး စသည်ဖြင့်ပေါ့လေ၊ တကယ်ရှိတဲ့ တရားအနေနှင့် အဲဒါတွေကိုပဲ ကောက်ပြီးတော့ မြတ်စွာဘုရားက သုံးသွားတယ်။

အဲဒါကြောင့်မို့ သုတ္တန်နှင့် အဘိဓမ္မာ ဘာထူးလဲဆို အဲဒါပဲ၊ သုတ္တန်မှာကတော့ ခေတ်သုံး လောကသုံးလိုက်ပြီးတော့ မြတ်စွာဘုရားက ဟောတော်မူတယ်၊ အဘိဓမ္မာ ကျတော့ကို ပရမတ်သဘောတရားလို့ခေါ်တဲ့ တကယ်အစစ်အမှန်ရှိတဲ့ သဘော တရားတွေကို ဆိုလိုတဲ့ စကားလုံးတွေကို သုံးပြီးတော့ ဟောတော်မူတယ်။ အဲဒီလို ကွာသွားတာ။

**အစစ်အမှန်ဟောကြား အဘိဓမ္မာတရား**

အဲဒီ အဘိဓမ္မာမှာ အစစ်အမှန်တကယ်ရှိတယ်လို့ ပြောရင် တကယ်ရှိတာကိုသာ အစစ်အမှန်လို့ ဆိုလိုတာ (reality) ဆိုတာ အဲဒါကို ပြောတာ၊ အဲဒီ အစစ်အမှန်တွေကိုချည်း မြတ်စွာဘုရားက ဟောတော်မူသွားတာ၊ ဆိုလိုတာကတော့ (Chemistery) အနေနှင့် ပြောမတ်ဆိုရင် ဒီမှာရှိတဲ့ ပစ္စည်းတွေအားလုံးဟာ (element) တွေချည်းပဲ၊ ဟုတ်တယ် မဟုတ်လား၊ element အမျိုးမျိုးအချိုးကျပေါင်းစပ်ပြီးတော့ ဒါက သစ်ပင်ဖြစ်နေမယ်, ဒါက ကျောက်ခဲဖြစ်နေမယ်၊ ဒါ လူဖြစ်နေမယ် စသည်ဖြင့်ပေါ့၊ အဲဒါမျိုးလိုပဲ–တကယ် အတိအကျပြောကြစို့ဆိုတော့ လောကကြီးမှာ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်(သို့) ခန္ဓာငါးပါး ဒါပဲရှိတယ်၊ လူပဲ, ပုဂ္ဂိုလ်ပဲ, သတ္တဝါပဲဆိုတာ ရှိတာမဟုတ်ဘူး၊ တကယ်ရှိတာက ရုပ်နှင့်နာမ် (သို့) ခန္ဓာငါးပါး (သို့) စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်၊ အဲဒါကသာ တကယ်ရှိတာ၊ အဲဒါကြောင့်မို့ ဒီ အဘိဓမ္မာပိဋကတ်မှာ တကယ်အရှိတရားဖြစ်တဲ့ ရုပ်တို့နာမ်တို့ကို အကျယ်ဟောတော်မူတာ(သို့) ခန္ဓာငါးပါး, အာယတန ၁၂–ပါး, ဓာတ် ၁၈–ပါး ဒါတွေကို အကျယ်ဟောတော်မူတာ။

**စိတ်နှင့် စေတသိတ်**

စိတ်ကို ဘယ်လောက်ထိ အသေးစိပ် ဟောထားသလဲ၊ အဘိဓမ္မာမှာဦးဇင်းတို့ နေ့စဉ်သုံးစကားနှင့် ပြောတဲ့အခါမှာ စိတ်လို့ပြောလိုက် တာပဲနော်၊ တကယ့်တကယ် ပြောမယ်ဆိုရင် နေ့စဉ်ပြောစကားမှာသုံးတဲ့ စိတ်ဟာ အဘိဓမ္မာအလိုဆို စိတ်နှင့်စေတသိက် ၂–မျိုးကိုဆိုလိုတာ၊ စိတ်နှင့်စေတသိက်က အမြဲတမ်းပေါင်းပြီးတော့ ဖြစ်တာ၊ တွဲဖြစ်တာ၊ ခွဲထားလို့မဖြစ်ဘူး၊ ဉာဏ်နှင့်သာ ဒါကစိတ်ပဲ, ဒါက စေတသိက်ပဲလို့ ခွဲခြားသိနေရတာ၊ ဓာတ်ခွဲသလို တစ်ခုစီ ခွဲလိုက်လို့မရဘူး။

တစ်ခါ အဲဒီ စိတ်ကလည်းပဲ အမျိုးမျိုးရှိတယ်၊ စိတ်ပေါင်း ၈၉–မျိုး (သို့) ၁၂၁–မျိုးရှိတယ်၊ တစ်ခါ စေတသိက်ကလည်း ၅၂–မျိုးရှိတယ်၊ အဲဒီလို မြတ်စွာဘုရားက mind ပေါ့၊ အင်္ဂလိပ်လို mind ကို အလွန် အသေးစိပ် ဝေဖန်ပြီးတော့ ဟောတော် မူတယ်။

အရှင် နာဂသိန်က မိလိန္ဒမင်းကြီးကို ဘာပြောဖူးသလဲဆိုတော့ မင်းကြီး, မြတ်စွာဘုရားဟာ အလွန်ခဲယဉ်းတဲ့အမှုကိုပြုတော်မူတယ်၊ ဘာလဲဆိုတော့ ဒါဟာ စိတ်ပဲ, ဒါဟာ စေတသိက်ပဲ, စေတသိက်မှာလည်း ၅၂–ပါးရှိတော့ ဒါဟာက ဖဿ,

ဒါဟာက ဝေဒနာ စသည်ဖြင့် မြတ်စွာဘုရား ခွဲခြားဟောခဲ့တာ အလွန့်အလွန်ကို ခက်ခဲတယ်တဲ့၊ သမုဒ္ဒရာထဲက ရေလေးလက်တစ်ခုပ်လောက်ကိုယူပြီးတော့ ဒီရေက ဂင်္ဂါမြစ်ရေ, ဒီရေက ယမုံနာမြစ်ရေလို့ ပြောဆိုတာကမှ လွယ်လိမ့်ဦး မယ်တဲ့၊ အတူတူဖြစ်, အာရုံအတူတူယူပြီးတော့ မိုရာ အတူတကွဖြစ်တဲ့ နာမ် တရားထဲမှာ ဒါကတော့ စိတ်ပေါ့, ဒါကတော့ ဖဿ, ဝေဒနာ, သညာ စသည်ဖြင့် ခွဲခြားပြီးတော့ ပြောနိုင်ဖို့ဆိုတာ မြတ်စွာဘုရားပဲရှိတယ်၊ အဲဒီလောက် ခက်ခဲတယ်၊ အဲဒီလောက် ခက်ခဲတာကို မြတ်စွာဘုရားက သတ္တဝါတွေကို ဟောခဲ့တယ်"

ဒါကြောင့်မို့ စိတ်ကို လေ့လာတဲ့နေရာမှာ အဘိဓမ္မာဟာ အလွန်အသေးစိပ်တယ်၊ သူတို့ပြောတာ ခေတ် (ဆိုက်ကိုလိုဂျီ)ကတောင်မှ ဒီလောက်အသေးစိပ်တာ မရှိသေးဘူးလို့ ဆိုတယ်၊ စေတသိက်ပိုင်းကျရင် တွေ့လိမ့်မယ်၊ အလွန် စိတ်ဝင်စားဖို့ကောင်းတယ်၊ (mental state)အမျိုးမျိုး တစ်ခုတစ်ခုကို လက္ခဏာ, ရသ, ပစ္စုပ္ပဋ္ဌာန်, ပဒဋ္ဌာန် စသည်ဖြင့် လေ့လာလိုက်တာ၊ အလွန် စိတ်ဝင်စားဖို့ ကောင်းတယ်။

ပြီးတော့ ဒီ အဘိဓမ္မာမှာ ရုပ်တရားကိုလည်းပဲ ခုနပြောသလိုပဲ အကျယ်ဝေဖန်ပြီးတော့ ဟောတော်မူတယ်၊ (Chemistery)မှာဆိုရင် (element)တစ်ရာကျော်ရှိတယ်၊ ဦးဇင်းတို့ ရုပ်ကတော့ ၂၈–ခုပဲရှိတယ်၊ ဒါလည်း နောင် တဖြည်းဖြည်းနှင့် အကျယ် လာမယ်၊ ဒီရုပ်တွေက ဘယ်လိုဖြစ်လာတယ်၊ သူတို့ကလဲ (group)နှင့်နေတာကို၊ ခုနပြောသလို ဘယ်လိုဘယ်လို အစုဖြစ်တယ်၊ ဘဝတစ်ခုမှာ ဘယ်အချိန်မှာ စဖြစ်တယ်၊ ဘယ်အချိန် နောက်ဆုံးချုပ်သွားတယ် စသည်ဖြင့် ရုပ်နှင့် ပတ်သက်ပြီးတော့ သိသင့်သိထိုက်တာတွေကို အဘိဓမ္မာမှာ ဟောထားတယ်၊ ဒါကြောင့်မို့ အဘိဓမ္မာကို မေးလေ့ရှိတယ်။

## အဘိဓမ္မာဆိုတာဘာလဲ

အဘိဓမ္မာဟာဘာလဲ၊ ဖိလိုဆိုဖီလား ဆိုက်ကိုလိုဂျီလား, ဘာတုန်း, ဒါတွေ အကုန်ပါရတာပဲ၊ ဖိလိုဆိုဖီဆိုလည်း ဟုတ်တာပဲ၊ ဆိုက်ကိုလိုဂျီလည်း ဟုတ်တာပဲ။ (Ethics)လည်း ဟုတ်သလောက် ဟုတ်တယ်၊ ဒါဖြင့်မို့ ဆရာတော် ဦးသေဋ္ဌိလက The Path of Buddha ဆိုတဲ့ စာအုပ်ထဲမှာ ရေးထားတာရှိတယ်၊ သူက ဘယ်လိုရေးတုန်းဆို It is a philospphy ဖိလိုဆိုဖီ။

Sayadaw U Thittila, however, said "Abhidhamma is highly

prized by the profound students of Buddhist philosophy, but to the average student it seems to be dull and meaningless. This is because it is so extremely subtle in its analysis and technical in its treatment that it is very difficult to understand without the guidance of an able teacher. That is probably why the Abhidhamma is not so popular as the other two Pitakas among western Buddhists (The Path of the Buddha" P,70)

အဘိမ္မာထဲမှာ ဖီလိုဆိုဖီလည်းပါတယ်၊ ဆိုက်ကိုလိုဂျီလည်း ပါတယ်၊ (Ethics) လည်းပါတယ်၊ အများဆုံးအားဖြင့်တော့ ဆိုက်ကိုလိုဂျီပါတယ်၊ စိတ်နှင့် စိတ်နာမ် တရားချင်း ဆက်သွယ် ကျေးဇူးပြုပုံတွေ, နာမ်တရားနှင့် ရုပ်တရားကျေးဇူးပြုပုံတွေ ဒါတွေကို အများကြီး ဟောသွားတယ်။

**အဘိဓမ္မာတတ်ဖို့ လိုအပ်သလား**

ကောင်းပြီ အဘိဓမ္မာတတ်ဖို့ တကယ်လိုသလား မလိုဘူးလား၊ ဘယ်လို ဖြေကြမလဲ၊ တတ်တဲ့ ပုဂ္ဂိုလ်ကလည်း လိုတယ်ပြောမယ်၊ မတတ်တဲ့ ပုဂ္ဂိုလ်ကလည်း မလိုပါဘူးကွာလို့ ပြောချင်လည်း ပြောလိမ့်မယ်၊ အခုခေတ်မှာ များသောအားဖြင့် အဲဒီလိုလူတွေ များတယ်၊ အနောက်နိုင်ငံမှာ "အဘိဓမ္မာ မလိုပါဘူး၊ ငါတို့စာအုပ်တွေ ဖတ်နေတာပဲ နားလည်နေတာပဲ"လို့ ပြောတယ်။

အဖြေက ၂-မျိုးပေးရမယ်၊ တရားထူးရဖို့ အားထုတ်မယ်, ဝဋ်မှ ထွက်မြောက်ကြောင်း နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရန် အားထုတ်မယ်ဆိုရင် အဘိဓမ္မာ မတတ်သော်လည်းပဲ ဆရာသမားနှင့် အားထုတ်ရင်ဖြစ်တယ်၊ အဘိဓမ္မာ အများကြီး တတ်ဖို့ မလိုဘူး၊ တတ်ရင်တော့ ကောင်းပါတယ်၊ သို့သော် ဒီစိတ် စေတသိက်, ရုပ်, နိဗ္ဗာန်, ဒါတွေအကုန်လုံးသိမှ မင်း တရားထိုင်ရမယ်၊ ဒီလိုပြောလို့ မရဘူး၊ အဲဒါ သတိထားရမယ်။

အဘိဓမ္မာမတတ်ချင်နေ တရားပြတဲ့ ဘုန်းကြီးက လောကမှာဟော့ ရုပ်နှင့် နာမ်ပဲရှိတယ်လို့ မြတ်စွာဘုရားက ဟောထားတယ်၊ ဒီရုပ်နှင့် နာမ်ဟာလည်းပဲ အနိစ္စ သဘော, ဒုက္ခသဘော, အနတ္တသဘောက မလွန်နိုင်ဘူး၊ မြတ်စွာဘုရားက ဟောထားတယ်၊ အဲဒီလောက်ကလေး နားလည်သွားရင် တရားထိုင်လို့ ရတာပါပဲ၊ ဒါ မဟာစည် ဆရာတော်က အမိန့်ရှိထားတာ၊ ဒါကြောင့်မို့ ပြောမိတတ်တယ်၊ အဘိဓမ္မာ မတတ်ရင် တရားထိုင်လို့ ဖြစ်ပါ့မလား, တရားမထိုင်ကောင်းဘူးလို့

ပြောမိတတ်တယ်၊ အဲဒီလို မဖြစ်စေရဘူး။

အဲဒါ ဘာကြောင့်လဲဆိုတော့ ဝတ္ထုကြောင်းတစ်ခုက ရှင် ရှုဋ္ဌပန်ဆိုတာ ကြားဖူးလား မသိဘူး၊ သိပ်ဉာဏ်ထိုင်းတယ်၊ ဂါထာလေး တစ်ပုဒ်ကို လေးလကျက်လို့ မရဘူးဆိုရင် ဘယ့်နှယ်လုပ်ပြီးတော့ အဘိဓမ္မာသူတတ်မလဲ၊ ဒါပေမယ်လို့ သူ့ကို မြတ်စွာဘုရားက ကမ္မဋ္ဌာန်းပေးပြီးတော့ တရားထိုင်ခိုင်းလိုက်တော့ နာရီပိုင်းအတွင်းမှာ တစ်နာရီတောင်ကြာချင်မှကြာမယ်၊ ရဟန္တာဖြစ်သွားတယ်၊ အဲဒီတော့ မြတ်စွာဘုရားလက်ထက်က မြတ်စွာဘုရားဆီရောက်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်အဘိဓမ္မာတတ်မလဲ၊ တစ်ချို့ ဗုဒ္ဓဘာသာတောင်မဟုတ်ဘူး၊ မြတ်စွာဘုရား တရားဟောလို့ တရားထိုင်ခိုင်းတယ်၊ တရားထိုင်ပြီးတော့ အကျွတ်တရားရတယ်၊ ဒါကြောင့်မို့ တရားထိုင်ဖို့ဆိုရင် အဘိဓမ္မာဟာ မရှိမဖြစ် မဟုတ်ဘူး၊ ဆရာကောင်းကောင်းနှင့် အားထုတ်မယ်ဆိုရင် အဘိဓမ္မာ မတတ်လည်းပဲ အားထုတ်လို့ရတယ်၊ ဒါလေးတော့ မှတ်ထား။

ဒါပေမယ်လို့ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတွေကို နားလည်ချင်ပါတယ်ဆိုရင် အဘိဓမ္မာမတတ်ရင် မဖြစ်ဘူး၊ အဘိဓမ္မာ မတတ်ပဲနှင့် သုတ္တန်ဖတ်ရင် ကျကျနန ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် နားလည်နိုင်ဖို့ မရှိဘူး၊ ဒါကြောင့်မို့ အခုခေတ်အနောက်နိုင်ငံမှာလည်း အလွဲလွဲအမှားမှားတွေ ဖြစ်ကုန်တာ၊ သူတို့က အဘိဓမ္မာမတတ်ဘူး၊ သူတို့ကိုယ်သူတို့ သုတ္တန်လောက်ဖတ်ပြီးတော့ နားလည်တယ်လို့ သူတို့က ထင်တယ်၊ အဲဒါကြောင့်မို့ အဘိဓမ္မာ မတတ်ရင် မြတ်စွာဘုရား သင်ကြားချက်တွေကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် နားလည်ဖို့ မဖြစ်နိုင်ဘူး၊ အပေါ်ယံကြောလောက်ကတော့ နားလည်မယ်၊ တချို့ဝတ္ထုကြောင်းလို ဟောထားတာတော့ ဒါတော့ နားလည်တာပေါ့၊ ဒါပေမယ်လို့ တချို့ဟာတွေကျတော့ with reference to အဘိဓမ္မာ explain လုပ်ရမယ်၊ ကိုယ်နားလည် ရမယ့်ဟာတွေ အများကြီးပဲရှိတယ်၊

**အဘိဓမ္မာတတ်ထားမှ**

အခုပြောပြမယ့် မြတ်စွာဘုရား ဟောထားတာရှိတယ်၊ သဗ္ဗပါပဿ အကရဏံ အကုသိုလ်မလုပ်ကြနှင့်၊ ကုသိုလ်ကို မင်းတို့ ပြည့်စုံအောင်လုပ်ကြ၊ ကိုယ့်စိတ်ကို ဖြူစင်အောင်ထား၊ ဒါ မြတ်စွာဘုရားရဲ့ ဆုံးမ ဟောကြားချက် အကျဉ်းချုပ်ပဲ၊ အဲဒီ ဂါထာလေးက သိပ်လူကြိုက်များတယ်။

သဗ္ဗပါပဿ အကရဏံ ကုသလဿ ဥပသမ္ပဒါ

သစိတ္တ ပရိယောဒနံ ဧတံ ဗုဒ္ဓါန သာသနံ။

ဒါ ဓမ္မပဒမှာရှိတယ်၊ အဲဒီ ဘုရားဟောဩဝါဒကို မိမိက လိုက်နာချင်တယ်၊ အဲဒီတော့ အကုသိုလ်မှန်သမျှ မပြုနှင့်လို့ မြတ်စွာဘုရားက ဟောတော်မူတယ်၊ အဲဒီတော့ အကုသိုလ်ဆိုတာဘာလဲ၊ အဘိဓမ္မာမတတ်ရင် အကုသိုလ် နားမလည်ဘူး၊ မြန်မာတွေ အနေနှင့်တောင်မှ တကယ်တော့ နားလည်တာ မဟုတ်ဘူး၊ နားလည်တယ်ထင်ကြတာပဲ၊ ကုသိုလ်ဆိုတာဘာလဲ, အကုသိုလ်ဆိုတာ ဘာလဲ, တိတိကျကျ မပြောတတ်ဘူး၊ အဲဒီလို မသိတော့ ဘုရားက အကုသိုလ်ကို ပယ်ရမယ်ပြောတယ်၊ ကိုယ်က ကုသိုလ်မှန်း အကုသိုလ်မှန်း မသိရင် ဘယ့်နှယ်လိုက်နာလို့ ရမလဲ။

အဲဒါကြောင့်မို့ အဘိဓမ္မာ မတတ်ရင် အဲဒါတောင်မှ လိုက်နာဖို့ မလွယ်ဘူး၊ ဒါ မြတ်စွာဘုရားဟောတဲ့အတိုင်း ပြည့်ပြည့်ဝဝလိုက်နာဖို့ပေါ့၊ ဆိုပါတော့, ဦးဇင်းက ပြောမယ် မင်းတို့ ထမင်းစားတုန်းလည်းပဲ အကုသိုလ်ဖြစ်နိုင်တယ်ဟဲ့ဆိုရင် ရုတ်တရက်ဆိုရင် မခံချင်ဘူး၊ ဘယ့်နှယ် ကိုယ့်ထမင်းကိုယ်စားတာပဲ, ခိုးစားတာလည်း မဟုတ်ဘူး, ရန်ဖြစ်စားတာလည်း မဟုတ်ဘူး ကိုယ့်ဟာကို ရိုးရိုးစားတာပဲ, ဘယ်လို လုပ်ပြီးတော့ အကုသိုလ် ဖြစ်ရမလဲဆိုတော့ စားတဲ့အခါမှာ ကိုယ်က ကြိုက်တယ်, နှစ်သက်တယ်, တွယ်တာတယ်, လောဘ ပါလာတယ်၊ အဲဒါပြောတာ၊ ဒီအကုသိုလ်ဟာ သူများအသက်သတ်တာ သူ့ဥစ္စာခိုးတာလိုတော့ ဆိုးတာမဟုတ်ဘူးပေါ့၊ သို့သော် အကုသိုလ်ဟာတော့ အကုသိုလ်ပါပဲ၊ မြတ်စွာဘုရားက အကုသိုလ် ရှောင်လို့ပြောရင်, မြတ်စွာဘုရားရဲ့ အဆုံးအမကို အသေချာ လိုက်နာမယ်ဆိုရင် အဲဒါပါ အစရှောင်ရမှာ။

## ကုသိုလ်, အကုသိုလ် ခွဲခြားသိနိုင်ဖို့

ကုသိုလ်ဆိုတာဘာလဲ၊ အပြစ်မရှိဘူး, ကောင်းသောအကျိုးကို ပေးတတ်တဲ့ သဘော တရားတွေကို ကုသိုလ်လို့ ခေါ်တယ်၊ ကုသိုလ်ကို ပြည့်စုံအောင်လုပ်ကြ, စိတ်ကို ဖြူစင်အောင်ထားဆိုတော့ စိတ်အညစ်ကြေးတွေက ဘာတွေလဲဆိုတာသိဖို့ မလိုဘူးလား၊ အဲဒါကြောင့်မို့ စိတ်အညစ်အကြေးမသိပဲနှင့် စိတ်ကို ဘယ်လို ဖြူစင်အောင် ထားတတ်မလဲနော်၊ မြတ်စွာဘုရားက ဟောထားတယ်၊ စိတ်အညစ်အကြေးက ဘာလဲ၊ လောဘ, ဒေါသ, မောဟ, မာန, ဝိစိကိစ္ဆာ, ထိန, မိဒ္ဓ၊ ဒါတွေ ဟောထားတယ်၊ အဲဒါကို ကိလေသာလို့ခေါ်တယ်၊ ကိလေသာဆိုတဲ့ စကားလုံး ကြားဖူးနေကြတယ်နော်၊ ကိလေသာဆိုတာ ဘာလဲဟဲ့ဆို မပြောတတ်

ကြဘူး၊ အဲဒါတွေ အကုန်လုံးဟာ အဘိဓမ္မာမှာရှိတယ်၊ သုတ္တန်ထဲမှာလည်း ရှိသလောက်ရှိပါတယ်၊ အဲဒီဟာတွေကို နားလည်မှသာ မြတ်စွာဘုရားရဲ့ သင်ကြားချက်ကို နားလည်းလည်မယ်၊ လိုက်လည်းလိုက်နာမယ်၊ အဘိဓမ္မာ ဗဟုသုတ မရှိဘူးဆိုရင် ဒါတွေ ကောင်းကောင်း နားမလည်ဘူး။

ဒါဖြင့် ကုသိုလ်ဆိုတာဘာလဲ? အကုသိုလ်ဆိုတာဘာလဲ? အကုသိုလ်ဆိုတာ လောဘ ဒေါသ မောဟနှင့် တွဲဖြစ်တာ မှန်ရင် အကုသိုလ်ပဲ,အဲဒါသာ မှတ်ထား။

ငါ တစ်ခုခုလုပ်တယ်၊ လောဘနှင့် လုပ်သလား၊ ဒေါသနှင့်လုပ်သလား မောဟဆိုတာတော့ အမြဲတမ်းရှိတယ်၊ မောဟကတော့ မကင်းနိုင်ဘူး၊ လောဘနှင့် ဒေါသနှစ်ခုသာကြည့်, လောဘနှင့် လုပ်သလား, ဒေါသနှင့် လုပ်သလား, အဲဒါနှင့် အတူတူ တွဲဖြစ်နေရင် အကုသိုလ်ပဲ၊

ထမင်းစားတယ်, ကြိုက်တယ်၊ ဟင်းလေးက ကောင်းလိုက်တာ, တွယ်တာမှု ဖြစ်တယ်၊ လောဘပါသွားတယ်, ဒါ အကုသိုလ်ပဲပေါ့။

အဲဒီလောဘ ဒေါသ မောဟရဲ့ ပြောင်းပြန်ဖြစ်တဲ့ အလောဘ–မလိုချင်တာ၊ အဒေါသ–မေတ္တာ စိတ်မဆိုးတာ၊ အမောဟ–မတွေဝေတာ၊ မတွေဝေတာဆိုတာ အမှန်အကန်အတိုင်းသိတာ၊ အဲဒါတွေနှင့်တွဲဖြစ်ရင် ကုသိုလ်လို့ခေါ်တယ်၊ လောဘ, ဒေါသ, မောဟနှင့်တွဲဖြစ်ရင် အကုသိုလ်၊ အလောဘ, အဒေါသ, အမောဟနှင့် တွဲဖြစ်ရင် ကုသိုလ်။

တွဲဖြစ်တယ်လို့ ဦးဇင်းပြောတာသတိထားနော်၊ အင်္ဂလိပ်လိုရေးတဲ့ အထဲတွေမှာ သူတို့က (rooted in)လို့ ရေးတတ်တယ်၊ (rooted in) မဟုတ်ဘူး၊ အမှန်က (accompanied by)အဲဒါမျိုးလာရမယ်၊ ဘာကြောင့်တုန်းဆိုတော့၊ လောဘကြောင့် ကုသိုလ်ဖြစ်နိုင်တယ်၊ အခုဆိုလိုတာက လောဘနှင့် တွဲဖြစ်တာကို ပြောချင်တာ။

ဆိုပါတော့ နောက်ဘဝ နတ်ပြည် ဖြစ်ချင်တယ်၊ နတ်ပြည်ကို တွယ်တာတဲ့စိတ် မရှိဘူးလား၊ နတ်ပြည်ရောက်ချင်တော့ ဘာလုပ်လဲ, ကုသိုလ်လုပ်တာပေါ့၊ အဲဒီ ကုသိုလ်ဟာ ခုန လောဘကနေပြီးတော့ ကျေးဇူးပြုပေးတာ၊ (rooted in) လောဘ လို့ပြောရင် ဟိုကလည်း အကုသိုလ်ဖြစ်ရလိမ့်မယ်၊ နတ်ပြည်ရောက်ချင်လို့ လုပ်တဲ့ ကုသိုလ်မဟုတ်ဘူး၊ ကုသိုလ်ဟာ ကုသိုလ်ပဲ၊ ဒါကြောင့်မို့ အဘိဓမ္မာထဲမှာ (rooted in) လောဘလို့ ရေးလျှင် မကိုက်ဘူး၊ အတူတူဖြစ်တာကို ဆိုလိုတာ၊ တစ်ပြိုင်နက် တွဲဖြစ်သလား, မဖြစ်ဘူးလား, ဒါသာကြည့်။

တစ်ပြိုင်နက် တွဲဖြစ်တာ လောဘပါရင် အကုသိုလ်ဖြစ်တယ်၊ အလောဘ

မလိုချင်တဲ့သဘောတရားပါရင် ကုသိုလ်ဖြစ်တာ။

ဓမ္မပဒမှာ ပထမဆုံးဂါထာရှိတယ်၊ မနောပုဗ္ဗင်္ဂမာဓမ္မာ, သာမညအားဖြင့် ဘာသာပြန်မယ်ဆိုရင် ဓမ္မတို့သည် စိတ်လျှင်ရှေ့သွားရှိကြသည်၊ ဆိုလိုတာကတော့ စိတ်ဟာ ဓမ္မတွေရဲ့ ရှေ့သွားရှိတယ်၊ အဲဒီဂါထာကို အနောက်နိုင်ငံကလူတွေ ပထမမှန်အောင် ဘာသာမပြန်တတ်ဘူး၊ ဒုတိယ အဓိပ္ပာယ်လည်း မှန်အောင် မယူဆ တတ်ဘူး၊ သူတို့ဘာသာ ပြန်ခဲ့တာအလွဲ၊ ဖတ်လို့တော့ သိပ်ကောင်းတာ၊ ဟုတ်လည်း ဟုတ်ပါတယ်၊ ဗုဒ္ဓဘာသာနှင့်တော့ မဆန့်ကျင်ဘူး၊ သို့သော် ဒီရဲ့ အဓိပ္ပာယ် အမှန်မဟုတ်ဘူး၊ ဒီဂါထာမှာ ဆိုလိုတာက ဓမ္မဆိုတာဟာ ဘာကို ဆိုလိုတာလည်းဆိုရင် တစ်ခြားနာမ်တရားတွေကိုဆိုလိုတာ။

စိတ်ရယ် စေတသိက်ရယ် ရှိတဲ့အခါမှာ စေတသိက်တွေကို နာမ်တရား၊ စိတ်ကိုလည်း နာမ်တရား၊ အဲဒီ စေတသိက်တရားတွေကို ဆိုလိုတာ၊ အဲဒီစေတသိက် တရားတွေဟာ စိတ်တည်းဟူသော ခေါင်းဆောင်ရှိကြတယ်၊ စိတ်တည်းဟူသော ရှေ့သွားရှိကြတယ်၊ စိတ်ဟာ နာမ်ခန္ဓာသုံးပါးရဲ့ ရှေ့သွား ဖြစ်တယ်၊ ခေါင်းဆောင် ဖြစ်တယ်လို့ ဒီလို ဆိုလိုတယ်။

ရှေ့သွားဖြစ်တယ်ဆိုတော့ သာမညအားဖြင့် ပြောမယ်ဆိုရင် စိတ်က ရှေ့ကသွား, စေတသိက်တွေက နောက်ကလိုက်မှာလား၊ အမှန်ကတော့ တစ်ပြိုင် နက်သောခဏမှာဖြစ်တာ၊ စိတ်ကဖြစ်ပြီး စေတသိက်က နောက်မှဖြစ်တာ မဟုတ်ဘူး၊ တစ်ပြိုင်နက်သော ခဏမှာ အတူတကွဖြစ်ကြတာ, ဖြစ်ပေမယ်လို့ စိတ်ကနည်းနည်း ခေါင်းဆောင်လိုဖြစ်တော့ သူ့ကို ရှေ့သွားလို့ခေါ်ရတာ၊ တကယ်ကတော့ တစ်ပြိုင် နက်သောခဏမှာ ဖြစ်ကြတာ၊ အဲဒီလို လေးနက်တာလေးတွေ နားလည်ဖို့ကျတော့ အဘိဓမ္မာပါမှ နားလည်တာ၊ အဘိဓမ္မာမပါရင် သာမန်အပေါ်ယံပဲ နားလည်သလိုလို မလည်သလိုလိုပါပဲ၊ လုံးဝနားမလည်တာလည်း မဟုတ်ဘူး၊ တကယ် တိတိကျကျ လည်း နားမလည်ဘူး၊ အဲဒီလို ဖြစ်တတ်တယ်။

## မလွယ်သော်လည်း မခက်သည့် အဘိဓမ္မာ

ဒါကြောင့်မို့ အဘိဓမ္မာဟာ မြတ်စွာဘုရား ဟောတော်မူတဲ့ သုတ္တန်တရားတော် တွေပဲ(ဆိုပါတော့) နားလည်ဖို့အရေးမှာ မရှိရင် မဖြစ်ဘူး၊ အဲဒါတော့ သေသေချာချာ သာ မှတ်ထား၊ သုတ္တန်တွေဖတ်ရင် အများကြီးတွေ့တယ်၊ ဒါတွေ အဘိဓမ္မာ (Refenence)လုပ်မှသာ ဒါကို နားလည်မယ်, သို့မဟုတ်ရင် နားမလည်နိုင်ဘူး၊

အဲဒါတော့ သေသေချာချာသာမှတ်ထား၊ ငါတို့ဟာ ဘုရားရဲ့ သင်ကြားချက် တရားတော်တွေကို တကယ်နားလည်ချင်တယ် လိုချင်လာပြီဆိုရင်တော့ အဘိဓမ္မာကို မကိုင်လို့ကိုမဖြစ်ဘူး၊ အဘိဓမ္မာ လွယ်သလားဆိုတော့ ဒါကတော့ (maths) လွယ်သလား၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ တစ်ခုခုဟာမလွယ်ဘူး၊ လုပ်ယူရတာပဲ၊ ကြိုးစား ရတယ်၊ ဒါလည်းပဲ ဒီလိုပဲ၊ မတတ်နိုင်လောက်အောင် ခက်သလား၊ ဒီလိုလဲ မဟုတ်ဘူး၊ မတတ်နိုင်လောက်အောင် ခက်ရင် တတ်တဲ့လူတောင်ရှိမှာ မဟုတ်ဘူး၊ ဘုန်းကြီးဆို တတ်နေကြတာပဲ၊ ဘုန်းကြီးတွေက လူတွေထက် ဉာဏ်ကောင်းလို့ မဟုတ်ဘူး၊ အချိန်ရှိလို့ ကြိုးစားနိုင်လို့၊ ကိုယ်လည်းပဲ အချိန်ပေးပြီး နည်းနည်းချင်း လုပ်သွားရင် ရတာပါပဲ၊ ဒါကြောင့် အဘိဓမ္မာဟာ ဗုဒ္ဓဝါဒကို နားလည်ဖို့အရေးမှာ မရှိရင်မဖြစ်တဲ့ ပညာတစ်ရပ်ပဲလို့ ဒီလိုသာ မှတ်ထားလိုက်၊ အခု ဒီဟာကို တဖြည်းဖြည်းချင်း နည်းနည်းချင်း လေ့လာသွားကြမယ်ပေါ့။

အဘိဓမ္မာလို့ ပြောလိုက်တဲ့ခါကျတော့ အဘိဓမ္မာ ၇–ကျမ်းရှိတယ်၊ နာမည် လျှောက်ပြောရင်တော့ ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာ ဝတ္ထု, ယမိုက်, ပဌာန်း ဆိုပြီးတော့ အဘိဓမ္မာ ၇–ကျမ်းရှိတယ်၊ အဲဒီ အဘိဓမ္မာ ၇–ကျမ်းကို မြတ်စွာဘုရား နတ်ပြည်မှာ ဟောတာနော်၊ မြတ်စွာဘုရား (၇) ဝါမြောက်မှာ တာဝတိံသာ ကြွပြီးတော့ မယ်တော် မိနတ်သား အမှူးပြုတဲ့ နတ်တွေကို အဘိဓမ္မာတရားကို ဝါတွင်းသုံးလပတ်လုံး ဟောတော်မူတယ်။

မြတ်စွာဘုရားဟာ ဘယ်လောက်စကားပြောမြန်သလဲဆိုရင် ရိုးရိုးလူ တစ်ခွန်း ပြောရင် မြတ်စွာဘုရား ၁၂၈–ခွန်း ပြောနိုင်သတဲ့၊ အဲဒီလောက်မြန်တဲ့ မြတ်စွာဘုရား သုံးလပတ်လုံး မရပ်မနား ဟောတာ ဘယ်လောက်များမလဲ၊ volume အနေနဲ့ ကြည့်လိုက်စမ်း၊ သုံးလဟာ (non-stop) နော်၊ နေ့ရော ညရောဟောတာ၊ အဲဒါ သိပ်ကျယ်တော့ လူတွေနှင့် မတော်ဘူးပေါ့၊ ဒါကြောင့်မို့ နတ်တွေကို မြတ်စွာဘုရားက ဟောတာ၊ အဲဒီလို တာဝတိံသာတက်ပြီး မြတ်စွာဘုရား ဟောနေတဲ့အချိန်မှာ မြတ်စွာဘုရား ဆွမ်းခံကြွရတာပဲ၊ အဲဒီဆွမ်းခံကြွခါနီးကျရင် နိမ္မိတ ဘုရားလို့ဆိုတဲ့ သူ့ (Image) ကို ထားခဲ့တယ်၊ ထားခဲ့ပြီးတော့ တရား ဟောခိုင်းထားခဲ့တယ်ပေါ့လေ၊ ဒါ အောက်တန်းစားနတ်တွေ မသိဘူး၊ မြတ်စွာ ဘုရားပဲ ထင်နေတာ။

## မကျဉ်းမကျယ် အဘိဓမ္မာ

အဲဒီလို ဆွမ်းခံကြွတဲ့အခါမှာ ရှင်သာရိပုတ္တရာက မြတ်စွာဘုရားကို သွားတွေ့

တယ်၊ ဟိမဝန္တာမှာ သွားတွေ့ပြီးတော့ ဝတ်ကြီးဝတ်ငယ် ပြုစုတယ်၊ အဲဒီခါမှာ မြတ်စွာဘုရားက သာရိပုတ္တရာ ငါတော့ လွန်ခဲ့တဲ့နေ့က (ဆိုကြပါတော့) အဘိဓမ္မာ ဘယ်နေရာကနေ ဘယ်နေရာထိအောင် ဟောပြီးပြီလို့ ဒါလောက်လေး ပြောလိုက်တာ၊ အဲလောက်ပြောလိုက်ရင် ရှင်သာရိပုတ္တရာ အကုန်သိသွားတာ၊ ရှင်သာရိပုတ္တရာလည်း တကယ့်ဉာဏ်ကြီးတယ်၊ ပြီးတော့မှ ရှင်သာရိပုတ္တရာက လူ့ပြည်ပြန်လာပြီးတော့ သူ့တပည့် ရဟန်းငါးရာကို မကျဉ်းမကျယ်လေး ပြန်ဟောတာ၊ အဲဒီဟောတဲ့ မကျဉ်းမကျယ်လေးဟာ အခု အဘိဓမ္မာ ၇-ကျမ်း ဖြစ်တာပဲ၊ အခု ဦးဇင်းတို့ရှိနေတဲ့ အဘိဓမ္မာ ၇-ကျမ်းဟာ ရှင်သာရိပုတ္တရာက သူ့တပည့် ငါးရာကို ပြန်ဟောထားတဲ့ မကျဉ်းမကျယ်ပေါ့။

အကျယ်ဆုံးမှာ မြတ်စွာဘုရားက နတ်တွေကိုဟောတာ၊ အကျဉ်းဆုံးက ရှင်သာရိပုတ္တရာကို မြတ်စွာဘုရားက ပြောပြတာ၊ မာတိကာလေးလောက် နေမှာပေါ့၊ (Table of Contents) အခုရှိနေတဲ့ အဘိဓမ္မာက နတ်တွေဟောတာလောက်လည်း မကျယ်ဘူး၊ အရှင်သာရိပုတ္တရာ ဟောတာလောက်လည်း မကျဉ်းဘူး၊ ရှင်သာရိပုတ္တရာ က သူ့တပည့်ငါးရာကို ပြန်ဟောတဲ့ မကျယ်မကျဉ်း (Neither too long nor too short) ပေါ့လေ။ အဲဒါကိုပဲ အဘိဓမ္မာဆိုပြီးတော့ ဦးဇင်းတို့ သင်နေတယ်။

အဘိဓမ္မာ ၇-ကျမ်းရှိတယ်၊ အဲဒီ အဘိဓမ္မာမှာ ဘာတွေဟောသလဲ၊ ခုနပြောတဲ့ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, (သို့မဟုတ်) စိတ်, စေတသိတ်, ရုပ်, နိဗ္ဗာန် (သို့မဟုတ်) နာမ်ရုပ်၊ အဲဒီတရားတွေကို မြတ်စွာဘုရား ဟောတော်မူတယ်၊ အဲဒီ အဘိဓမ္မာ ပိဋကတ်ကို အခုနေ ကောက်ဖတ်ကြည့်စမ်း၊ မြန်မာလို ပြန်ထားတာလည်းရှိတယ်၊ အင်္ဂလိပ်လို ပြန်ထားတာလည်းရှိတယ်၊ အလွန်ကို နားမလည် နိုင်ဘူး၊ ဒီစာအုပ်လေးတောင်မှ ရတ်တရက် နားမလည်ဘူး၊ ဟို စာအုပ်ကြီးတွေဆို ပိုဆိုးတယ်။

## သင်္ဂြိုဟ်ပိုင်မှ အဘိဓမ္မာကိုင်

အဲဒါကြောင့်မို့ အဲဒီအဘိဓမ္မာကို မကိုင်ခင် အဲဒီအဘိဓမ္မာကို သွားဖို့ရာ ဆိုပြီးတော့ အခု အဘိဓမ္မတ္ထသင်္ဂဟ မြန်မာလိုသင်္ဂြိုဟ်လို့ခေါ်တဲ့ အခု ဒီစာအုပ်လေးကို လေ့လာရတာ၊ သူက ဘာနှင့်တူသလဲ, အလီလိုပေါ့၊ ဂဏန်းစာအုပ် မကိုင်ခင် အလီကျက်ရတယ်၊ အလီရပြီးမှ အပေါင်း, အနှုတ်, အမြှောက်, အစားလေးလုပ်လို့ လွယ်တယ်၊ ထို့အတူပဲ သူမပါရင် အဘိဓမ္မာထဲ မဝင်နိုင်ဘူး၊ ဒါကြောင့်မို့ သူကလည်း

အဘိဓမ္မာ လေ့လာတဲ့ နေရာမှာ မရှိရင် မဖြစ်တဲ့စာအုပ်၊ သင်္ဂြိုဟ်လို့ခေါ်တယ်၊ ဦးဇင်းတို့ မြန်မာပြည်မှာ ဆိုရင် ဘုန်းကြီးကျောင်းရောက်ရင် ကိုရင်ဖြစ်ပြီဆိုရင် ဒါ စကျက်တာ၊ သင်္ဂြိုဟ်ဆိုတာ ဒါပဲ၊ ဒါကြောင့်မို့ ဒီဟာကို ကျေအောင် လုပ်ကြရလိမ့်မယ်၊ ဦးဇင်းတို့ ဖြည်းဖြည်းပဲသွားမယ်၊ မြန်မြန်သွားရင် မကျေရင် မကောင်းဘူး၊ ကျေအောင်တော့ကြိုးစားကြ၊ မှတ်မိအောင်တော့ ကြိုးစားကြ၊ ပါဠိစကားလုံး မကြောက်နှင့်၊ အလွတ်မကျက်သည့်တိုင်အောင် ခဏခဏပြန်ပြီးတော့ လေ့လာရမယ်၊ နှလုံးသွင်းရမယ်၊ အလွတ်သိနေလောက်အောင် အဲဒီလောက်ထိ အောင် ကြိုးစားကြရမယ်၊ အဲဒါတော့ စိတ်ပျက်လို့ မဖြစ်ဘူး၊ ပါဠိလည်းကြောက်လို့ မဖြစ်ဘူး၊ တော်ကြာကျတော့တွေ့လာလိမ့်မယ်၊ ပါဠိမသုံးရင် မဖြစ်ဘူး ပါဠိမသုံးပဲ ဘာသာပြန်သုံးမိရင် မြန်မာစကားမှာတော့ သိပ်အရေးမကြီးဘူး၊ အင်္ဂလိပ်လိုပြောတဲ့ အခါကျတော့ အလွဲတွေ ဖြစ်ကုန်တတ်တယ်၊ ဒါကြောင့် ပါဠိကိုလည်း မကြောက်နှင့်၊ မှတ်ရမှာလည်းပဲ မကြောက်နှင့်၊ ဒါကတော့ လုပ်ရလိမ့်မယ်။ (language) တစ်ခုသင်လည်း မှတ်ရတာပဲ၊ ကျက်ရတာပဲ၊ အခု (Chemistery) သင်တဲ့သူတွေ လည်း (Periodic Table) သူတို့အကုန်လုံး သိတာပဲ၊ အခု အဘိဓမ္မာ သင်တန်း သားတွေလည်း တော်ကြာကျတော့ အကုန်လုံး သိကုန်လိမ့်မယ်၊ တစ်ခုချင်း နည်းနည်းချင်း လေ့လာဖန်များတော့ သိလာလိမ့်မယ်၊ အဲဒါ လာမယ့်အပိုင်းကို မတက်ခင် (ဆိုပါတော့) ဒုတိယပိုင်း မတက်ခင် ပထမပိုင်းတော့ ကျေကို ကျေရမယ်၊ မကျေရင် သူ့ချည်း ပြန်ပြန်ညွှန်းနေတာဆိုတော့ ကြာတော့ စိတ်ပျက်လာ တတ်တယ်၊ အဲဒါကို ကျေအောင်တော့ လုပ်စေချင်တယ်၊ ဒီက သင်သွားပြီးတော့ ပြစ်ထားလိုက်၊ နောက် တနင်္လာကျမှ စာအုပ်ကောက်လာ ဒီလို မလုပ်ကြနှင့် အိမ်မှာလည်းပဲ မိမိတို့ရသလောက် ၁၀–၁၅ မိနစ် နှလုံးသွင်းပြီး မှတ်မိအောင် လုပ်သွားရင် မှတ်မိရင် စာသင်ရတာ ပျော်လာတာ, မမှတ်မိတော့ စိတ်ပျက်လာတာ, ဒါကြောင့်မို့အဲဒါ လုပ်ကြ။

### အဘိဓမ္မာဆိုင်ရာ ကျမ်းဂန်များ

အခု (A Manual of Abhidhamma) ရဲ့ မူရင်းက ဘာလဲဆိုရင် အဘိဓမ္မတ္ထ သင်္ဂဟခေါ်တဲ့ သင်္ဂြိုဟ်ကျမ်းလို့လည်းခေါ်တယ်၊ အဲဒါက ပါဠိလို အလွတ်ကျက်ရတာ၊ အဲဒီဟာကို အင်္ဂလိပ်လိုဘာသာပြန်ထားတာ သုံးခုရှိတယ်၊ ပထမဆုံးက ဦးရွှေအောင် ပြန်တာ (A Compendium of Philosophy) လို့

နာမည်ခံတယ်၊ ဒုတိယက အိန္ဒိယက ဂျိကပ်ရှပ်ဆိုတဲ့ ဘုန်းကြီးတစ်ပါး ပြန်တယ်၊ တတိယသီဟိုဠ်ဆရာတော် အရှင်နာရဒပြန်တယ်၊ အင်္ဂလိပ်ဘာသာပြန် သုံးခုရှိတယ်၊ အဲဒီ သုံးခုထဲမှာ သီဟိုဠ်ဆရာတော်အရှင် နာရဒပြန်တဲ့ စာအုပ်က အခုအခါ ဝယ်လို့ ပြုလို့လည်းလွယ်တယ်၊ ဖတ်လို့လည်းပဲ လွတ်တယ်ပဲ ပြောကြပါစို့။

ဦးရွှေအောင်ရဲ့ ဘာသာပြန်က ဘာသာပြန်ပုံကတော့ဖြင့် သိပ်မထူးဘူး၊ သို့သော် ဘာကောင်းသလဲဆိုတော့ Essay သိပ်ကောင်းတယ်၊ အက်ဆေးစာမျက်နှာ ၇၀–လောက်ရှိတယ်၊ အဲဒီမှာ အဘိဓမ္မာ Topic တွေကို အနောက်တိုင်း ဖိလိုဆိုဖီနှင့် ဟပ်ဟပ်ပြီးတော့ ရေးတာ၊ အဲဒီစာအုပ်လည်းနောက်တော့ ရှာပေးပါအုံးမယ်၊ အဲဒါလည်း ဖတ်ရအောင်၊ ဒီနိုင်ငံမှာနေရင် ဒီနိုင်ငံသားတွေနှင့်လဲ တွေ့ရမှာ၊ သူတို့နှင့် တွေ့လို့ ပြောပြချင်ရင် ပထမဆုံး ဖတ်ထားဦးမှဖြစ်တာ၊ သို့မဟုတ်ရင် မပြောနိုင်ဘူး၊ သုံးတာသုံးမျိုးရှိတယ်၊ ဒီစာအုပ်ထဲမှာ ဦးဇင်းအနေနဲ့ နည်းနည်း မကြိုက်တာတွေလည်း ပါတယ်၊ ဒါကတော့ သွားရင်း သွားရင်းနှင့် ပြောပြသွားမယ်လေ၊ ကိုယ်က မြန်မာဖြစ်နေတော့ မြန်မာလိုပဲ လုပ်ရလိမ့်မယ်၊ ဒီနေ့ ဒါ အခြေခံပဲ။

## မြန်မာနိုင်ငံနှင့် အဘိဓမ္မာ

အဘိဓမ္မာနှင့် ပတ်သက်ပြီးတော့ ဦးဇင်းတို့ မြန်မာပြည်က နံပတ် တစ်ပဲ၊ ဒါတော့ ဘာမှ ငြင်းစရာ မရှိဘူး၊ သီဟိုဠ် (သီရိလင်္ကာ)မှာလည်း မြန်မာပြည်မှာ လောက် အခု လောလောဆယ်မှာ မထွန်းကားဘူး၊ ယိုးဒယားမှာလည်း မြန်မာပြည်မှာ လောက် မထွန်းကားဘူး၊ မြန်မာပြည်မှာတော့ အဘိဓမ္မာအထွန်းကားဆုံးပဲ၊ ဒါကြောင့် မြန်မာပြည် ဘုန်းကြီးတိုင်းပဲ (ဆိုပါတော့၊) အဘိဓမ္မာ နားလည်တာ၊ သီဟိုဠ်ဘုန်းကြီးဆို ဘုန်းကြီးတိုင်း နားမလည်ဘူး၊ ယိုးဒယား ဘုန်းကြီးဆို ဘုန်းကြီးတိုင်း နားမလည်ဘူး၊ မြန်မာပြည်မှာ ဘာကြောင့် အဘိဓမ္မာ နားလည်တာလဲ၊ အဘိဓမ္မာ (compulsory subject) ဖြစ်နေတယ်၊ ကိုရင်ဖြစ်တယ်ဆို အဘိဓမ္မာက သင်ရတော့တာ။

ပြီးတော့ ညဝါဆိုတာရှိသေးတယ်၊ နေ့မှာကျက်ပြီးတော့ ညကျမှ ဆရာ့ဆီ သွားပြီးတော့ တက်ရတာ၊ အဲဒီညဝါတွေလဲ သိပ်ကျေးဇူးများတာ၊ နေ့မှာ ကျက်, ညကျတော့ မီးမထွန်းဘူး၊ အမှောင်ထဲမှာ သွားပြန်ရတာ၊ အလွတ်ပြန်ရတာ၊ မှားရင် ဆရာက ပြင်ပေးပေါ့လေ၊ အဓိပ္ပာယ်ပြောပြ၊ အဲဒီလို လုပ်ရတာ၊ အဲဒီလို

လုပ်တော့ ညဝါလုပ်လာတဲ့အခါကျတော့ အဘိဓမ္မာ ပိုကျေတာပေါ့၊ ဒါကြောင့် ညဝါဟာ ဦးဇင်းတို့ မြန်မာပြည်မှာ သိပ်ကျေးဇူးများတယ်။

အဲဒါဟာဖြင့် မြန်မာပြည်မှာ ယနေ့အထိ အသက်ရှင်နေတုန်းပဲ၊ ယိုးဒယား မှာဆို ဒါလောက်မဟုတ်တော့ဘူး၊ အခုမှ ပြန်ပြီးတော့ သူတို့ (ရိုတယ်စိုက်) လုပ်နေတယ်၊ သီဟိုဠ်မှာလည်း ဒီလောက်မဟုတ်တော့ဘူး၊ မြန်မာကတော့ ခုထိပဲ၊ ခုထိဆို ရှေးလဲ ဒီအစဉ်အတိုင်း သွားနေမှာပဲ၊ ဒီအစဉ်ကတော့ မပြတ်တော့ဘူး၊ ဒီနေ့တော့ (introductionanly) ကလေး (lecture) ပေါ့၊ ဒါ အခြေခံလေး အဘိဓမ္မာနှင့် ပတ်သက်ပြီးတော့ ဒီထက် အကျယ်လည်း အများကြီး ရှိသေးတယ်လေ။

## အနောက်နိုင်ငံနှင့် အဘိဓမ္မာ

အဲဒီတော့ တစ်ခုရှိတယ်၊ အဘိဓမ္မာနှင့် ပတ်သက်ပြီးတော့ အနောက်နိုင်ငံ မှာက အထင်သေး အမြင်သေးဖြစ်အောင် ပြောကြ ဆိုကြ ရေးကြ သားကြတာတွေ ရှိတယ်၊ အဲဒီပုဂ္ဂိုလ်ကြီးတွေဟာ အနောက်နိုင်ငံမှာတော့ ဆင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေ လိုပေါ့လေ၊ သူတို့က တကယ့် (scholar) ကြီးတွေပဲ၊ ဒါပေမယ်လို့ သူတို့ဟာ အဘိဓမ္မာကို တကယ်နားမလည်တော့ အဘိဓမ္မာဟာ အသုံးမကျဘူးလို့ ထင်ပုံရတယ်၊ အဘိဓမ္မာကို အမျိုးမျိုးရှိတယ်၊ ရေးတာမှာ (Original) မရှိဘူးတို့ ဘာတို့ပေါ့လေ၊ ဆိုလိုတာကတော့ သုတ္တန်ထဲပါပြီးသားတွေ ထပ်ပါတာပဲပေါ့လေ၊ အထူး အသစ် အဆန်းပါတာ မဟုတ်ဘူးဆိုတဲ့ အနေနှင့် သူတို့ကပြောတာနှင့် တူပါတယ်။

ဒါပေမယ်လို့ဘာပဲပြောပြော အဘိဓမ္မာမတတ်ရင် ဘယ်နည်းနှင့်မှ ဗုဒ္ဓဝါဒကို မှန်မှန်ကန်ကန် နားမလည်နိုင်ဘူး၊ အဲဒါကသိပ်သေချာတာ၊ အင်္ဂလိပ်လို စာအုပ်တွေ ဖတ်ရင် အဲဒါမျိုးတွေလည်း တွေ့လာလိမ့်မယ်၊ သူတို့ကို မေးချင်တာကတော့ သဗ္ဗပါပဿအကရဏံလို ဟာမျိုး မင်းတို့ တကယ် နားလည်တာ ဟုတ်ရဲ့လား၊ အဘိဓမ္မာမပါရင် နားလည်ဖို့ အများကြီး ခဲယဉ်းပါတယ်။ အနောက် နိုင်ငံမှာ အဘိဓမ္မာဘာကြောင့် အတတ်နည်းလည်းဆိုတော့ စာအုပ်ကောင်းကောင်း မရှိတာ ပါတယ်၊ ချွတ်ယွင်းချက်ဖြစ်တယ်၊ သူတို့ စိတ်ဝင် စားအောင် နားလည်အောင် ရေးထားတဲ့ စာအုပ်က မရှိသလောက် ဖြစ်နေတယ်၊ ပြီးတော့လည်း အခုထိအောင် ဆရာနှင့် သင်မှပဲ ရနေသေးတာကိုး၊ အဲဒါကြောင့်မို့ အတတ်က နည်းနေသေးတယ်၊

အခု ဦးဇင်းတော့ ကြိုးကြိုးစားစားတော့ လုပ်နေတာပေါ့လေ၊ လူတော့ သိပ်တော့မများပါဘူး၊ သို့သော် ဒီနိုင်ငံမှာ ဒီနိုင်ငံသားထဲက အဘိဓမ္မာ ကိုယ်တတ်သလို



၂၆၉၂၄

ကိုယ်တတ်သလောက် မဟုတ်တောင်မှ ကိုယ်တတ်သလို တတ်တဲ့ အမေရိကန်သား ရှိအောင် ဆိုပြီးတော့ အခု ဦးဇင်းကြိုးစားလုပ်နေတယ်၊ နောက်တစ်နေ့ကျတော့ သူတို့ကနေတဆင့် သူတို့အချင်းချင်းဖြန့်ဖို့ပေါ့လေ၊ သူတို့အချင်းချင်းဖြန့်တော့ ပိုကောင်းတာပေါ့၊ အခုတော့ ၄, ၅ ယောက်ကတော့ ဖြစ်ပါလိမ့်မယ်။

အခု ကွန်ပျူတာနှင့်လည်း ပရိုဂရမ် လုပ်နေတယ်လေ၊ တဖြည်းဖြည်းတော့ အဲဒီကွန်ပျူတာ ပရိုဂရမ် အောင်မြင်သွားရင်တော့ ပိုပြီးတော့ လွယ်သွားလိမ့်မယ် ထင်တယ်၊ ပျံ့နှံ့သွားနိုင်တယ်၊ ဘာလို့လဲဆိုတော့ ဆရာမတွေ့လည်းပဲ အိမ်တင် ဒီဟာနှင့်လုပ်နေရင် တတ်သလောက်တော့ တတ်သွားမှာပဲ၊ အမျိုးမျိုးပဲ စိတ်ကူး ကြံဆပြီး လုပ်နေတာပေါ့လေ၊ အခု ဖလော်ရီဒါမှာ တစ်စုက ဦးဇင်း တိပ်တွေ ဖွင့်ပြီးတော့ (choice) လုပ်နေတယ်၊ ဒီက (telex) ပို့ထားတယ်၊ ဒီကနေ (correspondent) သဘောမျိုး ပုစ္ဆာလေးတွေ ပို့၊ လွယ်လွယ်လေးတွေပေါ့လေ၊ အကုသိုလ်စိတ် ဘယ်လောက်ရှိသလဲပေါ့လေ၊ အဲဒါမျိုးနှင့် သူတို့လုပ်နေတယ်၊ ဟိုမှာတော့ မကြာသေးဘူး။

တစ်နေ့က မန်ဆာချူးဆက်သွားတော့ သူတို့ကလည်း လုပ်ချင်တယ် ပြောတယ်၊ တဖြည်းဖြည်းနှင့်တော့ အဘိဓမ္မာက ပျံ့ပွားလိမ့်မယ်လို့ ဦးဇင်းကထင် တယ်၊ ဦးဇင်းနှင့်တွေ့တိုင်း တွေ့တိုင်းတော့ ဦးဇင်းတော့ ခုအတိုင်း ပြောတာပဲလေ၊ မင်းတို့ ဗုဒ္ဓဘာသာကို တကယ်နားမလည်ဘူး၊ တကယ်နားလည်ချင်ရင် အဘိဓမ္မာ လွတ်လို့ မရဘူး၊ ဟော မင်းကြည့် ဆိုပြီးတော့ ခုနပြောသလိုပေါ့လေ ကောက်, ကောက်ပြတယ်၊ သူတို့လည်း သဘောပေါက်တယ်၊ နားလည်ချင်လာတယ်ပေါ့လေ၊ တဖြည်းဖြည်း နှင့်တော့ ပျံ့လာပါပြီ။

## ဝိသုဒ္ဓိမဂ်နှင့် အဘိဓမ္မာ

ပြီးတော့ အထူးသဖြင့် ဒီနိုင်ငံမှာက တရားထိုင်တာ လေ့တော့ (အလေ့အထ များတော့) တရားထိုင်တဲ့လူဟာ ဘာစာအုပ်ဖတ်ရမလဲ၊ ဝိသုဒ္ဓိမဂ် ဖတ်ရမယ်၊ ဝိသုဒ္ဓိမဂ်ဟာ Hand Book ဘုန်းကြီးတွေအတွက် ရေးထားတာပေါ့၊ အဲဒီ ဝိသုဒ္ဓိမဂ်ကို မင်းတို့ အဘိဓမ္မာမတတ်ပဲနှင့် ဖတ်လို့မဖြစ်ဘူး၊ မင်းတို့ နားမလည် နိုင်တာအများကြီးရှိတယ်၊ ဒီတစ်ခေါက် မန်ဆာချူးဆက်သွားတုန်းက အဘိဓမ္မာ အကြောင်း မဟောခင် အဲဒီ (Passage) တစ်ခုကို ဖတ်ပြလိုက်တယ်၊ မင်းတို့ သေချာနားထောင်နော်, ငါဖတ်ပြမယ်, ဝိသုဒ္ဓိမဂ်ထဲက ဖတ်တယ်၊ မင်းတို့

နားလည်လား၊ မလည်လား မှတ်ထားလို့ အသာလေးထားခဲ့တယ်၊ ပြီးတော့မှ အဘိဓမ္မာအကြောင်း ဟောတယ်၊ (lecture)လေးခုပေးပြီးတဲ့နောက် နောက်ကျမှ အဲဒါပြန်ဖတ်မယ်ဆိုပြီးတော့ ပြန်ဖတ်တယ်၊ အဲဒီကျတော့ နားလည် ပါတယ်၊ ပထမပိုင်းက နားမလည်ဘူး၊ အဲသလို လက်တွေ့လက်တွေ့ ပြပြပြီး သူတို့လည်း အဘိဓမ္မာတန်ဖိုးသိလာတယ်၊တရားအားထုတ်တဲ့လူမှာ ဝိသုဒ္ဓိမဂ်က ရှောင်လို့မရဘူး။

ကိုယ့်ဟာကို အေးအေးနေချင်တော့ ရတာပေါ့လေ၊ ဆရာလုပ်ချင်တဲ့သူတို့ (သို့မဟုတ်) သူများကိုလည်း တဆင့်ပြောပြချင်တဲ့သူတို့ဆိုရင် ဝိသုဒ္ဓိမဂ်က အရေးကိုကြီးတယ်၊ ဝိသုဒ္ဓိမဂ်က အလွန်ခက်တယ်၊ မြန်မာလို ပြန်ထားတာလည်း ရှိပါတယ်၊ ဖတ်ချင်ဖတ်ကြည့်၊ သူတို့လည်း အင်္ဂလိပ်လို ပြန်ထားတာပဲ၊ အင်္ဂလိပ်လို နားမလည်ဘူး တို့ဘာတို့၊ တချို့နေရာတွေက အဘိဓမ္မာမပါပဲနှင့် နားမလည်နိုင်ဘူးလို့ ဆိုပြီးတော့ အခုတော့ သူတို့ တော်တော်လေးတော့ သဘောပေါက်ကြတယ်ပေါ့လေ၊ တဖြည်းဖြည်းနှင့် ဒါပဲ ဦးဇင်းတော့ ကြိုးစားနေတာ၊ ဒီနိုင်ငံမှာ အဘိဓမ္မာ အမြစ်တွယ်သွားစေချင်တယ်၊ ထေရဝါဒ စစ်စစ်ကလေး အမြစ်တွယ်သွားစေချင်တယ်၊ ဟိုဟာနှင့်ရော၊ ဒီဟာနှင့်ရော မရောပဲနှင့်လေ၊ အဲဒါပဲကြိုးစားနေတာ၊ ကိုယ်နှင့် တွေ့တဲ့လူကတော့ အဘိဓမ္မာကို သဘောကျသွားပါပြီ၊ အဘိဓမ္မာမပါပဲနှင့် ဗုဒ္ဓဘာသာ တကယ်နားမလည်နိုင်ဘူး ဆိုတာသိပြီ၊ ဒါကြောင့် ကိုယ့် ဒကာဒကာမတွေလည်း သိစေချင်တယ်, တတ်စေချင်တယ်၊ ကိုယ်က သူများတွေတော့ သင်ပေးနေပြီးတော့ သူတို့တွေက တတ်ကုန်ပြီဆိုတော့ ကိုယ့် ဒကာဒကာမတွေက ကျန်ရစ်နေမယ်၊ ကိုယ့်မြန်မာတွေလဲ ဒီလိုပဲ ကြိုးစားပြီးတော့ တစ်ဆင့် ကိုယ်ကလည်း သူများကို ဖြန့်ရတာပေါ့။

## ကိုယ့်ခန္ဓာထဲမှာ အဘိဓမ္မာ

အဘိဓမ္မာဆိုတာ စာအုပ်ထဲသွားရှာရတာ မဟုတ်ဘူး၊ ကိုယ့်ခန္ဓာကိုယ်မှာရှိတာ မသိကြလို့သာ၊ အဲဒါကြောင့်မို့ ဒီမှာသင်ရတာ ပိုပြီးတော့ကောင်းတယ်၊ တရားထိုင်တာနှင့် အဘိဓမ္မာနှင့်တွဲသွားတာ၊ တရားထိုင်ထားရင် အဘိဓမ္မာပိုသဘော ပေါက်တယ်၊ အဘိဓမ္မာ နားလည်ထားရင် တရားထိုင်တော့လည်း ပိုကောင်းတယ်၊ အဲဒီလို အပြန်အလှန် ကျေးဇူးပြုသွားတယ်။

တကယ် တရားထိုင်ရင် အဘိဓမ္မာသဘောတွေက တကယ့်ကို မြင်မြင်လာတယ်၊ ကိုယ်ပိုင်အသိနှင့် သိလာတယ်၊ သာမည စာအုပ်ထဲမှာရှိတဲ့ဟာတွေ မဟုတ်ဘူး၊

ကိုယ်က ပထမသိထားတယ်၊ တရားထိုင်လိုက်တဲ့အခါ တွေ့ကြုံလာတဲ့ခါ ကျတော့ ဒါ ငါစာထဲတွေ့တဲ့ဟာပါလားဆိုတာ တစ်ခါထဲသိသွားတယ်၊ သူများက ပြောနေစရာတောင် မလိုဘူး၊ တရားထိုင်ရင် တွေ့လို့ သိတဲ့ အသိကျတော့ တကယ်သိတာ၊ စာထဲမှတ်သိတဲ့ အသိမျိုး မဟုတ်ဘူး၊ အဲလို ကွာတာတွေ ရှိတယ်၊ ဒါကြောင့်မို့ တရားလည်းထိုင် အဘိဓမ္မာလည်းလေ့လာ (theory)နဲ့ (practice) တွဲသွားရော၊ ဒီမှာ အဲဒါပဲ ဦးဇင်းတို့ အခုလုပ်နေတာ၊

အခု တရားထိုင်တဲ့ လူတွေထဲမှာ အနိစ္စ ဒုက္ခ အနတ္တကို သူတို့အသိနှင့် သူတို့မြင်တဲ့လူတွေရှိတယ်၊ အဘိဓမ္မာသဘောတွေကို တစ်နေ့ကပဲ မိန်းမတစ်ယောက်က ပြောတယ်၊ သူလျှောက်ပြောတော့ ဦးဇင်းက သိပြီ၊ သူ ဘာဆိုတာပေါ့လေ၊ နောက်တော့ပြောတယ်၊ ဥပေက္ခာ ဝေဒနာကို သူသိတာ၊ ဥပေက္ခာဝေဒနာဆိုတာ ခက်တယ်၊ သိမ်မွေ့တယ် neutral ဖြစ်တယ်ဆိုတော့ ဥပေက္ခာ ဝေဒနာက အလွန် သိမြင်ခဲတယ်၊ အဲဒီ ဥပေက္ခာ ဝေဒနာကို သူတွေ့တာကို ပြောတာ၊ ဒီ ဥပေက္ခာစကားလုံးတော့ သူမပါဘူးပေါ့၊ အဲဒါမျိုး၊ ဥပေက္ခာဆိုတာ အဲဒါကို ပြောတာ၊ သူကလည်း အဘိဓမ္မာ တက်နေတာကိုး၊ ဥပေက္ခာ ဝေဒနာသိတယ်ဆိုတာ အဲဒါပဲဆိုတော့ ဟုတ်ကဲ့လားတဲ့၊ အဲဒီလို တရားအားထုတ်ရင် သိသိလာတယ်။

ပြီးတော့ အနုသယကိလေသာဆို ကိုယ်တွင်းမှာကိန်းနေတယ်ဆိုတဲ့ သဘောပေါ့လေ၊ ရှိနေတာမဟုတ်ဘူး၊ သို့သော် liability အဲဒါမျိုးတွေလည်း သူတို့တရားအားထုတ်ရာ မြင်တဲ့လူတွေ မြင်တယ်၊ ပြောကြတယ်။

အဲဒါကြောင့်မို့ အဘိဓမ္မာလေ့လာရင် တရားလည်းပဲထိုင်ပေး၊ တရားထိုင်တဲ့အတွက်ကြောင့်မို့ အဘိဓမ္မာမှာ ကျေးဇူးများတယ်၊ အဘိဓမ္မာနားလည်တဲ့အတွက်ကြောင့်မို့ တရားထိုင်ရင် ကျေးဇူးများတယ်၊ နောင် စေတသိက်ပိုင်းကျတော့ ဒီ ဖဿ ဝေဒနာ စသည်ကို လက္ခဏာ ဖဿ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, စသည်တို့နှင့် လေ့လာတဲ့အခါကျတော့ ပစ္စုပဋ္ဌာန်ဆိုတာ ဘာလဲဆိုတော့ ယောဂီဉာဏ်မှာ ထင်လာတဲ့အခြင်းအရာကို ပစ္စုပဋ္ဌာန်လို့ခေါ်တယ်၊ အဲဒါ တကယ့်တရားအားထုတ်တာ၊ ဖဿဆိုတဲ့ သဘောတရားဟာ တရားထိုင်တဲ့အခါ မြင်လာတဲ့ခါကျတော့ သြော် ဘယ်လိုပါလားဆိုတာ ယောဂီက မြင်လာတာ၊ အဲသလို ယောဂီရဲ့စိတ်ထဲမှာ ထင်လာတဲ့ အခြင်းရာမျိုးကို ပစ္စုပဋ္ဌာန်လို့ ခေါ်တယ်။ အဲဒီဟာလေးပါ နားလည်ရတယ်။

တကယ် စေ့စေ့ပေါက်ပေါက် နားလည်အောင် ကြိုးစားပြီဆိုရင် အဲဒါတွေက

ပါးစပ်က ပြောတော့ အလွယ်လေးပေါ့လေ၊ မှတ်ထား မှတ်ပြီး ပြောရင်တော့ရတယ်၊ သို့သော် တကယ်တွေ့ကြုံပြီး ကိုယ်တွေ့အမြင်နှင့် သိထားရရင်ပိုပြီးတော့ လေးနက်တယ်၊ ပိုပြီးတော့ ကောင်းတယ်။

အဲဒါကြောင့်မို့ အခုလူတွေဟာ တရားလည်း ထိုင်ဖူးတဲ့ လူတွေပါပဲ၊ ဒီနှစ်ယောက်ကတော့ တရားလည်း ဆက်လက်ထိုင်ကြ၊ ဒါလည်းလေ့လာ၊ အပြန်ပြန် အလှန်လှန် ကျေးဇူးပြုသွားကြမယ်၊ အဲဒါတော့ အကောင်းဆုံးဖြစ်မယ်၊ စာတွေ့နှင့်ချည်းဆိုရင်လည်း မဟုတ်သေးဘူး၊ ကိုယ်တွေ့လေးလည်းပါဦးမှ၊ ဒီနေ့လာနိုင်တာ ဝမ်းသာတယ်၊ နောက်တော့လည်း လူများပါလိမ့်မယ် ထင်ပါတယ်၊

တခြားရက်ကလည်း မလွယ်ဘူး၊ ဦးဇင်းကလည်း ဒီရက်ပဲ လုပ်ရတော့မှာပဲ၊ သူတို့လည်း တိပ်ခွေလေး ဖမ်းထားပါဘုရားလို့ ပြောကြတယ်၊ ဒါလေး သူတို့နားထောင်ပေါ့၊ ကောင်းပြီလေ။

# အဘိဓမ္မာသင်တန်း (၂)

## စိတ်ပိုင်း (၂)

### သမ္မုတိသစ္စာနှင့် ပရမတ္ထ သစ္စာ

ဒီနေ့ ဒုတိယအကြိမ်ပေါ့၊ ဩဂုတ်လ ၄-ရက်နေ့,ဒီနေ့ဘာလေ့လာမလဲဆိုတော့ သမ္မုတိသစ္စာနှင့်ပရမတ္ထသစ္စာဆိုတာ ဒီနှစ်မျိုးကို ဒီနေ့ လေ့လာရအောင်၊ သစ္စာဆိုတာ အမှန်တရားလို့ အဓိပ္ပာယ်ရှိတယ်၊ အမှန်တရားဆိုတာ ပြောတိုင်း ဟုတ်နေတာ မှန်နေတာ, ဒါကိုပဲ သစ္စာလို့ ခေါ်တာ။

သစ္စာဆိုတာ တချို့က ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ မဂ္ဂသစ္စာ, သစ္စာလေးပါးဆိုတာတွေ ရှိနေတော့ မြင့်မြတ်တာကိုမှ သစ္စာခေါ်တယ် ထင်နေတာ၊ အမှန်ကတော့ ဘာပဲဖြစ်ဖြစ် ပြောတိုင်း ဟုတ်တာသစ္စာပဲ။

ဆင်းရဲတယ်, ဆင်းရဲနေတယ်, လောကကြီးက ဆင်းရဲနေတယ်, ဆင်းရဲနေတာ အမှန်ဖြစ်တော့ သစ္စာ၊ အဲဒီလို အမှန်သစ္စာ လောကမှာ နှစ်မျိုးရှိတယ်၊ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ။

သမ္မုတိသစ္စာဆိုတာ သမုတ်ထားတာ၊ သမုတ်ထားတယ်ဆိုတာ သဘောတူထားတာလို့ ဆိုလိုတယ်၊ လူအများက သဘောတူထားလို့ ဖြစ်နေတဲ့ အသုံးအနှုန်းတွေ, စကားလုံးတွေ ဒါတွေကို သုံးစွဲပြောဆိုနေတာ ဟာ သစ္စာတစ်မျိုးပဲ, သမ္မုတိသစ္စာပဲ၊

သမ္မုတိ သစ္စာဟာလည်းပဲ သစ္စာပဲ၊ မှန်တာပဲ၊ အဲဒီ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ နှစ်မျိုးကို ဗုဒ္ဓဘာသာမှာ လက်ခံထားတယ်ပေါ့။

မြတ်စွာဘုရား ကိုယ်တော်တိုင်လည်းပဲ နှစ်မျိုးလုံးကို သုံးပြီးတော့ အခါအားလျော်စွာ ဟောတော်မူတယ်၊ ထို့အတူပဲ, မြတ်စွာဘုရား၏ တပည့်သား သာဝကတွေ လူတွေရော အကုန်လုံးပြောတဲ့ဆိုတဲ့အခါမှာ များသောအားဖြင့်ကတော့ သမ္မုတိသစ္စာကို သုံးပြီးတော့ ဟောကြတယ်၊ ဒါပေမယ်လို့ ပရမတ္ထသစ္စာ အသုံးအနှုန်းအနေနှင့် သုံးပြီးတော့ ဟောတဲ့အခါမျိုးလည်းပဲ ရှိတယ်။

လောကမှာ ပရမတ္ထသစ္စာအားဖြင့် တကယ်မရှိပဲနှင့် တကယ်ရှိတယ်လို့ လောကက သမုတ်ထားတဲ့ ဥစ္စာတွေရှိတယ်၊ အဲဒီလို သမုတ်ထားတာတွေကို ဦးဇင်းတို့က မပယ်နိုင်ဘူး၊ ဒါတွေပယ်ပြီးတော့ ပရမတ္ထသစ္စာ အသုံးအနှုန်းကိုမှသုံးပြီး ပြောရမယ်လို့ ဒီလို ဥပဒေလုပ်လို့ မရဘူး၊ မြတ်စွာဘုရား ကိုယ်တော်တိုင်လည်းပဲ သမ္မုတိသစ္စာတွေသုံးပြီးတော့ ဟောထားတာ၊ သုတ္တန်ထဲက သမ္မုတိသစ္စာ စကားလုံးတွေသုံးပြီးတော့ ဟောထားတာ။

ဆိုပါတော့– မင်း ဒီနေ့ ဒီကို ဘာနှင့်လာသလဲလို့မေးရင် ကျွန်တော်ကားနှင့်လာပါတယ်၊ ကားနှင့်လာတယ်လို့ ပြောတဲ့စကားဟာ မှားသလား, မှန်သလား၊ လိမ်ပြောတာလား၊ အမှန်အတိုင်း ပြောတာလား၊ သမ္မုတိသစ္စာနယ်ထဲက အနေနှင့် ပြောရင် မှန်တာပေါ့၊ လိမ်ပြောတာ မဟုတ်ဘူး၊ ဒါပေမယ်လို့ ပရမတ္ထသစ္စာ အလိုအနေနှင့် ကြည့်လိုက်မယ်ဆိုရင်တော့ မမှန်ဘူးလို့ ပြောရမှာ။

ကားဆိုတဲ့ဝတ္ထုပစ္စည်းဟာ လောကမှာ ရှိကိုမရှိဘူး၊ ဘီးဟာ ကားလား, ဘော်ဒီဟာ ကားလား, ထိုင်ခုံဟာ ကားလား, စတီယာရင်ဟာ ကားလား,စက်ဟာ ကားလား, မေးလိုက်ရင် ကားမဟုတ်ဘူး၊ သူတို့ဟာ သီးခြား အစိတ်အပိုင်းလေးတွေပဲ၊ အဲဒီအစိတ်အပိုင်းလေးတွေ စုပြီးတော့ သူ့နေရာနှင့်သူ တပ်ဆင်ထားလိုက်တဲ့အခါကျတော့ ကားဆိုတဲ့ ဝေါဟာရ ပေါ်မလာဘူးလား၊ လူတွေက ဒါကို ကားလို့ ခေါ်ကြစို့ကွာ ဆိုတဲ့ အဓိပ္ပာယ်မျိုးပေါ့၊ အားလုံးသဘောတူပြီးတော့ ဒါကို ကားလို့ ခေါ်တာ, မြန်မာလို ပြောရင် ယာဉ်ပေါ့၊ အဲဒါကြောင့်မို့ မင်း ဒီကို ဘာနှင့် လာသလဲ၊ ကားနှင့်လာပါတယ်ပြောရင် ဒါဟာ မုသာဝါဒ မဖြစ်ဘူး။

လောကမှာ အများလက်ခံထားတဲ့ အသုံးအနှုန်းနှင့် ပြောတာ၊ တကယ်စစ်ဆေးလိုက်တဲ့ခါကျတော့ ခုနလိုပဲ အစိတ်အပိုင်းလေးတွေ တစ်ခုစီ တစ်ခုစီ ကားလားလို့ မေးလိုက်ရင် မဟုတ်ဘူး၊ အဲဒီ အစိတ်အပိုင်းတွေမှာပဲ တစ်ဆင့်

ရှေ့တက်ပြီးတော့ စစ်ဆေးအုံးမယ်ဆိုရင် အဲဒီ အစိတ်အပိုင်းတွေက ဘာလဲ?၊ ရုပ်မှုန်လေးတွေ၊ ရုပ်မှုန်လေးတွေ စုပေါင်းထားတာ အစိတ်အပိုင်း ခေါ်တာပဲ၊ ဒီ ပစ္စည်းခေါ်တာပဲ၊ အဲဒီလို တစ်ခါ စိပ်လိုက်အုံးမယ်ဆိုရင် ဘီးလည်းမရှိပြန်ဘူး၊ ထိုင်ခုံလည်းမရှိပြန်ဘူး, ဘာမှလည်းမရှိပြန်ဘူး, ဘာသာ ရှိတော့လဲ၊ ရုပ်တရားလေးတွေပဲရှိတော့တယ်၊ အဲဒီလို လောကက လက်ခံထားတဲ့ အသုံးအနှုန်းကို သုံးပြီးတော့ ပြောတာဟာ သမ္မုတိသစ္စာနယ်ထဲက ပြောတာလို့ ဆိုလိုတာ။

လူလို့ပြောတယ်၊ ခွေး, နွား, တိရစ္ဆာန်လို့ပြောတယ်၊ မိန်းမ ယောက်ျားလို့ ပြောတယ်၊ အိမ်, ကျောင်းစသည် ဒါတွေအားလုံးဟာ ဘာလဲဆိုရင် သမ္မုတိသစ္စာတွေချည်းပဲ၊ သမ္မုတိသစ္စာနယ် အနေနှင့် ပြောနေတာ။ ပရမတ္ထသစ္စာနယ် အနေနှင့် ပြောရင် တစ်မျိုးတစ်ဖုံ ပြောရလိမ့်မယ်၊ အဲဒီ တစ်နည်းတစ်ဖုံ ပြောရင်လည်း အလုပ်မဖြစ်ဘူး၊ လူတွေနားလည်ထားတာနှင့် တစ်မျိုးဖြစ်နေတဲ့အတွက်မို့ အလုပ်မဖြစ်ဘူး။

တစ်နေ့ကပြောသလိုပဲ၊ အများနှင့် ဆက်ဆံနေတဲ့အခါမှာပြောရင် ရေလို့ပဲ ပြောရမယ်။ ဟော့-ငါရေသောက်ချင်တယ်ကွာလို့ပဲ ပြောရလိမ့်မယ်၊ chemistry အနေနှင့် ပြောစမ်းပါဆိုတော့ ငါ ဟိုက်ဒရိုဂျင်နှင့် အောက်စီဂျင် သောက်ချင်တယ်လို့ ပြောရမှာ၊ ဒါ ဘယ်သူမှလည်း ဒီလို မပြောဘူး။

အဲဒီအတိုင်းပဲ၊ မြတ်စွာဘုရားကလည်း ဒီအတိုင်းပဲ၊ ငါ ခန္ဓာငါးပါးလာတယ်ဟော့၊ ခန္ဓာငါးပါးဟာ ဟီရိ ဩတ္တပ္ပရှိတယ်၊ ခန္ဓာငါးပါးက ကုသိုလ်ကံကို ပြုတယ်၊ အကုသိုလ်ကံကို ပြုတယ်လို့ မဟောဘူး၊ ပုဂ္ဂိုလ်က ပြုတယ်၊ ဆိုပါတော့- မြတ်စွာ ဘုရားက သတ္တဝါတွေဟာ ကံသာလျှင် အမိ, ကံသာလျှင် အဖရှိကြတယ်လို့ ဟောတယ်၊ ခန္ဓာငါးပါးဟာ ကံသာလျှင် အမိ၊ ကံသာလျှင် အဖလို့ မဟောဘူး၊ အမှန်ကတော့ သတ္တဝါဆိုတာခန္ဓာငါးပါးပဲ၊ သတ္တဝါဆိုတဲ့ အသုံးနှုန်းကို သုံးပြီးတော့ မြတ်စွာဘုရားက ဟောတော်မူတယ်၊ ဒါ လူတွေ နားလည်အောင် ဟောရတာ၊ ဒီလို မဟုတ်ပဲနှင့် ခန္ဓာငါးပါးလို့ချည်း ဟောနေမယ်ဆိုရင် လူတွေ နားမလည်နိုင်ဘူး၊ ဒါကြောင့်မို့ အဲဒီလို ဟောနေတာတွေကို သမ္မုတိသစ္စာနယ်ထဲက ဟောနေတာလို့ ဒီလိုဆိုရတယ်။

အဲဒီ သမ္မုတိသစ္စာကိုပဲ ပညတ်လို့လည်းခေါ်တယ်၊ ပညတ်နှင့် သမ္မုတိသစ္စာနှင့် အတူတူပဲ၊ ပညတ်ဆိုတာ အမှန်ကတော့ အခေါ်အဝေါ်ကို ဆိုလိုတာ၊ ဝေါဟာရတဲ့, သင်္ကေတတဲ့, ပညတ်တဲ့, နာမည်တဲ့ ဒါတွေဟာ အကုန်လုံး အတူတူပဲ၊ အဲဒီလို

ပစ္စည်းလေးတွေကိုရော သတ္တဝါတွေကိုရောပေါ့၊ နာမည်လေးတွေ ပေးပေး, ပေးပေးထားတယ်၊ အဲဒီ နာမည်လေးတွေ အသုံးပြုပြီးတော့ စကားပြောကြရတာ၊ ဒါဟာ သမ္မုတိသစ္စာ။

အဲဒီ သမ္မုတိသစ္စာကို ပညတ်လို့ခေါ်တယ်၊ အဲဒီပညတ်က ၂-မျိုးရှိတယ်၊ အနည်းဆုံး ၂-မျိုးရှိတယ်၊ နောက်ထပ်အများချည်းရှိသေးတယ်၊ နှစ်မျိုးကဘာလဲ ဆိုတော့ တစ်ခုက နာမပညတ်တဲ့၊ အဲဒါတော့ နားလည်ရမယ်နော်၊ နာမဆိုတာ ဒီနေရာမှာ နာမည်ကို ဆိုလိုတာ၊ အခေါ်အဝေါ်ကို ဆိုလိုတာ၊ name ပညတ်ပေါ့လေ နော် လူလို့ခေါ်လိုက်တယ်၊ လူဆိုတဲ့အမည်, လူဆိုတဲ့ noun ဟာ ဒါနာမပညတ်ပဲ။

ဒီလိုပဲ တိရစ္ဆာန်, ခွေး, ကြောင်, နွား စသည်တွေဟာ နာမပညတ်ချည်းပဲ၊ အိမ်ဆိုရင်လည်းနာမ ပညတ်ပဲ၊ ကျောင်းဆိုတာလည်း နာမပညတ်ပဲ၊ အဲဒီအခေါ်အဝေါ် မှန်သမျှ သုံးစွဲထားတာတွေဟာ နာမပညတ်ချည်းပဲ၊ အဲဒီနာမပညတ်က ကိုယ်စားပြုတဲ့ တကယ့်ပစ္စည်းဆိုတာ အဲဒါကျတော့ အတ္ထပညတ်၊ မြန်မာလိုပြောတော့ အနက် ပညတ်ပေါ့လေ၊ အနက်ဒြပ်ပညတ်။

လူလို့ပြောလိုက်တယ်၊ လူဆိုတဲ့အခေါ်အဝေါ်က နာမပညတ်၊ အဲဒီ လူကောင်ကြီးဆိုပါတော့,ခန္ဓာငါးပါးစုထားတဲ့ လူကောင်ကြီးက အတ္ထပညတ်, အဲဒီလိုကွာတယ်၊ နာမပညတ်နှင့် အတ္ထပညတ်ဟာ မြန်မာလိုတွဲနေတာ၊ နာမည်သက်သက်, အခေါ် အဝေါ်သက်သက်က နာမပညတ်၊ အဲဒီအခေါ်အဝေါ်က ကိုယ်စားပြုထားတဲ့ အနက်ဒြပ်ခေါ်တယ်၊ (substance) အဲဒါကျတော့ အတ္ထပညတ်။

တစ်ခါတစ်လေ နာမပညတ်သာရှိပြီးတော့ အတ္ထပညတ်မရှိတာလည်း ရှိသေး တယ်၊ နာမည်သာရှိတယ်,တကယ့်ပစ္စည်း မရှိဘူး၊ ယုန်ချို ·လိပ်မွေး ပုဇွန်သွေး ဆိုတာ ယုန်ချိုတို့ မြင်းချိုတို့ဆိုတာ တကယ်မရှိဘူး၊ ဒါပေမယ်လို့ လူတွေက ကြံဖန်ပြီးတော့ သုံးထားတယ်ဆိုပါတော့ အဲသလို ယုန်ချိုပဲ လိပ်မွေးပဲပေါ့။

အဲဒါကြောင့်မို့ နာမပညတ်နှင့် အတ္ထပညတ် ဒီနှစ်မျိုး ပထမ နားလည်ရမယ်၊ သူများပြောတာကို ကိုယ်က ကြားတဲ့အခါမှာ နာမပညတ်ကို ပထမ အာရုံပြုတယ်၊ နာမပညတ်ကမှ တစ်ဆင့် အတ္ထပညတ်ကိုရောက်တယ်၊ စိတ်ဖြစ်တာ အလွန်မြန်တယ်၊ ကြားကြားချင်း ငါကတော့ သိတာပဲလို့ ထင်တယ်၊ ဒါပေမယ်လို့ ကြားတာက တစ်ဝီထိ Thought Process တစ်ခု၊ နောက်သိတာက Thought Process တစ်ခုနော်, နာမည်ကို အရင်ကြားတယ်၊ ပြီးတော့မှ အနက်ဒြပ်ကို သိတယ်၊ လူဆိုတဲ့ အသံကို ကြားပြီးတော့မှ ဒီလူဟာ လူကောင်ကြီးပဲ, ဒါကြောင့် မို့လို့

ကိုယ်က ကြားတဲ့ပုဂ္ဂိုလ်အနေနှင့် ပြောမယ်ဆိုရင် နာမပညတ်က အရင်လာတယ်။

ကိုယ်ကပြောတဲ့လူကျတော့ အတ္ထပညတ်က အရင်လာတယ် နာမပညတ်က နောက်လာတယ်၊ လူလို့ပြောတော့မယ်ဆိုရင် ဒီလူကောင်ကြီး ကိုယ်က ပထမ စိတ်ထဲက မြင်လိုက်တယ်၊ သိလိုက်တယ်၊ ပြီးတော့မှ ဒါလူကွ လူလို့ သိလိုက်တယ်၊ အဲဒီလို ကွာတယ်၊ ကြားတဲ့ ပုဂ္ဂိုလ်အနေနှင့်ဆို နာမပညတ်ကအရင် အတ္ထပညတ်က နောက်၊ ပြောတဲ့ ပုဂ္ဂိုလ်အနေနှင့်ဆိုရင် အတ္ထပညတ်က အရင်, နာမပညတ်က နောက်၊ အဲဒီ နှစ်ခုစလုံးကို ပညတ်လို့ခေါ်တယ်၊ ဒါတွေကို သမ္မုတိသစ္စာ ဒီလိုခေါ်တယ်။

ပညတ်က အမျိုးမျိုးပေါ့လေ၊ ရှိတာကတော့ အခြေအနေပေါ် လိုက်ပြီးတော့ ရုပ်ဝတ္ထုတွေပေါင်းစပ်ပုံတွေ ကြည့်ပြီးတော့ ဒါ မြေကြီးပဲ, ဒါကတော့ သစ်ပင်ပဲ စသည်ဖြင့် ပညတ်သွားတာမျိုးတွေ၊ အပေါင်းအစုကို ယူပြီး ပညတ်ထားတာမျိုး သမူဟပညတ်တို့, အသွင်သဏ္ဍာန်ကို ကြည့်ပြီးတော့ သမုတ်ထားတဲ့ဟာလေးတွေ ပေါ့လေ။

အဝိုင်းကို အချောင်းတို့ ပညတ်ထားတာလေးတွေ၊ ဒါတွေကတော့ ပစ္စည်း အမျိုးမျိုး ရှိသလောက် ပညတ်ကတော့ အမျိုးမျိုးရှိတာပေါ့လေ၊ နားလည်ထားဖို့က သမ္မုတိသစ္စာလို့ ပြောတာဆိုတာနှင့် ပညတ်လို့ဆိုတာနှင့်ဟာ အတူတူပဲ၊ အဲဒီပညတ် ဟာ နာမပညတ်ရယ်, အတ္ထပညတ်ရယ်,၂-မျိုးရှိတယ်၊ ဒါလောက်ဒီမှာ နားလည် ထားရင် တော်ပြီ၊ ပညတ်အကြောင်းအကျယ်ကတော့ ဘယ်မှာ တွေ့မလဲ ဆိုရင် ရှစ်ခုမြောက်အခန်း, အခန်း ၈-ရဲ့ နောက်ဆုံးမှာ ရှိလိမ့်မယ်။

နောက်တစ်ခုက ပရမတ္ထသစ္စာ၊ ပရမတ္ထသစ္စာဆိုတာက ဘာလဲဆိုရင် တကယ်ဟုတ်မှန်တာ ရှိတယ်လို့ပြောရင်တကယ်ရှိတာ၊ အဲဒီ သစ္စာမျိုးကို ပရမတ္ထသစ္စာ လို့ ခေါ်တယ်။

ပရမတ်တရားဆိုတာ ကြားဖူးတယ် မဟုတ်လား၊ (**မဖောက်မပြန်၊ မှန်ကန် တည့်မတ်၊ ဂုဏ်သကတ်၊ အမြတ်ဟူ၍ခေါ်**) ဆိုပြီးတော့ ဆရာတော် ဦးဇနက တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော် ရေးထားတာရှိတယ်၊ ဖောက်ပြန်မှုမရှိဘူးတဲ့၊ ဖောက်ပြန်မှု မရှိဘူးဆိုတာ၊ ဒါ ဟုတ်ပါတယ်လို့ ပြောရင် ဟုတ်ကို ဟုတ်နေတယ်၊ မဟုတ်တာ မဟုတ်ဘူး၊ အဲဒီဟာမျိုးကို ဆိုလိုတယ်။

**မှန်ကန်တည့်မတ်** ရုပ်တရားရှိတယ်၊ မြတ်စွာဘုရားက ဟောရင် ရုပ်တရား တကယ့်ကို ရှိတယ်, နာမ်ဆိုရင် တကယ်ရှိတယ်၊ ခန္ဓာငါးပါးဆိုတာ တကယ်ရှိတယ်၊

အဲဒီလို တရားမျိုးကို ပရမတ်လို့ ခေါ်တယ်၊ မဖောက်မပြန် တတ်တဲ့သဘောတရား မှန်ကန်တည့်မတ်တဲ့ သဘောတရားမျိုးကို ပရမတ္ထ (မဖောက်မပြန်၊ မှန်ကန်တည့်မှတ်၊ ဂုဏ်သကတ်၊ အမြတ်ဟူ၍ခေါ်)တဲ့

အဲဒါကြောင့်မို့ ပရမတ်ဆိုတာ ဘယ်လိုဟာတွေလဲဆိုရင် ရုပ်လို့ ပြောတာ၊ နာမ်လို့ဆိုတာ၊ တကယ်ကတော့ ရုပ်၊ နာမ်၊ ဝေဒနာ၊ သညာ စသည်ဖြင့်ပေါ့လေ၊ ဒါတွေဟာ ပရမတ္ထ သစ္စာ၊ ဒါလည်းပဲ ရှိသေးတယ်၊ ရုပ်ဆိုတဲ့ စကားလုံးဟာ ပညတ်ပဲ၊ အဲဒီရုပ်ကကိုယ်စားပြုတဲ့ တကယ့်သဘောတရားကမှ ပရမတ်။ ဝေဒနာလို့ ခေါ်ဝေါ်ထားတဲ့နာမည်လေးကတော့ ပညတ်ပဲ၊ အဲဒါ ကိုယ်စားပြုထားတဲ့ ခံစားမှု သဘောတရားကမှ ပရမတ်၊ အဲဒီလိုသွားတယ်၊ ဒီမှာလည်း ပညတ်က လာသေးတာပဲ၊ ပညတ်က လုံးဝရှောင်လို့ ရကိုမရဘူး။

ဒါကြောင့်မို့ ပရမတ်ဆိုတာဘာလဲဆိုရင် ဟကယ်အဟုတ်အမှန်ရှိတဲ့ သဘော တရားမျိုးကို ခေါ်တယ်၊ ဗုဒ္ဓဘာသာအလို မြတ်စွာဘုရားအလို ဘယ်လို တရားတွေကမှ တကယ်ရှိတာတုန်း၊ ရုပ်တို့ နာမ်တို့ စိတ်တို့ စေတသိက်တို့ဒါတွေ ကတော့ တကယ်ရှိတဲ့ တရားမျိုးတွေ၊ ဘာနှင့်တူလဲ Chemistry Element တွေပြောတာ နှင့်တူတယ်။ Chemistry အရဆိုရင် Element တွေပဲရှိတယ်၊ တခြားဟာ မရှိဘူး၊ ရေမရှိဘူး၊ မီးမရှိဘူး၊ ဘာမှမရှိဘူး၊ ဒါတွေ အကုန်လုံး ခွတ်ခွဲလိုက်စမ်း အဲဒီ Element မှာ သွားဆုံးတာပဲ။

ထို့အတူပဲ၊ လူဆိုတာကို ခွတ်ခွဲပစ်လိုက်စမ်း၊ ခန္ဓာငါးပါးပဲ သွားမယ်၊ ရုပ်နာမ်သွားမယ်၊ အာယာတနသွားမယ်၊ ကောင်းပြီ–အခု ကိုယ့်လက်ကို ကိုယ်ကြည့် လိုက်တော့ လက်ကို မြင်သလား၊ လက်ကိုမြင်တာ ဟုတ်ရဲ့လား၊ ဆိုပါတော့ လက်ချောင်းတစ်ချောင်းပဲ ပြောကြစို့ လက်ချောင်းလေးထောင်ကြည့်လိုက်စမ်း၊ ကိုယ်က လက်ချောင်းမြင်တယ်လို့ပဲ မထင်ဘူးလား၊ ထင်တာပဲနော်။

တကယ်ကတော့ ရုပ်ဆိုတာ ၂၈–ပါးရှိတယ်၊ ၂၈–မျိုးရှိတယ်၊ အဲဒီ ၂၈– မျိုးထဲမှာ မြင်နိုင်တဲ့ ရုပ်ဟာ တစ်ခုထဲပဲရှိတယ်၊ ရူပါရုံလို့ခေါ်တယ်၊ ဦးဇင်းတို့က ကိုယ့်လက်ကို ကိုယ်ကြည့်လိုက်တဲ့အခါမှာ ငါတော့ လက်ညှိုးမြင်တယ်လို့ဆိုတာ တကယ် လက်ညှိုးကို မြင်တာမဟုတ်ဘူး၊ လက်ညှိုးမှာ ရှိနေတဲ့ မြင်နိုင်တဲ့ရုပ်က ရူပါရုံ၊ အဲဒီရူပါရုံကို မြင်တာ၊ ဒီအသွင်သဏ္ဌာန်က စိတ်နှင့်ကြံပြီးတော့မှမြင်တာ၊ ဒီမြင်နိုင်တဲ့ ရုပ်ကလေးတွေ ပေါင်းစုနေတာလေးတွေကို ကိုယ့်စိတ်နှင့် တွဲစပ်ပြီးတော့ ဒါလေးကတော့ ရှည်ရှည်လေးဟော့၊ ဒီသဏ္ဌာန်လေး၊ ငါဒီသဏ္ဌာန် မြင်တယ်လို့

ထင်တာ၊ မြင်တာက သဏ္ဌာန်ကိုမြင်တာ မဟုတ်ဘူး၊ (Shade) ကိုမြင်တာ မဟုတ်ဘူး၊ ဒီမြင်ကောင်းတဲ့ (visible data) ပေါ့လေ၊ မြင်ကောင်းတဲ့ဟာကိုသာ မြင်တာ။

ဒါကြောင့် ပရမတ်တရားကိုပြောရင် အလွန်ရယ်စရာကောင်းတယ်၊ ဆိုပါစို့– ခဲတံတစ်ချောင်းပြောမယ်၊ မင်း ခဲတံမြင်လားမေးရင် မြင်တယ်ပြောမယ်၊ အရှည်လေးပဲ တန်းတန်းလေးပဲ၊ ဟော မြင်နေတာပဲနော်၊ ဒါပေမယ်လို့ တကယ်ကတော့ မဟုတ်ဘူး၊ မြင်တာက ရူပါရုံကိုသာ မြင်တာ၊ တခြားဟာကတော့ စိတ်နှင့်ကြံပြီးတော့ မြင်တာ၊ အဲဒါကြောင့်မို့ လက်ချောင်းမှာပဲပြောကြစို့၊ လက်ချောင်းမှာရှိတဲ့ မြင်ကောင်းတဲ့ရုပ်က ပရမတ်၊ လက်ချောင်းက ပညတ်၊ လက်ချောင်းလို့ ပြောတာက ပညတ်၊ အချောင်းဖြစ်အောင် စိတ်နှင့်ကြံဆပြီးတော့ လုပ်လိုက်တာ ဒါပညတ်၊ သူ့မှာပါဝင်နေတဲ့ အဋ္ဌကလာပ်ရုပ် ရှစ်ခုတို့ ဘာတို့ပေါ့လေ၊ အဲဒီလို ရုပ်ကလေး တွေကမှ ပရမတ်။

အဲဒီတော့ လက်ချောင်းဆိုတာ တကယ်ရှိတာ မဟုတ်ဘူး၊ ဒီမှာ ပထဝီ အာပေါ, တေဇော, ဝါယော စသော ဓာတ်ကြီးလေးပါးစသည်က တကယ်ရှိတာ၊ အဲဒီ တကယ်ရှိတဲ့ ဓာတ်တွေကို မင်းအကုန်မြင်လား၊ မမြင်ဘူး၊ ခုန ရူပါရုံဆိုတာလေးပဲ မြင်ရတယ်၊ ပထဝီဓာတ်ဆိုတာ မျက်လုံးနှင့် မမြင်နိုင်ဘူး၊ အာပေါဓာတ်ဆိုတာ မျက်လုံးနှင့် မမြင်နိုင်ဘူး၊ ဒါကြောင့်မို့ တကယ်အမှန်အကန်ရှိတယ်၊ ရှိတယ်လို့ပြောရင် တကယ့်ကိုရှိတယ်၊ မရှိတာမဟုတ်ဘူး၊ အဲဒီလို သဘောတရားမျိုးကို ပရမတ် သဘောတရား ဒါက ပရမတ်ရဲ့ အဓိပ္ပာယ်တစ်မျိုး။

နောက်တစ်ခုကတော့ ဝိပဿနာဉာဏ်ဖြင့် ကိုယ်တိုင် မြင်တွေ့နိုင်တဲ့ သဘောတရားမျိုးကို ပရမတ္ထ၊ နည်းနည်းရှေ့တိုးလာပြီ နက်နဲလာပြီ၊ ကိုယ်တိုင် မြင်တွေ့နိုင်တယ်၊ သူများဆီကတစ်ဆင့် ကြားတယ်ဆိုတာ ဟုတ်တာလည်း ရှိတယ် မဟုတ်တာလည်းရှိတယ်၊ တစ်ဆင့်ကြားဆို ဘယ်တော့မှ စိတ်မချရဘူး၊ အခုဟာ တကယ့်ကို ဟုတ်ရမှာ, တကယ့်ကို မှန်ရမှာဆိုတော့ ကိုယ်တိုင်မြင်မှပဲ ဖြစ်မှာပေါ့၊ ကိုယ်တိုင်မြင်တာတောင်မှ တစ်ခါတလေ ဟုတ်ချင်မှဟုတ်တာ၊ ဝိပဿနာဉာဏ်နှင့် မြင်တာကျတော့ အမှန်မြင်တာပေါ့၊

ဒါကြောင့်မို့ ပရမတ်သဘောတရားဆိုတာ ကိုယ်တိုင် မိမိဉာဏ်ဖြင့်သိနိုင်တဲ့ မြင်နိုင်တဲ့ တရားမျိုးကို ပရမတ္ထတရား၊ ဒါ မဟာစည် ဆရာတော်က (Explain) လုပ်တာ သိပ်ကောင်းတယ်,ပထမပြောတာကတော့ ဒါဟုတ်ပါတယ်ဆို ဟုတ်ကို

ဟုတ်တာ,မဟုတ်တာမဟုတ်ဘူး၊ မျက်လှည့်လို မဟုတ်ဘူးပေါ့၊ မျက်လှည့်ဆိုတာ မဟုတ်တာ သူလုပ်ပြတာပဲ၊ အဟုတ်လို့ ထင်ရတယ်၊ ဒီနိုင်ငံ မျက်လှည့်သမားတွေ တော့တော့ကို တော်တယ်နော်၊ တကယ်ဟုတ်တယ်လို့ ထင်ရတယ်၊ ဒါ့ မယ့် မဟုတ်ဘူး၊

ထို့အတူပဲ တံလျှပ်ဆိုတာရှိတယ်၊ ရေမဟုတ်ပဲနှင့်ရေလို့ထင်ရတာ၊ ခရီးဝေး ဝေးသွားဖူးတဲ့ လူဆိုရင် တံလျှပ်ကို သိတယ်၊ မော်တော်ကား မောင်းသွားရင် တစ်ခါတစ်လေ တွေ့တယ်၊ တကယ်ပဲ ရေပဲထင်နေတာပဲ၊ ကိုယ့်အနီးနားရောက်တော့ မဟုတ်ပြန်ဘူး၊ အဲဒါက ခုန အဓိပ္ပာယ်မျိုး၊ တကယ်ရှိတယ်ဆို တကယ်ရှိတာမျိုး မဟုတ်ပဲနှင့် တကယ်မရှိဘူး ဖြစ်သွားတာ။

အခုဒီမှာ ပြောတဲ့ဟာကတော့ ဒုတိယအနက်အဓိပ္ပာယ်ကတော့ ဒါမျိုး မဟုတ်ဘူး၊ ကိုယ်တိုင်ကိုယ်ပိုင် ဉာဏ်ဖြင့် မြင်တွေ့နိုင်တဲ့ တရားမျိုးကို ပရမတ္ထ တရားလို့ ခေါ်တယ်၊ ကိုယ်တိုင်မြင်တွေ့နိုင်တယ်ဆိုတာ တကယ် ဝိပဿနာတရား အားထုတ်လို့ ကိုယ့်ဉာဏ်နှင့်ကိုယ် မြင်လာတာကို ဆိုလိုတယ်။

တရားထိုင်တဲ့ခါကျတော့ ဝင်တယ် ထွက်တယ်ပဲမှတ်မှတ်, ဖောင်းတယ် ပိန်တယ်ပဲ မှတ်မှတ်, ပထမတော့ ဒီလိုပဲ မှတ်နေတာပဲ၊ စိတ်ကလဲ ဟိုရောက် ဒီရောက်ဆိုတော့ ဘာမှလဲ မသိသေးဘူး၊ နောင် တဖြည်းဖြည်းနှင့် စိတ်ဟာငြိမ်ငြိမ်, ငြိမ်ငြိမ်လာတယ်။

စိတ်ကလေးတည်ငြိမ်လာတာနှင့် တစ်ပြိုင်နက် အသိဉာဏ်လေးတွေ ဝင်လာ တယ်၊ ရုပ်သဘောတရားလေးတွေ, နာမ်သဘောတရားလေးတွေ မြင်လာတယ်၊ သိလာတယ်၊ အဲဒီလို ကိုယ်တိုင်အားထုတ်ပြီး မြင်သိလာတာမျိုးကို မြင်သိလာတဲ့ သဘောတရားမျိုးကို ပရမတ္ထသဘောတရားလို့ ခေါ်တယ်၊ ကိုယ်တိုင်မြင်တော့တာ၊ ဒါဖြင့် ကိုယ်တိုင်မတွေ့သေးရင် အဲဒါ ကိုယ့်အတွက် ပရမတ္ထ မဟုတ်သေးဘူးပေါ့ ဒီလို မဟုတ်ဘူးလား။

အခုပြောနေတာ စိတ်ပဲ, စေတသိက်ပဲ ခန္ဓာငါးပါးပဲ, ပြောနေကြတာ ကိုယ် ကိုယ် တိုင်က ဝိပဿနာဉာဏ်နှင့် တရားအားထုတ်ပြီးတော့ မတွေ့သေးတာ မမြင်သေးတာ ဆိုရင် အဲဒါတွေဟာ ကိုယ့်အတွက် ပရမတ်မဟုတ်သေးဘူး၊

ဒါကြောင့်မို့ နိဗ္ဗာန်ဟာ နိဗ္ဗာန်ကို မျက်မှောက်မပြုဘူးသေးတဲ့ ပုဂ္ဂိုလ်တွေ အတွက် ပရမတ် မဟုတ်သေးဘူး၊ ပညတ်ပဲရှိသေးတယ်၊ နိဗ္ဗာန်ဆိုတဲ့ အမည်လေး ကြား ပြီးတော့ ဩော်, နိဗ္ဗာန်ကတော့ ကောင်းသတဲ့, လိုချင်စရာကောင်းသတဲ့

ငါတော့ လိုချင်တယ်၊ နိဗ္ဗာန်ရရပါလို၏ ဆိုကြတယ်။

အဲဒီ နိဗ္ဗာန်ရရပါလို၏လို့ အာရုံပြုတဲ့ နိဗ္ဗာန်ဟာ တကယ့်နိဗ္ဗာန်အစစ် မဟုတ်ဘူး၊ ပရမတ်နိဗ္ဗာန် မဟုတ်ဘူး၊ ပညတ်နိဗ္ဗာန်ကို ဦးဖင်းတို့ အာရုံပြုတာ၊ ဘုရားဟောထားတယ်၊ (ဆိုပါတော့) ရာဂ, ဒေါသ, မောဟ, မရှိတာ နိဗ္ဗာန်ခေါ်တယ်၊ ဒါ ကောင်းသတဲ့,လိုချင်စရာဆိုတော့ လိုချင်နေပြီးတော့ ရရပါလို၏ဆိုပြီး နိဗ္ဗာန် အာရုံပြုတာ၊ တကယ့် ပရမတ်နိဗ္ဗာန်တို့ အာရုံပြုတာ မဟုတ်ဘူး၊ ပရမတ်နိဗ္ဗာန်ကို အာရုံပြုတာက မဂ်စိတ်, ဖိုလ်စိတ်ကမှ အာရုံပြုတာ၊ မနောဒွါရဝဇ္ဇန်းကလည်း အာရုံပြုနိုင်စရာပဲ။

အဲဒါကြောင့်မို့ နိဗ္ဗာန်က ပုထုဇဉ်တို့အဖို့ နိဗ္ဗာန်, နိဗ္ဗာန်လို့ ပြောနေတာ ပရမတ်မဟုတ်သေးဘူး၊ ကိုယ်ကိုယ်တိုင်မြင်မှ ပရမတ်၊ ပရမတ္ထသဘောတရားဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့် မြင်ခြင်း၊ ကိုယ်ပိုင်ဉာဏ်ဆိုတာ တရားအားထုတ်လို့ ဖြစ်ပေါ်လာတဲ့ ဉာဏ်, ဒီဉာဏ်နှင့်သိနိုင်တဲ့ တရားမျိုးကို ပရမတ္ထတရားလို့ ခေါ်တယ်၊ ကိုင်း အဲဒီတော့ နှစ်ခုဖြစ်သွားပြီ ပညတ်ရယ်, ပရမတ်ရယ် (သို့) သမုတိသစ္စာရယ်, ပရမတ္ထသစ္စာရယ်။

လောကမှာ ဒီသစ္စာနှစ်မျိုးပဲ၊ ဒီသစ္စာနှစ်မျိုးကလွဲလို့ မရှိဘူး၊ များသောအားဖြင့် ကတော့ ကိုယ်နေတာကိုက ပညတ်နယ်ထဲမှာ နေတာဖြစ်တော့ ဒီပညတ် အသုံး အနှုန်းကတော့ လွှတ်လို့ကို မရဘူး၊ ဒီလိုပဲ ပညတ်အသုံးအနှုန်းနှင့်ပဲ ပြောပြီးတော့ ဆက်ဆံရတယ်၊ (communication) လုပ်ရတာ၊ မြတ်စွာဘုရားကိုယ်တော် တိုင်လည်း ပညတ်နှင့်ချည်း ဟောတာပဲ။

အဘိဓမ္မာပိဋကတ် ရောက်တဲ့အခါကျမှသာ ပရမတ် အသုံးနှုန်းကို သုံးတာ၊ အဲဒီကျတော့ စိတ်တို့ စေတသိက်တို့ ခန္ဓာတို့ အာယတနတို့ ဓာတ်တို့ သစ္စာတို့ စသည်လာပြီ၊ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ အသုံးအနှုန်း အဲဒီကျတော့ မရှိသလောက် ဖြစ်သွားပြီ၊ ဒါကြောင့်မို့ ဒီသစ္စာ နှစ်မျိုးကို ပထမနားလည်ထားဖို့ အရေးကြီးတယ်၊ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ၊ လောကခေါ်ဝေါ် သုံးစွဲနေတာမှန်သမျှ အားလုံးဟာ သမုတိသစ္စာ၊ အဲဒီသမ္မုတိသစ္စာထဲကနေ ထုတ်ယူရတဲ့ သစ္စာမျိုး။

လူဆိုတာ သမ္မုတိသစ္စာ၊ လူခြပ်ကြီးကလဲ သမ္မုတိသစ္စာ၊ အဲဒီလူခြပ်ကြီးကနေ ထုတ်ယူလိုက်စမ်း၊ ဘာရလဲ၊ ရုပ်, နာမ်၊ နာမ်နှင့်ရုပ်ရတယ်, ခန္ဓာငါးပါးရတယ်၊ အဲဒီဟာက ပရမတ္ထ၊ ဒါကြောင့်မို့ တစ်ခါတစ်လေစာမှာဆိုတယ်၊ သမ္မုတိသစ္စာမှ အဆီထုတ်အပ်သော (abstract) ထုတ်ယူထားတဲ့ နိဗ္ဗတ္တိဟာ ပရမတ်၊ အဲလို

ထုတ်ယူထားတဲ့ဟာမျိုးကို ပရမတ်၊ နေရာတကာတိုင်းက ပရမတ်ကို ထုတ်ယူလို့ ရတာချည်းပဲ။

စားပွဲလို့ပြောတယ်၊ စားပွဲဟာ ဘာလဲ, ပညတ်ပဲ၊ ဒီစားပွဲမှာ ရုပ် ၈–မျိုး ပေါင်းစပ်နေတယ်၊ အဲဒီ အသီးသီးဖြစ်တဲ့ ရုပ်ကလေးတွေက ပရမတ်၊ အပေါင်းက ပညတ်၊ အပေါင်းဖြစ်သွားရင် ပညတ်ဖြစ်သွားတာပဲ၊ အပေါင်းဆိုတာနှင့် တစ်ပြိုင်နက် ပညတ်ရောက်သွားပြီဆိုပါတော့၊ အခု စကားလုံးတစ်ခုကို ကြားတယ်၊ ဗုဒ္ဓဆိုတဲ့ စကားလုံးကြားတယ်၊ ဗုဒ်လို့ကြားတုန်းက ကြားကြားခြင်း ပရမတ်ကို ကြားတာ၊ ပရမတ်အသံ၊ အသံဆိုတာ တကယ်ရှိတဲ့ သဘောတရားပရမတ်၊ ဓလို့ ကြားလိုက်တာလည်း ပရမတ်အသံကိုကြားတာ၊ ဗုဒ္ဓလို့ ပေါင်းလိုက်တဲ့ခါကျတော့ ပညတ်ဖြစ်သွားပြီ၊ ဘာဖြစ်လို့တုန်းဆိုတော့ ဗုဒ်ဆိုတဲ့အသံ ကြားပြီး ပျောက်သွားပြီ၊ ဒါပေမယ်လို့ ကိုယ်က ဒီ နှစ်ခုကိုတစ်ခါထဲ ပေါင်းစပ်ပြီးတော့ ငါ ဗုဒ္ဓကိုကြားတယ်၊ ဗုဒ္ဓဆိုတဲ့အသံကို ကြားတယ်၊ အဲဒီလိုပေါင်းလိုက်တာ, အဲဒီလို သမူဟ အပေါင်းဖြစ်သွားတာနှင့် ပညတ်ဖြစ်သွားတာ။

အဲဒါကြောင့်မို့ ဝိပဿနာတရား တကယ်အားထုတ်လာပြီဆိုတော့ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ ကြားဖူးတယ် မဟုတ်လား၊ ရှေ့ဒေါင်းကြီးတောင် ရေးသွားတာ ဟုတ်လား၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံဆိုတာ အဲဒီ ပရမတ်တင် စိတ်ရပ်အောင် လုပ်ရမယ်၊ ပညတ်ကို မရောက်စေနှင့်၊ ဘာကြောင့်တုန်း–ပညတ်ရောက်သွားတာနှင့် တစ်ပြိုင်နက် (grasping) သူ့ကို လူလို့သိမှတ်လိုက်တာနှင့် တစ်ပြိုင်နက် သူ့ကို ချစ်သွားပြီ, သူ့ကို မုန်းသွားပြီစသည်ဖြင့် ဖြစ်လာတာ၊ သူ့ကို ရုပ်နာမ်အနေနှင့်ပဲ မြင်နေမယ်ဆိုရင် အဲဒီထက် ရှေ့မတိုးဘူးဆိုရင် သူ့ကိုမစွဲလန်းဘူး၊ ချစ်တာ မုန်းတာ မဖြစ်ဘူး။

အဲဒါကြောင့်မို့ ဒိဋ္ဌေဒိဋ္ဌမတ္တံဘဝိဿတိ စသည်ဖြင့် မြတ်စွာဘုရား ဟောထားတာ တကယ် တိတိကျကျ ပြောမယ်ဆိုရင် တရားဟာ ထိုင်တဲ့အခါကျတော့ အဲဒီလို ဟိုဘက် သမူဟလို့ခေါ်တဲ့အပေါင်းကို မရောက်အောင် ဒီစိတ်တင် ကိစ္စပြီးအောင် တကယ်မလွယ်တာ၊ သို့သော် ဖြစ်နိုင်လို့ ဘုရားက ဟောထားတာပေါ့၊ ဒါကြောင့်မို့ နက်နဲတာနော်၊ အဘိဓမ္မာနားမလည်ပဲနှင့် သုတ္တန်တွေ နားမလည်ဘူး ပြောတာ။

သုတ္တန်မှာဟောထားတာလည်း မျက်စိဖြင့် အဆင်းကို မြင်၍ ယောကျ်ား မိန်းမတည်း၊ဟူသော အမှတ်နိမိတ်ကို မယူ, လက်ခြေအစရှိတဲ့ အနုဗျဉ္ဇနတို့ကို မယူ, ဒီလောက်ပဲ ပါဠိတော်ကဟောထားတာ၊ အဘိဓမ္မာ နားမလည်ပဲနှင့် ဘယ်လို

လုပ်မလဲ၊ မိန်းမယောကျ်ား တည်းဟူသော အမှတ်နိမိတ်ကိုမယူ, အနုဗျဉ္ဇနခြေတွေ လက်တွေမယူ မိန်းမယောကျ်ားတည်းဟူသော အမှတ်နိမိတ်ကို မယူဆိုတာ ဘာတုန်းဆို ခုနပြောသလိုပဲ မြင်လိုက်တဲ့ခါမှာ သူ့ကို ရူပါရုံပဲ မြင်စရာ အာရုံ တစ်ခုပဲလို့ စိတ်က ဆိုတဲ့ဟာနှင့် ရပ်နေတာ၊ အပေါင်းကနေ ဟိုဘက်ကျတော့ ပိုဆိုးသွားတာပေါ့လေ၊ ပေါင်းပြီးတော့ နာမပညတ်တွေ, အတ္ထပညတ်တွေ ရောက် သွားတာ၊ အဲဒီဟာတွေ မရောက်အောင်စိတ်က ထိန်းနိုင်မှ တားနိုင်မှ အဲဒါ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ တကယ်နက်နဲတာ ခက်လည်းခက်တယ်။

အဲဒါကြောင့်မို့ ရူပါရုံတစ်ခုကို, မြင်စရာအဆင်း တစ်ခုကိုမြင်တဲ့ခါမှာ မြင်တယ်ဆိုတာလေးတင် ရပ်လိုက်နိုင်ရင် ဒိဋ္ဌေ ဒိဋ္ဌမတ္တံကို ကျင့်သုံးလိုက်နိုင်ပြီ၊ ဟိုဘက်လွန်သွားရင်တော့ ခုနပြောသလိုပဲ ကြိုက်တာတို့ မကြိုက်တာတို့ ဖြစ်ကုန်တတ်တယ်၊ အဲဒီတော့ ပညတ်နယ်ထဲကို မရောက်စေနှင့်၊ ပရမတ်နှင့်တင် မင်းတို့ ကိစ္စပြီးပါစေ၊ ဒါကို ဆိုလိုတယ်−

ပြီးတော့ တရားထိုင်ရှုတဲ့အခါ ကျတော့လည်း ပရမတ်ကို မြင်အောင် ရှုရမယ်၊ ပညတ်ရှုရင် ဝိပဿနာ မဟုတ်ဘူး၊ သမထကတော့ ပညတ်နှင့်တင် ပြီးတယ်၊ ကသိုဏ်းရှုတယ်ဆို မြေကြီးကြည့်ပြီးတော့ မြေကြီးမြေကြီးဆိုပြီးတော့ ပညတ်ချည်းကိုပဲ လုပ်ရတာ၊ ဝိပဿနာကျတော့ အစကို ပညတ်ပယ်လို့ မရဘူး၊ သို့သော် Ultimately ကျတော့ ပရမတ်ကိုရောက်ရမှာ၊ ဝင်တယ် ထွက်တယ်လို့ မှတ်နေတယ်၊ ပထမဝင်တယ် ထွက်တယ် မှတ်နေတာဟာ ပညတ်ပဲ မှတ်နေတာပဲ၊ တကယ် စိတ်စိုက်လိုက်တဲ့ ခါကျတော့ ဝင်သွားတဲ့ လေလေးက တိုးသွားတယ်၊ တစ်နေနေရာရာမှာ ထိသွားတယ်၊ အဲဒီအထိလေးကို ကြည့်ပြီးတော့ ဖောဋ္ဌဗ္ဗလို့ ခေါ်တာ။

ဝင်လေဆိုတာ တွေ့ထိတဲ့သဘောတရားလေးပဲ, တွန်းကန်တဲ့ ထောက်ကန်တဲ့ သဘောတရားလေးပဲ၊ အဲဒီလို မြင်သွားတာ၊ အဲဒါ ပရမတ်မြင်တာပဲ၊ ဝင်လေ ကြီးက အတန်းကြီးဝင်သွားတယ်၊ ထွက်လေကြီးက အတန်းကြီး ထွက်သွားရင် ပညတ်နှင့်ပဲ ကိစ္စပြီးနေသေးတယ်၊ ပရမတ်မမြင်သေးဘူး။

အဲဒါကြောင့်မို့ မဟာစည်ဆရာတော်က ပရမတ်ကိုမြင်အောင်ရှု၊ သို့သော် စစချင်း ပရမတ်ရှုရမယ်လို့ ပြောလို့မဖြစ်ဘူး၊ ဒီလိုပဲ ဝင်တယ် ထွက်တယ်နှင့်ပဲ ပညတ်နှင့်ပဲသွားရတယ်၊ ကြာတော့ ပညတ်ကွာပြီးတော့ ပရမတ် ရှုနိုင်သွားတယ်၊ ဒါကြောင့်မို့ ပရမတ်ပေါ်ရင် ပညတ်ငုတ်တယ်၊ ပညတ်ပေါ်ရင် ပရမတ်ငုတ်တယ်၊

ပညတ်က လွှမ်းမိုးနေရင် ပရမတ်က မထင်ရှား တော့ဘူးပေါ့၊ ပရမတ်က တကယ် ထင်ရှားလာပြီဆိုတော့ ပညတ်မရှိတော့ဘူး။ ဒါကြောင့်မို့ တရားထိုင်လို့ အတော်လေး ရောက်လာပြီဆိုတော့ တချို့ ဘာမှ မရှိတော့ဘူး ဖြစ်လာပြီ၊ သူ့ခန္ဓာကိုယ်ကြီးတောင် မရှိတော့ဘူး ထင်လာပြီးတော့ ကိုယ့်မိုက်ကိုယ် ပြန်စမ်းကြည့်တာတွေ ဘာတွေ ဖြစ်လာတယ်၊ အမှန်ကတော့ ပညတ်ပျောက်ပြီးတော့ ပရမတ်မြင်လာတာ။

ဒါကြောင့်မို့ သမ္မုတိသစ္စာရယ်, ပရမတ္ထသစ္စာရယ်၊ ဦးဇင်းတို့က ပရမတ္ထသစ္စာကို မမြင်ဘဲနှင့် ကိစ္စမပြီးဘူး၊ တရားထိုင်တဲ့ခါမှ ပရမတ္ထသစ္စာကို မြင်အောင်ကို လုပ်ရမှာ၊ ပရမတ္ထသစ္စာမြင်အောင် ဆိုပြီးတော့ တရားထိုင်ရတာ၊ တရားထိုင်တဲ့ခါကျတော့ ဘာကြောင့် ပရမတ္ထသစ္စာကို မြင်လာသလဲ၊ စိတ်ငြိမ်လာလို့ မြင်လာတာ၊ စိတ်ရဲ့ သဘောတရားက တည်ငြိမ်လာရင် တန်ခိုးရှိတယ်၊ ဖောက်ထွင်း နိုင်တယ်၊ မှန်ဘီလူးနှင့် နေရောင်ကို စုလိုက်တဲ့ခါကျတော့ သူ မီးလောင်နိုင်တယ်၊ စက္ကူလေးတွေ မီးလောင်သွားတယ်၊ ဒီအတိုင်းချည်းကျတော့ မလောင်ဘူး။

အဲဒီလိုပဲ၊ စိတ်ဟာလဲ ငြိမ်ပြီးတော့ (concentrate) လုပ်လိုက်တဲ့ခါကျတော့ ထိုးထွင်းနိုင်တဲ့ အစွမ်းသတ္တိရှိတယ်၊ အဲလို ထိုးထွင်းပြီးတော့ ခုနလို မြင်သွားတာ လက်, လက်လို့ မြင်တာတော့ လူတိုင်းမြင်တတ်တာပဲ၊ ဒါ သာမန်ပဲ၊ ဒီဟာတွေကိုမှ ခုနလို မြင်စရာဖြစ်တဲ့ ရုပ်ရဲ့ ရုပ်တရားပဲ ဘာပဲထိအောင်မြင်တာ, ထိုးထွင်းပြီးတော့ ဖောက်ထွင်းပြီးတော့ မြင်သွားတာ၊ အဲဒီဖောက်ထွင်းပြီးတော့ သိမြင်တာမျိုးကို ဝိပဿနာပညာလို့ခေါ်တယ်၊ စိတ်ကူးပြီးတော့ သိတာမျိုး ဝိပဿနာပညာမခေါ်ဘူး၊ စာဖတ်ပြီးတော့ သိတာမျိုး ဝိပဿနာပညာမခေါ်ဘူး၊ ကိုယ်တိုင် အားထုတ်ပြီးတော့ မြင်သိသွားမှ ဝိပဿနာပညာခေါ်တယ်။

ဒါကြောင့်မို့ သမ္မုတိသစ္စာရယ်၊ ပရမတ္ထသစ္စာရယ် နှစ်ခုရှိတယ်၊ အခု ဦးဇင်းတို့ လေ့လာမယ့် သင်္ဂြိုဟ်ကျမ်းက ပရမတ္ထသစ္စာ (သို့မဟုတ်) ပရမတ္ထတရား ကိုပဲ အမျိုးမျိုးဝေဖန်ပြီးတော့ ပြောပြမယ်၊ ပရမတ္ထတရားတွေကိုပဲ ဦးဇင်းတို့ လုပ်ရမယ်၊ ပညတ်ကတော့ကို ရှစ်ခုမြောက်ပိုင်း နောက်ပိုင်းမှာ Appendi သဘောမျိုးပဲ ထည့်ထားတယ်၊ အဲဒီတော့ လောကဓာတ်ပညာ ဆရာတွေလိုပေါ့၊ (element) တွေထိအောင် အရင်းအမြစ်ထိအောင် လေ့လာတာမျိုး ဒီသင်္ဂြိုဟ် အဘိဓမ္မာကလဲ၊ အရင်းအမြစ်ထိအောင်လေ့လာရမယ်။

အဲဒီလို မဖောက်မပြန် မှန်ကန်တည့်မတ်တဲ့ သဘောတရား ဘယ်နှစ်မျိုးကို ဗုဒ္ဓဘာသာမှာ လက်ခံထားသလဲ၊ လေးမျိုးလက်ခံထားတယ်၊ ဒီလေးမျိုးဟာ

ဘာလဲဆိုတော့ စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ်၊ နိဗ္ဗာန်ရယ် ဒီလေးမျိုးကတော့ တကယ်ရှိတဲ့ သဘောတရား၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဒီလေးပါးကို ပရမတ္ထတရား (သို့မဟုတ်) မြန်မာဆန်ဆန်ဆိုရင် ပရမတ်တရားပေါ့။

စိတ်ဆိုတာဘာလဲ၊ စိတ်ဆိုတာ သိကြလား၊ စိတ်ဆိုတာ မြန်မာစကားလို့ ထင်နေတာ၊ စိတ်ဆိုတာ မြန်မာစကားမဟုတ်ဘူး၊ ပါဠိစကား၊ ပါဠိလို စိတ္တ၊ပါဠိလို စိတ္တကို တဝမ်းပူတစ်လုံး ဖြုတ်ပြီးတော့ စိတ်ဆိုပြီးတော့ မြန်မာစကားဖြစ်အောင် သုံးထားတာ၊ ဦးဇင်းက အမေရိကန်တွေကိုပြောတယ်၊ တို့က အလွန်ပါးတယ်ကွ၊ တို့က အဘိဓမ္မာ အသုံးနှုန်းတွေကို ဘာသာပြန်တာ မဟုတ်ဘူးကွ (ဘာမင်းနိုက်စ်) လုပ်လိုက်တာ, ဘာသာပြန်ဖို့ သိပ်ခက်တာ, ဒီဟာတွေဟာလေ တခြားဘာသာလို့ မြန်မာလိုလည်း ပြန်လို့ခက်တာပါပဲ အမှန်က အင်္ဂလိပ်လိုလည်း အပြန်ရခက်တာပဲ၊ တို့ကတော့ မပြန်ဘူးကွာ (ဘာမင်းနိုက်စ်)လုပ်တာလို့ စိတ်ဆိုတာ မြန်မာလူမျိုးတွေ မေးကြည့်လေ, သူတို့က မြန်မာစကားလို့ပြောလိမ့်မယ်။

စိတ်ဆိုတာ ဘာကိုခေါ်တာလဲတဲ့၊ အဲဒီမှာ စိတ်ရဲ့ သဘောလက္ခဏာကို သိရမယ်၊ စိတ်ရဲ့လက္ခဏာဟာ ဘာလဲဆိုရင် အာရုံကိုသိခြင်းမျှ (Just the awareness of the object))အာရုံကို သိခြင်းမျှကို စိတ်လို့ခေါ်တယ်၊ သိခြင်းမျှ ဆိုတာ ဉာဏ်နှင့် သိတဲ့အသိမျိုးမဟုတ်ဘူး၊ မှတ်သားသိတဲ့ အသိမျိုးမဟုတ်ဘူး၊ အင်္ဂလိပ်လို (Just awareness)ပဲ့ ဒါအာရုံပဲ, ဒါမြင်စရာလေးပဲ၊ ဒါလောက်ကလေး သိတာ၊ တစ်ခါတစ်လေရှေ့ကြည့်ရင်းနဲ့ ဘေးကဟာ တစ်ခုခု သိနေတယ် မဟုတ်လား၊ အေး အဲဒါမျိုး၊ အဲဒီလို (awareness)သက်သက်ကို စိတ်လို့ခေါ်တာ၊ သိတယ်လို့ မြန်မာစကားကတော့ သုံးရတော့တာပေါ့၊ မတတ်နိုင်ဘူး။

ပါဠိစကားမှာလည်းပဲ **အာရမ္မဏံ စိန္တေတီတိ စိတ္တံ**၊ အာရုံကို ကြံတတ်၊ သိတတ်သောကြောင့် စိတ်၊ ဒီလိုပဲဆိုတာ၊ သို့သော် ကြံတယ်၊ သိတယ် ဆိုတာ တကယ်စဉ်းစားကြံတာကို မဆိုလိုဘူး၊ အဲဒါတွေက စေတသိက်ရဲ့ သဘောတွေ (Just the awarenee of the object) ဒီ (awareness) ဆိုတာ တရားထိုင်တဲ့ခါ awareness လည်းမဟုတ်ဘူး၊ တရားထိုင်တဲ့အခါမှာ awareness က သတိကို ဆိုလိုတာ၊ ဒီမှာက ဒီလိုမဟုတ်ဘူး၊ ဒါလေးဟာ ရှိနေတယ်ဆိုတာ သိတာမျိုးလေ၊ စိတ်သဘော တရား သိပ်သိမ်မွေ့တယ်၊ သူက ဘာနှင့်တူသလဲဆိုတော့ ဘာမှ အရောင်မရှိတဲ့ ရေနှင့်တူတယ်၊ သူ့ထဲကို အနီရောင်တွေထည့်လိုက်တော့ ရေဟာ အနီပော့၊ အစိမ်းရောင်လေး ထည့်လိုက်တော့ ရေဟာ အစိမ်းပော့။

ထို့အတူပဲ စေတသိက်တွေနှင့် ရောလိုက်တဲ့ခါကျမှ, တွဲဖြစ်တဲ့ခါကျမှ ကောင်းတဲ့ စေတသိက်နှင့် တွဲဖြစ်တော့ သူ့ကို ကောင်းတဲ့စိတ်ပဲ, ကုသိုလ်စိတ်၊ မကောင်းတဲ့ စေတသိက်တွေနှင့် တွဲဖြစ်တော့ အကုသိုလ်စိတ်ပဲလို့ ခေါ်ရတယ်၊ အမှန်ကတော့ စိတ်ဆိုတာ တစ်ခုထဲရှိတာ၊ သူ့ရဲ့သဘောလက္ခဏာက အာရုံကို သိခြင်းမျှ။

အာရုံကို သိခြင်းမျှ သဘောတရားကို စိတ်လို့ခေါ်တဲ့အတွက်ကြောင့်မို့ စိတ်ဟာ အာရုံနှင့် ကင်းပြီးတော့ ဘယ်တော့မှ မဖြစ်နိုင်ဘူးမှတ်ထား၊ အခုခေတ် ပြောလေ့ရှိတယ်၊ စိတ်ကို blank လုပ်လိုက်တယ်၊ ဦးဇင်းတို့ရဲ့ အဘိဓမ္မာသဘောတရားအရ ဘယ်တော့မှ လုပ်လို့ မရဘူး၊ စိတ်မှာ အာရုံဟာ အမြဲတမ်း ရှိနေရတယ်၊ အာရုံမရှိရင် စိတ်ကို မရှိနိုင်ဘူး၊ အာရုံဟာ ထင်ရှားတဲ့အာရုံရှိတယ်၊ မထင်ရှားတဲ့ အာရုံရှိတယ်၊ အခု မြင်နေတယ်, ကြားနေတယ်, တွေ့နေတယ်၊ ထင်ရှားတဲ့ အာရုံ၊ အိပ်နေတဲ့ခါ အာရုံဟာရှိတာပဲ၊ အဘိဓမ္မာသဘောနှင့် ပြောမယ်ဆိုရင် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တစ်ခုခုရှိနေတယ်၊ အဲဒီဟာတွေက မထင်ရှားတဲ့ အာရုံ၊ သို့သော် ရှိကို ရှိရမယ်၊ အာရုံမရှိရင် စိတ်ဆိုတာကို မရှိနိုင်ဘူး။

ဒါကြောင့်မို့ စိတ်,စိတ်အတိုင်းထားလို့ ပြောတာတွေဟာ အဘိဓမ္မာနှင့် ကြည့်ရင် တော်တော်ရယ်စရာကောင်းတယ်၊ စိတ်ချည်းထားလို့ မရဘူး၊ ဒီစေတသိက်ကလည်း မပါလို့ မဖြစ်ဘူး၊ အမြဲတန်း တွဲဖြစ်နေတာ၊ အာရုံတစ်ခုခုကို မှီတွယ်ပြီး စိတ်ဆိုတာ ဖြစ်နေတာ၊ အာရုံမရှိရင် စိတ်ဆိုတာ မဖြစ်ဘူး။

အဲဒါကြောင့်မို့ စိတ်ဟာ ရုပ်အမှီမရှိဘဲနှင့် မဖြစ်ဘူး၊ အာရုံလည်းရှိရတယ်၊ မှီရာလည်းရှိရတယ်၊ ဒါ စိတ်ကအရေးကြီးတယ်၊ ရုပ်ကအရေးကြီးတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုး ပြောတာမဟုတ်ဘူး၊ သို့သော်တစ်ခုနဲ့တစ်ခု အမှီပြုနေတာကို ပြောတာ၊ ပဋိစ္စသမုပ္ပါဒ်သဘော, ပဋ္ဌာန်းသဘောနှင့် ဆက်သွယ်နေကြတာ၊ အဲဒီလို အာရုံကို သိခြင်းသဘောမျှကလေးကို စိတ်လို့ခေါ်တယ်၊ နားလည်ပြီနော်။

**မေး** – အာရုံဆိုတာ ဘာကို ခေါ်ပါသလဲဘုရား၊

**ဖြေ** – အာရုံဆိုတာ သိစရာတစ်ခုခုပေါ့၊သိစရာ တစ်ခုခုက ရုပ်လည်းဖြစ်နိုင်တယ်၊ နာမ်လည်းဖြစ်နိုင်တယ်၊ စိတ်, စိတ်ချင်းလည်း ပြန်သိလို့ရတယ်။

**မေး** – အိပ်တဲ့အခါကျတော့ စေတသိက် မရှိဘူးလား၊

**ဖြေ** – ရှိတယ်၊ စိတ်ရှိရင် စေတသိက်ရှိတယ်, အကုန်ရှိတယ်, အာရုံလည်းရှိတယ်၊ သို့သော် အဲဒီကျတော့ ဘဝင်စိတ်ခေါ်တယ်၊ ဘဝင်စိတ်ဆိုတာကတော့

ဝိပါက်အကျိုးစိတ် တစ်မျိုးပေါ့လေ၊ သူက ထထကြွကြွမရှိဘူး၊ ငြိမ်သက်တဲ့ သဘောတရားရှိတယ်၊ အဲဒီအချိန်ခါမှာ၊ အဲဒီစိတ်မှာ အာရုံကော, စေတသိက်ကော ဖြစ်နေတာပေါ့၊ ဖြစ်နေတာ, ရှိနေတာ မထင်ရှားတဲ့ အာရုံလို့ ပြောကြပါစို့။

စိတ်နှင့် စေတသိက်က အမြဲတမ်းတွဲဖြစ်တယ်၊ စိတ်ဖြစ်တယ်ဟော့ဆို စေတသိက် မပါလို့ ရကို မရဘူး၊ ကောင်းပြီ– အဲဒါ စိတ်လို့ ခေါ်မယ်နော်၊ အဲဒီစိတ်ကိုပဲ မြတ်စွာဘုရားက အမျိုးအစားပေါင်း ၈၉– (သို့မဟုတ်) ၁၂၁–ပါး ရှိတယ်၊ ဒီလိုခွဲခြားပြီးတော့ အဘိဓမ္မာပါဠိတော်မှ ဟောထားတယ်၊ အဲဒီ ၈၉ မျိုးကို အခု ပထမပိုင်းမှာ လေ့လာကြရမယ်၊ ဒီသင်္ဂြိုဟ်ပထမပိုင်းဟာ စိတ် ၈၉ မျိုး သို့မဟုတ် အကျယ် ၁၂၁–ပါးကို အမှန်ကတော့ စာရင်းလေးလောက်ပေးတာပါ၊ သို့သော် အဋ္ဌကထာတွေ ဋီကာတွေကျတော့ အဓိပ္ပာယ်တွေပါ ထည့်လာတယ်၊ အခု ဒီကျတော့ အဓိပ္ပာယ်တွေပါ ပြောသွားရမှာပေါ့၊ အဲဒါ စိတ်နော်။

စိတ်ပရမတ်တရား၊ စိတ်ဆိုတာ တကယ်ရှိသလား, မရှိဘူးလား, စဉ်းစား ကြည့်လိုက်ပေါ့၊ စိတ်မရှိရင် လူတွေကို ဒီမှာ လာမနေနိုင်ဘူး၊ အဲဒါ စိတ်နော်။

စိတ်ပြီးတော့ စေတသိက်၊ စေတသိက်ကတော့ ဘာစကားလဲ၊ ဒါကတော့ မြန်မာစကားမဟုတ်တာ သိသာနေပြီ၊ စိတ်ဆိုတာသိသေးတယ်၊ စေတသိက် ဆိုတော့ သူတို့မသိတော့ဘူး၊ စေတသိကဆိုတဲ့ ပါဠိစကားကို စေတသိက်လုပ်လိုက် တာ၊ ကကြီးအသတ်ထည့်လိုက်တာ။

စေတသိက်ဆိုတာ ဘာလဲဆိုတော့ စိတ်ကို မှီတွယ်ပြီးတော့ ဖြစ်တတ်တဲ့ သဘောတရား၊ စိတ်၌မှီတွယ် စိတ်ကိုခြယ်တဲ့၊ လယ်တီဆရာတော်ကြီး ရေးထား တာရှိတယ်၊ စိတ်ကို အမှီပြုပြီးတော့ စိတ်၌ဖြစ်တတ်တဲ့တရား၊ အဘိဓမ္မာအကြောင်း ပြောနေပေမယ်လို့ ပညတ်တွေက ဝင်ဝင်လာတာ၊ မဝင်လို့မရဘူး၊ အဲဒါမှ နားလည် တာကိုး။

ပညတ်နှင့် စိတ်ကလည်း သဘောတရား တစ်ခု၊ စေတသိက်ကလည်း သဘောတရား တစ်ခု၊ သူ့ဟာသူဖြစ်တာ၊ ဒါပေမယ်လို့ ဒီမှာ ဘယ့်နှယ်ပြောထားရ တုန်းဆိုတော့ စေတသိက်ဟာ စိတ်ပေါ်မှာ အမှီပြုပြီးတော့ ဖြစ်တယ်၊ စိတ်၌ဖြစ်တယ် လို့ ဒီလိုပဲ သုံးရတယ်၊ ဒါ ဘာကို ဆိုလိုတာလည်းဆိုတော့ စေတသိက်နှင့်စိတ်မှာ စိတ်က အရေးကြီးတယ်၊ ပြဋ္ဌာန်းတယ်၊ စေတသိက်က မပြဋ္ဌာန်းဘူး၊ ဒီအဓိပ္ပာယ်လေး သိစေချင်တယ်။

ဆိုပါတော့ သားသမီးဟာ မိဘ အမှီပြုပြီးတော့ နေရတယ်ဆိုတော့ မိဘက ပဓာနကျတယ်ပေါ့၊ သားသမီးက ပဓာနမဟုတ်ဘူးပေါ့၊ သားသမီးရဲ့ ရပ်တည်မှုဟာ မိဘအပေါ်မှာ တည်တယ်၊ အဲဒါမျိုးပဲ, စေတသိက်ဟာ စိတ်ကိုမှီပြီးတော့ဖြစ်တယ်၊ စိတ်မှာဖြစ်တယ်လို့ ပြောလိုက်ရင် စေတသိက်က ပဓာနမဟုတ်ဘူး, စိတ်က ပဓာန, ဒါလေးသိစေချင်တယ်၊ အမှန်ကတော့ သူတို့ဟာ ဒီတစ်ခုကို မှီပြီးတော့ စိတ်ကအရင်ဖြစ်ပြီးတော့ စေတသိက်က နောက်မှဖြစ်တာမျိုးမဟုတ်ဘူး၊ တစ်ပြိုင်နက် ဘူးကနဲစိတ်ဖြစ်လိုက်တာနဲ့ တစ်ပြိုင်နက် စေတသိက်ကလည်း အတူတူ ဖြစ်တာ။

သို့သော် စိတ်က ရှေ့သွားလို့, ခေါင်းဆောင်လို့ဖြစ်တာ၊ စေတသိက်က နောက်လိုက်လို့ဖြစ်တာ၊ ဒါပဲ၊ ဒါကြောင့်မို့ သူတို့ကို စေတသိက်လို့ ခေါ်တာ၊ အဲလို ပြောလိုက်တဲ့အတွက်ကြောင့်မို့လဲ စိတ်မပါပဲနှင့်တော့ စေတသိက် မဖြစ်နိုင်ဘူးပေါ့၊ စိတ်ဖြစ်တိုင်း ဖြစ်တိုင်းကတော့ စေတသိက် ဖြစ်ရမယ်၊ အဲဒီ စေတသိက်တွေကလည်းပဲ ကောင်းတဲ့စေတသိက်တွေ ရှိတယ်, မကောင်းတဲ့ စေတသိက်တွေရှိတယ်၊ Neutral ကောင်းမကောင်း စေတသိက်တွေရှိတယ်၊ အဲဒီတော့ Neutral စေတသိက် တွေကတော့ စိတ်တွေ အများကြီးနှင့် တွဲလို့ရတယ်၊ ကောင်းတဲ့ စေတသိက်တွေနှင့် တွဲတဲ့အခါမှာ ကောင်းတဲ့စိတ်လို့ ခေါ်လိုက်တော့မယ်၊ ကုသိုလ်စိတ်လို့ခေါ်တယ်၊ မကောင်းတဲ့ စေတသိက်တွေနှင့် တွဲတဲ့ခါမှာ သူ့ကို မကောင်းတဲ့ စိတ်လို့ခေါ်တယ်။

အဲဒီတော့ စေတသိက်က ဘာနှင့်တူလဲဆိုတော့ colour နဲ့ တူတယ်၊ အရောင်တွေပေါ့၊ အရောင်မရှိတဲ့ ရေထဲကို အနီရောင်တွေ ထည့်လိုက်, ရေက နီသွားတယ်၊ အစိမ်းရောင်တွေထည့်လိုက်, စိမ်းသွားတယ်၊ စေတသိက်နှင့် တွဲပြီးတော့ စိတ်ဖြစ်တယ်၊ သူတို့က မပြဋ္ဌာန်းပေမယ်လို့ စိတ်ရဲ့ ကောင်းမကောင်းနာမည်ကို သူတို့က ဆုံးဖြတ်ပေးတယ်၊ ဟော, မင်းတို့နှင့်ယှဉ်နေပြီကွ၊ ဒီစိတ်ကတော့ မကောင်းတဲ့စိတ်၊ ဒီခါကျတော့ တို့နှင့်ယှဉ်နေပြီ ဒို့က ကောင်းတဲ့ စေတသိက်၊ အဲတော့ ဒီစိတ်က ကောင်းတဲ့စိတ်၊ အဲဒီလို၊

အဲဒါကြောင့်မို့ သောမနဿ သဟဂတ ဒိဋ္ဌိဂတ သမ္ပယုတ္တ အသင်္ခါရိကနှင့် ပြောနေတာ၊ သောမနဿဟာ စေတသိက်၊ ဒိဋ္ဌိဟာ စေတသိက်, စိတ်ကျမှ စိတ်၊ အဲဒီလို စိတ်နှင့် စေတသိက်ဟာ အတူတူ ဖြစ်တယ်၊ အာရုံလည်း အတူတူဖြစ်ရမယ်၊ စိတ်က ဒီအာရုံယူရင် စေတသိက်ကလည်း ဒီအာရုံ ယူရမယ်၊ စိတ်က အာရုံတစ်ခု, စေတသိက်က အာရုံတစ်ခု ဘယ်တော့မှ လုပ်လို့ မရဘူး၊ နာမ်တရား အတူတူဖြစ်တာ၊

မှီရာအနေနှင့်လည်း အတူတူပဲဆိုပါတော့။

မြင်တဲ့စိတ်ဟာ မျက်စိကို အမှီပြုပြီးတော့ ဖြစ်ရတာ၊ မျက်စိမပါပဲနှင့် မြင်တဲ့စိတ် မဖြစ်ဘူး၊ မျက်စိ အကြည်ဓာတ်လို့ခေါ်တာပေါ့၊ ရုပ်ရုံလည်းပါတာပေါ့၊ ဒီမျက်စိအကြည်ဓာတ်ကို စိတ်က မှီတဲ့ခါမှာ စေတသိက်တွေကလဲ ဒီအကြည်ဓာတ်ကိုပဲ မှီရတာ၊ ဒို့က တခြား နားသွားမှီမယ်, နှာခေါင်းတွေမှီမယ် ဆိုလို့ မရဘူးပေါ့၊ အဲဒါကြောင့်မို့ အတူတူမှီရတယ်, အတူတူဖြစ်ရတယ်, အတူတူပျက်ရတယ်၊ နောင် စေတသိက်ပိုင်းကျတော့ စေတသိက်လက္ခဏာတွေ လာပါလိမ့်မယ်၊ အဲဒီလို စိတ်နှင့် စေတသိက်ဟာ အတူတူဖြစ်တယ်၊ အတူတကွ ဖြစ်တဲ့ခါမှာ စိတ်က ရှေ့သွားလို့ခေါင်းဆောင်လို့ထင်ရတယ်၊ စေတသိက်က နောက်လိုက်လို့ ထင်ရတယ်၊ သို့သော် ခေါင်းဆောင်လို့ပဲ ပြောပြော, ရှေ့သွားလို့ပဲ ပြောပြော, အမှန်ကတော့ တစ်ပြိုင်နက် ဖြစ်ကြတာ, တစ်ပြိုင်နက် ပျက်ကြတာ။

ဓမ္မပဒ ပါဠိတော်မှာ ပထမဆုံးဂါထာက မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊ တရားတွေဟာ စိတ်လျှင် ရှေ့သွား ရှိကြတယ်တဲ့၊ ဆိုလိုတာက စေတသိက်တွေဟာ စိတ်လျင်ရှေ့သွား ရှိတယ် (သို့) စိတ်ဟာ စေတသိက်တွေရဲ့ ရှေ့သွားဖြစ်တယ်လို့ ဟောထားတာ။

အဲဒီနေရာမှာ ခုနပြောသလို ရှေ့သွားဖြစ်တယ်ဆိုတာ ဘာလဲ၊ စိတ်က ရှေ့ကသွား, စေတသိက်က နောက်က လိုက်နေတာလား၊ မဟုတ်ဘူး၊ အမှန်ကတော့ တစ်ပြိုင်နက် ဖြစ်ကြတာပဲ၊ စိတ်ကအရင်ဖြစ်ပြီးတော့ စေတသိက်က နောက်မှ ဖြစ်တာမဟုတ်ဘူး၊ နေရာလည်း ဘယ်နေရာမှာဖြစ်တယ်လို့ ဘယ်လို လုပ်ပြောလို့ ရမလဲ၊ ဒါကြောင့်မို့ အတူတူဖြစ်တာပဲ။

ဒါပေမယ်လို့ စိတ်က ခေါင်းဆောင်လို သဘောတရားရှိတယ်၊ အဲဒါကြောင့်မို့ သူ့ကို ပုဗ္ဗင်္ဂမရှေ့သွားလို့ပြောတာ၊ အဲဒီလို သုတ္တန်မှာလာတဲ့အဓိပ္ပာယ်ကို အဘိဓမ္မာနှင့် ဟပ်ပြီးတော့ နားမလည်ရင် အတိအကျ နားလည်တာလို့ မဆိုနိုင်ဘူး၊ ဒါ ဒီဂါထာလေးတစ်ပုဒ်ရှိသေးတာ၊ သိစရာတွေအများကြီး၊ ဒါကြောင့်မို့ အဘိဓမ္မာဟာ မြတ်စွာဘုရားရဲ့ တရားတွေကို တကယ်နားလည်ချင်ပါတယ်၊ ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် နားလည်ချင်ပါတယ်ဆိုရင် အဘိဓမ္မာမပါပဲ မဖြစ်ဘူး။

ကိုင်း, စေတသိက်တဲ့–အဲဒီ စေတသိက်တွေက ၅၂–မျိုးရှိတယ်လို့ မြတ်စွာဘုရားဟောထားတယ်၊ ဒုတိယပိုင်းမှာလေ့လာမယ်၊ ပြီးတော့မှ တစ်ခါ စိတ်နှင့် စေတသိက် ခုန စိတ် ၈၉–မျိုးရှိတယ်၊ (သို့) ၁၂၁–မျိုးရှိတယ်၊ စေတသိက်က ၅၂–မျိုးရှိတယ်၊ တစ်ခါ ဒီစိတ်နှင့် ဒီ စေတသိက်တွေနှင့် ဘယ်လို ပေါင်းစပ်တယ်

ဘယ်လို ယှဉ်တယ်ဆိုတာတွေလည်း လေ့လာရတော့မယ်၊

ဒါ ဒုတိယပိုင်း ဒီစိတ်မှာ စေတသိက် ၁၉-ခုနှင့် ယှဉ်တယ်၊ နောက်စိတ်မှာ စေတသိက် ၂၁-ခုနှင့် ယှဉ်တယ် စသည်ဖြင့် (compatablity) ပေါ့၊ ဒါ ဒုတိယပိုင်းမှာ လေ့လာမယ်။

တတိယ ပရမတ္ထတရားက ရုပ်၊ ရုပ်ကတော့ဘာလဲတဲ့၊ ရုပ်ကလည်း မြန်မာစကား မဟုတ်ဘူးနော်၊ ဖောက်ပြန်တတ်တဲ့ သဘောတရားကို ရုပ်လို့ ဒီလို ဆိုရတယ်၊ ရုပ္ပတိတိ ရူပံ လို့ပါဠိလို ရှိတယ်၊ ဖောက်ပြန်တတ်တယ်ဆိုတာ ဘာလဲတဲ့။

ဖောက်ပြန်တတ်တယ် ဆိုတာ ရှေ့ရုပ်အစဉ်နှင့်မတူတဲ့ နောက်ရုပ်အစဉ် ဖြစ်တတ်တာမျိုးကို ဖောက်ပြန် တယ်လို့ ဆိုတယ်၊ နေပူထဲသွားလိုက်တဲ့ခါကျတော့ ရုပ်ဟာတစ်မျိုးပေါ့၊ နီမြန်းနေမယ်ပေါ့နော်၊ အရိပ်ထဲ ရောက်သွားတဲ့ခါကျတော့ ရုပ်အစဉ်က တစ်မျိုးဖြစ်သွားတယ်၊ ဆာနေတဲ့ခါကျတော့ ရုပ်ကတစ်မျိုး၊ နေမကောင်း တဲ့အခါ ကျတော့ ရုပ်ဟာတစ်မျိုး၊ ပိုးကောင်တွေဘာတွေ ကိုက်လိုက်တဲ့ခါကျတော့ ရုပ်ဟာတစ်မျိုး၊ မကိုက်တဲ့ အခါကျတော့ ရုပ်ဟာတစ်မျိုး စသည်ဖြင့်ပေါ့၊ အဲဒီလို ရှေ့ရုပ်အစဉ်နှင့် မတူတဲ့ နောက်ရုပ်အစဉ်ဖြစ်တာမျိုးကို ဖောက်ပြန်တာလို့ ဒီလို ခေါ်တာ၊ အဲဒီလို ဖောက်ပြန်တတ်တဲ့ သဘောတရားမို့လို့လည်း ရုပ်လို့ခေါ်တယ်။

အဲဒီနေရာမှာ မေးစရာရှိတယ်၊ စိတ်ကတော့ မဖောက်ပြန်ဘူးလား၊ စိတ်ကရော ရှေ့စိတ်အစဉ်နှင့်မတူတဲ့ နောက်စိတ်အစဉ်ကော မဖြစ်ဘူးလား၊ ဖြစ်လိုက်တာမှ၊ ဒါပေမယ်လို့ ဒီနေရာမှာတော့ ဖောက်ပြန်တယ်ဆိုတာ ထင်ထင်ရှားရှား ဖောက်ပြန်တာကိုပဲ ရည်ရွယ်တယ်၊ ရုပ်ဖောက်ပြန်တာ မျက်စိနှင့်တောင် မြင်နိုင်တာပဲမဟုတ်လား၊ အဲဒီလို ထင်ထင်ရှားရှား ဖောက်ပြန်တာမျိုးကို ရည်ရွယ်တဲ့ အတွက်ကြောင့်မို့ အဲဒီလို ထင်ထင်ရှားရှား ဖောက်ပြန်တတ်တဲ့ သဘောတရားကို ရုပ်လို့ ခေါ်တယ်၊ စိတ်ကို ရုပ်လို့ မခေါ်ဘူး။

ရုပ်ကတော့ အခုမြင်နေရတာတွေပေါ့၊ ဗဟိဒ္ဓ အပသန္တာန်မှာ မြင်နေရတာတွေ ဟာ အားလုံး ရုပ်ချည်းပဲ၊ ကိုယ့်သန္တာန်မှာလည်းပဲ ခန္ဓာကိုယ်ကြီးပေါ့ ဒါ အကုန်လုံး ရုပ်တွေချည်းပဲ၊ အဲဒီခန္ဓာကိုယ် အမှီပြုနေတဲ့ စိတ်ကမှ စိတ်၊ အဲဒီ စိတ်နှင့် တွဲဖြစ်တာက စေတသိက်၊ အဲဒါကြောင့်မို့ ရုပ်ဟာ (External) လည်းပဲ ရှိနိုင်တယ်၊ (Internal) လည်းပဲ ရှိနိုင်တယ်၊ စိတ်စေတသိက်ကတော့ ကိုယ့်ခန္ဓာကိုယ် မှာပဲရှိမယ်၊ သစ်ပင်မှာ စိတ်, စေတသိက်, မရှိဘူး၊ တောတောင်တွေမှာ စိတ်

စေတသိက် မရှိဘူးပေါ့။

အဲဒီရုပ်က ၂၈–မျိုးရှိတယ်လို့ မြတ်စွာဘုရား ဟောထားတယ်၊ ရုပ် ၂၈ ပါးတဲ့၊ ဒါလဲ ခြောက်ခုမြောက် အပိုင်းကျတော့ ဒီရုပ်တွေအကြောင်းကို အကျယ် ဝေဖန်လိမ့်မယ်၊ ဒီရုပ်တွေ ဘယ်လိုခေါ်တယ်၊ ဘယ်လို (group) စုရတယ်၊ ဘာအကြောင်းတွေကြောင့် ဖြစ်လာတယ်၊ တစ်ဘဝတစ်ဘဝမှာ ဘယ်လို စဖြစ်တယ်၊ ဆုံးတော့လည်း ဘယ်လိုဆုံးတယ် ဆိုတာတွေ အကုန်လုံး ရုပ်ပိုင်းကျတော့သိရမယ်။

နောက်ဆုံးတစ်ခုက နိဗ္ဗာန်၊ နိဗ္ဗာန်လည်း မြန်မာစကားမဟုတ်ဘူး၊ ဒါဖြင့် မြန်မာစကား ဘယ်ရှိတော့လဲ၊ နိဗ္ဗာန်ဆိုတာကတော့ ချုပ်ငြိမ်းတဲ့သဘောတရား ပေါ့လေ၊ ဒီ ရာဂ, ဒေါသ, မောဟ ချုပ်ငြိမ်းတဲ့ သဘောတရား (သို့မဟုတ်) ဒုက္ခအားလုံး ချုပ်ငြိမ်းတဲ့ သဘောတရားကို နိဗ္ဗာန်လို့ ခေါ်တယ်ပေါ့၊ နိဗ္ဗာန်အကြောင်း ကတော့ ပြောဖို့ရာ တော်တော်ခက်တယ်၊ ကိုယ်ကိုယ်တိုင်လည်း မရောက်ဖူးသေး တော့ ပြောဖို့ရာ မလွယ်ဘူးပေါ့၊ ဒီ ရာဂ, ဒေါသ, မောဟ ကင်းနေတဲ့ သဘော တရားတစ်မျိုး၊ ဒုက္ခတွေ ချုပ်သွားတဲ့ သဘောတရားမျိုးကို နိဗ္ဗာန်လို့ ပြောလိုက်ရင် အားလုံးသော ပုဂ္ဂိုလ်တွေက ဘယ်လိုထင်တုန်း၊ နိဗ္ဗာန်ဟာ ရောက်စရာနေရာ တစ်ခုလိုလို, ဘုံလိုလို, ဘာလိုလို အဲသလိုပဲ ထင်,ထင်သွားတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်က ဒီဘုံဘဝထဲမှာ နေတာကို၊ ကိုယ်က ဒီဘုံဘဝ ထဲမှာနေတော့ ဒီဘုံဘဝ (background) နှင့်ပဲကြည့်မိတယ်။

ဒါကြောင့်မို့ နိဗ္ဗာန်ဟာ ချုပ်ငြိမ်းခြင်းသဘောမျှပဲလို့ ပြောလိုက်ရင် နိဗ္ဗာန် လိုချင်တဲ့သူ မရှိတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ဒါကို တွယ်တာနေတာကို, ဒီဘဝကြီးကင်းသွားတော့မယ်, ဒီဘဝကြီးနောက်ထပ် ဆက်မဖြစ်တော့ပါဘူးဆို တကယ် မလိုချင်ဘူးနော်၊ ဘယ့်နှယ်တုန်း, ရုတ်တရက်ဆိုမလိုချင်ပေဘူး၊ ဘာဖြစ် လို့တုန်းဆို ကိုယ်က ဆက်ဖြစ်နေချင်တာကိုး။

ဒီဘဝငြီးငွေ့တယ်ဆိုတာ အမှန်က ဒီဘဝထက်ကောင်းတဲ့ဘဝ ရောက်ချင်တာ၊ မင်းဘဝအားလုံး ဆုံးသွားပြီဟေ့, ရဟန္တာဖြစ်တဲ့ခါဆုံးတာမျိုးဆို မလွယ်ဘူးဟုတ်လား။

ဒါကြောင့်မို့ မြန်မာပြည်မှာ ရယ်စရာပြောတာရှိတယ်, လူတစ်ယောက်က ဘုရားရှေ့သွား,သွားပြီး နိဗ္ဗာန်ရရပါလို၏, နိဗ္ဗာန်ရရပါလို၏ ဆုတောင်းတော့ နောက်တစ်နေ့ကျ တခြားလူတစ်ယောက်က ဘုရားနောက်ကွယ်က နေပြီးတော့ "ဟေ့ မင်းကို နေ့တိုင်း ဒီလာလာပြီးတော့ ဘုရားရှိခိုးပြီး ဆုတောင်းနေတာ၊ အေး မင်း ငါ နိဗ္ဗာန်ခေါ်မယ်, နိဗ္ဗာန်အခုလိုက်ခဲ့"ဆိုတော့ "နေပါဦး တပည့်တော်

အိမ်တိုင်ပင်ပါရစေဦး” ဖြစ်သွားတယ်နော်။

နိဗ္ဗာန်လိုချင်ဖို့က မလွယ်ဘူး၊ နိဗ္ဗာန်လိုချင်ဖို့က ပထမ အခုလက်ရှိဘဝကို အပြစ်တကယ်မြင်ရမယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတရား တကယ်မြင်မှ ဝိပဿနာသဘောမျိုးနှင့်မြင်မှ အဲဒီလို တကယ်မြင်လာတဲ့ခါကျမှ ဒါတွေ ကင်းငြိမ်းတဲ့ သဘောတရား တကယ်ရှိပါလား၊ အဲဒါကို လိုချင်တဲ့ စိတ်ကလေး နည်းနည်းပေါ် ချင်ပေါ်လာတာ၊ ဘဝအနေနှင့်သာ ကြည့်နေရင် နိဗ္ဗာန်မလိုချင်ဘူး။

ဒါကြောင့် ဒီနိုင်ငံလည်း အပြောရခက်တာပဲ၊ နိဗ္ဗာန်ရရင် ဘာဖြစ်မလဲ, နိဗ္ဗာန် ရောက်ရင် မင်း ဒုက္ခအားလုံး ချုပ်သွားတာပဲဆို မကြိုက်သေးဘူး၊ ဒုက္ခဆက်ဖြစ် ချင်နေတာကိုး၊ ဒါလေး သာယာနေတာကိုး၊ နိဗ္ဗာန်သဘောတရားက ခဲယဉ်းတယ်၊ နိဗ္ဗာန်ဟာ မြတ်စွာဘုရားဟောတဲ့အတိုင်းကတော့ အမြင့်ဆုံးချမ်းသာပေါ့၊ မြတ်စွာဘုရားက ချမ်းသာအမျိုးမျိုး ဟောထားတာရှိတယ်၊ နောက်စကား စပ်တဲ့ အခါကျ ပြောအုံးမယ်၊ အဲဒီမှာ နိဗ္ဗာန်ချမ်းသာတော့ အမြင့်ဆုံးပေါ့။

အဲဒီလို အမြင့်ဆုံး ချမ်းသာကို ကိုယ်တိုင်တွေ့ရှိပြီးတဲ့ မြတ်စွာဘုရားလို ပုဂ္ဂိုလ်က ဒီကာမဂုဏ်ချမ်းသာလေးကို ဘယ်လိုလုပ် အထင်ကြီးမလဲ၊ လူတွေကျတော့ ဒါလေးပဲ အထင်ကြီးနေတာ မဟုတ်လား၊ တွယ်တာစရာလေးတွေ သဘာဝလေး တွေကို မင်း (enjoy) လုပ်ရမယ်၊ လူ့ဘဝလည်း (enjoy)လုပ်ရမယ်၊ အဲဒါမျိုးတွေပဲ သူတို့ဒီမှာ အားပေးနေတာကိုး၊ မြတ်စွာဘုရားက တကယ့်အမြင့်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ကြီးမြင်ထားမှတော့, ချမ်းသာကြီးမြင်ထားမှတော့ ဒါတွေ ဘာမှ အသုံး မကျဘူးဆိုတာ သိပ်ထင်ရှားတာပေါ့၊ အဲဒါ နိဗ္ဗာန်သဘော။

အဲဒီ နိဗ္ဗာန်ကလည်းပဲ တခြားနည်းနှင့် ခွဲလိုက်မယ်ဆိုရင် ၂ မျိုး- ၃ မျိုး စသည်ရှိသေးတယ်ပေါ့လေ၊ အဲဒီနိဗ္ဗာန်အကြောင်းကိုလည်းပဲ ဆဋ္ဌမပိုင်းမှာ နောက်ဆုံး အခန်းမှာ ပြောပြလိမ့်မယ်၊ အခုတော့ နိဗ္ဗာန်ဆိုတာဝဟာ ရာဂ, ဒေါသ, မောဟ ချုပ်ငြိမ်းတဲ့ သဘောတရား(သို့) ကျမ်းဂန်အတိုင်း ပြောမယ်ဆိုရင် ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းဖြစ်တဲ့ သဘောတရား၊ (သို့) ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ သဘောတရား၊ (သို့) ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းဖြစ်တဲ့ သဘောတရား, ဒါလောက်ပဲ သိအုံးပေါ့ ဟုတ်လား။

ဒါကြောင့်မို့ ပရမတ္ထတရား လေးပါး စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, နာမ် ရုပ်ဆိုတဲ့ အသုံးအနှုန်းရှိတယ်၊ နာမ်ရုပ်လို့ပဲပြောပြော၊ ရုပ်နာမ်လို့ပဲပြောပြော ဒီပရမတ္ထတရားလေးပါးကို နာမ်ရုပ်ထဲသွင်းလိုက်စမ်းတဲ့၊ ဘယ်သူက နာမ်,

ဘယ်သူက ရုပ်လဲ၊ စိတ်နှင့်စေတသိက်က နာမ်၊ ဒီနာမ်က နာမည်နာမ် မဟုတ်ဘူးနော်၊ mind လည်းပြောလို့ မဖြစ်သေးဘူး၊ တော်ကြာ နိဗ္ဗာန်လာဦးမယ်၊ စိတ်, စေတသိက်, နိဗ္ဗာန်က နာမ်၊ ရုပ်ကရုပ်၊ ပထမ ဒါ နားလည်ထားရမယ်၊ ပရမတ္ထတရားလေးပါးကို နာမ်ရုပ် ခွဲလိုက်ရင် စိတ်, စေတသိက် နိဗ္ဗာန်ကို ဘယ်ထဲသွင်းလဲ, နာမ်ထဲဝင်တယ်၊ ရုပ်က ရုပ်။

ကောင်းပြီ, ဦးဇင်းတို့ စကားပြောတဲ့ခါမှာ နာမ်ရုပ်, နာမ်ရုပ်လို့ စကားပြောတယ်၊ နာမ်ရုပ်ဟာ အနိစ္စ, ဒုက္ခ, အနတ္တလို့ ပြောတဲ့အခါမှာ နာမ်ဆိုတာ စိတ်နှင့်စေတသိက် ကိုပဲဆိုလိုတယ်၊ နိဗ္ဗာန်ကို မဆိုလိုဘူး၊ ဒါပေမယ်လို့ နိဗ္ဗာန်ကို ရုပ်လား၊ နာမ်လားလို့မေးရင် နိဗ္ဗာန်ဟာ နာမ်ထဲပါတယ်၊ သို့သော် စိတ် စေတသိက်မဟုတ်တဲ့ အတွက်ကြောင့်မို့ နိဗ္ဗာန်ဟာ သီးခြားတရားတစ်ခု၊ ဒါကြောင့်မို့ အင်္ဂလိပ်လို စကားပြောတဲ့အခါမှာ (Althoug it is Nama it is not mental) ဒါ အရေးကြီးတယ်၊ မဆိုင်ဘူးနော် (mental) မဟုတ်ဘူး၊ သူက နာမပဲ၊ အင်္ဂလိပ်လို ပြန်လို့မရဘူး၊

တော်ကြာကျတော့နိဗ္ဗာန်ဟာ ကိုယ့်စိတ်ထဲရှိတယ်ချည်း ထင်နေတတ် ကြတယ်၊ နိဗ္ဗာန်ဆိုတာက အာရုံပြုစရာ တရားတစ်ခု၊ ဗဟိဒ္ဓအပြင်ဘက်မှာရှိတဲ့ ကိုယ့်ခန္ဓာကိုယ်အပမှာရှိတဲ့တရားတစ်ခု၊ ကိုယ်မှာရှိတဲ့ စိတ်, စေတသိက်နှင့် နိဗ္ဗာန်ကို အာရုံပြုနိုင်တယ်။

အဲဒီတော့ နာမ ဆိုတဲ့ပုဒ်ရဲ့ အဓိပ္ပါယ်ကို ပထမ နားလည်ရမယ်၊ နာမ ဆိုတာဘာလဲ အာရုံရှိရာသို့ ညွတ်တတ်တဲ့ တရားကို နာမလို့ခေါ်တယ်၊ စိတ်ဟာ အာရုံဆီသို့ ညွတ်သွားတတ်တယ်၊ စိတ်ထဲတစ်ခုခုပေါ်လာရင် ညွတ်တယ်လို့ ဆိုတာပေါ့၊ စေတသိက်ဟာ အာရုံဘက်ဆီသို့ ညွတ်သွားတတ်တယ်၊ ဒါကြောင့်မို့ စိတ်နှင့် စေတသိက်ကို နာမ်လို့ခေါ်တယ်။

တစ်ခါ နောက်ထပ် အဓိပ္ပါယ်တစ်ခုက မိမိထံသို့ စိတ်နှင့် စေတသိက်ကို ညွတ်အောင်လုပ်တတ်ရင်လည်း နာမလို့သုံးကြတယ်၊ ဒါကြောင့်မို့ စိတ်, စေတသိက် ဟာ သူများဆီကိုလည်း သူတို့ကညွတ်တတ်တယ်၊ သူ့ဆီကိုလည်း တခြားစိတ် စေတသိက်တွေ ညွတ်အောင် လုပ်နိုင်တယ်၊ ဘာလို့လည်းဆိုတော့ စိတ်တစ်ခုက စိတ်တစ်ခုကို အာရုံပြုလို့ ရတယ်မဟုတ်လား၊ တရားထိုင်တဲ့ခါ သိပ်ထင်ရှားတယ်နော်၊ ဒါကြောင့်မို့ ဒီ (definition) နှစ်မျိုးလုံးအရစိတ်နှင့် စေတသိက်ဟာ နာမလို့ အမည်ရတယ်၊ နိဗ္ဗာန်ကျတော့ မိမိဆီသို့ ညွတ်အောင်လုပ်တတ်တယ်ဆိုတဲ့

(definition) တစ်ခုအတွက်ကြောင့်သာ နိဗ္ဗာန်ကို နာမလို့ခေါ်တာ၊ နိဗ္ဗာန်က သူများဆီကို မညွှတ်တတ်ဘူး၊ စိတ် စေတသိက်က နိဗ္ဗာန်ဆီကို ညွှတ်တတ်တယ်၊ စိတ် စေတသိက်ကို ကိုယ့်ဆီညွှတ်အောင် လုပ်သလို ဖြစ်တယ်၊ ဒါကြောင့်မို့ နိဗ္ဗာန်ကို နာမလို့ခေါ်တာ၊ နားလည်ပြီနော်၊ စိတ်စေတသိက်ကို နာမလို့ခေါ်တာ ဘာကြောင့်တုန်း၊ အာရုံသို့ ညွှတ်တတ်သောကြောင့်, ပြီးတော့ တခြားစိတ်စေတသိက်ကို မိမိသို့ ညွှတ်စေတတ်သောကြောင့် အကြောင်းနှစ်မျိုးဖြင့် နာမခေါ်တယ်။

နိဗ္ဗာန်ကို နာမခေါ်တာကျတော့ အကြောင်းတစ်မျိုးတည်းဖြင့် ခေါ်တယ်၊ မိမိထံသို့ စိတ်စေတသိက်တို့ကို ညွှတ်စေတတ်သောကြောင့်, ရှင်းပြီနော်၊ အဲဒါ အရေးကြီးတယ်၊ နိဗ္ဗာန်ဟာ ရုပ်လား, နာမ်လား၊ မေးရင် နာမ်ထဲမှာပါတယ်လို့ပြောရမယ်၊ ဒါပေမယ်လို့ အဲဒီနာမ်ဟာ စိတ်စေတသိက်နာမ် မဟုတ်ဘူး၊ သီးခြား တရားတစ်ခု၊ အဲဒါ အရေးကြီးတယ်၊ တော်ကြာကျတော့ နိဗ္ဗာန်ဟာ ရုပ်လိုလို, နာမ်လိုလို၊ နာမ်ဖြစ်ပြန်တော့လည်းခုနလို စိတ်ထဲရှိသလားတို့ ဘာတို့ တချို့ကလည်း မေးတတ်ကြတယ်။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်လေးမျိုးရှိရာမှာ စိတ်, စေတသိက်, နိဗ္ဗာန်သည် နာမ်, ရုပ်သည်ရုပ်၊ တစ်ခါ စိတ်စေတသိက် နိဗ္ဗာန်ဟာ နာမ်လို့ပြောသော်လည်းပဲ စိတ်စေတသိက်နာမ်နှင့် နိဗ္ဗာန်နာမ်သည် မတူဘူး၊ နိဗ္ဗာန်မှာ စိတ်စေတသိက် မရှိဘူး၊ တခြား သီးခြား သူ့ဟာသူနေတာ၊ သို့သော် စိတ်စေတသိက်က နိဗ္ဗာန်ကို အာရုံပြုနိုင်တယ်၊ နိဗ္ဗာန်သည် အာရုံ၊ စိတ်စေတသိက်က သူ့ကို အာရုံပြုတတ်တဲ့ တရား၊ အဲလို အနေနှင့်သာသွားမှာ။

ဒါကြောင့်မို့ ဒီနေ့ ပရမတ္ထတရားလေးပါး နားလည်သွားပြီဆိုပါတော့ ကိုင်း–အားလုံး ပြန်ပေါင်းလိုက်စမ်း, ပထမပြောတာဘာတုန်း သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာနှစ်မျိုး၊ သမ္မုတိသစ္စာကို ဘာလို့ ခေါ်နိုင်သေးတုန်း၊ ပညတ်လို့လဲ ခေါ်နိုင်သေးတယ်၊ ဝေါဟာရလို့လည်းခေါ်တယ်၊ ဝေါဟာရပညတ် သမ္မုတိသစ္စာ ဒါ အတူတူပဲ၊ အဲဒီ သမ္မုတိသစ္စာ (သို့)ပညတ်က ဘယ်နှစ်မျိုးရှိတုန်း (broadly speaking) နာမပညတ်ရယ်, အတ္ထပညတ်ရယ် (Name ရယ် things ရယ်) ပရမတ္ထ သစ္စာက ဘယ်နှစ်မျိုးရှိလဲ လေးမျိုးရှိတယ်၊ ပရမတ်တရား လေးမျိုးရှိတယ်။

ဘာကြောင့် ပရမတ်တရားလို့ခေါ်လဲ၊ မဖောက်မပြန် မှန်ကန်တည့်မတ်သောကြောင့်၊ မှန်ကန်တည့်မတ်တယ်ဆိုတော့ ဒါရှိတယ်ဆို တကယ့်ကိုရှိတယ် မရှိတာ မဟုတ်တာ၊ ပရမတ်တရားလေးမျိုးရှိတယ်၊ စိတ်, စေတသိက်, ရုပ်

နိဗ္ဗာန်။

- စိတ်ဆိုတာ ဘယ်လိုသဘောတရားရှိလဲ၊ အာရုံကိုသိခြင်းမျှ သဘောတရား။
- စေတသိက်ဆိုတာဘာလဲ၊ စိတ်ကိုမှီ၍ စိတ်နှင့်ဖြစ်တတ်သောတရား။
- ရုပ်ဆိုတာ ဘာတုန်း၊ အချမ်းအပူစသည့်ကြောင့် ဖောက်ပြန်တတ်သော သဘောတရား၊
- နိဗ္ဗာန်ကတော့ကော ရာဂ, ဒေါသ, မောဟ, ချုပ်ငြိမ်းရာ သဘောတရား

ကိုင်း-အဲဒီတော့ အဘိဓမ္မာပိဋကတ်မှာ ဒီလေးပါးကိုပဲ နာမည်အမျိုးမျိုးနှင့် နည်းအမျိုးမျိုးနှင့် ဝေဖန်ပြီးတော့ မြတ်စွာဘုရားဟောတယ်၊ ဦးဇင်းတို့က ဒါကိုပဲ လိုက်ရမှာ။

စိတ်, စေ, ရုပ် နိဗ္ဗာန်တွေကို တကယ်ကျကျနန သိဖို့နားလည်ဖို့ဆိုရင် တရားလည်းပဲထိုင်ရမယ်၊ တရားထိုင်ပြီးတော့သိမှ အဘိဓမ္မာဟာ တကယ်သိတယ်လို့ ဆိုရတယ်၊ ဒါကြောင့်မို့ အဘိဓမ္မာ (Knowledge) အဘိဓမ္မာ ဗဟုသုတနှင့် တရားဗဟုသုတ တွဲသွားရမယ်၊ အဘိဓမ္မာဗဟုသုတ ရှိထားတဲ့အတွက်ကြောင့်မို့ တရားထိုင်တဲ့ခါကျတော့ ပိုပြီးတော့ နားလည်နိုင်တယ်၊ ကိုယ်က ဗဟုသုတ ရှိထားပြီးသားဖြစ်တော့ တွေ့ကြုံလာတဲ့ခါကျတော့ ဆရာက အထူးပြောနေစရာ မလိုတော့ဘူး၊ ကိုယ့်ဟာကိုယ် သိသွားပြီ။

တရားထိုင်ရင်း သိသွားတဲ့ သိထားတဲ့အသိက တကယ်လေးလေး နက်နက် ဖြစ်တယ်၊ အဘိဓမ္မာပြန်တွေ့တယ်၊ ခုန စိတ်သဘောတရား၊ စေတသိက်သဘော တရား၊ ကုက္ကုစ္စ သဘောတရားတို့ဘာတို့,တော်ကြာ တရားထိုင်တဲ့ အခါကျတော့ ပေါ်တယ်၊ အဲဒီကျတော့ တကယ်လည်း မြင်လာတယ်၊ အဲဒီခါကျမှ အမှန်က ကိုယ့်ရဲ့ အသိဉာဏ်ဟာ ပြည့်စုံသွားတာ စာနဲ့မှတ်ထားတဲ့ အသိဟာ တစ်ခါတလေ ပြည့်စုံသေးတာ မဟုတ်ဘူး၊ အမျိုးမျိုးတွေ တော်ကြာကျတော့တွေ့မယ်၊ တရားအား ထုတ်လာရင် မြင်လာတာ၊ အဲဒီလို မြင်လာမိတော့ မြတ်စွာဘုရားကတော့ ဟောတာနော်၊ ကိုယ်ကတော့ ဘုရားဟောတာ အရင်သိပြီးတော့မှ တရားထိုင်ကြ တာကိုး၊ မြတ်စွာဘုရားကတော့ တရားထိုင် ဒါတွေသိပြီးမှ ဟောတယ်၊ ဒါကြောင့်မို့ ပရမတ် သဘောတရားဆိုတာ ကိုယ်တိုင်မြင်တွေ့နိုင်တဲ့ တရားမျိုး၊ သူများတစ်ဆင့် ကြားနှင့် လက်ခံရမယ့်တရားမျိုး မဟုတ်ဘူး၊ တစ်ဆင့်ကြားနှင့် ယုံကြည်ရမယ့် တရားမျိုး မဟုတ်ဘူး။

အဲဒီတော့ အရိယာတွေကျတော့ (အရိယာဆို ရဟန္တာတွေထိအောင်ပါသွားပြီ) ကိုယ်တိုင်တွေ့ပြီးသား, ကိုယ်တိုင်မြင်ပြီးသားဖြစ်နေပြီ၊ ဒါကြောင့်မို့ ရဟန္တာကို ဘယ်လိုခေါ်လဲ၊ သူတစ်ပါးအပေါ်မှာ ယုံကြည်မှုမရှိတဲ့ ပုဂ္ဂိုလ်အနေနှင့် မြတ်စွာဘုရား ဟောထားတာရှိတယ်၊ အသဒ္ဓတဲ့, သိပ်ရယ်ရတယ်နော်၊ သူများ ယုံကြည်မှုမရှိဘူး ဆိုတာ သူများစကားနှင့် ယုံစရာမလိုတော့ဘူး၊ ကိုယ်တိုင်တွေ့ထားတာ၊ ဆန်ဖရန် စခွကို ရောက်ဖူးပြီးသား ပုဂ္ဂိုလ်က သူများတစ်ဆင့်ပြောတာ ယုံစရာမလိုတော့ဘူးပေါ့၊ ကိုယ်ကိုယ်တိုင်သိနေပြီပဲ၊ ဘယ်နှားဘာရှိတယ်၊ ဒီအဆောက်အဦးကြီးက ဘာပဲညာပဲ။

အဲဒီလိုပဲ, ဘုရားရဟန္တာအရိယာတို့ဟာ ကိုယ်တိုင်သိပြီးသားဖြစ်တော့ သူများကို ယုံစရာမလိုဘူး၊ ဒါကြောင့်မို့ ယုံကြည်စရာမလိုတဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီထိအောင် ဒီကလူတွေကလည်း ရည်မှန်းရမှာပေါ့လေ၊ ဒီဘဝမှာ ပါရမီမပြည့်သေးလို့ အဲဒီအဆင့် မရောက်ရင် နောက်ဘဝ နောက်ဘဝ နောက်ဘဝတွေရောက်အောင်၊ သို့သော် ပါရမီကိုတော့ တွက်မနေနှင့်တဲ့၊ မဟာစည်ဆရာတော်က ပြောတယ်၊ မင်း နဂိုက ပါရမီမရှိသေးရင်လည်း အခု အားထုတ်တာ ပါရမီဖြစ်လိမ့်မယ်၊ နဂိုက ပါရမီ ပါလာရင်လည်း အခုပေါက်လိမ့်မယ်၊ ပါရမီရှိမရှိ မသိလို့ အားမထုတ်ဘူးဆိုရင် မင်းဘယ်တော့မှမရဘူး၊ ကောင်းပြီ, ဒီနေ့ဒါပေါ့၊ နိဒါန်းပဲရှိသေးတယ်၊ အဘိဓမ္မာကို မရောက်သေးဘူး၊ ဟာန်ကျပန်ကျလေး ဖြစ်စေချင်တယ်လေ၊ အခြေခံကနေ ပြီးသွား ရတာ ဟို ပထမနေ့ကတော့ (Historical background) ပါပဲ၊ ရှေ့အပတ်ကျတော့ စိတ်လုပ်တော့မယ်၊ အကုသိုလ်စိတ်၊ ဖတ်လည်းဖတ်ထားပေါ့ ထပ်ဖတ်အုံးပေါ့၊ ဟုတ်လား၊ လူဘယ်နှစ်ယောက်လာလာ တစ်ယောက်လာရင် ဒီကတော့ လုပ်တော့ မှာပဲ။

## အကုသိုလ်စိတ် ၁၂ - ပါး

### လောဘမူစိတ် ၈ - ပါး

| | | | | |
|---|---|---|---|---|
| ၁။ | သောမနဿ-သဟဂတ | ဒိဋ္ဌိဂတ-သမ္ပယုတ္တ | အသင်္ခါရိက စိတ်။ | (၁) |
| ၂။ | ။ | ။ | သသင်္ခါရိက စိတ်။ | (၂) |
| ၃။ | ။ | ဒိဋ္ဌိဂတ-ဝိပ္ပယုတ္တ | အသင်္ခါရိက စိတ်။ | (၃) |
| ၄။ | ။ | ။ | သသင်္ခါရိက စိတ်။ | (၄) |
| ၅။ | ဥပေက္ခာ-သဟဂတ | ဒိဋ္ဌိဂတ-သမ္ပယုတ္တ | အသင်္ခါရိက စိတ်။ | (၅) |
| ၆။ | ။ | ။ | သသင်္ခါရိက စိတ်။ | (၆) |
| ၇။ | ။ | ဒိဋ္ဌိဂတ-ဝိပ္ပယုတ္တ | အသင်္ခါရိက စိတ်။ | (၇) |
| ၈။ | ။ | ။ | သသင်္ခါရိက စိတ်။ | (၈) |

### ဒေါသမူစိတ် ၂-ပါး

| | | | | |
|---|---|---|---|---|
| ၁။ | ဒေါမနဿ-သဟဂတ | ပဋိဃသမ္ပယုတ္တ | အသင်္ခါရိက စိတ်။ | (၉) |
| ၂။ | ။ | ။ | သသင်္ခါရိက စိတ်။ | (၁၀) |

### မောဟမူစိတ် ၂-ပါး

| | | | |
|---|---|---|---|
| ၁။ | ဥပေက္ခာ-သဟဂတ | ဝိစိကိစ္ဆာ-သမ္ပယုတ္တ စိတ်။ | (၁၁) |
| ၂။ | ။ | ဥဒ္ဓစ္စ-သမ္ပယုတ္တ စိတ်။ | (၁၂) |

| | | |
|---|---|---|
| သောမနဿ | - | ဝမ်းမြောက်ခြင်း၊ |
| သဟဂတ | - | တကွဖြစ်၊ |
| ဒိဋ္ဌိဂတ | - | မှားသောအယူ၊ |
| သမ္ပယုတ္တ | - | ယှဉ်၊ |
| အသင်္ခါရိက | - | တိုက်တွန်းခြင်းမရှိ၊ |
| သသင်္ခါရိက | - | တိုက်တွန်းခြင်းရှိ၊ |
| ဝိပ္ပယုတ္တ | - | မယှဉ်၊ |
| ဥပေက္ခာ | - | အလယ်အလတ်ခံစားမှု၊ |
| ဒေါမနဿ | - | စိတ်ပျက်စီးခြင်း၊ |
| ပဋိဃ | - | ပြစ်မှားခြင်း၊ |
| ဝိစိကိစ္ဆာ | - | ယုံမှားခြင်း၊ |
| ဥဒ္ဓစ္စ | - | ပျံ့လွင့်ခြင်း၊ |
| မူလ | - | အမြစ်, အကြောင်း၊ |

# အဘိဓမ္မာသင်တန်း (၃)

## စိတ်ပိုင်း (၃)

### အကုသိုလ်စိတ် ၁၂-ပါး

ဒီနေ့ ဩဂုတ်လ ၁၈-ရက်၊ လွန်ခဲ့တဲ့ အပတ်က ပျက်သွားတော့ တတိယ အပတ်ပေါ့၊

ပထမအကြိမ်တုန်းက အဘိဓမ္မာရဲ့ အခြေခံအနေနှင့် သမိုင်းကြောင်းလေး ပြောပြခဲ့တယ်၊ အဲဒီနောက် ဒုတိယအကြိမ်မှာ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ နှစ်ပါးအကြောင်း ပြောခဲ့တယ်၊ သမ္မုတိသစ္စာဆိုတာ အကျဉ်းအားဖြင့်တော့ လောက ပြောဆိုသုံးစွဲနေတဲ့ ဝေါဟာရကို သမ္မုတိသစ္စာလို့ခေါ်တယ်။

ပရမတ္ထသစ္စာဆိုတာကတော့ တကယ့်အထင်အရှားရှိတဲ့ တရားကို ဆိုလိုတဲ့ စကားလုံးတွေပေါ့လေ၊ ပညတ်နှင့်ပရမတ် ခန္ဓာတို့, အာယတနတို့, ဓာတ်တို့, သစ္စာတို့, စိတ်တို့ စေတသိက်တို့ဆိုတဲ့ အသုံးအနှုန်းတွေပေါ့လေ အဲလို အသုံး အနှုန်းတွေကို ပရမတ္ထသစ္စာ၊ အမှန်ကတော့ အဲဒီ အသုံးအနှုန်းတွေက ကိုယ်စားပြုတဲ့ တကယ့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်လို့ဆိုတဲ့ တရားတွေကို ပရမတ္ထသစ္စာလို့ ခေါ်တယ်။

အဲဒီပရမတ္ထသစ္စာမှာလဲပဲ ဒီပရမတ္ထတရားက လေးမျိုးရှိတယ်၊ ပရမတ်ဆိုတာ **မဖောက်မပြန်, မှန်ကန်တည့်မတ်, ဂုဏ်သကတ်, အမြတ်ဟူ၍**ခေါ်ဆိုတဲ့ လင်္ကာလေး

ရှိတယ်၊ မဖောက်မပြန်တတ်တဲ့ သဘောတရား၊ ဒီသဘောတရားဟာ အာရုံသို့ ညွတ်တတ်တဲ့ လက္ခဏာတရားရှိတယ်ဆိုရင် တကယ့်ကို အာရုံသို့ ညွတ်တတ်တဲ့ လက္ခဏာရှိတယ်၊ တခြားတစ်နည်းအားဖြင့်မဖြစ်ဘူး၊ အဲဒါကို ပရမတ္ထ, မဖောက်မပြန်ဘူးလို့ ဆိုတာပေါ့လေ၊ ပြောတဲ့အတိုင်းမှန်တာ။

မြတ်စွာဘုရားက စိတ်ဆိုတာရှိတယ်, စေတသိက်ဆိုတာရှိတယ်, စိတ်ဆိုတာ အာရုံဆီသို့ ညွတ်ပြီးတော့သွားတတ်တဲ့ သဘောတရားမျိုး, စေတသိက်ဆိုတာက စိတ်နှင့်အတူတကွဖြစ်တတ်နေတဲ့ သဘောတရားမျိုးလို့ ဒီလိုပြောလိုက်ရင်၊ ပြောတဲ့အတိုင်း ဟုတ်နေတာ၊ တကယ်ထင်ရှားရှိနေတာ၊ အဲဒါကို ပရမတ္ထတရားလို့ခေါ်တာ၊

ခေတ်စကားနှင့် ပြောမယ်ဆိုရင် (ရေနှင့် $H_2O$ )နှင့် နှိုင်းဆကြည့်၊ ရေလို့ ပြောရင် သမ္မုတိသစ္စာနယ်က ပြောတဲ့ အသုံးအနှုန်း (Lab) ထဲ ရောက်သွားတဲ့ အခါ (Chemist) က $H_2O$ လို့ ခေါ်လိမ့်မယ်၊ ရေကို $H_2O$ လို့ခေါ်တာက တကယ့်ရေမှာပါတဲ့ဓာတ်တွေ ခြပ်စင်ခေါ်လား ဘာလား မသိပါဘူး၊(Element) ရေမှာပါတဲ့ဟာတွေနှင့် သူက လောကဓာတ်ပညာ အသုံးအနှုန်းတွေ ပြောတာ။

ထို့အတူပဲ လူပဲ, နတ်ပဲ,တိရစ္ဆာန်ပဲ, ယောကျ်ားပဲ, မိန်းမပဲ, ပုဂ္ဂိုလ်ပဲ, သတ္တဝါပဲလို့ ပြောတာက လောကက လက်ခံထားတဲ့စကားအနေနှင့် ပြောတာ၊ သမ္မုတိသစ္စာနယ် အနေနှင့်ပြောတာ။

ပရမတ္ထသစ္စာနယ်ကနေ ပြောတော့မယ်ဆိုတော့ ရုပ်နာမ်ပဲ, ခန္ဓာငါးပါးပဲ, အာယတန ၁၂–ပါးပဲစသည်ဖြင့် အဲဒါ ပရမတ္ထသစ္စာခေါ်တယ်။

အဲဒီလို မဖောက်မပြန်ပဲနှင့် အထင်အရှားရှိတဲ့တရား ဘယ်နှစ်မျိုးရှိသလဲဆိုရင် ဦးဇင်းတို့ အဘိဓမ္မာ ပိဋကတ်အရ ၄– မျိုးရှိတယ်၊ ၄–မျိုးက ဘာတုန်းဆိုရင် စိတ်ရယ်, စေတသိက်ရယ်, ရုပ်ရယ်, နိဗ္ဗာန်ရယ်လို့ ၄–မျိုးရှိတယ်၊ ဒီ၄–မျိုးက တကယ်ရှိတဲ့တရား၊ ခုန (Chemistry) မှာ (Element) တွေလိုပေါ့လေ၊ တကယ်ရှိတဲ့ တရား။

အဲဒီထဲမှာ စိတ်ဆိုတာကို ကနေ့လေ့လာကြရအောင်၊ စိတ်ရဲ့ သဘောတရားက အာရုံသို့ ညွတ်တတ်တဲ့ သဘောတရား၊ အာရုံကို သိတတ်တဲ့ သဘောတရားကို စိတ်လို့ခေါ်တယ်။

အာရုံကို သိတယ်ဆိုရာမှာ ဉာဏ်သိ သိတာမျိုး မဟုတ်ဘူး၊ သညာသိ သိတာမျိုး မဟုတ်ဘူး, ဝိညာဉ်သိ သိတာ။

ဝိညာဉ်သိ သိတယ်ဆိုတာ အမှန်ကတော့ အင်္ဂလိပ်လိုပြောရင် (aware-

ness) (Just the bare awareness ) awareness ကလည်းပဲ တရားထိုင်တဲ့အခါ (awareness) က တစ်မျိုး၊ အာရုံရှိတယ်ဆိုတာကို သိနေရုံလေး သိနေတဲ့ (awareness) တစ်မျိုး၊ မော်တော်ကားမောင်းသွားတယ်၊ ဘေးကမော်တော်ကား မောင်းသွားတာလည်းသိတယ်၊ ဒါ aware ဖြစ်နေတာ အဲဒီလိုဟာမျိုး အာရုံပဲလို့ သိတာမျိုးကို ဒီမှာ သိတယ်လို့ ဆိုရတယ်။

ဉာဏ်အနေနှင့်သိတာမျိုး သညာအနေနှင့်မှတ်ပြီး သိတာမျိုး မဟုတ်ဘူး၊ အာရုံနှင့် ဒီစိတ်နှင့် ဆက်သွယ်မှုလေးကို acknowledge လုပ်လိုက်တဲ့ အနေမျိုးပေါ့၊ အဲဒီလို (bare awareness of the object ကို စိတ်လို့ခေါ်တယ်။

စိတ်ဆိုတာ ပါဠိစကားကလာတာ, မြန်မာစကား မဟုတ်ဘူး၊ မြန်မာတွေက စိတ်, စိတ်နှင့်ပြောနေကြတော့ မြန်မာစကား ထင်နေတာ၊ စိတ်ဆိုတာ ပါဠိစကား စိတ္တက လာတာ၊ စိတ္တကို တ–ဝမ်းပူလေးဖြုတ် အသတ်လေးထည့်ပြီးတော့ စိတ်ဖြစ်တာ။

စိတ်ဘာလဲမေးရင် ဖြေဖို့ခဲယဉ်းတယ်၊ စိတ်ဆိုတာ အာရုံကိုသိတတ်တဲ့ သဘောတရားမျိုး၊ အာရုံရှိတယ် aware ဖြစ်နေတာမျိုးကို စိတ်သဘောတရား, စိတ်လို့ခေါ်တယ်၊ အဲဒီလို အာရုံကို သိတတ်တဲ့ သဘောတရားမျိုးကို စိတ်လို့ ခေါ်တယ်လို့ ပြောသဖြင့် စိတ်သည် ဘယ်တော့မှ အာရုံနှင့် ကင်းလို့ မဖြစ်နိုင်ဘူးဆိုတာ မှတ်ရမယ်။

စိတ်ကို စိတ်အတိုင်းထား ဘာညာနှင့် ပြောလေ့ရှိတယ်၊ ဇင်ဂိုဏ်းမှာလဲပဲ ဒါမျိုးခပ်ဆန်ဆန် ပြောတယ်၊ ဦးဇင်းတို့ အဘိဓမ္မာသဘောအရ စိတ်, စိတ်အတိုင်း ထားလို့ရကိုမရဘူး၊ စိတ်ဟာ အာရုံမရှိပဲ ဖြစ်ကိုမဖြစ်ဘူး၊ အာရုံဟာ တစ်ခါတလေ ထင်ရှားတဲ့အာရုံ တစ်ခါတလေ မထင်ရှားတဲ့အာရုံ, အိပ်ပျော်နေတယ်၊ တကယ့်ကို အိပ်ပျော်နေတယ်၊ အိပ်မက်တွေ ဘာတွေမပါပဲနှင့် တကယ့်ကို ထိထိမိမိ အိပ်ပျော်နေတဲ့အခါမှာတောင်မှ အဲဒီစိတ်မှာ အာရုံရှိတယ်။

အဲဒီအာရုံကတော့ ကိုယ် ပဋိသန္ဓေနေတုန်းက ယူခဲ့တဲ့ အာရုံမျိုးပဲ၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်လို့ ခေါ်တယ်၊ ဒါနောက်တော့ တဖြည်းဖြည်းတော့ နားလည်သွားလိမ့်မယ်၊ အဲဒီလို အိပ်နေတုန်းတောင်မှ တကယ့်ကို အိပ်ပျော်နေတဲ့ အခါမှာတောင်မှ အာရုံဆိုတာ ရှိရတယ်၊ အာရုံကို မှီတွယ်ပြီးတော့ စိတ်က ဖြစ်တာ၊ အာရုံမရှိပဲနှင့် စိတ်မပေါ်နိုင်ဘူး။

ဒါကြောင့်မို့လို့ စိတ်ဆိုတာ အာရုံကို သိတတ်တဲ့ သဘောတရား၊ အခု

လူတွေ အားလုံးပေါ့လေ၊ သတ္တဝါတွေ အနေနှင့် စိတ်, စိတ်လို့ခေါ်နေတာဟာ ဦးဇင်းတို့အဘိဓမ္မာအရ ပြောရမယ်ဆိုရင် စိတ်နှင့်စေတသိက် နှစ်ခုကို တစ်ခုထဲ လုပ်ပြီးတော့ ပြောနေကြတယ်၊ နေ့စဉ်သုံး စကားမှာလည်းပဲ ခွဲသုံးလို့ မလွယ်ဘူး၊ ဒါကြောင့်မို့ စိတ်ကောင်းတယ်, စိတ်မကောင်းဘူး, စိတ်ဆိုးတယ်, စိတ်ညစ်တယ်, စသည်ဖြင့် ပြောနေကြတယ်။

အမှန်ကတော့ ဒါတွေဟာ စိတ်နှင့်စေတသိက် နှစ်ခုတွဲတွေချည်းပဲ၊ ဘာကြောင့်လဲ? စိတ်ဟာ စေတသိက်နှင့် ကင်းလို့ မဖြစ်ဘူး၊ စေတသိက်ဟာလည်းပဲ စိတ်နှင့်ကင်းပြီးတော့ မဖြစ်ဘူး၊ စိတ်ပေါ်လိုက်တာနှင့် တစ်ပြိုင်နက် စေတသိက က လည်းပေါ်တာ၊ စေတသိက်ဟာ စိတ်မပါပဲနှင့် မဖြစ်နိုင်ဘူး၊ ဒါကြောင့်မို့ စိတ်, စိတ်နှင့် ပြောနေတာဟာ အမှန်ကတော့ စိတ်နှင့် စေတသိက်ကို မကွဲမပြားပဲနှင့် ပြောနေ ကြတာ။

နေ့စဉ်သုံး စကားမှာ ဒီအတိုင်းပဲသုံးတယ်၊ အဲဒီစိတ်ဟာ ဦးဇင်းတို့ရဲ့ သန္တာန်မှာ ဟိုနေရာကို အမှီပြုပြီးတော့ဖြစ်တယ်, ဒီနေရာကို အမှီပြုပြီးတော့ဖြစ်တယ် စသည်ဖြင့် အမျိုးမျိုးဖြစ်တယ်၊ မျက်လုံးကို အမှီပြုပြီးတော့ဖြစ်တယ်၊ မျက်လုံးထဲမှာ အကြည်ဓာတ်ဆိုတာလေးရှိတယ်၊ မျက်လုံးကြီး တစ်လုံးလုံး မဟုတ်ဘူး၊ မျက်လုံးမှာ အရိပ်ထင်တဲ့နေရာပေါ့လေ၊ အခုခေတ်စကားနှင့်ဆို (Retina)လို နေရာမျိုးပေါ့ နားထဲမှာလည်းပဲ အသံက (vibration)သွားထိတဲ့ နေရာရှိတယ်၊ ပါဠိလိုကျတော့ ပသာဒလို့ခေါ်တယ်၊ အဲဒါကို အဲလိုဟာမျိုးကို အမှီပြုပြီးတော့ စိတ်တွေဟာ အမျိုးမျိုးဖြစ်တယ်။

ပြီးတော့ နှလုံး၊ ဦးဇင်းတို့အဘိဓမ္မာအရကတော့ (heart) နှလုံးကို ဟဒယဝတ္ထုလို့ခေါ်တယ်၊ ဟဒယဝတ္ထုကိုအမှီပြုပြီးတော့လည်းပဲ စိတ်တွေ အများကြီးဖြစ်တယ်၊ အဲဒီစိတ်တွေဟာ ခုနပြောတဲ့ စေတသိက်တွေနှင့် တွဲတွဲ, တွဲတွဲပြီးတော့ ဖြစ်တော့ ကောင်းတဲ့ စေတသိက်တွေနှင့်လည်း တွဲတယ်၊ မကောင်းတဲ့ စေတသိက် တွေနှင့်လည်းတွဲတယ်၊ ပြီးတော့ (Neutral) ဖြစ်တဲ့ စေတသိက်တွေလည်းရှိတယ်၊ (Neutral) အသာထားလိုက်၊ ကောင်းတဲ့စေတသိက်တွေနှင့် တွဲဖြစ်နေတဲ့ခါ ဒီစိတ်ကို ကောင်းတဲ့စိတ်လို့ ခေါ်တာ၊ ကုသိုလ်စိတ်ပေါ့၊ မကောင်းတဲ့ စေတသိက်နှင့် တွဲဖြစ်တဲ့အခါကျတော့ သူ့ကို အကုသိုလ်စိတ် မကောင်းတဲ့စိတ်လို့ခေါ်တာ။

စိတ်ဟာ မူလပင်ကိုယ်သဘောအားဖြင့်တော့ (colourless) ပေါ့၊ ရေလိုပေါ့၊ သူက ဖြူစင်သန့်ရှင်းနေတဲ့ သဘောရှိတယ်၊ မကောင်းတဲ့ စေတသိက်နှင့်

တွဲလိုက်ရင် (ဆိုပါတော့) နီတဲ့ အရောင်ထည့်လိုက်, ရေဟာ နီတဲ့ရေ ဖြစ်သွားပြီ၊ စိမ်းတဲ့အရောင်ထည့်လိုက်, စိမ်းတဲ့ရေဖြစ်သွားပြီ၊ ထို့အတူပဲ၊ နဂိုက သူ့ဟာသူ သန့်ရှင်းနေတဲ့စိတ်ဟာ ကောင်းတဲ့စေတသိက်တွေနှင့်တွဲမိတဲ့ခါကျတော့ ကောင်းတဲ့ စိတ်၊ မကောင်းတဲ့စေတသိက်တွေနှင့် တွဲမိတဲ့အခါကျတော့မကောင်းတဲ့စိတ်, ဒီလို ခေါ်ရတယ်။

အဲဒီစိတ်ဟာ ဦးဇင်းတို့ ဗုဒ္ဓအဘိဓမ္မာမှာ ၈၉(သို့)၁၂၁–မျိုးရှိတယ်၊ အဲဒါ ကြောင့်မို့ ဘုန်းကြီးတို့မှာ စိတ်တစ်ခု ယုတ် ၉၀–လို့ဆိုတယ်၊ အကျယ် ၁၂၁– ပါး၊ စိတ်တွေကိုလဲ တစ်ပါးနှစ်ပါးလို့ ခေါ်တယ်၊ စိတ်တစ်ခုယုတ် ၉၀ ဆိုတာ ကြားဘူးကြလား၊ အဲဒီမှာ ယ တစ်ချောင်းငင် တသတ်ယုတ်၊ စိတ်တစ်ခု ရုပ်က ၉၀–လို့ ထင်ထင်သွားတတ် ကြတယ်၊ မလုပ်နှင့်, မမှတ်နှင့်, အဲဒါ တစ်ခုယုတ်ဆိုတာ တစ်ခုလျော့နေတာကို ပြောတာ၊ ၉၀–တစ်ခုလျော့တယ်ဆို ဘယ်လောက်တုန်း၊ ၈၉–ပေါ့, ဒါ ပါဠိနောက်လိုက်တာ၊ ပါဠိမှာ ၈၉–မရှိဘူး၊ ၈၉–ဆို တစ်ခုယုတ် ၉၀–လို့ ခေါ်လိုက်တာ၊ ၂၉–ဆိုရင် တစ်ခုယုတ် ၃၀ လို့ ခေါ်လိုက်တာ၊ ဒါ ပါဠိမှာ ဂဏန်းရေတွက်တဲ့ခါကျတော့ အဲသလိုရေတွက်ရတယ်၊ ဆိုပါတော့ ၂၀– ကို ပါဠိလို ဝီသတိလို့ခေါ်တယ်၊ ၁၀–ကို ဒသလို့ခေါ်တယ်၊ ၉–ကို နဝလို့ ခေါ်တယ်၊ ၁၉–ကျတော့ နဝဒသလို့ မခေါ်ဘူး၊ ဧကူနဝီသတိလို့ ဒီလိုသုံးတယ်၊ ဧကဆိုတာ ၁, ဦနဆိုတာ လျော့နေတာ ဝီသတိဆိုတာ–၂၀၊ တစ်ခုလျော့နေတဲ့ –၂၀ (twenty less one) အဲဒါပဲ, တစ်ခုယုတ် လျော့ကို ယုတ်နေတယ်လို့ သုံးတယ်၊ စိတ်တစ်ခု ယုတ် ၉၀–ဆိုတာ အဲဒါပေါ့နော်၊ တစ်ခုယုတ်သော ၉၀– (ဝါ) ၈၉။

ဒါကြောင့်မို့ စိတ်အမျိုးပေါင်း ၈၉–မျိုးရှိတယ်၊ (သို့မဟုတ်) အကျယ် နည်းနည်းလေး ချဲ့လိုက်မယ်ဆိုရင် ၁၂၁–မျိုးတောင် ရှိတယ်လို့အဘိဓမ္မာ ပိဋကတ်မှာ ဟောထားတယ်၊ အဲဒီစိတ်တွေကို အသေးစိပ် ဦးဇင်းတို့ လေ့လာရမယ်၊ ဒါလောက် များတာချည်း တစ်နေ့ထဲ ဘယ်ပြီးမလဲ၊ အဲဒီစိတ်တွေဟာ ဘုံအားဖြင့် ပထမခွဲလိုက်ရင် ၃၁–ဘုံရှိတယ်၊ ၃၁–ဘုံကို အကျဉ်းခွဲလိုက်မယ်ဆိုရင် ကာမာဝစရဘုံတဲ့ ငရဲတို့ တိရစ္ဆာန်တို့, ပြိတ္တာတို့, အသူရကာယ်တို့, နတ်တို့, လူတို့ပေါ့၊ သူတို့ကို ကာမာ ဝစရဘုံ, နောက်တစ်ခုက ရူပါဝစရဘုံတဲ့၊ ဒါကျတော့ ဗြဟ္မာတွေ ရုပ်ရှိတဲ့ဗြဟ္မာတွေ၊ မြတ်စွာဘုရားကို တရားဟောဖို့ လာတောင်းပန်တဲ့ သဟမ္ပတိ ဗြဟ္မာကြီးဆိုတာ အဲဒီ ဗြဟ္မာဘုံကပေါ့၊ နောက်တစ်ခုကတော့ အရူပါဝစရဘုံ၊ သူကတော့ နာမ်ချည်းရှိတဲ့

ဘုံတဲ့၊ အဲဒီမှာ ရုပ်မရှိဘူးတဲ့၊ စိတ်နှင့် စေတသိက်ချည်း ဖြစ်နေမယ်၊ ခန္ဓာကိုယ်ကြီး မရှိဘူး၊ အဲဒါတွေက ဆန်းတယ်။

အဲဒီတော့ ကာမာဝစရဘုံမှာများသောအားဖြင့် ဖြစ်တတ်တဲ့စိတ်က တစ်မျိုး၊ ရူပါဝစရမှာ များသောအားဖြင့် ဖြစ်တတ်တဲ့စိတ်က တစ်မျိုး၊ အရူပါဝစရဘုံမှာ များသောအားဖြင့် ဖြစ်တတ်တဲ့စိတ်ကတစ်မျိုး၊ ဒီ ဘုံ ၃–ခုကအလွတ် လောကကြီး ကနေ လွန်သွားတဲ့စိတ်က တစ်မျိုး၊ အဲဒီလို စိတ်ကို ပထမလေးမျိုး ခွဲကြစို့။

(၁) ကာမာဝစရစိတ်

(၂) ရူပါဝစရစိတ်

(၃) အရူပါဝစရစိတ်

(၄) လောကုတ္တရာစိတ်။

ကာမာဝစရစိတ်ဆိုတာ ကာမာဝစရဘုံမှာ များသောအားဖြင့် ဖြစ်တတ်တယ်၊ ဟိုဘုံတွေမှာလည်း မဖြစ်ဘူး မဟုတ်ဘူး၊ ဒီထဲကစိတ်တွေက ဖြစ်တော့ဖြစ်တာပဲ၊ သို့သော် ဒီမှာများသောအားဖြင့် ဖြစ်တတ်တဲ့ အတွက်ကြောင့် သူ့ကို ကာမာဝစရစိတ် လို့ခေါ်တာ (ဆိုပါတော့ ဆန်ဖရန်စစ္စကိုနေတဲ့ လူတစ်ယောက်က သူ တစ်ခြားမြို့ တွေလဲ သွားဦးမှာပေါ့၊ ဟိုသွားလိုက် ဒီသွားလိုက်သွားမှာပဲ၊ သို့သော် ဆန်ဖရန်စစ္စကိုမှာ အနေများတော့ သူ့ကို ဆန်ဖရန်စစ္စကို မြို့သား ခေါ်လိုက်တယ်၊ ဒါမျိုးပဲ၊ ကာမာဝစရစိတ်လို့ ပြောလိုက်ရင် လူ့ဘုံနတ်ဘုံ တိရစ္ဆာန်ဘုံ စသည်မှာ များသောအားဖြင့် ဖြစ်တယ်၊ သို့သော် ဒီထဲက တစ်ချို့ကတော့ ရူပါဝစရဘုံမှာလည်း သွားဖြစ်အုံးမယ်၊ အရူပါဝစရဘုံမှာလည်း ဖြစ်နိုင်သေးတယ်။

ထို့အတူပဲ, ရူပါဝစရစိတ်လို့ ပြောလိုက်တော့ ရူပါဝစရဘုံမှာ သူများများ ဖြစ်မယ်၊ သို့သော် ကာမာဝစရဘုံမှာလည်း ဖြစ်ဦးမယ်၊ အရူပါဝစရဘုံမှာလည်းပဲ ဖြစ်ချင်ရင်ဖြစ်နိုင်တယ်ပေါ့လေ၊ အရူပါဝစရလည်း ဒီအတိုင်းပဲ၊

လောကုတ္တရာစိတ်ကျတော့ ဘယ်လောကနှင့်မှ မပတ်သက်ပဲနှင့် လောကက ထွက်မြောက်တဲ့စိတ်ကို လောကုတ္တရာလို့ခေါ်တယ်၊ လောကုတ္တရ လောကဆိုတာက ကာမဘုံ ရူပဘုံ အရူပဘုံကို လောကလို့ဆိုတာ၊ ဥတ္တရ ဆိုတာက လွန်သွားတာ၊ ဒါကြောင့်မို့ လောကကြီးကို လွန်သွားတဲ့စိတ်မျိုးကို လောကုတ္တရာစိတ်လို့ ခေါ်တယ်။

လောကုတ္တရာစိတ်ဆိုတာတော့ အမှန်အတိုင်း ပြောရင် မဂ်စိတ် ဖိုလ်စိတ်တွေ ပေါ့၊ နောင်တော့ တွေ့လာကြမှာ၊ အဲဒီလို အကြမ်းဖျင်းအားဖြင့် ခွဲလိုက်မယ်ဆိုရင် ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ်, လောကုတ္တရာစိတ်, ဒီလို

လေးမျိုးရှိတယ်။

အဲဒီလေးမျိုးထဲကမှ တစ်ခါ ကာမာဝစရစိတ်ကို ထပ်ပြီးတော့ ချဲ့ကြဦးစို့။ ကာမာဝစရစိတ် ထပ်ချဲ့လိုက်တဲ့အခါကျတော့ ပထမဆုံး သင်္ဂြိုဟ်နည်းက ဘာနှင့် စထားသလဲဆိုတော့ အကုသိုလ်စိတ်ဆိုတာနှင့် စထားတယ်၊ ဓမ္မသင်္ဂဏီ ပါဠိတော် မှာတော့ ကုသိုလ်က စပြီးတော့ပြတယ်၊ ဒီမှာတော့ သင်္ဂြိုဟ်ကျမ်းရေးတဲ့ အရှင် အနုရုဒ္ဓါက ဒီအကုသိုလ်စိတ်နှင့်အဟိတ်စိတ်ကို ပေါင်းပြီးတော့ တစ်ခုထဲ ထားပြီးတော့ နောင် ပြောတဲ့အခါ လွယ်အောင်ဆိုပြီးတော့ အကုသိုလ်ကို အရင်ပြတယ်၊ ဦးဇင်း တို့ကတော့ အဲဒီ သင်္ဂြိုဟ်နောက်ကိုပဲ လိုက်ပြီးတော့ အကုသိုလ်စိတ်ကပဲစပြီးတော့ လုပ်ကြမယ်၊ သင်္ဂြိုဟ်မှာလာတဲ့အတိုင်း အခု လေ့လာကြရမှာ။

အဲဒီတော့ အကုသိုလ်စိတ် ဘယ်လောက်ရှိလဲ, ၁၂–ခု ရှိတယ်၊ ၁၂–ပါး ပေါ့။

အကုသိုလ်ဆိုတာ အကုသလဆိုတဲ့ ပါဠိက လာတာ၊ အကုသလမှာ အနှင့် ကုသလနှင့် နှစ်မျိုးရှိတယ်၊ အ ဆိုတာက မဟုတ်ဘူးဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ကုသလဆိုတာက ကုသိုလ်ပဲ၊ အဲဒီတော့ ကုသိုလ်မဟုတ်တဲ့ စိတ်ပေါ့။

သို့သော် ကုသိုလ် မဟုတ်ဘူးဆိုတာ ဒီနေရာမှာ ကုသိုလ်ရဲ့ဆန့်ကျင်ဘက်လို့ ဆိုလိုတယ်၊ မဟုတ်ဆိုတဲ့ စကားကလည်း အဓိပ္ပါယ်အများကြီးရှိတယ်နော်၊ ကုသိုလ် မဟုတ်ရင် ကြိယာစိတ်တွေကလည်းရှိသေးတာ၊ ကုသိုလ်မဟုတ်တဲ့စိတ်တွေ၊ ကုသိုလ် မဟုတ်ရင် အဲဒါကိုတော့ အကုသိုလ်လို့မခေါ်ဘူး, ကုသိုလ်ရဲ့ ဆန့်ကျင်ဘက် ဖြစ်တဲ့ စိတ်မျိုးကို အကုသိုလ်လို့ခေါ်တာ။

ကုသလဆိုတဲ့ပုဒ်က ကျွမ်းကျင်တယ်ဆိုတဲ့ အနက်ကိုလည်း ဟောနိုင်တယ်၊ ဦးဇင်းတို့က ဒီစကားလုံးဟာ ဒီအဓိပ္ပါယ်ရှိတယ်ဆိုတာကို ဘုန်းကြီးပြောရင် ဟောတယ်လို့ ပြောတယ်၊ ဒါလေးတွေလဲ နားလည်ထားရင် ကောင်းတယ်ပေါ့လေ၊ ဒီပုဒ်ဟာ ဒီအနက်ကို ဟောတယ်လို့ အဲသလို သုံးတယ်၊ ဦးဇင်းတို့ တရားဟောသလို ဟောတာ မဟုတ်ဘူး၊ သို့သော် ဒီပုဒ်ဟာ ဒီအဓိပ္ပါယ်ကို ဆိုလိုတယ်ဆိုတာကို ဟောတယ်လို့ သုံးတာ။

အဲဒီတော့ ကုသလဆိုတဲ့ပုဒ်ကကျွမ်းကျင်သူ, ကျွမ်းကျင်တယ်ဆိုတဲ့ အနက် ကိုလည်းဟောတယ်၊ ပြီးတော့ အနာကင်းတယ်, နေကောင်းတယ်ပေါ့ (healthy) ဖြစ်တယ်၊ ဒီအနက်လည်းဟောတယ်၊ ဒါက အခြေခံကနေ လိုက်ပြီးတော့ လာတဲ့ အနက်တွေ၊ ကောင်းပြီ, ဒီထက် အရှည်လိုက်ကြဦးစို့။

ဒီပုဒ်ကလေးတွေဟာ တကယ်လေ့လာရင် အလွန်စိတ်ဝင်စားစရာ ကောင်းတယ်၊ ဒါကျတော့ အဘိဓမ္မာမဟုတ်တော့ဘူး၊ သဒ္ဒါဖြစ်သွားပြီ (Phiology) ဘာတို့ ဖြစ်သွားပြီ၊ ဒါပေမယ်လို့ အလွန်စိတ်ဝင်စားစရာ ကောင်းတယ်။

ကုသလဆိုတဲ့ပုဒ်ဟာ တကယ့်မူရင်း ဘယ်လိုဖြစ်လာသလဲဆိုတော့ ကုသ + လ၊ ကုသဆိုတာ သမန်းမြက်ကိုဆိုတာ၊ လ–ဆိုတာက ယူတာ ကိုင်တာကို ဆိုတာ၊ သမန်းမြက်ဆိုတာက အသွားနှစ်ဖက် ရှတတ်တယ်၊ မင်း သမန်းမြက်ကို လက်မရှအောင် ကိုင်တတ်ရင် မင်းကို ကုသလ လို့ခေါ်မယ်။ ဒီကောင်ဟာ သမန်းမြက်ကိုင်တတ်တဲ့ သူပဲ, ရိုးရိုးပြောလိုက်ရင် ကိုင်တတ်တဲ့ သူဆိုတာ လက်မရှအောင် ကိုင်တတ်တာကို ဆိုလိုတာ၊ ဒါ ဒီကောင်ကျွမ်းကျင် ရမှာပေါ့၊ အေး, ကုသလရဲ့ မူရင်းအနက်က သမန်းမြက်ကို ကိုင်တတ်တဲ့လူ ဆိုတဲ့ အဓိပ္ပါယ်ကနေ နောက်ပိုင်းကျတော့ ကျွမ်းကျင်တယ်လို့ဖြစ် သွားတာ၊ ကျွမ်းကျင်တဲ့အခါကျတော့ သမန်းမြက်မှ မဟုတ်တော့ဘူး၊ ဘာဖြစ်ဖြစ် ကျွမ်းကျင်တာ မှန်သမျှကို ကုသလလို့ ခေါ်လိုက်တော့တာ။

ဒါကြောင့်မို့ ကုသ+လ ကနေပြီးတော့ ကုသလ၊ သမန်းမြက်ကို လက်မရှအောင်ကိုင်တတ်တဲ့လူ ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ နောင်ခါကျမှ ကျွမ်းကျင်တယ်ဆိုတဲ့ အဓိပ္ပါယ် ဟောသွားတယ်၊ အဲတော့ စိတ် ကျွမ်းကျင်တယ် ဆိုတော့ အကုသိုလ် မဖြစ်အောင် လုပ်တတ်တာပေါ့၊ လောဘ, ဒေါသ, မောဟ မရှိအောင် လုပ်တာပေါ့၊ အဲဒါကို ကျွမ်းကျင်တယ်လို့ပဲ သုံးတယ်။

တစ်နည်းအားဖြင့်တော့ အနာကင်းတယ် (healthy) ဖြစ်တယ်၊ စိတ်ရောဂါဆိုတာ လောဘ, ဒေါသ, မောဟတွေဟာ စိတ်ရောဂါတွေပေါ့၊ အဲဒီစိတ်ရောဂါတွေ မရှိဘူးဆိုရင် ဒီစိတ်ဟာ ကျန်းမာနေတဲ့စိတ်၊ ဒါကတော့ သဒ္ဒါအားဖြင့် ကိုင်တာပေါ့လေ၊ စကားလုံးကနေပြီးတော့ ကိုင်တာ၊ အဘိဓမ္မာမှာ ပေးထားတဲ့ (definition) ဒါလည်းမှတ်ရမယ်။

ကုသိုလ်ဆိုတာအပြစ်မရှိခြင်း ကောင်းသောအကျိုးကိုပေးခြင်း၊ ဒီလက္ခဏာနှစ်မျိုးနှင့် ပြည့်စုံတဲ့စိတ်ကို ကုသိုလ်စိတ်လို့ခေါ်တာ။

လောကကြီးအနေနှင့် ကြည့်ကြည့်လိုက်၊ အပြစ်ရှိသလား, မရှိဘူးလား၊ အပြစ်မရှိရင် ကုသိုလ်စိတ်ဖြစ်မယ်၊ တစ်ခါ ဒီစိတ်က ကောင်းသောအကျိုးလည်း ပေးရမယ်၊ အပြစ်မရှိပဲနှင့် ကောင်းသော အကျိုးမပေးတဲ့စိတ်လည်း ရှိသေးတယ်၊ ဒါကြောင့်မို့ အပြစ်မရှိခြင်း၊ ကောင်းသော အကျိုးပေးခြင်း, ဒီလက္ခဏာ နှစ်ပါးနှင့်

ပြည့်စုံရင် ဒီစိတ်ကို ကုသိုလ်စိတ်။

ပြောင်းပြန်ပြန်လိုက်, အပြစ်နှင့်တကွဖြစ်ခြင်း, မကောင်းသောအကျိုးကို ပေးခြင်း, အဲဒီလက္ခဏာ နှစ်ပါးနှင့် ပြည့်စုံရင် အကုသိုလ်စိတ်၊ ဒါကြောင့်မို့ အကုသိုလ်စိတ်နှင့် ကုသိုလ်စိတ် ကွဲလောက်ပြီ။

အပြစ်ရှိတယ်ဆိုတာ ဘာပြောတာလဲ အပြစ်ကင်းတယ်ဆိုတာ ဘာပြောတာလဲ ဆိုတော့ အမှန်အတိုင်း ပြောမယ်ဆိုရင် လောဘ, ဒေါသ, မောဟနှင့် တွဲပြီး တော့ ဖြစ်ရင် အပြစ်ရှိသောစိတ်လို့ဆိုတာ၊ စိတ်တစ်ခုဖြစ်နေပြီဆို ကိုယ့်ဟာကိုယ် စဉ်းစားလိုက်၊ ငါ့ဒီစိတ်ဖြစ်နေတာ လောဘများပါသလား, လိုချင်တာ, တွယ်တာတာ, မြတ်နိုးတာ အစုံပေါ့လေ(သို့) ဒေါသများ ပါနေသလား၊ စိတ်ဆိုးတယ်, မခံချင်ဘူး၊ ဝမ်းနည်းတယ်, ကြောက်တယ်၊ ဒါတွေအကုန် ဒေါသထဲသွင်းရတယ်၊ (သို့မဟုတ် လည်း) တွေဝေမှုပေါ့လေ၊ သဘောတရားမသိမှု မောဟများ ပါနေသလားပေါ့လေ၊ မောဟလာတော့ လောဘနှင့်လည်း အတူတူပါတာပဲ၊ ဒေါသနှင့်လည်းပါတာပဲ၊ အဲဒါတွေနှင့် တွဲဖြစ်နေရင် ငါ့စိတ်ဟာ အကုသိုလ်စိတ်ပဲ၊ တစ်ခါထဲ အဲသလိုသာ မှတ်လိုက်။

အဲဒါတွေ မပါဘူး၊ သူတို့ရဲ့ ပြောင်းပြန်မလိုချင်တဲ့ စွန့်လွှတ်တဲ့ စိတ်မျိုး, မေတ္တာစိတ်မျိုး, သဘောတရားကို ထိုးထွင်းသိသော စိတ်မျိုးနှင့် တွဲဖြစ်နေပြီဆိုရင် ကုသိုလ်စိတ်ဖြစ်ပြီလို့သာ မှတ်လိုက်။

ဒါကြောင့်မို့ အဘိဓမ္မာ နားလည်မှ ကုသိုလ်, အကုသိုလ်, တကယ်ကွဲတာ၊ အဘိဓမ္မာ နားမလည်ရင် ကုသိုလ် အကုသိုလ် ဝါးတားတားသာ သိတာ၊ အမှန် အတိုင်းမသိဘူး။

ဒါကြောင့်မို့ ဘုန်းကြီးက ပြောမယ်ဆိုပါတော့, မင်းတို့ ထမင်းစားရင် အကုသိုလ်ဖြစ်တယ်ပြောရင် မခံနိုင်ဘူး၊ ခံနိုင်ပါ့မလား၊ ရိုးရိုးဆိုရင်နော် ဘယ့်နှယ် ကိုယ့်ထမင်း ကိုယ်စားတာပဲ၊ သူများထမင်း ခိုးစားတာလည်း မဟုတ်၊ ကိုယ့်ဟာကိုယ် စားပေမယ်လို့ အဲဒီ စားတဲ့ခါမှာ ကိုယ်က လောဘနှင့်စားမယ်, ဟင်းလေးက ကောင်းလိုက်တာ, အရသာရှိလိုက်တာ စသည်ဖြင့်ပေါ့လေ၊ အဲဒီလိုစားရင် ကိုယ်က လောဘနှင့်စားတာ၊ အဲဒီအခါမှာ ကိုယ်ဘာစိတ်ဖြစ်နေလဲ, လောဘစိတ် ဖြစ်နေတာ၊ ဒါကြောင့်မို့ ထမင်းစားရင်းလည်း အကုသိုလ်ဖြစ်နိုင်တယ်၊ သို့သော် ဒီ အကုသိုလ်က အလွန်ကြီးမကောင်းတဲ့ အကျိုးကိုတော့ ပေးမှာမဟုတ်ပါဘူး၊ သို့သော် အကုသိုလ် ကတော့ အကုသိုလ်ပဲ၊ ဦးဇင်းတို့က ဒါကို အကုသိုလ် မဟုတ်ပါဘူး လို့တော့

လှည့်မပြောနိုင်ဘူး၊ လျှော့မပြောနိုင်ဘူး, သို့သော် အကုသိုလ်ဆိုတိုင်း အပြစ်အကြီးကြီး ပေးရမယ်လို့ မဆိုလိုဘူး၊ တချို့အကုသိုလ်က အပြစ်လေး သေးသေးလေးပေမယ့် တချို့အကုသိုလ်က ပပျောက်သွားတာမျိုးလည်း ရှိမယ်ပေါ့လေ၊ သို့သော် အကုသိုလ် ကတော့ အကုသိုလ်ပါပဲ၊ ဒါကြောင့်မို့ ကုသိုလ်နှင့် အကုသိုလ် ခွဲခြားပြီးတော့ သိဖို့ အရေးကြီးပါတယ်၊

မြတ်စွာဘုရား ဟောထားတဲ့ သဗ္ဗပါပဿ အကာရဏံ ကုသလဿ ဥပသမ္ပဒါ သစိတ္တပရိယောဒနံ ဧတံ ဗုဒ္ဓါနသာသနံ ဆိုပြီးတော့ ဂါထာလေးတစ်ပုဒ် ရှိတယ်၊ မြတ်စွာဘုရားရဲ့ အကျဉ်းချုပ်အဆုံးအမဟာ ဘာလဲဆိုရင် ဒါပဲ၊ မြန်မာ လို တိုတိုပြောရင် အကုသိုလ်မလုပ်နှင့်, ကုသိုလ်ကိုလုပ်, စိတ်ဖြူစင်အောင်ထား ဒါပဲ၊ အဲဒီတော့ အကုသိုလ် မလုပ်နှင့် ကုသိုလ်လုပ်လို့ မြတ်စွာဘုရား ဟောထားပြီး ဘယ်ဟာ ကုသိုလ်မှန်းမသိ ဘယ်ဟာ အကုသိုလ်မှန်း မသိရင် ဘယ့်နှယ်လုပ်မလဲ, ဘယ်လိုလုပ် ရှောင်မလဲ၊ ဘယ်လိုလုပ် ပွားများအောင် လုပ်မလဲ။

ဒါကြောင့်မို့ ဦးဇင်းက ပြောတယ်၊ မင်းတို့ အဘိဓမ္မာ နားမလည်ရင် အဲဒီ ဓမ္မပဒက အဲဒီ ဂါထာလေးကိုပဲ မင်းတို့ နားမလည်ဘူး, ဘာလုပ်ရမှန်းမသိဘူး၊ ဒါကြောင့်မို့ အဘိဓမ္မာဟာ အရေးကြီးတယ်၊ မြတ်စွာဘုရားရဲ့ တရားကို တကယ် နားလည်ချင်ရင်တော့ အဘိဓမ္မာ ရှောင်လို့ မရဘူး၊ သာမညဖတ်ပြီး နားလည်တာ လောက်ကတော့ ဖြစ်တာပေါ့၊ တကယ် ကျကျနနနှင့်မှန်မှန်ကန်ကန် နားလည်ချင် ပါတယ်ဆိုရင် အဘိဓမ္မာ မပါရင် မဖြစ်ဘူး၊ အဲဒါ မှတ်သာထား။

တချို့က အဘိဓမ္မာ မတတ်တော့ အဘိဓမ္မာကို တော်အောင်ရော်အောင် ပြောကြတယ်၊ ဒီအနောက်နိုင်ငံက လူတွေက ဒါ နောက်မှထည့်ထားတာပါ၊ ဘုရားဟော မဟုတ်ပါဘူးတို့ မလိုပါဘူးတို့ ဘာတို့ ပြောတယ်၊ အဲသလို ပြောတဲ့ လူက သူကိုယ်တိုင် အဘိဓမ္မာ မတတ်လို့ ပြောတာ သေချာတယ်။

ဒါကြောင့်မို့ အခုကုသိုလ်နှင့်အကုသိုလ်ကွဲသွားပြီနော်၊ ဒါဟာ practical value ရှိတယ်၊ ဒီဗဟုသုတဟာ လက်တွေ့ကျင့်သုံးလို့ရသွားပြီ၊ သူ့ကို ကိုယ် နေ့စဉ်ပြဿနာတွေအပေါ်မှာ အသုံးချလို့ရသွားပြီ၊ အကုသိုလ် ဆိုတာ သိသွားပြီ၊ ကိုယ်ရှောင်နိုင်ပြီ၊ ကုသိုလ်ဆိုတာသိရင် ပိုပြီးတော့ လုပ်နိုင်ပြီ၊ နဂိုတုန်းကလဲမသိဘူး မဟုတ်ဘူး သိပါတယ်၊ အခု ပိုပြီးတော့ သိသွားပြီ၊ အဲဒီ အကုသိုလ်စိတ်ဟာ၁၂- မျိုးတောင်ရှိတယ်၊ အဲဒီ အကုသိုလ်စိတ် လောဘ, ဒေါသ, မောဟ စသည်နှင့် တွဲပြီးတော့ ဖြစ်တဲ့စိတ်ကို အကုသိုလ်စိတ် မြန်မာလိုပြောရင် မကောင်းတဲ့ စိတ်။

အဲဒီ မကောင်းတဲ့စိတ် အကုသိုလ်စိတ်ကိုလည်းပဲ သုံးစု တစ်ခါ ထပ်ပြီးတော့ ခွဲလိုက်, ပထမအစုက လောဘမူစိတ် ၈–ပါးတဲ့၊ လောဘမူဆိုတာ လောဘမူလပဲ၊ လဖြုတ်ထားတာ၊ ဦးဇင်းတို့ စကားပြောတဲ့အခါကျတော့ ခပ်မြန်မြန်ပြောချင်ကြတယ် မဟုတ်လား၊ ဟိုဟာလေးချန်ထားခဲ့, ဒီဟာလေး ချန်ထားခဲ့နှင့် ခဏခဏသုံးရတဲ့ စကားလုံးလည်းဖြစ်တော့ လောဘမူလစိတ်လို့ မခေါ်တော့ဘူး၊ လောဘမူ စိတ်လို့ပဲ ခေါ်လိုက်တော့တယ်၊ အမှန်ကတော့ လောဘမူလစိတ်။

မူလဆိုတာ အရင်းအမြစ်ကို မူလလို့ဆိုတာ၊ လောဘအရင်းအမြစ်နှင့်တကွ ဖြစ်တဲ့စိတ်ကို လောဘမူလစိတ်၊ နောက်တစ်ခုက ဒေါသမူစိတ်၊ ဒေါသမူလနှင့် တကွဖြစ်တဲ့စိတ်ကို ဒေါသမူလစိတ်, ဒေါသမူစိတ်၊ မောဟမူလနှင့်တကွဖြစ်တဲ့စိတ်ကို မောဟမူစိတ်၊ မောဟမူစိတ်ဆိုတာကတော့ မောဟသက်သက်နှင့်သာတကွဖြစ်တာ ဆိုလိုတယ်၊ နောက်ကျတော့လည်း နားလည်ပါလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ လောဘမူစိတ် ဆိုတာမှာလည်း မောဟကပါတယ်၊ ဒေါသမူစိတ်ဆိုရာမှာလည်း မောဟကပါတယ်၊ ဒီကျတော့ သူကမောဟ သက်သက်ပဲ၊ လောဘလည်း မပါတော့ဘူး၊ ဒေါသလည်းမပါတော့ဘူး၊ သူပြဋ္ဌာန်းသွားပြီ၊ ဟိုမှာ တုန်းကတော့ လောဘက ရှေ့ကနေတော့ သူက နောက်ကနေရတဲ့သဘောရှိတယ်၊ ဒါဖြင့် သူ့ကို လောဘ မောဟမူလစိတ်လို့ မခေါ်တော့ဘူး၊ လောဘမူစိတ်လို့ပဲ ခေါ်လိုက်တော့တယ်။

အမှန်အတိုင်းတော့ လောဘမူစိတ်လို့ ခေါ်လိုက်ရင် လောဘ, မောဟ နှစ်ခုနှင့် အတူဖြစ်တယ်၊ ဒေါသမူစိတ်လို့ ပြောလိုက်ရင် ဒေါသ, မောဟ နှစ်ခုနှင့် အတူဖြစ်တယ်၊ အဲသလိုမှတ်ရမယ်၊ မောဟမူစိတ်ဆိုတာကတော့ မောဟ တစ်ခုတည်း နှင့်ဖြစ်တာ၊ ဒါကြောင့်မို့ လောဘမူစိတ် ဘယ်လောက်တုန်း၊ ၈–ပါး၊ ဒေါသမူစိတ် ၂–ပါး၊ မောဟမူစိတ် ၂–ပါး၊ အားလုံး အကုသိုလ်စိတ် ၁၂–ပါး၊ လောဘမူစိတ် ၈–ပါးကို အသေးစိတ် လေ့လာရအောင်။

လောဘမူစိတ် ၈–ပါးက

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်

သောမနဿဆိုတာ ဝမ်းမြောက်ခြင်း၊ ဒီလောက်ပဲမှတ်ပါတော့နော်၊ အသေး စိတ် သဒ္ဒါနည်းနှင့်ရှင်းနေရင် အများကြီးရှုပ်တယ်၊ သောမနဿဆိုတာ ဝမ်းမြောက် တာ, စိတ်ကောင်းနေတာကို သောမနဿခေါ်တာပဲ၊ သောမနဿဆိုတာ သု + မနကလာတာ, သုက ကောင်းတာ၊ မနက စိတ်, ကောင်းတဲ့စိတ်ရှိနေတာကို

သောမနဿ ဝမ်းမြောက်တာ။

သဟာဂတဆိုတာ တကွဖြစ်တယ်လို့ဆိုလိုတယ်၊ ဒါဖြင့်သောမနဿ သဟာဂတ အဓိပ္ပါယ်ဘယ်လိုရှိမလဲ၊ ဝမ်းမြောက်ခြင်းနှင့်တကွ ဖြစ်တယ်၊ ဝမ်းမြောက် တယ်။

စိတ်ညစ်တယ်ဆိုတာက အမှန်ကတော့ဘာလဲဆိုရင် ခံစားမှုဝေဒနာ၊ ဒါကြောင့်မို့ မြန်မာနိသျယတွေမှာ ကြည့်မယ်ဆိုရင် သောမနဿဝေဒနာနှင့် တကွဖြစ်သောလို့ အဲသလို ဘာသာပြန်ထားတာ တွေ့လိမ့်မယ်၊ ဝမ်းမြောက်ခြင်းနှင့် တကွဖြစ်သောလို့ မပြန်ဘူး၊ သောမနဿ ဝေဒနာနှင့်တကွဖြစ်သောလို့ အဲသလို ပြန်လိမ့်မယ်။

ဝေဒနာဆိုတာ ခံစားမှု, သောမနဿ ဝမ်းမြောက်တယ်ဆိုတာ ခံစားမှု၊ ဒေါမနဿ, စိတ်မချမ်းသာဘူး, ဒါလည်းခံစားမှု၊ ဝမ်းမြောက်တာလည်း မဟုတ်ဘူး၊ စိတ်မချမ်းသာတာလည်းမဟုတ်ဘူး၊ အလယ်အလတ်၊ ဒါလည်းပဲဝေဒနာပဲ, ခံစားမှု၊ ဒါကြောင့်မို့ ဝမ်းမြောက်ခြင်းနှင့်တကွ ဖြစ်တယ်ဆိုရင် ဝမ်းမြောက်တဲ့ဝေဒနာ ဝမ်းမြောက်တဲ့ ခံစားမှုနှင့်တကွဖြစ်တယ်။

နောက်တစ်ခုက ဒိဋ္ဌိဂတ သမ္ပယုတ္တ၊ ဒိဋ္ဌိဂတ ဆိုတာ မှားသောအယူလို့ ဆိုလိုတယ်၊ အမှန်ကတော့ ဒိဋ္ဌိဆိုတဲ့ပုဒ်ဟာ မှန်သောအယူဖြစ်ဖြစ် မှားသောအယူ ဖြစ်ဖြစ် အယူလို့ သာမညကိုဆိုလိုတယ်၊ ဒါပေမယ်လို့ များသောအားဖြင့် ဒိဋ္ဌိလို့ သုံးလိုက်ရင် မိစ္ဆာဒိဋ္ဌိ မှားတဲ့အယူလို့ပဲ အဓိပ္ပါယ်ကောက် ရတယ်။

ဒိဋ္ဌိဂတ သမ္ပယုတ္တ၊ ဒိဋ္ဌိဂတကို မြန်မာအနက် ဘယ်လိုပေးထားလဲ၊ မှားသော အယူ၊ သမ္ပယုတ္တဆိုတာ ယှဉ်တယ်တဲ့၊ ယှဉ်တယ်ဆိုတာ အတူတူဖြစ်တာ၊ သဟာဂတနှင့် အဓိပ္ပါယ်ချင်းအတူတူပဲ၊ စကားလုံးလေး နည်းနည်းကွဲနေတာ, သဟာဂတနှင့် သမ္ပယုတ္တနှင့် အမှန်ကတော့ အဓိပ္ပါယ် အတူတူပဲ၊ တစ်ပြိုင်နက် သောခဏမှာဖြစ်တာ၊ အတူတူဖြစ်တာကိုပဲ ဆိုလိုတယ်၊ ပါဠိကနည်းနည်းကွဲတော့ မြန်မာအနက်ကလည်း ကွဲသွားတာ၊ သဟာဂတကျတော့ တကွဖြစ်, သမ္ပယုတ္တကျတော့ ယှဉ်တယ် ဒီလို သုံးတယ်။

နွားတွေကတယ်, ယှဉ်တယ်ဆိုတာမျိုးလိုပေါ့၊ ဒိဋ္ဌိဂတ သမ္ပယုတ္တ မှားသော အယူနှင့်ယှဉ်တာ, လောကကြီးဟာ မြဲတယ်လို့ယူတာ, သတ္တဝါတွေဟာ အမြဲ တည်တယ်လို့ ယူတာ (သို့မဟုတ်) သတ္တဝါတွေဟာ သေပြီးရင် ပြတ်သွားတယ် လို့ ယူတာ, ကံ- ကံ၏အကျိုးမရှိဘူးလို့ယူတာ, ဒါတွေကို မိစ္ဆာဒိဋ္ဌိလို့ခေါ်တာ။

အမေဆိုတာမရှိဘူး, အမေဆိုတာမရှိဘူး, ဒီလောကဆိုတာမရှိဘူး, နောက် လောကဆိုတာ မရှိဘူးစသည်ဖြင့်ယူတာတွေ အားလုံးဟာ မှားသော အယူတွေ၊

အဲဒီမှားသောအယူနှင့် ယှဉ်တယ်။

နောက်တစ်ခုက အသင်္ခါရိက၊ အသင်္ခါရိကမှာ သင်္ခါရဆိုတဲ့ ပုဒ်ကလေး ပါတယ်၊ အ နှင့် နောက်က လုံးကြီးတင်ကကြီး လေးဖြုတ်လိုက်ရင် သင်္ခါရဆိုတဲ့ ပုဒ်ရတယ်။

အဲဒီသင်္ခါရက ပါဠိမှာသင်္ခါရဆိုတဲ့စကားလုံးဟာ တော်တော်ခက်တဲ့ စကားလုံး၊ နေရာအလိုက် အဓိပ္ပါယ်မတူဘူး၊ စကားလုံး တူပေမယ်လို့ ဒီနေရာမှာ ဒီအဓိပ္ပာယ်၊ ဟိုနေရာမှာ ဟိုအဓိပ္ပါယ်, အဲဒါကြောင့်မို့ အမှန်အကန် ဘာသာပြန်နိုင်ဖို့မလွယ်တာ၊ အင်္ဂလိပ်ဘာသာပြန်တွေမှားတာ အဲဒါတွေပါတယ်၊ သူတို့က သင်္ခါရဆိုရင် (formation) ဆိုတဲ့ အင်္ဂလိပ်စကားလုံးနှင့် တွဲထားတယ်၊ သင်္ခါရ တွေ့တိုင်း (formation) ပြန်လို့မရဘူး၊ ဒီနေရာမှာ အထူးအားဖြင့် သင်္ခါရဟာ ဘာကို ဆိုလိုသလဲ၊ သာမညအားဖြင့် သင်္ခါရဆိုတဲ့စကားလုံး ကြားဖူးကြတယ် မဟုတ်လား၊ ကြားဖူးတာပေါ့ ဗုဒ္ဓဘာသာပဲ။

သင်္ခါရဆိုတာ ဘာလဲ၊ ကြားဖူးထားတဲ့ သင်္ခါရဆိုတာ ဘာလဲဆိုတော့ အမြဲမရှိခြင်း အကြောင်းတရားတို့က ပြုလုပ်စီမံထားတဲ့ သဘောကို သင်္ခါရလို့ ခေါ်တယ်၊ သင်္ခါရဆိုတာ အကြောင်းတွေကို စုပေါင်းပြီးတော့ လုပ်ထားတာ (produce) လုပ်ထားတာ၊ ဒါကြောင့်မို့ သူ့ကို (component)လို့ခေါ်တယ်၊ လောကမှာ ဘာပဲဖြစ်ဖြစ် အကြောင်းရှိတယ်၊ တစ်ခု,တစ်ခု ဖြစ်လာရင် အကြောင်း ရှိတယ်၊ အဲဒီအကြောင်းတွေက စုပေါင်းပြီးတော့ လုပ်ထားတာ, လုပ်ထားတဲ့ တရားမျိုးကို ပစ္စည်းမျိုးကို သင်္ခါရလို့ခေါ်တယ်။

ဒါကြောင့်မို့ အဲဒီအဓိပ္ပါယ်နှင့် ပြောလိုက်ရင် သဗ္ဗေသင်္ခါရာ အနိစ္စာ၊ လောကမှာ ရှိသမျှ သင်္ခါရတရားတွေဟာ အနိစ္စပဲလို့ ပြောတာကျတော့ ရှိသမျှဟာတွေ အကုန်ပါသွားတယ်၊ ရုပ်နာမ်ဆိုတဲ့ သတ္တဝါတွေလည်း ပါသွားတယ်၊ သက်မဲ့သစ်ပင် တောတောင်ရေမြေတွေ အားလုံးပါသွားတယ်၊ အားလုံး သင်္ခါရ တရားတွေချည်းပဲ ဒီသင်္ခါရ တရားတွေဟာ အနိစ္စ, ဒုက္ခ, အနတ္တ, အဲသလို ပြောတာ။

ပဋိစ္စသမုပ္ပါဒ်မှာကျတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတာရှိပြန်တယ်၊ သင်္ခါရက ရှိသမျှ အားလုံး မဟုတ်ပြန်ဘူး၊ အဲဒီကျတော့ သင်္ခါရက ကံလို့ ခေါ်တဲ့ စေတနာ တင်ယူရတယ်၊ အဲသလို ထူးခြားတာတွေလည်း ရှိတယ်၊ စကားလုံးတူပေ မယ်လို့ သူ့နေရာနှင့်သူသုံးရတယ်၊ သင်္ခါရတရားအားလုံးဟာ အနိစ္စပဲလို့ ပြောတဲ့အခါကျတော့ မှန်တယ်၊ ဒါကတော့ ရှိသမျှအကြောင်းတရားတို့က ပေါင်းပြီးတော့ ပြုပြင်စီမံ

ထားအပ်တဲ့ သဘောတရားမျိုးကို သခါရလို့ခေါ်တယ်။

ကံကို သခါရလို့ခေါ်တဲ့အခါကျတော့ ပြုပြင်စီမံတတ်တာ (active) ဖြစ်သွားပြီ၊ ဟိုဘက်တုန်းကတော့ (passive)၊ ဒါကြောင့်မို့ သခါရဆိုတဲ့ စကားလုံးဟာ ပဋိစ္စသမုပ္ပါဒ်မှာကျတော့ ကံကို ဆိုလိုတယ်၊ ကုသိုလ်ကံ အကုသိုလ်ကံ စသည် ဆိုလိုတယ်။

ဒီမှာကျတော့ သခါရဟာ ဘာကိုဆိုလိုသလဲဆိုတော့ တိုက်တွန်းမှုလို့ဆိုလိုတယ်၊ ကြောင့်ကျလေးစိုက်ပြီးတော့ သူများက တိုက်တွန်းတာဖြစ်စေ, ကိုယ့်ကိုယ်ကို တိုက်တွန်းတာဖြစ်စေ, အဲဒီ တိုက်တွန်းမှုလေးကို သခါရလို့ခေါ်တယ်၊ Technical Term အနေနှင့် ဒါကို နားလည်ဖို့ သိပ်အရေးကြီးတယ်။

ဒီနေရာမှာ ခုန အနက်တွေလာပြီးတော့ ယူလို့မရဘူး၊ ဒီမှာ သခါရရဲ့ အဓိပ္ပါယ်က တစ်စုံတစ်ခုပြုဖို့ရန် ကိုယ်က တစ်ခါတလေ စိတ်တွန့်ဆုတ်နေတယ်၊ မလုပ်ချင်သလိုလို, ကြောက်သလိုလို ဘာလို ဖြစ်နေတယ်၊ အဲဒီခါမျိုးမှာ ကိုယ့်ကိုကိုယ်ရင်လည်း တိုက်တွန်းပြီးတော့လုပ်တာမျိုးရှိတယ်၊ သို့မဟုတ် မိဘက ခိုင်းလိုက်တယ်, ဆရာသမားက ခိုင်းလိုက်တယ်, ဒီလိုလည်းရှိတယ်၊ အဲဒီတိုက်တွန်းမှုဆိုတာ သူများက တိုက်တွန်းတာလည်းရှိတယ်၊ ကိုယ့်ကိုယ်ကို တိုက်တွန်းတာလည်းရှိတယ်၊ ဘယ်လိုဟာပဲ ဖြစ်ဖြစ်, အဲသလို တိုက်တိုက်တွန်းတွန်းနှင့် ဖြစ်သွားရင် ဒီစိတ်ကို သခါရရှိတဲ့ စိတ်၊ တိုက်တွန်းမှုရှိတဲ့စိတ်လို့ခေါ်တယ်။

ဆိုပါတော့, သူများပစ္စည်း ခိုးတယ်ဆိုတာ အပြစ်ရှိတယ်ဆိုတာလည်းသိတယ်၊ ခိုးလည်း မခိုးချင်ဘူး၊ ဆိုပါတော့ ကိုယ်ကငတ်နေတယ်, ကိုယ့်ကလေးတွေ သားမယားတွေ ငတ်နေပြီ၊ ပစ္စည်းလေးကလည်း ယူလို့ လွယ်တယ်ဆိုပါတော့၊ သူက အပြစ်ရှိမှန်းလည်း သိတော့ မခိုးချင်ဘူး၊ သို့သော် အိမ်ပြန်သွားရင် စားစရာမရှိဘူး၊ ကလေးတွေက မုန့်တောင်းရင်လည်း ခက်တယ်ဆိုတော့ ငါတော့ ယူလိုက်မှထင်ပါရဲ့, ကိစ္စမရှိပါဘူး, ဒါလောက်တော့ ပြေရာပြေကြောင်း ပေါ့လေ၊ ကုသိုလ်ကောင်းမှု ထပ်လုပ်မယ် စသည် ကိုယ့်ဟာကို တိုက်တွန်းပြီးတော့မှ ခိုးလိုက်မယ်ဆိုပါတော့ အဲဒါမျိုးကျတော့ တိုက်တွန်းမှုရှိသွားပြီ၊ ကိုယ့်ကိုယ်ကိုတိုက်တွန်းမှု ရှိသွားပြီ (သို့မဟုတ်) သူများကခိုင်းလို့ သူများက ပင့်မြှောက်ပေးလို့ လုပ်လိုက်ရင်လည်းပဲ ဒါ တိုက်တွန်းမှု ရှိတဲ့စိတ်၊ အဲဒီလိုမပါပဲနှင့် (spontaneously)ထလုပ်လိုက်တယ်၊ အဲဒီလို စိတ်မျိုးကို အသခါရိက တိုက်တွန်းခြင်း မရှိတဲ့စိတ်။

ဒါကြောင့်မို့ မတိုက်တွန်းရပဲနှင့် သူ့ဘာသူအလိုလိုဖြစ်တဲ့စိတ်မျိုးကို အသခါ

ရိုကစိတ်၊ တိုက်တွန်းမှုဖြစ်တဲ့စိတ်မျိုးကို သသင်္ခါရိကစိတ်၊ ဒီလို နှစ်မျိုးကွဲသွားတယ်၊ ဒါကြောင့်မို့ အခု ပထမစိတ်ဟာ သောမနဿဝေဒနာနှင့် တကွဖြစ်တယ်၊ မိစ္ဆာအယူနှင့် တွဲပြီးတော့ဖြစ်တယ်၊ တိုက်တွန်းခြင်းလည်း မရှိဘူး၊ (spontaneously) ဖြစ်တဲ့ စိတ်မျိုးကို ဒါပထမစိတ်ပေါ့နော်၊ လောဘမူ ပထမစိတ်ပေါ့၊ သောမနဿ သဟဂုတ ဒိဋ္ဌိဂတ သမ္ပယုတ္တ အသင်္ခါရိကစိတ်။

ဆိုပါတော့, ဒီစိတ်ဟာ လောဘနှင့်တွဲဖြစ်ရမှာဆိုတော့ သူများအသက်သတ်တဲ့အခါဒီစိတ်ဖြစ်ပါ့မလား၊ မဖြစ်ဘူး၊ သူများအသက်သတ်တယ်ဆိုတာ ဒေါသနှင့်သတ်တာ၊ အဲဒီတော့ သူများပစ္စည်းယူတဲ့အခါကျတော့ကော ဒီစိတ်ဖြစ်မယ်ပေါ့နော်၊ သို့မဟုတ် ကိုယ့်ပစ္စည်းကိုယ် ခင်တွယ်နေရင်လည်း ဒီစိတ်ဖြစ်နိုင်မယ်ပေါ့ ခုနလို ထမင်းစားတာဟာ ဟင်းလေးက ကောင်းလို့ အရသာခံပြီးတော့ စားတာ ဒီစိတ်မဖြစ်ပေဘူးလား၊ ဒါကြောင့်မို့ ဘယ်လို အခြေအနေမှာ ဘယ်လိုစိတ်မျိုး ဖြစ်နိုင်တယ်ဆိုတာလည်း ကိုယ်က စဉ်းစားနိုင်ရမယ်ပေါ့။

အဲသလိုစဉ်းစားနိုင်မှလည်း ဒါလက်တွေ့ဘဝနှင့် ဒီအဘိဓမ္မာ ဗဟုသုတနှင့် ဟပ်ပြီးတော့ နားလည်တာ။

အဘိဓမ္မာဆိုတာ အမှန်တော့ စာထဲရှိတာမဟုတ်ဘူး၊ ကိုယ့်စိတ်ထဲ ကိုယ့်သန္တာန်မှာရှိတာ၊ ကိုယ်ကမသိတော့ စာထဲထင်ပြီး စာအုပ်ထဲ လိုက်ကြည့်ရတာ၊ အဲဒါ ပထမစိတ်နော်၊ သောမနဿ သဟဂုတဒိဋ္ဌိဂတ သမ္ပယုတ္တ အသင်္ခါရိကစိတ်။

ကောင်းပြီ–နောက် ဒုတိယစိတ်ကတော့ သောမနဿ သဟဂုတ ဒိဋ္ဌိဂတ သမ္ပယုတ္တ သသင်္ခါရိကစိတ်၊ ဒီကျတော့ တိုက်တွန်းရပြီ၊ ကိုယ့်ကိုယ်ကို တိုက်တွန်းသည်ဖြစ်စေ သူများက တိုက်တွန်းသည်ဖြစ်စေ, တစ်ခါတစ်ခါ ဒီလိုပဲ ဖြစ်တတ်တယ်နော်၊ ကောင်းတဲ့စိတ်ဖြစ်ဖြစ်, မကောင်းတဲ့စိတ်ဖြစ်ဖြစ်, တစ်ခါထဲ လုပ်လိုက်တာ၊ ဘယ်သူကမှ ပြောဆိုတိုက်တွန်းနေရတာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုလဲ မတိုက်တွန်းဘူး၊ တစ်ခါတလေကျတော့တိုက်တွန်းပြီးတော့လုပ်ရတာ၊ တိုက်တွန်းခြင်း ရှိသွားရင် တိုက်တွန်းမှုနှင့် လုပ်ရရင် သသင်္ခါရိကစိတ်။

တစ်ခါ တတိယစိတ်ကျတော့ကော သောမနဿသဟဂုတ ဒိဋ္ဌိဂတ ဝိပ္ပယုတ္တ၊ ဝိပ္ပယုတ္တဆိုတာ မယှဉ်ဘူးတဲ့, ဒီကျတော့ သူက အယူမှား မရှိဘူး, ဆိုပါတော့, ခိုးတာအပြစ်မရှိဘူး, လောကကြီးဟာမြဲတယ်, ဘာတယ် အယူနဲ့ပေါ့၊ ခိုးရသူက ဒိဋ္ဌိနှင့် ခိုးတာ, ဗုဒ္ဓဘာသာအနေတော့ ဒီလောက် ဒိဋ္ဌိမရှိဘူးဟုတ်လား၊ ဗုဒ္ဓဘာသာ သူခိုးဆိုရင် မကောင်းတာတော့ သိတာပေါ့၊ ဒါပေမယ်လို့ သူခိုးမယ်ပေါ့၊

အဲဒီကျတော့ သူက ဒိဋ္ဌိမပါဘူး, အယူမှားမပါဘူး, ဒီဟာ ခိုးတာ မကောင်းဘူး၊ အပြစ်ရှိတယ်ဆိုတာ သိတယ်၊ ဒါပေမယ့် မတတ်သာလို့ ခိုးတယ်၊ (သို့မဟုတ်) ခိုးချင်လို့ ခိုးတယ် စသည်ဖြင့်ပေါ့လေ။

အဲဒီလို အယူမှားမပါတဲ့အခါကျတော့ ဘာဖြစ်သွားလဲ၊ ဒိဋ္ဌိဂတ ဝိပ္ပယုတ္တ အသင်္ခါရိကစိတ်၊ ဒါ ခုနလိုပဲ တိုက်တွန်းတာ မရှိရင် အသင်္ခါရိက၊ တိုက်တွန်းတာရှိရင် သသင်္ခါရိကစိတ်၊ ဒါကြောင့်မို့ သောမနဿ ဝေဒနာနှင့်တကွဖြစ်တဲ့စိတ် ဘယ်နှစ်ခု ရသွားတုန်း၊ လေးခုနော်။

– သောမနဿဝေဒနာနှင့်တကွ ဒိဋ္ဌိနှင့်ယှဉ်တယ်၊ တိုက်တွန်းခြင်းမရှိဘူး။

– နောက်ဟာကျတော့ တိုက်တွန်းခြင်းရှိတယ်၊

– တစ်ခါ ဒိဋ္ဌိနှင့် မယှဉ်ဘူး၊ တိုက်တွန်းခြင်းရှိတယ်၊

– တိုက်တွန်းခြင်းမရှိဘူး နော်၊ အဲသလိုလေးမှတ်လိုက်ရင် လွယ်သွားတယ်၊ ဒီလေးခု သိလိုက်ရင် နောက်လေးခု ဟာ ဥပေက္ခာကို (Substitute) လုပ်လိုက်ရုံပဲ ဟုတ်လား။

ကိုင်း နံပါတ်–၅ က ဘာတဲ့တုန်း၊ ဥပေက္ခာ သဟဂတ၊ အဲဒါကို ဥပေက္ခာ လို့ ဖတ်ရတယ်နော်၊ ဥပက္ခာလို့ မဖတ်ရဘူး၊ ဒါ မြန်မာနိုင်ငံမှာ (standard) ဖြစ်နေတဲ့ ဘုန်းကြီးသုံး (Pronunciation) ပေါ့နော်၊ လူတွေ တချို့ နားမလည်ရင် ဥပက္ခာလို့ ဖတ်တတ်တယ်၊ ဥပက္ခာ မဟုတ်ဘူး၊ စလုံးသတ် သံမျိုးပေါ့၊ သို့သော် ဥပြစ်ခါလည်း မဟုတ်ဘူးနော်၊ ပစ်ခါ, အင်္ဂလိပ်လို (Pit) ပစ်ဆိုတာမျိုးလို ဥပေက္ခာ၊ ဘုန်းကြီးသုံးကျကျ အသံထွက်မယ်ဆိုရင် အဲဒီအတိုင်း ထွက်မယ်နော်၊ ဥပေက္ခာ၊ ပ–စောက်ကို ဘယ်တော့ ပစောက် ရရစ်ထိ မထွက်နင့်၊ ပဋ္ဌလို့ ထွက်ရတယ်၊ ပြဋ္ဌလို့ ဘယ်တော့မှ မထွက်ရဘူး၊ တိဿရဏေန သဟ ပဋ္ဌသီလံ လူတွေကတော့ ပြင်ဋ္ဌဖတ်တာ ပြင်ညာဖတ်တာပဲ၊ ဘုန်းကြီးက အဲသလို မသုံးဘူး၊ ပဋ္ဌပဲ, ပစောက် သေတ်ပင်မျိုးပဲ၊ ပဋ္ဌ ပညာ။

ဥပေက္ခာဆိုတာကဘာလဲ, အလယ်အလတ်ခံစားမှု, ဝမ်းမြောက်တာလည်း မဟုတ်ဘူး, ဝမ်းနည်းတာလည်း မဟုတ်ဘူး, အလယ်အလတ်ခံစားမှုမျိုးကို ဥပေက္ခာလို့ ခေါ်တယ်။

တစ်ခါတလေ တစ်စုံတစ်ခုကို မြင်ပေမယ်လို့ ဝမ်းသာဘာလည်း မဟုတ်ဘူး၊ ဝမ်းနည်းတာလည်း မဟုတ်ဘူး၊ အများကြီး အဲဒါမျိုးတွေ ဖြစ်နိုင်တယ်၊ တစ်စုံတစ်ခု ကြားရတဲ့အခါလည်း တစ်ခါတလေ ကြိုက်တာလည်း မဟုတ်ဘူး၊ မကြိုက်တာလည်း

မဟုတ်ဘူး၊ ဒီလိုပဲ, အဲဒါကို ဘယ်လိုခေါ်လဲ၊ ဥပေက္ခာ အလယ်အလတ် ခံစားမှု၊ အဲဒါတွေ အများကြီး ဖြစ်တတ်ပါတယ်။

သို့သော် သတိမထားမိရင် ဥပေက္ခာဖြစ်မှန်းမသိဘူး၊ အဲဒီလို ဝမ်းသာတာလည်း မဟုတ်, ဝမ်းနည်းတာလည်းမဟုတ်, စိတ်ဆိုးတာလည်းမဟုတ်တဲ့ဝေဒနာမျိုးကို ဥပေက္ခာ ဝေဒနာ၊ အသင့်အတင့်အားဖြင့် ရှုတတ်တယ်လို့ ပုဒ်အလိုက် အနက် ပြောမယ်ဆိုရင် ဒီလိုပြောရတယ်။

ဥပ+ ဣက္ခာ, ဥပနှင့်ဣက္ခာ ပေါင်းလိုက်တော့ ဥပေက္ခာဖြစ်တာ၊ ဥပ ဆိုတာက ဘက်မလိုက်ခြင်းဆိုတဲ့ သဘောပေါ့လေ၊ ဣက္ခာဆိုတာရှုတာ, ဟိုဘက် ဒီဘက် မပါပဲနှင့် အလယ်မှာ နေပြီးတော့ ရှုတတ်တဲ့ သဘောတရားမျိုးလို့ ဒီလို အဓိပ္ပါယ်ရှိတယ်၊ ဒီနေရာမှာ ဥပေက္ခာလည်း ခံစားမှုပါပဲ။

ဥပေက္ခာခံစားမှုဟာ အလွန်သိမ်မွေ့တယ်၊ အသိခက်တယ်၊ တချို့ ဥပေက္ခာ ကို တရားထိုင်ရင်း မြင်ပြီးတော့ ဥပေက္ခာမှန်းမသိတာ၊ အဲသလိုလည်း ဖြစ်နိုင်တယ်၊ အဲဒီဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်ပြီးတော့ ဟိုဘက်ကဟာတွေတော့ အတူတူပဲ၊ မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်တယ်, တိုက်တွန်းခြင်း မရှိဘူး, တိုက်တွန်းခြင်းရှိတယ်, မိစ္ဆာဒိဋ္ဌိ နှင့် မယှဉ်ဘူး, တိုက်တွန်းခြင်းရှိတယ်, တိုက်တွန်းခြင်းမရှိဘူး ဆိုပြီးတော့ လေးမျိုးရတယ်။

တစ်ခါတလေ ခိုးတာပေမယ်လို့ ခိုးနေကျဖြစ်နေတဲ့ခါကျတော့ ဥပေက္ခာနှင့် လည်း ခိုးချင်ခိုးနေလိမ့်မယ်၊ လိမ်ပြောတာလည်း ဥပေက္ခာနှင့် လိမ်ပြောတာရှိချင် ရှိလိမ့်မယ်၊ လုပ်နေကျလာတဲ့ခါကျတော့ (emotion) သိပ်မပါဘူးပေါ့၊ (habitual) ဖြစ်သွားတာပေါ့။

ဆိုပါတော့–စာပြန်တာကြည့်လေ, ပထမတော့ ဂရုစိုက်ရတယ်၊ ကြာတော့ ကျေသွားတော့ ဂရုမစိုက်တော့ဘူး၊ စိတ်က ဟိုရောက် ဒီရောက်နှင့် တချို့ဘုရားရှိခိုးတာ ကြည့်ပါလား၊ ပါးစပ်က ဩကာသ ဩကာသဆိုနေတာ, စိတ်က ဟိုရောက်ဒီရောက် ရောက်နေတာ၊ အဲဒါ ဥပေက္ခာဝင်လာတာ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်တဲ့စိတ်လေးမျိုး ၂–ခုပေါင်းလိုက်တော့ လောဘ မူလစိတ် ၈–ပါး၊ အဲတော့ ဒီဟာလေးတွေက စိတ်၁၂၁–ပါးကို တစ်ခါထဲ မျက်လုံးမှိတ်လိုက်ရင် မြင်နေအောင် မှတ်မိနေအောင် ဆိုပြီးတော့ ပေးထားတာ၊ ဒါကိုယ့်ဟာကိုယ် နောက်ထပ်ကူးပြီးတော့ အများကြီးသုံးရမယ်၊

အဲဒီတော့ ဦးဇင်းက ဒီထဲမှာ ကာလာထည့်ချင်တယ်၊ သောမနဿဆိုရင်

အနီခြယ်ချင်တယ်၊ ဉပေက္ခာဆိုရင် အပြာခြယ်မယ်၊ အခု ဒီမှာ ပထမအတန်းမှာ ပထမကော်လံမှာ စက်ဝိုင်းလေးတွေ ၁၂-ခုရှိတယ်၊ အဲဒါ ပထမလေးခု အနီခြယ်ပါ၊ ဒုတိယလေးခု အပြာခြယ်ပါ၊ ပြီးတော့ လေ့ကျင့်မှုကတော့ ဘယ်လိုလဲဆိုတော့ ဒါလေးတွေကို အနီအပြာခြယ်ပြီးတော့ ဒါလေးကိုကိုယ်က (identify)လုပ်မယ်။

ပထမဟာကို ဒါက သောမနဿနှင့်ဖြစ်တာ, မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်တာ, တိုက်တွန်းခြင်း မရှိတဲ့စိတ်ပဲ, အဲသလို တစ်ခုစီ, တစ်ခုစီကို ကျေအောင် အဲဒါတော့ နည်းနည်းလေးလေ့လာပါ၊ လေ့ကျင့်ပေး။

ဘာကြောင့်တုန်းဆိုတော့ ဒါ မှတ်မိမှ နောက်ပြောတဲ့ခါကျတော့ နားလည်တာ၊ သို့မဟုတ်ရင် ဒါကို ကျေမထားရင် ပြောလိုက်တဲ့ကျတော့ လုံးထွေးလုံးထွေး ဖြစ်ရင် နားမလည်ဘူး၊ နားမလည်တာကြာတော့ စိတ်ပျက်တယ်။

ဒါက အလီလိုပဲ၊ အလီမရပဲနှင့် ဂဏန်းတွက်ခိုင်းတော့ ဒုက္ခရောက်တာပေါ့၊ (table) ချည်း ပြန်ပြန်ကြည့်နေရရင်လည်း ခရီးမရောက်ဘူးပေါ့၊ အလီကို ကျက်လိုက်ရတယ်၊ ထို့အတူပဲ, ဒါကိုလည်းပဲ မှတ်မိအောင်လုပ်ပါ၊ မှတ်မိဖို့ မခဲယဉ်း ဘူးနော်၊ မင်းတစ်နေ့တည်း အကုန်မှတ်မိအောင် လုပ်ရမယ်ဆိုရင်တော့ ခဲယဉ်းတာ ပေါ့၊ တစ်နေ့ကို အဲဒီတစ်တန်းဆိုပါတော့၊ သို့မဟုတ်လည်း အခု သင်သလောက် လေးသာမှတ်သွား၊ ကျေအောင်တော့လုပ်သွား၊ နောင်ခါကျ ပြန်မျက်လုံး မှိတ်ပြီး စဉ်းစားတဲ့ခါကျတော့ တစ်ခါထဲ အကုသိုလ်စိတ်ဟော့လို့ ပြောလိုက်ရင် ဒီ ၁၂-လုံး တန်းပေါ်တော့တာပဲ၊ အနီလေး အပြာလေးပါ စိတ်ထဲမြင်လာတော့တာ၊ အဲဒါတော့ အထူးဂရုစိုက်ပြီးတော့ ကျေအောင်လုပ်, သိပ်အကျိုးရှိတယ်။

ကောင်းပြီ-အဲဒါ ပထမလေးလုံးက အနီ, ဒုတိယလေးလုံးက အပြာ, ကောင်းပြီ, ဒါက လောဘမူစိတ် ၈-ပါးတဲ့၊ နောက် ၂ ခုက ဒေါသမူစိတ် ၂-ပါး၊ ပထမစိတ်က ဒေါမနဿ သဟဂုတ၊ ဒေါမနဿဆိုတာ စိတ်ပျက်စီးခြင်းတဲ့။

စိတ်ပျက်တယ်ဆိုတဲ့ မြန်မာစကားလည်းရှိတယ်မဟုတ်လား၊ စိတ်ပျက်တယ်ဆိုတာ ဒေါမနဿကို ပြောတာ၊ ဒုဆိုတာ မကောင်းတာ, မနဆိုတာ စိတ်, ဒုမနဆိုတာ မကောင်းတဲ့စိတ်၊ မကောင်းတဲ့စိတ် ဖြစ်နေတာ, မကောင်းတဲ့စိတ် ရှိနေတာကို ဒေါမနဿလို့ခေါ်တယ်၊ အဲဒီတော့ ဒါဟာလည်းပဲ ဝမ်းနည်းတဲ့ခံစားမှု စိတ်မချမ်းသာတဲ့ ခံစားမှုကို ဒေါမနဿလို့ခေါ်တယ်၊ သောမနဿရဲ့ ဆန့်ကျင်ဘက်ပေါ့၊ သောမနဿကျတော့ ဝမ်းသာနေတယ်၊ ဒေါမနဿကျတော့ ဝမ်းနည်းနေတယ်,

စိတ်ပျက်နေတယ်၊ အဲဒါမျိုးတွေကို ဒေါမနဿလို့ ဆိုတယ်၊ အဲဒီ ဝေဒနာနှင့်တကွဖြစ်တဲ့စိတ်ဟာ ဒေါမနဿ သဟဂုတစိတ်။

နောက်တစ်ခုက ပဋိဃသမ္ပယုတ္တ, ပဋိဃဆိုတာ ပြစ်မှားခြင်းတဲ့၊ ပြစ်မှားခြင်းဆိုတာကတော့ ဦးဇင်းတို့ ပြန်ရိုးပြန်စဉ်၊ ပဋိဃဆိုတာထိခိုက်တာ၊ ဒိုင်းကနဲ သွားတိုက်တာမျိုးကို အဲဒါမျိုးကို ပဋိဃလို့ခေါ်တာ, ပဋိပက္ခမဟုတ်ဘူး ပဋိဃ၊ ဒါကို စာသုံးနှင့်ကျတော့ ပြစ်မှားခြင်းလို့ပြန်တယ်၊ အမှန်ကတော့ တိုက်ခိုက်တာ။

ပဋိဃဆိုတာ အမှန်ကတော့ ဒေါသရဲ့နာမည်တစ်မျိုးပဲ၊ ဒေါသနှင့် ဒေါမနဿ မတူဘူးနော်၊ အဘိဓမ္မာမှာအဲဒါမှတ်ထား၊ ဒါကြောင့်မို့ ဦးဇင်းသတိထား ပြောနေတာ၊ ဒေါသက စေတသိက်တစ်ခု၊ ဒေါမနဿက စေတသိက် တစ်ခု, ဒေါမနဿက ဝေဒနာခံစားမှု, ဒေါသက ပြစ်မှားတဲ့ ထိပါးတတ်တဲ့ သဘောတရား၊ မတူဘူး၊ ဟိုကခံစားမှု, ဒီတစ်ခုက သူများသွားရိုက်တာ။

ဆိုပါတော့, ပုတ်ခတ်တာမျိုး, ထိပါးတာမျိုး, အဲဒါဟာ ဒေါသ၊ ဒါပေမယ်လို့ ဒီ ဒေါမနဿနှင့် ဒေါသနဲ့က အမြဲတမ်း အတူတူဖြစ်တယ်၊ ကင်းပြီးတော့ မဖြစ်ဘူး၊ ဒီနှစ်ခုက အတူတူဖြစ်တယ်၊ ဒါကြောင့်မို့ ဒေါမသနဿ သဟဂုတ ပဋိဃ သမ္ပယုတ္တ အသင်္ခါရိက။

စိတ်ဆိုးတာလည်းပဲ တစ်ခါတလေကျတော့တိုက်တွန်းပြီး စိတ်ဆိုးရတာလဲ ရှိသေးတာကိုး၊ ရှိရင် သသင်္ခါရိက ဖြစ်သွားမယ်၊ သို့သော် များသောအားဖြင့်တော့ အသင်္ခါရိက ဖြစ်ကြမှာပါ၊ အသင်္ခါရိကနှင့် သသင်္ခါရိက ၂-မျိုးပေါ့။

တစ်ခုမှတ်ဖို့ကတော့ အဘိဓမ္မာသဘောအရ ဒေါသဆိုတာ ကြောက်တာကို လည်း ဒေါသထဲသွင်းတယ်၊ ဒေါသ ၂-မျိုးရှိတယ်၊ တက်ကြွတဲ့ဒေါသ, ဆုတ်နစ်တဲ့ ဒေါသ (active) ဒေါသနှင့် (passive) ဒေါသ၊ တက်ကြွတဲ့ဒေါသက ဒေါသ၊ ဆုတ်နစ်တဲ့ ဒေါသက ကြောက်တာ၊ ဒါကြောင့်မို့ ကြောက်တယ်ဆိုရင် ဒီစိတ်နှင့် ကြောက်တာ ဒေါသမူစိတ်နှင့်ကြောက်တာ၊ အဲဒါမှတ်ထား၊ တော်ကြာ ကြောက်တာ ရှာမတွေ့ပဲနေဦးမယ်၊ ဘယ်ထဲထည့်ရမှန်းမသိဘူး ဖြစ်နေဦးမယ်၊ စိတ်ညစ်တာ ကြောက်တာ၊ အင်္ဂလိပ်လို (depress)ဖြစ်နေတာမျိုးတွေဟာ အကုန်လုံး ဒေါမနဿ ဒီ နှစ်မျိုးထဲချည်းသွားတာပဲ။

သူကတော့ (experience) ပေါ့၊ ဝေဒနာ ခံစားမှုဆိုတာ အဲဒီ (experience) ကျတော့ ရှိတယ်၊ နဂိုစိတ်ကနေပြီးတော့ ပျက်စီးသွားတဲ့ စိတ်ကို ဒေါမနဿ ခေါ်တာကိုး၊ စိတ်ပျက်စီးသွားတာပေါ့၊ နဂိုအခြေအနေဆိုတာ ကောင်းတဲ့

စိတ်ပေါ့၊ ကောင်းတဲ့စိတ်ကနေ အခု စိတ်ညစ်တယ် (သို့မဟုတ်) စိတ်ဆိုးတဲ့ စိတ်ဖြစ်သွားတဲ့အခါကျတော့ ဒေါမနဿဖြစ်သွားတယ်၊ အဲဒီချိန်ခါမှာ ဒေါသနှင့်သွားပြီးတော့ ယှဉ်တယ်၊ ဒေါသဟာ (active) ဖြစ်တာပေါ့၊ ခုန ရိုက်တယ်ဆိုတာက (physically) သွားရိုက်တာကို မဆိုလိုဘူး၊ အာရုံကို ဒေါသနှင့် သွားရိုက်တာ၊ တစ်ခုခုကို ဒေါသဖြစ်တဲ့အခါကျတော့ ကိုယ့်စိတ်က သူ့ထိသလို မနေလား၊ အဲဒါပြောတာ၊ တစ်ခါတလေ သူများရဲ့ ဒေါသအရှိန်တောင်မှ ကိုယ့်ကို ခံစားရတာမျိုး ရှိတယ်မဟုတ်လား၊ တကယ်စိတ်ဆိုးလို့ စကားများကြပြီတို့ ဘာတို့ ဆိုရင်လေ။

အဲဒါကြောင့်မို့ ဟိုဟာကခံစားမှု၊ ဒါက ထိပါးမှု၊ အဲဒီလို ကွာတယ်၊ ဒါကြောင့်မို့ အဘိဓမ္မာမှာ ဒီတရားတွေဟာ အတူတူဖြစ်ပြီးတော့ သဘောတရားတစ်မျိုးစီ သူ့လက္ခဏာလေးတွေနှင့် ကွဲကွဲပြားပြားဖြစ်တာ၊ အဲဒါကို မြတ်စွာဘုရားမို့ ဒါတွေကို ဟောပြောနိုင်တာ, ရိုးရိုးပုဂ္ဂိုလ်က ပြောနိုင်ဖို့ရာ အများကြီး ခဲယဉ်းတယ်၊ သို့သော် တရားတကယ်ထိုင်လာတဲ့ခါကျတော့ ဒါတွေ တွေ့သလောက်တွေ့တယ်၊ မြတ်စွာဘုရားလောက်ကတော့ မမြင်နိုင်ဘူးပေါ့လေ၊ သို့သော် ကိုယ့်အတိုင်းအတာအရ ကိုယ့်သမာဓိနှင့် ဒါတွေဟာ မြင်လာတယ်၊ မြင်နိုင်တယ်။

ဒါကြောင့် ရှင်နာဂသိန်က မိလိန္ဒမင်းကြီးကို ပြောတဲ့အခါမှာ မြတ်စွာဘုရားဟာ အလွန်ခဲယဉ်းတဲ့အလုပ် လုပ်တယ်၊ အတူတကွဖြစ်နေတဲ့ သဘောတရားတွေကို အာရုံတစ်ခုထဲ အာရုံပြုပြီးတော့ အတူတကွဖြစ်နေတဲ့ သဘောတရားတွေကို ဒါကတော့ စိတ်ပဲ ဒါကတော့ တွေ့ထိမှုသဘောတရားလေး၊ ဒါကတော့ ခံစားမှုသဘောတရား, ဒါက မှတ်သားမှု သဘောတရား စသည်ဖြင့် ခွဲခြားပြီးတော့ ပြောနိုင်တယ်၊ သမုဒ္ဒရာထဲကရေကို လက်ခုပ်ထဲထည့်ပြီးတော့ ဒါက ဂင်္ဂါမြစ်ကရေ၊ ဒါက ယမုနာမြစ်ကရေလို့ ပြောရတာကမှ လွယ်သေးတယ်တဲ့၊ ခုန နာမ်သဘောတရားတွေ အတူတကွဖြစ်နေ ရာမှာ ဒါက စိတ်သဘောတရားပဲ, ဒါက တွေ့ထိမှုသဘောတရား၊ ဒါက ခံစားမှု သဘောတရားလို့ ပြောနိုင်ဖို့ရာ အလွန်ခဲယဉ်းတယ်၊ မြတ်စွာဘုရားမို့ ဟောနိုင်တယ်၊ အဲဒီ ဟောတာတွေကို (reserve) လုပ်ထားလို့ ဦးဇင်းတို့လည်း အခုထိအောင် ဆရာ အစဉ်ဆက်ကနေ ဆောင်လာလို့ သိခွင့်ရတာ၊ ဒီထက် နက်နက်နဲနဲသိဖို့ဆိုရင် အများကြီး ကျန်သေးတယ်။

နောက် ဒုတိယပိုင်းကျ စေတသိက်တွေကို လက္ခဏာအားဖြင့် ရသအားဖြင့်, ပစ္စုပဋ္ဌာန်အားဖြင့်, ပဒဋ္ဌာန်အားဖြင့် စသည်ဖြင့် (aspect)အမျိုးမျိုးဖြင့် ဒါတွေကို သိအောင်လုပ်ရမယ်၊ သိပ် စိတ်ဝင်စား စရာကောင်းတယ်၊ အဲဒါတွေဟာလေ

အထူးသဖြင့် ဟို (psychiatrie) တွေနှင့် (psychotherapist) သူတို့ကျတော့ ပိုပြီးတော့ အသုံးကျတယ်၊ ကိုင်း–ဒါက ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ်စိတ်နှစ်ခု, အဲဒီနှစ်ခုကိုတော့ အစိမ်း ခြယ်ချင်တယ်၊ ပထမလေးခုက အနီ, ဒုတိယလေးခုက အပြာ, နောက်နှစ်ခုက အစိမ်း။

ကိုင်း–မောဟမူစိတ် နှစ်ပါးသွားလိုက်ကြဦးစို့၊ မောဟမူစိတ်နှစ်ပါးက ဥပေက္ခာသဟဂတ ဝိစိကိစ္ဆာ သမ္ပယုတ္တစိတ်၊ ဥပေက္ခာနှင့် ဖြစ်တာတော့ အထူးပြောစရာမလိုဘူး၊ ဝမ်းမြောက်တာလည်း မဟုတ်ဘူး၊ ဝမ်းနည်းတာလည်း မဟုတ်ဘူး၊ အလယ်အလတ်ဝေဒနာ, ဘာနှင့်ယှဉ်သလဲဆိုရင် ဝိစိကိစ္ဆာ ယုံမှားခြင်းနှင့် ယှဉ်တယ်။

ယုံမှားတယ်ဆိုတာက မြတ်စွာဘုရားကို ယုံမှားတာ တရားကို ယုံမှားတာ၊ သံဃာကိုယုံမှားတာ, အကျင့်သိက္ခာကို ယုံမှားတာ, အဲဒါမျိုးကို ဆိုလိုတယ်၊ သာမည မဆုံးဖြတ်နိုင်တာမျိုးကို ဝိစိကိစ္ဆာလို့ မခေါ်ရဘူး၊ မော်တော်ကားမောင်းသွားလို့ ညာဘက်ကွေ့ရမှာလား,ဘယ်ဘက်ကွေ့ရမှာလား, မသိတာမျိုးကို ဝိစိကိစ္ဆာလို့ မဆိုဘူး မခေါ်ဘူး၊ မဆုံးဖြတ်နိုင်တာတော့ မဆုံးဖြတ်နိုင်တာပဲ၊ ဒါပေမယ်လို့ အကုသိုလ်ဝိစိကိစ္ဆာ မဟုတ်ဘူး။

ဒီမှာပြောတဲ့ ဝိစိကိစ္ဆာက ခုနလို ဘုရားရှိခဲ့တာ တကယ်ဟုတ်မဟုတ်ရဲ့လား၊ ဘုရားဟာ သဗ္ဗညုတဉာဏ်ရှိတယ်ဆိုတာ ဟုတ်မဟုတ်ရဲ့လား, ဘုရားဟောတဲ့ သစ္စာလေးပါး တရားတွေ ဟုတ်မဟုတ်ရဲ့လား, သံဃာဆိုတာ မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို လိုက်နာကျင့်ကြံပြီးတော့ ကိလေသာ ကင်းတယ်ဆိုတာ ဟုတ်မဟုတ်ရဲ့လား စသည်ဖြင့် အဲဒီလို ယုံမှားတာ မဆုံးဖြတ်နိုင်တာမျိုးကို ဝိစိကိစ္ဆာလို့ခေါ်တယ်၊ သစ္စာလေးပါးမှာ ယုံမှားတွေဝေတယ်, ပဋိစ္စသမုပ္ပါဒ်မှာ ယုံမှားတွေဝေတယ် စသည်ဖြင့် အဲဒါကို ဝိစိကိစ္ဆာလို့ခေါ်တယ်၊ အဲဒီ ဝိစိကိစ္ဆာနှင့် တကွဖြစ်ရင် သူ့ကို ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်။

နောက်တစ်ခုကတော့ ဥဒ္ဓစ္စသမ္ပယုတ်စိတ်၊ ဥဒ္ဓစ္စဆိုတာက ဦးဇင်းတို့ဘာသာပြန်တဲ့ခါကျတော့ ပျံ့လွင့်ခြင်းလို့ ပြန်တယ်၊ ဥဒ္ဓစ္စမှာ ဥဒ်ရယ်၊ ဓစ္စရယ်၊ ဥဒ်ဆိုတာက အထက်လို့ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ဓစ္စဆိုတာက လှုပ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်၊ အထက်မှာ လှုပ်နေတယ်ဆိုတာ စိတ်က အာရုံနှင့် သွားပြီးတော့ ကပ်မနေဘဲနှင့် ဟိုလိုလို ဒီလိုလို ဖြစ်နေတာ၊ အဲဒါကို ဥဒ္ဓစ္စဖြစ်တယ်ခေါ်တာ၊ အာရုံကို ရှင်းရှင်းလင်းလင်းမမြင်ဘူး၊ စိတ်နှင့်အာရုံပြုကြည့်လိုက်ရင်ကို ရှင်းရှင်းလင်းလင်း မမြင်ဘူး၊ စိတ်နှင့် အာရုံနှင့် ကပ်မနေဘူး၊ အဲဒါ ခဏခဏ ဖြစ်တတ်

တယ်၊ အထူးသဖြင့် တရားထိုင်တဲ့ အခါဖြစ်တတ်တယ်၊ အဲဒါ ဥဒ္ဓစ္စလို့ခေါ်တယ်၊ မြန်မာလိုကျတော့ ပျံ့လွင့်ခြင်း။

အထူးသဖြင့် ဘယ်လိုခါမှာ ဖြစ်တတ်တုန်း ဆိုရင် ဝီရိယ လိုတာထက် ပိုပြီးတော့ အားထုတ်မိတဲ့အခါမျိုးမှာ တရားထိုင်တဲ့ခါမှာ ဖြစ်တတ်တယ်၊ တစ်ခါတလေ တရားထိုင်တဲ့အခါကျတော့ နည်းနည်းမှတ်လို့လဲ ကောင်းလာ၊ ကောင်းလာတော့ ကိုယ်က လောဘလေးဖြစ်လာ၊ ကိုယ့်ဟာ ပိုကောင်းအောင် လုပ်ချင်လာတော့ ပိုပြီးတော့ ကြိုးစားလိုက်တာပေါ့၊ ပိုလည်း ကြိုးစားလိုက်ရော စိတ်နှင့် အာရုံနှင့် ကွာသွားရော၊ စေးစေးပိုင်ပိုင် မရှိဘူးပေါ့၊ အဲဒါမျိုးကို ဥဒ္ဓစ္စလို့ ခေါ်တယ်၊ ဒါကို ဦးဇင်းတို့ပြန်တော့ ပျံ့လွင့်ခြင်းလို့ ပြန်တယ်။

ကျမ်းဂန်တွေမှာ ဥပမာပေးတာကတော့ ပြာပုံကြီးထဲကို ခဲပစ်ထည့်လိုက်တဲ့ခါကျတော့ ပြာတွေ ထလာရော၊ အာရုံကို ကွဲကွဲပြားပြား မမြင်တော့ဘူး၊ အဲဒါမျိုးကို ဥဒ္ဓစ္စလို့ ခေါ်တယ်၊ ဒါကြောင့်မို့ အဲဒီလို ဖြစ်နေရင် ဥဒ္ဓစ္စနှင့် ယှဉ်တဲ့စိတ်ဖြစ်နေတာ၊ ဝီရိယလွန်ရင် ဥဒ္ဓစ္စဖြစ်တယ်လို့ ဦးဇင်းတို့ စကားရှိတယ်၊ ကျမ်းဂန်အဆိုအရ ဝီရိယလွန်သော် ဥဒ္ဓစ္စ၊ ဒါကြောင့်မို့ ဝီရိယကိုလည်း မလွန်စေရဘူး၊ နည်းလည်း မနည်းစေရဘူး၊ များလည်းမများစေရဘူး၊ အနေတော်လေး အားထုတ်ပေးရမယ်၊ အဲဒီလို အနေတော်လေး အားထုတ်ပေးရင် ဥဒ္ဓစ္စမှ ကင်းတယ်ပေါ့၊ သို့မဟုတ်ရင် ဥဒ္ဓစ္စ ဖြစ်တယ်။

ကိုင်း...ဒါက ဘာတုန်း, ဥပေက္ခာသဟဂတ ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်တစ်ခု၊ ဥပေက္ခာသဟဂတ ဥဒ္ဓစ္စ သမ္ပယုတ်စိတ်တစ်ခု, နှစ်ခု၊ ဒါက မောဟမူစိတ်၊ လောဘမူစိတ်က လောဘ မောဟနှင့် အတူဖြစ်တယ်၊ ဒေါသမူစိတ်က ဒေါသ မောဟနှင့်အတူတကွဖြစ်တယ်၊ မောဟမူစိတ်ကျတော့ မောဟသက်သက်နှင့်သာ အတူတကွ ဖြစ်တယ်၊ လောဘလည်း မပါတော့ဘူး၊ ဒေါသလည်း မပါတော့ဘူး။

အဲဒီတော့ အကုသိုလ်စိတ် ၁၂-ခု လုံးဟာ မောဟနှင့်အတူတူဖြစ်တယ်၊ ၈-ခုက လောဘမောဟနှင့် ဖြစ်တယ်၊ ၂-ခုက ဒေါသမောဟနှင့် ဖြစ်တယ်၊ နောက်ဆုံး ၂-ခုက မောဟသက်သက်နှင့်သာ ဖြစ်တယ်၊ အားလုံးပေါင်းလိုက်တော့ အကုသိုလ်စိတ် ၁၂-ခု၊ အကုသိုလ်စိတ် ၁၂-ပါးလို့ ခေါ်ရတယ်၊

ဦးဇင်းတို့ အခု လောကမှာ မကောင်းတာတွေဖြစ်နေတယ်၊ မကောင်းတာတွေ လုပ်နေတယ်၊ ဒီစိတ် ၁၂-ခုထဲက တစ်ခုခုနှင့်ချည်း လုပ်နေကြတာ၊ တိုက်တယ်, ခိုးတယ်, ဘာတယ်, ညာတယ်, စိတ်ဆိုးတယ်, တွေဝေတယ်, စိတ်ပျံ့လွင့်

ဥဒ္ဒစ္စဖြစ်တယ်, ဘာဖြစ်နေနေ၊ ဒီ ၁၂–ခုထဲက တစ်ခုခုနှင့်ချည်း ဖြစ်နေတာ။

မောဟတော့ ပါတယ်၊ သို့သော် တစ်ခါတလေကျတော့ ဘယ်လိုဖြစ်တတ်တုန်း၊ မောဟတော့ ပါတယ်ဆိုရမှာပဲလေ၊ ဝင့်ပါတဲ့ ပုဂ္ဂိုလ်တွေ ကျတော့လဲ ဘယ်လိုသင်လို့မှ မတတ်နိုင်ဘူး၊ သို့သော် မောဟမပါပဲနှင့် ရိုးရိုး အားနည်းတဲ့ ကုသိုလ်စိတ်မျိုးလည်း ဖြစ်နိုင်တယ်၊ တွေဝေတာတော့ မဟုတ်ဘူး၊ သို့သော် နားမလည်နိုင်တာ တစ်ခါတလေကျတော့ (avarage) လူတွေပဲ ပြောကြစို့၊ ကိုယ်မကျွမ်းကျင်တဲ့ ဘာသာရပ်အကြောင်း လာပြောရင် ဘယ့်နှယ်လုပ်မလဲ, ဒါတော့ မောဟလို့ ပြောဖို့ မလွယ်ဘူး။

ဆိုပါတော့, ကိုယ်က တတ်ထားတာက စာရင်းအင်းတတ်ထားတယ်၊ ဆေးပညာနှင့်လာပြီးတော့စကားပြောမယ်၊ ကိုယ်နားလည်မှာမဟုတ်ဘူး၊ အင်ဂျင်နီယာစကားနှင့် လာပြောမယ်၊ ကိုယ် နားလည်မှာ မဟုတ်ဘူး၊ အဲဒါကျတော့ တွေဝေတာ မဟုတ်နိုင်ဘူး၊ ဒါကတော့ ကိုယ့်နယ်မဟုတ်လို့ မသိတာ ကိုယ်လေ့လာထားတဲ့ ပညာရပ် မဟုတ်လို့ မသိတာ, အဲဒါ အကုသိုလ်လို့ မခေါ်နိုင်ဘူး။

အခုဟာက ဘုရား, တရား, သံဃာကို ယုံမှားတွေဝေသလား၊ စိတ်ဟာ အာရုံနှင့် ကပ်မနေပဲနှင့် ကွာပြီးတော့ ဟိုရောက်ရောက် ဒီရောက်ရောက် ဖြစ်နေသလား၊ အဲဒါကျတော့ မောဟမူလပေါ့၊ ဟိုဟာကျတော့ မောဟလို့ မဆိုနိုင်ဘူး၊ အဲသလို ခေါ်ရမယ်ဆို ဘယ်သူမှ မောဟကင်းမှာ မဟုတ်ဘူး၊ ရဟန္တာတွေတောင် မောဟကင်းမှာ မဟုတ်ဘူး၊ ကိုယ့်ပါရမီနှင့်ကိုယ်လာတာ။

ဒီလူတစ်ယောက်က ဆရာဝန်ဖြစ်တယ်၊ ဒီလူတစ်ယောက်က အင်ဂျင်နီယာဖြစ်တယ်၊ နောက်တစ်ယောက်က (accountant) ဖြစ်မယ် စသည်ဖြင့်ပေါ့လေ၊ ကိုယ့်နောက်ဘဝက ပါရမီအလိုက် ဖြစ်ကြတာ၊ မသိတိုင်း မောဟတော့ မဟုတ်ဘူး၊ မဆုံးဖြတ်နိုင်တိုင်း ဝိစိကိစ္ဆာ မဟုတ်ဘူး၊ လမ်း ဘယ်ချိုးရမှန်း မသိတာနှင့် ဝိစိကိစ္ဆာထင်ပြီး စိတ်ညစ်နေဦးမယ်။

အမှန်ကတော့ မှီရာလည်းရှိရမယ်၊ အာရုံလည်း ရှိရမယ်၊ မှန်ဘီလူးနှင့် နေရောင်ကို စုလိုက်တဲ့အခါ ဟိုမှာ မီးသွားတောက်တယ်၊ နေရောင်လည်း ရှိရတယ်၊ မှန်ဘီလူးလည်းရှိတယ်၊ လောင်စာလည်းရှိရတယ်၊ အဲဒီအခါမှာ မီးထတောက်တယ်၊ ထို့အတူပဲ စိတ်တစ်ခုဖြစ်ဖို့ အာရုံလိုတယ်, မှီရာလိုတယ်, မှီရာဆိုတာဘာလဲ, မြင်တဲ့စိတ်ဖြစ်ဖို့ဆိုရင် မျက်လုံးရှိရမယ်၊ မျက်လုံးမရှိရင် မြင်တဲ့စိတ်မဖြစ်ဘူး၊ ကြားတဲ့စိတ် ဖြစ်ဖို့ဆိုရင် နားရှိရမယ်၊ မြင်တဲ့စိတ် ဖြစ်ဖို့ဆိုရင်မြင်စရာ

(sight) ရှိရမယ်၊ ကြားတဲ့စိတ်ဖြစ်ဖို့ဆိုရင် အသံရှိရမယ်။

ဒါကြောင့် မြတ်စွာဘုရားကဟောတယ်၊ စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ မျက်လုံးကို အမှီပြု၍လည်းကောင်း, ရူပါရုံတို့ကို အမှီပြု၍လည်းကောင်း (ရူပါရုံဆိုတာ မြင်နိုင်တဲ့ဟာ) မြင်သိစိတ်ဖြစ်တယ်၊ အဲဒီ သုံးခုတွေ့လိုက်တာနှင့် တပြိုင်နက် (contact) ဆိုတဲ့ ဖဿကလည်း ပေါ်လာတယ်၊ ပြီးတော့ ဝေဒနာတို့ ဘာတို့ပါ တစ်ခါထဲ ပေါ်လာတယ်။

စိတ်တစ်ခုဖြစ်ဖို့ရာမှာ အာရုံနှင့် မှီရာ လူ့ဘုံ, နတ်ဘုံ ရူပါဝစရ ဗြဟ္မာဘုံ အနေနှင့် ပြောရင် အဲဒါ မှီရာရှိရတယ်၊ စေတသိက်က နောက်မလိုက်ဘူး၊ စိတ်ဖြစ်ရာနှင့် တစ်ပြိုင်နက် စေတသိက် ဖြစ်တာပဲ။

ဆိုပါတော့,နေပူထဲ လူထွက်လိုက်တာနှင့် အရိပ်ကလည်း တစ်ခါထဲ ပေါ်တာပဲ၊ အရိပ်က နောက်မှ လာတာမဟုတ်ဘူး၊ တစ်ပြိုင်နက် ပေါ်တာမျိုးလိုပဲ၊ စိတ်နှင့် စေတသိက်နှင့်က တစ်ပြိုင်နက်သောခဏမှာ အတူတူဖြစ်တာ၊ အတူတူဖြစ်ပေမယ် လို့ စိတ်က ရှေ့သွားလို့, ခေါင်းဆောင်လိုနေတော့ သူ့ကို ပဓာနထားတယ်၊ အမှန်ကတော့ စိတ်ချည်းဖြစ်မယ်ကွာ, မင်းတို့ စေတသိက်တွေ မဖြစ်နှင့်လို့ ပြောလို့မရဘူး၊ စိတ်ဖြစ်တယ်ဟေ့ဆိုရင် အမှန်ကတော့ စေတသိက်လည်း ဖြစ်တော့တာပဲ၊ ဒါပေမယ်လို့ စိတ်က ရှေ့က မားမားနေသလိုပေါ့။

စစ်တိုက်တဲ့ခါကျတော့ စစ်ဗိုလ်နှင့် စစ်သားဟာ အတူတူတိုက်ရပေမယ်လို့ စစ်ဗိုလ်ဟာ စစ်ဗိုလ်ပဲ၊ သူ့စစ်ဗိုလ်လို့ ခေါ်ရတာ၊ တိုက်တော့ အတူတူတိုက်ရတာ၊ အဲဒါမျိုးပေါ့၊ အဲဒါကြောင့်မို့ ဒီစိတ်တွေဟာ ဘယ်ကပေါ်လာသလဲ၊ ဘာကြောင့်ဖြစ်လာသလဲလို့ မေးရင် ခုနလိုပဲ မီးဘယ်ကလာ တုန်းမေးရမယ်။

မီးခြစ်လိုက်တယ်၊ မီးဘယ်ကလာသလဲ၊ ဒီမီးတွေဟာ ယမ်းထဲမှာရှိသလား၊ မီးခြစ်ထဲမှာရှိသလား၊ ဘယ်မှာမှမရှိဘူး၊ သို့သော် အကြောင်းတိုက်ဆိုင်လို့ ခြစ်လိုက်တဲ့ခါကျတော့ ရှဲကနဲ တောက်လာ မီးပေါ်လာတယ်၊ ထို့အတူပဲ, စိတ် ဘယ်မှာထားသလဲ၊ ဘယ်မှာနေလဲ မသိဘူး၊ သို့သော် အကြောင်းတိုက်ဆိုင်လာပြီ မြင်စရာ အာရုံလည်းရှိလာပြီ၊ မျက်စိကလည်း ဖွင့်ကြည့်လိုက်တယ် ဆိုပါတော့၊ ဒီနှစ်ခုတိုက်ဆိုင်လာတဲ့ခါကျတော့ ရှောင်လို့ကိုမရဘူး၊ မြင်သိစိတ်ကပေါ်လာ တော့တာပဲ၊ ဘယ်သူကမှ ခိုင်းရတာ မဟုတ်ဘူး ဘယ်သူကမှ ဖန်ဆင်းရတာမဟုတ်ဘူး၊ အလိုလို ပေါ်လာတော့တာပဲ။

## အဟိတ်စိတ် ၁၈–ပါး

### အကုသလဝိပါက်စိတ် ၇–ပါး

| | | | |
|---|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ | စက္ခုဝိညာဏ စိတ် | (၁၃) |
| ၂။ | ။ | သောတဝိညာဏ စိတ် | (၁၄) |
| ၃။ | ။ | ဃာနဝိညာဏ စိတ် | (၁၅) |
| ၄။ | ။ | ဇိဝှါဝိညာဏ စိတ် | (၁၆) |
| ၅။ | ဒုက္ခသဟဂုတ | ကာယဝိညာဏ စိတ် | (၁၇) |
| ၆။ | ဥပေက္ခာသဟဂုတ | သမ္ပဋိစ္ဆနစိတ် | (၁၈) |
| ၇။ | ။ | သန္တီရဏ စိတ် | (၁၉) |

### အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး

| | | | |
|---|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ | စက္ခုဝိညာဏစိတ် | (၂၀) |
| ၂။ | ။ | သောတဝိညာဏ စိတ် | (၂၁) |
| ၃။ | ။ | ဃာနဝိညာဏ စိတ် | (၂၂) |
| ၄။ | ။ | ဇိဝှါဝိညာဏ စိတ် | (၂၃) |
| ၅။ | သုခသဟဂုတ | ကာယဝိညာဏ စိတ် | (၂၄) |
| ၆။ | ဥပေက္ခာသဂဟဂုတ | သမ္ပဋိစ္ဆန စိတ် | (၂၅) |
| ၇။ | သောမနဿ သဟဂုတ | သန္တီရဏ စိတ် | (၂၆) |
| ၈။ | ဥပေက္ခာသဟဂုတ | သန္တီရဏ စိတ် | (၂၇) |

### အဟိတ်ကြိယာ စိတ် ၃–ပါး

| | | | |
|---|---|---|---|
| ၁။ | ဥပေက္ခာ–သဟဂုတ | ပဉ္စဒွါရာဝဇ္ဇန စိတ် | (၂၈) |
| ၂။ | ။ | မနောဒွါရာဝဇ္ဇန စိတ် | (၂၉) |
| ၃။ | သောမနဿ–သဟဂုတ | ဟသိတုပ္ပါဒ စိတ် | (၃၀) |

| | | |
|---|---|---|
| စက္ခုဝိညာဏ | – | မြင်သိ၊ |
| သောတဝိညာဏ | – | ကြားသိ၊ |
| ဃာနဝိညာဏ | – | နံ့သိ၊ |
| ဇိဝှါဝိညာဏ | – | လျှာ၊ အရသာ သိ၊ |

ကာယဝိညာဏ – ထိသိ၊
သမ္ပဋိစ္ဆန – လက်ခံ၊
သန္တီရဏ – စုံစမ်း
ပဉ္စဒွါရာဝဇ္ဇန – ငါးဒွါရ၌ဆင်ခြင်၊
မနောဒွါရာဝဇ္ဇန – မနောဒွါရ၌အဆင်ခြင်၊
ဟသိတုပ္ပါဒ – ရယ်ခြင်းကို ဖြစ်စေတတ်၊
ဒုက္ခသဟဂတ – ဆင်းရဲခြင်းနှင့်တကွဖြစ်၊
သုခ – ချမ်းသာခြင်း။

# အဘိဓမ္မာသင်တန်း [၄]

## စိတ်ပိုင်း(၄)

### အဟိတ်စိတ် (၁၈) ပါး

ဒီနေ့ ဩဂုတ်လ ၂၅-ရက် လွန်ခဲ့တဲ့ အပတ်က အကုသိုလ်စိတ် ၁၂-ပါးကို လေ့လာခဲ့ကြတယ်၊ အကုသိုလ်စိတ် ၁၂-ပါးမှာ လောဘမူစိတ်က ၈-ပါး၊ ဒေါသမူစိတ်က ၂-ပါး၊ မောဟမူစိတ်က ၂-ပါး၊ လောဘမူစိတ်ဆိုတာ လောဘ မောဟနှင့်တကွ ဖြစ်တယ်၊ ဒေါသမူလစိတ်ဆိုတာ ဒေါသမောဟနှင့်တကွဖြစ်တယ်။ မောဟမူစိတ်ဆိုတာ မောဟတစ်ခုထဲနှင့်ဖြစ်တာ၊ အဲဒီစိတ် ၁၂-ပါးမှာ သောမနဿ ဝေဒနာနှင့်တကွဖြစ်တာ ၄-ပါး ဥပေက္ခာဝေဒနာနှင့်တကွဖြစ်တာ ၆-ပါး၊ ဒေါမနဿ ဝေဒနာနှင့်တကွဖြစ်တာက ၂ ပါး။

တိုက်တွန်းခြင်းမရှိတာ အသင်္ခါရိက ၅-ပါး၊ တိုက်တွန်းခြင်းရှိတဲ့သသင်္ခါရိက ၅-ပါး၊ နောက်ဆုံး ၂-ခုက အသင်္ခါရိကလို့လည်း မဆိုရဘူး, သသင်္ခါရိကလို့လည်း မဆိုရဘူး၊ ဒီအတိုင်းပဲ အလွတ်ထားရတယ်၊ တကယ်လို့ မဖြစ်မနေ ထည့်ချင်တယ်ဆိုရင် အသင်္ခါရိကထဲထည့်၊ သူက အသင်္ခါရိက, သသင်္ခါရိက အကွဲအပြားမရှိဘူး၊ ဒီမောဟမူစိတ်မှာ သူက တွေဝေထိုင်းမှိုင်းတဲ့စိတ်ဆိုတော့ ပိုပြီးတော့ ထက်တယ်, ပိုပြီးတော့ မထက်ဘူးရယ်လို့မရှိဘူး၊ မထက်တာချည်းပဲ၊ သူ အလွတ် ထားရတယ်၊ ဟို နောက်ဘုံပိုင်းကျတော့ ပြန်ပြီးတော့တွေ့မယ်၊ သူ့ကို ဒီ ၂-ခုက အလွတ်ထားတဲ့

အကြောင်းတွေ ဘာတွေပေါ့လေ၊ နောက် အဲဒီကျတော့မှ သိကြတော့၊ အခုလှမ်းပြော နေရရင် ဟိုဟာမသိတော့ နားမရှင်းပဲနေလိမ့်မယ်။

အကုသိုလ်စိတ် ၁၂–ပါး ဟိုနေ့က လေ့လာပြီးပြီ၊ အဲဒီနေ့တုန်းက စိတ်ကို အကြမ်းဖျင်းအားဖြင့် ခွဲလိုက်တဲ့ခါမှာ ဘုံအားဖြင့် ခွဲလိုက်တယ်၊ ကာမာဝစရစိတ်၊ ရူပါဝစရစိတ်, အရူပါ ဝစရစိတ်, လောကုတ္တရာစိတ်ဆိုပြီးတော့၊ ဒီနေ့ နောက်ထပ် တစ်မျိုး ခွဲဦးမယ်၊ ဒါက ပါဠိစကားဖြင့်ပြောရင် ဇာတ်အားဖြင့် ခွဲခြားတယ်လို့ဆိုတယ်၊ ဇာတ်ဆိုတာ အမျိုးပေါ့လေ၊ စိတ်အမျိုးအစားအားဖြင့် ခွဲခြားတော့ ကုသိုလ်စိတ်, အကုသိုလ်စိတ်, ဝိပါက်စိတ်, ကြိယာစိတ်တဲ့, လေးမျိုးတစ်ခါခွဲတယ်။

အကုသိုလ်စိတ်ဆိုတာ အပြစ်နှင့်တကွ ဖြစ်ခြင်း, မကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာရှိတယ်။

ကုသိုလ်စိတ်ဆိုတာက အပြစ်မရှိခြင်း, ကောင်းသောအကျိုးကိုပေးခြင်း, လက္ခဏာနှစ်ပါးနှင့် ပြည့်စုံတဲ့စိတ်, သူတို့က (active) ဖြစ်တဲ့စိတ်တွေပေါ့လေ။

ဝိပါက်စိတ်ဆိုတာက အကျိုးဖြစ်တဲ့စိတ်တွေလို့ ဆိုလိုတယ်၊ ပါဠိစကား ဝိပါကဆိုတာ အင်္ဂလိပ်လိုပြန်တော့ (resulant) အဲသလိုပြန်တယ်၊ အကျိုးလို့ ဆိုလိုတယ်၊ နောက်ဘဝတွေက ပြုခဲ့တဲ့ကံကြောင့် ဒီဘဝမှာ ဒီစိတ်တွေ လာဖြစ်တာ၊ နောက်ဘဝကပြုခဲ့တဲ့ ကံတစ်ခုခုကြောင့် ဒီဘဝမှာ လာပြီးတော့ ဖြစ်တဲ့စိတ်တွေကို ဝိပါက၊ ဝိပါက်စိတ်လို့ခေါ်တယ်၊ ဝိပါက်စိတ်ဆိုတာ သူများက ပစ်ချလိုက်လို့ ဖြစ်ရတဲ့ စိတ်တွေဖြစ်တဲ့အတွက်ကြောင့်မို့ သူတို့ကိုယ်တိုင်မှာ ဗျာပါရ, ထထကြွကြွ ရယ်လို့ မရှိဘူး၊ သူတို့က ငြိမ်တဲ့သဘောရှိတယ်၊ ဒါကြောင့် ဝိပါက်စိတ်တွေက နောက်ထပ်အကျိုးမပေးတော့ဘူး၊ သူတို့ကိုယ်တိုင်က အကျိုးဖြစ်နေတယ်၊ သူတို့က အကျိုးပေးတဲ့စိတ်ထဲမပါဘူး။

ကြိယာစိတ်ဆိုတာကတော့ ကြိယာဆိုတာ ပါဠိစကားမှာပြုခြင်းဆိုတဲ့ အဓိပ္ပါယ် ရှိတယ်၊ ပြုခြင်းဆိုတာ ပြုခါမတ္တပဲလို့ ဆိုလိုတယ်၊ ပြုတော့ ပြုတယ်, ပြုတဲ့အတွက် ကြောင့်မို့တော့ အကျိုးမရှိတော့ဘူး အကျိုးမပေးတော့ဘူး၊ ဖြစ်ခါမတ္တ ပြုခါမတ္တ ဖြစ်တဲ့စိတ်မျိုးကို ကြိယာစိတ်လို့ခေါ်တယ်၊ အဲဒီ ကြိယာစိတ်က စိတ် ၂–ခုက လွဲရင် ဘုရားရဟန္တာမှာသာဖြစ်တယ်၊ အောက်တန်းအရိယာနှင့် ပုထုဇဉ်မှာကြိယာ စိတ်ဆိုတာ မဖြစ်ဘူး။

ကြိယာစိတ်အများကြီးရှိတဲ့အနက်က ၂– ခုကတော့ဖြင့် ပုထုဇဉ်မှာလည်း ဖြစ်တယ်၊ အရိယာမှာလည်းဖြစ်တယ်၊ ဘုရားရဟန္တာမှာလည်းဖြစ်တယ်၊ ကျန်တဲ့

၁၈–ခုကတော့ ဘုရားရဟန္တာမှာသာဖြစ်တယ်၊ ဘုရားရဟန္တာမှာဖြစ်တော့ မြတ်စွာဘုရား ရဟန္တာတို့မှာ ကုသိုလ်ဆိုတာလည်း မရှိဘူး၊ အကုသိုလ်ဆိုတာလည်းမရှိဘူး။

ဒါကြောင့်မို့–ဆိုပါတော့ ဦးဇင်းတို့အနေနှင့် ဘုရားရှိခိုးတယ်, တရားဟောတယ်၊ အခုလို စာသင်ပေးတယ်, ကုသိုလ်စိတ်တွေဖြစ်တယ်၊ ရဟန္တာတစ်ပါးက ဘုရားရှိခိုးတယ်၊ တရားဟောတယ်၊,အခုလို စာသင်ပေးတယ်၊ ကုသိုလ်မဖြစ်ဘူး၊ ကုသိုလ်မရဘူး၊ ဘာကြောင့်တုန်း, ရဟန္တာမှာက ကုသိုလ်,အကုသိုလ်ကို ဖြစ်စေတတ်တဲ့ မူလအမြစ်သဘောတရားတွေကို အကုန်လုံး ပယ်ထားပြီးသားဖြစ်နေပြီ၊ ရဟန္တာက ကောင်းတာလုပ်ပေမယ်လို့ ကုသိုလ်လို့ မခေါ်ရတော့ဘူး, ကြိယာလို့ ခေါ်ရတယ်၊ ဒီစိတ်တော့ ဒီစိတ်ပဲ, ဘုရားရှိခိုးတယ်, တရားဟောတယ်, ပုထုဇဉ်ဟောလည်း ဒီစိတ်ပဲ၊ ရဟန္တာဟောလည်း ဒီစိတ်ပဲ၊ ပုထုဇဉ်က ဒါတွေလုပ်တော့ ကုသိုလ်ရတယ်၊ ရဟန္တာကျတော့ ကုသိုလ်မဟုတ်တော့ဘူး, ကြိယာလို့ ခေါ်တော့တယ်၊ ကြိယာဆိုတော့ သူကပြုခါမျှပဲ, ဒီလိုပြုတဲ့အတွက်ကြောင့်မို့ နောက်ထပ် အကျိုးမပေးတော့ဘူး၊ အဲဒီလိုစိတ် လေးမျိုးရှိတယ်၊ ကုသိုလ်စိတ် အကုသိုလ်စိတ် ဝိပါက်စိတ်, ကြိယာစိတ်။

အကုသိုလ်စိတ်ကို ဟိုအပတ်ကလေ့လာခဲ့ပြီ၊ ဒီအပတ်လေ့လာမှာက ဝိပါက်စိတ်နှင့် ကြိယာစိတ်အချို့ လေ့လာလိမ့်မယ်၊ ဒီနေ့လေ့လာမယ့် စိတ် အားလုံးကို အဟိတ်စိတ်လို့ ခေါ်တယ်၊ အဟိတ်စိတ်အားလုံး ၁၈–ပါးရှိတယ်၊ ဟိတ်ဆိုတဲ့ စကားလုံး ပထမနားလည်ရလိမ့်မယ်၊ ဟိတ်ဆိုတာ ဟေတုကလာတာ၊ မြန်မာစကားမှာ ဒီလူ ဟိတ်ကြီးတယ် ဘာတယ်ဆိုတဲ့ စကားနှင့် သွားမစပ်နှင့်,ဟန်များတဲ့လူကို ဒီလူ ဟိတ်ကြီးတယ်လို့ ပြောနေကြတာ။

ဒီမှာ ဟိတ်ဆိုတာက မူလ အရင်းအမြစ်ကို ဆိုလိုတာ (root) ဟိတ် ၆–ပါးရှိတယ်တဲ့၊ လောဘရယ်, ဒေါသရယ်, မောဟရယ်, သူတို့က အကုသိုလ်ဟိတ် ပြီးတော့ သူရဲ့ ဆန့်ကျင်ဘက် အလောဘရယ်, အဒေါသရယ်, အမောဟရယ်, သူကတော့ အကုသိုလ်မဟုတ်တဲ့ ကုသိုလ်တို့ အဗျာကတတို့ခေါ်တယ်၊ ဟိတ် ၆–ပါး ရှိတယ်၊ အဲဒီဟိတ် ၆–ပါးနှင့် တွဲပြီးတော့ မဖြစ်တဲ့စိတ်ကို အဟိတ်စိတ်လို့ ခေါ်တယ်။

ဒီအဟိတ်စိတ်တွေ ဖြစ်တဲ့အခါမှာ ခုန ဟိတ် ၆–ပါးတစ်ခုမှ အတူတူမဖြစ်ဘူး၊ ကုသိုလ်စိတ်တွေ ဖြစ်တဲ့အခါကျတော့ ခုန လောဘဆိုတဲ့ဟိတ်တွေဖြစ်တယ်၊ လောဘမူစိတ် ဖြစ်တဲ့အခါကျ ကြည့်ပါလား၊ လောဘဟိတ်ဖြစ်တယ်, မောဟ

ဟိတ်ဖြစ်တယ်, ဒေါသမူစိတ်ဖြစ်တဲ့အခါကျတော့ ဒေါသဟိတ်ဖြစ်တယ်, မောဟဟိတ်ဖြစ်တယ်၊ မောဟမူစိတ် ဖြစ်တဲ့အခါကျ မောဟဟိတ်ဖြစ်တယ်, ဒီနေ့ လေ့လာမယ်။

ဒီစိတ်တွေဖြစ်တဲ့အခါကျတော့ ဒီဟိတ်တွေ တစ်ခုမှ မပါဘူး၊ ဒါကြောင့်မို့ သူတို့ကို အဟိတ်စိတ်၊ အဆိုတာ မရှိတာ မဟုတ်တာ, ဒီနေရာမှာ မရှိတာ ဟိတ်, မရှိတဲ့စိတ်, ဟိတ်နှင့် မယှဉ်တဲ့စိတ်လို့ ဆိုလိုတာယ်၊ အင်္ဂလိပ်လို ဒါကို rootless လို့ ဘာသာပြန်တယ်။

ဟိတ်နှင့် မယှဉ်တာကို အဟိတ်လို့ခေါ်တယ်၊ ဟိတ်ကြောင့် မဖြစ်တာကို အဟိတ်လို့ခေါ်တာ မဟုတ်ဘူး၊ သူတို့က ဝိပါက်စိတ်တွေ အကျိုးတွေဆိုတော့ ဒီစိတ်တွေဟာ တခြား ကုသိုလ်ဟိတ်တွေကြောင့် ဖြစ်တာ, အကုသိုလ်ဟိတ်တွေကြောင့်ဖြစ်တာပေါ့၊ သူတို့ကိုယ်၌က ဒီဟိတ်တွေနှင့် မယှဉ်တဲ့ အတွက်ကြောင့်သာ သူတို့ကို အဟိတ်စိတ်လို့ခေါ်တာ။

ဟေတုကို (cause) လို့လည်းပြန်တယ်မဟုတ်လား၊ ဟေတု (cause) လို့ ပြန်တော့ အဟေတု (No cause, causeless) စိတ်ဆိုတဲ့ အဓိပ္ပါယ်မျိုး ရောက်သွားတတ်တယ်။ (course less) မဟုတ်ဘူး၊ ဒါက (Not accompanied by, not concomitant with) ဟေတုပေါ့လေ။

လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ အမောဟ, အဲဒီစိတ်တွေကို အဟိတ်စိတ်လို့ခေါ်တယ်၊ နောင် စေတသိက်တွေနှင့် တွဲပြီး လေ့လာတဲ့အခါကျ တော့လည်း ဒါတွေ ပြန်ပြီးတော့ ထင်ရှားသွားလိမ့်မယ်။

ကောင်းပြီ အဲဒီ အဟိတ်စိတ်ကို ၃–မျိုး ခွဲကြစို့၊ ပထမ (group) အကုသလ ဝိပါက်စိတ် ၇–ပါး၊ အကုသလ ဆိုတာ အကုသိုလ်, ဝိပါက်ဆိုတာအကျိုး) အကုသိုလ်ရဲ့ အကျိုးဖြစ်တဲ့စိတ် ၇–ပါးရှိတယ်၊ အဲဒီမှာ နံပါတ်(၁)က ဥပေက္ခာ သဟဂတ စက္ခုဝိညာဏစိတ်, ဥပေက္ခာ သဟဂတဆိုတာ အလယ်အလတ် ဖြစ်တဲ့ ဝေဒနာနှင့် ယှဉ်တာ၊ အကောင်းခံစားတာလည်းမဟုတ်ဘူး၊ အဆိုးခံစားတာလည်း မဟုတ်ဘူး၊ အလယ် အလတ် ခံစားမှုနှင့်တကွဖြစ်တဲ့ စိတ်ကို ဥပေက္ခာသဟဂတ။

မြန်မာဟန် လုပ်ချင်ရင် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏကို စက္ခုဝိညာဏ် ပေါ့လေ၊ ဒါပေမယ်လို့ မြန်မာတွေကဝိညာဉ်လို့ခေါ်တယ် မဟုတ်လား၊ ဝိညာဉ်လို့ မဖတ်နှင့်, ဝိန်ညာဉ်လို့ ခေါ်ရတယ်၊ အခုရေးထားတဲ့ ညက ညနှစ်လုံးဆင့် ည တစ်လုံးထဲ မဟုတ်ဘူး၊ ပါဠိစကားနှင့်ကျ ဒါ ည နှစ်လုံးဆင့်ထားတာ၊ ည တစ်လုံးဆို ဥ–လို တစ်ခြမ်းထဲကို ဉ တစ်လုံးလို့ခေါ်တယ်၊ နောက် ပဉ္စဒွါရဝဇ္ဇန

ကျတော့ တွေ့လိမ့်မယ်။

ဒီဟာက ည နှစ်လုံးဆင့်ထားတာ၊ နည်းနည်းလှအောင်ဆိုပြီးတော့ တစ်ခြမ်းလေးထည့်ထားတာ အမှန်ကတော့ ည နှစ်ခု၊ ဒါကြောင့်မို့ ညတစ်ခုအတွက်ထည့်ပြီးတော့ ဝိညာဏလို့ ဖတ်ရတယ်၊ စက္ခု ဝိညာဏ၊ ဒါကြောင့်မို့ စက္ခုဝိညာဏ်စိတ် ရေးတော့ စက္ခုဝိညာဏ်ပေါ့လေ။

စက္ခုဆိုတာ မျက်လုံး, ဝိညာဏဆိုတာ အသိ, စက္ခုဝိညာဏ မြင်သိစိတ်၊ မျက်လုံးနှင့်သိတဲ့စိတ်, မြင်သိစိတ်, စက္ခုဝိညာဏ်စိတ်ဆိုတာ မြင်သိတဲ့စိတ်၊ မြင်တဲ့အခါမှာ မြင်ရုံလေးမြင်တာ၊ ဘာမှ ရှေ့မတိုးသေးဘူး၊ သက်သက် ဒီရူပါရုံလို့ဆိုတဲ့ အာရုံလေးကို မြင်ရုံလေးမြင်လိုက်တာ မြင်ကာမျှဖြစ်တဲ့စိတ်ကို စက္ခုဝိညာဏလို့ ဒီလိုခေါ်တာ၊ တစ်စုံတစ်ခုမြင်ရင် ဒီစိတ်နှင့်ချည်းမြင်တာ၊ အဲဒီတော့ ဒီစိတ်က ကုသိုလ်ရဲ့အကျိုးလား, အကုသိုလ်ရဲ့ အကျိုးလား၊ အကုသလ ဝိပါက် အကုသိုလ်ရဲ့ အကျိုးစိတ်၊ အဲတော့ ကိုယ်မမြင်ချင်တာ မြင်တာမှန်သမျှ၊ ဒီစိတ်နှင့်ချည်းမြင်တာ၊ အရုပ်ဆိုးတာ မြင်ရတယ်၊ မကောင်းတာ မြင်ရတယ်၊ ပါဠိလိုပြောတော့ အနိဋ္ဌာရုံလို့ ခေါ်တာပေါ့လေ၊ အလိုမရှိအပ်တဲ့ အာရုံတွေကို မြင်တဲ့အခါမှာ မြင်တဲ့စိတ်ဟာ ဒီစိတ်တွေပေါ့၊ ကိုယ်မမြင်ချင်တဲ့ဟာကြီးတစ်ခု ကိုယ်လာမြင်ရတာဆိုတော့ မကောင်းမြင်ရတာပေါ့၊ အဲဒီ မကောင်းမြင်တဲ့စိတ်ဟာ ဘာကြောင့်ဖြစ်တာလဲ၊ နောက်ဘဝက ကိုယ်ကလုပ်ခဲ့တဲ့ အကုသိုလ်ကြောင့် ဖြစ်တာ။

ဒါကြောင့်မို့ မကောင်းတာ မြင်ရတဲ့ခါမှာ ကိုယ်က ဘယ်သူ့အပြစ်တင်ရမလဲ၊ ကိုယ့်ကိုယ်ကိုပဲအပြစ်တင်ရမှာ၊ ဒါကြောင့်မို့ တစ်စုံတစ်ခု မကောင်းတာတွေ့လို့ စိတ်ဆိုးနေရင် ဒီလူမဟုတ်သေးဘူး၊ အဘိဓမ္မာသဘောနှင့် ကြည့်ရင် ဒီလိုကို မဟုတ်ဘူး၊ မကောင်းတာတွေ့လည်း ကိုယ့်ကိုကိုယ်ပဲ အပြစ်ချရမယ်၊ သြော် ကိုယ် နောက်ဘဝတုန်းက မကောင်းတာလုပ်ခဲ့မိလို့ ဒီဘဝမှာ မကောင်းတာနှင့် လာတွေ့ရတယ်။

ထို့အတူပဲ–ကိုယ်မကြားချင်တာကြီး ကြားရတယ်၊ ဆဲသံ ဆိုသံပဲဖြစ်ဖြစ်၊ သီချင်းသံပဲဖြစ်ဖြစ်ပေါ့လေ၊ မကြားချင်တာ ကြားရတဲ့ခါမှာလည်း နောက်ဘဝက ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်ရဲ့ အကျိုးလာတွေ့တာ၊ ဒီအတိုင်းပဲ မကြိုက်တဲ့အနံ့တွေ နံတယ်၊ တစ်ခါတလေ တစ်ယောက်အတွက် ကောင်းပေမယ့် နောက်တစ်ယောက် အတွက် မကောင်းတာတွေရှိတယ်၊ ကိုယ့်အတွက် မကောင်းရင် မကောင်းတဲ့ အာရုံလို့ ခေါ်ရတာပေါ့။

ဆိုပါတော့, နီးနီးဥပမာပေးမယ်၊ ဦးဇင်း နံ့နံ့ပင် မကြိုက်ဘူး၊ နံ့နံ့ပင် အနံ့ကိုမခံချင်ဘူး၊ ဒီအနံ့ကို မကြိုက်ဘူး၊ ဦးဇင်းအဖို့ နံ့နံ့ပင်ဟာ အနိဋ္ဌာရုံပဲ၊ ဦးသောဘနအတွက်ကျတော့ ကြိုက်တော့ ဣဋ္ဌာရုံပေါ့၊ တစ်ခါတလေကျတော့လည်း စိတ်ဆိုးချင်တယ်ပေါ့လေ၊ နံ့နံ့ပင်တွေထည့်လာပြန်ပြီကွာ၊ တကယ့်တကယ်ကျတော့ ဒါ ဘယ်သူ့မှ အပြစ်တင်စရာမဟုတ်ဘူး၊ ခုနပြောတဲ့ နောက်ဘဝက ကိုယ့် အကုသိုလ်ကံ လာအကျိုးပေးလို့ ကိုယ်မလိုချင်တာတွေ ဒီမှာလာတွေ့တာ။

ကြားတဲ့စိတ်ကို ပါဠိလို သောတဝိညာဏ, သောတဆိုတာ နား၊ နားနှင့်သိတဲ့ စိတ် ကြားသိစိတ်ကို သောတဝိညာဏ၊ ဥပေက္ခာနှင့် ယှဉ်တာ ပြီးမှ ပြောပြမယ်၊ နံတဲ့စိတ်ကျတော့ကို ဃာန ဝိညာဏစိတ်၊ ဃာန-ဆိုတာ နှာခေါင်း၊ ဇိဝှါဆိုတာ လျှာ၊ လျှာနှင့်သိတဲ့စိတ် အရသာသိတဲ့စိတ်ကို ဇိဝှါဝိညာဏစိတ်၊ အဲဒီစိတ်လေးမျိုးက ဘယ်ဝေဒနာနှင့်တကွ ဖြစ်သလဲ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်တယ်၊ ဒါက မြင်မြင်ခြင်းဖြစ်တာနော်၊ မြင်ပြီးတဲ့နောက်မှာဖြစ်တဲ့ စိတ်အခိုက် အတန့်လေးတွေပေါ့။

နောက် လာလိမ့်မယ်၊ သမ္ပဋိစ္ဆိုင်းစိတ်တို့ သန္တီရဏစိတ်တို့ လာပြီးတဲ့ နောက်ကျတော့ စိတ်ဆိုးတာလည်းပါမှာပဲ၊ ကြိုက်တာလည်း ပါမှာပဲ၊ သောမနဿတို့၊ ဒေါမနဿတို့ဆိုတာ နောက်မှာတော့ဖြစ်မယ်၊ သို့သော် ဒီအခိုက်အတန့်မှာတော့ ဥပေက္ခာပဲဖြစ်မယ်၊ စိတ်ဖြစ်ပုံက သိပ်မြန်တော့ ဦးဇင်းတို့က ချက်ချင်းဖြစ်တယ်လို့ ထင်တယ်၊ ဒါပေမယ်လို့ ဆိုပါတော့ (million time) လောက် ကိုယ်က ချဲ့ကြည့်လိုက်မယ်ဆိုရင် (slow motion, very very slow motion) ပေါ့လေ ဟုတ်လား၊ အဲသလို လုပ်ကြည့်လိုက်မယ်ဆိုရင် မြင်တဲ့အခိုက်အတန့်မှာတော့ ဥပေက္ခာဝေဒနာပဲ ရှိသေးတယ်၊ နောင်အခါ ဇောစောတဲ့အချိန်ကျတော့ ဖြစ်ချင်တာ ဖြစ်နိုင်တယ်၊ ကိုယ့်နှလုံးသွင်းအားလျော်စွာ, ကိုယ့်ရဲ့ အသိဉာဏ် အားလျော်စွာ ဒေါသဇော စောနိုင်တယ်၊ လောဘဇော စောနိုင်တယ်၊ ဒီအာရုံတစ်ခုကို မြင်ပြီးတော့ ကြိုက်ပြီးတော့ လောဘဇော စောနိုင်တယ်, ဝမ်းသာတဲ့စိတ်တော့ ဖြစ်တာပေါ့၊ သို့သော် လောဘဇော စောနိုင်တယ်၊ မကြိုက်လို့ စိတ်ဆိုးပြီးတော့ ဒေါသဇော စောနိုင်တယ်၊ ဒါက နောက်မှာဖြစ်တာ။

တကယ့် စက္ခုဝိညာဏ်စိတ်ဖြစ်တဲ့အချိန် အခိုက်အတန့်မှာတော့ ဥပေက္ခာ ဝေဒနာပဲဖြစ်တယ်၊ ဥပေက္ခာ ဝေဒနာဆိုတာက နည်းနည်း (dull) ဖြစ်တယ် မဟုတ်ဘူးလား၊ သောမနဿတို့ ဒေါမနဿတို့လို မထက်ဘူး၊ အဲဒီတော့ဒီနေရာမှာ တိုက်တဲ့ပစ္စည်းနှင့် အခံပစ္စည်း ၂-ခုစလုံးက အပျော့စားရုပ်လို့ ခေါ်ရတယ်၊

ရုပ်တွေခွဲတဲ့အခါကျတော့ မဟာဘုတ်လေးပါး ဒါ အမာရုပ်၊ အဲဒီ မဟာဘုတ်လေးပါးကို မှီပြီးတော့ ဖြစ်တဲ့ရုပ်က အပျော့စားရုပ် ၂၄-မျိုးရှိတဲ့အနက်မှာ မျက်လုံးအကြည်ဓာတ်ကလည်း အပျော့စားရုပ်ထဲပါတယ်၊ ရူပါရုံကလည်း အပျော့စားရုပ်ထဲပါတယ်။

အဲဒီ အပျော့စားရုပ်ချည်း နှစ်ခုတိုက်မိတဲ့ခါကျတော့ ဂွမ်းနှစ်ခု တိုက်သလိုပဲ၊ ဒေါင်ကနဲ မြည်မလာဘူး၊ အဲဒီသဘောဖြစ်ပြီးတော့ ဥပက္ခောပဲဖြစ်တော့တယ်၊ တစ်ဖက်ဖက်က အမာပါလာရင် ဒိုင်းခနဲချမှာ။

ဒါကြောင့်မို့ နောက်စိတ်ကျတော့ ကြည့်လိုက်စမ်း၊ ကာယ ဝိညာဏ်စိတ်ကျတော့ ဒုက္ခသဟဂတ ဥပေက္ခာ မဟုတ်တော့ဘူး၊ ကာယဆိုတာ ခန္ဓာကိုယ်ကြီးကို ကာယလို့ခေါ်တာ၊ အဲဒီ ကာယကတော့ အပျော့ရုပ်၊ ဒါပေမယ်လို့ သူနှင့်တွေ့တဲ့ အတွေ့ရုပ် ဖောဋ္ဌဗ္ဗဆိုတာကအမာရုပ်၊ ပထဝီ, အာပေါ, တေဇော, ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးမျိုးမှာ ပထဝီ, တေဇော, ဝါယော ၃-ခု အပေါင်းကို ဖောဋ္ဌဗ္ဗလို့ခေါ်တာ၊ တွေ့ထိတာမှန်သမျှ ဒီ ၃-ခုပဲ၊ အထူးအခြား တခြားဟာ မဟုတ်ဘူး၊ သူတို့က အမာခံ, အမာရုပ်, အဲဒီ အမာရုပ်က အပျော့ရုပ်ကို တိုက်လိုက်တဲ့ခါကျတော့ အပျော့ရုပ်တင်မနေပဲနှင့် အပျော့ရုပ်က တဆင့်လွန်ပြီးတော့ အခံဖြစ်တဲ့ အမာရုပ်သွားပြီးတော့ ထိတာ၊ အဲတော့ ဂွမ်းလုံးလေးကို ပေပေါ်မှာတင်ပြီးတော့ တူနှင့်ထုလိုက်တဲ့အခါကျတော့ ဂွမ်းတင်မကဘူး၊ တူကပေသွားရိုက်လိုက်တဲ့အခါကျတော့ ဒိုင်းကနဲမြည်တာ၊ အဲဒီဟာမျိုးလိုပဲ၊ ဒီလိုဖြစ်တဲ့အတွက်ကြောင့်မို့ ဒီကျတော့ မကောင်းတဲ့ဟာကျတော့ ဒုက္ခသဟဂုတ် လာဖြစ်တာ။

ရှင်းရှင်းကတော့ ကိုယ့်ကိုကိုယ် တစ်ခုခုနှင့် ထုကြည့်ပါလား၊ အဲဒီဝေဒနာက ဒုက္ခဝေဒနာခေါ်တယ်၊ ဆင်းရဲတဲ့ ဝေဒနာ၊ သူကျတော့ ဥပေက္ခာနေလို့မရဘူး၊ မကောင်းရင် ဒုက္ခဝေဒနာဖြစ်မယ်၊ ကောင်းရင်သုခဝေဒနာဖြစ်မယ်၊ အဲဒီ သုခဝေဒနာကတော့ နောက်ကုသလဝိပါက်ထဲမှာ ပါလိမ့်မယ်၊ အဲဒီလိုစိတ်ကို ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၊

ဓားရှတယ် ခလုတ်တိုက်တယ်, နာတယ်, ပြုတယ်, ကြမ်းကြမ်းကြီးပေါ်အိပ်လို့ နာတယ်, ဒါတွေအကုန်လုံးဟာ ဒုက္ခသဟဂုတ် ကာယဝိညာဏ်တွေပဲ၊ အဲဒါ ကာယဝိညာဏ်စိတ်, ဒီအထိအောင်က သိပ်မခဲယဉ်းသေးဘူး၊ နောက်စိတ် ၂-ခုက ခက်တယ်၊ သမ္ပဋိစ္ဆနစိတ်နှင့် သန္တီရဏစိတ် သမ္ပဋိစ္ဆနဆိုတာ လက်ခံတဲ့စိတ် (Receiving consciouness) သန္တီရဏဆိုတာကတော့ စုံစမ်းတာတဲ့၊ ဒါ

နားလည်ဖို့က ဘာအခြေခံ အပြစ်နှင့် နားလည်ရမလည်းဆိုတော့ကို စိတ်ဝိထိဆိုတာကို နားလည်ရမယ်၊ (Thoght Process ) Thought Process ကို စတုတ္ထပိုင်းကျတော့ အကျယ်လေ့လာလိမ့်မယ် ဟုတ်လား၊ အခု နားလည်ရုံလေးပြောပြမယ်၊ (Thought Process) တစ်ခုပေါ့။

ဦးဇင်းတို့ သတ္တဝါတွေမှာ အာရုံအသစ်မတွေ့တဲ့အချိန်မှာ ဆိုပါတော့ အိပ်ပျော်နေတဲ့ အချိန်မျိုးမှာ ဘဝင်စိတ်ဆိုတာတွေဖြစ်နေတယ်၊ ခေတ်လူတွေခေါ်တဲ့ (subconscious)လို ဟာမျိုးပေါ့လေ။ (unconsciouness)လို့ခေါ်ချင်လည်းခေါ်ပေါ့လေ၊ အဲသလို ဘဝင်စိတ် ဖြစ်တယ်၊ အဲဒီ ဘဝင်စိတ်တွေဟာ နိုးနေတဲ့အခါမှာလဲပဲ ဝင်ဝင် ဝင်ဝင်ပြီးတော့ ဖြစ်နေတာ၊ ဒါပေမယ်လို့ ဦးဇင်းတို့က မသိဘူးဆိုပါတော့၊ အခု စကားပြောနေတဲ့အခိုက်လဲပဲ ဒီဝိထိစိတ်ချည်း တောက်လျှောက်ဖြစ်နေတာ မဟုတ်ဘူး၊ ဝိထိလေး တစ်ခုဖြစ်လိုက်၊ ဝိထိဆိုတာ အစဉ်အတန်း တစ်ခုပေါ့ (process) တစ်ခု ဖြစ်လိုက် ဒီကြားမှာ သူက (buffer)လိုပေါ့, ဘဝင်စိတ်တွေ ဖြစ်လိုက် ဝိထိဖြစ်လိုက်, ဘဝင်ဖြစ်လိုက်,အဲဒီလိုဖြစ်တဲ့ အတွက်ကြောင့်မို့ ဒီဘဝင်တွေ ရှိတဲ့အတွက်ကြောင့်မို့ စိတ်အစဉ်ဟာ မပြတ်ပဲနှင့် အသက်ကြီး သေသည်တိုင်အောင် ရှည်နေတာ၊ ဒါကြောင့်မို့ သူကိုဘဝင်၊ ဘဝင်ဆိုတာ ဘဝင်္ဂဆိုတဲ့ ပါဠိက လာတာ၊ ဘဝရဲ့ အစိတ်အပိုင်းအသက်ရဲ့ (constituent) ပေါ့လေ၊ ဘဝရဲ့ အစိတ်အပိုင်း ဘဝင်စိတ်တွေ ဖြစ်နေတာ။

အဲဒီလို ဖြစ်နေရာက နေပြီးတော့ အာရုံတစ်ခုနှင့် တွေ့လိုက်တဲ့အခါမှာ အဲဒီ အာရုံက (ဆိုပါတော့)မြင်တဲ့ရူပါရုံလို့ပဲ ပြောကြစို့၊ မြင်တဲ့ရူပါရုံနှင့် မျက်လုံးနှင့်တိုက်ဆိုင်လိုက်တဲ့အခါမှာ အဲဒီအာရုံက ဘဝင်ကိုလည်း သွားရိုက်တယ်၊ ဆိခိုက်တယ်၊ ဘဝင်ကို သွားရိုက်လိုက်တဲ့အခါကျတော့ ဘဝင်က တုန်သွားတယ်၊ တုန်လှုပ်သွားတယ်၊ အဲသလို ရိုက်လိုက်တဲ့အခါမှ ဘဝင်က အလွန်အမြန်ကြီး ဖြစ်နေတဲ့ အတွက်ကြောင့်မို့ ရိုက်ရိုက်ချင်း မတုန်ပဲနှင့် စိတ် (moment) တစ်ခု လွန်ပြီးမှ ဘဝင်တုန်တယ်၊ အဲဒီတော့ လွန်သွားတာက (one moment) တုန်တာက two moments, three moments။

အဲဒီလို ဘဝင်လှုပ်ပြီးတဲ့ နောက်ကျတော့ ဘဝင်ပြတ်သွားပြီ၊ ဘာပေါ်လာသလဲ ဆိုတော့ (consciouness)ဝိထိစိတ်ဆိုတာ ဖြစ်လာတာ၊ အဲဒီမှာ ပထမဆုံးဖြစ်တဲ့မြင်တာနှင့် ပတ်သက်ပြီးတော့ပြောရင် ပထမဆုံးဖြစ်တဲ့ ဝိထိစိတ်က အခု ဟိုအောက်က အဟိတ်ကြိယာထဲမှာပါတဲ့ ပဉ္စဒွါရာဝဇ္ဇနစိတ်ဆိုတာ အဲဒါဖြစ်တာ။

ပဉ္စဆိုတာ ငါး၊ ဒွါရဆိုတာ တံခါး၊ တံခါးဆိုတာ မျက်စိ, နား, နှာကို ခေါ်တာ၊ အဲဒီ ဒွါရဘက်သို့ လှည့်ပေးလိုက်တဲ့စိတ်၊ အဲဒီ ဒွါရမှာဖြစ်တဲ့ အာရုံကို ဆင်ခြင်တဲ့စိတ်ကို ပဉ္စဒွါရာဝဇ္ဇနစိတ်လို့ဆိုတာ၊ ၂-မျိုး အဓိပ္ပါယ်ရှိတယ်၊ အာဝဇ္ဇန ဆိုတာက (Turning)လို့လည်း အဓိပ္ပါယ်ရှိတယ်၊ (Reflecting) ဆိုတဲ့ အဓိပ္ပါယ်လည်း ရှိတယ်။

အဲဒီတော့ အဲဒီအချိန်အခါမှာ ခုနဘဝင်စိတ်အစဉ်ပြတ်သွားပြီးတော့ ဝီထိစိတ် စတော့တာ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်က စတော့တာ၊ ဒါကြောင့်မို့ သူ့ကို ပဉ္စဒွါရာ ဝဇ္ဇနလို့ခေါ်တာ၊ အကယ်၍ မျက်စိနှင့်မြင်တာကိုဆိုရင် စက္ခုဒွါရာဝဇ္ဇနလို့တောင် ခေါ်ချင် ခေါ်နိုင်တယ်ပေါ့လေ၊ သို့သော် သူ့ကို ပဉ္စဒွါရာ ဝဇ္ဇနလို့ပဲ ခေါ်တယ်၊ အဲဒါ ပထမစိတ်နော်။

အဲဒီလို လှည့်ပေးပြီးလိုက်တဲ့ အခါကျတော့ သူ့နောက်ကဖြစ်တဲ့စိတ်က စက္ခုဝိညာဏ်စိတ် မြင်သိစိတ်ဖြစ်တယ်၊ အဲဒီ မြင်သိပြီးတဲ့အခါကျတော့ အာရုံက ကိုယ့်ဆီလာပြီးတော့ မျက်လုံးကို လာထိခိုက်ပြီးတော့ သိပြီးတာနှင့် တစ်ပြိုင်နက် သူက (accepct) လုပ်လိုက်တယ်၊ လက်ခံတဲ့စိတ်ဖြစ်တယ်၊ သမ္ပဋိစ္ဆနစိတ်ဆိုတာ အဲဒါလက်ခံလိုက်တယ်၊ လက်ခံပြီးတဲ့နောက် ဒီအာရုံကို စုံစမ်းတယ်၊ ကောင်းတဲ့ အာရုံလား၊ မကောင်းတဲ့ အာရုံလား၊ အဲဒီစိတ်ကို သန္တီရဏစိတ်လို့ ခေါ်တယ်၊ သန္တီရဏဆိုတာ စုံစမ်းစစ်ဆေးတဲ့စိတ်။

အဲဒီလို စုံစမ်းပြီးတဲ့နောက် နောက်စိတ် တစ်ခုကျတော့ ဆုံးဖြတ်လိုက်တော့တာ၊ ဒါ ကောင်းတဲ့အာရုံပဲ, ဒါ မကောင်းတဲ့ အာရုံပဲ၊ အဲဒီစိတ်က အဟိတ်ကြီးယာ ၃ ခု ထဲက နံပါတ် ၂-မနောဒွါရာ ဝဇ္ဇနစိတ်၊ သို့သော် သူ့ကို အဲဒီအခါကျတော့ ဝုဋ္ဌောလို့ခေါ်တယ်၊ နာမည်တစ်မျိုးနှင့်ခေါ်တယ်၊ ဒီစိတ်တော့ ဒီစိတ်ပဲ။

ဝုဋ္ဌောဆိုတာ ဆုံးဖြတ်တယ်လို့ အဓိပ္ပါယ်ရှိတယ်၊ အဲဒီ ဝုဋ္ဌောစိတ် အခိုက် အတန့်ရောက်တဲ့အခါကျတော့ ဆုံးဖြတ်လိုက်ပြီ၊ ကောင်းတဲ့အာရုံပဲ မကောင်းတဲ့ အာရုံပဲ သိုမဟုတ် ဣဋ္ဌာရုံပဲ အနိဋ္ဌာရုံပဲလို့ အဲသည်တိုင်အောင် ဝိပါက်စိတ်တွေချည်း ရှိသေးတယ်၊ ကုသိုလ်၊ အကုသိုလ် မဖြစ်စေးဘူး၊ ဝုဋ္ဌောရဲ့ နောက်ကျတော့ ဘာတွေဖြစ်လဲဆိုတော့ ဇောစိတ်တွေ ဖြစ်တယ်၊ ဇောဆိုတာ ရှိတယ်၊ အဲဒီဇောစိတ်က (၇)ကြိမ် ထပ်ဖြစ်တယ်၊ အဲဒီ ဇောကျတော့ ကုသိုလ်ဇောဖြစ်ချင်လည်း ဖြစ်နိုင်တယ်၊ အကုသိုလ်ဇော ဖြစ်ချင်ရင်လည်း ဖြစ်နိုင်တယ်၊ ကိုယ့်ရဲ့ နှလုံးသွင်းပေါ်မှာ မူတည်ပြီးတော့ ကိုယ်က အသင့်အတင့် နှလုံးသွင်းတတ်ရင် ကုသိုလ်ဇောဖြစ်မယ်၊

အသင့်အတင့် နှလုံးမသွင်းတတ်ရင် အကုသိုလ်ဇောဖြစ်မယ်။

အဲဒီလို ဇောဖြစ်ပြီးတဲ့နောက်မှာ သူ့နောက်ကကပ်လိုက်တဲ့ တဒါရုံဆိုပြီးတော့ စိတ် (moment) နှစ်ခု ဖြစ်ပြန်တယ်၊ ဘာနှင့်တူလည်းဆိုတော့ လှေဆန်တက်သွားတဲ့ ခါကျတော့ လှေနောက်က ရေလေးနည်းနည်း လှေနောက်လိုက်ပြီးတော့ ပြန်ပြီးတော့ သွားသလို, ဒါကို တဒါရုံလို့ ခေါ်တယ်၊ အဲဒါ နောက် တတိယပိုင်းက စပြီးတော့ ဒါတွေ အကုန်ထပ်လေ့လာရပါလိမ့်မယ်။

အဲဒီ ပြီးတဲ့နောက်ကျတော့ ဘဝင်စိတ်တစ်ခါ ပြန်ဖြစ်သွားပြန်တယ်၊ ဒါ one process ပေါ့၊ ဒီလို (process) တွေ သိန်းသန်းနှင့်ချီပြီးတော့ ဖြစ်နေတာ၊ အဲဒီထဲမှာ လက်ခံတဲ့စိတ်က သမ္ပဋိစ္ဆနစိတ်၊ စုံစမ်းတဲ့စိတ်က သန္တီရဏစိတ်၊ ဒါက ကျမ်းဂန်တွေမှာ ဆိုထားတာက လက်ဖြစ်တစ်တွက်မှာ ဒီလို စိတ်ခဏပေါင်း ကုဋေပေါင်းများစွာ ဖြစ်နိုင်တယ်လို့ ပြောထားတယ်ဆိုတော့ ဒီဝီထိ တစ်ခုဟာ ဘယ်လောက်ကြာတုန်း (၁၇) ခုရှိတယ်၊ ခဏ ပေါင်း ၁၇–ချက်ဆို အလွန့်ကိုမြန်တယ်၊ ဦးဇင်းတို့ အနေနှင့်တော့ တွက်လို့ မဖြစ်ပါဘူး၊ မြတ်စွာဘုရားဟောလို့ပေါ့လေ၊ အဲသလောက်မြန်တယ်၊ အဲသလောက်မြန်တာကိုမှ ဒီတစ်စိတ်ချင်း ခွဲခြားပြောရတယ်ဆိုတော့ တကယ့်ကို အကျယ်ချဲ့ပြီးတော့ ပြောနေတာ။

ဟို (Atom) အကြောင်းပြောတဲ့ခါ ဒီအတိုင်းပါပဲ၊ အီလက်ထရွန်၊ ညူထရွန်၊ ဘာညာပြောတဲ့ခါလဲ၊ အဲလိုပဲအကြီးချဲ့ပြောမှ ရတယ်၊ (Atom) ဆိုလည်းမျက်စိနှင့် တောင် မမြင်နိုင်ဘူး၊ အလွန်သေးတဲ့ဟာ ထို့အတူပဲ ဦးဇင်းတို့ စိတ် ပြောတဲ့ခါလည်း ဒီအတိုင်းပဲ အလွန်ကို စိတ်ထဲက ပုံကြီးချဲ့ပြီးတော့ မြင်ထားမှ သဘောပေါက် နိုင်တာ၊ (experiencially) ပြောနေမယ်ဆို ဘယ်နည်းနှင့်မှ မသိနိုင်ဘူး၊ အခု ပြောနေတဲ့ အခိုက်အတန့်မှာကို ဝီထိပေါင်းများစွာ ကျနေပြီ၊ ဒီကပြောတဲ့ စကား သံနားထောင်ပြီးတော့ ဒီအသံ အဓိပ္ပာယ် နားလည်လိုက်တာကို သိပ်မြန်တယ်၊ အဲဒါကြောင့်မို့ အလွန်မြန်တဲ့အတွက်ကြောင့်မို့ အတိအကျ ဘယ်နှစ်ခုပဲဆိုတာတော့ မပြောနိုင်ဘူးပေါ့၊ သို့သော် အများကြီး ဖြစ်တယ်ဆိုတာတော့ ပြောနိုင်တယ်။

ဦးဇင်းက အဲဒီစိတ်မြန်တာနှင့် ပတ်သက်ပြီးတော့ဥပမာလေးတစ်ခု စဉ်းစား မိတာကတော့ မော်တော်ကားတွေမှာ တချို့မော်တော်ကားတွေမှာ ဒိုင်ခွက်နှစ်ခု ပါတယ်၊ ဒိုင်ခွက်တစ်ခုက (milage) ပေါ့ တခြားဒိုင်ခွက်တစ်ခုက ဘာတုန်း (revolution) Twenty thousand round per minute ရှိတယ်မဟုတ်လား၊ အဲဒီတော့ တစ်မိနစ်ကို Thirty thousand round per minute ပြောကြပါစို့,

တစ်စက္ကန့် ဘယ်လောက်ရှိ မလဲ, ၅၀၀၊ တစ်စက္ကန့်အတွင်းမှာ ဒီအပတ်ပေါင်း ၅၀၀– ဘယ်သူရေသလဲ၊ ဟုတ်လား၊ ဒါ Thirty thousand ရှိသေးတာ၊ တက်ဦးမှာ။

အဲဒါကြောင့်မို့ ဒါတွေဟာ ဖြစ်နိုင်တာကို ဆိုလိုတာ၊ စိတ်ကလေးဒါလောက် အများကြီး ဖြစ်နိုင်တယ်ဆိုတာ တော်ကြာကျတော့ တချို့က ကပ်တယ် မဟုတ်လား၊ ဘယ်သူရေသလဲ ဘယ်လိုရေတွက်သလဲပေါ့၊ အပတ် ၅၀၀–မင်းဘယ်လို ရေတွက်သလဲကြည့်စမ်း၊ တစ်စက္ကန့်ဆိုတာ ဘယ်လောက်ကြာသလဲ၊ လက်ဖြစ်လေး နှင့် တွက်လိုက်ရင် နှစ်ခုလောက်ပဲကြာမယ်၊ လက်နှစ်ဖျစ်လောက်ဆိုရင် တစ်စက္ကန့် ဖြစ်သွားပြီ၊ အပါတ် ၅၀၀–တဲ့ ဘယ်လိုလုပ်ရမှန်း မသိဘူး၊ သူတို့စက်ကပြောထား တော့လည်း ကိုယ်ကလည်း ယုံရတော့တာပေါ့၊ တစ်မိနစ် အပတ် သုံးသောင်း ဖြစ်နေပြီ။

အဲဒီအတိုင်းပဲ၊ စိတ်ကလည်း အဖြစ်မြန်လွန်းတော့ ပြောရသိပ်ခက်တယ်၊ သို့သော် စိတ်မြန်တာကို အဲဒီလို ဥပမာနှင့် နှိုင်းဆပြီးတော့ လက်ခံနိုင်လောက် တယ်ပေါ့၊ အဲဒါကြောင့်မို့ ဒီစိတ်တွေအကြောင်း နားလည်ဖို့ဆိုရင် ခုနက ဝီထိ သဘောလေးကိုပါ သိထားရတယ်၊ ဝီထိသဘောလေး သိထားအောင် ကျမ်းဂန်တွေမှာ ပြောတဲ့ပုံလေးနှင့် ဥပမာလေးနှင့် လာတယ်။

လူတစ်ယောက်ဟာ သရက်ပင်အောက်မှာ ခေါင်းမြီးခြုံပြီး အိပ်နေတယ်၊ ခုနပြောတဲ့ အစီအစဉ် မှတ်မိလား, ဘဝင်တွေ ဖြစ်နေတယ်၊ ဘဝင်တွေဖြစ်ပြီးတော့ အာရုံက ရိုက်လိုက်တဲ့ခါကျတော့ ပဉ္စဒွါရာဝဇ္ဇန်း အာရုံဘက်ကို လှည့်တဲ့စိတ်သဘော ဖြစ်တယ်၊ ပြီးတော့ မြင်တဲ့စိတ်ဖြစ်တယ်၊ ပြီးတော့ လက်ခံတယ် ပြီးတော့စုံစမ်းတယ်၊ ပြီးတော့ ဆုံးဖြတ်တယ်၊ ပြီးတော့ အာရုံရဲ့ အရသာကို ခံစားတယ်လို့ဆိုလိုတယ်၊ ဇဝနဆိုတာ ဇောဆိုတာကလေ (experience of the object) ပြီးတော့မှ သူ့နောက်က လိုက်တဲ့ တဒါရုံ၊ ကောင်းပြီ–အခု ဥပမာလေး ပြောရင် ပိုပြီးတော့ မှတ်မိမယ်။

ခုနပြောသလို လူတစ်ယောက်ဟာ သစ်ပင်အောက်မှာ ခေါင်းမြီးခြုံပြီးတော့ အိပ်နေတယ်တဲ့၊ သူအိပ်နေတုန်းမှာ တစ်ခါတည်း သရက်သီးမှည့်တစ်လုံးက ဖုတ်ကနဲ ဆိုပြီးတော့ မြေကြီးပေါ်ကြွေကျ လိုက်တဲ့အခါကျတော့ သူက ခေါင်းမြီးခြုံလေး ဖွင့်ပြီးတော့ ကြည့်လိုက်တယ်၊ ကြည့်လိုက်တော့ မြင်တယ်ပေါ့၊ မြင်တော့ သရက်သီးကို ကောက်ယူလိုက်တယ်၊ ကောက်ယူပြီးတော့ မှည့်မမှည့် ကြည့်လိုက်

တယ်၊ ဟာမှည့်ပြီ၊ ဆုံးဖြတ်ပြီ၊ ပြီးတော့သူစားတယ်ပေါ့၊ စားပြီးတော့ နောက်ဆုံး ကျတော့ ကျန်တဲ့အဖတ်ကလေးတွေ ဘာတွေနှင့် မျိုချလိုက်တာပေါ့၊ ပြီးတော့ ပြန်အိပ် သွားတယ်။

အဲဒီ ဥပမာမှတ်ထား၊ ပထမအိပ်နေတာက ဘဝင်ပေါ့၊ သရက်သီးကလေး ဖုတ်ကနဲ ကျလာတာက အာရုံကလာပြီးတော့ ထိခိုက်တာ၊ သူ ခေါင်းမြီးခြုံ ဖွင့်လိုက်တာက ပဉ္စဒွါရာဝဇ္ဇန်း၊ မြင်တာက စက္ခုဝိညာဉ်၊ လှမ်းယူလိုက်တာက သမ္ပဋိစ္ဆိုင်းလို့ ဦးဇင်းတို့ခေါ်တယ်၊ မှည့်မမှည့် သူ နှိပ်ကြည့်လိုက်တာက သန္တီရဏ၊ ဒါမှည့်ပြီ၊ မှည့်တဲ့သရက်သီးပဲလို့ ဆုံးဖြတ်လိုက်တယ်, ဝုဋ္ဌော၊ ပြီးတော့ စားတယ်၊ အာရုံရဲ့ အရသာကို ခံစားတယ်ဆိုတော့ စားပြီ၊ သူကလည်း စားပြီးတော့ နောက်တစ်ခါ အကျန်အကြွင်းလေး မျိုချလိုက်တယ်၊ အဲဒါက တဒါရုံလို့ခေါ်တယ်၊ ပြီးတော့ ပြန်အိပ်တာက ဘဝင်၊ အဲဒီ ဥပမာနှင့် မှတ်ထား၊ ဒါ ကျမ်းဂန်မှာလာတဲ့ ဥပမာ ရှေးတုန်းကတည်းကပြောတာ။

ကောင်းပြီ–ဒါကြောင့်မို့ အကုသိုလ်ရဲ့ အကျိုးဖြစ်တဲ့စိတ် ဘယ်နှစ်ပါးရှိသလဲ ၇–ပါးရှိတယ်၊ မကောင်းတဲ့အာရုံတွေ ပြီးရင် သမ္ပဋိစ္ဆိုင်းစိတ်ကလည်း မကောင်းတဲ့ အာရုံပဲ သူ လက်ခံမှာပေါ့၊ သန္တီရဏကလည်း မကောင်းတဲ့အာရုံပဲ စုံစမ်းမှာပေါ့၊ ဝုဋ္ဌောကလည်း အမှန်အတိုင်းပြောရင် မကောင်းတာပဲ သူဆုံးဖြတ်မှာပေါ့၊ အဲဒီ သန္တီရဏ စိတ်ထိအောင် စိတ်တွေကို ဘာလို့ခေါ်လဲဆိုရင် အကျိုးဖြစ်တဲ့စိတ်တွေ၊ ဒါကြောင့်မို့ အကုသလ ဝိပါက်စိတ် အားလုံးပေါင်းရင် ၇–ပါးရှိတယ်။

နောက် စိတ် ၈–ပါးကတော့ အဟိတ် ကုသလဝိပါက်စိတ်လို့ သုံးတယ်၊ ဒါက ဘာကြောင့်လဲဆိုတော့ နောင်ခါမှာ ရိုးရိုးကုသလဝိပါက်က ရှိအုံးမယ်၊ ဒါကြောင့်မို့ အဲဒါနှင့် မရောအောင် ဒီမှာ အဟိတ်ကုသလဝိပါက်လို့ ခေါ်ရတယ်၊ နောက်တွေ့မယ့်ဟာကို ရိုးရိုးကုသလ ဝိပါက်လို့ပဲခေါ်တယ်၊ အမှန် ကတော့ အဲဒီကျတော့ သဟိတ်ဖြစ်မယ်။

သ–ဆိုတာ တကွဖြစ်တယ်၊ အ–ဆိုတာ မပါတာ၊ အဟိတ်ကုသလဝိပါက်စိတ် ၈–ပါးလို့ ဒီလိုပြောရမယ်၊ အဟိတ်ဆိုတာ ဟိတ်နှင့် မယှဉ်တာ၊ ကုသလဆိုတာက ကုသိုလ်, ဝိပါက်ဆိုတာက အကျိုး၊ ဟိတ်နှင့်မယှဉ်တဲ့ ကုသိုလ်ရဲ့ အကျိုးဖြစ်တဲ့ ဝိပါက်စိတ်တွေ၊ သူ့ကျတော့ ဘယ်နှစ်မျိုးရှိနေတုန်း ၈–ပါးရှိတယ်၊ သန္တီရဏက ၂–မျိုးဖြစ်လာတယ်၊ သူလည်းပဲ ဥပေက္ခာသဟဂုတ်ပဲတဲ့၊ တွေ့ကြုံတဲ့အခိုက်မှာတော့ ဥပေက္ခာသဟဂုတ်ပဲ၊ သူလည်းကောင်းတာနှင့်တွေ့တွေ့ ဆိုးတာနှင့်တွေ့တွေ့မြင်ခိုက်

ကလေးမှာတော့ ဥပေက္ခာပဲ၊ နောက် ဇောစောတဲ့ခါကျတော့ သောမနဿဖြစ်ချင် ဖြစ်မယ်၊ ဒေါမနဿ ဖြစ်ချင်ဖြစ်မယ်, ဥပေက္ခာ ဖြစ်ချင်ဖြစ်မယ်, ဖြစ်ချင်တာဖြစ်မယ်, ခုနဟာ နားလည်ရင် ဒါ နားလည်ပြီပေါ့။

ဥပေက္ခာသဟဂတ စက္ခုဝိညာဏစိတ် (သို့မဟုတ်) ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်၊ ကောင်းတာမြင်ရင် ဒီစိတ်နှင့်မြင်တာ၊ လှတာမြင်တယ် ကိုယ် မြင်ချင်တာမြင်တယ်, ဣဋ္ဌာရုံလို့ခေါ်တဲ့ အလိုရှိအပ်တဲ့ အာရုံကိုမြင်တဲ့အခါမှာ ဒီစိတ်နှင့်မြင်တာ၊ ဒါကြောင့်မို့အမှန်အတိုင်း ပြောကြစို့ဆိုရင် ကိုယ်ကောင်းတာလေး မြင်ရရင်, ကောင်းတာလေးရတယ်ဆိုရင် သူများကို ကျေးဇူးတင်စရာ မလိုဘူးပေါ့၊ ကိုယ့်ကိုကိုယ်ပဲ ကျေးဇူးတင်ရမယ်၊ ကိုယ့်ကံကိုပဲ ကျေးဇူးတင်ရမယ်၊ ငါ နောက် ဘဝက ကုသိုလ်လုပ်ခဲ့လို့ ကုသိုလ်အကျိုး ငါ တွေ့ရတယ်ပေါ့လေ၊ (ကံကပေးတာ)

ထို့အတူပဲ, သီချင်းကောင်းလေးနားထောင်ရတာ၊ ဥပေက္ခာသဟဂတ သောတ ဝိညာဏ်စိတ် ကိုယ်ကြားချင်တဲ့အသံကြားရတာ သောတဝိညာဏစိတ်ပေါ့၊ သောတ ဝိညာဏစိတ်ဖြစ်ပြီးတဲ့နောက် ဇောကျတော့ ကိုယ်က နှစ်သက်သွားရင်, တပ်မက် သွားရင်, ဒါ လောဘဇော စောသွားမှာပေါ့၊ ကိုယ်က စိတ်ဆိုးတယ်ဆိုရင် ဒေါသ ဇော စောသွားမှာပေါ့၊ အသံကောင်းပေမယ်လို့ ကိုယ်က ဒေါသဇော စောချင်လည်း စောနိုင်တယ်၊ ဣဋ္ဌာရုံဖြစ်ပေမယ်လို့ ကိုယ်က ဒီဣဋ္ဌာရုံကို မကြိုက်ရင် (ကိုယ်ကြိုက် ချင်မှ ကြိုက်မှာကို) အဲဒါကြောင့်မို့ ဇောကျတော့ ကိုယ် စောချင်သလို စောနိုင်တယ်၊ ဒီဝိပါက်တွေကျတော့ကို မရဘူး၊ သူက (Fixed) မကောင်းတဲ့ အာရုံဆိုရင် အကု သလဝိပါက်ပဲ၊ ကောင်းတဲ့ ဣဋ္ဌာရုံဆိုရင် ကုသလဝိပါက်၊ ဒါကြောင့်မို့ အဆိုရှိတယ်၊ "ဝိပါက်အမှန် ဇော အပြန်"ဆိုတာ အဆိုရှိတယ်၊ ဒါလဲ နောက်တော့သိမှာပါ။

ဝိပါက်ကတော့ အမှန်ပဲ၊ (Fixed), ပြောင်းလို့ မရဘူး၊ ဇောကျတော့ အပြန်၊ အပြန်ဆိုတော့ ပြောင်းလဲလို့ ရတယ်၊ ကုသိုလ်လည်းဖြစ်နိုင်တယ်, အကုသိုလ်လည်း ဖြစ်နိုင်တယ်၊ သောတဝိညာဏစိတ်ဆိုတာ ကြားတဲ့စိတ်, ဃာနဝိညာဏစိတ်ဆိုတာ နံတဲ့စိတ်, အနံ့ကိုသိတဲ့စိတ်, ကောင်းတာလေးတွေ့ရတယ်၊ ရေမွှေးနံ့လေးရတယ်၊ ပန်းနံ့လေးရတယ်ဆို ဒါဟာ ဃာနဝိညာဉ်စိတ်၊ ကောင်းတာလေးစားရတယ်၊ အရသာကောင်းလေး, ကိုယ်ကြိုက်တဲ့ အရသာလေး တွေ့တယ်ဆိုရင် ဇိဝှါဝိညာဏ စိတ်ပေါ့၊ ဇိဝှါဆိုတာ လျှာ၊

ကာယဝိညာဉ် ကျတော့ သုခသဟဂတ အတွေ့အထိ ကောင်းတာလေးတွေ့ ရတယ်၊ ပိုးဖဲကတ္တီပါပေါ့လေ၊ အဲဒါမျိုးလေးတွေ တွေ့ရတယ်၊ စသည်ပေါ့လေ၊

အဲဒီကျတော့ သုခသဟဂတ ကာယဝိညာဏ်စိတ်၊ သုခဝေဒနာ–သုခဝေဒနာနှင့်တကွ ဖြစ်တာ၊ အခု ဝေဒနာဘယ်နှစ်မျိုး တွေ့ဖူးသွားပြီလဲ၊ ဟို အကုသိုလ်တုန်းက ဘာဝေဒနာတွေ တွေ့ခဲ့တုန်း သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာ ဝေဒနာ သုံးမျိုးတွေ့ခဲ့ပြီ၊ အခု ဒီမှာ အပို ၂–ခု ထပ်တွေ့တယ်၊ ဒုက္ခဝေဒနာ သုခဝေဒနာ၊ မတူဘူးနော်၊ ဒုက္ခနှင့် ဒေါမနဿ မတူဘူး၊ သုခနှင့် သောမနဿ မတူဘူး၊ ဒါကြောင့်မို့ ဝေဒနာ ငါးမျိုးတွေ့နေပြီ ဟုတ်ပြီလား၊

သောမနဿဝေဒနာဆိုတာက (mental) စိတ်ထဲမှာ ပျော်ရွှင်တာ ချမ်းသာတာ၊ သုခဝေဒနာဆိုတာက ကောင်းတာကို တွေ့ထိပြီးတော့ ဝေဒနာကတော့ စိတ်ထဲဖြစ်တာပဲ၊ သို့သော် သူ့အခြေခံတာက ဒီ (body contect) မှာ အခြေခံ တာ၊ ဟို ရိုးရိုးထိုင် စိတ်ညစ်နေရင် ဒေါမနဿ ဝေဒနာ၊ ရိုးရိုးထိုင် ဒေါသဖြစ်နေရင် ဒေါမနဿ ဝေဒနာ၊ ဓားရှလို့ နာတယ်, ဒါကျတော့ ဒုက္ခဝေဒနာ။

ထို့အတူပဲ ထိုင်ပြီး ပျော်နေတယ်ဆို သောမနဿဝေဒနာပေါ့၊ အတွေ့ အထိလေး ကောင်းကောင်းမွန်မွန်လေးတွေ့ထိရလို့ ချမ်းသာတဲ့ခံစားမှုလေး ဖြစ်နေ တာဆိုရင် သုခဝေဒနာ၊ ဝေဒနာဆိုတာက အမှန်ကတော့ စိတ်ထဲမှာ ရှိတာနော်၊ ဦးဇင်းတို့ တရားထိုင်တဲ့ခါတွေ ဘာတွေကျတော့ ဒါဟာ ရောရောပြီးတော့ပဲ ပြောရတယ်၊ ဒုက္ခဝေဒနာရှုဟော့၊ ဒုက္ခဝေဒနာရှုဟော့ဆိုရင် နာတာရှုပေါ့၊ အဲဒီတော့ ဝေဒနာဟာ ဒီထဲမှာ ရှိတာမဟုတ်ဘူး၊ အမှန်က ဒီအထဲမှာက (pain) အနေနှင့် တော့ရှိတယ်၊ သို့သော် (experience of pain)က ခေါင်းထဲမှာ စိတ်ထဲမှာရှိတာ၊ အဲဒါကို သူတို့ သေချာ နားလည်အောင် ပြောရတယ်၊ ဝေဒနာရှု ဝေဒနာရှုဆိုတော့ အမှန်ကတော့ အဲဒီ ခံစားမှုလေးကို ရှုခိုင်းတာပဲ၊ သို့သော် ခန္ဓာနှင့်က တွဲနေတာဆိုတော့ ခွဲလို့က မလွယ်ဘူးပေါ့။

အဲဒါကြောင့်မို့ ဝေဒနာလို့ပြောလိုက်ရင် အဘိဓမ္မာမှာတိတိကျကျ သုံးလာ ပြီဆိုရင် ဝေဒနာဆိုတာ နာမ်တရား,စိတ်ထဲမှာရှိတာ၊ ဒါဖြင့် နာတာဘာလဲဆိုတော့ ရုပ်တရား၊ ရုပ်မှုန်လေးတွေ ရှိတဲ့အနက်မှာ နာတဲ့ရုပ်ပေါ့၊ ဟိုကျတော့လည်း ချမ်းသာတဲ့ရုပ်၊ အဲသလိုဖြစ်တာ၊ အဲဒီနာတဲ့ရုပ်ပေါ်အမှီပြုပြီးတော့ နာတဲ့ ခံစားမှု ဖြစ်တယ်၊ ချမ်းသာတဲ့ ရုပ်ပေါ်အမှီပြုပြီးတော့ ချမ်းသာတဲ့ ခံစားမှုဖြစ်တယ်, အဲဒီ နာတဲ့ခံစားမှုက ဒုက္ခဝေဒနာ, ချမ်းသာခံစားမှုက သုခဝေဒနာ, ဒါကြောင့် ဝေဒနာ သေသေချာချာ ခွဲလိုက်မယ်ဆိုရင် ဝေဒနာ ငါးမျိုးထွက်လာတယ်၊ အဲဒါ မှတ်ထားနော် သောမနဿ, ဒေါမနဿ, ဥပေက္ခာ, သုခ, ဒုက္ခ၊ သုခသဟဂတ ကာယဝိညာဏ်

စိတ်ဆိုတာ ကောင်းတဲ့ အတွေ့အထိတွေ တွေ့ရတဲ့အခါမှာတဲ့။

နောက်တစ်ခုက ဥပေက္ခာသဟဂုတ သမ္ပဋိစ္ဆနစိတ်၊ ဒါ မထူးပါဘူး၊ ခုန အတိုင်းပဲ၊ လက်ခံတဲ့စိတ်, ဒီမှာကတော့ ကောင်းတဲ့အာရုံပေါ့၊ ပြီးတော့ နောက်တစ်ခု ကတော့ သောမနဿသဟဂုတ သန္တီရဏစိတ်၊ ဒီကျတော့ သန္တီရဏက တစ်ခါ တစ်ခါ သောမနဿဖြစ်တယ်, တစ်ခါတစ်ခါ ဥပေက္ခာဖြစ်တယ်, အာရုံပေါ်မှာ မူတည်ပြီးတော့ တချို့အာရုံက အလွန်အလိုရှိအပ်တဲ့ အာရုံရှိတယ်၊ သာမန် အလို ရှိအပ်တဲ့ အာရုံရှိတယ်၊ အလိုမရှိအပ်တဲ့ အာရုံရှိတယ်။

ဆိုပါတော့, ဦးဇင်းတို့အဖို့ဆိုရင် ဘုရားအာရုံဟာ အလွန်အလိုရှိအပ်တဲ့ အာရုံ, တစ်နည်းလဲ ပြောမယ်ဆိုရင် ကိုယ်က မိန်းကလေးတစ်ယောက် သိပ်ကြိုက် နေရင် ဒီမိန်းကလေးဟာ ကိုယ့်အတွက် တကယ်အလိုရှိအပ်တဲ့ အာရုံပဲ၊ အတိ ဣဋ္ဌာရုံလို့ ခေါ်တယ်၊ အဲလို အလွန် အလိုရှိအပ်တဲ့ အာရုံနှင့်တွေ့ရင် သောမနဿ ဖြစ်တယ်၊ သာမန်အလိုရှိအပ်တဲ့ အာရုံမျိုးနှင့်တွေ့ရင် ဥပေက္ခာဖြစ်တယ်၊ အာရုံပေါ်မှာ မူတည်ပြီးတော့ သန္တီရဏက နှစ်မျိုးဖြစ်တယ်။

ဒါကြောင့်မို့ အားလုံးပေါင်းလိုက်ရင် သန္တီရဏက နှစ်ခုဖြစ်တဲ့အတွက် ကြောင့်မို့ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ ဟိုမှာတုန်းကတော့ သန္တီရဏက တစ်မျိုးပဲရှိတယ်၊ မကောင်းတာဆိုတာ အနိဋ္ဌာရုံပဲရှိတာကိုး၊ ဒီဘက်ကျတော့ ကောင်းတဲ့အာရုံကျတော့ သာမန်ကောင်းနှင့် အလွန်ကောင်းပေါ့လေ၊ အလွန် အလိုရှိအပ်တယ်ပေါ့၊ အလွန်ကြိုက်နှစ်သက်အပ်တဲ့ အာရုံဆိုတော့ အဲသလို နှစ်မျိုး ဖြစ်တဲ့အတွက်ကြောင့်မို့ သူ့မှာ သောမနဿဝေဒနာနှင့် တကွဖြစ်တာက တစ်စိတ်, ဥပေက္ခာဝေဒနာနှင့် တကွဖြစ်တာက စိတ်တစ်ခု၊ အားလုံး အဟိတ်ကုသလဝိပါက် စိတ် ၈-ပါး။

အဘိဓမ္မာဟာ တော်တော်အသေးစိပ် ရှိတယ်နော်၊ မြတ်စွာဘုရားရဲ့ ဉာဏ် တော်ဟာ တကယ် အံ့ဩလောက်တယ်၊ ဘယ်သူမှ ဒီလို အသေးစိပ် မပြောနိုင်ဘူး၊ အခု အနောက်တိုင်း ဆိုက်ကိုလိုဂျီ ဘယ်လောက်တိုးတက်တယ် ပြောပြော, ဒီလောက် အသေးကို မစိပ်သေးဘူး၊ ဦးဇင်းတပည့်တွေက ခဏခဏပြောတယ်၊ Western ဆိုက်ကိုလိုဂျီဟာ အဘိဓမ္မာနဲ့ စာကြည့်တော့ ကလေးသင်တန်းလောက် ရှိပါသေးတယ်တဲ့၊ ဒီလောက် အသေးစိပ်တာ မရှိဘူး၊

ကိုင်း-နောက်တစ်ခုက အဟိတ်ကြိယာစိတ်၊ အဟိတ်လို့ခေါ်တာ ခုန ပြောတဲ့အတိုင်းပဲ၊ ဟိတ်နှင့်တကွ မဖြစ်လို့ လောဘ, ဒေါသ, မောဟ, အလောဘ

အဒေါသ အမောဟ တစ်ခုနှင့်မှ မဖြစ်လို့, သူ့ကို အဟိတ်၊ ကြိယာဆိုတာကတော့ ပြုကာမတ္တဖြစ်တဲ့စိတ်ကို ဆိုလိုတယ်၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ကောင်းတဲ့ အကျိုးလည်းမပေးဘူး၊ ဆိုးတဲ့အကျိုးလည်း မပေးဘူး၊ သူတို့ကိုယ်နှိုက်ကလည်း အကျိုးမဟုတ်ဘူး၊ အဲသလို စိတ်မျိုးက ကြိယာစိတ်။

အကျိုးဖြစ်နေရင် ဝိပါက်စိတ် ဖြစ်မယ်၊ ကောင်းတဲ့စိတ်ဆိုရင် ကုသိုလ်စိတ် ဖြစ်မယ်၊ မကောင်းတဲ့စိတ်ဆိုရင် အကုသိုလ်စိတ်ဖြစ်မယ်၊ ကောင်းတာလည်း မဟုတ်ဘူး, မကောင်းတာလည်း မဟုတ်ဘူး၊ အကျိုးလည်း မပေးဘူးဆိုတော့ ကြိယာ။

အဲဒီ အဟိတ်ကြိယာစိတ်က ၃–ခု ရှိတယ်နော်၊ ဒီမှာလဲ အဟိတ်ကြိယာလို့ ခေါ်ရတယ်၊ ဘာကြောင့်တုန်း နောက်ကြိယာတွေ တွေ့အုံးမယ်၊ ကာမာဝစရကြိယာ ရူပါဝစရကြိယာ အရူပါဝစရကြိယာနှင့် တွေ့အုံးမယ်၊ ဒါကြောင့်မို့ ဒီစိတ်တွေကို ကြိယာစိတ်၊ ကကြီး ရရစ်ကို ကရိလို့ ဖတ်ရတယ်၊ ကြိယာလို့ သွားမဖတ်နှင့်၊ တစ်ခါတစ်ခါ ကျတော့လဲ ကိရိယာလို့ ဒီလိုလည်း ရေးလို့ရပါတယ်၊ ကြိုက်သလို ရေးလို့ရတယ်၊ ဒါကတော့ အတိုရေးနည်းပေါ့လေ၊ အဲဒီ ကြိယာစိတ် ၃–ခုမှာ ပထမစိတ်က ပြောခဲ့ပြီ၊ ဒါက ဥပေက္ခာသဟဂတ ပဉ္စဒွါရာဝဇ္ဇန၊ ပဉ္စဆိုတာက ငါး၊ ဒွါရ–ဆိုတာက တံခါး၊ အာဝဇ္ဇနဆိုတာက ဆင်ခြင်တာဆိုလည်း ဟုတ်တယ်၊ လှည့်တာဆိုလည်းဟုတ်တယ်၊ အနက်ထဲမှာ လှည့်တာမထည့်လိုက်ဘူး၊ ဟို (space) ကလည်း သိပ်မရှိတော့တာနှင့် ဆင်ခြင်တယ်လို့ပဲ သုံးလိုက်တာ၊ ဟုတ်လား၊ လှည့်တာလို့လည်း အဓိပ္ပါယ်ယူလို့ရတယ်၊ တံခါး ဘယ်နှစ်ပေါက်ရှိလဲ ၆–ပေါက် ရှိတယ်နော်၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်, ဦးဇင်းတို့ အမေရိကန်တွေနှင့်ပြောရင် အထူးပြောရတယ်။

အဘိဓမ္မာမှာက စိတ်ဟာလည်းပဲ (Sense) တစ်ခုပဲ၊ (Sense door) ဆို သူတို့က ငါးခုပဲသိတာကိုး၊ (Sixth sense) ဆိုပြန်တော့လဲ အဓိပ္ပါယ်တစ်မျိုး ရောက်သွားပြန်ရော၊ (six door)၊ တံခါးခြောက်ပေါက်ရှိတယ်ပေါ့၊ အဲဒီ တံခါး ခြောက်ပေါက်မှာ တံခါးငါးပေါက်နှင့်ပတ်သက်ပြီးတော့ ပဉ္စဒွါရာဝဇ္ဇနက အလုပ် လုပ်မယ်၊ အဲဒါကြောင့်မို့ သူ့ကို ပဉ္စဒွါရာဝဇ္ဇနစိတ်လို့ ခေါ်တယ်၊

အဲဒီတော့ မြင်တဲ့အခါ, ကြားတဲ့အခါ, နံတဲ့အခါ အရသာသိတဲ့အခါ ထိတဲ့အခါမှာဖြစ်တဲ့ ဝိထိတွေမှာဆိုရင် ဒီပဉ္စဒွါရာဝဇ္ဇနစိတ်က ထိပ်က သူလာလိမ့်မယ်၊ သူက စပြီးတော့ လမ်းကြောင်းပြောင်းပေးတဲ့သဘော ပေါ့လေ၊ မီးရထားမှာ

လမ်းလေးတွေ ပြောင်းတာကို အလံချိုးတယ် ခေါ်လား ဘာခေါ်လား အဲဒါမျိုးပေါ့၊ သူကပြောင်းပေးလိုက်မယ်၊ သူ့ moment ကစပြီးတော့ ငါးဒွါရဘက်လှည့်သွားမယ်၊ စက္ခုဒွါရဘက်လှည့်သွားပြီ, သောတဒွါရဘက် လှည့်သွားပြီ ဒီအဓိပ္ပါယ်ရှိတယ်။

နောက်တစ်ခုကတော့ မနောဒွါရဝဇ္ဇန၊ မနောဆိုတာ စိတ်၊ မနောဒွါရဝဇ္ဇနဆိုတာစိတ်တံခါး၊ တကယ်မြင်တာလည်းမဟုတ်ဘူး၊ တကယ်ကြားတာလည်း မဟုတ်ဘူး၊ စိတ်နှင့်စဉ်းစားပြီးမြင်တာမျိုး မရှိဘူးလား၊ အတိတ်ကဟာတွေ ပြန်မြင်တယ်ဆိုတာ မျိုးပေါ့၊ ဒါကျတော့ မနောဒွါရနှင့်မြင်တာ, စိတ်နှင့်မြင်တာ၊ တကယ့်မျက်လုံးနှင့် အခုလို မြင်တာမဟုတ်ဘူး၊ အနာဂတ်လှမ်းပြီးတော့ စဉ်းစားတယ်၊ ဒါလည်းပဲ စိတ်နှင့်မြင်တာပဲ၊ ပြီးတော့တစ်ခါ ရိုးရိုးပဲ စိတ်ကူးတယ်, စိတ်ကူးတွေ ဖြစ်တယ်၊ ဒါဘာလဲ, မနောဒွါရမှာ ဖြစ်တာ၊ အဲဒါကြောင့်မို့ အဲဒါကျတော့ မနောဒွါရာဝဇ္ဇန။

အဲဒီလို ဝီထိကျတော့လည်းခုနလို ဝီထိမျိုးပဲ၊ မနောဒွါရဝီထိ လာရသေးတယ်၊ လာတဲ့အခါကျတော့ ပဥ္စဒွါရ ဝဇ္ဇန်းအစား သူက မနောဒွါရာဝဇ္ဇန်းကနေ အလုပ်လုပ်တော့တယ်၊ ဒါ သူ့နယ်ရောက်လာပြီ၊ ဟို ပဥ္စဒွါရ ဝဇ္ဇန်း မလိုက်နိုင်တော့ဘူး၊ သူက ငါးဒွါရနှင့်သာ ဆိုင်တော့တယ်၊ မနောဒွါရကျတော့ "မင်းမဆိုင်တော့ဘူး၊ ငါ့နေရာကွ ငါ့နယ်"ဆိုတဲ့သဘောပေါ့၊ အဲဒီလို ပြောင်းပေးတဲ့ စိတ်ကို မနောဒွါရာဝဇ္ဇနစိတ်လို့ ခေါ်တယ်။

ဒါပေမယ်လို့ ဒီမနောဒွါရာဝဇ္ဇနစိတ်သည်ပင် ငါးဒွါရမှာလည်းဖြစ်တယ်၊ ဒါပေမယ်လို့ ငါးဒွါရမှာ ဖြစ်တဲ့အခါကျတော့ သူက ခုနလို ဆင်ခြင်တဲ့ အနေမျိုး, လှည့်ပေးတဲ့ အနေမျိုး, ဒီကိစ္စမျိုးနှင့်ဖြစ်တာ မဟုတ်ဘူး၊ ဒီ (Function) မျိုးနှင့် ဖြစ်တာမဟုတ်ဘူး၊ ဆုံးဖြတ်တဲ့ အနေမျိုးနှင့်ဖြစ်တာ၊ ခုန ဝုဋ္ဌောဆိုတာ ဆုံးဖြတ်တာ သူပဲ၊ သူက ငါးဒွါရမှာဖြစ်တဲ့အခါကျတော့ ဦးဆုံးဖြတ်ပေါ့၊ ဆုံးဖြတ်တဲ့ရာထူး သူ့မှာရှိတယ်၊ မနောဒွါရဖြစ်တဲ့ခါကျတော့ သူက လှည့်ပေးတဲ့လုပ်ငန်း ရာထူးရှိတယ်, မတူဘူး၊ လူတစ်ယောက်ထဲ ဌာနနှစ်ခုကိုင်သလိုပေါ့၊ အလုပ်နှစ်ခု လုပ်သလိုပေါ့။

ဦးဇင်းလည်းပြောတယ်၊ စိတ်တွေရဲ့ ကိစ္စနှင့်ပတ်သက်ပြီးတော့ပေါ့၊ ဆိုပါတော့ မင်း အခု ငါ့ဆီလာစာတက်နေတယ်၊ မင်း ငါ (student) ကျောင်းသားပဲလို့၊ နေ့လည်တုန်းက ရုံးလုပ်တော့ မင်းရုံးမှာ အရာရှိပေါ့၊ အိမ်ပြန်သွားတော့(family)မှာ မင်းက အဖေပေါ့၊ သူ့အချိန်နှင့်သူ့နေရာနှင့် သူ(Function)ကွဲသလိုပဲ စိတ်တွေ

မှာလည်း အဲသလိုရှိတယ်၊ စိတ်တစ်ခုထဲက (Function) နှစ်မျိုးလုပ်တာရှိတယ်၊ သုံးမျိုးလုပ်တာရှိတယ်၊ လေးမျိုး ငါးမျိုး ထိအောင်ရှိတယ်၊

ဒါကြောင့်မို့ ဒီ မနောဒွါရာဝဇ္ဇနစိတ်က မနောဒွါရစိတ်တံခါးမှာဖြစ်တဲ့ အခါမှာ စိတ်တံခါးကနေပြီးတော့ ဝင်တဲ့အခါကျတော့ သူက လှည့်ပေးတဲ့သဘော, ဆင်ခြင်တဲ့သဘော အဲဒီကိစ္စ အဲဒီလုပ်ငန်းကို သူလုပ်တယ်၊ ပဉ္စဒွါရမှာဖြစ်တဲ့အခါ ကျတော့ သူက ဒီလုပ်ငန်း မဟုတ်ဘူး၊ ဆုံးဖြတ်တဲ့ လုပ်ငန်းနှင့် ဝင်ပြီးတော့ လုပ်သွားတယ်၊ သူက လုပ်ငန်း ၂-ခုရှိတယ်၊ သူ့ကို မနောဒွါရာ ဝဇ္ဇနစိတ်လို့ ခေါ်တယ်၊ ဒီစိတ်တွေဟာ ရိုးရိုးပုထုဇဉ် တွေမှာလည်းဖြစ်နိုင်တယ်, ဘုရားရဟန္တာ မှာလည်း ဖြစ်နိုင်တယ်, သို့သော် ကြိယာလို့ပဲ ခေါ်တယ်၊ ကြိယာလို့ခေါ်တာပေါ့ သူတို့က ကုသိုလ်လည်းမဟုတ်ဘူး၊ အကုသိုလ်လည်း မဟုတ်ဘူး၊ ဝိပါက်လည်း မဟုတ်ဘူး၊ အကျိုးလည်းမပေးဘူးဆိုတော့ သူတို့ကြိယာဖြစ်သွားတာ။

နောက်ဆုံးစိတ်ကတော့ သောမနဿသဟဂတ ဟသိတုပ္ပါဒစိတ်၊ ဟသိတ ဆိုတာ ပြုံးတာ ရယ်တာကို ဟသိတလို့ခေါ်တယ်၊ ဥပ္ပါဒဆိုတာ ဖြစ်စေတာ ဟသိတ+ဥပ္ပါဒတွဲလိုက်တဲ့အခါကျတော့ ဟသိတုပ္ပါဒဖြစ်၊ ပြုံးရယ်ခြင်းကို ဖြစ်စေ တတ်တဲ့ စိတ်ကို ဟသိတုပ္ပါဒစိတ်လို့ခေါ်တယ်။

ဒါပေမယ်လို့ ဒီစိတ်က ဘုရားရဟန္တာမှာသာ ဖြစ်တဲ့စိတ်တဲ့၊ ရိုးရိုးပုထုဇဉ် မှာလည်း မဖြစ်ဘူး၊ ရဟန္တာအောက်ကျတဲ့ အရိယာမှာတောင် မဖြစ်ဘူး၊ ဒါဖြင့် ပုထုဇဉ်တွေ မရယ်ဘူးလားဆိုရင် ရယ်တာပေါ့၊ သို့သော် ဒီလိုရှိတယ်၊ ရယ်တဲ့ စိတ်က ဒီစိတ်တင် မဟုတ်ဘူး၊ တခြားစိတ်တွေလည်း ရှိသေးတယ်၊ လောဘမူ သောမနဿနှင့် ရယ်တာရှိတယ်၊ နောက် ကာမာဝစရကုသိုလ်လာလိမ့်မယ်၊ ကုသိုလ် သောမနဿနှင့် ရယ်တာရှိတာကိုး၊ အခုဟာကတော့ ဘုရား ရဟန္တာ ရယ်တဲ့စိတ်။

ဆိုကြပါစို့, တခြားစိတ်နှင့်လည်းရယ်တယ်၊ ဒီစိတ်နှင့်လည်းရယ်တယ်၊ ဒီစိတ်ကတော့ ဘုရားရဟန္တာအတွက်သက်သက်၊ တို့နှင့် မဆိုင်ဘူး၊ ဒါ မှတ်ထား ရမယ်၊ စပါယ် ရှယ်ပဲ၊

ရယ်တယ်ဆိုကတည်းက ဥပေက္ခာနှင့်ရယ်လို့မရဘူး၊ ဒေါမနဿနှင့် ရယ်လို့ မရဘူး၊ ဒါကြောင့်မို့ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ စိတ်၊ ဒီစိတ် ၃-ပါး ကိုကတော့ကို အဟိတ်ကြိယာစိတ် ၃-ပါးလို့ ခေါ်တယ်၊ အားလုံးပေါင်းလိုက်ရင် ညာဘက်က ဂဏန်းတွေ (consequtive) အစကနေစပြီးတော့ ဟို ၁, ၂, ၃,

၄ ကနေ ၁၂၁–ထိအောင် သွားလိမ့်မယ်။

ဒါကြောင့်မို့ အဟိတ်စိတ် ၁၈–ပါး ပြန်ပေါင်းလိုက်ကြစို့၊ အကုသိုလ် အကျိုးဖြစ်တဲ့စိတ် ၇–ပါး၊ (ဦးဇင်းတို့က ပါးပဲသုံးတယ်၊ ဘုန်းကြီးလောကက ကောင်းတဲ့စိတ်တွေကိုလည်း တစ်ပါး, နှစ်ပါးဆိုတာပဲ၊ မကောင်းတဲ့စိတ်လည်း တစ်ပါး နှစ်ပါးသုံးတာပဲ၊ အစဉ်အလာအသုံးအနှုန်းလေးတော့ မဖျောက်ပဲထားတာ ကောင်းတယ်၊ ဟုတ်လား (၇) ခုလို့ ခေါ်ချင်လည်းခေါ်ပါ၊ ရပါတယ်၊ ထားပါ တော့) ကုသိုလ်အကျိုးဖြစ်တဲ့စိတ် ၈–ပါး၊ အကျိုးမဟုတ်ဘူး၊ ဖြစ်ခါမျှဖြစ်တဲ့စိတ် ၃–ပါး၊ အားလုံးပေါင်းလိုက်တော့ကို အဟိတ်စိတ် ၁၈–ပါး။

ဘာကြောင့် အဟိတ်လို့ခေါ်တုန်း, ဟိတ်နှင့် မယှဉ်လို့, ဟိတ်နှင့်အတူ မဖြစ်လို့၊ မယှဉ်ဘူးဆိုတာ အတူမဖြစ်တာကို ပြောတာ။

ကောင်းပြီ, ဒီအဟိတ်ထဲမှာ ဥပေက္ခာနှင့် တွဲဖြစ်တာ ဘယ်နှစ်ခုပါတုန်း၊ သရုပ်ခွဲတယ်ဆိုတာ အဲဒါပဲကျေအောင်လုပ်ရတယ်၊ ဥပေက္ခာနဲ့တွဲဖြစ်တာ ၁၄–ခု၊ သောမနဿနှင့် တွဲဖြစ်တာ ၂–ခု၊ ဒေါမနဿနှင့် တွဲဖြစ်တာမပါဘူး၊ သုခနှင့် တွဲဖြစ်တာ တစ်ခု၊ ဒုက္ခနှင့် တွဲဖြစ်တာ တစ်ခု၊ အားလုံး ၁၈–ခု၊ ကောင်းပြီ အဲဒီတော့ ဒီနေ့စိတ်တွေက အဟိတ်စိတ်, ဟိုအပတ်တုန်းက စိတ်တွေက အကုသိုလ် စိတ်။

အကုသိုလ်စိတ် ၁၂–ခုနှင့် အဟိတ်စိတ် ၁၈–ခု ပေါင်းလိုက်ရင် ၃၀ ရတယ်၊ အဲဒီ ၃၀–ကို collectively ဦးဇင်းတို့ မြန်မာပြည်မှာ အသောဘနစိတ်လို့ ခေါ်တယ်၊ ဦးသောဘနဆိုတဲ့ ဘွဲ့ဟာ သင်္ဂြိုဟ်သင်ရင် သူ့ဘွဲ့ကို ခဏခဏ ခေါ်ရတယ်။

သောဘနဆိုတာ တင့်တယ်တယ်, လှပတယ်ဆိုတဲ့ အနက်သဘောရှိတယ်၊ beautiful, အသောဘနဆိုတာ မတင့်တယ်ဘူး, မလှပဘူးဆိုတဲ့ စိတ်၊ ပါဠိ ကျမ်းဂန်တွေမှာတော့ ဒီစိတ် ၃၀–ကို အသောဘနလို့ မခေါ်ဘူး၊ ဒါပေမယ်လို့ ဦးဇင်းတို့ မြန်မာပြည်ကျတော့ သရုပ်ခွဲတဲ့အခါကျတော့ လွယ်အောင်လို့ တစ်ခါ တလေကျတော့ ဒီစိတ်တွေပေါင်းပြီးတော့ တစ်ခါထဲ ပြောလိုက်ချင်တာ၊ အသောဘန စိတ် ၃၀–ဆိုတော့ တစ်ခါထဲကိစ္စပြီးသွားတယ်၊ တစ်ခါထဲနှင့် ပြောလို့ရတယ်၊ သို့မဟုတ်ရင် အကုသိုလ်စိတ် ၁၂–ခု အဟိတ်စိတ် ၁၈–ခုနှင့် ပြောနေရအုံးမှာ၊ ဒီ ၃၀–လုံးကို ပြောချင်တဲ့ခါကျတော့ အသောဘန စိတ် ၃၀, အဲသလို ပြောလိုက် တယ်။

ဒါတွေ အသောဘနဖြစ်တဲ့အတွက်ကြောင့်မို့ ကျန်တာတွေ ကျန်တာတွေဆိုတာ ရှေ့လာမယ့်စိတ်တွေ သောဘနစိတ် တွေပဲ, တင့်တယ်တဲ့စိတ်တွေ (beautiful types of consciousness) လာလိမ့်မယ်၊ တင့်တယ်တဲ့ဟာ အများကြီးပေါ့၊ မတင့်တယ်ဆိုတာလည်းအမှန်ကတော့ အဟိတ်စိတ်အနေနှင့်တော့ မလှပတဲ့ သဘော မဟုတ်ပါဘူး၊ ဟိတ်မရှိတာကိုပဲ မတင့်တယ်ဘူးပြောတာပေါ့လေ၊ တင့်တယ်တဲ့ ဟိတ်နှင့်လည်း မယှဉ်ဘူး၊ မတင့်တယ်တဲ့ ဟိတ်နှင့်လည်း မယှဉ်ဘူး၊ ဒါပေမယ့် သူ့ဒီထဲထည့်လိုက်တော့တယ်၊ ဟိတ်နှင့် မယှဉ်လို့။

အကုသိုလ်စိတ်ကတော့ တကယ် မတင့်တယ်တဲ့စိတ်ပေါ့၊ မကောင်းတဲ့စိတ်၊ ဒါကြောင့်မို့ အကုသိုလ်စိတ် ၁၂–ခုနှင့် အဟိတ်စိတ် ၁၈–ခု ဒီနှစ်ခု ပေါင်းလိုက်လို့ ၃၀–ကို အသောဘနစိတ်လို့ ဦးဇင်းတို့ ခေါ်လိမ့်မယ်၊ ဒီစိတ် ၃၀–မှ တပါး ဒီစိတ် ၃၀–မှလွတ်တဲ့ နောက်ထပ်လာမယ့် စိတ်တွေကျတော့ သောဘနစိတ်လို့ ခေါ်လိမ့်မယ်၊ သောဘနစိတ် ဘယ်လောက်ရှိမှန်းမသိသေးဘူး၊ နောင်တော့ သိမှာပေါ့၊ ဒီသင်္ဂြိုဟ် ကျမ်းမှာကတော့ အည့်ကစပြတာ၊ မကောင်းတဲ့စိတ် သူ့ထက်နည်းနည်း သက်သာတဲ့ စိတ်– နောက်တော့ ကုသိုလ်ကောင်းတဲ့စိတ်တွေ အဲလို တဖြည်းဖြည်း အည့် အကောင်း ပိုကောင်း အကောင်းဆုံး (အဲဒါကတော့ ဒီဟာ ဒီလိုပဲ စဉ်ချင်လို့ပေါ့, အည့်ကစပြီး စဉ်ပေးစေချင်လို့ တဖြည်းဖြည်း အပေါ်တက်သွားမယ်၊ ဓမ္မသင်္ဂဏီ ပါဠိတော်ကျတော့ အဘိဓမ္မာပါဠိတော်ကျတော့ သူက ကုသိုလ်ကစတယ်၊ ကုသိုလ်, အကုသိုလ်, အဗျာကတ လို့စတယ်။

ဪ–အဗျာကတ ပြောရအုံးမယ် ခုန ပြောခဲ့တယ်၊ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ, အဲဒီ ဝိပါက်နှင့် ကြိယာကို (collectivelly) အဗျာကတလို့ ခေါ်တယ်၊ အဗျာကတစိတ်လို့ပြောရင် ဝိပါက်နှင့် ကြိယာ နှစ်မျိုးကို ဆိုလိုတယ်၊ သင်္ဂြိုဟ်ကျမ်းထဲမှာ သိပ်တော့ မသုံးဘူး၊ သို့သော် အဘိဓမ္မာမှာတော့ သုံးတယ်။

ခုနသတိရသွားတာက ကုသိုလ်, အကုသိုလ်, အဗျာကတလို့ ပြောလိုက်လို့၊ ဝိပါက်နှင့်ကြိယာကို အဗျာကတလို့ခေါ်တယ်၊ ရုပ်ကိုလည်းပဲ အဗျာကတ လို့ ခေါ်လိမ့်မယ်၊ နိဗ္ဗာန်လည်း အဗျာကတလို့ခေါ်မယ်၊ ကုသိုလ် အကုသိုလ်မဟုတ်တာ မှန်သမျှ အဗျာကတထဲ ထည့်ရမှာပဲ၊ ရှင်းရှင်း မှတ်ထား။

အဗျာကတစိတ် သရုပ်ခွဲတဲ့ခါကျတော့ သိပ်မသုံးဘူး၊ သူ့ကို ကုသိုလ်, အကုသိုလ်၊ ဒါတွေပဲ အသေးစိပ်သွားအုံးမယ်၊ အဲဒါကြောင့်မို့ ကျေအောင်တော့ လုပ်ကြ, ဒါလေးတွေ ၁၈–ခု၊ ဒီ ၁၈–ခု, ကော်လံ ၃–ခုရှိတယ် မဟုတ်လား၊

ကော်လံ ၃–ခုနှင့် ၁၈–ခုကို တစ်ခါထဲကျေအောင်လုပ်ကြ၊ ဒါလေးကြည့်ပြီးတော့ ဆိုပါတော့, ဥပေက္ခာသဟဂတ စက္ခုဝိညာဏ်စိတ် ဒါက သောတဝိညာဏ်စိတ်၊ ဒါက ဃာနဝိညာဏ်စိတ် အဲသလို၊ နောင်ခါမှာ ဆိုပါတော့, အကုသလဝိပါက်စိတ် ၇–ပါးလို့ ပြောလိုက်ရင် အဲဒီ ၇–ခု စိတ်ထဲက တန်းပြီးတော့ မြင်သွားပစေ၊ အဟိတ်ကုသလ ဝိပါက်စိတ် ၈–ပါးဆိုရင် အလယ်က ၈–ခု မြင်သွားပစေ၊ အဟိတ်ကြိယာ ၃–ခု ဆိုရင် ၃–ခု မြင်သွားပစေ၊ အဲသလို မြင်သွားမှ ကိုယ်နား လည်တာ ကျကျနနနားလည်တာ၊ အဲဒီကျမှလည်းပဲ ရှေ့လည်းသွားချင်တာ၊ ရှုတ်ထွေး ရှုတ်ထွေးနှင့်ဆိုရင် ကြာတော့ စိတ်က ပျက်လာတာ။

အဲဒါကြောင့်မို့ တက်ပြီးသားလေးကိုတော့ဖြင့် ကျေအောင်လုပ်ကြ၊ အလွန် အကျိုးရှိတယ်နော်၊ ကျေတဲ့အခါကျရင် အရသာတွေ့လာတယ်၊ ရှေ့တက်တဲ့အခါ ကျတော့ နောက်မပြန်ရတော့ဘူး၊ နောက်ပြန်မကြည့်ရတော့ဘူး၊ သိသိ, သိသိ သွားတာ၊ နည်းနည်းလုပ်သွားရင် ဒီ ၁၂၁–ခု ဘာမှ မခဲယဉ်းဘူး၊ မှတ်မိသွားတာပဲ။

အရင်လဲ ပြောဖူးတယ် မဟုတ်လား၊ အဲဒီ ချပ်ကပ်လေး ကပ်ကြေးနှင့် ကိုက်ပြီး အိတ်ထဲထည့်ထား၊သွားရင် : လာရင်းဖြစ်စေ တစ်ခုခုစောင့်နေတဲ့အခါတို့ ဘာတို့ဖြစ်စေ ထုတ်ကြည့်လိုက်၊ အဲဒီလိုနှင့်ပဲမှတ်မိသွားတာပဲ၊ အဲသလို မှတ်မိထားရင် သိပ်အကျိုးရှိတယ်၊ မမှတ်မိတော့ ခုနလိုပဲ အသိဉာဏ်က မရှင်းဘူး၊ ရှင်းရှင်းလင်းလင်း မသိရင် ဘယ်သူဖြစ်ဖြစ် ကြာတော့ စိတ်ပျက်လာတာပေါ့၊ ဒါကြောင့်မို့ ဒါကိုတော့ ကျေအောင်လုပ်, သိအောင်လုပ်။

ပြီးတော့ ခုန သောမနဿ ဥပေက္ခာ ကွဲနေပစေ၊ အထက်ပိုင်းက အနီတွေ အောက်ပိုင်းက အပြာတွေဆိုကြစို့၊ အဲဒီတော့ အခု ကာယဝိညာဏ်တွေကို ဦးဇင်း ဘာလက္ခဏာနှင့် ပြထားတုံး၊ (cross) နှင့် ပြထားတာလား၊ နည်းနည်းကွဲအောင် ဆိုပြီးတော့ cross နှင့် လုပ်ထားတယ်၊ အဲဒီတော့ ဒုက္ခကျတော့ ဒေါမနဿနှင့် ဆင်ဆင်ဆိုပြီးတော့ အစိမ်း (cross) လုပ်ထားတယ်၊ သုခ ကျတော့ သောမနဿနှင့် ဆင်ဆင်ဆိုပြီးတော့ အနီ (cross) လုပ်ထားတယ်၊ အမှန်တော့ ဒီ (colour) ကတော့ ကိုယ်လုပ်ချင်တာ လုပ်လို့ရပါတယ်၊ မြန်မာပြည်တုန်းကလည်း ဒီဟာပဲ လုပ်ခဲ့တော့ ဒီကျတော့ လည်းပဲ ဒါပဲ လုပ်လိုက်တော့တယ်။

ဦးဇင်းစိတ်ကူးက အနီဆိုတော့ တက်တက်ကြွကြွရှိတယ်, သောမနဿ၊ အပြာဆိုတာက ငြိမ်တဲ့သဘောရှိတယ်၊ ဒီနိုင်ငံကျတော့ ဒီလို ဟုတ်ချင်မှဟုတ်မှာ၊ သူတို့အတွေးအခေါ်က တစ်မျိုးရှိချင်ရှိမှာ၊ ဒါပေမယ်လို့ ဒါကိုပဲ ဦးဇင်းက လုပ်ခိုင်း

တော့တယ်၊ ဒါ a Just a symbol ဟုတ်တယ် မဟုတ်လား၊ ဒါမျိုးမဟုတ်ပဲနှင့် တစ်ခြားနည်းနှင့် လုပ်လိုကော မရဘူးလား ဆိုတော့ရတယ်၊ တစ်ချို့ ဦးဇင်းတို့ မြန်မာပြည်မှာ စာသင်တဲ့အခါ ပဲစေ့လေးတွေ နှင့် စိတ်စေတသိက်တွေ အဲဒီလိုပဲ လုပ်တာပဲ၊ အဲဒီတော့ ဒါ မှတ်မိအောင် လုပ်တဲ့နည်းတွေချည်းပဲ၊ (means) ပဲ၊ (They are not aims) ဟုတ်လား, ကိုယ်ကြိုက်တဲ့နည်းနဲ့ လုပ်လို့ရတယ်။

သို့သော် ဒါကတော့ Uniformity ရှိအောင်လို့ပေါ့လေ၊ ဟုတ်ဘူးလား၊ ဒီဟာပဲ ဦးဇင်းတို့ကလုပ်ကြစို့၊ ဒါဟာ sample မျှပဲဆိုတာ သိထားရင် ကိစ္စမရှိဘူး၊ လုပ်လို့ရတယ်၊ ကဲ–ကောင်းပြီ နောက်ထပ် ဘာမေးချင်သေးတုန်း၊ ဝဏ္ဏော အခိုက် အတန့်မှာ ဆုံးဖြတ်တာ အမှန်ကတော့ ဆုံးဖြတ်တယ်ဆိုတာ ပုဂ္ဂိုလ်အနေနှင့်က subjectively ပြောတာနော်, သူ့ဟာသူကတော့ နဂိုတည်းက ကောင်းတာဟာ ကောင်းတာပဲ, မကောင်းတာဟာ မကောင်းတာပဲ၊ အဲဒါကျတော့ အဲဒါက အလယ် အလတ် average လူနှင့်ဆုံးဖြတ်လို့ သူတို့ပြောတယ် ဆိုတယ်၊ သူတို့ကျမ်းမှာ ရေးတယ် ဆိုပါတော့ ဒီအာရုံတစ်ခုတည်းက တစ်ယောက် အဖို့မှာ ဣဋ္ဌ ဖြစ်မယ်၊ တစ်ယောက်အဖို့မှာ အနိဋ္ဌဖြစ်မယ်၊ ဒါပေမယ်လို့ အများပေါ့ (majority) သဘောက ဒါကို ကောင်းတယ်လို့ ဆုံးဖြတ်ထားရင် ဒါ ဣဋ္ဌာရုံပေါ့၊ ဆိုပါစို့ ခုနပြောတဲ့ ဥပမာနှင့် ပြောကြစို့၊ နံနံပင်ဟာ ဦးဇင်းအဖို့ အနိဋ္ဌာရုံ၊ ဒါပေမယ်လို့ နံနံပင်ဟာ အနိဋ္ဌာရုံပါလို့ ပြောလို့ မဖြစ်ဘူး၊ အများကကြိုက်နေတာ, မကြိုက်တဲ့လူက နည်းနည်းရှိတာ၊ အဲဒီတော့ နံနံပင် မင်းတို့ ဘယ်ထဲထည့်မလဲ၊ ဣဋ္ဌာရုံထဲထည့်မလား၊ အနိဋ္ဌာရုံထဲ ထည့်မလား၊ ပြီးတော့ ဒါတော်တော်လေး ပြဿနာရှိတယ်၊ ဒီ အာရုံအခွဲနှင့် ပတ်သက်ပြီးတော့ အာရုံတစ်ခုထဲဟာ အမြင်နှင့်ကြည့်တော့ တစ်မျိုး ဖြစ်တတ်တယ်၊ အတွေးကျကိုတော့ တစ်မျိုးဖြစ်တတ်တယ် နော်၊ ရွံစရာတော့ ရွံစရာပဲ၊ မစင်ဆိုပါတော့ အရောင်အဆင်း ဆိုရင် ကလေးမစင်တို့ ဘာတို့ဆိုရင် လှလှပပလေး မဟုတ်လား၊ ဝါလို့မဟုတ်လား၊ အတွေ့ကြည့်လိုက်တော့လည်းသူက ကောင်းတာပဲ,နူးညံ့တာပဲ၊ အနံ့ကျတော့ သွားပြီနော်၊ အဲဒီလိုပဲပေါ့၊ ခွဲလို့ရတယ်။

ငယ်ငယ်လေးကထဲက (ဆိုပါတော့) ဒီအသိုင်းအဝိုင်းမှာ နေလာတယ်၊ ဒါဟာ ကောင်းတဲ့ဟာပဲ ဒါဟာ မကောင်းတဲ့ဟာပဲဆိုတဲ့ သင်ကြားချက်ကလေးတွေ ပေါ့လေ၊ ကလေးလေးတွေက မိဘက ဒါ ကောင်းတယ်ဆိုတော့ သူကလည်း ဒါ ကောင်းတယ်လို့ ဆုံးဖြတ်သွားတာ၊ အဲဒီလို ယူတာကနေပြီးတော့ ဆုံးဖြတ်ချက် တွေက ဖြစ်ကုန်တာပဲ၊ ဒါကြောင့်မို့ လူတစ်မျိုးနှင့် တစ်မျိုးလည်းတူမှာ မဟုတ်ဘူး၊

culture တစ်မျိုးနဲ့ တစ်မျိုးလည်း မတူဘူး၊ ဦးဇင်းတို့ ဒီနိုင်ငံရောက်နေတဲ့ခါကျတော့ ဒီလူမျိုးက ဒါကောင်းတယ် ထင်တယ်၊ ဦးဇင်းတို့က မကောင်းဘူး ထင်တယ်၊ ဦးဇင်းတို့က ကောင်းတယ်ထင်တယ်၊ သူတို့က မကောင်းဘူးထင်တယ်၊ ဒါတွေ အမျိုးမျိုးရှိတာပေါ့၊ အစားအသောက်ဆို ငါးပိဆို ဦးဇင်းတို့က ကိစ္စမရှိဘူး၊ ကောင်းတာ၊ သူတို့ကျတော့ ဒုက္ခရောက်လို့၊ ငါးပိဟာ ဦးဇင်းတို့ မြန်မာလူမျိုး အဖို့ကျတော့လည်း ကောင်းတဲ့အာရုံ ဟုတ်လား၊ ကိုယ်ကြိုက်တာကိုး၊ သူတို့ကျတော့ ဒါ မကောင်းတဲ့ အာရုံပြောမှာ။

ထို့အတူပဲ cheese ဦးဇင်းတို့လည်း မကြိုက်ဘူး၊ တကယ် နံတာကြီးတွေ ရှိတယ် မဟုတ်လား၊ သူတို့ အကောင်းလုပ်ပြီး စားတာပဲ, ကြိုက်တာပဲ။

အဲဒါကလည်းလေ ကောင်းတာ မကောင်းတာကတော့ အရေးမကြီးဘူး၊ အမှန်ကတော့ ဇောမှာအရေးကြီးတာ၊ ကိုယ်ကနေပြီးတော့ အသင့်အတင့် နှလုံးမသွင်း တတ်ဘူး၊ ကိုယ်က မခံယူတတ်ဘူးဆိုရင်, ကိုယ့်မှာ အပြစ်ဖြစ်တယ်၊ အကုသိုလ်ဖြစ် တယ်၊ ကိုယ်ကသာ လက်ခံတတ်လို့ရှိရင် အကုသိုလ်ကလာတဲ့ ဝိပါက်ကလည်း ကောင်းသွားမှာပဲ၊ ကိုယ့်အတွက်မှာ သံပုရာရည်ဟာ အဖျော်ရည်ဖြစ်သွား တာပေါ့၊ ချဉ်နေတယ်ဆိုတော့ အဖျော်ရည်အဖြစ် သုံးလိုက်သလို ဖြစ်သွားတာပေါ့။

အဲဒါကြောင့်မို့ ရဟန္တာတွေကျ အဲဒါတွေနိုင်တာ၊ ပုထုဇဉ်တွေကျ မနိုင်သေးဘူး၊ မနိုင်သေးတော့ အာရုံလိုက်ပြီးတော့ ထိန်းပေမယ်လို့ တစ်ခါတလေ ဖြစ်သေးတာပဲ၊ လောဘမဖြစ်အောင်လို့ ထိန်းပေမယ်လို့ လောဘဖြစ်သွား သေးတယ်၊ ဒေါသမဖြစ်နှင့် ဆို ဖြစ်သွားသေးတယ်၊ ရဟန္တာကျတော့ တကယ်နိုင်သွားပြီ၊ သူတို့ကျတော့ ဘယ်တော့မှ မကောင်းတာ မဖြစ်တော့ဘူးပေါ့၊ အဲဒါပဲ။

အဗျာကတရဲ့ အဓိပ္ပါယ် အဗျာကတဆိုတာက (literal meaning)က မပြောကြားအပ်သော ဒီအဓိပ္ပါယ်ရှိတယ်၊ မပြောကြားအပ်သောဆိုတာ ကုသိုလ် ဟူ၍လည်းကောင်း, အကုသိုလ်ဟူ၍လည်းကောင်း, ထင်ထင်ရှားရှား မပြောကြား အပ်သောလို့ ဆိုလိုတယ်၊ အဲဒီနေရာမှာ အရှင်နာရဒရဲ့ စာအုပ်ထဲမှာ မှားနေတယ်၊ (explaining) မှားနေတယ်, အဲဒါလည်း သတိထားကြ၊ အဲဒီဟာရဲ့ အခြေခံက ဘာလဲဆိုတော့ မြတ်စွာဘုရားက ဓမ္မသင်္ဂဏီပါဠိတော်ဟောတဲ့ခါကျတော့ ကုသိုလ် ဆိုတဲ့ တရားတွေရှိတယ်ဟော့၊ အကုသိုလ်တရားတွေဆိုတာရှိတယ်၊ အဗျာကတ တရားတွေဆိုတာရှိတယ်ဟော့၊ ပထမဆုံးဟိတ်ကို ဟောတာ, အဗျာကတဆိုတာ ဘာလဲ၊ Not declered ။

## ကာမာဝစရသောဘနစိတ် ၂၄-ပါး

### ကာမာဝစရကုသိုလ်စိတ် ၈-ပါး

| | | | | |
|---|---|---|---|---|
| ၁။ | သောမနဿ-သဟဂတ | ဉာဏ-သမ္ပယုတ္တ | အသင်္ခါရိက စိတ် | (၃၁) |
| ၂။ | ။ | ။ | သသင်္ခါရိက စိတ် | (၃၂) |
| ၃။ | ။ | ဉာဏ-ဝိပ္ပယုတ္တ | အသင်္ခါရိက စိတ် | (၃၃) |
| ၄။ | ။ | ။ | သသင်္ခါရိက စိတ် | (၃၄) |
| ၅။ | ဥပေက္ခာ-သဟဂတ | ဉာဏ-သမ္ပယုတ္တ | အသင်္ခါရိက စိတ် | (၃၅) |
| ၆။ | ။ | ။ | သသင်္ခါရိက စိတ် | (၃၆) |
| ၇။ | ။ | ဉာဏ-ဝိပ္ပယုတ္တ | အသင်္ခါရိက စိတ် | (၃၇) |
| ၈။ | ။ | ။ | သသင်္ခါရိက စိတ် | (၃၈) |

### ကာမာဝစရဝိပါက်စိတ် ၈-ပါး

| | | |
|---|---|---|
| ၁-၈။ | ကာမာဝစရကုသိုလ်စိတ် ၈-ပါးနှင့်တူ။ | (၃၉-၄၆) |

### ကာမာဝစရကြိယာစိတ် ၈-ပါး

| | | |
|---|---|---|
| ၁-၈။ | ကာမာဝစရကုသိုလ်စိတ် ၈-ပါးနှင့်တူ။ | (၄၇-၅၄) |

ကာမာဝစရ - ကာမ ၁၁-ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်၊ ဖြစ်တတ်။

သောဘန - တင့်တယ်၊ လှပ။

ဉာဏ - ဉာဏ်၊ ကံကံ၏အကျိုး စသည်ကို သိမြင်သောဉာဏ်။

ဝိပါက် - အကျိုး။

ကြိယာ - ပြုကာမတ္တ၊ ဖြစ်ကာမတ္တ။

# အဘိဓမ္မာသင်တန်း (၅)

## ကာမာဝစရသောဘနစိတ် -၂၄-ပါး

ဒီနေ့ စက်တင်ဘာလ (၁) ရက်၊ ကာမာဝစရသောဘနစိတ် ၂၄-ပါးကို လေ့လာကြမယ်၊ ဒါ မရောက်ခင်လွန်ခဲ့တဲ့ အပတ်က လေ့လာတာလေး ပြန်နွှေးလိုက်ကြဦးစို့။

ပထမဆုံး စိတ်ဟာ အကျဉ်းအားဖြင့်-၈၉၊ အကျယ်အားဖြင့် ၁၂၁-ပါး အဲဒီထဲမှာ ပထမဆုံးလေ့လာခဲ့တာက အကုသိုလ်စိတ်–၁၂ ပါး၊ ဒုတိယ လေ့လာတာက အဟိတ်စိတ် ၁၈-ပါး ပေါ့။

အကုသိုလ်စိတ်ဆိုတာက မကောင်းတဲ့စိတ်ပေါ့၊ အပြစ်ရှိခြင်း မကောင်းသော အကျိုးကိုပေးခြင်း၊ ဒီလက္ခဏာနဲ့ပြည့်စုံတဲ့စိတ်ပေါ့။

အဟိတ်စိတ်ဆိုတာကတော့ ယှဉ်ဘက်ဟိတ်မရှိတဲ့စိတ်၊ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ,ဆိုတဲ့ဟိတ်နဲ့ အတူတကွ မဖြစ်တဲ့စိတ်၊

ကောင်းပြီ၊ အကုသိုလ်စိတ် ၁၂-ခုထဲမှာ သောမနဿဝေဒနာနဲ့ ယှဉ်တာ ၄-ခုပါတယ်၊ ဥပေက္ခာနဲ့ ယှဉ်တာ ၆-ခုပါတယ်၊ ဒေါမနဿနဲ့ ယှဉ်တာ ၂-ခု ပါတယ်။

အဟိတ်စိတ်ထဲမှာ သောမနဿနဲ့ယှဉ်တာ ၂-ပါးပါတယ်၊ ဥပေက္ခာနဲ့ယှဉ်တာ ၁၄-ပါး၊ သုခနဲ့ယှဉ်တာ ၁-ပါး၊ ဒုက္ခနဲ့ယှဉ်တာ ၁-ပါး။

အဲဒီအကုသိုလ်နဲ့ အဟိတ်စိတ်၂–ခုပေါင်းကို အသောဘနစိတ်လို့ နာမည်မှည့်ထားတယ်၊ ဒါက မြန်မာပြည်မှာမှည့်ထားတာ၊ ကျမ်းဂန်ထဲမှာ ပါတာမဟုတ်ဘူး၊ ခေါ်ရလွယ်အောင်လို့၊ နောင် ဒီစိတ် ၃၀–ကို တစ်ပေါင်းတည်း ပြောချင်တဲ့အခါကျတော့ အသောဘနစိတ် ၃၀–လို့ ဒီလိုပြောမယ်။

ဒီနေ့ပြောမယ့်စိတ် ၃၀–က ကာမာဝစရ သောဘနစိတ်တဲ့၊ ကာမာဝစရဆိုတာ ကာမ ၁၁–ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သော စိတ်ကို ကာမာဝစရစိတ်လို့ ခေါ်တယ်။

ကာမ ၁၁–ဘုံဆိုတာ အပါယ် ၄–ဘုံရယ်၊ လူ့ဘုံရယ်၊ နတ် ၆–ဘုံရယ်၊ ဒီ ၁၁–ဘုံကို ကာမ ၁၁–ဘုံလို့ခေါ်တယ်၊ ကာမဂုဏ်နဲ့ ပတ်သက်တဲ့ အာရုံတွေများတဲ့ဘုံလို့ ဆိုလိုတာပေါ့၊

ကာမ ၁၁–ဘုံမှာ များသောအားဖြင့် ဖြစ်တတ်တဲ့စိတ်မျိုးကို ကာမာဝစရစိတ်လို့ ခေါ်တယ်၊ ဟိုနေ့ကလဲ ပြောပြီးသားပါ၊ များသောအားဖြင့်လို့ ဆိုထားတဲ့အတွက် တစ်ခါတစ်ရံဒီစိတ်တွေက ရူပါဝစရဘုံမှာလည်းသွားဖြစ်သေးတယ်၊ အရူပါ ဝစရဘုံမှာလည်း သွားဖြစ်သေးတာပဲ၊ သို့သော် များသောအားဖြင့် ကာမာဝစရဘုံမှာ ဖြစ်တတ်တာကြောင့် ဒီစိတ်တွေကို "ကာမာဝစရစိတ်"လို့ခေါ်တယ်၊ နောက်ပိုင်းကျတော့ အတိုကောက် ကာမစိတ်လို့ ခေါ်လိမ့်မယ်၊ ကာမာဝစရသောဘနစိတ်ကို ကာမသောဘနစိတ်လို့ နောင်အခါ သုံးသွားမယ်၊

သောဘနဆိုတာက တင့်တယ်တာ လှပတာ ကောင်းတာကို ခေါ်တယ်၊ အဲဒီတော့ ဒီစိတ်တွေက တင့်တယ်တဲ့စိတ်, ကောင်းတဲ့စိတ်, ဘာကြောင့် သူတို့ကို တင့်တယ်တယ်၊ ကောင်းတယ်လို့ ပြောရသလဲဆိုတော့ ဟိတ်တွေက ကောင်းတဲ့ ဟိတ်တွေနဲ့ယှဉ်လို့။

အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်,ဆိုတဲ့ ကောင်းတဲ့ဟိတ်တွေနဲ့ယှဉ်လို့ ဒီစိတ်တွေကစပြီး နောက်စိတ်ဆုံးသည့် တိုင်အောင်အထိ စိတ်အားလုံးဟာ သောဘနစိတ် သောဘနစိတ်, ဘယ်လောက်ရှိတယ်ဆိုတာ နောက်ကျမှ တွက်ကြမယ်။

အဲဒီသောဘနထဲက ကာမာဝစရ သောဘနစိတ်က ၂၄–ပါး အပြားရှိတယ်၊ အဲဒီ ၂၄–ပါးက ကာမာဝစရကုသိုလ်စိတ် ၈–ပါး၊ ကာမာဝစရဝိပါက် ၈–ပါး၊ ကာမာဝစရကြိယာစိတ် ၈–ပါး၊ အားလုံး ၂၄–ပါး။

ကာမာဝစရကုသိုလ်တဲ့၊ မှတ်မိသေးလား၊ ကုသိုလ်ဆိုတာ အကုသိုလ်ရဲ့

ပြောင်းပြန်၊ အပြစ်မရှိခြင်း, ကောင်းသောအကျိုးကိုပေးခြင်း, ဒီလက္ခဏာ ၂– ပါးနဲ့ ပြည့်စုံတဲ့ စိတ်ကို ကုသိုလ်စိတ်၊ မြန်မာလို ရိုးရိုးပြောရင်တော့ စိတ်ကောင်းပေါ့၊ ကောင်းတဲ့စိတ်။

ကုသိုလ်စိတ်ကလည်း အမျိုးမျိုးရှိတော့ ကာမာဝစရကုသိုလ်စိတ်ဟာ ကာမာဝစရဘုံမှာ များသောအားဖြင့် ဖြစ်တတ်တာ၊ ကာမာဝစရကုသိုလ်စိတ်က ၈–ပါးရှိတယ်၊ အဲဒီ ၈–ပါးဟာ လောဘမူစိတ် ၈–ပါးနဲ့ ခပ်ဆင်ဆင်ပဲ သွားတော့တယ်၊ လောဘမူစိတ် ၈–ပါးကို နားလည်ထားရင် ဒိဋ္ဌိဂတသမ္ပယုတ်နေရာမှာ ဉာဏသမ္ပယုတ်၊ ဒိဋ္ဌိဂတဝိပ္ပယုတ်နေရာမှာ ဉာဏဝိပ္ပယုတ်လုပ်လိုက်ရင် ပြီးသွားတာပဲ၊

ပဌမစိတ်က သောမနဿသဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိကစိတ်, သောမနဿဆိုတာ ဝမ်းမြောက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့်တကွဖြစ်တဲ့ ဉာဏသမ္ပယုတ္တ ဉာဏ်နှင့်ယှဉ်တယ်၊ ဉာဏ်ဆိုတာ ဒီနေရာမှာ ကံကံ၏အကျိုးစသည်ကို သိမြင်တဲ့ ဉာဏ်ကို ဉာဏ်လို့ခေါ်တယ်၊ လောကခေါ်နေကြတဲ့ဉာဏ်နဲ့ မတူဘူးနော်၊ တစ်ခါတလေဉာဏ်ဆိုတာက မကောင်းတဲ့သဘောကိုပြတယ်၊ ဒီလူဉာဏ်များတယ်ဆိုရင် မကောင်းတာကို ပြောတာ, လိမ်ကွေ့ကောက်ကျစ်တာကိုပြောတာ၊

အဘိဓမ္မာမှာ ဉာဏ်ပညာလို့ ပြောလိုက်ရင် အခုလို ကံ, ကံ၏ အကျိုးကို ယုံကြည်သိမြင်တဲ့ ဉာဏ်မျိုး, ပဋိစ္စသမုပ္ပါဒ်ကို သိမြင်တဲ့ဉာဏ်မျိုး, သစ္စာလေးပါးတရားကိုသိမြင်တဲ့ဉာဏ်မျိုး, အနိစ္စ, ဒုက္ခ အနတ္တသဘောလက္ခဏာတွေကို သိမြင်တဲ့ ဉာဏ်မျိုးကို ဉာဏ်ပညာလို့ခေါ်လိမ့်မယ်၊ အဲဒီဉာဏ်နဲ့ယှဉ်တဲ့စိတ်၊ အသင်္ခါရိက ဆိုတော့ တိုက်တွန်းခြင်းမရှိတဲ့စိတ်၊ မတိုက်တွန်းရပဲ သူ့ဟာသူ ထဖြစ်တဲ့စိတ်မျိုးကို သောမနဿ သဟဂတဉာဏ သမ္ပယုတ္တ အသင်္ခါရိကစိတ်တဲ့၊

ကုသိုလ်ကောင်းမှု တစ်ခုခုလုပ်တယ်၊ ပေးတယ်ပဲဆိုကြပါစို့၊ ဒါန တစ်ခုခု လုပ်တယ်၊ ဝမ်းမြောက်ဝမ်းသာလည်းဖြစ်တယ်၊ ဒီဒါနဆိုတဲ့ ကုသိုလ်က ကောင်းတဲ့ အကျိုးကို ပေးလိမ့်မယ်ဆိုတဲ့ ကံကံ၏ အကျိုးသဘောတရားကို သိမြင်ယုံကြည်ပြီး ပေးတယ်၊ ဘယ်သူ့မှလဲ မတိုက်တွန်းရဘူး၊ ကိုယ့်ကိုယ်ကိုယ်လည်း မတိုက်တွန်းရပဲနဲ့ (spontaneously) ပေးတယ်ဆိုရင်ဒါဟာ ပဌမစိတ်ပေါ့၊ ပဌမစိတ်နဲ့ ကောင်းမှု ပြုလိုက်တာ။

ဒုတိယကတော့ သသင်္ခါရိကစိတ်၊ သောမနဿသဟဂတ ဉာဏသမ္ပယုတ္တ သသင်္ခါရိကစိတ်၊ သူကျတော့ နည်းနည်းတိုက်တွန်းရတယ်၊ သူများကတိုက်တွန်းသည်ဖြစ်စေ, ကိုယ့်ဟာကိုယ် တိုက်တွန်းသည်ဖြစ်စေပေါ့၊ သောမနဿ–၂၄ပါး

ကုန်အောင် သွားလိုက်ကြဦးစို့၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်လာရင် သသင်္ခါရိကစိတ်၊

တတိယစိတ်က သောမနဿ သဟဂုတဉာဏဝိပ္ပယုတ္တ၊ ဒီတခါကျတော့ ဉာဏ်နဲ့ မယှဉ်တော့ဘူး၊ တစ်ခါတလေ ကုသိုလ်ကောင်းမှုပြုကြတဲ့အခါ အမှတ်တမဲ့ ပြုမိတတ်ကြတယ်၊ (basically)တော့နားလည်တယ်၊ ဗုဒ္ဓဘာသာမှန်ရင် ကံကံ၏ အကျိုးတော့ ယုံကြတာပဲ၊ ဒါပေမယ့် တကယ်ပေးလှူလိုက်တဲ့အခါကျတော့ အမှတ်တမဲ့ပဲ, ဉာဏ်ပါမသွားဘူး။

အဲသလို ဉာဏ်ပါမသွားရင် ဉာဏဝိပ္ပယုတ္တဖြစ်မယ်၊ ဒါကြောင့်မို့ ကုသိုလ် ကောင်းမှုလုပ်တဲ့အခါမှာ အလွန်သတိထားရမယ်, အမှတ်တမဲ့ မလုပ်မိစေရဘူး၊ နည်းနည်းလေးတော့ တန့်ပြီး ကံ,ကံ၏အကျိုးသဘောတရားလေးကို စိတ်ထဲ စဉ်းစားလိုက်၊ အဲဒါလေးပေါ်လာမှ လှူတာတန်းတာလုပ်လိုက်ရင် ဉာဏ်နဲ့ ယှဉ်သွား ရော့၊ အမှတ်တမဲ့ ပြုတာမျိုးဆိုရင် ဉာဏ်နဲ့မယှဉ်ဘူး၊ ဦးဇင်းတို့ ဘုန်းကြီးတွေတောင်မှ အခြားပုဂ္ဂိုလ်ကို သင်္ကန်းတစ်စုံလှူတယ်ဆိုရင် တစ်ခါထဲဆွဲယူပြီး ဒီအတိုင်းပေးလိုက် တယ်ဆိုရင် ဉာဏ်မပါဘူး၊ ဉာဏ်ပါမှ အကျိုးပေးတာ၊ အကျိုးပေးတော့လည်း ဉာဏ်ပါတဲ့အကျိုးပေးတာ၊ ဉာဏ်မပါရင် အကျိုးပေးတော့လည်း ဉာဏ်မပါတဲ့အကျိုး ပေးတော့ အကျွတ်တရားရနိုင်တဲ့ အဆင့်မရောက်ပဲရှိတတ်တယ်၊ အဲဒါကြောင့်မို့ ဉာဏ်ပါအောင် လုပ်ရမယ်၊ ပဋ္ဌမပိုင်းမှာ ကံတွေအကြောင်း ပြောတဲ့အခါမှာဒါတွေ ထပ်ပြောရဦးမှာပဲ။

အဲဒါကြောင့် ကောင်းမှုကုသိုလ်ပြုရင် ဒီဉာဏ်လေးပါသွားအောင် ကံ,ကံ၏ အကျိုး သဘောတရားရှိတယ်ဆိုတဲ့ သဘောလေး သက်ဝင်ယုံကြည်သိမြင်တဲ့ ဉာဏ်ပါအောင်လုပ်ရမယ်၊ သူမပါရင် ဉာဏဝိပ္ပယုတ် ဖြစ်သွားတာပဲ၊ ဉာဏ ဝိပ္ပယုတ်ကလည်း မတိုက်တွန်းပဲနဲ့ ဖြစ်တဲ့စိတ်ရှိတယ်၊ တိုက်တွန်းလို့ ဖြစ်တဲ့စိတ် ရှိတယ်၊ ဒါကြောင့် သောမနဿနဲ့ယှဉ်တာ အားလုံး (၄)ပါးရတယ်။

ပြီးတော့ နံပတ် ၅-က ဥပေက္ခာသဟဂုတ ဉာဏသမ္ပယုတ္တအသင်္ခါရိကစိတ်၊ ဒီကျတော့သောမနဿ ဝေဒနာမဟုတ်တော့ဘူး၊ ဥပေက္ခာဖြစ်သွားပြီ၊ အလယ် အလတ်၊ ဝမ်းသာတာလည်းမဟုတ် ဝမ်းနည်းတာလည်းမဟုတ်တဲ့ အလယ်အလတ် ဖြစ်တဲ့ ဝေဒနာနဲ့ယှဉ်ပြီးတော့ လုပ်နေကျဖြစ်နေတဲ့ အခါကျတော့ တစ်ခါတလေ ဝမ်းမြောက်မှု မပါပဲလုပ်လိုက်တာရှိတယ်၊ အဲဒါ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်၊ ဉာဏ်နဲ့ ယှဉ်တဲ့ အသင်္ခါရိကစိတ်၊

ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ္တ သသင်္ခါရိကစိတ်၊ ဒါက တိုက်တွန်းခြင်း

နှင့် တကွဖြစ်လာရင် သသင်္ခါရိကစိတ်၊ ထိုအတူပဲ ဉာဏ်နဲ့ မယှဉ်တဲ့အခါကျတော့ ဉာဏဝိပ္ပယုတ် ဖြစ်သွားပြီ၊ အသင်္ခါရိကစိတ်၊ ဉာဏ်နဲ့မယှဉ်ဘူး၊ သသင်္ခါရိကစိတ်။

တစ်ခါတလေ ကံကံ၏ အကျိုးကို မသိမြင်ဘူး၊ သိမြင်တဲ့ ဉာဏ်မပါပဲနဲ့ ပြုလိုက်တယ်၊ ဒါဆိုဉာဏ်မပါပဲ ပြုလုပ်လိုက်တာ၊ တိုက်တွန်းခြင်းကတော့ ရှိတဲ့အခါရှိမယ်၊ မရှိတဲ့အခါ မရှိဘူး။

ဒါကြောင့်မို့ အားလုံးပေါင်းလိုက်ရင် ကာမာဝစရ ကုသိုလ်စိတ် ၈–ပါး ရတယ်၊ ဦးဇင်းတို့ ကာမာဝစရဘုံမှာ ဖြစ်နေတဲ့လူတွေ အနေနဲ့ ကုသိုလ်ဖြစ်ရင် ဒီ ၈–မျိုးထဲက တစ်မျိုးမျိုးပဲ၊ ဒီစိတ် ၈–ခုထဲက တစ်ခုခုနဲ့ လုပ်တာချည်းပဲ။

ဘုရားရှိခိုးတယ်, အလှူအတန်းပြုတယ်, တရားထိုင်တယ်, သူများကူညီတယ် စသည်ဖြင့်ဘာပဲလုပ်လုပ် ပြုတဲ့ကုသိုလ်ကောင်းမှု မှန်သမျှဟာ ဒီ ၈–မျိုးထဲက တစ်မျိုးမျိုးနဲ့ပြုတာ၊ ကိုယ်က ဉာဏသမ္ပယုတ်ဖြစ်အောင် ဂရုစိုက်ရမယ်၊ ဒါပဲရှိတယ်၊ ဘာကြောင့်လဲ? ဉာဏသမ္ပယုတ်ဖြစ်မှအကျိုးပေးတဲ့အခါ ဉာဏသမ္ပယုတ် အကျိုးပေးမယ်၊ ဉာဏသမ္ပယုတ်အကျိုးပေးမှ ကိုယ်ဟာ အကျွတ်တရားရနိုင်တဲ့ အခြေခံပါတယ်၊ သို့မဟုတ်ရင် အဲဒီဘဝမှာ အကျွတ်တရားရနိုင်တဲ့ အခြေခံမပါဘူး။

ဒီကုသိုလ်ကံရဲ့ အကျိုးတရားဟာရှိတယ်၊ ကုသိုလ်ကံဟာ အလကားဖြစ်မသွားဘူး၊ ကျောင်းကိုလာပြီးရှင်းတယ်လင်းတယ်၊ ကုသိုလ်စိတ်ဖြစ်တယ်၊ ဒါဟာ ဒီထဲကတစ်ခုခုပဲ၊ ဘာပဲလုပ်လုပ်ပေါ့လေ၊ အခု စာတက်နေလည်း ဒီထဲကတစ်ခုခုပဲ၊ ဒီအချိန်မှာ ကုသိုလ်စိတ်ဖြစ်နေတာပဲ။။

နောက်စိတ် ၈–ပါးက ကာမာဝစရဝိပါက်စိတ်၊ ဝိပါက်ဆိုတာ အကျိုး၊ ကာမာဝစရကုသိုလ်ရဲ့အကျိုးဖြစ်တဲ့စိတ်ကို ကာမာဝစရဝိပါက်စိတ်၊ ဒါဖြင့် ဒီစိတ်တွေဟာ ခုနလေ့လာခဲ့တဲ့ ၈–ပါးရဲ့ အကျိုးဖြစ်တဲ့စိတ်တွေ၊ အဲဒီတော့ အတူတူပဲ။

သောမနဿ သဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိက၊ သို့သော် သူက အကျိုး, ဆိုပါတော့–ဒီဘဝမှာ နံပါတ် (၁) ကာမာဝစရကုသိုလ်ကို ပြုလိုက်တယ်၊ သူ့ရဲ့ အကျိုးကြောင့် သူ့ရဲ့အစွမ်းကြောင့် နောက်ဘဝမှာ ကာမာဝစရကုသိုလ် ဝိပါက်စိတ် သွားဖြစ်တယ်၊ အဲဒီဝိပါက်စိတ်ဆိုတာက နောက်ဘဝတွေ ဘဝတွေမှာ ဖြစ်တာ၊ ဒီဘဝဖြစ်တာမဟုတ်ဘူး၊

ဒီဘဝ ကုသိုလ်လုပ်လိုက်တယ်၊ ဒီကုသိုလ်ရဲ့ အကျိုးအဖြစ်ဖြင့် နောက်ဘဝမှာ သွားဖြစ်တယ်၊ အဲဒီဖြစ်တဲ့အခါကျတော့ ဘဝမှာ ပထမဆုံးဖြစ်တဲ့စိတ်ဟာ ပဋိသန္ဓေစိတ်လို့ခေါ်တယ်၊ အဲဒီပဋိသန္ဓေစိတ်ဟာ ဝိပါက်စိတ်တွေပဲ၊

ဘာကြောင့်လဲဆို ဒီဘဝကပြုထားတဲ့ ကံကပေးလိုက်တဲ့ အကျိုးက ဟိုဘဝ သွားဖြစ်တာ၊ အဲဒါကြောင့်မို့ ဝိပါက် (အကျိုးဖြစ်တဲ့စိတ်)။

ကုသိုလ်စိတ် ၈-ပါး ရှိသလို ဝိပါက်စိတ်ကလည်း ၈ပါးပဲ၊ သောမနဿ သဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိကစိတ်, သောမနဿ သဟဂတဉာဏသမ္ပယုတ္တ သသင်္ခါရိကစိတ် စသည်ဖြင့် ၈-မျိုးပဲ (identical) သွားတယ်။

အဲဒီတော့ ကံရဲ့အကျိုးကို နည်းနည်းလေးစဉ်းစားကြည့်လိုက်စမ်း၊ အဟိတ် တုန်းကတော့ ကုသိုလ်ရဲ့ အကျိုးမတွေ့ခဲ့ဘူးလား၊ ကုသလဝိပါက်စိတ် မတွေ့ခဲ့ ဘူးလား၊ တွေ့ခဲ့တယ်နော်၊ အဲဒီ ကုသလဝိပါက်စိတ်ကလဲ ဟောဒီကာမာဝစရကုသိုလ် ၈-ခုရဲ့ အကျိုး။

ဒါကြောင့် ကာမာဝစရကုသိုလ် ၈-ပါးက (identical) တူညီတဲ့ အကျိုးလည်းပေးတယ်။ (Non identical) မတူညီတဲ့ အကျိုးလည်းပေးတယ်၊ သူက ထူးခြားတယ်၊ ရူပါဝစရ, အရူပါဝစရကတော့ တူတဲ့အကျိုးပဲပေးတယ်၊ မတူတဲ့ အကျိုးမရှိဘူး။

ဒီကာမာဝစရ ကုသိုလ်ကတော့ ကာမာဝစရဝိပါက်ပေးရင် တူတဲ့ အကျိုးပဲ ပေးတာ၊ အဟိတ်ဝိပါက်ပေးရင် မတူတဲ့အကျိုးပေးတာ၊ အဲသလိုသူကတူသော အကျိုးရော မတူသော အကျိုးရော နှစ်မျိုးရှိတာ၊ တူသောအကျိုးပေးတဲ့အခါမှာ ကာမာဝစရဝိပါက် စိတ်၈-ခု ဖြစ်လာတယ်။

နောက် ၈-ခုက ကာမာဝစရကြိယာစိတ်၊ ကြိယာဆိုတာ ပြုကာမတ္တ, ဖြစ်ခါမတ္တကို ကြိယာလို့ပါဠိလိုခေါ်တယ်၊ ကာမာဝစရကြိယာစိတ်ကလည်း ကုသိုလ် စိတ် အတိုင်းပဲ ၈-ပါးပဲရှိတယ်။

သောမနဿ သဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိကစိတ်၊ ဒီအတိုင်းချည်းပဲ သွားတယ်၊ ဒီစိတ်တွေကတော့ ဘုရားရဟန္တာတွေမှာသာဖြစ်တယ်၊ ဒီကာမာဝစရ ကုသိုလ်စိတ်လို စိတ်တွေ ဘုရားရဟန္တာရဲ့ သန္တာန်မှာဖြစ်တဲ့အခါကျတော့ ကြိယာစိတ် လို့ခေါ်လိုက်ရတယ်၊ ဒါပါပဲ၊ ဒီစိတ်ချင်း အတူတူပဲ။

ဒါကြောင့်မို့ ရိုးရိုးလူ ဘုရားရှိခိုးတော့ ကုသိုလ်စိတ်ဖြစ်တယ်၊ ရဟန္တာ ဘုရားရှိခိုးတော့ ကြိယာစိတ်ဖြစ်တယ်၊ ကုသိုလ်မရဘူး၊ စကားထာဝ့က်ပြောချင် ပြောလို့ရတယ်၊ ရဟန္တာဆိုတာ ကုသိုလ်မရဘူးကွ၊ ရဟန္တာက ကုသိုလ်ရော အကုသိုလ်ရော ပယ်ပြီးသားပဲ၊ ကုသလ် ကုသလ် ဇဟံ အဲဒီ အသုံးအနှုန်းလေးကို ကြားဖူးချင် ကြားဖူးကြလိမ့်မယ်၊ အဲသလို လူတွေက ခေါ်ကြတယ်၊ ကုသိုလ်ရော

အကုသိုလ်ရော စွန့်ပြီးသားဖြစ်တယ်။

ဒါကြောင့်မို့ ဘုရားရဟန္တာကျတော့ ကုသိုလ်လည်းမဖြစ်ဖူး၊ အကုသိုလ်တော့ ဝေးရော၊ ကုသိုလ်အစားကြိယာဖြစ်တယ်၊ ဒါကြောင့်မို့ ရှင်သာရိပုတ္တရာက သူများကို တရားဟောတယ်၊ ကြိယာစိတ်ဖြစ်တယ်၊ ပုထုဇဉ်ဘုန်းကြီး(သို့) အောက်တန်းအရိယာ ဘုန်းကြီးက တရားဟောတယ်၊ ကုသိုလ်စိတ်ဖြစ်တယ်၊ အဲဒီလို ကုသိုလ်စိတ်နဲ့ ကြိယာစိတ်ကကွာတာ။

အဲဒီတော့ ကုသိုလ်စိတ်က အကျိုးပေးနိုင်တဲ့ သတ္တိရှိတယ်၊ကြိယာစိတ်က အဲဒါမျိုးမရှိဘူး၊ အမြစ်ဖြတ်ထားတဲ့ သစ်ပင်ဟာ မရှင်သန်မကြီးထွားတော့သလို ဖြစ်ခါမျှလေးပဲ။

**မေး** – ရဟန္တာဆိုတော့ What is ရဟန္တာ?

**ဖြေ** – ရဟန္တာဆိုတာ ရှိတော့ရှိတယ်၊ ဒါပေမယ့် ဒီပုဂ္ဂိုလ်ကရဟန္တာပဲလို့ ဘေးက လူသိဖို့ရာ မဖြစ်နိုင်ဘူး၊ သူ့ဟာသူတော့သိမှာပေါ့၊ ငါဟာ ဘယ်အထိ ကိလေသာ တွေပယ်ပြီးပြီ စသည်ဖြင့် သိနိုင်တယ်၊ ဒါတောင်မှ ကိလေသာတွေ ပယ်တာတောင်မှ တစ်ခါတလေ မသိဘူးတဲ့၊ မြတ်စွာဘုရားထံသွားပြီး တပည့်တော် ဘယ်ကိလေသာတွေ ပယ်ပြီးပြီလဲ ဘုရားဆိုပြီး သွားလျှောက်တာတွေရှိတယ်၊ ရဟန္တာတော့ မဟုတ်ဖူး၊ အောက် အရိယာ။

အဲဒါကြောင့် အမှန်မှာတော့ ဘေးလူက သိဖို့ရာမဖြစ်နိုင်ဘူး၊ ဒါကြောင့်မို့ ဦးဇင်းတို့က ဘယ်ပုဂ္ဂိုလ်ကြီးတွေ ရဟန္တာဖြစ်တယ်လို့ ဘယ်တော့မှ မပြောဘူး၊ ဘာကြောင့်လဲ?၊ ကိုယ်က သူ့အတွင်းစိတ်ကိုနှိုက်ပြီးတော့ သိထားတာမှ မဟုတ်ပဲ၊ ကိုယ်က သူ့အမူအရာလောက်ကြည့်ပြီး ဒါဟာ ရဟန္တာဖြစ်လောက်ရဲ့၊ မဖြစ် လောက်ဖူးလို့ ဒီလို မှန်းကြရတာ။

ဒီလိုမှန်းပြန်တော့လည်း လူပုဂ္ဂိုလ်တွေဆိုတာက အဘိဓမ္မာနားလည်ကြတာ မဟုတ်ဘူး၊ နည်းနည်းလေး အကျင့်ကောင်းသလိုလိုလေး လုပ်ပြလိုက်ရင် ဒီပုဂ္ဂိုလ်ကို ရဟန္တာလို့ သမုတ်ကြတော့တာ၊ မြန်မာပြည်မည်း အဲသလို ရဟန္တာလို့ သမုတ်ခံရ တာတွေ အများကြီးရှိတယ်၊ သူတို့က နည်းနည်းအကျင့်ကောင်းသလိုလိုလေးနဲ့ (ဆိုပါစို့) လူတွေကျတော့ အဲသလို မသိတော့ ရဟန္တာထင်ကုန်ကြတာ၊ ကိုယ်က ရဟန္တာထင်ထားတဲ့ ပုဂ္ဂိုလ်ကို တစ်ပါးလူက ရဟန္တာမဟုတ်ဖူး ပြောရင် စိတ်ဆိုး ကုန်ကြတာ။

ရဟန္တာဆိုတာ ကိုယ့်ဟာကိုယ်မှပဲသိတယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ အမူအရာကိုကြည့်ပြီး

မှန်းဆလို့တော့ရတယ်၊ ဘာကြောင့်လဲဆို ရဟန္တာက ကိလေသာ အကုန်ကင်းနေတာဆိုတော့ သူ့မှာ ဒေါသအရိပ်အယောင်လေးများ ရှိသလား၊ လောဘအရိပ်အယောင်လေးများရှိသလား, ဒီလောက်တော့ မှန်းဆကြည့်လို့ရတယ်။

ကောင်းပြီ, အခု ကာမာဝစရကုသိုလ်စိတ် ၈-ပါး၊ ဝိပါက်စိတ် ၈-ပါး၊ ကြိယာစိတ် ၈-ပါး။

အခု ကာမာဝစရဝိပါက်စိတ် ၈-ပါး၊ အဟိတ်စိတ်ထဲတုန်းက အဟိတ်ကုသလဝိပါက်လို့ ခေါ်ခဲ့တယ်၊ အဲဒီမှာတုန်းက အဟိတ် မထည့်မဖြစ်လို့ ထည့်ခဲ့ရတာ၊ ဘာကြောင့်တုန်းဆို ကုသလဝိပါက်လို့ သာမညပြောရင် ဒီဟာနဲ့လာရောနေမှာစိုးလို့၊ ကာမာဝစရဝိပါက်ကလည်း ကုသိုလ်ရဲ့အကျိုးပဲ၊ ဒါကြောင့်မို့ ကာမာဝစရဝိပါက်စိတ် ၈-ပါး၊ အမှန်တော့ ဟိုဟာလည်း ကာမာဝစရဝိပါက်ပဲ၊ ကာမာဝစရစိတ်ပဲ၊ သို့သော် ဟိုစိတ်တွေကျတော့ အဟိတ်ကုသလဝိပါက်၊ အကုသလကျတော့ အဟိတ်ထည့်မခေါ်တော့ဘူး၊ ဘာလို့တုန်းဆို ဒီတစ်မျိုးထဲရှိလို့ အဟိတ်ကုသလဝိပါက်လို့ ထူးမခေါ်တော့ဘူး၊ ဒီဟာကျတော့ အဟိတ်,သဟိတ်, ပဟိတ်လို့ ရှိသေးတယ်၊ ဟိတ်နှင့်တကွဖြစ်ရင် သဟိတ်၊ အဲသလို ၂-မျိုးကွဲပြားတဲ့ အတွက်ကြောင့် ဟိုစိတ်တွေကို အဟိတ်၊ အဟိတ်ကုသလ ဝိပါက်စိတ် ၈-ခု။

ဒါကျတော့ ခေါ်ချင်ရင် သဟိတ်ကုသလဝိပါက်စိတ် ၈-ခုလို့လည်း ခေါ်လို့ရတယ်၊ သို့မဟုတ်ရင် ရိုးရိုးကာမာဝစရ ဝိပါက်စိတ်လို့ ခေါ်နိုင်တယ်။

နောင်အခါကျတော့ ဒီကာမာဝစရကုသိုလ် ဝိပါက်ကြိယာစိတ်ကိုပဲ မဟာကုသိုလ်, မဟာဝိပါက်, မဟာကြိယာလို့လည်း ခေါ်လိမ့်မယ်၊ ဒါက ကျမ်းဂန်တွေမှာသုံးတာ၊ ဒါက သိထားဖို့ နာမည်တစ်မျိုးတိုတို ခေါ်ချင်ရင် မဟာကုသိုလ်စိတ် ၈-ပါးဆိုရင် တိုတာပေါ့၊ ကာမာဝစရကုသိုလ်ဆိုရင် နည်းနည်းရှည်သေးတယ်။

မဟာကုသိုလ်, မဟာဝိပါက်, မဟာကြိယာလို့, ကျမ်းဂန်တွေမှာ သုံးလိမ့်မယ်၊ အဲဒီဝေါဟာရကိုလည်း နားလည်ထားရမယ်၊ တော်ကြာကျတော့ ကိုယ်က ကာမာဝစရကုသိုလ်ကိုသိထားတယ်၊ စာအုပ်သွားဖတ်တော့ မဟာကုသိုလ်လို့တွေ့ရင် ဘာမှန်းမသိဖြစ်နေလိမ့်မယ်၊ ဒါကြောင့် မဟာကုသိုလ်, မဟာဝိပါက်, မဟာကြိယာ လို့ပြောရင် ကာမာဝစရကုသိုလ်, ကာမာဝစရဝိပါက်, ကာမာဝစရ ကြိယာကို ပြောတာ၊ အဲဒါ နားလည်ထားရမယ်။

ကောင်းပြီ, ဒီနေ့ ၂၄-ပါး ရတယ်၊ ဒီ ၂၄-ပါးဟာ ဘယ်လိုနည်းနဲ့ ကွဲပြားသွားသလဲဆိုရင် ဝေဒနာအားဖြင့် သောမနဿနဲ့ ယှဉ်တာရှိတယ်, ဥပေက္ခာ

နဲ့ယှဉ်တာရှိတယ်၊ အဲဒီတော့ စိတ်တစ်ခုထဲကနေပြီးတော့ သောမနဿနဲ့ ယှဉ်တာက တစ်မျိုး၊ ဥပေက္ခာနဲ့ ယှဉ်တာကတစ်မျိုး။

တစ်ခါ သောမနဿ ယှဉ်တာ၊ ဥပေက္ခာနဲ့ယှဉ်တာမှာ ဉာဏ်နဲ့ ယှဉ်တာက တစ်မျိုး၊ ဉာဏ်နဲ့ မယှဉ်တာကတစ်မျိုး၊

တစ်ခါ မတိုက်တွန်းအပ်တာကတစ်မျိုး၊ တိုက်တွန်းအပ်တာက တစ်မျိုး ဆိုတော့ အားလုံး ၂၄–ပါး ကွဲပြားသွားတာပေါ့။

ပထမ ၈–ပါးကွဲပြားသွားတယ်၊ ရှစ်သုံးလီ ၂၄–ဖြစ်သွားတာပေါ့၊ အဲဒီတော့ ၂ ကို ၂ နဲ့ မြှောက်၊ တစ်ခါ ၂ နဲ့ ထပ်မြှောက် ၈–ရတယ်၊ ဟုတ်တယ်မဟုတ်လား။

အရင်လေ့လာခဲ့တာက အသောဘနစိတ်–၃၀, ဒီနေ့လေ့လာတာက ၂၄–ပါး အားလုံးပေါင်းလိုက်စမ်း ၅၄–ပါး၊ ဒီ ၅၄–ပါးကို ကာမာဝစရစိတ် သို့မဟုတ် ကာမစိတ် ၅၄–ပါးလို့ ခေါ်လိမ့်မယ်။

နောင်အခါမှာ ကာမစိတ် ဘယ်လောက်ရှိသလဲမေးရင် ၅၄–ပါးလို့ ဖြေရမယ်၊ ကာမာဝစရစိတ်လို့ မေးမေး, ကာမစိတ်လို့မေးမေး, အတူတူပဲ။

ဒါကြောင့်မို့ ဝေါဟာရ မတူတာလေးတွေ သတိပြုရမယ်၊ လူအများကြားမှာ ကာမစိတ်လို့ပြောရင် မဟုတ်တဲ့စိတ်လို့ထင်လိမ့်မယ်၊ တဏှာစိတ်ကို ကာမစိတ်လို့ လူအများက ပြောနေကြတော့ ဘုန်းကြီးတွေ မယ်သီလရှင်တွေ သရုပ်ခွဲတဲ့နေရာ သွားနားထောင်ကြည့်, ကာမစိတ် ကာမစိတ်လို့ ခဏခဏ ဆိုကြလိမ့်မယ်။

မတော်တဆ ကိုယ်ကသွားနားထောင်ကြည့်ပြီးရင် ဘုန်းကြီးတွေ မယ်သီလရှင်တွေ ကာမအကြောင်းပြောနေကြပါလား ထင်လိမ့်မယ်၊ ဘုန်းကြီး လောကမှာတော့ ကာမစိတ်ဆိုတာ ကာမာဝစရစိတ်ကို ပြောတာ၊ ကာမာဝစရစိတ် ၅၄–ပါးထဲက တစ်ခုခု ဘယ်စိတ်ကိုမဆို ကာမစိတ်လို့ ပြောတာ၊ ဉဝါဆိုတဲ့ အခါကျတော့ ဒီကာမစိတ်ကို ခဏခဏ ဆိုရတာ၊ ကာမစိတ် ၅၄–ပါး၊ ကုသိုလ်စိတ် ၁၂–ပါး စသည်ဖြင့်ပေါ့။

ကာမာဝစရဘုံမှာ ကျင်လည်တတ်တဲ့စိတ် ၅၄–ပါးကို ကာမစိတ်, သို့မဟုတ် ကာမာဝစရစိတ်လို့ခေါ်တယ်၊ ကာမစိတ်ဆိုတာအတိုခေါ်တာပါ၊ အမှန်က ကာမာဝစရ စိတ်လို့ ခေါ်ရမယ်။

ကောင်းပြီ, အဲဒီ ကာမာဝစရစိတ် ၅၄–ပါးထဲမှာ အကုသိုလ်စိတ် ဘယ်လောက်ပါသလဲ၊ ၁၂ပါး၊ ကုသိုလ်စိတ် ၈–ပါး၊ ဝိပါက်စိတ်က–၂၃၊ ကြိယာစိတ် ၁၁–ပါး၊ အဲဒါလေးတွေ ကျေနေရမယ် သောမနဿ ဥပေက္ခာတွေလည်း ကျေနေ

ရမှာပဲ။

အခု ကာမစိတ် ၅၄-ပါးထဲမှာ အကုသိုလ်စိတ်တွေ ပြီးပြီ ကုသိုလ်စိတ်တွေပြီးပြီ ဝိပါက်စိတ်တွေပြီးပြီ၊ ကြိယာစိတ်တွေပြီးပြီ ရှေ့လျှောက်သွားရင်လည်း ကုသိုလ်, ဝိပါက်, ကြိယာတွေ တွေ့ဦးမယ်။

ကာမာဝစရစိတ် ၅၄-ပါးကို မှတ်မိအောင်လုပ်ပြီးတော့ နောက်တုန်းက ချန်ထားခဲ့တဲ့ အဓိပ္ပါယ်ပြောစရာရှိသေးတယ်၊ အဲဒါ ဒီနေ့ပြောမယ်၊ အဲဒီ အဓိပ္ပါယ်က စိတ်ဝင်စားဖို့ကောင်းတယ်၊ ဘာကြောင့်လဲဆိုတော့ အခုလုပ်နေတာက ဘာစိတ်, ညာစိတ် စသည်ဖြင့်ကို စာရင်းမှတ်နေသလိုပဲ ရှိသေးတယ်၊ ရှေ့ကိုပြောမယ့် အဓိပ္ပါယ်က အခုခေတ်ဆိုက်ကော်လော်ဂျီတို့ ဘာတို့မှာလုပ်တာမျိုးလိုပေါ့၊

ဘာလဲဆိုတော့ ဘယ်လိုအကြောင်းတွေ တိုက်ဆိုင်လို့ သောမနဿတွေ ဖြစ်ရတာလဲ, ဘယ်လိုအကြောင်းတွေကြောင့် ဥပေက္ခာဖြစ်တာလဲ, ဥပေက္ခာဖြစ်ဖို့ရာအကြောင်းတွေက ဘာရှိသလဲ၊ သောမနဿဖြစ်ဖို့ရာအကြောင်းတွေက ဘာရှိသလဲ ဒိဋ္ဌိဂတ သမ္ပယုတ်ဖြစ်ဖို့ရာ အကြောင်းတွေက ဘာရှိသလဲ, ဉာဏသမ္ပယုတ် ဖြစ်ဖို့ရာ အကြောင်းတွေက ဘာရှိသလဲ, အသင်္ခါရိကဖြစ်ဖို့ရန် အကြောင်းတွေက ဘာရှိသလဲ, သသင်္ခါရိက ဖြစ်ဖို့ရန် အကြောင်းတွေက ဘာရှိသလဲ။

ဒါကျတော့ စိတ်ဝင်စားစရာကောင်းတယ်၊ အဲဒါမှာ လင်္ကာတွေရှိတယ်၊ လင်္ကာတွေကရှည်တယ်၊ အဲဒီလင်္ကာတွေကို ရွတ်ပြီးတော့ ပြောရမယ်။

ဦးဇင်းတို့က လင်္ကာတွေကျက်လေ့ရှိတယ်၊ လင်္ကာလေးရထားတော့ တော်တော်နဲ့မမေ့ဘူး၊ ဒီထဲက လင်္ကာတွေကို ကိုရင်ဘဝကနေပြီး ရဟန်း တစ်ဝါလောက် အတွင်း ကျက်ထားတာ, အခုထက်ထိ ဆိုလိုက်ရင် ရတာများသေးတယ်၊ လင်္ကာလေး ရထားတော့ မှတ်မိနေတယ်။

အဲဒီတော့ သောမနဿဖြစ်ဖို့ရန် ဘယ်လိုအကြောင်းတွေ ရှိသလဲဆိုတာမှာ ဒီထဲမှာ လင်္ကာပါတယ်၊ တောင်မြို့ (အမရပူရ)မဟာဂန္ဓာရုံ ဆရာတော်ရေးတာ, သူငယ်ငယ်က ရေးထားတာ, ဦးဇင်းတို့ ငယ်ငယ်ထဲက ကျက်ထားတာ သိပ်ကောင်း တယ်။

**"သိစိမ့်သေချာ, အကျဉ်းမှာပိမ့်, သဘာဝပရိကတ်, နှစ်ဏ္ဍပ်နှင့်၊ သောမနဿ မည်၊ သန္တေတည်လျက်၊ မလေးနက်ငြား၊ သဘောထားဟု၊ သုံးပါးသောမန၊ ဖြစ်ကြောင်းပြ၏"**

သောမနဿဖြစ်ဖို့ရန် အကြောင်းသုံးမျိုးရှိတယ်၊ ပထမအကြောင်းက ဏ္ဍာ

ရုံနဲ့ တွေ့တာ၊ ဣဋ္ဌာရုံဆိုတာ အလိုရှိအပ်တဲ့အာရုံ၊ ကိုယ်ကြိုက်တဲ့ အာရုံနဲ့တွေ့တော့ ပျော်တာပေါ့, ဝမ်းသာတာပေါ့။

အဲဒီဣဋ္ဌာရုံမှာ သဘာဝတဲ့, ပရိကတ်တဲ့၊ သဘာဝဆိုတာက သူ့ဟာသူ (Natural)၊ ပရိကတ်ဆိုတာက (Imagined) အင်မာဂျင်းဆိုပါတော့၊ ခွေးသေကောင်ပုပ်ဟာ လူတွေအဖို့ အနိဋ္ဌာရုံ၊ လင်းတအတွက်ကျတော့ ဣဋ္ဌာရုံ ဖြစ်နေတယ် (For average person) အဲဒါ မျိုးပေါ့၊

ဘယ်လိုပဲဖြစ်ဖြစ်၊ သဘာဝ ဣဋ္ဌာရုံပဲဖြစ်ဖြစ်, ကြံဆပြီးသိတဲ့ ဣဋ္ဌာရုံပဲဖြစ်ဖြစ်, ဣဋ္ဌာရုံနဲ့တွေ့ရင် သောမနဿဖြစ်တတ်တယ်၊ ဖြစ်တတ်တယ်လို့ ပြောတာနော်၊ ဖြစ်ရမယ်လို့ အတိအကျပြောတာ မဟုတ်ဘူး။

**"သဘာဝ ပရိကတ်၊ နှစ်ဣဋ္ဌပ်နှင့်၊ သောမနဿမည်၊ သန္တေတည်လျက်"** ဒါရဲ့ အဓိပ္ပါယ်က၊ ပဋိသန္ဓေနေတုန်းက သောမနဿ ဝေဒနာနဲ့ ပဋိသန္ဓေနေခဲ့တယ်၊ ပဋိသန္ဓေဆိုတာ ဘဝတစ်ခုမှာ ပထမဆုံးဖြစ်တဲ့စိတ်ဟာ ပဋိသန္ဓေစိတ်ပဲ၊ အဲဒီပဋိသန္ဓေစိတ်ဟာ ဝိပါက်စိတ်တွေထဲက တစ်ခုခုပဲ။

အဲဒီမှာတုန်းက သောမနဿနဲ့ယှဉ်ခဲ့ရင် နောင်တစ်ဘဝလုံးမှာဖြစ်မယ့် ဘဝင်စိတ်တွေဟာလည်း သောမနဿနဲ့ပဲ ဖြစ်မယ်၊ အဲဒီတော့ အဲဒီပုဂ္ဂိုလ်မှာလဲ သောမနဿ အလေ့အလာများတော့ သောမနဿအဖြစ်များတယ်။

နောက်တစ်ခုက **မလေးနက်ဘြား၊ သဘောထားဟုတ်တဲ့,** သိပ်ပြီး လေးနက်တဲ့ သဘောမရှိတဲ့ ပုဂ္ဂိုလ်တွေပေါ့လေ၊ သူက များများရွှင်တတ်တယ်၊ သဘောလေးနက်တဲ့ ပုဂ္ဂိုလ်တွေကျတော့ သိပ်မရွှင်တတ်ဘူး၊ မရယ်ဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ အဲဒီလို သုံးမျိုးရှိတယ်။

ဒီအကြောင်း ၃–မျိုးထဲက တစ်မျိုးမျိုးနဲ့ကြောင့် သောမနဿဖြစ်တတ်တယ်၊ ဒါဟာ သောမနဿဖြစ်ခြင်းရဲ့အကြောင်း–

ဉပေက္ခာကျတော့ ဣဋ္ဌ မဇ္ဈတ္တာရုံဆိုတာက အလိုရှိအပ်တဲ့ အာရုံတော့ ဟုတ်တယ်၊ သိပ်အလိုရှိအပ်တဲ့ အာရုံတော့မဟုတ်ဘူး၊ သာမန်အလိုရှိအပ်တဲ့ အာရုံဖြစ်တယ်၊ အဲသလို သာမန်အလိုရှိအပ်တဲ့ အာရုံမျိုးနဲ့တွေ့ရင် ဉပေက္ခာဝေဒနာ ဖြစ်တတ်တယ်၊ ဘာကြောင့်လဲဆိုတော့ အလွန်လိုချင်တဲ့ အာရုံနဲ့မဟုတ်တော့ သောမနဿ မဖြစ်ဘူး၊ ဉပေက္ခာဖြစ်တယ်။

အဲဒီတော့ အာရုံအလိုက်ဝေဒနာကွဲပြားသွားနိုင်တယ်၊ သိပ်ကောင်းတဲ့ အာရုံကျတော့သောမနဿဖြစ်တယ်၊ အလယ်အလတ်ကောင်းတဲ့ အာရုံကျတော့ ဉပေက္ခာ

ဖြစ်တယ်။

"**ကုဋ္ဌမဗ္ဗျာ၊ ဥပေက္ခာဖြင့်၊ ကောင်းစွာသန္ဓေ၊ စွဲကပ်ပေ၏**" ပဋိသန္ဓေ နေတုန်းက ဥပေက္ခာနဲ့နေတယ်၊ ဥပေက္ခာအဖြစ်များတယ်၊ "**စိတ်နေလေးနက်၊ ဤသုံးချက်မှာ၊ ဥပေက္ခာပေါင်း၊ ဖြစ်တတ်ကြောင်းတည်း**" ပင်ကိုယ်သဘောထားက လေးနက်တဲ့သဘောထားရှိတယ်၊ တည်ကြည်တဲ့သဘောထားရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ရွှင်တာသိပ်နည်းတယ်၊ ခပ်တည်တည်ကြီးနေများတော့ ဥပေက္ခာအဖြစ်များတယ်။

ဒါကြောင့်မို့ ဥပေက္ခာဖြစ်ဖို့လည်း အကြောင်း ၃-မျိုးရှိတယ်၊ ကုဋ္ဌမဇ္ဈတာရုံ ဆိုတဲ့ အလယ်အလတ်အလိုရှိအပ်တဲ့ အာရုံနဲ့တွေ့တာရယ် ဥပေက္ခာနဲ့ ပဋိသန္ဓေ နေခဲ့တာရယ်, လေးနက်တဲ့သဘောရှိတာရယ်, ဒီသုံးမျိုးထဲက တစ်မျိုးမျိုးကြောင့် ဥပေက္ခာဖြစ် တတ်တယ်။

ဒိဋ္ဌိဂတသမ္ပယုတ် ဖြစ်တာကျတော့ "**ထပ်လောင်းသဿတ၊ ဥစ္ဆေဒဟု၊ နှစ်ဝဒိဋ္ဌိ၊ အာသယရှိလျက်**" အာသယဆိုတာ ကိန်းအောင်းရာနေရာကို အာသယ ခေါ်တယ်၊ ဆိုပါတော့ ဦးဇင်းဒီကျောင်းမှာနေတယ်ဆိုရင် ဒီကျောင်းဟာဦးဇင်းရဲ့ အာသယပေါ့၊ ဦးဇင်းက တခြားသွားမယ်၊ ညအိပ်ညနေလည်းသွားချင် သွားမယ်၊ သို့ပေမယ့် ဒီကို ပြန်ပြန်လာတယ်၊ အဲဒါမျိုးပေါ့။

ပုထုဇဉ် သတ္တဝါတွေမှာ အဲသလို အာသယဆိုတဲ့ ကိန်းရာရှိတယ်၊ ဘာလဲ ဆိုရင် သဿတဒိဋ္ဌိသော်လည်းကောင်း, ဥစ္ဆေဒဒိဋ္ဌိသော်လည်းကောင်း, ဘာပဲဖြစ်ဖြစ် အာရုံတစ်ခုကို တွေ့လို့စဉ်းစားလိုက်ရင် မြဲတယ်လို့ စွဲလန်းသွားတာမျိုးရှိတယ်၊ ရှိသမျှအကုန်ဒီဘဝတွင်ပါ, နောက်ဘဝမရှိဘူးဆိုပြီး ပြတ်တယ်လို့ ယူတဲ့ အစွဲအလန်း ရှိတယ်၊ ဒီနှစ်ခုမှာ တစ်ခုခုဘက်ပါသွားတာချည်းပဲ၊ ဦးဇင်းတို့ ဗုဒ္ဓ ဘာသာဝင် အနေနဲ့ပြောရရင် သဿတဘက်များများကြီးပါတယ်၊ ဘာဖြစ်လို့လဲဆို နောက်ဘဝ ရှိတယ်ဆိုတော့ အဲဒီဘဝအဆက်နဲ့ မြဲတယ်လို့ယူတာ,ထင်ထင်ရှားရှားကြီး မြဲတယ်လို့ ယူတာ မဟုတ်ပေမယ့် စိတ်ထဲကတော့ မြဲတယ်လို့ ထင်နေသေးတာ။

ဒီလိုဗုဒ္ဓဘာသာဝင် မဟုတ်တဲ့ လူမျိုး (ဆိုပါတော့) ကွန်မြူနစ်ဝါဒယူတဲ့ သူမျိုးကိုတော့ ဥစ္ဆေဒ၊ ဒီဘဝသေပြီးရော၊ နောက်ဘဝမရှိဘူး၊ ရှေးတုန်းထဲက ရှိခဲ့တာနော်၊ အခုမှရှိတာ မဟုတ်ဘူး၊ သူတို့ပြောတာတွေရှိတယ်၊ လူတစ်ယောက် သေသွားရင် မီးရှို့ပြာဖြစ်သွားပြီးရော၊ နောက်ထပ် ဘယ်ကလာရမှာလဲတဲ့။

အဲဒါကြောင့်ပေါ့၊ သတ္တဝါတွေမှာ အဲဒီအာသယဆိုတာရှိတတ်တယ်၊ သဿတ သော်လည်းကောင်း, ဥစ္ဆေဒသော်လည်းကောင်းပေါ့၊ အဲဒါမျိုး ရှိနေရင်လည်းပဲ

ဒိဋ္ဌိဖြစ်တတ်တယ်၊ ဒါကြောင့်မို့ **"ထပ်လောင်း သဿတ, ဥစ္ဆေဒဟု၊ နှစ်ဝဒိဋ္ဌိ၊ အာသယရှိလျက်၊ တိတ္ထိများဟူ၊ ယူမှားသူကို၊ ကြည်ဖြူလေးမြတ်၊ ဤနှစ်ရပ်ကြောင့်၊ ဖြစ်တတ်လေ အင်၊ ဒိဋ္ဌိလျှင်တည်း"**

ကိုယ်က အယူမှားရှိတဲ့လူနဲ့ ပေါင်းလာမိရင် ဒီလူဘက် ပါသွားတာပဲ၊ ဒါ ထုံးစံပဲ၊ သဿတ အယူရှိတဲ့လူနဲ့ ပေါင်းမိရင် သူနဲ့ စကားပြော, ဘာ ပြောပြော သူ့ဟာဟုတ်တယ်ထင်, သူ့ဘက်ပါသွား, ဥစ္ဆေဒအယူရှိတဲ့လူနဲ့ ပေါင်းမိရင် ဥစ္ဆေဒဘက်ပါသွား။

ဒါကြောင့်မို့ ဒိဋ္ဌိဂတ သမ္ပယုတ်ဟာ ခုနပြောတဲ့ ဥစ္ဆေဒဒိဋ္ဌိ, သဿတဒိဋ္ဌိဆိုတဲ့ အာသယမိရာ ရှိနေတာရယ်, ပြီးတော့ အဲသလို ဒိဋ္ဌိရှိတဲ့လူနဲ့ ပေါင်းမိတာရယ်၊ ဒါတွေကြောင့် ဒိဋ္ဌိဂတ သမ္ပယုတ်ဖြစ်တတ်တယ်တဲ့၊ ဒါကြောင့် အပေါင်းအသင်းဟာ သိပ်အရေးကြီးတယ်၊ တစ်ခါတလေကျတော့ ကိုယ့်နောက် သူများကမပါဘူး၊ ကိုယ်က သူများနောက်ပါ, ပါသွားတတ်တယ်၊ အဲဒီလူက ကိုယ်က အထင်ကြီးမိရင် ပိုဆိုးတာပေါ့လေ၊ အဲဒါ သတိထားရမယ်၊ ပေါင်းတာကြည့်ပေါင်းရမယ်၊ မိစ္ဆာဒိဋ္ဌိများ တဲ့သူနဲ့ ပေါင်းမိရင် ကြာတော့ ကိုယ်ကသူ့နောက်လိုက်သွားမိတာကိုး၊ သူပြောတာ ဟုတ်သလို ထင်လာတယ်၊ အဲဒီတော့ သဿတ အယူဖြစ်ချင် ဖြစ်သွားမယ်၊ ဥစ္ဆေဒအယူဖြစ်ချင် ဖြစ်သွားမယ်၊ ဒါက ဒိဋ္ဌိဂတ သမ္ပယုတ်ဖြစ်ခြင်းတရဲ့အကြောင်း

**"အသင်္ခါရမ်၊ ဖြစ်ကြောင်း မှန်ကား"**တဲ့၊ ဘယ်လိုအကြောင်းကြောင့် အသင်္ခါရိက ဖြစ်တတ်သလဲ၊ မတိုက်တွန်းပဲနှင့် စိတ်တွေဖြစ်ပေါ်လာသလဲ။

**"အသင်္ခါရမ်, ဖြစ်ကြောင်းမှန်ကား, ယင်းက ဖန်လေ, တည်သန္တေနှင့်"** တဲ့၊ ဒါကတော့ အသင်္ခါရိကကံကြောင့် အသင်္ခါရိက ပဋိသန္ဓေနဲ့ နေလာတယ်ပေါ့။။

ခုနပြောခဲ့သလိုပေါ့၊ ဘဝတစ်ခုမှာ ပထမဆုံးဖြစ်တဲ့ စိတ်ဟာ အသင်္ခါရိက လည်း ဖြစ်နိုင်တယ်၊ သသင်္ခါရိကလည်း ဖြစ်နိုင်တယ်၊ အဲဒီတော့ သူ့စိတ်ဟာ သသင်္ခါရိကနဲ့ ပဋိသန္ဓေနေခဲ့တာလား, အသင်္ခါရိကနဲ့ ပဋိသန္ဓေနေခဲ့တယ်ဆိုတော့ သူ့ဘဝမှာ အသင်္ခါရိက ဘဝင်စိတ်တွေ အများကြီးဖြစ်တော့ ဒီအလေ့အထုံဟာ ရှိနေတော့ အသင်္ခါရိကစိတ်တွေ အဖြစ်များတယ်၊ ဖြစ်တတ်တယ်ပေါ့။

**"ယင်းကံ ဖန်လေ၊ တည်သန္တေနှင့်၊ ကိုယ်နေစနဲ့ကျန်း"** ကျန်းကျန်းမာမာ ရှိတော့ ဘာမဆို လုပ်ကိုင်တဲ့အခါ တိုက်တွန်းမှု မရှိပဲ ထက်ထက်မြက်မြက်ထပြီး လုပ်ကိုင်တာကို၊ ဒါကြောင့်မို့။

**"ကိုယ်နေစနဲ့ကျန်း၊ ပူအချမ်းကို၊ နမ်းမှုလောက်ပင်၊ ထိမထင်ခဲ့"**တဲ့

ပူတာအေးတာကို ဂရုမစိုက်တဲ့သူမျိုးပေါ့၊ အေးတာကြောက်တဲ့သူက တွန့်ဆုတ်တွန့်ဆုတ်လုပ်နေတယ်၊ ပူတာကြောက်တဲ့သူကလည်း တွန့်ဆုတ်တွန့်ဆုတ်လုပ်နေတော့ သသင်္ခါရိကဖြစ်နေတယ်၊ အေးတာရော ပူတာရော အရေးမလုပ်ဖူးဆိုတော့ အသင်္ခါရိက အဖြစ်များတယ်ပေါ့။

အဲဒါကြောင့်မို့ အချမ်းအပူကို သိပ်အရေးမလုပ်တဲ့ သူမျိုးပေါ့၊ **"ကိုယ်နေစန့်ကျန်း၊ ပူအချမ်းကို၊ နှမ်းမှုလောက်ပင်၊ ထိမထင်ခဲ့၊ အစဉ်လုံ့လ၊ ဝီရိယကြောင့်၊ ရမည့်အကျိုး၊ ရည်မျှော်ကိုး၏"** လုံ့လအားထုတ်ပြီးတော့ လုပ်တယ်၊ လုံ့လအားထုတ်ပြီး လုပ်လို့ရမယ့် အကျိုးကိုလည်း ကိုယ်က သိထားတယ်၊ အဲဒီအကျိုးကို စိတ်ထဲက ရည်မျှော်ထားတယ်ဆိုတော့ ဒီပုဂ္ဂိုလ်ကလည်း သူများမတိုက်တွန်းပဲနဲ့ ထလုပ်ဖြစ်တော့တာပေါ့၊ ဝီရိယအကျိုးကို သူက ကောင်းကောင်း နားလည်ထားတဲ့သူကိုး။

**"ရမည့်အကျိုး၊ ရည်မျှော်ကိုး၏၊ ပြုရိုးကိစ္စ၊ လေ့ကျင့်ရ၍"** အလေ့အကျင့်ဖြစ်နေတယ်၊ အလေ့အကျင့် ဖြစ်နေတော့ မတိုက်တွန်းရပဲနဲ့ ထလုပ်တော့တာပေါ့၊ ဘာပဲဖြစ်ဖြစ်၊ အကုသိုလ်ပဲဖြစ်ဖြစ်၊ ကုသိုလ်ပဲဖြစ်ဖြစ် ထလုပ်မိတော့တာ။

ဒါကြောင့် ကုသိုလ်လုပ်တဲ့အခါမှာ အသင်္ခါရိကဖြစ်အောင် အလေ့အကျင့်များအောင် လုပ်ထားရတာ။

**"ပြုရိုးကိစ္စ၊ လေ့ကျင့်ကြ၍၊ ဘောဇနဉတု၊ မျှတမှုဟု"** ကိုယ်နဲ့ သပ္ပါယဖြစ်တဲ့ အစာစားထားရတဲ့အခါမျိုးမှာ ခန္ဓာကိုယ်ပေါ့ပါးပြီး အသင်္ခါရိက ဖြစ်တတ်တယ်၊ ဉတုကလည်း အရေးကြီးတာပဲ၊ ကိုယ်က အအေးမကြိုက်ဘူး၊ သိပ်အေးတဲ့ဉတုရောက်လာရင် ထိုင်းမှိုင်းကုန်ပြီ၊ ကိုယ်က အပူမကြိုက်ဘူး၊ သိပ်ပူတဲ့ ဉတုရောက်ရင် တွန့်ဆုတ်ကုန်ရော။

ဒါကြောင့်မို့ **"ဘောဇနဉတု၊ မျှတမှုဟု၊ ချောက်စုလည်းကောင်း"** ဒီ ၆-မျိုး ကြောင့် အသင်္ခါရိကစိတ် ဖြစ်တတ်တယ်။

**"ထပ်ပြန်လောင်းက၊ ဖြစ်ကြောင်း သသင်္ခါရတွင်သည်"**တဲ့၊အဲဒါ ပြောင်းပြန်ပြန်လိုက်ပါတဲ့၊ ပြောင်းပြန်ပြန်လိုက်ရင် သသင်္ခါရိကဖြစ်ကြောင်းတွေ ဖြစ်တာပေါ့တဲ့ဆိုတော့ ပထမဆုံး အသင်္ခါရိကနဲ့ ပဋိသန္ဓေနေတယ်ဆိုတဲ့ နေရာမှာ သသင်္ခါရိကနဲ့ ပဋိသန္ဓေနေတယ်၊ ကိုယ်ခန္ဓာကျန်းမာတယ်ဆိုတဲ့ နေရာမှာ ကိုယ်ခန္ဓာ မကျန်းမာဘူး၊ အပူအချမ်း မကြောက်ဘူးဆိုတဲ့ နေရာမှာ အပူအချမ်းကြောက်တယ်၊ လုံ့လဝီရိယကြောင့်ရမယ့် အကျိုးကိုမျှော်ကိုးတယ်ဆိုတဲ့ နေရာမှာမမျှော်ကိုးဘူး၊ ပြုရိုး ကိစ္စ

လေ့ကျင့်ရ၍ဆိုတာ ဒီမှာ အလေ့အကျင့်မရဘူး၊ ဥတုဘောဇဥ် မမျှတဘူး၊ ဒီလို ဆိုရင် သသခ်ါရိက ဖြစ်တတ်တယ်။

အဲဒီလို စိတ်အခြေအနေလေးတွေကို အကြောင်း, အကြောင်းလေးတွေနဲ့ ဖြစ်တာ၊ ဒါဟာ အခုခေတ်မှ ပေါ်တာမဟုတ်ဘူးနော်၊ ရှေးနှစ်ပေါင်း ၂၀၀–ကျော် က လေ့လာပြီးတော့ ကျမ်းဂန်တွေမှာ ရေးထားတာ။

ဒီမှာပြတဲ့ သောမနဿဖြစ်ကြောင်းဟာ အကုသိုလ်နဲ့လည်း ဆိုင်တယ်၊ အမှန် တော့ အကုသိုလ်စိတ်မှာတုန်းက ပြောရမှာ၊ ဟိုတုန်းက အချိန်မရလို့ ဒီကျမှ စုပေါင်းပြောမယ်ဆိုပြီးတော့ ပြောတာ။

နောက်တစ်ခါ ဒေါမနဿဖြစ်ကြောင်းတဲ့၊ ဒေါမနဿဖြစ်ကြောင်းက ဘာလဲ ဆိုတော့။

**"ဒေါမနဿ၊ ပဋိဃတို့၊ ဖြစ်ကြရန်လှစ်၊ အကြောင်းစစ်က၊ ဒေါသဇ္ဈာ သယော"**

အဇ္ဈာသယဆိုတာ အာသယနဲ့ အတူတူပါပဲ၊ ဒေါသများများ ထွက်တတ်တဲ့ သူပေါ့လေ၊ သူ့ရဲ့အခြေခံကိုက ဒေါသရှိလာတယ်၊ လူချင်းမတူဘူးလေ တချို့က ဒေါသအထွက်မြန်တယ်၊ ဘာဖြစ်ဖြစ် ကြည့်လိုက်ရင် ဒေါသနဲ့ပဲကြည့်တယ်၊ အဲဒါမျိုးပေါ့။

**"ဒေါသဇ္ဈာသယော၊ စိတ်သဘော၏၊ တိမ်ကောသေးန၊ အပ္ပသုနှင့်"** စိတ်ထားသိမ်လို့ စိတ်ထားသေးတော့ ဒေါသ ခဏခဏ ဖြစ်တာပေါ့၊ အပ္ပသုနှင့်တဲ့၊ အပ္ပသုဆိုတာ အကြားအမြင်နည်းတာ, စာအဖတ်နည်းတာ၊ အကြားအမြင်နည်း ထားတော့ ပိုပြီးတော့ ဒေါသဖြစ်တတ်တာပေါ့။

စာအဖတ်များ အကြားအမြင်များတော့ ဒါတွေက ဆုံးမပြီး ဒေါသကို ထိန်းနိုင်တာ၊ ဒီနိုင်ငံမှာ လူတွေ ဒေါသထိန်းနိုင်တာ တရားကျင့်ပြီး ထိန်းနိုင်တာ၊ မဟုတ်ဘူး၊ သူတို့ဒေါသဖြစ်ပေမယ့် မဖြစ်ဖူးထင်ရတယ်၊ တော်တော်လေး ထိန်းနိုင် တယ်၊ အဲဒါတော့ မဆိုးဘူး။

**"အပ္ပသုနှင့်, တွေ့မှုအနိဋ္ဌ"** အနိဋ္ဌာရုံနဲ့ တွေ့တယ်၊ ကိုယ်မကြိုက်တာနဲ့ တွေ့တော့လည်း စိတ်ဆိုးတာပေါ့၊ **"တွေ့မှုအနိဋ္ဌ၊ ဤလေးဝသည်၊ မှတ်ကြနှင့်ဖွယ် အချုပ်တည်း"**တဲ့။

အဲဒါက ဒေါမနဿတို့ ပဋိဃတို့ဖြစ်ဖို့ရန် အကြောင်းတွေပေါ့၊ ကိုယ်က ဒီအကြောင်းတွေကို သိထားရင်, ကိုယ်ဒေါသနည်းအောင် လုပ်ချင်ရင် တတ်နိုင်သမျှ

ဒီအကြောင်းလေးတွေကို ရှောင်ပေါ့၊ ဒါလက်တွေ့မှာ အသုံးကျတယ်။

ကောင်းပြီ၊ ဒီနေ့ ဘာထူးလာသလဲ၊ ဉာဏ်ထူးလာတယ်၊ ဉာဏသမ္ပယုတ်၊ ဟုတ်တယ်နော်၊ ဉာဏသမ္ပယုတ်ကကော ဘယ်လိုအခြေအနေကြောင့် ဉာဏသမ္ပယုတ် ဖြစ်သလဲ။

**"ရှေးကပညာ၊ ထက်ဖို့ရာဟု၊ ကုသိုလ်ပြုခဲ့"**တဲ့၊ ကုသိုလ်ပြုတုန်းက **"တပည့်တော် ဒီကုသိုလ်ကြောင့် ပညာထက်တဲ့ ပုဂ္ဂိုလ်ဖြစ်ရပါလို၏။"** အဲဒီလို ဆုတောင်း, ဆုတောင်းပြီးတော့ ကုသိုလ်ပြုခဲ့တဲ့ အလေ့ပါလာရင် ဒီဘဝမှာ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ဉာဏသမ္ပယုတ် အဖြစ်များတယ်။

ဒါကြောင့်မို့ ကိုယ်ကလည်း ဒီဘဝနဲ့တင် ကိစ္စမပြီးသေးဘူးဖြစ်မယ်၊ နောက်ဘဝ, ဘဝတွေ ဆက်ရဦးမယ်၊ နောက်ဘဝတွေမှာ ဉာဏ်ကောင်းချင်ပါတယ် ဆိုရင် ကုသိုလ်ပြုတဲ့အခါမှာလည်း အဲသလို **"ဉာဏ်ကောင်းတဲ့ပုဂ္ဂိုလ် ဖြစ်ရပါလို၏"** ဆိုတဲ့ ဆုတောင်းလေး ထည့်တောင်း။

ဒါ ဘာမှရှက်စရာမရှိဘူး၊ မြတ်စွာဘုရားအလောင်းတော်ကိုယ်တိုင် ကုသိုလ်ပြုပြီးတဲ့အခါ သဗ္ဗညုတဉာဏ် ရရပါလို၏လို့ ဆုတောင်းတာပဲ။

ဉာဏ်ကောင်းရပါလို၏လို့ ဆုတောင်းခြင်းဟာ ဒီဉာဏ်ကို အကြောင်းပြုပြီးတော့ ကိုယ်က သူများကို နှိပ်စက်ဖို့ မဟုတ်ဖူး၊ ဉာဏ်ကောင်းလာလို့ ဉာဏ်အဖြစ်များလို့ ဉာဏ်ရှိလာရင် တရားသဘောကို ပိုသိမြင်လာမယ်။

အနိစ္စ, ဒုက္ခ, အနတ္တသဘောတို့၊ ပဋိစ္စသမုပါဒ်တို့ ဘာတို့ သိမြင်ပြီး နောက်ဆုံး သစ္စာလေးပါးကို သိမြင်လာမယ်၊ အဲဒီလို ရည်ရွယ်ချက်နဲ့ ဉာဏ်ကောင်းချင်တာ။

ဒါကြောင့်မို့ **"ရှေးကပညာ၊ ထက်ဖို့ရာဟု၊ ကုသိုလ်ပြုခဲ့၊ ယခုရူပ၊ ဘုံဗြာနဒ္ဓါဖြစ်ရပြန်ပေ"**တဲ့ ဒါကတော့ ဦးဇင်းတို့နဲ့ မဆိုင်ပေဘူး၊ ဗြဟ္မာဘုံမှာ သွားဖြစ်တယ်၊ ဗြဟ္မာဘုံမှာက ကာမဂုဏ်အာရုံတွေ ဘာမှမရှိဘူး၊ ကာမဂုဏ် အာရုံတွေ မရှိတော့ စိတ်က သန့်ရှင်းတယ်၊ စိတ်သန့်ရှင်း ကြည်လင်တော့ ဉာဏ်အဖြစ်များတယ်။

ပြီးတော့သူ (ဗြဟ္မာ)တို့ ဆိုတာက အမြဲတမ်း ဗြဟ္မစိုရ်တရားနဲ့ နေတာကိုး၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာနဲ့နေတာ၊ အဲဒီတော့ ကာမဂုဏ် အားနည်းတယ်၊ နောက်ဆုံးတော့ ဉာဏ်ကို အားနည်းအောင် လုပ်တာက လောဘ, ဒေါသ, မောဟက အားနည်းအောင်လုပ်တတ်တာ၊ သူတို့တွေ လာနေရင် ဉာဏ်အားနည်းတယ်၊ လောဘအားကြီးရင် ဉာဏ်မပါတော့ဘူး၊ ဒေါသအားကြီးရင် ဉာဏ်မပါ

တော့ဘူး၊ မောဟအားကြီးနေရင် ဉာဏ်မရှိတော့ဘူး။

ဒါကြောင့် ရုပဘုံမှာကျတော့ အဲသလို အကြောင်းတွေက နည်းတော့တာပေါ့၊ ကာမဂုဏ်ဆိုတာတွေက ဘာမှ မရှိတော့ဘူး၊ အဲဒါကြောင့် **"ယနု ရုပ, ဘုံဌာနၶ, ဖြစ်ရပြန်ပေ, ပညိန္ဒြေထောက်, ရင့်ချိန်ရောက်လာ"** ပညာရင့်ချိန်ရောက်လာတော့ ဉာဏ်ကြီးလာတယ်၊ ဉာဏသမ္ပယုတ်စိတ်တွေ အဖြစ်များလာတယ်၊ အဲဒါ ဘယ်အချိန်တုန်း၊ ဒါက အရွယ်နဲ့လည်းဆိုင်တယ်၊ လူ့အသက်ကို ၁၀ ပိုင်းပိုင်းလိုက်၊ ၁၀–ပိုင်းပိုင်းပြီးတော့ ၁–ပိုင်းဟာ ဉာဏ်ကြီးတဲ့အပိုင်းရှိတယ်၊ အဲဒီအချိန်ရောက်လာရင် သူဟာ အရင်ထက်ပိုပြီး ဉာဏ်ရင့်ကျက်လာတယ်။

**မေး** – လူတစ်ယောက်နဲ့တစ်ယောက် တူကြပါသလား။

**ဖြေ** – အမှန်တော့ မတူနိုင်ဘူး၊ ဒါကတော့ ယေဘုယျအမြင်နဲ့ လူ့အသက် ၁၀၀ ကို ခွဲလိုက်တာ၊ ၁၀–နှစ်, ၁၀–နှစ်ပိုင်းလိုက်တယ်၊ ပထမနုနယ်တဲ့ အပိုင်း, ကစားမြူးတူးတတ်တဲ့အပိုင်း, အားကောင်းတဲ့အပိုင်း, အဆင်းလှတဲ့အပိုင်း၊ ဉာဏ်ကောင်းတဲ့အပိုင်း၊ ပိုင်းလိုက်တော့ အသက် ၄၀–က ၅၀ အတွင်းဟာ ပညာဒသကပေါ့၊ ပညာရင့်ကျက်တယ်၊ အဲဒီအချိန်မှာ အကြံသစ် ဉာဏ်သစ် ကောင်းကောင်းတွေ ပေါ်တတ်တယ်၊ ကျမ်းဂန်တွေ ဘာတွေ ပြုရင်ကောင်းတယ်၊ ပညာဒသကအရွယ်ပြီးရင်တော့သွားပြီ၊ down hill ပဲ၊ တဖြည်းဖြည်း ဆုတ်ယုတ်ပြီး၊ အရွယ်ကျ, ရောဂါဝင်, သေသည့်တိုင်အောင်ပေါ့။

အဲသလို လူ့ရဲ့ဘဝကို ၁၀–ပုံ ပိုင်းထားတာရှိတယ်၊ အဲဒီထဲမှာ ပညာဒသကလို့ခေါ်တဲ့ အသက် ၄၀–က ၅၀–အတွင်း ရောက်နေရင်လည်း ဉာဏသမ္ပယုတ်အဖြစ်များတယ်၊ ဒါလည်းဟုတ်တယ်၊ မတူဘူးနော်၊ ငယ်ငယ်တုန်းကနဲ့ ကြီးလာရင် မတူတာအမှန်ပဲ၊ စာဖတ်လည်း ပိုသဘောပေါက်လာတယ်၊ ငယ်ငယ်တုန်းက ဖတ်လည်းဒီစာပဲ၊ အခုပြန်ဖတ်တော့ ပိုသဘောပေါက်လာတယ်၊ အဲဒါက ဘာလဲဆိုတော့ **"ပညိန္ဒြေထောက်, ရင့်ချိန်ရောက်လာ"**တဲ့၊ **"ဘာဝနာစွမ်း ကိလေခန်း ဘီ"** တဲ့၊ ဒါလည်း အရေးကြီးတယ်၊ ဘာဝနာကြောင့် ကိလေသာတွေ ခန်းနေတယ်တဲ့၊ ကိလေသာ နည်းနေတယ် ပြောကြပါစို့၊ အဲဒီပုဂ္ဂိုလ်မှာလည်း ဉာဏ်အဖြစ်များတယ်။

ခုနပြောသလိုပဲ ကိလေသာဆိုတာက စိတ်ကိုညစ်ပေအောင် လုပ်တတ်တယ်၊ စိတ်ကိုနှိပ်စက်တတ်တဲ့ သဘောတရားကို ကိလေသာလို့ခေါ်တာ၊ သူတို့ (ကိလေသာ) တွေကို သမထဘာဝနာနဲ့ ဝိပဿနာဘာဝနာနဲ့ နှိမ်ထားလိုက်လို့ သူတို့ မနှောင့်ယှက်နိုင်တဲ့အခါကျတော့ ဉာဏ်ဖြစ်ခွင့်ရလာပြီးတော့ ဉာဏ်ကောင်းတယ်၊ ဒါကြောင့်

တရားထိုင်ရင် ဉာဏ်ရင့်ကျက်လာတာအမှန်ပဲ၊ မတူဘူး၊ တရားထိုင်တဲ့လူနဲ့ တရားမထိုင်တဲ့လူနဲ့ ဉာဏ်ရင့်ကျက်တာချင်း မတူဘူး။

ဘာကြောင့်တုန်းဆိုတော့ တရားထိုင်တဲ့အခါကျတော့ ကိလေသာကို နှိမ်ကို နှိမ်နေရတော့တာကိုး၊ သူ့ကို နည်းနည်းမှ မျက်နှာသာ မပေးတော့ဘူး၊ ဆိုပါတော့ လာလာချင်း သတိနဲ့ ဖမ်းချုပ်လိုက်ရတော့တာ၊ အဲသလို ဆိုတော့ ကိလေသာ ကြာကြာဖြစ်ခွင့် မရတော့ဘူး။

တရားထိုင်တဲ့လူမှာလည်း အကုသိုလ်မဖြစ်မဟုတ်ဖူး၊ ဖြစ်နိုင်ပါတယ်၊ ထိုင်နေတုန်းကို ဖြစ်နိုင်တယ်၊ အကုသိုလ်စိတ်က ပေါ်နိုင်တယ်၊ ဒါပေမယ့် ပေါ်တာနဲ့ တစ်ပြိုင်နက် ကိုယ်က သတိရှိနေတော့ ဖမ်းမှတ်လိုက်တယ်, ရှုလိုက်တယ်၊ သူက ပျောက်သွားပြီ။

အဲသလို လုပ်ထားတာဖြစ်တော့ ကိလေသာခဏခဏလာခွင့်မရဘူး၊ များများ လာခွင့်လည်းမရဘူး၊ အဲသလို လာခွင့်မရရင် ဉာဏ်ရင့်ကျက်တယ်၊ ဒါကြောင့် **"ဘာဝနာစွမ်း, ကိလေခန်းဘိ"**

**"တိဟိတ်သန္ဓေ၊ စွဲကပ်နေသည်"** ဒါကတော့ တိဟိတ် ပဋိသန္ဓေနေခဲ့တာ၊ တိဟိတ်ဆိုတာ ဉာဏ်နဲ့ယှဉ်တာကို တိဟိတ်ခေါ်တယ်၊ ဉာဏ်နဲ့ယှဉ်တဲ့စိတ်နဲ့ ပဋိသန္ဓေနေခဲ့တာ၊ အဲသလို ပဋိသန္ဓေနေခဲ့ရင်လည်း ဒီပုဂ္ဂိုလ်မှာ ဉာဏ်အဖြစ်များတယ်၊ ဉာဏသမ္ပယုတ် ဖြစ်တယ်။

အခုအကြောင်း ဘယ်နှစ်မျိုးတုန်း **"ရှေးကပညာ၊ ထက်ဖို့ရာဟု၊ ကုသိုလ်ပြုခဲ့၊ ယခုရှုပ၊ ဘုံဋ္ဌာနဒ္ဓ၊ ဖြစ်ရပြန်ပေ၊ ပညိန္ဒြေထောက်၊ ရင့်ရှိန်ရောက်လာ၊ ဘာဝနာစွမ်း၊ ကိလေခန်းဘိ၊ တိဟိတ်သန္ဓေ၊ စွဲကပ်နေသည်၊ ဉာဏ်ရွှေစိန်စက်ထက်ကြောင်း တည်းတဲ့။**

ဉာဏ်ကောင်းဖို့အကြောင်း ၅–ခုရှိတယ်၊ အဲဒီ ၅–ခုထဲက ဦးဇင်းတို့ လက်တွေ့လုပ်နိုင်တာ ဘယ်နှစ်ခုပါတုန်း၊ စဉ်းစားကြည့်ပါ။

ရှေးကပညာထက်ဖို့ရာဟု၊ ကုသိုလ်ပြုခဲ့ ဒါလည်းမဆိုင်ဘူး၊ ရှေးက လုပ်ခဲ့တာ၊ **"ယခု ရှုပ, ဘုံဋ္ဌာနဒ္ဓ ဖြစ်ရပြန်ပေ"** ဒါလည်း မဆိုင်ဘူး၊ **"ပညိန္ဒြေထောက်၊ ရင့်ရှိန် ရောက်လာ"**၊ ဒါကနည်းနည်းဆိုင်တယ်၊ **"ဘာဝနာစွမ်း၊ ကိလေခန်းဘိ"** ဒါက ဦးဇင်းတို့ လုပ်နိုင်တဲ့ကိစ္စ၊ ဉာဏ်ရင့်ကျက်အောင် တရားထိုင်ပေး၊ တရားမှတ်ပေး တာပေါ့၊ **တိဟိတ်သန္ဓေ၊ စွဲကပ်လေတည့်**၊ ဒါက ပဋိသန္ဓေနေထဲက ဖြစ်လာရမှာ၊ မတတ်နိုင်ဘူး၊ ၂–မျိုးပဲ Control လုပ်နိုင်တယ်၊ ဉာဏ်ရွှေစိန်စက်ထက်ကြောင်း

တည်းတဲ့၊ ဒါက ဉာဏသမ္ပယုတ်များများ ဖြစ်တဲ့အကြောင်းတွေ။

ဒီအကြောင်းတွေ ကိုယ်ကသိထားရင် နောက်ဘဝတွေအတွက်လည်း ကိုယ်က လုပ်နိုင်တာပေါ့၊ ဒီဘဝတတ်နိုင်သမျှ တိုးတက်အောင် လုပ်နိုင်တယ်၊ ဗုဒ္ဓဟောကြားတဲ့ အဘိဓမ္မာတရားတော်ကို နားလည်ရခြင်း အကျိုးဟာဒါပဲ၊ ဒါကြောင့်မို့ ဦးဇင်းတို့ ပြောလေ့ရှိတယ်၊ ဗုဒ္ဓဘာသာဟာ ကိုယ့်အနာဂတ်ကိုကိုယ် ဖန်တီးတာ၊ ကိုယ့် အနာဂတ်ကို သူများလက်ထဲထည့်ထားတာ မဟုတ်ဘူး၊ ကိုယ့် အနာဂတ်ကို ကိုယ်က ဒီဘဝကနေပုံဖော်လို့ရတယ်၊ ကောင်းတဲ့ အနာဂတ်ဖြစ်စေ ချင်ရင် ကိုယ်က ဒီကနေကောင်းအောင်လုပ်မယ်၊ မကောင်းတဲ့ အနာဂတ် ဖြစ်တာ ရော၊ မဖြစ်တာရော အရေးမလုပ်ဖူးဆိုရင် ထင်ရာလုပ်ရုံပေါ့၊ ကိုယ့် အနာဂတ် ကိုယ် ဖန်တီးနိုင်တယ်။

ဘာကြောင့်တုန်းဆိုတော့ ကံ, ကံ၏ အကျိုးသဘောတရားက ရှိတာကိုး၊ ဒီ သဘောတရားရှိတော့ ကောင်းတဲ့ကံက ကောင်းတဲ့ အကျိုးပေးမယ်၊ မကောင်းတဲ့ ကံက မကောင်းတဲ့အကျိုးပေမယ်ဆိုတာ သိထားတော့ ကောင်းတဲ့အကျိုးလိုချင်ရင် ကောင်းတဲ့ကံ လုပ်ရမှာပေါ့၊ ဒါပဲ။

အကြောင်းနဲ့ အကျိုးဆိုတာ အမြဲတမ်း ဆက်စပ်လျက်ရှိတယ်၊ ဉာဏ်ကောင်း ချင်ရင် ဉာဏ်ကောင်းစေတဲ့ အလုပ်လုပ်ပေါ့၊ အရေးမလုပ်ဖူးဆိုရင်လည်း မလုပ်နဲ့ပေါ့။

အဲဒီတော့ ဗုဒ္ဓဘာသာမှာက လွတ်လပ်မှုလည်းရှိတယ်၊ **"မင်းမကြောက်ရင် ခံတော့လည်းမင်းခံ၊ ဘယ်သူမှ လာခံမှာ မဟုတ်ဖူး"** အဲဒါပဲ။

ကိုယ့်ကိုကိုယ် ပိုင်တယ်၊ ကိုယ့်ကိုကိုယ် လွတ်လပ်မှု ရှိတယ်၊ ကိုယ့်အနာဂတ် ကိုယ်ဖန်တီးနိုင်ခွင့်ရှိတယ်၊ ဒါတွေဟာ ဗုဒ္ဓဘာသာရဲ့ ထူးခြားချက်တွေပေါ့လေ။

ကောင်းပြီ, မှတ်မိလား၊ နားထောင်တုန်းက နားလည်သွားရင် ပြီးတာပဲ။

သောမနဿဖြစ်တဲ့အကြောင်းတွေ၊ ဥပေက္ခာဖြစ်တဲ့အကြောင်းတွေ ဒါလေးတွေက နားလည်ထားဖို့ တော်တော်ကောင်းတယ်၊ အသုံးလည်းကျတယ်။

စာအုပ်က တော်တော်ဟောင်းနေတယ်၊ ဒီဆရာတော်က သိပ်ကောင်းတယ်၊ လင်္ကာတွေကလည်းကောင်းတယ်၊ ဦးဇင်းတို့ ငယ်ငယ်ထဲက ကျက်ထားရတာဆိုတော့ အခုထိအောင် ရနေတယ်။

ဒီနေ့ ကာမစိတ် ၅၄-ပါးကို ဦးဇင်းတို့အားလုံး လေ့လာလို့ ပြီးသွားပြီ ဆိုပါတော့၊ သိစရာကတော့ ဒီထက်ရှိသေးတာပေါ့၊ ဆိုပါတော့၊ သောမနဿ သဟဂုတ်နဲ့ ဥပေက္ခာသဟဂုတ် ဘယ်သူက ပိုပြီးတော့ ထက်မြက်သလဲဆိုတော့

ကျမ်းဂန်တွေ အဆိုအရတော့ ကာမာဝစရ အရာမှာ သောမနဿက ပိုပြီးတော့ ထက်မြက်တယ်၊ ဘာကြောင့်တုန်းဆိုတော့ ရွှင်ရွှင်လန်းလန်းနဲ့ လုပ်ရတဲ့ ကုသိုလ်ကိုး၊

ရူပါဝစရ, အရူပါဝစရ အရာကျတော့ သမာဓိနဲ့ ဆိုင်သွားလို့ ဥပေက္ခာက ပိုပြီး ထက်မြက်တယ် ဆိုပါတော့၊ သမာဓိ မရှိရင် မရပဲကိုး။

တစ်ခါ အသင်္ခါရိကနဲ့ သသင်္ခါရိကမှာ ဘယ်သူက ပိုပြီးထက်မြက်သလဲ၊ အသင်္ခါရိက ပိုပြီးထက်မြက်တယ်၊ သူက တိုက်တွန်းမှု မရှိပဲနဲ့ တစ်ခါထဲ (spontaneously) လုပ်ရတာ၊ ဟိုကတော့ တိုက်တွန်းနေရတာဆိုတော့ ထက်မြက်မှု နည်းသွားတယ်။

**မေး** – အကုသိုလ်နဲ့ ပတ်သက်ပြီး ပြဿနာက ဘာလဲဆိုတော့ မိစ္ဆာဒိဋ္ဌိ တစ်ယောက်က အကုသိုလ်လုပ်တယ်၊ ဗုဒ္ဓဘာသာ တစ်ယောက်ကလည်း အကုသိုလ် လုပ်တယ် ပြောကြပါစို့၊ မိစ္ဆာဒိဋ္ဌိတစ်ယောက်က အကောင်တစ်ကောင်သတ်တယ်၊ ဗုဒ္ဓဘာသာ တစ်ယောက်ကလည်း အကောင်တစ်ကောင် သတ်တယ်။

မိစ္ဆာဒိဋ္ဌိကတော့ အကုသိုလ်မှန်းမသိဘူး၊ ဒါပေမယ်လို့သတ်တယ်၊ ဗုဒ္ဓဘာသာဝင်ကတော့ အကုသိုလ်မှန်းသိတယ်, သတ်တယ်၊ ဘယ်သူကပိုပြီး အပြစ်ကြီးသလဲ?

**ဖြေ** – ဗုဒ္ဓဘာသာက ပိုအပြစ်ကြီးပါတယ် ဘုရား။

**မေး** – ဗုဒ္ဓဘာသာက ပိုအပြစ်ကြီးသတဲ့လား၊ ရှင်နာဂသိန်ကတော့ ဒီလိုမဖြေဘူး၊ ဥပမာလေးပြောပြမယ်၊ ရဲရဲငြိုးနေတဲ့ သံတွေခဲကြီးရှိတယ် ဆိုပါတော့တဲ့၊ အဲဒါကို ပူမယ်မှန်းမသိလို့ ကိုင်တဲ့လူနဲ့ မီးခဲမှန်းသိလို့ ကိုင်တဲ့လူနဲ့ ဘယ်သူက အလောင် သက်သာမလဲ။

**ဖြေ** – သိရက်နဲ့ ကိုင်တဲ့လူက အလောင်သက်သာပါမယ်။

အေးပေါ့၊ ပူမှန်းမသိလို့ သွားကိုင်တဲ့လူက တအားဆုပ်ကိုင်မှာပေါ့၊ သူ့မှာ တအားပူလောင်မှာပေါ့၊ မတတ်သာလို့ကိုင်ရတဲ့သူက ကိုင်တော့ ကိုင်တယ်၊ သူက ကြောက်ကြောက်လန့်လန့်နဲ့ဆိုတော့ ပူမယ်မှန်းသိတော့ တအားမဆုပ်ကိုင်ဘူး၊ အပူသက်သာအောင်ကိုင်တယ်။

အဲဒီလိုပဲ, အကုသိုလ်မှန်း မသိပဲလုပ်တဲ့သူကတော့ ရဲရဲဝံ့ဝံ့ လုပ်တော့တာပေါ့၊ ဒါအမှန်ပဲ, တခြားဘာသာဝင်တွေက သတ်ပြီဆိုရင် ရဲရဲဝံ့ဝံ့ကိုသတ်တော့တာ၊ ဘာမှကို တွေးနေတော့တာ မဟုတ်ဘူး။

ဗုဒ္ဓဘာသာဝင်တစ်ယောက်က သတ်တယ်ထားဦး၊ သူက ကြောက်စိတ်ကလေးတော့ပါသေးတယ်၊ တွန့်ဆုတ်တယ်၊ အဲဒါကြောင့်မို့ အကုသိုလ်မှန်း

သိလျက် လုပ်တဲ့သူနဲ့ မသိပဲနဲ့ လုပ်တဲ့သူမှာ မသိပဲနဲ့ လုပ်တာက ပိုအပြစ်ကြီးတယ်၊ သိလျက်နဲ့လုပ်တော့ သူက လျော့လျော့ပေါ့ပေါ့လေ။

လူတွေရဲ့ ဥပဒေတွေကျတော့ မသိရင် နည်းနည်းလက်ခံတယ်၊ ဝိနည်းမှာလဲ တချို့နေရာကတော့ မသိရင်အပြစ်မရှိဘူး၊ တချို့ကျတော့လည်း သိသိ, မသိသိ အပြစ်ရှိတယ်။

အဲဒီဟာတွေကျတော့ မသိရုံတင်မကဘူး၊ ဥပဒေအပေါ်မှာ မလေးစားတဲ့ စိတ်တွေက ပါသွားတာကိုး၊ အဲဒါကြောင့် အဲသလို နေရာမျိုးကျတော့ သိလျက်နဲ့ လုပ်တာက အပြစ်ကြီးတယ်လို့ ဆိုလိုရတယ်။

သိက္ခာပုဒ်တစ်ခုကို ဦးဇင်းတို့က ချိုးတော့မယ်, ဖောက်တော့မယ် ဆိုရင် ဒီသိက္ခာပုဒ်အပေါ်မှာ မလေးစားတဲ့စိတ်က အမှန်တော့ပါတယ်၊ အဲဒီစိတ်ကြောင့် အပြစ်ကြီးတယ်လို့ဆိုရတယ်။

အဘိဓမ္မာ သဘောအရ ပြောရရင် ကြောက်ကြောက်လန့်လန့်နဲ့ လုပ်ရရင် သူက နည်းနည်းသက်သာတာပေါ့၊ ဒီလို အပြစ်ရှိမှန်း မသိလို့လုပ်တဲ့သူက ရဲရဲဝံ့ဝံ့ လုပ်တော့တာပေါ့၊ ဆူးရှိတဲ့လမ်း သွားသလိုပေါ့၊ မသိတဲ့လူက တအားနင်းတာပေါ့၊ သိတဲ့သူက နည်းနည်းပါးပါး ဖွနင်းတော့သက်သာတာပေါ့၊ အဲသလို အရှင်နာဂသိန်က မိလိန္ဒပဉှာမှာ ဖြေထားတာရှိတယ်။

ဒါကြောင့်မို့ သိလျက်နဲ့ လွန်ကျူးတာ မသိပဲနဲ့ လွန်ကျူးတာမှာ သတိထားဖို့က ဘယ်အခါဖြစ်ဖြစ် မေးလိုက်ရင် သိလျက်နဲ့ လွန်ကျူးတာက ပို အပြစ်ကြီးတယ်ချည်း ထင်တာပဲ၊ ဒီအတိုင်းပဲ၊ ကိုယ်ကလည်း အဲသလို ထင်တာပဲ၊ အများကလည်း ဒီလိုပဲ ထင်တာပဲ၊ အမေရိကန်က တပည့်တွေ မေးရင် အဲသလို ဖြေတာပဲ။

**မေး** – အရှင်ဘုရား ပြန်ရှင်းပြတော့ သူတို့ ဘယ်လိုနေသလဲ။

**ဖြေ** – သူတို့လက်ခံပါတယ်၊ အဲသလို အဖုအထစ်လေးတွေကျတော့ မိလိန္ဒပဉှာက အတော်ကောင်းတယ်နော်၊ ဘာလို့တုန်းဆိုတော့ မိလိန္ဒပဉှာက ရှင်ဘုရင်ကလည်း အလွန်တော်တဲ့ ရှင်ဘုရင်, သူ့ကို ပြန်ပြောနိုင်သူမရှိဘူး၊ ဘုန်းကြီးတွေကို ထွက်ပြေးနေရတာ၊ ရှင်နာဂသိန်နဲ့ တွေ့မှ သူ (ရှင်ဘုရင်)ကျတာ–

လူဆိုတာ သူ့ပါရမီနဲ့ လာတာ၊ သူ့ဟာနဲ့သူမှ နိုင်တာ၊ သူ (ရှင်ဘုရင်)နဲ့ ယှဉ်ပြောလိုက်ရင် ဘုန်းကြီးတွေ ရှုံးတာပဲ၊ မရဘူး၊ ဘုန်းကြီးတွေ ပြေးရတာပဲ။

အရှင်နာဂသိန်နဲ့ကျတော့ တွေ့တွေ့ချင်းကို ရယ်စရာပဲ၊ ရှင်နာဂသိန်က အဲသလိုလဲ လုပ်တတ်တာကိုး၊ ဖြေပုံက သူ့ဟာနဲ့သူ ပြန်မိအောင်ဖြေတာ။

ဆိုပါတော့–

အရှင်ဘုရား တပည့်တော် ပုစ္ဆာမေးချင်ပါတယ်ဘုရား၊

မေးပါ ဒကာတော်

တပည့်တော်မေးပြီးပြီဘုရား၊

ဖြေပြီးပြီ

အဲသလိုမျိုး , အမတ်တွေက အရှင်မင်းကြီးတတ်နိုင်သေးလားဆိုပြီး လက်ခုပ်တီးကြတာ၊ ဖတ်ဖို့ကောင်းတယ်၊ အခက်အခဲတွေ သုတ္တန်တွေထဲမှာ နှစ်ဖက်စွန်း မလွတ်တာတဲ့ဟာမျိုးတွေ ရတ်တရက်ကြည့်လိုက်ရင် အပြစ်ရှိတယ်လို့ ထင်ရတာတွေ, မှားတယ်လို့ ထင်ရတာတွေ, အဲဒါတွေကို အရှင်နာဂသိန်က ပြန်ဖြေရှင်းတာ သိပ်ကောင်းတယ်။

မိလိန္ဒမင်းကြီးနဲ့ ရှင်နာဂသိန်တို့ဟာ နောက်ဘဝက ဆုတောင်းနဲ့ လာတာ၊ နောက်ဘဝ ဆုတောင်းက ဘဝတစ်ခုမှာ ရှင်နာဂသိန်က ရဟန်း၊ မိလိန္ဒမင်းကြီးက ကိုရင်ဖြစ်တယ်၊ ရဟန်းက ကိုရင်ကို အမှိုက်ကျုံးခိုင်းတာ မကျုံးတော့ နည်းနည်းပါးပါး ရိုက်နှက်ပြီး ခိုင်းတာကိုး။

ခိုင်းတော့ ကိုရင်က ငိုယိုပြီး အမှိုက်ကျုံးပြီးတော့ ပင်လယ်ကမ်းသွားပစ်တယ်၊ ပင်လယ်ကမ်းသွားတော့ သမုဒ္ဒရာကြီးကြည့်လိုက်တော့ လှိုင်းကြီးတွေ တဝုန်းဝုန်းလာနေတာမြင်တော့ အဲဒီအခါမှ ထပြီး ဆုတောင်းတာတဲ့။

**"ဒီလို အမှိုက်ရှင်းရတဲ့အတွက် သမုဒ္ဒရာလှိုင်းလိုကြီးတဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံရပါလို၏၊"** ဆုတောင်းတော့ ဘုန်းကြီးကလည်း ဒီကိုရင် ဘာလုပ်သလဲလို့ နောက်က လိုက်ပြီးကြည့်တာ၊ အဲသလို ဆုတောင်းတာမြင်တော့ အောင်မာ, ငါက ရိုက်ခိုင်းတာကို မင်းက ဒီလောက်တောင် ဆုတောင်းရသလား၊ ငါလည်းဆုတောင်းမှပဲ ဆိုပြီး **"ဒီကိုရင် ဘယ်လောက်ပဲဉာဏ်ကြီးကြီး, အဲဒီသမုဒ္ဒရာလှိုင်းဟာ ကမ်းရောက်ရင် ငြိမ်သွားသလိုပဲ ငါနဲ့တွေ့တဲ့အခါ ငြိမ်သွားပါစေ"ပေါ့**၊ အဲသလို ဆုတောင်းနဲ့ လာတာတဲ့၊ အဲဒါ ဖတ်ဖို့ကောင်းတယ်။

**မေး** – အဲဒါ ဘာကျမ်းလဲဘုရား။

**ဖြေ** – မိလိန္ဒပဉှာ

မြန်မာပြည်မှာတော့ ဘယ်သူလဲမသိ၊ ပြန်ရေးတာရှိတယ်၊ ဦးသော်ဇင်လား ဘယ်သူလား မသိဘူး၊ စာအုပ်ခပ်သေးသေးပဲ, ပြန်ရေးထားတာရှိတယ်၊ ဒီမှာကတော့ ပါဠိတော်မြန်မာပြန်ရှိတယ်၊ သိပ်ဖတ်ဖို့ကောင်းတယ်၊ ကိုင်းဒီနေ့

ပြီးကြရအောင်။

**မေး** – အရင်အပတ်က ကုသလဝိပါက်စိတ်ထဲမှာ ၅–၆–၇ ထဲမှာ ဥပေက္ခာသဟဂတ သမ္ပဋိစ္ဆိုင်းစိတ်, သန္တီရဏစိတ်ဆိုတာ၊ သူတို့ကတော့ စက္ခု ဝိညာဏကို ဖြစ်ပြီးတော့မှ အဲဒီစိတ်ကို လက်ခံတာလားဘုရား။

**ဖြေ** – စိတ်ကို လက်ခံတာမဟုတ်ဖူး၊ အာရုံကို လက်ခံတာ၊ အာရုံကို စုံစမ်းတာ၊ သရက်သီး ဥပမာနဲ့ပြန်ကြည့်၊ သရက်သီးကောက်ကိုင်လိုက်တယ်၊ နှိပ်ကြည့်တယ်၊ သရက်သီးဟာ အာရုံ၊

**မေး** – ဒါဖြင့် မြင်တာကအရင် ဖြစ်တာပေါ့၊

**ဖြေ** – ဟုတ်တယ်၊

**မေး** – ဒီမှာဆိုရင်တော့ မြင်စိတ်ပြီးမှ လက်ခံစိတ်၊ မြင်စိတ်ပြီးမှ နောက်စိတ်က စုံစမ်းတဲ့စိတ်။

**ဖြေ** – ဟုတ်တယ် ဒါက၊ logically သွားမယ်၊ ပထမမြင်တယ်၊ မြင်ပြီးမှ လက်ခံတယ်၊ လက်ခံပြီးတော့မှ စုံစမ်းတယ်၊ စုံစမ်းပြီးတော့မှ ဆုံးဖြတ်တယ်၊ ဆုံးဖြတ်ပြီးတော့မှ ကောင်းမကောင်းကတော့ ကိုယ့်နှလုံးသွင်းဇော ဖြစ်သွားတယ်။

**မေး** – ဆုံးဖြတ်တဲ့စိတ်က

**ဖြေ** – မနောဒွါရာဝဇ္ဇန်းပဲ၊ ဟုတ်တယ်၊ အဲဒီကျမှ ဣဋ္ဌာရုံပဲ, အနိဋ္ဌာရုံပဲ ခွဲခြားတယ်၊ ကောင်းတဲ့အာရုံပဲ မကောင်းတဲ့အာရုံပဲလို့ဆုံးဖြတ်တယ်၊ ကောင်းတဲ့ အာရုံလို့ ဆုံးဖြတ်ပေမယ်လို့ ဇောကျတော့ ဒေါသဇောလည်း ဇောချင် ဇောနိုင်တာပဲ၊ ကောင်းတဲ့အာရုံပေမယ်လို့ ကိုယ်က မကြိုက်ရင် ဆိုပါတော့ ဘာသာခြားအဖို့ ဘုရားမြင်ရင်သူ စိတ်ဆိုးချင်ဆိုးမှာပေါ့၊ အဲဒီတော့ ဇောကတော့ ကုသိုလ်ဇော အကုသိုလ်ဇော ဖြစ်ချင်ရာ ဖြစ်နိုင်တယ်။

**မေး** – ဒါဖြင့် အရှင်ဘုရား၊ အဟိတ်စိတ် (၁၈)ပါးမှာ ဖြစ်တဲ့ ဝိပါက် စိတ်က နောက်ဘဝကျမှဖြစ်တာလား၊ ယခု လောလောဆယ်မှာ ဖြစ်တာလား။

**ဖြေ** – နောက်ဘဝကျမှ ဖြစ်တာ၊ ယခုလောလောဆယ် ဒီဘဝမှာ ဖြစ်နေ တာက နောက်ဘဝက ကုသိုလ်, အကုသိုလ်ရဲ့အကျိုးကို ဒီဘဝမှာ ဖြစ်တာ၊ ဒီဘဝမှာ ဖြစ်တာနောက်ဘဝက အရင်းခံခဲ့ထာ၊ ဒီဘဝမှာထပ်ပြီး ကိုယ်က ကုသိုလ်, အကုသိုလ်ဇောတွေ လုပ်ပြန်တယ်၊ လာမယ့်ဘဝတွေ ကျတော့ သူက ဒီစိတ်တွေ ဖြစ်ဦးမယ်၊ ဒီဟာက အရင်ဘဝက ဖြစ်ခဲ့တာတွေရဲ့

အကျိုး ဝိပါက်စိတ်။

မေး – ရှေ့တုန်းကတော့ ဝဇ္ဇနစိတ်က လှည့်ပေးလိုက်တာလား၊

ဖြေ – ဟုတ်တယ်, အဲဒါက တိုက်ရိုက်မြင်တဲ့ အာရုံပဲဖြစ်ဖြစ်၊ စိတ်နဲ့ စဉ်းစားတဲ့ အာရုံပဲဖြစ်ဖြစ်, အဲဒီအာဝဇ္ဇနက လာရတယ်၊ မြင်တာကြားတာနဲ့ ပတ်သက်လာရင် ပဉ္စဒွါရာဝဇ္ဇန်း၊ စိတ်ထဲတွင်သိတာနဲ့ဆိုရင် မနောဒွါရာဝဇ္ဇန်း၊ ဒီနှစ်ခု တစ်ခုခုတော့လာရမယ်၊ ဘာကြောင့်လဲဆိုတော့ ပထမအစဉ်အတန်းက ဘဝင် အစဉ်အတန်းရှိတာကိုး၊ ဘဝင်အစဉ်အတန်းကနေ အဲဒီ အခိုက်အတန့်ကျမှ (အာဝဇ္ဇန်းဆိုတဲ့ အခိုက်အတန့်ကျမှ) active စိတ်တွေဖြစ်လာတယ်၊ သူကစပြီးတော့ ဟိုဘက်ကို ဖြစ်သွားပြီ၊ သူက လှည့်ပေးသလို သဘောပေါ့၊ ဘဝင်အစဉ်မှပြတ်ပြီးတော့ active စိတ်တွေ ဖြစ်အောင် သူက လှည့်ပေးတဲ့ သဘောပေါ့။

သိချင်တာရှိရင် မေးသာမေး, ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ်ပဲ၊ ဖြေနိုင်ရင်လည်းဖြေမယ်၊ မဖြေနိုင်ရင်လည်း ဟိုစာကြည့် ဒီစာဖတ်လုပ်ရမှာပေါ့၊ ဒါပေမယ့် ကိစ္စမရှိဘူး၊ သိချင်တာရှိရင် မေးသာမေး၊ အဲသလိုမှ ကောင်းတယ်။

မေး – အခြေခံအားဖြင့်ဆိုရင် ဘဝင်စိတ်က အရင်ဆုံးလား။

ဖြေ – ဟုတ်တယ်

မေး – ဘဝင်စိတ်လာပြီးတဲ့အခါကျ ဒီအာရုံနဲ့တွေ့ဆုံပြီးတော့သိတဲ့စိတ် ပေါ်လာတာလား။

ဖြေ – ဘဝင်စိတ်ကရှိနေတော့ (အာရုံနဲ့ မျက်လုံး)မြင်တာပဲ ပြောကြစို့၊ မျက်လုံးက အခံ၊ အာရုံကအတိုက်၊ အဲဒီ နှစ်ခု လာတွေ့လိုက်တဲ့အခါမှာ ဘဝင်ကိုလည်း သွားရိုက်တယ်၊ အဲသလိုရိုက်တဲ့အခါမှာ ဘဝင်လှုပ်ပြီးတော့ ဘဝင် ရပ်သွားတယ်၊ ရပ်သွားတော့ အဲဒီနေရာမှာ ခုနပြောတဲ့ အာဝဇ္ဇန်းစိတ်, ပြီးတော့မှ ရှေ့ဆက်သွားတယ်။

မေး – အဲဒီနေရာမှာ တကယ်လို့ ရပ်သွားရင် ဘဝင်စိတ်ပြီးသွားလား။

ဖြေ – အဲဒီနေရာမှာ မရပ်ဖူး၊ တစ်ခါဖြစ်မိရင် ရှေ့ဆက်သွားတော့တာပဲ၊ နောင် ဝိထိလေ့လာရင် ဒါတွေ တွေ့လိမ့်မယ်၊ ရပ်နိုင်တာက ဘာလဲ?။

## ရူပါဝစရစိတ် ၁၅-ပါး

## ရူပါဝစရကုသိုလ်စိတ် ၅-ပါး

၁။ ဝိတက်-ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာနှင့်တကွဖြစ်ပထမဈာန်စိတ် (၅၅)
၂။ ဝိစာရ- ပီတိ-သုခ-ဧကဂ္ဂတာ နှင့်တကွဖြစ် ဒုတိယဈာန်စိတ် (၅၆)
၃။ ပီတိ-သုခ-ဧကဂ္ဂတာ နှင့်တကွဖြစ် တတိယဈာန်စိတ် (၅၇)
၄။ သုခ-ဧကဂ္ဂတာ နှင့်တကွဖြစ် စတုတ္ထဈာန်စိတ် (၅၈)
၅။ ဥပေက္ခာ-ဧကဂ္ဂတာ နှင့်တကွဖြစ် ပဥ္စမဈာန်စိတ် (၅၉)

## ရူပါဝစရဝိပါက်စိတ် ၅-ပါး

၁-၅။ ရူပါဝစရကုသိုလ်စိတ် ၅-ပါးနှင့်တူ။ (၆၀-၆၄)

## ရူပါဝစရကြိယာစိတ် ၅-ပါး

၁-၅။ ရူပါဝစရကုသိုလ်စိတ် ၅-ပါးနှင့် တူ။ (၆၅-၆၉)

ရူပါဝစရ - ရူပ ၁၅-ဘုံ၌များသောအားဖြင့် ကျင်လည်တတ်၊ ဖြစ်တတ်။
ဝိတက် - တကွဖြစ်ဖက်တရားတို့ကို အာရုံသို့ တင်ပေးခြင်းသဘော။
ဝိစာရ - အာရုံကို သုံးသပ်ခြင်း (ထပ်၍ ထပ်၍ ယူခြင်း) သဘော။
ပီတိ - နှစ်သက်ခြင်းသဘော။
သုခ - ကောင်းသောအာရုံကို ခံစားခြင်းသဘော။
ဧကဂ္ဂတာ - အာရုံတစ်ခု၌ တည်တံ့ခြင်း (တည်ကြည်ခြင်း) သဘော။

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ (ဝေဒနာ)၊ ဧကဂ္ဂတာ၊ ဥပေက္ခာ (ဝေဒနာ) တို့ကို အသီးအသီး ဈာန်အင်္ဂါ (ဈာန်၏ အစိတ်အပိုင်း)ဟု ခေါ်သည်၊ ထို ၅-ပါး အပေါင်းကို ဈာန်ဟုခေါ်သည်၊ ထိုဈာန်အင်္ဂါတို့နှင့် ယှဉ်သောစိတ်ကို ဈာန်စိတ်ဟု ခေါ်သည်။

# FORTY KAMMATTHÂNAS AT A GLANCE

| Kammatthana 40 | Carita 6 | Bhavanā 3 | Nimitta 3 | Jhāna 5 |
|---|---|---|---|---|
| **Kasina 10** | | | | |
| Pathavîkasiṇa | all | P Up Ap | P Ug Pt | 1st to 5th |
| Âpo-kasiṇa | " | " " " | " " " | " " |
| Tejo-kasiṇa | " | " " " | " " " | " " |
| Vâyo-kasiṇa | " | " " " | " " " | " " |
| Nīla-kasiṇa | Dosa | " " " | " " " | " " |
| Pîta-kasiṇa | " | " " " | " " " | " " |
| Lohita-kasiṇa | " | " " " | " " " | " " |
| Odāta-kasiṇa | " | " " " | " " " | " " |
| Âkāsa-kasiṇa | all | " " " | " " " | " " |
| Âloka-kasiṇa | " | " " " | " " " | " " |
| **Asubha 10** | | | | |
| Uddumātaka | Râga | " " " | " " " | " 1st |
| Vinîlaka | " | " " " | " " " | " " |
| Vipubbaka | " | " " " | " " " | " " |
| Vicchiddaka | " | " " " | " " " | " " |
| Vikkhâyitaka | " | " " " | " " " | " " |
| Vikkhittaka | " | " " " | " " " | " " |
| Hata-vikkhittaka | " | " " " | " " " | " " |
| Lohitaka | " | " " " | " " " | " " |
| Puluvaka | " | " " " | " " " | " " |
| Atthika | " | " " " | " " " | " "" |
| **ANUSSATI 10** | | | | |
| Buddhânussati | Saddhā | " " | " " | No Jhâna |
| Dhammânussati | " | " " | " " | " |
| Sanghânussati | " | " " | " " | " |
| Sîlânussati | " | " " | " " | " |
| Câgânussati | " | " " | " " | " |
| Devatânussati | " | " " | " " | " |
| Upasamâsati | Buddhi | " " | " " | " |
| Maraṇassati | " | " " | " " | " |
| Kâyagatâsati | Râga | " " " | " " " | 1st |
| Ânâpanassati | Moha, vitakka | " " | " " " | 1st to 5th |

| | | | | |
|---|---|---|---|---|
| Appamañña 4 | | | | |
| Mettā | Dosa | " " " | " " | |
| Karunā | " | " " " | " " | 1 st to 4 th |
| Muditā | " | " " " | " " | " " |
| Upekkhā | " | " " " | " " | " " |
| | | | | 5 th |
| **SAÑÑĀ 1** | | | | |
| Ahare Paṭikūlasāñña Buddhi | | " " | " " | No Jhāna |
| **VAVATTHĀNA1** | | | | |
| Catudhatu-vavatthāna Buddhi | | " " | " " | No Jhana |
| **ĀRUPPA 4** | | | | |
| Akāsānañcāyatana | all | " " " | " " " | Arupa jhāna |
| Viññanañcāyatana | " | " " " | " " " | " |
| Âkiñcaññāyatana | " | " " " | " " " | " |
| Nevasaññanāsaññāyatana | | " " " | " " " | " |

# အဘိဓမ္မာသင်တန်း (၆)

## စိတ်ပိုင်း

### ရူပါဝစရစိတ် (၁၅)ပါး

ဒီနေ့ စက်တင်ဘာလ (၈)ရက်, ဒီနေ့ လေ့လာမှာက ရူပါဝစရစိတ် ၁၅-ပါး အရင် အပတ်တွေက လေ့လာခဲ့တာက အကုသိုလ်စိတ် ၁၂-ပါး၊ အဟိတ်စိတ် ၁၈- ပါး၊ ကာမာဝစရသောဘနစိတ် ၂၄-ပါး၊ အဲဒါဟာ အပေါင်းကို ကာမာဝစရစိတ် ၅၄ -ပါး။

အဲဒီ ကာမာဝစရစိတ် ၅၄ -ပါးက လူအားလုံးနဲ့ ဆိုင်တယ်၊ သာမန်လူတွေလည်း ရနိုင်တဲ့စိတ်မျိုးတွေ၊ အခု ဒီနေ့ လေ့လာမယ့် စိတ်တွေက လူတော်တွေအတွက် ဈာန်စိတ်တွေ။

အခု ဒီနိုင်ငံမှာ (Higher consciousness) ဆိုပြီးတော့ လုပ်လုပ်နေကြတယ်၊ ဘာတွေ လုပ်ကြတယ်တော့မသိဘူး၊ ဦးဇင်းတို့ ဗုဒ္ဓဘာသာအနေနဲ့ပြောရရင် (Higher consciousness) ဆိုတာ ရူပါဝစရစိတ်က စရမယ်။

ပါဠိသုတ္တန်တွေမှာ ဥတ္တရိမနုဿဓမ္မဆိုတဲ့စကားလုံးလေးရှိတယ် မြန်မာလိုပြန်ရင် လူတို့၏ ကုသိုလ်ကမ္မပထ တရား ၁၀-ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားတဲ့၊ အထက်တန်းကျတဲ့တရားပေါ့လေ၊ သာမန်လူတွေ ရတာမျိုး

မဟုတ်ပဲ ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေ,တော်တဲ့ ပုဂ္ဂိုလ်တွေရတဲ့ စိတ်မျိုးပေါ့၊ ဒါကို ရူပါဝစရစိတ်ကစပြီး ဥတ္တရိမနုဿ ဓမ္မလို့ခေါ်တယ်။

ဒါကြောင့်မို့ (Higher consciousness) ဆိုရင် ဗုဒ္ဓဘာသာအနေနဲ့, အဘိဓမ္မာအနေနဲ့ ပြောရင် ဒီနေ့ လေ့လာမယ့်စိတ်က အချက်ပဲ၊ ရူပါဝစရစိတ်။

ဒီရူပါဝစရစိတ်ကျတော့ ရိုးရိုးကုသိုလ်ပြုတာလို ဟိုဟာလေး ထလုပ်ရုံ၊ ဒီဟာလေး ထလုပ်ရုံ, ဒါနပြုရုံ, ဘုရားရှိခိုးရုံ, လှူရုံနဲ့မရဘူး၊ ဒီဟာကျတော့ ဘာဝနာပါလာတယ်၊ ဈာန်စိတ်တွေဆိုတာ ကမ္မဋ္ဌာန်းကို ထိုင်မှရတယ်၊ ကမ္မဋ္ဌာန်း မထိုင်ပဲနဲ့ ဒီဈာန်စိတ်တွေ မရနိုင်ဘူး။

ကမ္မဋ္ဌာန်းက ဗုဒ္ဓဘာသာမှာ ၂-မျိုးရှိတယ်၊ သမထကမ္မဋ္ဌာန်းရယ်, ဝိပဿနာ ကမ္မဋ္ဌာန်းရယ်။

သမထကမ္မဋ္ဌာန်းဆိုတာက သမာဓိဖြစ်အောင်လုပ်တဲ့ ကမ္မဋ္ဌာန်း၊ သမာဓိကို အားပေးတယ်၊ အကျိုးကလည်း သမာဓိအကျိုးပဲရတယ်။

ဝိပဿနာကမ္မဋ္ဌာန်းဆိုတာက ရုပ်နာမ်တရား သင်္ခါရတရားတွေရဲ့ အနိစ္စ၊ ဒုက္ခ အနတ္တကို မြင်အောင်ကြည့်ပြီး နောက်ဆုံး နိဗ္ဗာန်ကို မျက်မှောက်ပြုသည့် တိုင်အောင် (သို့မဟုတ်) မဂ်ဖိုလ်ရသည့်တိုင်အောင် သွားတဲ့ကမ္မဋ္ဌာန်းကို ဝိပဿနာ ကမ္မဋ္ဌာန်းလို့ ခေါ်တယ်။

အဲဒီတော့ သမထကမ္မဋ္ဌာန်းဆိုတာက အဲဒီလို ရုပ်နာမ်ရဲ့ အဖြစ်အပျက်ကို မြင်အောင်ရှုတာ မဟုတ်ပဲနဲ့, စိတ်တည်ကြည်မှု သမာဓိအားကို ထူထောင်သွားပြီးတော့ ဒီသမာဓိအားနဲ့ ဈာန်စိတ်တွေနဲ့ ဈာန်စိတ်တွေထက် အထက်တက်လိုက်ရင် အဘိညာဉ်စိတ်တွေရအောင် အားထုတ်တာ သမထကမ္မဋ္ဌာန်းလို့ခေါ်တယ်၊ သမထ ကမ္မဋ္ဌာန်းက အမျိုးပေါင်း ၄၀-ရှိတယ်၊ ကြိုက်တာ အားထုတ်လို့ရတယ်၊ အခု အင်္ဂလိပ်လို ပေးထားတဲ့ (chart) ဟာကမ္မဋ္ဌာန်း ၄၀-ပဲ၊ ကမ္မဋ္ဌာန်းပိုင်းကျမှ အဲဒီ chart ကို အပြည့်အစုံသုံးမယ်။

ပြောချင်တာက KAMMAṬṬHĀNA FORTY ဆိုပြီး အောက် တည့်တည့်ကဟာတွေက ကမ္မဋ္ဌာန်း-၄၀၊ ပထမဘာတုန်း KASINA 10၊ ကသိုဏ်း၁၀-မျိုး၊ ASUBHA 10၊ အသုဘကမ္မဋ္ဌာန်း ၁၀-မျိုး၊ ANUSSATI 10၊ အနုဿတိကမ္မဋ္ဌာန်း ၁၀-မျိုး၊ APPAMAÑÑĀ4၊ ဒါက ဗြဟ္မာ့ဝိဟာရတရား ၄-ပါး၊ မေတ္တာ, ကရုဏာ, မုဒိတာ,ဥပေက္ခာ၊ ပြီးတော့ SAÑÑĀ(1) ဆိုတာက သညာ၊ အစားအစာမှာ တွယ်တာမှုမရှိအောင် ဆင်ခြင်ပြီးစားရတာ၊ အဖား

အသောက်ရဲ့ ရွံစရာကောင်းပုံကို ဆင်ခြင်တဲ့ ကမ္မဋ္ဌာန်း၊

VAVATTHĀNA ဆိုတာက ဓာတ်လေးပါးခွဲခြားတာ၊ ပထဝီ၊ တေဇော၊ အာပေါ, ဝါယောဆိုတဲ့ ဓာတ်ကြီး လေးပါး အစုအဝေးမျှသာရှိတယ်၊ ဒီဓာတ်ကြီး ၄-ပါး အစုအဝေးရဲ့ သဘောသဘာဝကို မြင်အောင်ရှုတာ။

နောက်ဆုံးတစ်ခု ĀRUPPA-4 ဆိုတာက အရူပဈာန် ၄-မျိုးကိုပြောတာ၊ အဲသလို ကမ္မဋ္ဌာန်း ၄၀-ရှိတယ်။

အဲဒီကမ္မဋ္ဌာန်း ၄၀-ထဲမှာ ကမ္မဋ္ဌာန်းတိုင်း, ကမ္မဋ္ဌာန်းတိုင်းက ဈာန်ကို ရစေနိုင်တာမဟုတ်ဘူး၊ တချို့ကမ္မဋ္ဌာန်းက ဈာန်ကိုရစေနိုင်တယ်၊ တချို့ ကမ္မဋ္ဌာန်းက ဈာန်ကို မရစေနိုင်ဘူး၊ အဲဒါက နောက်ဆုံး ကော်လံမှာ ကြည့်လိုက် Jhāna 5 လို့ တွေ့လိမ့်မယ်၊ အဲဒီအောက်တည့်တည့်ကို ဖတ်ကြည့်လိုက်ရင် Pathavi Kasinaတဲ့၊ ပထဝီကသိုဏ်း မြေကြီးရှုတဲ့ကသိုဏ်း၊ ပထဝီကသိုဏ်းကို အားထုတ်ရင် 1st to 5th Jhāna၊ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်အထိရမယ်၊ ထို့အတူပဲ သူ့အောက်မှာပါတဲ့အတိုင်းပဲ။

အသုဘကမ္မဋ္ဌာန်း ၁၀-ပါးကျတော့ ပထမဈာန်သာ ရစေတယ် ဒုတိယ, တတိယဈာန် မရနိုင်ဘူး၊ ဘာကြောင့်တုန်း, အာရုံကြမ်းလို့၊ လူသေကောင် အပုပ်အပွရှုရတာ၊ အာရုံကြမ်းတော့ဝိတက်မပါလို့ မရဘူး၊ ဝိတက်ဆိုတာ နောက်တော့ သိလိမ့်မယ်၊ ဒါဟာ ပထမဈာန်ပဲရနိုင်တယ်။

ဗုဒ္ဓါနုဿတိကျတော့ ဈာန်ကိုလုံးဝမရဘူး၊ ပုတီးစိပ်တာလို အရဟံ သမ္မာ သမ္ဗုဒ္ဓေါ လုပ်တာဟာ ဈာန်ထိအောင်မရနိုင်ဘူး၊ ဈာန်ထိအောင်မပို့ဘူး၊ ဘာကြောင့် တုန်း၊ ဒါဟာ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို အာရုံပြုရတာ၊ ဂုဏ်တော်တွေက နက်နဲတယ်၊ နက်နဲတော့ မထောက်မိနိုင်ဘူး, မဆုပ်ကိုင်နိုင်ဘူး ဖြစ်နေတယ်၊ အဲဒါကြောင့် ဈာန်ထိအောင် သမာဓိက မတက်နိုင်ဘူး။

ဒါကြောင့်မို့ ဗုဒ္ဓါနုဿတိ ဈာန်မရဘူး၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမ္မာ နုဿတိ။

ဥပသမ္မာနုဿတိ ဆိုတာက နိဗ္ဗာန်ကို အဖန်ဖန် အောက်မေ့တာ၊ နိဗ္ဗာန်ကို တိုက်ရိုက်အာရုံပြုတာ မဟုတ်သေးဘူး၊ နိဗ္ဗာန်ကို ကောင်းတယ်ဆိုပြီးတော့နိဗ္ဗာန်ရဲ့ ငြိမ်းချမ်းမှုကို အာရုံပြုပြီးနေတာမျိုး၊ အဲဒါမျိုးလည်း ဈာန်မရနိုင်ဘူး။

ပြီးတော့ မရဏာဿတိလို့ခေါ်တယ်၊ သေခြင်းကို နှလုံးသွင်းတာ, ဒါလည်း ဈာန်မရနိုင်ဘူး။

ကာယကတာသတိဆိုတာက ကေသာ, လောမာစတဲ့ ကိုယ်ခန္ဓာမှာရှိတဲ့ အစုတွေ၊ အဲဒီကာယာကတာ သတိကို အားထုတ်ရင် ပထမဈာန် ရနိုင်တယ်။

အာနာပါနသတိခေါ်တဲ့ ဝင်သက်ထွက်သက် ရှုမှတ်တာကျတော့ ပထမဈာန်မှ ပဉ္စမဈာန်ထိ ဈာန်အားလုံးကို ရတယ်ဆိုပါတော့၊

နောက်အပ္ပမာညာ APPAMAÑÑĀ ၄-ပါးမှာ ကြည့်လိုက်၊ မေတ္တာကိုအား ထုတ်ရင် စတုတ္ထဈာန်ထိအောင်ရတယ်၊ ကရုဏာ, မုဒိတာလည်း ဒီအတိုင်းပဲ စတုတ္ထဈာန်အထိ ရတယ်၊ ဥပေက္ခာကျတော့ ပဉ္စမဈာန် တစ်ခုထဲရတယ်။

မေတ္တာဆိုတာ မေတ္တာပို့တာ၊ သတ္တဝါတွေ ချမ်းသာပါစေလို့ မေတ္တာပို့တာ။

သညာတစ် အဟာရေ ပဋိကူလသညာဆိုတာ အစားအသောက်မှာ ရွံရှာဖွယ်လို့ မြင်အောင်ကြည့်တဲ့ ကမ္မဋ္ဌာန်းက ဈာန်မရနိုင်ဘူး၊ စတုဓာတုဝဝတ္ထာန ဒါကဓာတ် ၄-ပါးခွဲတာ, ဈာန်မရနိုင်ဘူး၊ အရူပ ၄-ပါးကတော့ သူ့အလိုက် ပထမအရူပဈာန်၊ ဒုတိယအရူပဈာန် စသည် ရသွားမယ်။

အဲဒီလို ဖြစ်တော့ ဈာန်ရချင်ပြီဆိုပါတော့၊ ကိုယ်က ပထမဈာန်ကနေပြီး ပဉ္စမဈာန်အထိ ဈာန်အကုန်လုံးရချင်တဲ့ သူတစ်ယောက်ဆိုရင် ဘယ်လို ကမ္မဋ္ဌာန်းမျိုး ရွေးမလဲ၊ ကသိုဏ်း ၁၀-ပါး ရွေးနိုင်တယ်၊ အာနာပါနသတိ ရွေးနိုင်တယ်၊ ပြီးတော့ ဥပေက္ခာ ဆိုပါတော့။

ဥပေက္ခာကျတော့ မေတ္တာကရုဏာမပါပဲ ဥပေက္ခာကမရဘူး၊ မေတ္တာနဲ့ အခြေခံရမယ်၊ မေတ္တာနဲ့ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်အထိ ဖြစ်ပြီးမှ ဥပေက္ခာသွားရမယ်၊ ဒါကြောင့် ဒီ ၄-မျိုးစလုံးလို့ ဆိုရင်လည်းရပါတယ်။

အဲဒီတော့ဈာန်ရချင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်က ပထဝီကသိုဏ်း အားထုတ်တယ် ပြောကြပါစို့၊ ပထဝီကသိုဏ်း အားထုတ်တဲ့အခါ မြေကြီးကို ဒီအတိုင်းကြည့်ပြီး အားထုတ်ရင်လည်းရတယ်၊ သို့မဟုတ်ရင် ကသိုဏ်းဝန်းကလေး လုပ်ရတယ်၊ ပိတ် ကားလေး ဘောင်မှာကျက်ပြီးတော့ မြေညက်(ရွံ့)ကလည်း အရုဏ်အရောင်လို့ ခေါ်တဲ့ မြေနီသုတ်ပြီးတော့ ကျကျနန ပွတ်တိုက်အချောက်ခံထား၊ အဲဒါလေးကို ရှေ့မှာ ထားပြီးတော့ ဆိတ်ငြိမ်ရာသွားရမှာနော်၊ ဆူညံတဲ့နေရာမှာမရဘူး၊ ဒီဟာ အစီအစဉ် တွေမို့လို့သာ ဝိသုဒ္ဓိမဂ်မှာ အရှည်ကြီးရှိတယ်၊ ဒါတွေ အကုန်မပြောနိုင်ဘူး။

အဲဒါလေးရှေ့မှာထားပြီး ပထဝီ, ပထဝီ, ပထဝီ, အဲဒါပဲ အထပ်ထပ် ပါးစပ်က ရွတ်နေရမယ်၊ ကသိုဏ်းဝန်းကိုပဲ ကြည့်နေရမယ်၊ ကသိုဏ်းဝန်းထဲမှာပဲ စိတ်ကိုထားရမယ်၊ စိတ်အပြင် မထွက်စေရဘူး။

အဲဒီအတိုင်းပဲ ပထဝီ, ပထဝီ, ပထဝီနဲ့ အကြိမ်ပေါင်း ထောင်သောင်း သိန်းသန်း လုပ်ရတာပဲ၊ အဲဒီလို လုပ်လိုက်တော့ နောင်အချိန်ကျတော့ စိတ်က ငြိမ်လာတယ်၊ နောက်ကျူမှုတွေ ငြိမ်သွားတဲ့ အခါကျတော့ (ဘာဖြစ်လာသလဲ ဆိုတော့) မျက်လုံးမှိတ်လိုက်ပေမယ့် မြင်နေတော့တယ်၊ အဲသလို မျက်လုံးမှိတ် လိုက်ပေမယ့် မြင်နေတဲ့ အာရုံကို ဥဂ္ဂဟနိမိတ်လို့ ခေါ်တယ်။

အဲသလို မြင်နေတဲ့အခါကျရင် ခုနက သိုဏ်းဝန်းကို မသုံးတော့ဘူး၊ သူက တခြားသွားချင်တဲ့နေရာ သွားထိုင်လို့ရသွားပြီ၊ ထိုင်၊ မျက်လုံးမှိတ်၊ ပထဝီမြင်အောင် ကြည့်, ပထဝီလို့ပွားများ၊ အဲဒါ အခန့်မသင့်ရင် ပျောက်သွားတာပဲ၊ ပျောက်သွား ရင်လည်း ဟိုနေရာပြန်သွား၊ ကသိုဏ်းဝန်း ကြည့်လုပ်ပေါ့လေ။

အဲသလိုနဲ့ တော်တော်လေး နိုင်လာပြီဆိုတော့ နောက်နိမိတ်တစ်ခု [ဒီနိမိတ် က တိုးတက်သွားတာ၊ နောက်နိမိတ်က အသစ်တော့ မဟုတ်ဘူး] ဘယ်လိုလဲ ဆိုတော့၊ ပထမဥဂ္ဂဟနိမိတ် အခိုက်အတန့်တုန်းက ပထဝီကသိုဏ်းကို ကြည့်တဲ့ အခါ အဲဒီကသိုဏ်း အရှိအတိုင်းမြင်တာ။

ကသိုဏ်း အရှိအတိုင်းဆိုတာက လက်နဲ့လုပ်ရတာဆိုတော့ လက်ရာလေးတွေ ဘာလေးတွေ ထင်နေတယ်၊ ကသိုဏ်းအပြစ်လို့ခေါ်တဲ့ ချို့ယွင်းချက်လေးတွေပါ မြင်နေတယ်၊ နောက်တစ်ဆင့်ရောက်တော့ ပဋိဘာဂနိမိတ်ခေါ်တယ်၊ ပဋိဘာဂ နိမိတ်အဖြစ် ထင်လာတဲ့ အခါကျတော့ ကသိုဏ်းအပြစ် ဒေါသတွေ အကုန်လုံး ပျောက်သွားတယ်၊ ကသိုဏ်းဝန်းဟာ တကယ့်ကိုချောမွေ့သန့်ရှင်းပြီးတော့ အကြိမ် ကြိမ်ပွတ်ထားတဲ့ ကြေးမုံလို့, လပြည့်ညမှာ တိမ်ကြားက ထွက်လာတဲ့ လမင်းလို အဲဒီလို သန့်သန့်ရှင်းရှင်းလေး မြင်လာတယ်၊ အဲသလို အခါမှာ ပဋိဘာဂနိမိတ် ရတယ်လို့ ခေါ်တယ်။

ဆက်ပြီးတော့ ထပ်ကြည့်ပြီး အားထုတ်ဦး၊ အဲဒီအခါကျတော့မှ ဈာန်ဆိုတာ ရောက်လာတယ်၊ စိတ်တွေ တကယ်ငြိမ်သွားပြီးတော့ အနောက်အကျူဖြစ်တဲ့ ကာမစ္ဆန္ဒတို့၊ နီဝရဏတို့ ဗျာပါဒတို့ ငြိမ်သွားပြီးတော့ ဈာန်စိတ်ဝင်လာတယ်၊ ဒီနေ့လေ့လာမှာ အဲဒီဈာန်စိတ်။

နောက်တစ်ခါ ဆက်လေ့လာရင် ဒုတိယဈာန်ရပြန်ရော၊ နောက်ထပ် လေ့လာရင် တတိယဈာန်၊ အဲသလို ပဉ္စမဈာန် အထိသွားတယ်။

ရူပါဝစရဈာန်စိတ် (၁၅)ပါးရှိတယ်၊ အဲဒီမှာကုသိုလ်က (၅)ပါး၊ ဝိပါက်က (၅) ပါး၊ ကြိယာက ၅-ပါး။

ကုသိုလ်ဆိုတာ အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာရှိတဲ့ တရားပေါ့၊ ဝိပါက်ဆိုတာက အကျိုး၊ ကြိယာဆိုတာက ပြုခါမတ္တဖြစ်တဲ့တရား။

အဲဒီ ပထမဈာန်စိတ်ဖြစ်တော့ ပထမဈာန်စိတ်က ဘယ်လိုသဘောရှိသလဲ၊ ဖတ်စမ်းပါ၊ နံပတ် (၁)ကို ဖတ်, ဝိတက်, ဝိစာရ, ပီတိ, သုခ ဧကဂ္ဂတာနှင့် တကွဖြစ်သော ဈာန်စိတ်၊ ပထမဆုံးရတဲ့စိတ်ဖြစ်လို့ ပထမလို့ခေါ်တာပေါ့၊ ကျင့်စဉ်နဲ့ ကျင့်သွားရင် စ,စချင်း ဒုတိယဈာန် မရဘူး, တတိယဈာန် မရဘူး၊ ကျောင်းတက်သလို ပထမကစရတယ်၊ ပထမရတာမို့ ပထမဈာန်စိတ်, ဒုတိယရတာမို့ ဒုတိယဈာန်စိတ် ခေါ်တယ်၊ မြတ်စွာဘုရားဟောတဲ့ အစဉ်ဆိုရင် ဒီလိုပဲဟောတာများလို့ ဟောစဉ်ဆိုရင်လည်းဟုတ်ပါတယ်။

ပထမဈာန်စိတ်မှာ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဆိုတဲ့ တရားတွေနှင့်တကွ ဖြစ်တယ်ဆိုတော့ အဲဒီ ပထမဈာန်စိတ်ဟာ ဒီတရားတွေနှင့် ယှဉ်တယ်ဆိုတာနဲ့ အတူတူပဲ၊ ယှဉ်တယ်ဆိုတာက တစ်ပြိုင်နက် အတူတူဖြစ်တယ်လို့ ဆိုလိုတာ။

အဲဒီဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာမှာ သုခဆိုတာ ချမ်းသာ, အမှန်တော့ သုခဟာ ဝေဒနာ, ချမ်းသာခံစားမှု ဝေဒနာ, ဟိုတစ်ခါတုန်းက ပြောခဲ့ဟဲ့ သောမနဿဝေဒနာရှိတယ် မဟုတ်လား, အဲဒါပဲ။

အဲဒါကြောင့်မို့ စေတသိက်အနေနှင့် ပြောရမယ်ဆိုရင် ဒီမှာရှိတဲ့သုခဟာ ဝေဒနာ စေတသိက်၊ စေတသိက်ကို ဒုတိယပိုင်းကျတော့ တွေ့လိမ့်မယ်။

အဲဒီ ပထမဈာန်စိတ်ဟာ ဒီငါးမျိုးနှင့်တကွဖြစ်တယ်တဲ့၊ ဒီငါးမျိုးနဲ့တင် မကဘူးနော်၊ ပထမဈာန်စိတ်က စေတသိက်အများကြီးနဲ့ ဖြစ်တာ၊ သို့သော် ဒီငါးမျိုးကိုပဲ ဈာန်အင်္ဂါလို့ ခေါ်ရတယ်၊ အဲဒီတော့ ပထမဝေါဟာရ နားလည်ဖို့က ဈာန်, ဈာန်အင်္ဂါ, ဈာန်စိတ်။

ဝိတက်, ဝိစာရ, ပီတိ, သုခ(ဝေဒနာ) ဧကဂ္ဂတာ၊ ဥပေက္ခာ(ဝေဒနာ) အသီးအသီး ဈာန်အင်္ဂါ (ဈာန်အစိတ်အပိုင်း)ဟု ခေါ်သည်၊ ဝိတက်ကို ဈာန်အင်္ဂါလို့ ခေါ်တယ်၊ အင်္ဂါဆိုတာ (parts) ပဲ၊ constituent parts), ဝိစာရကို ဈာန်အင်္ဂါ, ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဥပေက္ခာ၊ တစ်ခု တစ်ခုစီကို ဈာန်အင်္ဂါ၊ အဲဒီ ငါးပါး အပေါင်းကို ဈာန်လို့ခေါ်တယ်၊ အဲဒါ ပထမဈာန် အလိုဆိုတာပေါ့။

ဒုတိယဈာန်ဆိုရင် ၄–ပါးဖြစ်မယ်၊ တတိယဈာန်ဆိုရင် ၃–ပါးဖြစ်မယ်၊ စတုတ္ထဈာန်ဆိုရင် ၂–ပါးဖြစ်မယ်၊ ပဥ္စမဈာန်ဆိုရင် ၂–ပါးဖြစ်မယ်၊ အဲဒီ အင်္ဂါ

ပေါင်းလိုက်တာကို ဈာန်လို့ခေါ်တယ်။

ဦးဇင်းပြောနေကျ မော်တော်ကားလိုပဲ၊ တစ်ခု, တစ်ခု ကျတော့ အစိတ်အပိုင်းလေးတွေ မဟုတ်လား၊ အစိတ်အပိုင်းတွေ ပေါင်းလိုက်တော့ ကားဖြစ်သွားတယ်၊ ကားဟာဈာန်ပဲ၊ ဝိတက်, ဝိစာရ အစရှိသည်တို့ဟာ ဘီး စတီရာရင်တို့လို ဖြစ်သွားတယ်။

အဲဒီဈာန်လို့ခေါ်တဲ့ ၅-ပါးအပေါင်းနဲ့ အတူတကွဖြစ်တဲ့ ယှဉ်တဲ့စိတ်ကို ဈာန်စိတ်လို့ခေါ်တယ်၊ အဲဒီတော့ ဈာန်, ဈာန်အင်္ဂါ, ဈာန်စိတ်, ဒီ ၃-မျိုး ခွဲထားရမယ်။

ဈာန်အင်္ဂါဆိုတာဘာလဲ၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာရယ်၊ ဥပေက္ခာရယ် အဲဒါ တစ်ခု တစ်ခုစီကို ဈာန်အင်္ဂါလို့ ခေါ်တယ်၊ သူတို့အပေါင်း ၅-ပါးအပေါင်း, ၄-ပါးအပေါင်း, ၃ပါး,အပေါင်း ၂-ပါး,အပေါင်း၊ ၂-ပါးအပေါင်းကို ဈာန်လို့ခေါ်တယ်။

အဲဒီ ၅-ပါး အပေါင်း စသည်နှင့် အတူတကွဖြစ်တဲ့စိတ်ကို ဈာန်စိတ်လို့ ခေါ်တယ်၊ အဲဒီပထမဈာန်စိတ်က ၅-ပါးနဲ့ အတူတကွဖြစ်တဲ့ အတွက်ကြောင့် သူ့ကို ပထမဈာန်စိတ်လို့ ခေါ်တယ်။

ကောင်းပြီ ဈာန်ဆိုတာဘာလဲ၊ ဈာန်ဆိုတာ အာရုံကို စူးစူးစိုက်စိုက် ရှုတာ ဈာန်လို့ ခေါ်တယ်၊ ပြီးတော့ နီဝရဏလို့ခေါ်တဲ့ အနှောင့်အယှက်တရားတွေကို လောင်ကျွမ်းပစ်နိုင်တဲ့ သဘောတရားမျိုးလိုလည်း ဈာန်လို့ ခေါ်တယ်။

ဈာန်ရဲ့ သဘောအဓိပ္ပါယ်က ၂-မျိုးရှိတယ်၊ ရှုတယ်ဆိုတဲ့ အဓိပ္ပါယ်လည်း ရှိတယ်၊ လောင်ကျွမ်းတယ်ဆိုတဲ့ အဓိပ္ပါယ်လည်းရှိတယ်။

ရှုတယ်ဆိုတဲ့ အဓိပ္ပါယ်ယူတဲ့အခါကျတော့ ဒီအာရုံကိုစူးစူးစိုက်စိုက် ရှုတာ၊ ဒီအာရုံပေါ်မှာပဲ စိတ်ထားတယ်၊ ခုနပြောတဲ့ ပထဝီကသိုဏ်း အပေါ်မှာပဲစိတ်ထားတယ်၊ ငြိမ်နေအောင် စိတ်ထားတယ်။

ရှို့ပစ်တယ်, လောင်ပစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ကျတော့ ကာမစ္ဆန္ဒတို့ ဗျာပါဒတို့ဆိုတဲ့ အနှောင့်အယှက် တရားလေးတွေ ရှိတယ်၊ အဲဒီအနှောင့် အယှက်တရားတွေကို ပယ်ပစ်တာ၊ ဈာန်စိတ်ဖြစ်နေတဲ့အခါမှာ အဲဒီအနှောင့်အယှက်တရားတွေ မရှိဘူး၊ အဲဒါကိုပဲ ရှို့ပစ်တယ်, လောင်ပစ်တယ်လို့ သုံးတယ်။

ဒါကြောင့် ဈာန်ဆိုတဲ့ စကားလုံးဟာ ရှုတယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ရှို့တယ်လောင်တယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ရှုတယ်ဆိုရင်အာရုံကို မြဲမြဲမြံမြံ

ကြီးရှုတာ, လောင်တယ်ဆိုတာကတော့ ဆန့်ကျင်ဘက်တရားတွေကို လောင်ကျွမ်းပစ်လိုက်တာ၊ အဲဒီသဘော။

ပထဝီကသိုဏ်း အာရုံကို စူးစူးစိုက်စိုက်ရှုတော့ တဖြည်းဖြည်း စိတ်သွားတာတွေ ဟိုရောက်ဒီရောက်တာတွေ ငြိမ်သွားတာ, ဒါဟာပယ်သွားတာ, လောင်ပစ်လိုက်တာ။

အဲဒီတော့ ဈာန်စိတ်ဖြစ်တဲ့ အခါကျတော့ အဲဒီဈာန်စိတ်ဟာ ဒီ ၅–ပါးနှင့် တကွဖြစ်တယ်၊ ဒီ ၅–ပါးကိုသာ ဈာန်အင်္ဂါလို့ခေါ်တယ်၊ တခြားစေတသိက်တွေလည်း ရှိသေးတယ်၊ တခြားစေတသိက်တွေကိုတော့ ဈာန်အင်္ဂါလို့ မခေါ်ဘူး၊ ဘာကြောင့်လဲ ဆိုတော့ ဒီ ၅–ပါးမှာသာ အဲဒီလို အာရုံကို စူးစူးစိုက်စိုက် ရှုတတ်တဲ့ သတ္တိ, နီဝရဏတွေကို လောင်ကျွမ်းတတ်တဲ့ သတ္တိ ရှိတယ်၊ ဒါကြောင့်မို့ ဒီ၅–ပါးကိုသာ ဈာန်အင်္ဂါလို့ ခေါ်ရတယ်၊ တခြားစေတသိက်တွေကို ဈာန်အင်္ဂါလို့ မခေါ်ဘူး။

ကောင်းပြီ, ဝိတက်ဆိုတာဘာလဲ၊ တကွဖြစ်ဘက် တရားတို့ကို အာရုံသို့ တင်ပေးခြင်း သဘောတဲ့၊ ဝိတက်ဟာ ရိုးရိုးတော့ ကြံစည်ခြင်းလို့ အဓိပ္ပါယ်ရှိတယ်၊ ကြံတယ်ဆိုတာ စိတ်ကို အာရုံဆီသို့ ခေါ်သွားတတ်တယ်၊ ရောက်အောင်ပို့ပေးတတ်တဲ့ သဘောတရားကို ဆိုလိုတာ။

တစ်စုံတစ်ခု ကြံနေရင် စိတ်ဟာ အာရုံတစ်ခုကနေ အာရုံတစ်ခုရောက် ရောက်နေတတ်တယ်၊ အဲဒါကို ကြံတယ်လို့ ခေါ်တာ၊ အဲဒီအခါမှာ ဝိတက်ဆိုတဲ့ စေတသိက် သဘောတရားလေးက စိတ်ကို အာရုံဆီကို ပို့ပေးတတ်တယ်၊ အဲဒီ သဘောတရားပဲ။

ဝိတက်ကို ဘာနဲ့ နှိုင်းသလဲဆိုတော့၊ တောကမြို့တော် မရောက်ဖူးတဲ့လူကို မြို့တော်ရောက်လာတဲ့အခါ မြို့တော်နေလူက ဘုရင်ဆီကို ခေါ်သွားတဲ့ ဥပမာပေးမယ်၊ ခေါ်သွားတဲ့သူက ဝိတက်ပေါ့, အခေါ်ခံရတဲ့ တောသားက စိတ်ပေါ့, စိတ်ကို အာရုံဆီသို့ ဝိတက်က ပို့ပို့ပေးတယ်၊ ဒါကြောင့်မို့ သူ့ကို ဝိတက်, အဓိပ္ပာယ်ကတော့ ဖြစ်ဘက်တရားတို့ကို အာရုံသို့ တင်ပေးခြင်း သဘောတရား၊ ရိုးရိုးလေး ဆိုရင်တော့ ကြံခြင်းလို့ပဲ မှတ်ထားရင် ရပြီ။

အဲဒီတော့ တချို့စိတ်တွေမှာ ဝိတက် မပါဘူး၊ ဝိတက်မပါပဲနဲ့ အာရုံတက်နိုင်တဲ့ စိတ်တွေလည်း ရှိသေးတယ်၊ မြင်တဲ့စိတ် ကြားတဲ့စိတ် ဝိတက်မလိုဘူး၊ ဘာကြောင့်လဲ ဆို အာရုံနဲ့ ထိခိုက်မှုက ပြင်းထန်လို့, အားကြီးလို့, တချို့က ဝိတက် တင်ပေးဖို့ မလိုဘူး, ဝိတက် မယှဉ်ဘူး၊ ဒုတိယဈာန် စသည်လည်း ဝိတက်မယှဉ်ဘူး, ဒါက

ဘာဝနာရဲ့ အစွမ်းကြောင့် သူမရောက်ခင်က ဝိတက်က တစ်ခါထဲ သိပ်ပြီးတော့ အာရုံနဲ့စိတ်ကို တင်ပေးထားပြီးသားဖြစ်တော့ ဈာန်စိတ်ဖြစ်တဲ့အခါကျတော့ ဝိတက် မပါပေမယ်လို့ အရှိန်ရသွားတာပေါ့၊ အာရုံနဲ့စိတ်နဲ့ဟာ တွဲသွားတာပေါ့။

ဒါကြောင့်မို့ ဝိတက်မပါပေမယ်လို့ သူတို့ကျတော့ အာရုံကို တက်သွားလို့ ရတယ်၊ ကောင်းပြီ, အဲဒါက ဝိတက်တဲ့။

ဝိစာရဆိုတာက ဘာလဲ၊ အာရုံကို သုံးသပ်ခြင်း, ထပ်၍ထပ်၍ ယူခြင်း သဘော၊ အဲဒီအာရုံအပေါ်မှာ ထပ်ပြီး တရစ်ဝဲဝဲလုပ်နေတာမျိုးကို ဝိစာရလို့ ခေါ်တယ်၊ ကျမ်းဂန်သုံးကျတော့ သုံးသပ်တယ်လို့ သုံးတယ်။

သုံးသပ်တယ်ဆိုတာ ဝိတက်က တင်ပေးပြီးတော့ ဝိစာရက အဲဒီအပေါ်က နေပြီး ကြံတာ၊ အဲဒါကို ဝိစာရလို့သုံးတယ်၊ အခုလူတွေပြောလေ့ရှိတယ်၊ အိပ် မပျော်တဲ့အခါ ဝိတက်ဝိစာရတွေ များလိုက်တာ, အကြံများတဲ့လူဆိုရင် ဝိတက် ဝိစာရတွေများလိုက်တာ စသဖြင့် ဒီလိုပြောလေ့ရှိတယ်၊ ဝိတက်က အာရုံပေါ်ပို့ပေး လိုက်တယ်၊ ဝိစာရက အာရုံပေါ်နေပြီးတော့ ကြံတယ်၊ အဲသလို သူတို့နှစ်ခုက ဆက်နွယ်တယ်၊ သို့သော် တစ်ပြိုင်နက်သောခဏမှာတော့ သူတို့က ဖြစ်တာပဲ။

တစ်ခါတလေ အာရုံပေါ် တင်ပေးတဲ့ သဘောက ထင်ရှားမယ်၊ တစ်ခါတလေ ကြံတဲ့ သဘောက ပိုပြီးထင်ရှားမယ်၊ အဲသလို သဘောရှိတယ်။

အဲဒီတော့ အတူတူဖြစ်တဲ့ ဝိတက်နဲ့ဝိစာရကို အထူးဘယ်လို ဥပမာလေးနဲ့ ပြောမလဲ၊ အဲဒီဥပမာလေးက သိပ်သဘောကျစရာကောင်းတယ်၊ အဲဒီဥပမာလေးနဲ့ ဟပ်ပြောလိုက်ရင် ပိုပြီးတော့ မှတ်မိတယ်။

ခေါင်းလောင်းကို ထိုးလိုက်တယ်တဲ့၊ ပထမဆုံး ဒေါင်ကနဲမြည်တာက ဝိတက်သဘော၊ သူက နည်းနည်းကြမ်းတယ်၊ အာရုံကို သွားတိုက်တာ၊ အာရုံကို သွားထိတာ, အာရုံသို့ ပို့လိုက်တာ။

ပြီးတော့ ဆက်ပြီးမြည်နေတဲ့ ညည်းသံလိုဟာကဝိစာရ၊ အဲဒီတော့ ဒေါင်ကနဲ မြည်တာက ဝိတက်နဲ့တူတယ်၊ ဆက်ပြီး ညည်းနေတဲ့အသံက ဝိစာရနဲ့ တူတယ်၊ ဒါက ဥပမာတစ်ခုနော်။

နောက်ဥပမာတစ်ခုက ငှက်ကြီးတွေ ကောင်းကင်ပေါ်ပျံဖို့လုပ်တဲ့အခါကျတော့ မပျံနိုင်သေးခင် ပထမအတောင်ပံကို ခတ်ပြီး နည်းနည်းသွားရသေးတယ်၊ ပြီးတော့မှ ကောင်းကင်တက်သွားပြီးဝဲနေတယ်၊ အတောင်ပံခတ်တာက ဝိတက်သဘော၊ သူက လှုပ်လှုပ်ရှားရှား ကြမ်းကြမ်းတမ်းတမ်းရှိတာကိုး၊ ကောင်းကင် ပေါ်ရောက်ပြီး

လေဟုနိစ်ပြီးဝဲနေတာက ဝိစာရသဘောမျိုးနဲ့တူတယ်။

နောက်ဥပမာတစ်ခုကတော့ ပျားပိတုန်းဟာ ပဒုမ္မာကြာဆီသို့ ထိုးဆင်းသွားတယ်၊ အဲဒါက ဝိတက်သဘော၊ ပြီးတော့မှ ကြာပွင့်ပေါ် တဒီဒီနဲ့ ဝဲနေတာ, အဲဒါက ဝိစာရသဘော။

အဲသလိုဝိတက်နဲ့ ဝိစာရတို့ရဲ့ ထူးခြားမှုလေးတွေကို မှတ်ရမယ်၊ သို့သော် ဝိတက်ပြီးမှ ဝိစာရဖြစ်တာမဟုတ်ဘူး၊ ဝိတက်နဲ့ဝိစာရက တစ်ပြိုင်နက်ဖြစ်တာ၊ သို့သော် တစ်ခါတစ်ခါ ဝိတက်သဘော ပိုထင်ရှားတယ်၊ တစ်ခါတစ်ခါ ဝိစာရသဘော ပိုထင်ရှားတယ်။

နောက်တစ်ခုက ပီတိတဲ့၊ ပီတိဆိုတာ နှစ်သက်ခြင်းသဘော။

သုခဆိုတာ ကောင်းသောအာရုံကို ခံစားခြင်းသဘော,ပီတိနဲ့ သုခ ဒီနှစ်ခု အထူးကို မှတ်ရမယ်၊ ပီတိကလည်း နှစ်သက်တာပဲ၊ သုခကလည်း ချမ်းသာတယ်ဆိုတာ နှစ်သက်နေ သဘောကျတာပဲ။

ပီတိက နှစ်သက်ခြင်းသဘော၊ သုခက ကောင်းသောအာရုံကို ခံစားခြင်းသဘော၊ အာရုံကောင်းတွေ့တဲ့အခါ ခံစားတာကို သုခလို့ သုံးတယ်၊ ချမ်းသာလို့လည်း သုံးတယ်၊ ပီတိကတော့ နှစ်သက်နေ သဘောကျနေတာ။

အဲဒီတော့ ပီတိနဲ့သုခက ဘယ်လိုထူးသလဲ၊ ဥပမာလာဦးမှာပဲ၊ ကန္တာရထဲမှာ ခရီးသွားနေတဲ့သူဟာ နေကလည်းပူ၊ မောပန်းချွေးတွေယိုစီး ရေငတ်နေတဲ့အခါ လူတစ်ယောက်ကို တွေ့တယ်၊ တွေ့တော့မေးတယ်၊ ရေကလေးများ ဘယ်နားရှိပါသလဲ, အိုအေစစ် ဘယ်နားမှာ ရှိသလဲ မေးတယ်၊ အဲဒီအခါ အမေးခံရတဲ့သူက ရှေ့နား တစ်မိုင်နှစ်မိုင်လောက်ကျရင် ရေကန်ရှိလေရဲ့ပေါ့။

အဲသလို ရှေ့ တစ်မိုင်နှစ်မိုင်လောက်မှာ ရေကန်ရှိလေရဲ့လို့ကြားတဲ့အချိန်က စပြီး သူ့မှာပီတိဖြစ်သွားတာ၊ ဝမ်းသာနေပြီ၊ နီးပြီ, နီးပြီဆိုပြီး ဆက်သွားရေကန်ကြီး လှမ်းမြင်လိုက်တယ်၊ အဲဒီကြားသည်ကစပြီးတော့ ရေကန်ရောက်သည် တိုင်အောင် ကာလအတွင်းမှာ သဘောကျနေတာ, နှစ်သက်နေတာ, ဝမ်းသာနေတာဟာ ပီတိ သဘော။

ရေကန်ရောက်ပြီးတဲ့နောက်, ရေသောက်မယ်, ရေချိုးမယ်, ကြာစွယ်တွေစားပြီး သစ်ပင်ရိပ်အောက်မှာ အိပ်ပြီးတော့ ကောင်းလေစွ, ကောင်းလေစွနဲ့ အဲသလို အရသာခံစားနေတာ၊ အဲဒါက သုခ။

အဲဒီတော့ ပီတိနဲ့သုခက ကွဲပြားတယ်၊ သုခကခံစားခြင်းသဘောရှိတယ်၊

ပီတိက ခံစားခြင်းသဘောမဟုတ်ဘူး၊ အဲဒါကိုမှတ်ထားရမယ်၊ ပီတိက သင်္ခါရက္ခန္ဓာထဲမှာပါတယ်၊ သုခက ဝေဒနက္ခန္ဓာမှာပါတယ်၊ တခြားစီပဲ၊ ဒါကြောင့်မို့ အဘိဓမ္မာသိပ်သိမ်မွေ့တယ်ပြောတာ အဲဒါပြောတာ၊ အတူတူဖြစ်နေတာပဲ၊ ပီတိက ခန္ဓာတစ်မျိုး, သုခက ခန္ဓာတစ်မျိုး၊ သာမညပြောလိုက်ရင် ပီတိနဲ့ သုခကွဲပြားတာ သိပ်မသိသာဘူး။

မေး– ပီတိနဲ့ သောမနဿဆိုတာ အတူတူပါလား။

ဖြေ– သောမနဿက စိတ်ရဲ့ ဝေဒနာပဲ၊ ခုနပြောတဲ့ သုခနဲ့တူတယ်၊ ခံစားမှုဝေဒနာ။

အဲဒီတော့ သုခနဲ့ ပီတိနဲ့ သို့မဟုတ် သောမနဿအတူတူဖြစ်တယ်၊ တစ်ခါတစ်ခါ သုခသာပါတယ်, ပီတိမဖြစ်ဘူး၊ အဲသလိုရှိတယ်၊ အဲဒီတော့ သုခက အရာကျယ်တယ်၊ ပီတိအရာကျဉ်းတယ်။

အဲဒီတော့ ပီတိဖြစ်တဲ့စိတ်တိုင်းသုခပါတယ်၊ သုခဖြစ်တိုင်း ပီတိ ပါချင်မှပါမယ်၊ တော်ကြာ စတုတ္ထဈာန်ရောက်တော့ ထင်ရှားလိမ့်မယ်၊ ပီတိပါရင် သုခက ပါတော့တာပဲ၊ သောမနဿကပါတော့တာပဲ၊ သုခနဲ့ သောမနဿက ဒီနေရာမှာ အတူတူပဲ။

ပီတိပါရင် သောမနဿ ပါတော့တာပဲ, သောမနဿပါတိုင်း ပီတိပါချင်မှပါမယ်, မပါချင်လည်းမပါဘူး၊ ပါချင်လည်းပါမယ်၊ အဲသလို ကွာခြားမှုတွေရှိတယ်။

ဒီပီတိကို အင်္ဂလိပ်လိုပြန်တဲ့အခါ အတော်ဒုက္ခရောက်တယ်၊ ဘာကြောင့်လဲဆို ကျမ်းဆရာတစ်ယောက်ကို တစ်မျိုးပြန်နေကြတာ၊ ပီတိကို (joy) လို့ ပြန်တာရှိတယ်၊ တချို့က happiness လို့ ပြန်တယ်၊ တချို့က(zest)လို့ ပြန်တယ်၊ တချို့က rupture လို့ ပြန်တယ်။ တချို့က pleasurable interest လို့ပြန်တယ်၊ ငါးမျိုးပြန်ကြတယ်။

အဲဒါကြောင့် အင်္ဂလိပ်လို ပြောပြီဆိုရင် ပီတိနဲ့သုခကို ဒီလိုကွဲကွဲပြားပြား သေသေချာချာ ပြောချင်တယ်ဆိုရင် ပါဠိစကားလုံးကို မပြောလို့ကို မဖြစ်ဘူး၊ ဘာကြောင့်တုန်းဆို joy လို့ပြောလိုက်ရင် သောမနဿလည်း joy ဖြစ်နိုင်တာပဲ၊ happiness လို့ ပြောလိုက်ရင် သောမနဿလည်း happiness ဖြစ်နိုင်တာပဲ၊ အဲဒါကြောင့် သေသေချာချာ ပြောချင်ပြီဆိုရင် ပီတိဆိုတာ ပြောကို ပြောရမယ်၊ မရဘူး၊ ရိုးရိုးပြောတဲ့အခါဆို ကိစ္စမရှိဘူး၊ အဲဒါကြောင့်မို့ ပီတိသုခ ကွဲပြားမှုရှိတယ်။

အဲဒီပီတိက ငါးမျိုးရှိတယ်၊ အဲဒါ စေတသိက်ပိုင်းကျမှ လေ့လာရဦးမယ်၊ ဝိတက်ကလည်း စေတသိက်, ဝိစာရကလည်း စေတသိက်, ပီတိကလည်း စေတသိက်။

ကောင်းပြီ, ခုနပြောသလို ပီတိနဲ့သုခမှာ ပီတိက အရာကျဉ်းတယ် သုခက အရာကျယ်တယ်၊ ပီတိရှိတိုင်းသုခရှိတယ်၊ သုခရှိတိုင်း ပီတိရှိချင်မှ ရှိမယ်ဟုတ်ပြီ။

နောက်တစ်ခုက ဧကဂ္ဂတာတဲ့၊ ဧကဂ္ဂတာဆိုတာ အာရုံတစ်ခု၌ တည်တံ့ခြင်း သဘော၊ ဧကဆိုတာ တစ်, အဂ္ဂဆိုတာ အာရုံ အာရုံတစ်ခုထဲမှာရှိတယ်၊ စိတ်ဟာ ဒီအာရုံတစ်ခုထဲအပေါ်မှာ တည်နေတာကို ဧကဂ္ဂတာလို့ခေါ်တယ်၊ သမာဓိနဲ့တူတယ်၊ သမာဓိဆိုတာ ဧကဂ္ဂတာရဲ့နာမည်, သမာဓိနဲ့ ဧကဂ္ဂတာနဲ့ပါဠိမှာ အတူတူပဲ။

တည်ကြည်ခြင်း, အာရုံတစ်ခုထဲအပေါ်မှာ စိတ်တည်တံ့နေခြင်းကို ဧကဂ္ဂတာ လို့ ခေါ်တယ်၊ ဧကဂ္ဂတာကို ဥပမာပေးထားပုံ သိပ်ကောင်းတယ်။

အမှုန့်တွေရှိတယ်၊ အဲဒီအမှုန့်တွေကို ရေလေးနဲ့ ရောလိုက်တဲ့အခါကျတော့ အမှုန့်တွေက တွဲကုန်တယ်၊ အမှုန့်တွေ တွဲစေတတ်တဲ့ရေလို ပေါင်းစုပေး တတ်တဲ့ (Function) ကို ဧကဂ္ဂတာ၊ ဒါကြောင့်မို့ ဧကဂ္ဂတာ တကယ်ရနေတဲ့ စိတ်ဟာ ဖရိုဖရဲမဖြစ်ဘူး၊ ဒီအာရုံမှာပဲတည်နေတယ်၊ ဟိုအာရုံရောက်လိုက်, ဒီအာရုံ ရောက်လိုက်လည်း မဖြစ်ဘူး၊ ဒီအာရုံပေါ်မှာ မကပ်ပဲနဲ့ကွာတာ, ကွာတာလည်း ဖြစ်မနေဘူး၊ ဒီအာရုံအပေါ်မှာပဲ ကပ်နေတယ်၊ ပေါင်းစုပေးတယ်။

သူ (ဧကဂ္ဂတာ) ကိုယ်တိုင်လည်းမပျံ့လွင့်ဘူး၊ သူများကိုလည်း မပျံ့လွင့်အောင် သူက လုပ်ပေးတယ်၊ အဲဒီသဘောရှိတယ်၊ သမာဓိနဲ့ ဧကဂ္ဂတာ အတူတူပဲ။

ကဲ, အခု ဈာန်အင်္ဂါ ၅–ပါး ရပြီ၊ အဲဒီ ပထမဈာန်စိတ် ဖြစ်ပေါ်တဲ့အခါမှာ ဒီအင်္ဂါ၅–ပါး အတူတကွဖြစ်တယ်၊ အဲသလို ပထမဆုံးဖြစ်ပေါ်တဲ့ဈာန်စိတ်ဖြစ်လို့ သူ့ကို ပထမဈာန်စိတ်။

အဲဒီတော့ ဈာန်ရဖို့ဆိုတာမှာ နီဝရဏကင်းအောင် လုပ်ရမယ်၊ စိတ်ထဲမှာ နီဝရဏရှိနေသေးရင် ဈာန်ရကို မရနိုင်ဘူး၊ နီဝရဏက ပယ်ကိုပယ်ရမယ်၊ ပယ်တယ် ဆိုတာ ဒီနေရာမှာအပြီးသတ်ပယ်တာမျိုး မဟုတ်ဘူး၊ ခေတ္တပယ်တာမျိုး။

အဲဒါကြောင့် ဈာန်အင်္ဂါ ၅–ပါးမှာ သူ့ဆိုင်ရာဆန့်ကျင်ဘက် နီဝရဏဆိုတာ လေးတွေရှိတယ်၊ အဲဒါလေးတွေ မှတ်ထားဖို့ကောင်းတယ်။

ထိနမိဒ္ဓ–ဆိုတာဘာလဲ၊ မြန်မာလိုရှင်းရှင်းပြောရင် အိပ်ငိုက်တာပေါ့၊ ဒါကြောင့် မို့ အိပ်မပျော်ရင် ပြောလေ့ရှိတယ်၊ ဝိတက်များလို့ အိပ်မပျော်ဘူး၊ တစ်ခုပြီးတစ်ခု ကြံ, ကြံနေတာ၊ ဝိတက်က အာရုံပေါ်တစ်ခု တင်တင်,ပေးနေတော့ ထိုင်းမှိုင်းမှုက မလာတော့ဘူးပေါ့။

အဲဒါကြောင့် ဝိတက်ရှိနေရင်ထိနမိဒ္ဓကင်းတယ်၊ ထိနမိဒ္ဓဝင်လာရင် ဝိတက်

မရှိလို့ပေါ့၊ အဲဒီ ထိနမိဒ္ဓဟာ နီဝရဏတစ်ခု။

ဝိစာရရဲ့ ဆန့်ကျင်ဘက်က ဝိစိကိစ္ဆာတဲ့၊ ဝိစိကိစ္ဆာက ဟိုအာရုံလိုလို ဒီအာရုံလိုလိုဖြစ်တာ မဆုံးဖြတ်နိုင်ဘူး။

ဝိစာရက ဒီအာရုံပေါ်မှာပဲ တည်ပြီးတော့ ဒီအာရုံကိုသာစွဲမြဲနေတာ၊ ဝိစာရက ဝိစိကိစ္ဆာရဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်၊ ဝိစာရများရင် ဝိစိကိစ္ဆာနည်းမယ်ပေါ့။

ဝိစိကိစ္ဆာက ဟိုအာရုံလည်းမဟုတ်ဘူး၊ ဒီအာရုံလည်းမဟုတ်ဘူး၊ ဟိုလိုလို ဒီလိုလို ဖြစ်နေတာ၊ ဝိစာရကတော့ ဒီအာရုံတစ်ခုထဲအပေါ်မှာပဲ တရစ်ဝဲဝဲလုပ်နေတာ။

ပီတိရဲ့ ဆန့်ကျင်ဘက်ကတော့ ပါဠိလို ဗျာပါဒလို့ခေါ်တယ်၊ ဗျာပါဒဟာ ဒေါသ ပီတိရဲ့ ဆန့်ကျင်ဘက်က ဒေါသပေါ့၊ ပီတိဖြစ်နေရင်ဘယ်မှာ ဒေါသဖြစ်တော့ မလဲ၊ ဒေါသဖြစ်နေရင် ဘယ်မှာ ပီတိ ဖြစ်တော့မလဲ၊ အဲဒီဟိုဘက်က ဟာတွေက အကုန်လုံး နီဝရဏတွေချည်းပဲနော်။

ပြီးတော့ သုခ, သုခရဲ့ဆန့်ကျင်ဘက်က ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စ၊ ဥဒ္ဓစ္စ ဆိုတာ ပျံ့လွင့်တာ၊ ကုက္ကုစ္စဆိုတာ နောင်တတစ်ဖန် ပူပန်တာ၊ ကုက္ကုစ္စကို နောက်တော့ တွေ့လိမ့်မယ်။

ဥဒ္ဓစ္စဖြစ်နေတဲ့အခါ (restless) ဖြစ်နေတဲ့အခါ သုခဘယ်ရှိမလဲ၊ စိတ် (restless) ဖြစ်နေတဲ့အခါ အဲဒီစိတ်ကြောင့် ခန္ဓာကိုယ်ပါ (restless) ဖြစ်နေတဲ့အခါ ဆိုရင် ချမ်းသာမရှိဘူး, (comfort) မရှိဘူး။

ပြီးတော့ နောင်တဖြစ်နေတဲ့အခါရော ချမ်းသာဘယ်ရှိနိုင်မလဲ၊ ဒါကြောင့်မို့ သုခ (ဒီနေရာမှာ စိတ်ချမ်းသာမှုပေါ့) ချမ်းသာမှုဟာ ဥဒ္ဓစ္စ ကုက္ကုစ္စရဲ့ ဆန့်ကျင်ဘက် ဖြစ်တယ်။

ဘာကျန်သေးလဲ၊ ဧကဂ္ဂတာ သမာဓိပေါ့၊ ဧကဂ္ဂတာရဲ့ ဆန့်ကျင်ဘက်က ကာမစ္ဆန္ဒတဲ့၊ ကာမစ္ဆန္ဒဆိုတာက ကာမဂုဏ်အာရုံတွေအပေါ်မှာ တွယ်တာတာပေါ့၊ လောဘပါပဲ၊ ဟိုအာရုံလိုချင်, ဒီအာရုံလိုချင်, ဟိုဟာကြားချင်, ဒီဟာကြည့်ချင် စသည်ဖြင့်ပေါ့၊ အဲဒါတွေကို ကာမစ္ဆန္ဒလို့ ခေါ်တယ်၊ အမှန်ကတော့ လောဘ။

ကိုင်း ညာဘက်က အတန်းကို ကြည့်လိုက်ရင် နီဝရဏငါးပါးတွေ့ရမယ်၊ နီဝရဏငါးပါးက ထိနမိဒ္ဓ, ဝိစိကိစ္ဆာ ဗျာပါဒ, ဥဒ္ဓစ္စ ကုက္ကုစ္စ, ကာမစ္ဆန္ဒ၊ နီဝရဏ ဟာ နောင်ကျတော့ ၆–ပါး တွေ့လိမ့်ဦးမယ်၊ အဝိဇ္ဇာဖုံးလွှမ်းမှုကတော့ အမြဲရှိနေ တာပဲ။

ဒီငါးခု (နီဝရဏငါးပါး)က ဈာန်ကို အမြဲတမ်းအနှောင့်အယှက်ပေးတတ်တယ်၊

ဒိငါးခုရှိနေရင် ဈာန်မပြောနဲ့၊ သမာဓိတောင်မဖြစ်ဘူး၊ ရိုးရိုးသမာဓိတောင်မဖြစ်ဘူး၊ ဈာန်သမာဓိဆို ဝေးရောပဲ။

ဒါကြောင့် နီဝရဏတွေ ကင်းရှင်းသွားအောင် ကြိုးစားရတယ်၊ နီဝရဏတွေ ကင်းရှင်းသွားပြီဆိုရင် သမာဓိဖြစ်လာတယ်၊ အဲဒီသမာဓိ ကောင်းလာတဲ့အခါ ဈာန်ဖြစ်လာတယ်၊ ဒါကြောင့် နီဝရဏငါးပါးနဲ့ ဈာန်အင်္ဂါ ၅-ပါးနဲ့ တိုက်ဆိုင်တာ။

ဒါပြင့် ဥပေက္ခာရဲ့ ဆန့်ကျင်ဘက်ကတော့ ဘာတုန်း၊ အထူးမပြောဘူး၊ ဥပေက္ခာကိုသုခလို့ပဲယူတော့၊ သုခကလည်း အေးချမ်းတယ်၊ ဥပေက္ခာကလည်း အေးချမ်း ငြိမ်သက်တဲ့သဘောရှိတော့ သုခရဲ့ ဆန့်ကျင်ဘက်ဟာလည်း ဥပေက္ခာရဲ့ ဆန့်ကျင်ဘက်ပဲ။

မေး - ဥပေက္ခာရဲ့ ဆန့်ကျင်ဘက်က ဘာပါလဲ။

ဖြေ - ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စ၊

ဟုတ်တယ်၊ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စ၊ အဲဒါကြောင့်မို့ သမာဓိကောင်းချင်ရင် ကာမစ္ဆန္ဒနည်းအောင် လုပ်ရမယ်၊ ကာမဂုဏ်လိုက်စားမှုများနေရင် သမာဓိနည်းတာပေါ့။

ဒါကြောင့်မို့ တကယ်ဈာန်ကို အားထုတ်တော့မယ်ဆိုရင် ဒါတွေ (ကာမစ္ဆန္ဒ) တွေ ဝေးအောင်လုပ်ရမယ်၊ ကိုင်း မြန်မာလိုဟာ Buddha's description of ဈာန် ဒုတိယအပိုဒ်ဖတ်ကြည့်လိုက်။

ဈာန်တို့သည် ၄ ပါးတို့တည်း (၄ပါး၊ ၅ ပါး အသာထားဦး) ငါ့ရှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းရှင်း၍သာလျှင် (ခုနပြောတဲ့ ကာမစ္ဆန္ဒဆိုတာ လောဘပေါ့၊ လောဘတရားတွေက ကင်းနေရမယ်တဲ့၊ လောဘ တရားတွေကနေပြီး ကိုယ့်စိတ်ကိုဝေးအောင်လုပ်ထားရမယ်) အကုသိုလ် တရားတို့မှ ကင်းဆိတ်၍သာလျှင် (ခုနဟာတွေက အကုန် အကုသိုလ်ချည်းပဲ ဒေါသတို့ဥဒ္ဓစ္စ ကုက္ကုစ္စတို့အကုန် အကုသိုလ်ပဲ၊ အဲဒီတရားတွေက ကင်းဆိတ်နေရမယ်တဲ့) ကြံစည်ခြင်း ဝိတက်နှင့်တကွဖြစ်သော, (မြင်လား၊ ဝိတက်ပါလာပြီ) သုံးသပ်ဆင်ခြင်ခြင်း ဝိစာရနှင့်တကွဖြစ်သော, နီဝရဏကင်း ဆိတ်ခြင်းကြောင့်ဖြစ်သော (နီဝရဏမရှိမှ ဈာန်ဆိုတာပေါ်လာတာ၊ ကင်းဆိတ်တယ်ဆိုတာမရှိတာကို ပြောတာ) နှစ်သက်ခြင်း ပီတိ, ချမ်းသာခြင်းသုခရှိသော (ဟော ပီတိ, သုခပါလာပြီ) ပထမဈာန်သို့ ရောက်၍နေ၏ (ရောက်နေတယ်ဆိုတာ ဝင်စားတာကို ဆိုလိုတာ)

အဲဒီတော့ အင်္ဂါ ၅-ပါးမှာ ဘာတစ်ခုသာတိုက်ရိုက်မပါဘူးလဲ၊ ဧကဂ္ဂတာ

တစ်ခုသာ မပါတာ၊ ဒါပေမယ်လို့ ဒီပါဠိတော်မှာ ဧကဂ္ဂတာဟာမပါလို့ ဧကဂ္ဂတာဟာ ဈာန် အင်္ဂါမဟုတ်ဘူးလို့ သွားပြောလို့မရဘူး၊ ဧကဂ္ဂတာက ဈာန်တိုင်း ဈာန်တိုင်းမှာ ပါတာ၊ သူက ပဓာနပဲ၊ သမာဓိကိုပဲ ဈာန်လို့ ခေါ်တာကိုး၊ သူက ပဓာနဖြစ်တော့ သူ့ကို အထူးထုတ် ဖော်မပြောတော့တာ၊ သို့သော် ဧကဂ္ဂတာကတော့ ပါရတော့တာ။

အဲဒီတော့ ဦးဇင်းတို့ လေ့လာနေတဲ့သဂြိုဟ်မှာကျတော့ technically ရေးတဲ့ကျမ်းဖြစ်တော့ ဈာန်အင်္ဂါကိုအတိအကျဖော်ထုတ်ပြီးတော့ ပြထားတယ်၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာနှင့်တကွ ဖြစ်သော ပထမဈာန်စိတ်။

မြတ်စွာဘုရားဟောတဲ့အခါကျတော့ technically ပြောနေတာမဟုတ်တော့ဘူး၊ ဒီဈာန်ကိုပဲ (describe) လုပ်တာဆိုတော့ တချို့ဈာန်တွေထားခဲ့တယ်၊ ဒီထဲမှာ တိုက်ရိုက်ထည့်မဟောတော့ဘူး၊ ဒါက ပါဠိတော်မှာလာတဲ့ ဈာန်ရဲ့ ဟောကြားချက်လေးတွေ။

ကောင်းပြီ၊ ပထမဈာန်အကြောင်း နားလည်သွားပြီ ဟုတ်လား၊ ပထမဈာန် ရပြီးတဲ့နောက် ရှေ့တက်ချင်တာပေါ့၊ ပထမတန်းအောင်ပြီးတဲ့သူဟာ ဒုတိယတန်းလဲ အောင်ချင်ပြန်တာပေါ့၊ တတိယတန်းလည်း အောင်ချင်ပြန်တာပေါ့။

အဲသလို အောင်ချင်တဲ့အခါကျတော့ ဘာလုပ်ရသလဲဆိုသူက ဝိတက်ကို အပြစ်မြင်လာတယ်၊ ချမ်းသာ တစ်ခုရပြီးတော့ (ဈာန်ဖြစ်နေတဲ့ အခါကျတော့ စိတ်က အလွန်ချမ်းသာတာ) ဒီထက်ပိုတဲ့ ချမ်းသာကို လိုချင်လာတယ်၊ ဝိတက်ကို အပြစ်မြင်လာတယ်။

ဝိတက်က အာရုံပို့ပေးတတ်တဲ့ သဘောရှိတယ်၊ အဲဒီတော့ အခုဟာမှာ သူ (ဝိတက်)က ကမ္မဋ္ဌာန်း အာရုံပို့ပေးလို့သာ တော်တာကိုး၊ ကမ္မဋ္ဌာန်း အာရုံမပို့ပဲနဲ့ တခြား ကာမဂုဏ်အာရုံ ပို့ပေးလိုက်ရင် ဈာန်ပြုတ်သွားမယ်၊ အဲဒီတော့ ဝိတက်ဟာ ရန်သူတစ်မျိုးပဲ၊ မဖြစ်ဘူး၊ ဝိတက်တော့ လွတ်အောင် လုပ်မှပဲ၊ သူက အဲသလို ဝိတက်အပေါ် အပြစ်မြင်လာတယ်။

အပြစ်မြင်လာတော့ ဘာလုပ်တုန်း၊ ထပ်ပြီးတော့ ပထဝီကသိုဏ်း ဆိုရင်လည်း ပထဝီကသိုဏ်း, အာပေါကသိုဏ်းဆိုရင်လည်း အာပေါကသိုဏ်း, ထပ်လေ့လာပြီး တရားရှုမှတ် ထိုင်တာပဲ၊ သူ့စိတ်က ဝိတက်ပေါ်မှာ မလိုချင်ပဲရှိလာတော့ ဈာန် ဖြစ်လာတော့ ဝိတက်မပါတော့ဘူး၊ အဲဒါ ဒုတိယဈာန် ဖြစ်သွားတယ်။

ဒုတိယဈာန် ရပြီးတော့ သူက ဝိစာရကို အပြစ်မြင်ပြန်တာပဲ၊ ဝိတက်မရှိတာ ကတော့ ဟုတ်ပြီ၊ ဝိစာရကလည်း အာရုံတွေအပေါ်မှာ နေသေးတာပဲ၊ သူမရှိမှ

ပိုကောင်းမယ်၊ သူ (ဝိစာရ)လည်း နည်းနည်းတော့ ကြမ်းသေးတာပဲပေါ့ (သဘောက) အဲသလိုဆိုပြီးတော့ ထပ်အားထုတ်ပြန်တယ်ဆိုပါတော့။

ဒီအခါမှတော့ သူက ဝိစာရကို မကြိုက်တဲ့စိတ်နဲ့ အားထုတ်တယ်ဆိုတော့ သူ့ဘာဝနာအစွမ်း စိတ်တန်ခိုးကြောင့် ဈာန်ပေါ်လာတဲ့အခါကျတော့ ဝိစာရမပါတော့ဘူး၊ အဲဒီအခါ တတိယဈာန်ဖြစ်သွားတယ်။

ကြည့်နော်၊ လူဆိုတာ တစ်ခုပြီးတစ်ခုအကောင်းကိုလိုချင်လာတာ၊ နောက်တစ်ယောက်ကလည်း၊ ပီတိကို အပြစ်မြင်လာပြန်တယ်၊ ပီတိဟာ နည်းနည်းပေါ်လောပေါ်တဲ့ သဘောရှိတယ်၊ ပီတိကဝမ်းသာသဘောကျတတ်တာကိုး၊ သဘောကျနေတယ် ဝမ်းသာနေတယ်ဆိုတော့ တက်ကြွနေတဲ့ ဒီလိုသဘောကိုပါဠိလို ဥပ္ပိလာဝနခေါ်တယ်၊ ဘောလုံးများ ရေပေါ်ပေါ်နေတာမျိုးလို ပီတိဟာ နည်းနည်းလှုပ်ရှားသေးတယ်ပေါ့၊ သူက ငြိမ်သက်တဲ့ ချမ်းသာကို ကြိုက်တာကိုး၊ ပီတိအပြစ်မြင်ပြန်တယ်။

ပီတိအပြစ်မြင်ပြီး ဆက်အားထုတ်တဲ့အခါကျတော့ ပီတိမပါပြန်ဘူး၊ အဲဒါ စတုတ္ထဈာန် ဖြစ်တယ်။

စတုတ္ထဈာန်ကျတော့ သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးပဲ ရှိတော့တယ်၊ သိပ်အထက်တန်းကျသွားပြီ၊ ပီတိတောင် မပါတော့ဘူး၊ သုခသက်သက်ပဲ၊ ဒါကြောင့်မို့ ပြောတာ သုခရှိတိုင်း ပီတိမရှိဘူး၊ ဒီမှာ (စတုတ္ထဈာန်)မှာ သုခဟုတ်တယ်၊ ပီတိမပါလာဘူး၊ ဒီချမ်းသာက အတော့်ကို အထက်တန်းကျသွားပြီ။

ဒါပေမယ်လို့ ယောဂီပုဂ္ဂိုလ်က သုခကို အပြစ်မြင်ပြန်တယ်၊ သုခချမ်းသာဆိုတာလည်း ဖြစ်ပြီးရင် ပျက်သေးတာပဲ ပေါ့လေ၊ သူ့ထက်ချမ်းသာတဲ့ ဟိုဘက်ဒီဘက်မပါတဲ့, သုခလည်းမဟုတ် ဒုက္ခလည်းမဟုတ်တဲ့ (Equanimity)အလယ်အလတ်နေပြီး ခံစားမှုက ပိုကောင်းတယ်ဆိုပြီး သုခမလိုချင်တဲ့စိတ်နဲ့ အားထုတ်ပြန်တော့ နောက်ဈာန်စိတ် တစ်ခုရတယ်၊ ဥပေက္ခာ၊ ဧကဂ္ဂတာ။

ဧကဂ္ဂတာကတော့ ပဲခူးဆားပဲ၊ သူမပါရင် မရဘူး၊ အဲဒီလို အင်္ဂါ နှစ်ပါးနဲ့ ဖြစ်တဲ့ ပဉ္စမဈာန်စိတ် ဖြစ်ပြန်တယ်။

ဒါကြောင့်မို့ ဈာန်အင်္ဂါ ၅-ပါးရှိတယ်၊ ပထမဈာန်စိတ်က အင်္ဂါ ၅-ပါး ဒုတိယဈာန်စိတ်က ၄-ပါး၊ တတိယဈာန်စိတ်က ၃-ပါး၊ စတုတ္ထဈာန်စိတ်က ၂-ပါး၊ ပဉ္စမဈာန်စိတ်က၂-ပါး၊ သို့သော် ၂-ပါးချင်း မတူဘူး၊ စတုတ္ထဈာန်စိတ်က သုခ, ဧကဂ္ဂတာ၊ ပဉ္စမဈာန်စိတ်က ဥပေက္ခာ ဧကဂ္ဂတာ။

အဲဒီလို ဈာန်အင်္ဂါကို တစ်ခုချင်းဖြုတ်သွားတယ်၊ ပထမဈာန်မှာ အင်္ဂါ၅- ပါး ရှိတယ်၊ ဝိတက်မကြိုက်ဘူး, အားထုတ်လိုက်တယ်, ဝိတက်ပြုတ်သွားတယ်၊ ဝိစာရမကြိုက်ဘူး, အားထုတ်တယ်, ဝိစာရ ပြုတ်သွားတယ်၊ ပီတိပြုတ်သွားတယ်၊ သုခပြုတ်သွားတယ်၊ တစ်ခုချင်း ဖြုတ်ပြီး တစ်ဆင့်ချင်း တက်သွားတာ ဈာန် ၅- ပါးဖြစ်သွားတာ။

**မေး** - ဒီနေရာမှာ ဝိတက်, ဝိစာရ, ပီတိတို့ တစ်ခုချင်းဟာ မိမိတမင်တကာ ဖြုတ်ယူရမှာလား၊ ဒါမှမဟုတ် တရားအားထုတ်ရင်း ကမ္မဋ္ဌာန်းထိုင်နေရင်းနဲ့ သူ့ အလိုလို ပြုတ်သွားမှာလား။

**ဖြေ** - သူ့အလိုလို ပြုတ်မယ်၊ သို့သော် ခုန ဆန္ဒရှိမှ ပြုတ်မယ်၊ သူ့ကို မကြိုက်တာ မလိုချင်တာရှိမှ ပြုတ်တယ်၊ အဲသလို မရှိရင် ပထမဈာန်ချည်း ရနေမှာပဲ၊ ထပ်ထပ်ဝင်စားနေ၊ အမျိုးမျိုး လှည့်ပတ်ဝင်စားနေမယ်၊ တစ်နာရီ ဝင်စားမယ်ကွာဆို တစ်နာရီ ဝင်စားလိုက်, တစ်နာရီခွဲဝင်စားမယ်ဆို တစ်နာရီခွဲ ဝင်စားလိုက် အမျိုးမျိုး လုပ်လို့ရတယ်။

သို့သော် ဝိတက်ကို မမုန်းမချင်း ရပါတယ်၊ ဝိတက်အပြစ်ကို မမြင်မချင်း ဝိတက်ကပါနေမှာပဲ၊ ပထမဈာန်ပဲဖြစ်နေမှာပဲ၊ ဝိတက်အပြစ် မြင်လာပြီ၊ ဝိတက်ကို မလိုချင်ဘူး၊ သိပ်မကောင်းလှဘူး၊ အာရုံကို ပို့ပို့ပေးတတ်တယ်၊ ဝိတက်ကင်းတဲ့ မပါတဲ့ ဈာန်ဖြစ်ပါစေလို့ စိတ်က အဲသလို ဆန္ဒရှိတယ်၊ အဲဒီစိတ်နဲ့ အားထုတ်လာတာ ဒုတိယဈာန်ဖြစ်လာတာ၊ သူ့ရဲ့ will power ရှိတာကိုး၊ သူက ဒါကိုမှ မလိုချင်တော့ သူ့အားထုတ်တဲ့ ဘာဝနာရဲ့ အကျိုးကြောင့်ဖြစ်တဲ့ ဈာန်ကျတော့ ဒါ ပါမလာတော့ဘူး၊ အဲသလို တစ်ခုချင်းသွားတယ်၊ အဲသလို ၅-မျိုးရှိတယ်။

ကောင်းပြီ, ဒါကို ဖတ်ကြည့်စမ်း၊ ဘာတဲ့တုန်း။

ဝိတက်ဝိစာရငြိမ်းခြင်းကြောင့် (ဒီမှာကျတော့ နှစ်ခုတစ်ခါထဲ ငြိမ်းသွားပြီ) မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော, စိတ်တည်ကြည်ခြင်း သမာဓိကို ပွားစေတတ်သော ကြံစည်ခြင်း ဝိတက်မရှိသော, သုံးသပ်ဆင်ခြင်ခြင်း ဝိစာရမရှိသော, တည်ကြည်ခြင်း သမာဓိကြောင့်ဖြစ်သော, နှစ်သက်ခြင်းပီတိ၊ ချမ်းသာခြင်းသုခရှိသော, ဒုတိယဈာန်သို့ ရောက်၍နေ၏။

သုတ္တန်ပါဠိတော်တွေမှာ များသောအားဖြင့် ဟောလိုက်ရင် ဈာန် ၄-ပါးပဲ၊ အခုလို ၅-ပါး မဟုတ်ဘူး၊ သုတ္တန်ပါဠိတော် ဈာန်နေရာတွေမှာ အများကြီးရှိတယ်၊ ၁၀-နေရာမှာ ၉-နေရာကွဲတာ၊ ဈာန်၄-ပါးပဲ ဟောတယ်၊ ဈာန် ၅-ပါးလို့

မြတ်စွာဘုရားက မဟောဘူး၊ အလွန်ရှားရှားပါးပါး နေရာလေးတွေရှိတယ်။

အဘိဓမ္မာကျတော့ ၄-ပါးလည်းဟောပြတယ်၊ ၅-ပါးလည်းဟောပြတယ်၊ အဘိဓမ္မာ ကျတော့ ဖြစ်နိုင်သမျှအကုန်ဟောပြတယ်၊ သုတ္တန်ကျတော့ သိပ် ၅-ပါး မဟောဘူး၊ ၄-ပါးပဲဟောတယ်။

အဲဒီတော့ ၄-ပါးနဲ့ ၅-ပါး ဘာထူးသလဲ၊ အမှန်တော့ အတူတူပဲ၊ ဒီမှာကြည့် ဝိတက်နဲ့ ဝိစာရကို တပြိုင်နက် သူက ပယ်သွားပြီ၊ အဲဒါက ပုဂ္ဂိုလ်ရဲ့ အစွမ်းသတ္တိပေါ်မှာတည်တာ။

တချို့ပုဂ္ဂိုလ်က ဝိတက်နဲ့ ဝိစာရကို ပြိုင်တူမပယ်နိုင်ဘူး၊ (will power) အားနည်းတာပေါ့၊ အားနည်းတယ်ဆိုတာ အထက်ပုဂ္ဂိုလ်လောက် အားမကြီးတာပေါ့၊ သာမန်လူထက်တော့ အားရှိနေတာပေါ့၊ will power အလွန်ကြီး အားမကောင်းတော့ ဝိတက်နဲ့ ဝိစာရကို တစ်ပြိုင်နက် မဖြုတ်နိုင်ဘူး၊ မဖြုတ်နိုင်တဲ့ သူအတွက် ဈာန် ၅-ပါးဖြစ်လာတယ်။

တချို့ကျတော့ ထက်တယ်၊ ဒီနှစ်ခုကို တစ်ပြိုင်နက်ဖြုတ်နိုင်တယ်၊ ဖြုတ်နိုင်တဲ့ အခါကျတော့ ၅-ခုက ၄-ခု ဖြစ်လာတယ်၊ ဒါကြောင့်မို့ ဒီမှာ ဒုတိယဈာန်ဆိုတာ ဦးဇင်းတို့ လေ့လာခဲ့တဲ့ ဈာန်နဲ့ ပြောရင် ဒုတိယ, တတိယ ၂-ခု အမှန်ကတော့ တတိယပါပဲ။

ဈာန်၅-မျိုးမှာ တတိယဈာန်ဟာ ဈာန် ၄-မျိုးမှာ ဒုတိယဈာန်ဖြစ်တယ်၊ ဟုတ်ပြီ ဒီဒုတိယဈာန်မှာ ဝိတက်ဝိစာရမရှိဘူး၊ ပီတိသုခရှိသေးတယ်၊ ပါဠိတော်တွေမှာကို ရှိတယ်၊ ပီတိချမ်းသာခြင်း သုခရှိသောတဲ့။

ကောင်းပြီ နောက်ဈာန်တစ်ခု တက်လိုက်ကြရအောင်။

"နှစ်သက်ခြင်း ပီတိကိုလည်း မတပ်မက်ခြင်းကြောင့် (ပီတိလည်း မကြိုက်တော့ဘူးတဲ့) သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ (သမ္ပဇဉ်ဆိုတာ ပညာကိုပြောတာ၊ သတိပညာနဲ့ ပြည့်စုံသည်ဖြစ်၍) လစ်လျူရှု၍နေ၏၊ (ဟိုဘက်လည်းမပါဘူး၊ ဒီဘက်လဲ မပါဘူး၊ ဥပေက္ခာဖြစ်နေပြီတဲ့, သူက တတိယဈာန်ရောက်တော့မှာကိုး) ချမ်းသာခြင်း သုခသော်လည်း ကိုယ်ဖြင့် ခံစား၏။ ချမ်းသာကျတော့ ရှိနေသေးတယ်၊ ဒီနေရာကျတော့ ဈာန်နဲ့ခံစားတာကိုပြောတာ) အကြင် တတိယဈာန်ကြောင့် ထိုသူကို လစ်လျူရှုသူ, သတိရှိသူ, ချမ်းသာစွာ နေလေ့ရှိသူဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယဈာန်သို့ရောက်၍ နေ၏"

အဲဒီတော့ အရေးကြီးတာကဘာလဲ၊ ပီတိကို သူမကြိုက်ဘူး၊ ပီတိကို

မကြိုက်တဲ့အတွက်ကြောင့် တတိယဈာန်မှာ ပီတိပါဦးမလား၊ မပါတော့ဘူး၊ ဒီမှာ တတိယဈာန်က ဟိုမှာ စတုတ္ထဈာန်၊ ပီတိမပါတော့ဘူး၊ သုခနဲ့တည်ကြည်ခြင်း ဧကဂ္ဂတာ ဒါပဲပါတော့မယ်၊ ဒါကိုပြောတာ။

နောက်တစ်ခု တက်လိုက်စမ်း။

ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်လည်းကောင်း၊ (ချမ်းသာဆိုတာ သုခ၊ ဆင်းရဲဆိုတာ ဒုက္ခ၊ ချမ်းသာလည်းမရှိတော့ဘူး၊ ဆင်းရဲလည်း မရှိတော့ဘူး၊ ဒီနှစ်ခုလုံးကို မကြိုက်ဘူး၊ ပယ်တယ်တဲ့) ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ရှေးဦးကပင်လျှင် ချုပ်နှင့်ခြင်းကြောင့်လည်းကောင်း (ဒီဈာန်မရောက်ခင် ရှေးထဲက ဝမ်းသာတယ်ဆိုတာ သူ့မှာ မရှိတော့ဘူး၊ စိတ်ဆိုးတယ်ဆိုတာလည်း မရှိတော့ဘူးတဲ့) ဆင်းရဲချမ်းသာမရှိသော ဥပေက္ခာကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော (ဆင်းရဲတာလည်းမဟုတ်ဘူး၊ ချမ်းသာတာလည်းမဟုတ်ဘူး၊ ဥပေက္ခာ၊ အဲဒီဥပေက္ခာ က အလွန့်ကို အထက်တန်းကျတဲ့ ဥပေက္ခာ၊ သို့သော် ဒီဥပေက္ခာက Feeling ဥပေက္ခာမဟုတ်ဘူး၊ နောက်စေတသိက်ပိုင်းမှာ တွေ့မယ်, တတြမဇ္ဈတ္တတာဆိုတာ ဥပေက္ခာကို ဆိုလိုတယ်။

ဒါကြောင့် အဘိဓမ္မာမတတ်ရင် ဒီလိုနေရာမှာအယူအဆမှန်အောင် မရနိုင်ဘူး၊ ဥပေက္ခာတွေ့တိုင်း အလယ်အလတ် ခံစားမှုကိုချည်း မယူရဘူး၊ အဲဒါမှတ်ထား၊ သုတ္တန်တွေ ဖတ်လာရင် ဥပေက္ခာဟာ အလယ်အလတ်ခံစားမှု ဝေဒနာ ဥပေက္ခာလည်း ရှိတယ်၊ ဟိုဘက်ဒီဘက် မကျပဲ အလယ်မှာပဲ စိတ်ကိုထားတဲ့ ဥပေက္ခာလည်း ရှိတယ်။

အဲဒီ ၂-မျိုးမှာ ဒီစာပိုဒ်မှာပါတဲ့ ဥပေက္ခာက စိတ်ကို အလယ်မှာထားနိုင်တဲ့ သဘောဥပေက္ခာ၊ အဲဒီဥပေက္ခာကြောင့်ဖြစ်တဲ့ သတိ၏စင်ကြယ်ခြင်းဆိုတာက အဲဒီဥပေက္ခာနဲ့ ထောက်ပံ့ထားတဲ့အခါကျတော့ သတိကလည်း သိပ်ပြီးတော့ အားကောင်း စင်ကြယ်နေတယ်) စတုတ္ထဈာန်သို့ ရောက်၍နေ၏တဲ့၊ ဒီမှာ စတုတ္ထ ဈာန်က ဟိုမှာ ပဉ္စမဈာန်။

အဲဒီတော့ ချမ်းသာတာလည်းမရှိဘူး, ဆင်းရဲတာလည်း မရှိဘူး, ဝမ်းသာတာ လည်း မရှိဘူး, နှလုံးမသာတာလည်းမရှိဘူးဆိုရင် သုခပြုတ်သွားပြီပေါ့၊ ဟုတ်တယ် နော်၊ သုခပြုတ် ပြီးတော့ ဥပေက္ခာဝေဒနာဝင်လာတယ်၊ ဧကဂ္ဂတာတော့ပါတယ်။

ဒါကြောင့် ဦးဇင်းတို့ သင်္ဂြိုဟ်မှာ ဈာန် ၅-ပါး၊ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်, သုတ္တန်ပါဠိတော်တွေမှာ များသောအားဖြင့်

၄–ပါး၊ အဲဒီ၂–ပါးကို နားလည်ထားရမယ်၊ ၄–မျိုးလဲပြောလို့ရတယ်၊ ၅–မျိုးလဲ ပြောလို့ ရတယ်၊ ဟပ်လိုက်မယ်ဆိုရင်–

* ဈာန်–၅မျိုးမှာ ပထမဈာန်သည် ဈာန် ၄–မျိုးမှာ ပထမဈာန်။
* ဈာန် ၅–မျိုးမှာ ဒုတိယဈာန်သည် ဈာန် ၄–မျိုးမှာ မရှိ။
* ဈာန် ၅–မျိုးမှာ တတိယဈာန်သည် ဈာန် ၄–မျိုးမှာ ဒုတိယဈာန်။
* ဈာန် ၅–မျိုးမှာ စတုတ္ထဈာန်သည် ဈာန် ၄–မျိုးမှာ တတိယဈာန်။
* ဈာန် ၅–မျိုးမှာ ပဉ္စမဈာန်သည် ဈာန် ၄–မျိုးမှာ စတုတ္ထဈာန်။

နောင်အခါကျတော့ သမသတ် ၈–ပါးလို့ဆိုတဲ့ အခါကျရင် အဲဒီဈာန် ၄–ပါးနဲ့ပဲ explain လုပ်ရမယ်၊ ရူပဈာန်၊ အရူပဈာန် ၂–ခုပေါင်းလိုက်ရင် ၉–ပါးလည်း ဟုတ်တယ်၊ ၈–ပါးလဲဟုတ်တယ်၊ အဲဒီ ၈–ပါးကိုပဲ နောက်ကျတော့ သမာပတ် ၈–ပါးလို့ခေါ်လိမ့်မယ်။

**မေး** – ဆိုလိုတဲ့အဓိပ္ပါယ်က ဝိတက်နဲ့ ဝိစာရကို သူက combind လုပ်ပါသလား။
**ဖြေ** – ဟုတ်တယ် တစ်ပြိုင်နက်ပယ်တာပါပဲ၊ ပုဂ္ဂိုလ်ရဲ့အစွမ်းပါပဲ။

ဈာန် ၅–ပါးစလုံး ရပြီတဲ့၊ ၅–ပါးစလုံးရပြီးတော့ အဲဒီဈာန် မကွယ်မပပဲနဲ့ ဒီဘဝကသေရင် နောက်ဘဝဗြဟ္မာပြည်သွားဖြစ်မယ်၊ သူက လူ့ပြည်လည်းမဖြစ်တော့ဘူး၊ နတ်ပြည်လည်း မဖြစ်တော့ဘူး (ဒီဈာန်ရရင် ဒီဈာန်နဲ့သေရင်)

ဒီဈာန်နဲ့သေရင်ဆိုတာက ဒီဈာန်ကိုဝင်စားနိုင်တဲ့ အစွမ်းရှိပြီးသေတာ၊ တချို့က ဈာန်ရပြီးတော့ပစ်ထားတော့ ဈာန်ဝင်စားလို့မရတော့ဘူး၊ အဲဒါမျိုးကို မဆိုလိုဘူး၊ ဈာန်ကို ရနိုင်တဲ့ အခြေအနေရှိတဲ့ ပုဂ္ဂိုလ်ကို ဈာန်ရနေတယ်လို့ဆိုတာ။

တစ်ချိန်မှာဈာန်ရအောင် အားထုတ်လို့ ဈာန်ရသွားတယ်၊ နောက်ပိုင်းမှာ သူက မကောင်းတာတွေ လုပ်မယ်၊ သို့မဟုတ် ဈာန်ပစ်ထားမယ်ဆိုရင် ဈာန်ပြန် ဝင်စားလို့မရတော့ဘူး၊ အဲသလိုလည်း ဖြစ်တတ်တယ်၊ ဈာန်လျောတယ်ဆိုတာ အဲဒါ မျိုးပေါ့။

အဲသလို ဈာန်မလျောပဲနဲ့ ပထမဈာန်ရပြီး သေရင် ပထမဈာန် ဗြဟ္မာဘုံမှာ သွားဖြစ်မယ်၊ ဒုတိယဈာန်၊ တတိယဈာန်ရပြီး သေရင် ဒုတိယဈာန် ဗြဟ္မာဘုံမှာ သွားဖြစ်မယ်၊ စတုတ္ထဈာန်ရပြီး သေရင် တတိယဈာန် ဗြဟ္မာဘုံမှာ သွားဖြစ်မယ်၊ ပဉ္စမဈာန်ရပြီးသေရင် စတုတ္ထဈာန် ဗြဟ္မာဘုံမှာ သွားဖြစ်မယ်။

အဲဒီ ဖြစ်တဲ့အခါမှာ ရူပါဝစရဝိပါက်စိတ် ၅–မျိုး သွားဖြစ်မယ်၊ ကုသိုလ်စိတ်နဲ့ အတူတူပဲ၊ ဒါကြောင့်မို့ ရူပါဝစရကုသိုလ်စိတ် ၅–ပါးနဲ့ တူသည်၊ ဒါကြောင့်

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာနှင့် တကွဖြစ်သော ပထမဈာန်, ရူပါဝစရ ဝိပါက်စိတ် ၅–မျိုး။

ဒီဘဝမှာ ရဟန္တာဖြစ်ပြီးမှ ဒီဈာန်တွေ ဝင်စားတယ်ပေါ့၊ ဒီဈာန်တွေရအောင် အားထုတ်တယ်၊ ရဟန္တာဖြစ်တုန်းက ဈာန်တွေမပါပဲ ဖြစ်နိုင်တာကိုး၊ သို့မဟုတ်ရင် ဈာန်ရပြီးတဲ့နောက် ဈာန်ကို ဝိပဿနာရှုပြီးတော့လည်း ရဟန္တာဖြစ်နိုင်တယ်၊ ရဟန္တာ မဖြစ်ခင် ဈာန်က ကုသိုလ်ဈာန်, ရဟန္တာဖြစ်ပြီးမှ ဈာန်က ကြိယာဈာန်, အဲသလို။

ဈာန် လုံးဝမပါပဲနဲ့လည်း ရဟန္တာဖြစ်နိုင်တယ်၊ ရဟန္တာဖြစ်တုန်းက ဈာန် မပါဘူး၊ သို့သော် ရဟန္တာဖြစ်ပြီးတဲ့နောက် ဈာန်ဝင်စားချင်တယ်ဆိုရင် ကမ္မဋ္ဌာန်း အားထုတ်ဦး ပေါ့လေ၊ ဈာန်ရရင် အဲဒီဈာန်ဟာ ကြိယာပေါ့၊ ရူပါဝစရကြိယာ။

အဲဒီဟာလည်း ပထမဈာန်ကြိယာစိတ်, ဒုတိယဈာန် ကြိယာစိတ်, တတိယ ဈာန် ကြိယာစိတ်, စတုတ္ထဈာန် ကြိယာစိတ်, ပဉ္စမဈာန် ကြိယာစိတ်။

ဒါကြောင့်မို့ ပေါင်းလိုက်ရင် ကုသိုလ်စိတ် ၅–ပါး၊ ဝိပါက်စိတ်–၅ပါး၊ ကြိယာစိတ်–၅ပါး၊ အားလုံး ရူပါဝစရစိတ်–၁၅ပါး။

ရူပါဝစရဆိုတာ ရူပဘုံမှာ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်တဲ့ စိတ်လို့ဆိုလိုတာ၊ ကာမဝစရဆိုတာက ကာမဘုံမှာ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်တဲ့ စိတ်လို့ပြောတာ။

ရူပါဝစရဆိုတာ များသောအားဖြင့် ဖြစ်တတ်တယ်၊ သို့သော် ကာမဘုံမှာလည်း ဖြစ်တာပဲ၊ မဖြစ်လို့ ဘယ်ရမလဲ၊ လူအဖြစ်နဲ့ ဈာန်ရရင် ဒါဟာ ကာမဘုံမှာဖြစ်နေတာ ပဲ၊ များသောအားဖြင့် ဖြစ်တတ်တာကိုပြောတာ။

ဒါကြောင့်မို့ ရူပါဝစရစိတ် ၁၅–ပါး၊ ဒီစိတ်တွေကိုပဲ ဈာန်စိတ်လို့ခေါ်တယ်၊ အဲဒီတော့ လူပုဂ္ဂိုလ်တွေအနေနဲ့သတိထားဖို့က ဈာန်လို့ ပြောလိုက်တာနဲ့ ကောင်းကင် ပျံနိုင်တယ်ထင်နေကြတယ်။

မဟုတ်ဘူး၊ technical ပြောရမယ်ဆိုရင် ဈာန်ရရုံနဲ့ ကောင်းကင်မပျံနိုင် သေးဘူး၊ ဘာမှမလုပ်နိုင်သေးဘူး၊ ဈာန်ရတာ သူ့ဟာသူထိုင် ဈာန်ဝင်စားပြီး ချမ်းသာနေ တာပဲရှိတယ်၊ စိတ်ချမ်းသာနေမယ်၊ သမာဓိကောင်းပြီးတော့ စိတ်တည်ကြည်နေမယ်၊ ဒါပဲရှိမယ်။

ကောင်းကင်ပျံတာတို့, တန်ခိုးဖန်ဆင်းတာတို့, သူများစိတ်သိတာတို့ ဘာတို့ ရောက်ဖို့က အများကြီး လုပ်ယူရဦးမယ်၊ အဘိညာဏ်ဆိုတဲ့ အဆင့်ရောက်မှဖြစ်တာ၊

အဘိညာဏ်အဆင့်မရောက်ပဲ ပထမဈာန်, ဒုတိယဈာန်ကနေ နောက်ဆုံး ပဉ္စမဈာန် တောင်မှ ရိုးရိုးပဉ္စမဈာန်ရနေရုံနဲ့ ဘာမှ မလုပ်နိုင်သေးဘူး၊ အဲဒါကို နားလည်ထား။

တချို့က ဈာန်ရတယ်ဆိုရင် ကောင်းကင်ပျံနိုင်လား, ဘာလုပ်နိုင်လား စသည်ဖြင့် အဲသလို ပြောလေ့ရှိတယ်၊ လူတွေအနေနဲ့က ဒီလိုပဲသိကြတာများတယ်၊ ကောင်းကင်ပျံသွားရင်းနဲ့ ဈာန်ပျောက်သွားရင် ဈာန်လျောတယ်၊ အဲသလိုဆိုတယ်။

အမှန်ကတော့ ဈာန်စိတ်သက်သက်ရရုံနဲ့ မပြီးသေးဘူး၊ ဒီဈာန်ကနေပြီး အရူပဈာန် ၄-ပါးကိုရအောင် လုပ်ရဦးမယ်၊ အဲသလိုလုပ်ပြီးတော့မှ ဒီဈာန် ၉-ပါးလုံးကို အပြန်ပြန်အလှန်လှန် ကျေနေအောင်လုပ်ပြီးတဲ့နောက် ပဉ္စမဈာန်ကို အထူးလုပ်ယူရမယ်၊ အဲဒီအခါကျမှ အဘိညာဏ်ဆိုတာ ဖြစ်လာတယ်။

အဲဒီ အဘိညာဏ်ဆိုတဲ့အဆင့် မရောက်သေးရင်တော့ ကောင်းကင်ပျံတာတို့ ဘာတို့ မဖြစ်နိုင်သေးဘူး။

မေး – လူပုဂ္ဂိုလ်ကော ကောင်းကင်ပျံနိုင်ပါသလား။

ဖြေ – စာမှာတော့ ရှိတာပါပဲ၊ ဖြစ်နိုင်ပါတယ်၊ အဘိညာဏ်ရမှ၊ အဲဒီအခါကျတော့ ဘာလုပ်ရတယ်ဆိုတဲ့ ညွှန်ကြားချက်တွေရှိတယ်။

မေး – တပည့်တော် ရန်ကုန်မှာကြားဖူးတာကတော့ ညသန်းခေါင် ရောက်လာပြီဆိုရင် ရွှေတိဂုံဘုရားအထက်ပစ္စယံမှာ ဈာန်ရတဲ့ပုဂ္ဂိုလ်တွေ လာပြီးတော့ အဲဒီအချိန်မှာ လာတရားထိုင်ကြတယ်ဆိုတာပါဘုရား။

ဖြေ – ဒါက ဖြစ်နိုင်တယ်၊ လူမရှိတဲ့ အချိန်, ဆိတ်ငြိမ်တဲ့အချိန်, လူစဲတဲ့အချိန်, အဲဒါမျိုး လာတရားထိုင်တယ်ဆိုတာ ဖြစ်နိုင်တယ်၊ ကိုင်း ဘာမေးချင်တာ ရှိလဲ။

မေး – ဈာန်စိတ်ရောက်မှန်း ကိုယ့်ဟာကိုယ် သိတာပါလား။

ဖြေ – ဟုတ်တယ်။

မေး – ကသိုဏ်းရှုနေတဲ့အခါ မျက်စိမှိတ်ထားလိုက်ရင် အရောင်အလင်း တွေ့နေရရင် အဲဒါဈာန်အဆင့် ရောက်ပါပြီလား။

ဖြေ – မရောက်သေးဘူး၊ ဒါက ပထမဥဂ္ဂဟနိမိတ်အဆင့်ရှိတယ်၊ နောက်တစ်ခါကျတော့ ပဋိဘာဂနိမိတ်၊ အဲဒီ ပဋိဘာဂနိမိတ်ရောက်တဲ့ အချိန်မှာ ဥပစာရဈာန်လို့ ခေါ်တယ်၊ ဈာန်အစစ် မဟုတ်သေးဘူး၊ Neighbour hood ပေါ့၊ အိမ်နီးနားချင်း၊ ဒီအိမ်မရောက်သေးခင် ဟိုအိမ်ရောက်နေတာ၊ ပြီးတော့ ဒီအိမ်ရောက်လာမယ်၊ ဒါကို ဥပစာရလို့ခေါ်တယ်၊

ဥပစာရကိုလည်း ဈာန်လို့သုံးတယ်၊ ဈာန်အစစ်တော့ မဟုတ်သေးဘူး၊ ဥပစာရရောက်ပြီးတဲ့နောက်မှ ဈာန်အစစ်ရောက်တာ၊ ဒီအင်္ဂါ ၅–မျိုး ဝိတက်ဝိစာရတို့ကို တကယ်သိတဲ့အခါ(experience) ဝိတက်သဘော လေး ထင်ရှားတယ်၊ ဝိစာရသဘော ထင်ရှားတယ်၊ တစ်ခါတလေလည်း စိတ်နဲ့ ဒီ ၅–မိနစ် အတွင်းမှာ ဝိတက်သဘော ထင်ရှားပါစေဆိုတဲ့ အဓိဋ္ဌာန်သဘော လုပ်ထားတယ်၊ အဲဒီအခါကျရင် ဝိတက်သဘောဟာ သိပ်ထင်ရှားနေတယ်၊ ဝိစာရထင်ရှားပါစေ၊ ဝိစာရထင်ရှားတာကို ကြည့်လိုတယ် သိလိုတယ်ဆိုရင် အဲသလို လုပ်လို့ရတယ်၊ ဖြစ်တယ်။

မေး – ကြိယာဟာ ရဟန္တာနဲ့ပဲ ဆိုင်ပါသလား။

ဖြေ – ဟုတ်တယ်၊ ဘုရားနဲ့ ရဟန္တာပဲဆိုင်တယ်၊ ဝိပါက်စိတ်ကတော့ ရူပါဝစရ ဗြဟ္မာတွေနဲ့ပဲ ဆိုင်တယ်၊ ရူပါဝစရဘုံက ၁၆–ဘုံရှိပေမယ်လို့ ၁–ဘုံက နာမ်မရှိတဲ့ ဘုံဆိုတော့ ၁၅–ဘုံ၊ ရူပါဝစရ ၁၅–ဘုံမှာလည်း ပထမဈာန်စိတ်ဆိုရင် ၁၅–ဘုံလုံးနဲ့ မဆိုင်ဘူး၊ ပထမဈာန်စိတ်က နောင်ဘုံပိုင်း, ပဌမပိုင်းကျတော့ သိလိမ့်မယ်၊ ပထမဈာန်စိတ်က ၃ ဘုံနဲ့ ဆိုင်တယ်၊ ဒုတိယဈာန်စိတ်က ၃–ဘုံနဲ့ဆိုင်တယ်၊ တတိယဈာန်စိတ် က ၃–ဘုံနဲ့ဆိုင်တယ်၊ စတုတ္ထဈာန်စိတ်ကျတော့ ၇–ဘုံလောက်နဲ့ ဆိုင်တယ်ပေါ့၊ အဲသလို၊

ပထမဈာန်စိတ်နဲ့ သေသွားရင် ဟိုကျတော့ ပထမဈာန်ဘုံ သွားဖြစ် တာကိုး၊ ပထမဈာန်ဝိပါက်ရတာပေါ့၊ ဒုတိယဈာန်နဲ့ သေလည်း ဒုတိယဈာန် ဝိပါက်ရတယ်၊ အဲသလိုသွားမယ်။

မေး – သတိပဋ္ဌာန်အားထုတ်ရင် ဝိပဿနာ ရနိုင်ပါသလား။

ဖြေ – မရနိုင်ဘူး၊ ဝိပဿနာက တစ်လမ်း မရနိုင်ဘူး။

မေး – သမထဆိုရင်ကော

ဖြေ – ခုနဟာလို လုပ်ယူရမယ်၊ ဘာကြောင့်လဲဆို ဝိပဿနာက အာရုံတစ်ခုထဲ စွဲထားတာ မဟုတ်ဘူး၊ ဝိပဿနာမှာရတဲ့ သမာဓိက သမထမှာရတဲ့ သမာဓိလောက် အားမရှိဘူး၊ အဲသလောက်လည်းမလိုဘူး၊ ဝင်သက် ထွက်သက်ကိုပဲ သမထနည်း အားထုတ်မယ်၊ ဝိပဿနာနည်း အားထုတ် မယ်။

သမထနည်း အားထုတ်ပြီဆိုရင် ဝင်သက်ထွက်သက် တစ်ခုထဲကိုပဲ

စိတ်တည်ကြည်အောင် ထားရမယ်၊ ဘေးဟာတွေကို ဘာမှ အရေးမလုပ်နဲ့၊ ဆိုပါတော့ ဝင်–၁၊ ထွက်–၁နဲ့ ရေတဲ့နည်းတွေလည်းရှိတယ်၊ ဘာကိုပဲ လုပ်လုပ် ဒီဟာကိုပဲ ဆုပ်ကိုင်ထားတဲ့နည်း၊ အဲဒီနည်းက သမထနည်း။

ဝိပဿနာ နည်းကျတော့ ဝင်သက် ထွက်သက်ကိုတော့ ရှုတာပဲ၊ ဒါပေမယ်လို့ ရှုပုံချင်းလည်း ကွာတယ်၊ သမထနည်းတုန်းက ဝင်တယ် ထွက်တယ်လို့ သာမန်ရှုတာပဲ၊ ပညတ်အနေနဲ့ ရှုတာ၊ ဝိပဿနာနည်း ကျတော့ ဒါကို ပရမတ်မြင်အောင်ရှုတာ၊ ပရမတ်ဆိုတာ သူ့သဘောကို တကယ်ပေါ်အောင် ရှုတာ။

ထွက်လေဝင်လေဆိုတာ ဝါယောဓာတ်၊ ဝါယောဓာတ်မှာ တွန်းကန် တတ်တဲ့ သဘော, ထောက်ကန်တတ်တဲ့သဘောရှိတယ်၊ အဲဒီသဘောကို မြင်အောင် ဂရုစိုက်ပြီးတော့ ရှုရတာ၊ ဦးတည်ချက်က အဲသလိုသွားတယ်၊ ဟို (သမထ)မှာဒီဟာကို မြင်အောင်ရှုတာမဟုတ်ဘူး၊ သူက ပညတ်ပဲ။

ပြီးတော့ ဝိပဿနာအားထုတ်တဲ့အခါကျတော့ သူရှုနေပေမယ်လို့ ဘေးကအသံမြည်လာတယ်၊ ကျယ်လောင်တဲ့အသံကြီး ကြားရင် အဲဒီ အသံကို ရှုရတယ်၊ ကိုယ့်စိတ်က ရှုနေတဲ့ကြားက ပြေးသွားတယ်၊ အဲဒီ ပြေးသွားတဲ့စိတ်ကို ရှုရတယ်၊ တစ်ခါတလေစိတ်တိုလာတယ်၊ စိတ်တို တာကို ရှုရတယ်၊ တစ်ခါတလေ ပျော်လာတယ်၊ ပျော်တာကိုရှုရတယ်၊ တစ်နေရာက နာလာရင် နာတာကိုရှုရတယ်၊ ပစ္စုပ္ပန်အခိုက်အတန့်မှာ ထင်ရှားနေတာ မှန်သမျှတွေကို ရှုရတယ်၊ အဲဒါ ဝိပဿနာ။

သမထလုပ်နေပြီဆိုရင် နာနေလည်းနေပဲ၊ ဒီတစ်ခုထဲကိုပဲ ရှုတာ၊ ရှုတော့လည်း ခုနလို ထွက်သက်ဝင်သက် ပညတ်ရှုတာ။

ဝိပဿနာကျတော့ ပရမတ် ထိုးဖောက်နိုင်အောင် ကြိုးစားရတာ၊ အစကတော့ ပညတ်နဲ့ပဲစရတာပဲ၊ ပညတ်မပါပဲနဲ့တော့ မရဘူး၊ ကြာလာတော့ ခုနသဘော မြင်တယ်။

သမထမှာ သမာဓိအားကောင်းကောင်းကြီးလိုတယ်၊ ဝိပဿနာမှာ သမထလောက် မလိုဘူး၊ သို့သော် သမာဓိမပါပဲနဲ့တော့ မဖြစ်ဘူးပေါ့။

သမထနဲ့ဝိပဿနာမှာ သမထအရင်အားထုတ်ပြီး ဝိပဿနာအားထုတ် လို့လည်းရတယ်၊ ဝိပဿနာအားထုတ်ပြီးမှ သမထ သဘောပါတာ

လည်းရတယ်၊ သမထနဲ့ ဝိပဿနာကို အစုံ, အစုံ အားထုတ်တဲ့နည်းလည်း ရှိတယ်၊ အဲသလို အမျိုးမျိုးရှိတယ်။

ရှေးတုန်းကတော့ အချိန်လည်း များများပေးနိုင်ကြတယ်၊ ဆိုပါတော့ မြတ်စွာဘုရား သက်တော်ထင်ရှားရှိတဲ့အခါ, မြတ်စွာဘုရား မရှိတော့လည်း တပည့်ကြီးတွေရှိသေးတဲ့အခါ, လူတွေက ဈာန်ကို ပိုပြီး လေ့လာတယ်၊ ဈာန် ပထမရအောင် အားထုတ်လိုက်တယ်၊ အဲသလို အားထုတ်ပြီးမှ အဲဒီဈာန်ကို အနိစ္စ, ဒုက္ခ, အနတ္တ မြင်အောင်ရှုတာ၊ ဈာန်ကို ရှုတာ၊ ခုနပြောတဲ့ ဝိတက်ဝိစာရကိုပဲရှုတာ၊ အဲဒီတော့ ဝိပဿနာ ဖြစ်သွားရော၊ ပထမက သမထနဲ့ ဈာန်ရအောင် အားထုတ်လိုက်တယ်၊ ဒီဈာန်ကို ဝိပဿနာရှုတာ။

သို့မဟုတ် ဈာန်ဝင်စားတယ်၊ဈာန်ကနေပြီး ထလိုက်တယ်။ (ထတာ လူထတာ မဟုတ်ဘူး၊ စိတ်ထတာ) ဈာန်ကနေထပြီးတော့ ရှုချင်တာကို ဝိပဿနာရှုလိုက်တယ်၊ အဲဒါက သမထအရင် အားထုတ်ပြီး ဝိပဿနာ သွားတဲ့နည်း။

ဝိပဿနာအားထုတ်ပြီး သမထဆိုတာက ဈာန်ရတဲ့ သမထမျိုး မဟုတ်ဘူး၊ စ,စချင်း ဝိပဿနာ အားထုတ်ပြီး တစ်ချိန်ကျတော့စိတ်က တည်သွားတာ၊ အဲဒါကိုပဲ သမထလို့ ခေါ်တာ၊ အဲဒါ ဈာန်ရအောင် အားထုတ်တဲ့ သမထ မဟုတ်ဘူး၊ အဲသလို စိတ်တည်ပြီးတော့ ရုပ်နာမ် သဘောတွေ မြင်ကုန်တာ။

အစုံ အစုံ အားထုတ်တယ်၊ တွဲပြီးတော့ အားထုတ်တယ် ဆိုတာ ကျတော့ ပထမဈာန်ဝင်စားလိုက်တယ်၊ ပထမဈာန်ကထပြီးတော့ သူ့ကိုပဲရှုလိုက်တယ်၊ ပြီးတော့ ဒုတိယဈာန် ဝင်စားတယ်၊ ရှုတယ်၊ ဝင်စားတာက သမထ, ရှုတာက ဝိပဿနာ၊ တတိယဈာန် ဝင်စားတယ်၊ ရှုတယ်၊ အဲသလို လုပ်,လုပ်သွားရင်းနဲ့ ဝိပဿနာ တက်သွားတာ။

အဲဒါက အစုံအစုံ အားထုတ်တာ၊ တွဲအားထုတ်တာပေါ့လေ။

## အရူပါဝစရစိတ် ၁၂ -ပါး
## အရူပါဝစရကုသိုလ်စိတ် ၄-ပါး

၁။ အာကာသာနဉ္စာယတန စိတ် (၇၀)
၂။ ဝိညာဏဉ္စာယတန စိတ် (၇၁)
၃။ အာကိဉ္စညာယတန စိတ် (၇၂)
၄။ နေဝသညာနာသညာယတန စိတ် (၇၃)

## အရူပါဝစရဝိပါက်စိတ် ၄-ပါး

၁-၄။ အရူပါဝစရကုသိုလ်စိတ် ၄-ပါးနှင့်တူ။ (၇၄-၇၇)

## အရူပါဝစရကြိယာစိတ် ၄-ပါး

၁-၃။ အရူပါဝစရကုသိုလ်စိတ် ၄-ပါးနှင့်တူ။ (၇၈-၈၁)

၁။ အဆုံးမရှိသော ကောင်းကင်ပညတ်ကို အာရုံပြုသော ဈာန်နှင့်ယှဉ်သောစိတ်။
၂။ အဆုံးမရှိသော ပထမအရူပါဝစရစိတ်ကို အာရုံပြုသော ဈာန်နှင့် ယှဉ်သော စိတ်။
၃။ ပထမ အရူပါဝစရစိတ်၏ မရှိခြင်း (နတ္ထိဘော) ပညတ်ကို အာရုံပြုသော ဈာန်နှင့် ယှဉ်သောစိတ်။
၄။ ရုန့်ရင်းသော သညာကား မရှိ၊ သိမ်မွေ့သော သညာ မရှိသည် မဟုတ်သော မနာယတန၊ ဓမ္မာယတန၌ ပါဝင်သောစိတ်။

| အရူပါဝစရစိတ် | မှီတွယ်အပ်အာရုံ | လွန်မြောက်အပ်အာရုံ |
|---|---|---|
| ၁။ ပထမစိတ် | ကောင်းကင်ပညတ် | ကသိုဏ်းပညတ် |
| ၂။ ဒုတိယစိတ် | ပထမအရူပါဝစရစိတ် | ကောင်းကင်ပညတ် |
| ၃။ တတိယစိတ် | နတ္ထိဘောပညတ် | ပထမအရူပါဝစရစိတ် |
| ၄။ စတုတ္ထစိတ် | တတိယအရူပါဝစရစိတ် | နတ္ထိဘောပညတ် |

အရူပါဝစရစိတ် ၄-ပါးလုံး ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်သာ ယှဉ်ကြသည်၊ ထို့ကြောင့် အရူပါဝစရစိတ် အားလုံးကို ပဉ္စမဈာန်၌ ထည့်သွင်းရသည်။

# အဘိဓမ္မာသင်တန်း (၇)

## စိတ်ပိုင်း

### အရူပါဝစရစိတ် ၁၂-ပါး

ဒီနေ့ စက်တင်ဘာလ (၁၅)ရက်၊ လွန်ခဲ့တဲ့ အပတ်က ရူပါဝစရစိတ်ကို လေ့လာခဲ့ကြတယ်၊ အဲဒီရူပါဝစရစိတ်ကို (Higher consciousness) လို့ ပြောခဲ့တယ်၊ အခုခေတ်က (Higherconsciousness) ခေတ်စားနေတယ်၊ သူတို့ကလည်း ဘာတွေမှန်းလဲမသိဘူး၊ သူတို့ကိုယ်သူတို့ (Higher conscious-ness) လုပ်နေတယ်။

အဲဒီတော့ ပထမအကုသိုလ်စိတ်ကစပြီးလာခဲ့တာ၊ အကုသိုလ်စိတ်, အဟိတ်စိတ်, ကာမာဝစရသောဘနစိတ်, အကုသိုလ်စိတ်-၁၂, အဟိတ်စိတ် ၁၈, ကာမာဝစရသောဘနစိတ်-၂၄၊ အားလုံးပေါင်း ၅၄၊ အဲဒီ ၅၄ ကို ကာမာဝစရစိတ်လို့ခေါ်တယ်။

ကာမာဝစရစိတ်ဆိုတာ သာမန်ပုဂ္ဂိုလ်တွေအနေနဲ့ ရနိုင်တဲ့စိတ်မျိုး, သာမန်ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ ဖြစ်နိုင်တဲ့စိတ်မျိုး၊ အကုသိုလ်စိတ် ၁၂-ဆိုတာ သာမန်ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာဖြစ်တယ်၊ အဟိတ်စိတ်တွေဆိုတာ ဖြစ်တယ်၊ ကာမာဝစရစိတ်တွေလည်း ရိုးရိုးပုဂ္ဂိုလ်တွေမှာ ဖြစ်တယ်၊ ရိုးရိုးပုဂ္ဂိုလ်ဆိုတာ ဒီနေရာမှာ ဈာန်မရတဲ့ ပုဂ္ဂိုလ်တွေကို ဆိုလိုတာ။

အဲဒီနောက်မှာ ရူပါဝစရစိတ် ဆိုတာကျတော့ ဈာန်စိတ်တွေ ဖြစ်သွားတာ၊ ဒီစိတ်က ထူးခြားတဲ့ ပုဂ္ဂိုလ်တွေမှရတာ၊ ထက်မြက်တဲ့ ပုဂ္ဂိုလ် (စာစကားနဲ့ပြောရင်) တိဟိတ်ပုဂ္ဂိုလ်တွေမှာ ရနိုင်တဲ့စိတ်မျိုး၊ ဒါဟာ ဈာန်စိတ်ပဲ။

အဲဒီ ဈာန်စိတ်ကလည်း ၂- မျိုးရှိတယ်၊ ရူပါဝစရဈာန်စိတ်, အရူပဝစရ ဈာန်စိတ်။

ရူပါဝစရဈာန်စိတ် ဆိုတာ လွန်ခဲ့တဲ့ အပတ်က လေ့လာခဲ့တဲ့ စိတ်တွေ၊ ဒီဈာန်တွေရရင် ဒီဈာန်တွေ မပျောက်မပျက်ပဲနဲ့ သေသွားရင်, ရူပါဝစရ ဗြဟ္မာ့ဘုံ ရောက်မယ်၊ သူ့အကျိုး အနေနဲ့ ရူပါဝစရဗြဟ္မာ့ဘုံမှာ သွားပြီးတော့ ဗြဟ္မာအဖြစ် ပဋိသန္ဓေနေမယ်၊ သို့မဟုတ် ဗြဟ္မာအဖြစ် မွေးဖွားမယ်ပေါ့၊ အဲဒီဈာန်စိတ်တွေကို ရူပါဝစရဈာန်လို့ ခေါ်တယ်။

အဲဒီ ရူပါဝစရဈာန်က ဘယ်နှစ်ပါးရှိသလဲ၊ ရူပါဝစရဈာန်က–၁၅ပါး၊ ကုသိုလ် ၅–ပါး၊ ဝိပါက် ၅–ပါး၊ ကြိယာ ၅–ပါး။

ကုသိုလ် ၅–ပါးက သာမညပြောရင် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်။

အဲဒီတော့ ပုဂ္ဂိုလ်တစ်ယောက်က ဒီဈာန် ၅–ပါးလုံး ရပြီးပြီဆိုပါတော့၊ အဲသလို ရပြီးတဲ့နောက် ဒီထက်အထက်တန်းကျတဲ့ ဈာန်တွေလည်း တက်ချင်သေးတယ်၊ ဒီလိုလာမှာပေါ့။

အဲသလိုဒီဈာန်တွေရပြီးတဲ့နောက် ဒီထက်ကောင်းတဲ့ ဈာန်တွေကို တက်ချင်သေးရင် အရူပါဝစရဈာန်တွေရအောင် အားထုတ်ရမယ်၊ တစ်နည်းအားဖြင့် လောကမှာလူတွေဆိုတာ အစွန်းရောက်တဲ့သူတွေ ရှိတတ်တယ်၊ တိဟိတ်ပုဂ္ဂိုလ်လည်း ရောက်တာပဲ၊ ဈာန်ရပြီးတဲ့ ပုဂ္ဂိုလ်တွေလည်း ရောက်တာပဲ၊ အဲဒီတော့ သူတို့တွေက ဘယ်လို ယူဆတဲ့ ပုဂ္ဂိုလ်တွေ ရှိသလဲ ဆိုတော့ "ငါတို့မှာ ဒီရုပ် ခန္ဓာကြီးရှိနေလို့ နာကျင်ကိုက်ခဲတဲ့ ဒုက္ခတွေ ခံစားနေရတယ်, ရောဂါဝေဒနာတွေ ခံစားနေရတယ်, ဒီရုပ် ကိုယ်ခန္ဓာကြီးသာမရှိရင် ဒါတွေ ခံစားရမှာ မဟုတ်ဘူး၊ ဒို့ဟာ သိပ်ချမ်းသာမှာပဲ အဲသလို အယူအဆရှိပြီး သူဟာ ရုပ်ခန္ဓာကိုမုန်းတဲ့သူ ဖြစ်သွားတယ်၊ ဒီရုပ်ခန္ဓာကြီး လုံးဝမရှိရင် သိပ်ကောင်းမှာပဲလို့ တွေးမိတယ်။

အဲဒီလို ဆန္ဒရှိပြီးတော့ ရုပ်ခန္ဓာမရှိရာ ဘုံရောက်အောင် ဆိုပြီး ဒီဈာန်ကို အားထုတ်တယ်၊ ရူပါဝစရဈာန်ကနေပြီး အရူပါဝစရဈာန် တက်တယ်။

အရူပါဝစရဈာန်ရရင်, အရူပါဝစရဈာန်နဲ့ သေသွားရင်, အရူပါဝစရ

ဗြဟ္မာ့ဘုံကို ရောက်သွားမယ်၊ အဲဒီ အရူပါဝစရ ဘုံဆိုတာက ရုပ်လုံးဝ မရှိဘူး၊ နာမ်သက်သက်၊ စိတ်နဲ့ စေတသိက် နာမ်သက်သက်သာရှိတဲ့ဘုံ။

အဲဒီတော့ ရုပ်သာရှိတဲ့ ဗြဟ္မာ၊ နာမ်သာရှိတဲ့ ဗြဟ္မာ၊ ရုပ်နာမ် နှစ်မျိုးရှိတဲ့ ဗြဟ္မာလို့ ရှိတဲ့ အနက်မှာ လွန်ခဲ့တဲ့ အပတ်က လေ့လာခဲ့တဲ့ ရူပါဝစရစိတ် ၁၅-ပါးက ရုပ်သာရှိတဲ့ ဗြဟ္မာရယ်, ရုပ်နာမ်နှစ်မျိုးရှိတဲ့ ဗြဟ္မာရယ်, အဲဒီဘုံတွေ ရောက်စေနိုင်တယ်။

ယခု အရူပါဝစရစျာန်က အရူပါဝစရဘုံရောက်မယ်၊ ရုပ်လုံးဝမရှိဘူး၊ နာမ်သက်သက်ရှိတဲ့ဘုံ၊ အဲဒီဘုံကိုရောက်စေတယ်၊ သူတို့အနေနဲ့ ဒီဘုံကို ရောက်သွားနိုင် ချမ်းသာတယ်ပေါ့။

ခန္ဓာကိုယ်နဲ့ပတ်သက်တဲ့ ဒုက္ခတော့မရှိဘူးပေါ့၊ နာကျင်ကိုက်ခဲတာ, အိုတာပေါ့၊ အဲသလိုမရှိတော့ ချမ်းသာတယ်ဆိုတာ ဟုတ်သလောက်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒါက အစစ်အမှန် ချမ်းသာမျိုးတော့ မဟုတ်သေးဘူး၊ သို့သော်ဒီချမ်းသာက အလွန်အထက်တန်းကျသွားပြီ။

ကောင်းပြီ၊ အဲသလို အားထုတ်ချင်တဲ့ပုဂ္ဂိုလ်, ဈာန် ၅-ပါးရပြီးတဲ့နောက် အထက်ဈာန်ကို တက်ချင်တဲ့ ပုဂ္ဂိုလ်က ဘာတွေ လုပ်ရမှာတုန်းဆိုတော့ ကမ္မဋ္ဌာန်း ၄၀-ထဲမှာ ကသိုဏ်းဆိုတာရှိတယ် မဟုတ်လား၊ (ကသိုဏ်း ၁၀-ပါး ဟိုနေ့က ပြောပြီးပြီ) ကသိုဏ်း၁၀-ပါးထဲမှာ အာကာသကသိုဏ်းဆိုတာကလွဲလို့ အခြားကသိုဏ်း ၉-ပါးတစ်ခုခုကို အားထုတ်ရမယ်, အဲဒီ ၉-ပါး ဆိုင်ရာ ကမ္မဋ္ဌာန်းကို အားထုတ်ရတယ်။

ဆိုပါတော့, ပုဂ္ဂိုလ်တစ်ယောက်က ပထမဆုံး ကသိုဏ်းဖြစ်တဲ့ ပထဝီကသိုဏ်း (မြေကြီးကိုကြည့်ပြီး ဈာန်ရအောင် အားထုတ်တာ)ကို ရှုပြီးတော့ ပထဝီကသိုဏ်း ရှုတာလည်း ကြိုးစားပြီး လုပ်ရတဲ့ ပုဂ္ဂိုလ်ဆိုရင် ကသိုဏ်းဝန်းလေး အရင်လုပ်ရတယ်၊ အဝတ်ကို ဘောင်မှာကြက်ပြီးတော့ အဝတ်ပေါ်မှာ မြေကြီးခဲ ရွှံ့ခဲတွေ သုတ်ရတယ်၊ အဲဒါကို ကြည့်ပြီး မြေကြီး, မြေကြီးနဲ့ စိတ်တည်ငြိမ် အောင်လုပ်ပြီး ဈာန်ရအောင် အားထုတ်တာ။

အဲသလိုဈာန်ရအောင် အားထုတ်တဲ့အခါကျတော့ ပထမဦးစွာ မြေကြီးကို ကြည့်ပြီး မြေကြီး, မြေကြီးနဲ့ ဒီလိုရွတ်ဆို အားထုတ်နေရတာ၊ အဲဒီလို အားထုတ်ရာကနေ မျက်စိမှိတ်ကြည့် လိုက်ပေမယ်လို့ ဒီဟာကို မြင်လာတယ်၊ ဥဂ္ဂဟနိမိတ် ရသွားပြီ။

အဲသလိုရသွားတဲ့နောက် အားထုတ်လိုက်တဲ့အခါကျတော့ အလွန်ကို သန့်ရှင်းတဲ့ နိမိတ်ထင်လာတယ်၊ လွန်ခဲ့တဲ့ ဥဂ္ဂဟနိမိတ်တုန်းက လက်ရာတွေ ဘာတွေရှိရင် မြင်တယ်၊ ဒီနိမိတ်ကျတော့ လက်ရာတွေဘာတွေပျောက်ပြီး တကယ့်ကို ပွတ်တိုက်ထားတဲ့ ကြေးမုံများလို သန့်ရှင်းပြီး မြင်လာတာကို ပဋိဘာဂနိမိတ်လို့ ခေါ်တယ်။

အဲဒီ ပဋိဘာဂနိမိတ်ကို ရပြီးတဲ့နောက် ပဋိဘာဂနိမိတ်ကိုပဲ ဆက်ပြီးတော့ အထပ်ထပ် အာရုံပြုပွားများလိုက်တဲ့အခါကျတော့ ဈာန်စိတ်ဆိုတာ ဖြစ်လာတယ်။

အဲဒီဈာန်စိတ်ဟာ ဘယ်ကို အာရုံပြုသလဲဆိုရင် ပထဝီကသိုဏ်း နိမိတ်ကို အာရုံပြုတယ်၊ ပညတ်လို့ခေါ်ရတယ်၊ သူဟာ တကယ့် ပထဝီကသိုဏ်း အစစ် မဟုတ်ဘူး၊ အဲဒီ ပထဝီကသိုဏ်းရဲ့ အတုဖြစ်တဲ့ စိတ်ထဲမှာပေါ်နေတဲ့ Image၊ အဲဒါကြောင့် သူ့ကို ပညတ်လို့ခေါ်တယ်၊ ကသိုဏ်းပညတ်။

အဲဒီလိုနဲ့ သူဆက်ပြီး အားထုတ်လို့ ပဉ္စမဈာန်ထိအောင် ရသွားပြီဆိုပါတော့၊ ပထမဈာန်ရတယ်၊ ဝိတက်ပယ်လိုက်တော့ ဒုတိယဈာန်ရတယ်၊ ဝိစာရပယ်လိုက်တော့ တတိယဈာန်ရတယ်၊ ပီတိပယ်လိုက်တော့ စတုတ္ထဈာန် ရတယ်၊ သုခပယ်လိုက်တော့ ပဉ္စမဈာန်ရတယ်။

ပဉ္စမဈာန်ရပြီးတဲ့နောက် သူက ဘယ်လိုအားထုတ်ရမှာတုန်းဆိုတော့"ကသိုဏ်း ၉–ပါးတို့တွင် တစ်ပါးပါးကိုခွာ၍ ရအပ်သောကောင်းကင်ပညတ်ကို အာရုံပြုပြီးတော့ ဒီဈာန် (အရူပါဝစရဈာန်) ရအောင် အားထုတ်ရမယ်။

ကသိုဏ်း ၉–ပါးဆိုတာ ကသိုဏ်း ၁၀–ပါးတုန်းက အာကာသဆိုတာကို ချန်ထားတယ်၊ အာကာသဆိုတာက ကွက်လပ်ကိုး၊ Space ဆိုတော့ ဒီမှာ လုပ်မရလို့ ချန်ထားတာ။

ကောင်းပြီ ခွာတယ်ဆိုတာဘာလဲ၊ ပါဠိစကားမှာ ခွာတယ်ဆိုတဲ့ စကားလုံးကို သုံးထားတယ်၊ မြန်မာမှာလဲ ဒီအတိုင်း လိုက်သုံးထားတယ်။

ခွာတယ်ဆိုတာ ဖျာခင်းထားတာ ရုပ်လိုက်သလို ခွာတာမျိုးလား၊ သို့မဟုတ် မုန့်ဆီကြော်ကြော်တော့ ဒယ်အိုးက ခွာတာမျိုးလား၊ ဒီလိုမဟုတ်ဘူးတဲ့၊ အမှန်ကတော့ ခုနလိုကသိုဏ်း နိမိတ်ကို အာရုံပြုပြီးတော့ ဈာန်ရအောင် အားထုတ်ပြီးတဲ့နောက် အဲဒီကသိုဏ်း နိမိတ်ကို လုံးဝ အာရုံမပြုတော့တာ၊ သူ့(ကသိုဏ်းနိမိတ်)ကို ignore လုပ်လိုက်တာ၊ အဲဒါကိုပဲ ခွာတယ် ပြောတာ၊ သူ့ (ကသိုဏ်းနိမိတ်)ကို စိတ်မဝင်စားတော့တာဆို ကြပါစို့၊ သူ့ကို မရှုတော့တာ၊ အဲဒါကို ခွာတယ်လို့ ပြောတာ၊ ခွာတယ်ဆိုတာ ပယ်လိုက်တာပဲ။

အဲဒီလို သူ့ (ကသိုဏ်းနိမိတ်)ကို ignore လုပ်လိုက်တဲ့ အခါကျတော့ အဲဒီနိမိတ် ပျောက်သွားတယ်၊ အဲဒီနိမိတ်နေရာမှာ ကွက်လပ်ကြီး ကျန်ခဲ့တယ်၊ အဲဒီကွက်လပ်ဟာ အာကာသ, အာကာသဆိုတာ space.

အဲဒီကွက်လပ်ကိုမှ အာရုံပြုပြီးတော့ အာကာသအပိုင်းအခြားမရှိဘူး၊ အပိုင်းအခြားမရှိတဲ့ အာကာသ, အပိုင်းအခြားမရှိတဲ့ အာကာသဆိုပြီးတော့ ဒီလိုပွားများရတယ်။

အဲသလိုပွားများလို့ အောင်လာပြီဆိုတဲ့အခါကျတော့ အရူပါဝစရ ပထမဈာန်စိတ် လာဖြစ်တယ်၊ ပထမဈာန်ရတယ်။

အဲဒီတော့ အရူပါဝစရပထမဈာန်က ဘယ်ကိုအာရုံပြုသလဲမေးရင် ဘယ့်နှယ်ဖြေမလဲ၊ ကောင်းကင်ပညတ်ကို အာရုံပြုတယ်ဖြေရမယ်၊ အဲဒီကောင်းကင် ပညတ်ကလည်း ကသိုဏ်း ၉–ပါးတို့မှာ တစ်ခုခုကိုခွာပြီးတော့ ကျန်ရစ်တဲ့ ကောင်းကင်ပညတ်၊ ရိုးရိုးကောင်းကင်ပညတ်မဟုတ်ဘူး၊ ကောင်းကင်ကြီးကြည့်ပြီး ပွားများရတာမဟုတ်ဘူး၊ ကသိုဏ်းပွားများ, ကသိုဏ်းနိမိတ်ကို ပျောက်အောင်လုပ်လိုက်တော့ ကသိုဏ်းနိမိတ်ပျောက်တဲ့နေရာမှာ ကျန်ရစ်တဲ့ ကွက်လပ်ကို အာရုံပြုပြီးတော့ ပွားများရတဲ့ ဘာဝနာ, ဒီဘာဝနာကို အမှီပြုပြီးတော့ရတဲ့ ဈာန်ကို အာကာသာနဉ္စာယတနဈာန်၊ အဲဒါပထမအရူပါဝစရစိတ်တဲ့၊

အခိပ္ပါယ်ကိုတော့ နောက်မှရှင်းမယ်၊ ပုဒ်နဲ့ သူ့အဓိပ္ပါယ်နဲ့ကို ရှင်းပြီးသားပါပါတယ်။

ကဲ... အရူပါဝစရ ပထမဈာန်ကိုရသွားပြီ၊ ရသွားပြီးရင် သူထပ်ထပ်ဝင်စားလို့ရတယ်၊ အဲဒီဈာန်တွေ ရသွားရင် အောက်ဈာန်တွေ ပျောက်လာမယ်၊ သူက အထက်တန်းကျတဲ့ ဈာန်ရတာကိုး၊ အထက်တန်းကျတဲ့ ဈာန်ရတော့ အောက်ဈာန်ကို အရေးမလုပ်တော့ဘူးပေါ့လေ။

**မေး** – ပထမဈာန်နဲ့ မတူဘူးပေါ့နော်။

**ဖြေ** – မတူဘူး၊ ဟိုက ရူပါဝစရဈာန်၊ ဒါက အရူပါဝစရဈာန်၊ တော်တော်ကြာကျရင် ဈာန် အင်္ဂါတွေပါ ပြောပြမယ်၊ ဈာန် အင်္ဂါဘယ်နှစ်ပါးရှိတယ်ဆိုတာ ပြောပြပြီးတာနဲ့ စာအုပ်ထဲဖတ်ပြီးရင် သိမှာပဲ။

ကောင်းပြီ အဲသလို ပထမဈာန်ရပြီးတဲ့နောက် ဆက်လက်ပြီးတော့ သူက ရှေ့တက်ချင်လာပြန်တယ်၊ ဒီထက် ကောင်းတဲ့ဈာန် ရချင်လာတယ်၊ ဒီအာကာသာနဉ္စာယတနဈာန်ဆိုတာက ရူပပဉ္စမဈာန်နဲ့ နီးတယ်၊ နီးတော့ အနှောင့်အယှက်

ရန်သူနဲ့ နီးတယ်၊ နီးတော့ သိပ်မဟုတ်သေးဘူး၊ သူ့ထက်သိမ်မွေ့တဲ့ ဒုတိယ အရူပါဝစရဈာန် တက်ဦးမှပဲဆိုပြီး ဒုတိယ အရူပါဝစရဈာန်ရအောင် အားထုတ်ပြန်တယ်။

အားထုတ်တဲ့ အခါကျ ဘာလုပ်ရသလဲဆိုတော့ ပထမအရူပါဝစရဈာန်စိတ်ကိုပဲ ပြန်ရှုရတယ်၊ ပထမအရူပါဝစရဈာန်ကို ဝင်စားလိုက်တယ်၊ ဝင်စားပြီးတော့ ဒီဈာန်က ထလိုက်တယ်၊ ထတယ်ဆိုတာ ဆက်မဝင်စားတော့တာ။

ထပြီးတဲ့နောက် ပထမအရူပါဝစရဈာန်စိတ်ကိုပဲ "ပထမအရူပါဝစရဈာန်စိတ်ဟာ အဆုံးအပိုင်း အခြားမရှိဘူး, အပိုင်းအခြားမရှိတဲ့စိတ်ပဲ, အပိုင်းအခြားမရှိတဲ့ စိတ်ပဲ"လို့ အထပ်ထပ် ရှုရတယ်၊ အနန္တ ဝိညာဏံ အနန္တ ဝိညာဏံလို့ပါသေးတယ်။

အဲသလိုရှုရင်းနဲ့ ဘာဝနာကမ္မဋ္ဌာန်း အောင်မြင်တဲ့အခါကျတော့ ဒုတိယ အရူပါဝစရဈာန်ပေါ်လာတော့တယ်၊ အဲဒီ ဒုတိယအရူပါဝစရဈာန်ကို ဝိညာဏဉ္စာယတနဈာန်လို့ ခေါ်တယ်၊ ဝိညာဏဉ္စာလို့ အသံထွက်ရမယ်၊ ဝိညာဏဥ္စလို့ အသံထွက်ရဘူး။

ဒါဖြင့် အဲဒီဝိညာဏဉ္စာယတနဈာန်က ဘယ်ကိုအာရုံပြုလဲ, ဘာကို အာရုံပြုလဲ, ပထမအရူပါ ဝစရစိတ်၊ ဦးဇင်းတို့ ကျမ်းဂန်စကားနဲ့ပြောရင် ပထမရုပ္ပဝိညာဉ်လို့ ခေါ်တယ်၊ ဒီထဲမှာ ထည့်မရေးထားဘူး၊ ပထမအရူပါဝစရစိတ်နဲ့ ပထမရုပ္ပဝိညာဉ်လို့ပြောတာ အတူတူပဲ။

ဒါကြောင့်မို့ ဒုတိယအရူပါဝစရစိတ်က ပထမအရူပါဝစရစိတ်ကို အာရုံပြုတယ်၊ ဟုတ်ပြီနော်။

တစ်ခါ အထက်တက်ချင်ပြန်တယ်၊ သူ့ထက်ကောင်းတာရှိရင် လိုချင်သေးတာပေါ့လေ၊ သူ့ထက် သိမ်မွေ့တာရှိရင် သွားချင်တယ်၊ ဝိညာဏဉ္စာယတနဈာန်ကလည်း အာကာသာနဉ္စာယတနဈာန်နဲ့ နီးနေသေးတယ်၊ အာကာသာနဉ္စာယတနဈာန်ကလည်း ပဥ္စမဈာန်နဲ့ နီးနေသေးတယ်၊ အဲဒီတော့ ဝေးနိုင်သမျှ ဝေးအောင် ခွာမယ်ပေါ့။

ကျမ်းဂန်တွေမှာ ဘာနဲ့ ဥပမာပေးထားသလဲဆိုရင် တစ္ဆေကြောက်တတ်တဲ့ သူဟာ သစ်ငုတ်တွေလည်း တစ္ဆေထင်ပြီး ကြောက်နေတာပဲ၊ အရိပ်ကိုလည်း တစ္ဆေထင်ပြီး ကြောက်နေတာပဲ၊ ရုပ်ကို မုန်းတဲ့ ကြောက်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ရုပ်နဲ့ ပတ်သက်တာ မှန်သမျှ အကုန်လုံး မုန်းတော့ ကြောက်တော့တာပဲ၊ ရူပါဝစရစိတ်ကလည်း ရုပ်ကို အာရုံပြုတာကိုး (ပထမရုပ်ကို အာရုံပြုရတယ်၊ နောက်တော့

ကသိုဏ်း ပညတ် အာရုံပြုရတယ်)

အဲဒီတော့ ရုပ်နဲ့ ပတ်သက်တာမှန်ရင် သူက မကြိုက်တော့ ရူပါဝစရဈာန်က ကျော်တက်လာတယ်၊ အရူပါဝစရဈာန် ရောက်တော့လည်း ဟိုဈာန်နဲ့ နီးနေသေးတယ်၊ အိမ်နီးချင်းဖြစ်နေသေးတယ်၊ မဖြစ်သေးဘူး, ဝေးဝေးပြေးမှပဲဆိုပြီး အားထုတ်တာ ဝိညာဏဉ္စာယတနဈာန် ရတယ်၊

အဲဒီကနေ ရှေ့တက်ချင်သေးတယ်၊ ရှေ့တက်ချင်တော့ ဘာကို အာရုံပြုရသလဲ။

ဒုတိယအရူပါဝစရဈာန် ရလိုက်တဲ့ အချိန်မှာ ပထမ အရူပါဝစရဈာန်စိတ်က မရှိတော့ဘူး၊ ပျောက်သွားပြီ၊ စိတ်ဆိုတာ တစ်ခုထဲသာ ဖြစ်နိုင်တယ်၊ နှစ်ခုပြိုင် မဖြစ်နိုင်ဘူး။

ဒုတိယအရူပါဝစရဈာန်စိတ်ရလိုက်တဲ့အခါမှာ ပထမအရူပါဝစရဈာန် စိတ်က မရှိတော့ဘူး၊ အဲဒီ မရှိခြင်းကိုပဲ အာရုံပြုရတယ်။ (တတိယစိတ်ရအောင် အားထုတ်တဲ့ အခါကျတော့)

ဒါကြောင့်မို့ ပထမအရူပါဝစရစိတ်၏ မရှိခြင်း (မရှိခြင်းဆိုတာ ပါဠိလို့ခေါ်တော့ နတ္ထိ ဘောပညတ်လို့ သုံးတယ်) အဲဒီ မရှိခြင်းဆိုတာက ပရမတ္ထ အားဖြင့် အကောင်အထည် ရှာရတာမဟုတ်ဘူး၊ သို့သော် ဝေါဟာရအနေနဲ့ သုံးနှုန်းထားတယ်၊ (conventionally) ခေါ်ထားတယ်။

ဒါကြောင့်မို့ ပထမ အရူပါဝစရစိတ်၏မရှိခြင်း နတ္ထိဘောပညတ်ကို အာရုံပြုပြီးတော့ မရှိဘူး, မရှိဘူးလို့ ပွားများရတယ်၊ အဲသလို ပွားများတဲ့အခါမှာ အောင်မြင်ပြီးတော့ တတိယ အရူပါဝစရဈာန်စိတ် ဖြစ်လာတယ်။

**မေး** – တတိယ အရူပါဝစရဈာန်စိတ်က ဘာကိုအာရုံပြုရသလဲ။

**ဖြေ** – ပထမဈာန်ရဲ့မရှိခြင်းကို အာရုံပြုရတယ်၊ ပထမဈာန်ကို အာရုံပြုတာ မဟုတ်ဘူးနော်၊ သတိထား၊ ပထမဈာန်ကို အာရုံပြုရင် သူနဲ့မဆိုင်ဘူး၊ ဒုတိယအရူပါဝစရဈာန်ဖြစ်သွားမယ်၊ သူက ပထမဈာန် မရှိတာကို အာရုံပြုတာ၊ တော်တော်ဆန်းတယ်၊ အဲဒီဈာန်တွေကျတော့ သိပ်သိမ်မွေ့တာပဲ၊ ဒုတိယဈာန်ရတဲ့ အချိန်ကျတော့ ပထမဈာန်က ပျောက်သွားပြီ၊ အဲဒီ ပျောက်သွားတဲ့ ပထမဈာန်ရဲ့မရှိခြင်းကိုပဲ အာရုံပြုတယ်၊ မရှိတာကို အာရုံပြုနိုင်တဲ့စိတ်ဆိုတာ တော်တော်ကို အထက်တန်းကျပြီး သိမ်မွေ့တဲ့စိတ်ပဲ၊ ရှိတာတောင်မှ အာရုံပြုဖို့ သိပ်လွယ်တာ မဟုတ်ဘူး၊ ကမ္မဋ္ဌာန်းထိုင်တဲ့အခါကျ ရှိတာတွေအာရုံပြုတာကိုပဲ မငြိမ်နိုင်လို့ စိတ်ကဟိုရောက်, ဒီရောက်နဲ့, အခု မရှိတာကြီး အာရုံပြုနိုင်တယ်၊ အဲဒီစိတ်ကို ပါဠိလို ဘာလို့ ခေါ်သလဲ၊ အာကိဉ္စ

ဉာယတနစိတ်။

အဲဒီ အာကိဉ္စ ဉာယတနစိတ်ဆိုတာ မြတ်စွာဘုရားလောင်း တောထွက်ပြီးနောက် အာဠာရ ရသေ့ကြီးထံမှာ သွားပြီး တပည့်ခံတဲ့အခါမှာ ဒီဈာန်ထိအောင် ရသေ့ကြီးက ဘုရားလောင်းကို ညွှန်ပြပေးနိုင်လို့ ဘုရားလောင်း အဲဒီအချိန်မှာ ဒီဈာန်ရခဲ့တယ်။

ရသေ့ကြီးက အဲဒီဈာန်ထိအောင်တော့ ပြနိုင်တယ်၊ အဲဒါပြပြီးနောက်တော့ ဘုရားလောင်းက သွားမေးတယ်၊ "ဆရာ ဒါပဲလား, နောက်ထပ် မရှိတော့ဘူးလား။ "အေး ငါသိတာ ဒါပဲ, ငါသိသလောက် မင်းသိတယ်, မင်းသိတာနဲ့ ငါသိတာ အတူတူပဲ, အဲဒီတော့ မင်းနဲ့ငါနဲ့ အတူတူ ဒီတပည့်တွေကို အုပ်ချုပ်သွားရအောင်"လို့ အာဠာရ ရသေ့ကြီးကဘုရားလောင်းကို တန်းတူထားပြီး ချီးမြှောက်တာ။

ဒါပေမယ့် ဘုရားလောင်းက မလိုချင်ဘူး, လက်မခံဘူး၊ သူလိုချင်တာက ဒုက္ခ ချုပ်ငြိမ်းတဲ့ နည်းလမ်းကို လိုချင်တာကိုး၊ အဲဒါနဲ့ အဲဒီမှာမနေပဲ ထွက်လာခဲ့တယ်၊ နောက် ဆရာကြီး တစ်ယောက်ထံ ရောက်တယ်၊။

အဲဒီ အာဠာရရသေ့ကြီးထံမှာ ဘုရားလောင်း ရခဲ့တဲ့ဈာန်က တတိယ အရူပါဝစရဈာန်၊ အာကိဉ္စညာယတန ဈာန်ကို ရခဲ့တယ်။

ကောင်းပြီ, ရှေ့တက်ဦးမယ်၊ ရှေ့တက်ဦးမယ်ဆိုတော့ ဘာကို အာရုံပြုပြီး ကမ္မဋ္ဌာန်း စီးဖြန်းရမလဲ၊ ကမ္မဋ္ဌာန်း စီးဖြန်းတယ်ဆိုတာ ပြုစရာ အာရုံတစ်ခုခုတော့ ရှိရတာပဲ၊ ဒီကျတော့ ဘာကိုအာရုံပြုရမလဲ၊ အဲဒီတတိယအရူပါဝစရစိတ်ကို အာရုံပြုရမယ်၊ အာကိဉ္စ ညာယတနစိတ်ကိုပဲအာရုံပြုပြီးတော့ သန္တ မေတံ ပဏီတ မေတံလို့ ပါဠိလို့ခေါ်တယ်၊ ဒီစိတ်ဟာ တကယ်သိမ်မွေ့ပါပေတယ်၊ တကယ် ကောင်းပါပေတယ်လို့ ဒီလို အထပ်ထပ် ပွားရမယ်။

ဒီစိတ်ဟာ ကောင်းလိုက်တာ, ဒီစိတ်ဟာသိမ်မွေ့လိုက်တာ, ဒီစိတ်ဟာမွန်မြတ်လိုက်တာ, ဒီလို ပွားများရတယ်၊ ဒီလို ပွားများတဲ့အခါကျတော့ နီဝရဏတွေ ကင်း, စိတ်တွေငြိမ်, အောင်မြင်မှုရတဲ့အခါကျတော့ စတုတ္ထအရူပါဝစရဈာန်စိတ် ဖြစ်တယ်။

အဲဒီ စတုတ္ထ အရူပါဝစရဈာန်စိတ်ဖြစ်တော့လည်း စတုတ္ထအရူပါ ဝစရဈာန် စိတ်က ဘာကိုအာရုံပြုသလဲ၊ တတိယအရူပါဝစရစိတ်ကို အာရုံပြုတယ်၊ သို့မဟုတ် အာကိဉ္စ ညာယတနစိတ်ကို အာရုံပြုတယ်၊ ဒါဟာ သူ့အာရုံနဲ့ သွားတာ။

အဲဒီတော့ ဒီနေရာမှာ အမေးလေးတွေ ရှိလာတယ်၊ ဒါလေးကောင်းလိုက်တာ၊

ဒါလေးကောင်းလိုက်တာဆိုရင်ဒါလေး လိုချင်တာ မဟုတ်ဘူးလားတဲ့၊ ဒါလေးကို ဘယ်လို လုပ်ကျော်သလဲ၊ ဒါလေးကို ဘယ်လိုလုပ် လွန်မြောက်သွားသလဲတဲ့၊ ဒါလေးကောင်းလိုက်တာပြောရင်ဒါလေး မက်မောနေမယ် မဟုတ်ဘူးလားတဲ့။

ဒါကို အဖြေကလည်း ကျမ်းဂန်ထဲမှာ ရှိတယ်၊ အလွန်ကောင်းတယ်၊ ဘာနဲ့ တူသလဲဆိုရင် ရှင်ဘုရင်ကို ဆင်စွယ် အရုပ်ကလေးတစ်ခုဆက်သတယ်၊ ရှင်ဘုရင်က ကြည့်လိုက်ပြီး ဒီဆင်စွယ်ပန်းပုထုတဲ့ သူကို အကျအနချီးမွမ်းတယ်။

"တော်ပါပေတယ်, ဒီလောက် အနုစိတ်ထုတတ်ပါပေတယ်၊ တော်ပါပေတယ်, တော်ပါပေတယ်လို့ ပြောတယ်၊ တော်ပါပေတယ်လို့ ပြောတဲ့ ဘုရင်ဟာ သူကိုယ်တိုင်ကော ထုတဲ့သူဖြစ်ချင်သလား၊ မဖြစ်ချင်ဘူး၊ ချီးမွမ်းတာကတော့ ချီးမွမ်းတာပဲ၊ သူကိုယ်တိုင် ပန်းပုထုတဲ့သူ မဖြစ်ချင်ဘူး။

ထို့အတူပဲ, ယောဂီပုဂ္ဂိုလ်က ဒီတတိယစိတ်ဟာကောင်းပါပေတယ်, ကောင်းပါပေတယ်, ကောင်းတယ်ဆိုတာက သိမ်မွေ့တယ်, ထူးမြတ်တယ်, ဘာကြောင့်ထူးမြတ်သလဲ၊ မရှိတာတောင် အာရုံပြုနိုင်လို့၊ အရှိမဟုတ်ဘူး၊ မရှိဘူးဆိုတဲ့ နတ္ထိဘောပညတ်ဆိုတာကြီးကို အာရုံပြုနိုင်လို့ ကောင်းပါပေတယ်, တော်ပါပေတယ်လို့ ချီးမွမ်းတယ်၊ ဒါပေမယ်လို့ ဒီဟာကို သူမလိုချင်ဘူးတဲ့, အဲသလိုလာတာ၊ သူ့ဟာသူ အဖုံးအပိတ်အဆို့နဲ့ အကုန်ရှိပြီးသား။

အဲဒီလို လေ့လာလိုက်တော့ အောင်မြင်သွားတော့ စတုတ္ထ အရူပါဝစရဈာန်စိတ်ကိုရသွားပြီ၊ အဲဒီ စတုတ္ထအရူပါဝစရဈာန်စိတ်ကို ဘယ်လိုခေါ်သလဲ၊ နေဝသညာနာသညာယတနစိတ်၊

ကဲ... ပြန်ဆိုပါဦး ပထမစိတ်ကို ဘယ်လို ခေါ်သလဲ။

အာကာသာနဉ္စာယတနစိတ်

ဒုတိယစိတ်ကို – ဝိညာဏဉ္စာယတနစိတ်

တတိယစိတ်ကို – အာကိဉ္စညာယတနစိတ်

စတုတ္ထစိတ်ကို – နေဝသညာနာသညာယတနစိတ်၊ ၄–မျိုးဟုတ်ပြီလား၊ မြန်မာလို အဓိပ္ပါယ်က ဘာတဲ့တုန်း။

အာကာသာနဉ္စာယတနစိတ်ဆိုတာ အဆုံးမရှိသောကောင်းကင် ပညတ်ကို အာရုံပြုသော ဈာန်နှင့်ယှဉ်သောစိတ်။

စာထဲပါတဲ့အတိုင်းပြောရတာ၊ ရှေ့က ရှိသေးတယ်၊ ရှည်မှာစိုးလို့ မထည့်တာ။

အာကာသကြဉ်သော ကသိုဏ်း ၉–ပါးတို့တွင် တစ်ပါးပါးကို ခွာ၍ ရအပ်

သော (ခွာရပါသေးတယ်) အဆုံးမရှိသော ကောင်းကင်ပညတ်ကို အာရုံပြုသော။

စာစကားနဲ့ကျတော့ ကောင်းကင်ပညတ်လျှင် အာရုံရှိသော–အဆုံး အပိုင်း အခြားမရှိသော ကောင်းကင်ပညတ်ကို အာရုံပြုသောဈာန်နှင့် ယှဉ်သောစိတ်ကို အာကာသာနဉ္စာယတနစိတ်လို့ ခေါ်တယ်။

ဟိုနေ့က ပြောခဲ့ပြီး ဈာန်အင်္ဂါရယ်, ဈာန်ရယ်, ဈာန်စိတ်ရယ် မှတ်မိကြရဲ့လား။

ဈာန်အင်္ဂါဆိုတာဘာလဲ၊ အသီးအသီးသော အင်္ဂါတစ်ခုတစ်ခုစီကို ဈာန်အင်္ဂါ ခေါ်တယ်၊ ဝိတက်ကို ဈာန်အင်္ဂါခေါ်တယ်၊ ဝိစာရကို ဈာန်အင်္ဂါခေါ်တယ်။

ဈာန်ဆိုတာ အဲဒီ ၅–ခု၊ ၄–ခု၊ ၃–ခု၊ ၂–ခု အပေါင်းကို ဈာန် ခေါ်တယ်၊ ဈာန်လို့ ပြောလိုက်ရင် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ၅–ပါးစသည်ဖြင့် ရှိတယ်။

ဈာန်စိတ်ဆိုတာ အဲဒီဈာန်အင်္ဂါတွေနဲ့ယှဉ်တဲ့စိတ် ဈာန်အင်္ဂါတွေနဲ့ အတူတကွ ဖြစ်တဲ့စိတ်ကို ဈာန်စိတ်လို့ခေါ်တယ်၊ အခု ဒီမှာ ဦးဇင်းတို့က စိတ် လေ့လာနေတာ ဆိုတော့ စိတ်ဖြစ်အောင် ပြောရတာ၊ အဲဒီစိတ်ဟာ ဈာန်နဲ့ယှဉ်တဲ့စိတ်၊ အဲဒီဈာန်ဟာ အာကာသာနဉ္စာယတနဈာန်, သို့မဟုတ် အဆုံး မရှိသောကောင်းကင် ပညတ်ကို အာရုံပြုပြီးတော့ ဖြစ်တဲ့ဈာန်ရှိတယ်၊ အဲဒီဈာန်နဲ့အတူ ယှဉ်တွဲပြီးတော့ ဖြစ်တဲ့စိတ်၊ အာကာသာနဉ္စာယတနဈာန်စိတ်။

ဒီနေရာမှာ ဦးဇင်းတို့က ကုသိုလ်စိတ်ကိုပဲ လေ့လာနေသေးတဲ့အတွက်ကြောင့် ကုသိုလ်စိတ်ပေါ့၊ ဒါကြောင့်မို့ အာကာသာနဉ္စာယတနဈာန်စိတ်ကိုရအောင် အားထုတ် ချင်ရင်, ဘာကို အာရုံပြုပြီးတော့ ကမ္မဋ္ဌာန်း စီးဖြန်းရမလဲဆိုရင် အဆုံးမရှိသော ကင်းကောင်ပညတ်ကို အာရုံပြုပြီး စီးဖြန်းရမယ်။

အဲဒီကောင်းကင်ပညတ်က ဘယ်ကရတာတုန်း၊ ကသိုဏ်း ၉–ပါးမှာတစ်ပါး ပါးကို ခွာပြီးတော့ရတဲ့ ကောင်းကင်ပညတ်, အာကာသပညတ်, သူက ပညတ်, ပရမတ် မဟုတ်ဘူး။

ဝိညာဏဉ္စာယတနစိတ်ကို မြန်မာလို ဘယ်လိုပြန်တုန်းဆိုရင် အဆုံးမရှိသော ပထမအရူပါဝစရစိတ်ကို အာရုံပြုသောဈာန်နှင့် ယှဉ်သောစိတ်၊ ဝိညာဏဆိုတာ ဒီနေရာမှာ စိတ်ကို ခေါ်တယ်၊ စိတ်ဆိုတာလည်း ပထမအရူပါဝစရစိတ်ကိုဆိုလိုတယ်၊ နောက်ကို ဆက်ထားတဲ့ အာနဉ္စာလေးနဲ့ ဝိညာဏဉ္စာဆိုတာက အဆုံးမရှိတဲ့ ပထမ အရူပါဝစရစိတ်။

ပထမအရူပါဝစရစိတ်ဆိုတာ သူကိုယ်တိုင်က အဆုံးမရှိတဲ့အာရုံကို အာရုံပြု

ထားတာကို။ ကောင်းကင်ပညတ်ကြီးကို အာရုံပြုထားတော့ သူလည်းပဲ အဆုံး မရှိဘူးဆိုရတာပေါ့။

ဒါကြောင့်မို့ ဝိညာဏဉ္စာယတနစိတ်ဆိုတာ အဆုံးမရှိသော ပထမအရူပါ ဝစရစိတ်ကို အာရုံပြုသောဈာန်နှင့်ယှဉ်သောစိတ်။

တတိယစိတ်က အာကိဉ္စာ ညာယတနစိတ်၊ မြန်မာလိုအဓိပ္ပါယ်က ပထမ အရူပါဝစရစိတ်၏မရှိခြင်း (နတ္ထိဘော)ပညတ်ကို အာရုံပြုသောဈာန်နှင့်ယှဉ်သောစိတ်။

သူ့ကျတော့ မရှိခြင်းကိုအာရုံပြုတယ်၊ မရှိခြင်းဆိုတာပရမတ်လား၊ ပညတ် လားမေးရင် ပညတ်ပေါ့၊ မရှိခြင်းဆိုတာ ဘယ်မှာ ပရမတ်ဟုတ်မလဲ၊ ပရမတ်ဆိုတာ ဥပါဒ်, ဌီ, ဘင်လို အရှိတရား၊ သို့မဟုတ် နိဗ္ဗာန်လို တစ်မျိုး အရှိတရားဖြစ်ရမယ်၊ အခု ဘာမှ မရှိဘူးဆိုတာက စိတ်ထဲမှာသာ စဉ်းစားလို့ရတယ်၊ ဘာမှ အကောင် အထည်နဲ့ ပြလို့ရတာ မဟုတ်တဲ့အတွက် ပညတ်လို့ခေါ်တယ်၊ ပါဠိလို နတ္ထိ, နတ္ထိ ဘောပညတ်လို့ ဒီလိုပဲသုံးတယ်။

နတ္ထိဆိုတာ မရှိ၊ ဘာဝဆိုတာအဖြစ် ဘောနဲ့ဘာဝ အတူတူပဲ၊ နတ္ထိဆိုတာ မရှိ ဘောဆိုတာခြင်း နတ္ထိဘောဆိုတာ မရှိခြင်း၊ မရှိခြင်းဆိုတာလည်း သာမန်စိတ်ရဲ့ မရှိခြင်း၊ မဟုတ်ဘူး ပထမအရူပါဝစရစိတ်ရဲ့ မရှိခြင်း။

ဒုတိယစိတ်ကို ရလိုက်တယ်ဆိုရင်ပဲ ပထမစိတ်ကမရှိဘူး၊ အဲဒီ မရှိတဲ့ ပထမစိတ်ကိုပဲအာရုံပြုပြီးတော့ ကမ္မဋ္ဌာန်းအာရုံအဖြစ်နဲ့ တရားအားထုတ်လို့ ရတဲ့ဈာန် ကို အာကိဉ္စညာယတနဈာန်၊ အဲဒီဈာန်နဲ့ ယှဉ်တဲ့စိတ်ကို အာကိဉ္စ ညာယတန ဈာန်စိတ်။

နောက်ဆုံးဟာက ချာချာလည်တာ၊ "ရန့်ရင်းသောသညာကားမရှိ၊ သိမ်မွေ့ သောသညာမရှိသည် မဟုတ်သော မနာယတန၊ မွောယတနဥ္ပါဝင်သော (စာစကားနဲ့ ပြောလျှင်) အကျုံးဝင်သောစိတ်။

ရန့်ရင်းသောဆိုတာ ကြမ်းတမ်းတာ မြင်ဖို့လွယ်တာ၊ သိလွယ်တာကို ရန့်ရင်းတယ်လို့ စာမှာသုံးတယ်၊ ကြမ်းတမ်းတယ်လို့လည်း သုံးနိုင်တယ်၊ ဒါပေမယ့် ဒီကြမ်းတမ်းတာက ရုပ်ဝတ္ထု ကြမ်းတမ်းတာမျိုး မဟုတ်ဘူးပေါ့၊ မြင်လွယ်တာကိုပဲ ကြမ်းတမ်းတယ်လို့သုံးတယ်။

ရန့်ရင်းသောသညာကားမရှိ၊ ဒီစိတ်ရောက်လာတဲ့အခါ ဒီနေရာမှာ သညာ ဆိုတာ အတိအကျသညာ စေတသိက်လို့ မဆိုလိုဘူး၊ နာမ်သဘောကိုပဲ ဆိုလိုတယ်၊ အာရုံကို သိတတ်တဲ့နာမ် သဘောကိုပဲ သညာဆိုတဲ့ နာမည်နဲ့ မြတ်စွာဘုရား

ဟောထားတယ်။

ဒါကြောင့်မို့ သုတ္တန်တွေဖတ်တဲ့အခါ သညာ, သညာနဲ့တွေ့လာရင် သတိထားရမယ်၊ အဲသလို သညာဟာ မှတ်တတ်တဲ့ သညာ စေတသိက်တစ်ခုထဲကို ဆိုလိုတာ မဟုတ်ဘူး၊ နာမ်တရားအားလုံးကိုပဲ သညာလို့ခေါ်လိုက်တာ၊ ရုန့်ရင်းသော သညာကား မရှိဆိုတာက ကြမ်းတမ်းသော အသိမျိုး ဒီဈာန်မှာ မရှိဘူး၊ သိပ်သိမ်မွေ့သွားပြီ။

သိမ်မွေ့သော သညာမရှိသည် မဟုတ်သောဆိုတော့ မရှိတာ မဟုတ်ရင် ရှိတာယ်၊ အလွန်သိမ်သိမ်မွေ့မွေ့လေးတော့ရှိတယ်၊ အဲဒီတော့ ဒီဈာန်ကို ကြည့်လိုက်ရင် သညာမရှိဘူးလို့ ပြောရလောက်အောင် သိမ်မွေ့နေတယ်။

ဒါပေမယ်လို့ တကယ်ကတော့ အလွန်သိမ်မွေ့တဲ့ သညာဆိုတဲ့ အာရုံသိမှုလေးကတော့ရှိနေတယ်၊ အဲဒီလိုဖြစ်တဲ့ ဈာန်နဲ့ယှဉ်တဲ့စိတ်ကို နေဝသညာနာ သညာယတနဈာန်စိတ်လို့ ခေါ်တယ်။

ဒီနေရာမှာ ရုန့်ရင်းသော သညာမရှိ, သိမ်မွေ့သော သညာမရှိသည်မဟုတ်တဲ့ ဈာန်စိတ်နဲ့ ဈာန်ဟာ မနာယတန, ဓမ္မာယတနထဲမှာ အကျုံးဝင်တယ်, ပါဝင်တယ်၊ ဒါက ဒီနေရာမှာမသိနိုင်သေးဘူး၊ သတ္တမပိုင်းကျတော့ အာယာတန(၁၂)ပါးဆိုတာ ပြလိမ့်မယ်၊ အဲဒီ အာယာတန ၁၂–ပါးထဲမှာ မနာယတနဆိုတာ ပါတယ်၊ ဓမ္မာယတနဆိုတာပါတယ်။

မနာယတနဆိုတာစိတ်တွေကိုခေါ်တာ၊ ဓမ္မာယတနဆိုတာကတော့ စေတသိက်တချို့ရယ်, ရုပ်ရယ်, နိဗ္ဗာန်ရယ်ကို ခေါ်တာ။

မနာယတန, ဓမ္မာယတနထဲမှာအကျုံးဝင်တယ်ဆိုတာက ပါဠိထဲမှာ အာယတနထဲမှာ ပါလို့ပြောရတာ၊ ဒါကို အခုလောလောဆယ် ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း မသိရသေးပေမယ့် အရေးမကြီးဘူး။

အရေးကြီးတာက ရုန့်ရင်းသော သညာကား မရှိ, သိမ်မွေ့သော သညာကား မရှိသည် မဟုတ်သော ဈာန်စိတ်၊ ဒါပဲ၊ အဲဒီတော့ ဒီဈာန်ရသွားရင် အသိရှိမှ ရှိသေးရဲ့လားလို့ ထင်ရလောက်အောင် သိမ်မွေ့တာကို ဆိုလိုတာ၊ ဒီပုဂ္ဂိုလ်ဟာ အသိစိတ်မှ ရှိသေးရဲ့လား၊ အဲသလောက် ပြောရမလောက်ပဲ၊ သူ့ဟာသူတောင်မှ မနည်းသိအောင်လုပ်ယူရမှာမျိုး၊ ဒါကြောင့် ရုန့်ရင်းသော သညာကားမရှိ၊ သိမ်မွေ့သော သညာကားမရှိသည် မဟုတ်တဲ့ ဈာန်နဲ့ ယှဉ်သောစိတ်။

အဲဒီတော့ ရှိတော့ရှိနေတယ်၊ အလွန်သိမ်မွေ့တဲ့ ဈာန်စိတ်တော့ ရှိနေတယ်၊

ဘာနဲ့ ဥပမာပေးသလဲဆိုတော့ ဆရာတပည့်နှစ်ယောက် ခရီးသွားကြတယ်တဲ့၊ သွားတော့ ကိုရင်က ရှေ့ကသွားတယ်၊ ဆရာဘုန်းကြီးက နောက်ကလိုက်တော့ ရှေ့နားကျတော့ ကိုရင်က လမ်းမှာ ရေတွင်းတွေ့တယ်။

လမ်းမှာ ရေတွင်းတွေတော့ကိုရင်က ဘုန်းကြီးကို လျှောက်တယ်၊ "အရှင်ဘုရား ရှေ့မှာ ရေရှိနေပါတယ်ဘုရား"

အဲသလို ရေရှိနေတယ်ဆိုတာသိတော့ ဘုန်းကြီးက ရေချိုးချင် လာတယ်၊ ရေချိုးချင်လာတော့ "ဟဲ့ ရေလဲ သင်းပိုင်ပေးစမ်း"လို့ တောင်းလိုက်တယ်၊ ရေလဲ သင်းပိုင်တောင်းလိုက်မှ ကိုရင်က "ရေမရှိပါဘုရား"လို့ လျှောက်လိုက်တယ်။

ခုနကရေရှိတယ် လျှောက်တယ်၊ အခုတော့ ရေမရှိပါ ဘုရားလို့ လျှောက်တယ်။

ဒီမှာလည်း ဒီအတိုင်းပဲ၊ သညာရှိတာလည်းဟုတ်တယ် သညာမရှိတာလည်း ဟုတ်တယ်၊ ခုန ရေရှိပါတယ်ဘုရားဆိုတာက ဖြတ်သွားရင် ခြေထောက်ရေစိုမယ်၊ ဖိနပ် ရေစိုကုန်မယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ ရေလေးနည်းနည်းရှိတာကို ဆိုလိုတာပေါ့။

ဆရာဘုန်းကြီးက ရေချိုးဖို့ တောင်းလိုက်တဲ့အခါကျတော့ မရှိဘူး ပြောလိုက်တာပေါ့၊ အဲဒါမျိုးလိုပဲ၊ ရုန့်ရင်းတဲ့ သိလွယ်တဲ့သညာမရှိဘူး၊ သို့သော် သိမ်မွေ့တဲ့ သညာရှိနေသေးတယ်၊ ဒီဈာန်ဟာ ရှိသမျှဈာန်ထဲမှာ နံပါတ်တစ်,ထိပ်တန်းအကျဆုံး ဈာန်ပဲ၊ ဒီထက်သိမ်မွေ့တဲ့ ဈာန်ရယ်လို့ မရှိတော့ဘူး။

မြတ်စွာဘုရားက ချမ်းသာအမျိုးမျိုးကိုဟောတဲ့ အခါကျတော့ ပထမ ဆိုပါတော့ ကာမဂုဏ် အာရုံခံစားတဲ့ ချမ်းသာမျိုးလည်း ရှိတယ်ပေါ့လေ၊ အဲဒီ ချမ်းသာကနေ အဲဒီချမ်းသာတွေ မပါပဲနဲ့ပထမဈာန် ချမ်းသာရှိတယ်၊ အဲဒီထက် ကောင်းတာက ဒုတိယဈာန် ချမ်းသာနဲ့ အဲသလို ဟောလာလိုက်တာ ဒီဈာန်ကျတော့ အမြင့်ဆုံး ဖြစ်သွားတယ်။

ဒီဈာန်ဟာ လောကီချမ်းသာထဲမှာဖြင့်ရင် နံပါတ်တစ် ချမ်းသာ၊ ဒီနံပါတ်တစ် ချမ်းသာကိုတောင်မှ မြတ်စွာဘုရားက တကယ့်တကယ်ကျတော့ သင်္ခါရ ဒုက္ခတဲ့၊ သူလည်း ဆင်းရဲမှုရှိသေးတာပဲ၊ သူလည်း မမြဲဘူး၊ တစ်ကြိမ်မှာ ချုပ်ပျောက်သွားရ သေးတယ်၊ အဲသလို မမြဲတဲ့အတွက်ကြောင့်မို့ ဖြစ်ခြင်းပျက်ခြင်းဖြင့် အနှိပ်စက်ခံရတာ ကြောင့် သူလိုဟာတောင်မှ ဒီလောက်သိမ်မွေ့တဲ့ သုခကိုတောင်မှ မြတ်စွာဘုရားက ချမ်းသာအစစ် အမှန်လို့ မဟောသေးဘူးပေါ့၊ နိဗ္ဗာန်ချမ်းသာမှ ချမ်းသာအစစ်လို့ ဟောတော်မူတယ်။

အဲသလို မြတ်စွာဘုရားက ချမ်းသာမှု အဆင့်ဆင့်ကို ကိုယ်တိုင် အကုန်လုံး

ခံစားဖူးလာပြီးပြီ၊ နောက်ဆုံး နိဗ္ဗာန်ချမ်းသာထိအောင် သိပြီးတဲ့နောက်မှ တရား ဟောတဲ့အခါကျတော့ ဘယ်လိုလုပ်ပြီး ကာမဂုဏ်ချမ်းသာလေးကို အထင်ကြီးနိုင် မလဲ၊ ဒီချမ်းသာက ကောင်းတဲ့ချမ်းသာပါပဲ, အလိုရှိထိုက်တဲ့ ချမ်းသာပါပဲ,လို့ မြတ်စွာဘုရား ဘယ်လိုလုပ် ဟောမလဲ။

ဒါကြောင့် ဘယ်အခါမဆို မြတ်စွာဘုရားက ကာမဂုဏ်ရဲ့အပြစ်ကို ပြောပြီး ဟောတာချည်းပဲ မဟုတ်လား။

အဲဒီတော့ အခုခေတ်လူတွေက အထူးသဖြင့် ဒီနိုင်ငံကလူတွေက မကြိုက် ကြဘူး၊ ဘာဖြစ်လို့လဲဆို I want to enjoy life ဒါက သူတို့ အမြဲတမ်း ပြောလေ့ ရှိတယ်၊ ဘဝလည်း enjoy မလုပ်ရဘူးလားနဲ့ပေါ့၊ ဘုရားက ဒါတွေ enjoy မလုပ်ရဘူး ဟောတယ်ဆိုတော့ မကြိုက်ဘူး။

ဦးဇင်းကတော့ပြောတယ်၊ အဲဒါကတော့ မြန်မြန်ဝေဖန်လိုက်မယ်ဆိုရင် ကိုယ့်ရဲ့(Spiritual level)ကို ထုတ်ပြရာ ရောက်လိမ့်မယ်လို့ ဦးဇင်းက ဥပမာ ပေးတယ်။

ထမင်းငတ်နေတဲ့ သူဆိုပါတော့၊ ညနေစာ ဝယ်စားစရာမရှိတဲ့သူ၊ အဲဒီသူ အဖို့ ငွေတစ်ရာဆိုရင် အများကြီးဖြစ်နေတယ်၊ အဲဒီသူကပဲ တစ်ချိန်ကျတော့ အလုပ်လေးဘာလေး ရှိသွားပြီဆိုပါတော့၊ အလုပ်အကိုင်လေးဖြစ်သွားတော့ သူ့အဖို့ ငွေတစ်ရာဟာ မများတော့ဘူး၊ ငွေတစ်ထောင်ဆို များချင်များဦးမယ် ဆိုပါတော့။

ဒီထက် ဒီကြီးပွားလာတဲ့အခါကျတော့ တစ်သောင်းလည်း သူ့အဖို့ မများ တော့ဘူး၊ တစ်နေ့တော့ မီလျံနာဖြစ်သွားပြီတဲ့၊ တစ်သိန်းလည်း သူ့အဖို့မဟုတ်ပြန်ဘူး၊ ဘီလျံနာ ဖြစ်သွားတော့ မီလျံတောင် သူက သိပ်မဟုတ်ပြန်ဘူး။

အဲဒီတော့ ဘီလျံနာ တစ်ယောက်က ငွေတစ်ရာဟာ အလကားပါကွာလို့ ပြောမယ်၊ စားစရာမရှိတဲ့အကောင်က ဒီကောင်ကဘာဖြစ်လို့ ငွေတစ်ရာကိုမများဘူး ပြောရသလဲ၊ ငါ့အဖို့တော့ အများကြီးပြောရင် သူ့အဆင့်အတန်းက ဘာလဲ၊ အောက်ဆုံးအဆင့်အတန်း၊ အဲဒါ ပြောတာ။

ဘုရားက ဒါကို ဒုက္ခလို့ ပြောတာမကြိုက်ဘူးဆိုရင် မင်းအဆင့်အတန်းကို မင်းဘာသာ ပြန်စဉ်းစားကြည့်၊ ဘုရားက တကယ့်အမြင့်ဆုံးချမ်းသာကို မြင်ထား တော့ အောက်က ချမ်းသာတွေကို ဘယ်မှာ ချီးမွမ်းနိုင်မလဲ၊ အဲဒီအတိုင်းပဲ။

ဒါကြောင့် လောကချမ်းသာမှာတော့ ဒီစတုတ္ထအရူပါဝစရရျာန်ဟာ နံပတ် တစ်ပဲ၊ သူ့ထက် လွန်မြတ်တဲ့ ချမ်းသာရယ်လို့ မရှိတော့ဘူး။

**မေး** – အရှင်ဘုရား၊ ဘုရားလောင်းက အာဠာရရသေ့ဆီ သွားတယ်၊ နောက်တစ်ပါး ဆီသွားတော့ ရတဲ့ဈာန်ဟာ ဒီဈာန်လား။

**ဖြေ** – အေး, ဟုတ်တယ်၊ ဒီဈာန်ပဲ, နောက်ရသေ့က ဥဒကတဲ့၊ စာတွေထဲမှာ ဖတ်ကြည့်တော့ ဥဒကရသေ့ဟာ ဒီဈာန်ကို သူကိုယ်တိုင်ရတာမဟုတ်ဘူး၊ သူ့အဖေဆီက ဒီဈာန်သဘောကို ကြားဖူးထားတာ၊ အဲဒီတော့ ဘုရားလောင်း ရောက်လာတဲ့အခါ သူက နည်းလမ်းပေးလိုက်တာ၊ သူကိုယ်တိုင်ရတာ မဟုတ်ဘူး၊ ဘုရားလောင်းက အားထုတ်တော့ ရသွားတယ်၊ အဲဒါကြောင့်မို့ ပြောတဲ့စကား လေးတွေ နည်းနည်းကွာတယ်၊ အာဠာရရသေ့ကျတော့ ငါသိတာ မင်းသိတယ်၊ မင်းသိတာ ငါသိတယ်လို့ ပြောတယ်၊ ဒီကျတော့ မဟုတ်ဘူး၊ ဥဒက ရသေ့ကတော့ ရာမရဲ့ သားဆိုတော့ ရာမသိတာ မင်းသိတယ်၊ မင်းသိတာ ရာမသိတယ်၊ အဲဒီလို ပြောတဲ့စကားလေးတွေ ထောက်ကြည့်ရတယ်၊ အဲဒါ ထောက်ကြည့်တဲ့အခါကျတော့ ဥဒကရသေ့ ကိုယ်တိုင် စတုတ္ထအရူပါဝစရဈာန်ရတာမဟုတ်ဘူး၊ သို့သော် ဒီနည်းတော့ သူ့အဖေဆီက ကြားဖူးထားတယ်၊ သိထားတယ် ဆိုပါတော့။

ဒါကြောင့် ဥဒကရသေ့ထံမှာ နည်းခံလို့ရတာက စတုတ္ထအရူပါဝစရ ဈာန်၊ နေဝသညာနာသညာယတနဈာန်၊ ဒါကိုလည်းပဲ ဘုရားလောင်းက လမ်းဆုံး ရောက်ပြီလို့ မယူဆခဲ့ဘူး၊ ဒီနည်းဟာ ကိုယ့်ကိုကိုယ် ချမ်းသာတာတော့ ဟုတ်တယ်၊ ကိလေသာလုံးဝကင်းအောင် တတ်နိုင်တဲ့နည်း မဟုတ်သေးဘူး, သတ္တဝါတွေကို ကယ်နိုင်တဲ့နည်း မဟုတ်သေးဘူးဆိုပြီးတော့ သူ့ဆီက ထွက်ခဲ့ပြီး တစ်ပါးတည်း တောထဲမှာ သွားပြီးတော့ ကျင့်တယ်။

ကံမျှားဆိုးချင်တော့ အဲဒီလို တစ်ပါးတည်း တောထဲသွားကျင့်တာဟာ အမှားကြီး ကျင့်မိနေတယ်၊ ဒုက္ကရစရိယကျင့်တယ်ဆိုတာ ဦးဇင်းတို့ကတော့ သိပ် အထင်ကြီးပြီးတော့ မြတ်စွာဘုရား ဒုက္ကရစရိယကျင့်တယ်လို့ အားရပါးရ ပြောလေ့ ရှိတယ်၊ ဒါပေမယ်လို့ အဲဒီဒုက္ကရစရိယကျင့်နေတဲ့ အချိန်ဟာ ဘုရားလောင်း လမ်းမှားကြီး လိုက်မိနေတာ၊ ခန္ဓာကိုယ် ညှဉ်းဆဲတဲ့အကျင့် ကျင့်နေတာ။

ထွက်သက်ဝင်သက်တွေ အောင့်ထားတဲ့ အကျင့်တွေ, တစ်နေ့မှ လက်တစ်ခုပ် လောက်ပဲပြုတ်ရည်လေးသောက်ပြီးကျင့်တဲ့ အကျင့်တွေဟာ တကယ်တော့ မှန်တဲ့ အကျင့်တွေ မဟုတ်ဘူး၊ ဒါပေမယ့် အဲဒီခေတ်က အဲဒီအကျင့်တွေဟာ ခေတ်စားတယ်၊ ဒီလိုကျင့်ရင် ကိလေသာကင်းလိမ့်မယ်လို့ အများကလည်း ယူဆတယ်၊ ဘုရား လောင်းလည်း ယူဆမှာပေါ့လေ၊ ဒါကြောင့် စွဲစွဲမြဲမြဲကျင့်တာ။

ဒါကြောင့်မို့ ဘုရားဖြစ်ပြီးတဲ့အခါ မြတ်စွာဘုရားက ဘာပြောသလဲဆိုတော့ "ဒုက္ကရစရိယ အကျင့်က အလွတ်ကြီးလွတ်ပြီ" လို့ ထောင်က လွတ်လာတဲ့သူဟာ ငါလွတ်ပြီဟေ့လို့ ပြောသလို ပြောတာ ပါဠိတော်မှာ ရှိတယ်၊ အကျိုးမဲ့ဖြစ်သော ဒုက္ကရစရိယ အကျင့်မှ ငါသည် ကောင်းကောင်းကြီးလွတ်ပြီ" ဒီလို ဥဒါန်းကျူးတာ–

ဒါကြောင့် ဒုက္ကရစရိယဆိုတာက ဂုဏ်ယူပြီးပြောရတာပေါ့လေ၊ ဒီလို ကျင့်နိုင်တဲ့သူကလည်း ရှားတာကိုး၊ ဒါပေမယ်လို့ ဒုက္ကရစရိယကျင့်နေတုန်းမှာ ဘုရား လောင်းဟာ လမ်းမှားလိုက်နေတာ။

**မေး** – အရှင်ဘုရား ဘုရားလောင်းကျင့်ခဲ့တဲ့ ဒုက္ကရစရိယအကျင့်ဟာ အခု ဝေဒနာ နုဂ္ဂဟသတိပဋ္ဌာန်နဲ့ ဘယ်လိုကွာပါသလဲ။

**ဖြေ** – အဲဒါ အခုမပြောသေးဘူး၊ မဟာစည် ဆရာတော်ရေးတဲ့ ဓမ္မစကြာ တရားတော်ကြီးထဲမှာ ဖတ်ကြည့်၊ ဒါဟာ အတ္တကိလမထ မဟုတ်ဘူး ဆိုတဲ့ အကြောင်း ဆရာတော်ဟောထားတာရှိတယ်၊ အလုပ်တစ်ခုလုပ်ရင် ကမ္မဋ္ဌာန်း အလုပ် အားထုတ်တယ်ဆိုရင် ကြိုးကြိုးစားစားတော့ လုပ်ရတာပဲ၊ အနာခံရုံ သက်သက်နဲ့ နိဗ္ဗာန်ရတယ်ဆိုတဲ့ အယူအဆမျိုးရှိရင် မှားတယ်၊ ဒါပေမယ့် ဒီဝေဒနာကို ရှုကို ရှုရမယ်၊ မရှုလို့ မဖြစ်ဘူး၊ သိအောင်ကို လုပ်ရမယ်ဆိုတဲ့ တကယ့်ကို ကြိုးကြိုးစားစား အားထုတ်ရတယ်၊ ဒါကို အတ္တကိလမထာလို့ မဆိုရဘူး၊ တချို့တွေက ဝေဒနာရှုရင် အတ္တကိလမထာဖြစ်တယ်၊ ဆိုပါတော့, သုခဝေဒနာရှုရင် ကာမသုခလ္လိကာနုယောဂ ဖြစ်တယ်၊ ကာမဂုဏ်လိုက်တဲ့ အကျင့်ဖြစ်တယ်၊ ဒုက္ခ ဝေဒနာရှုရင် အတ္တကိလမထာ နုယောဂဖြစ်တယ်၊ ဥပေက္ခာဝေဒနာရှုရမယ် စသည်ဖြင့် အဲသလိုပြောကြတယ်၊ အမှန်က ဥပေက္ခာဝေဒနာသိဖို့ အလွန်ခဲယဉ်းတယ်၊ ဒီဒုက္ခ ဝေဒနာ သုခဝေဒနာ ရှုလို့လည်းပဲ အတ္တကိလမထာ မဖြစ်ဘူး၊ ဖြစ်ရင် ဘုရားကဟောကိုမဟောဘူး၊ ဝေဒနာနုပဿနာဟာ မြတ်စွာဘုရား ဟောထားတာ၊ မြတ်စွာဘုရားဟာ ဒုက္ကရစရိယာအကြောင်း အတ္တကိလမထာနုယောဂ အကြောင်းကို ကောင်း ကောင်းကြီးသိခဲ့ပြီ၊ ဒါပေမယ်လို့ ဝေဒနာနုပဿနာ နေရာကျတော့ ကောင်းတဲ့ ဝေဒနာလည်း မှတ်ပါ၊ သိအောင်လုပ်ပါ၊ ဆိုးတဲ့ ဝေဒနာလည်း သိအောင်လုပ်ပါ၊ အလယ်အလတ် ဝေဒနာလည်း သိအောင်လုပ်ပါ၊ ဒီလိုဟောလာခဲ့တာ၊ ဒါကြောင့်မို့ အဲဒါဟာ အတ္တကိလမထ မဟုတ်ဘူး၊ သက်သက် ဆင်းရဲဒုက္ခခံတာဟာ သံသရာမှ လွတ်မြောက်မှု ဖြစ်တယ်ဆိုရင်

တော့ ဒါ အတ္တကိလမထာ ဖြစ်မသွားဘူး၊ ဖြေရှင်းထားတာကို ဓမ္မစကြာ တရားတော်ထဲမှာပါတယ်၊ နောက်တော့ ဖတ်ကြည့်။

ကောင်းပြီ၊ ကုသိုလ်စိတ် ၄–မျိုးမှာ အာရုံ ၂–မျိုးကို နားလည်ရမယ်၊ မှီတွယ်အပ်တဲ့ အာရုံရယ်၊ လွန်မြောက်အပ်တဲ့ အာရုံရယ်လို့ ၂–မျိုးရှိတယ်။

မှီတွယ်အပ်တဲ့ အာရုံဆိုတာ အာရုံပြုအပ်တဲ့ အာရုံပေါ့၊ အဲဒီတော့ ပထမ စိတ်ရဲ့ မှီတွယ်အပ်တဲ့ အာရုံက ကောင်းကင်ပညတ်၊ သူက ကသိုဏ်းပညတ်ကို လွန်ရမယ်၊ ကသိုဏ်း ပညတ်ကြိုက်နေသေးရင် အရူပါ မရောက်သေးဘူး။

ဒုတိယစိတ်ရဲ့ မှီတွယ်အပ်တဲ့ အာရုံက ပထမအရူပါဝစရစိတ်၊ လွန်မြောက် အပ်တာက ကောင်းကင်ပညတ်။

တတိယစိတ်ရဲ့ မှီတွယ်အပ်တဲ့ အာရုံက နတ္ထိ ဘောပညတ်၊ လွန်မြောက် အပ်တာက ပထမအရူပါဝစရစိတ်။

စတုတ္ထစိတ်ရဲ့ မှီတွယ်အပ်တဲ့ အာရုံက တတိယ အရူပါဝစရစိတ် လွန်ရ မှာက နတ္ထိ ဘောပညတ်၊ တစ်ခုလွဲလေးတွေပေါ့။

အဲသလို မှီတွယ်အပ်တဲ့ အာရုံ၊ လွန်မြောက်အပ်တဲ့ အာရုံ ဒါလည်း သိရမယ်။

**မေး** – ကောင်းပြီ ရူပါဝစရစိတ် ၁၅–ပါး ပြားသွားတာ၊ ပြားသွားတယ်ဆိုတာ ၁၅ပါး၊ ဖြစ်သွားတာ၊ divided ဖြစ်သွားတာဟာ ဘာ၏ အစွမ်းဖြင့် with reference to what ဖြစ်တာလဲ၊ ရူပါဝစရစိတ် တစ်ခုနဲ့တစ်ခု မတူတာဟာ ဘာကြောင့် မတူတာလဲ၊

**ဖြေ** – Right, ဈာန်အင်္ဂါကြောင့် မတူတာ၊ ဒါကြောင့်မို့ ဈာန်အင်္ဂါ၏ အစွမ်းဖြင့် ရူပါဝစရစိတ်ဟာ တစ်ခုနဲ့တစ်ခု မတူဘူး၊ ဒါကိုပဲ ပြားတယ်လို့ စာစကားနဲ့ သုံးတယ်။

ရူပါဝစရစိတ် ၅–ပါးပြားသွားတာဟာ ဈာန်အင်္ဂါ အစွမ်းဖြင့်ပြားတယ်၊ ပထမစိတ်က ၅–ပါးရှိတယ်၊ ဒုတိယစိတ်က ၄–ပါးရှိတယ် စသည်ဖြင့်ပေါ့။

ကိုင်း–အရူပါဝစရစိတ်ကျတော့ ဘယ်လိုလဲဆိုတော့ဈာန်အင်္ဂါ ၂–ပါးချည်းပဲ ရှိတယ်၊ ပထမစိတ်လည်း ၂–ပါး၊ ဒုတိယစိတ်လည်း ၂–ပါးပဲ၊ အဲဒီ ၂–ပါးဟာ ဘာလဲဆိုရင် ဥပေက္ခာနဲ့ ဧကဂ္ဂတာ၊ ပဥ္စမဈာန်နဲ့ အတူတူပဲ။

**မေး** – ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ခုပဲ ဖြစ်ဖြစ်နေတော့ ဈာန် အင်္ဂါ၏ အစွမ်းဖြင့် ၄–ပါးပြားတယ်လို့ ပြောလို့ရမလား။

ဖြေ – မရပါဘူး၊ အတူတူပဲ၊ ဒါကြောင့် ပြားသလဲဆိုတော့ အာရုံ၏အစွမ်းဖြင့် ပြားတယ်၊ အာရုံမတူဘူး၊ ပထမစိတ်ရဲ့ အာရုံကကောင်းကင် ပညတ်၊ ဒုတိယစိတ်ရဲ့ အာရုံက ပထမအရူပါဝစရစိတ်၊ တတိယစိတ်ရဲ့ အာရုံက နတ္ထိဘောပညတ်၊ စတုတ္ထစိတ်ရဲ့ အာရုံက တတိယအရူပါဝစရစိတ်၊

ဒါကြောင့်မို့ ဈာန်အင်္ဂါအားဖြင့် ပြားတာက ရူပါဝစရစိတ်၊ အာရုံအားဖြင့် ပြားတာက အရူပါ ဝစရစိတ်၊ ဘာအာရုံတွေလဲလို့မေးရင် ခုနပြောတဲ့ အာရုံတွေပေါ့၊ မှီတွယ်အပ်တဲ့ အာရုံလို့ပဲဆိုဆို လွန်မြောက်အပ်တဲ့ အာရုံလို့ပဲဆိုဆို သူကတော့ အာရုံ၏အစွမ်းဖြင့် ပြားတယ်။

ရှင်းရှင်းပြောရရင် စိတ်တစ်ခု, တစ်ခုဟာ အာရုံမတူဘူးပေါ့၊ ဟိုကျတော့ ပထမဈာန်စိတ်က ပထဝီကသိုဏ်းအာရုံပြုတယ်၊ ဒုတိယဈာန်စိတ်ကျတော့လဲ ပထဝီကသိုဏ်း အာရုံပြုတယ်၊ တတိယဈာန်လဲ ပြုလို့ရတယ်၊ သူက အာရုံနဲ့ သွားတာ မဟုတ်ဘူး၊ ဈာန် အင်္ဂါနဲ့ သွားတာ၊ ဒီကတော့ ဈာန်အင်္ဂါနဲ့ သွားတာ မဟုတ်ဘူး၊ အာရုံနဲ့သွားတယ်။

ဒါဖြင့် ဈာန်အင်္ဂါ ဘယ်နှစ်ပါး ရှိသလဲလို့ မေးရင် နှစ်ပါးပဲ၊ ပဉ္စမဈာန်နဲ့ တူတယ်၊ ဒါကြောင့်မို့ သူ့ကို ဈာန်နဲ့ထည့်ပြောပြပါဆိုရင် ပဉ္စမဈာန်ထဲကိုထည့် ရမယ်။

မေး – ဒါကြောင့်မို့ အရူပါဝစရဈာန်ကို ငါးပါးထဲထည့်ပြပါဆိုရင် ဘယ်ထဲ ထည့်မလဲ။

ဖြေ – ပဉ္စမဈာန်ထဲ ထည့်မယ်။

ဒါကြောင့်မို့ အရူပါဝစရစိတ် ၄–ပါးလုံး ဥပေက္ခာ ဧကဂ္ဂတာဈာန် အင်္ဂါ နှစ်ပါးနှင့်သာ ယှဉ်ကြသည်၊ ထို့ကြောင့် အရူပါဝစရစိတ်အားလုံးကို ပဉ္စမဈာန်၌ ထည့်သွင်းရသည်။

ကောင်းပြီ, ဒါဖြင့် ရူပါဝစရစိတ် ၁၅–ပါး၊ အရူပါဝစရစိတ် ၁၂–ပါး၊ ကုသိုလ်ပြီးတော့ ဝိပါက်, ဝိပါက်ဆိုတာ အကျိုးဖြစ်တဲ့စိတ်။

ဒီကုသိုလ်လုပ်တယ်၊ ဒီကုသိုလ် မပျောက်မပျက်ပဲနဲ့သေသွားတယ်၊ အရူပါဝစရ ဘုံမှာ ဖြစ်သွားတယ်၊ အဲဒီ ပဋိသန္ဓေမှာ အဲဒီစိတ်သွားဖြစ်တော့ (အစအဆုံး သွားဖြစ်တော့) အဲဒီစိတ်ဟာ အရူပါဝစရဝိပါက်၊ အဲဒီတော့ အာကာသာနဉ္စာယတန, ဒီအတိုင်းပဲ သွားမယ်၊ နာမည် အတူတူပဲ။

ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာ သညာယတန

တို့ဟာလည်း ဝိပါက်စိတ်ပေါ့၊ (အဲဒီအချိန်မှာ)

ရဟန္တာပုဂ္ဂိုလ်က အရူပါ ဝစရစျာန် ပွားများတယ်၊ ပွားများလို့ ရတယ်ဆိုတော့ ဘာဖြစ်မလဲ၊ ကြိယာဖြစ်တယ်။

အာကာသာနဉ္စာယတနကြိယာ, ဝိညာဏဉ္စာယတနကြိယာ, အာကိဉ္စညာယတနကြိယာ, နေဝသညာနာသညာယတနကြိယာ, ဟုတ်ပြီလား။

အဲဒီတော့ ကုသိုလ်စိတ်နဲ့ ဝိပါက်စိတ်နဲ့ ထပ်တူပဲ၊ ဝိပါက်စိတ်နဲ့ ကြိယာစိတ်လည်းထပ်တူပဲ၊ သူတို့ကျတော့ မတူတာ မဟုတ်ဘူး၊ တူတဲ့ အကျိုးပဲပေးတယ်။

အာကာသာနဉ္စာယတန ကုသိုလ်က အာကာသနဉ္စာယတန ဝိပါက် အကျိုးပေးတယ်၊ အဲသလို စသည်ဖြင့် အစဉ်အတိုင်း ၄–ပါးစလုံး သွားတယ်။

ဒီဈာန်တွေ မပျောက်မပျက်ပဲနဲ့ သေမယ်ဆိုရင် ဒီဈာန်တွေအလိုက် အရူပါဝစရဘုံမှာ သွားဖြစ်နိုင်တယ်၊ ပထမအရူပါ ဝစရဈာန်ရပြီးတော့ မပျောက် မပျက်ပဲနဲ့သေရင် ပထမ အရူပါဝစရဘုံမှာဖြစ်မယ် စသည်ဖြင့် သွားမယ်။

ဒါကြောင့် အရူပါဝစရစိတ်ဟာ ကုသိုလ် ၄–ပါး, ဝိပါက် ၄–ပါး, ကြိယာ ၄–ပါး အားလုံးပေါင်းလိုက်တော့ ၁၂–ပါး၊ ရူပါဝစရစိတ်ကျတော့ ကုသိုလ် ၅–ပါး, ဝိပါက် ၅–ပါး, ကြိယာ ၅–ပါး။

အဲဒီ ရူပါဝစရစိတ် ၁၅–ပါးနဲ့ အရူပါ ဝစရစိတ် ၁၂–ပါးကို ပေါင်းလိုက်စမ်း၊ ၂၇–ပါးရတယ်၊ အဲဒီ၂၇–ပါးကိုမဟဂ္ဂုတ်စိတ်လို့ ခေါ်တယ်၊ ပါဠိစကားမှာကျတော့ မဟဂ္ဂတ၊ မဟဂ္ဂုတ်ဟာ မဟဂ္ဂတကလာတာ။

နောင်အခါမှာ အဲဒီ ၂၇–ပါးကို တစ်ပေါင်းတည်း ပြောချင်တဲ့အခါမှာ မဟဂ္ဂုတ်စိတ် ၂၇–ပါးလို့ ပြောရမယ်၊ ရူပါဝစရစိတ် ၁၅–ပါးနဲ့ အရူပါဝစရစိတ် ၁၂–ပါးလို့ ပြောနေမယ့်အစား မဟဂ္ဂုတ်စိတ် ၂၇–ပါးလို့ ပြောရမယ်၊ ကောင်းပြီ–

**မေး** – အဲဒီမဟဂ္ဂုတ်စိတ်၂၇–ပါးမှာ ပထမဈာန်စိတ် ဘယ်နှစ်ပါးရှိသလဲ။

**ဖြေ** – ၃–ပါး၊ ရူပါဝစရ ပထမဈာန် ကုသိုလ်, ပထမဈာန်ဝိပါက်၊ ပထမဈာန်ကြိယာ၊

**မေး** – ဒုတိယဈာန်စိတ်ကော

**ဖြေ** – ၃–ပါး

**မေး** – တတိယဈာန်စိတ်ကော

**ဖြေ** – ၃–ပါး

**မေး** – စတုတ္ထဈာန်စိတ်ရော

**ဖြေ** – ၃–ပါး

**မေး** – ပဥ္စမဈာန်စိတ်

**ဖြေ** – ၁၅–ပါး ပဥ္စမဈာန်စိတ် ၁၅–ပါးဆိုတာ ရူပါဝစရဈာန် ပဥ္စမဈာန် ၃–ပါးရယ်၊ အရူပါဝစရဈာန် ၁၂–ပါးရယ်။

**မေး** – အကုန်အပြာခြယ်ရမလား၊

**ဖြေ** – ခြယ်ရမယ်၊

ကောင်းပြီ၊ဦးဇင်းတို့ မဟာဂ္ဂုတ်စိတ် ၂၇–ပါး လေ့လာပြီးပြီ၊ အဲဒီမဟာဂ္ဂုတ်စိတ် ၂၇–ပါးနဲ့ ကာမာဝစရစိတ် ၅၄–နဲ့ ပေါင်းလိုက်စမ်း ၈၁၊ အဲဒီ ၈၁–ကို လောကီစိတ်လို့ ခေါ်တယ်၊ လောကီစိတ်ဆိုတာ လောကထဲနေတဲ့စိတ်ပေါ့, လောကအာရုံတွေကို အာရုံပြုတဲ့စိတ်၊ လောကသုံးပါးဖြစ်တဲ့ ကာမာဝစရလောက, ရူပါဝစရလောက, အရူပါဝစရလောကဆိုတဲ့ လောကသုံးပါးထဲမှာ ကျင်လည်နေတဲ့ စိတ်မျိုးပေါ့။

လောကီစိတ် ၈၁–ပါးကို ခပ်ကျဉ်းကျဉ်း ရေတွက်ပြစမ်းပါဆိုရင် ကာမာဝစရစိတ် ၅၄, မဟာဂ္ဂုတ်စိတ် ၂၇–ပါး, group အလိုက်သွားရင် အကုသိုလ်စိတ် ၁၂–ပါး၊ အဟိတ်စိတ် ၁၈–ပါး၊ ကာမာဝစရသောဘနစိတ် ၂၄–ပါး၊ ရူပါဝစရစိတ် ၁၅–ပါး၊ အရူပါဝစရစိတ် ၁၂–ပါး အားလုံးပေါင်းလိုက်တော့ ၈၁၊ အဲဒီ ၈၁–ကိုလောကီစိတ်လို့ခေါ်တယ်၊ လောကုတ္တရာမရောက်သေးဘူး၊ လောကီပဲ ရှိသေးတယ်။

အဲဒီတော့ အလွန်အထက်တန်းကျတဲ့ ဈာန်ရောက်နေတာတောင်မှ လောကုတ္တရာဘက် မကူးသေးဘူး၊ အဲဒါကြောင့်မို့ သမထဟာ အရူပါဝစရဈာန်အထိရတာ သမထကနေရတာ၊ အရူပါဝစရဈာန် ၄–ပါးကို သမထကမ္မဋ္ဌာန်း ၄၀ ထဲမှာ ပါတယ်၊ ဒါဟာ လောကီနယ်ထဲမှာပဲ ရှိသေးတယ်။

လောကီနယ်ထဲမှာပဲ ရှိသေးတာကြောင့် ဘုရားမပွင့်လည်းပဲဒီဈာန်တွေရအောင် အားထုတ်လို့ရတယ်၊ ဘုရားပွင့်မှ မဟုတ်ဘူး။

**မေး** – အိန္ဒိယက ဟိန္ဒူသူတော်စင်တွေ ဒီဈာန်မျိုး ရနိုင်ပါသလား။

**ဖြေ** – ရချင် ရနိုင်တယ်ပေါ့၊ ဘုရားရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ, နည်းလမ်းရရင် သူတို့လုပ်နိုင်ကြတယ်၊ ဝိပဿနာကျတော့သာ ဘုရားပွင့်မှ ဘုရားကိုယ်တိုင်တွေ့ရှိပြီး ဟောကြားမှရတယ်၊ ဘုရားမပွင့်တဲ့အခါမျိုးမှာဝိပဿနာ မပေါ်ဘူး၊ အနိစ္စ, ဒုက္ခ, အနတ္တ သုံးမျိုးမှာလည်း အနိစ္စ, ဒုက္ခက ဘုရားမရှိလည်း မြင်နိုင်တယ်၊ အနတ္တကျတော့ မမြင်ဘူး။

ဒါကြောင့်မို့ စိတ် ၈၁–ပါးထိအောင် လေ့လာခဲ့ကြပြီ၊ မှတ်မိအောင် လုပ်ကြနော်၊ ဒါ မှတ်မိမှ စေတသိက်ပိုင်းရောက်တော့ ပြန်ပြောတဲ့အခါကျတော့

အသိရှင်းတယ်၊ ဒီလိုမဟုတ်ရင် အသိရှုပ်နေမယ်၊ အခါတိုင်း, အခါတိုင်းမှာ အကုန်လုံး လိုက်ထောက်နေရရင် အချိန်ကုန်တယ်၊ ကျေအောင်တော့လုပ်ကြ။

ဆိုပါတော့, ဝိတက် စေတသိက်က စိတ် ၅၅–ခုနဲ့ ယှဉ်တယ်ဆိုရင် အဲဒီ ၅၅–ဘယ်မှာတုန်းလိုက်ရှာနေရမယ်၊ သူကပြောမယ်၊ ဒွေးပဉ္စဝိညာဉ် ၁၀–တဲ့၊ ကာမာဝစရစိတ် ၄၄–ဆိုရင် ဘယ်မှာဆိုတာ ကိုယ်က သိရမယ်၊ အဲဒါလေးတွေ ကျေအောင်ပြန်လုပ်ထားကြ၊ မကျေရင် ဒီရောက်တော့ ချေရမှာပေါ့၊ ကိုယ့်ဟာကိုယ် ကျေထားတော့ ဒီရောက်တော့ ပြန်ချေတော့ ပိုကျေတာပေါ့။

**မေး** – ဒီနေ့ လောကီစိတ်ပေါင်း ၈၁–ခု၊ ဒါဖြင့်ရင်ဆိုပါတော့ အကုသိုလ်စိတ် ၁၂–ပါးဟာ အကုသိုလ်ဆိုတဲ့ နာမည်လည်းရနိုင်တယ်၊ ပြီးတော့ ဘာနာမည် တွေ ရနိုင်သေးတုန်း၊ ဦးဇင်းတို့ မြန်မာပြည်မှာ မှည့်ထားတဲ့ နာမည်အနေနဲ့ ဘာနာမည် ရနိုင်သေးတုန်း။

**ဖြေ** – ---

**မေး** – အသောဘနဆိုတဲ့ နာမည်မရနိုင်ဘူးလား၊ အသောဘနစိတ် ဆိုတဲ့နာမည် ရနိုင်တယ်။

**မေး** – ကာမာဝစရစိတ် ဆိုတဲ့နာမည် မရနိုင်ဘူးလား။

**ဖြေ** – ရနိုင်ပါတယ်။

**မေး** – လောကီစိတ်ဆိုတာကော မရနိုင်ဘူးလား။

**ဖြေ** – ရနိုင်ပါတယ်။

ဒါကြောင့်မို့ အကုသိုလ်စိတ် ၁၂–ပါးကို အကုသိုလ်စိတ်လို့ ခေါ်ရင် တော့ အတိအကျပေါ့၊ အသောဘနစိတ်ခေါ်ရင်လည်း သူ့ပါတယ်၊ ကာမာဝစရစိတ် ခေါ်ရင်လည်း သူ့ပါတယ်၊ လောကီစိတ်လို့ ခေါ်ရင်လည်း သူ့ပါတယ်။

ကောင်းပြီ–အဟိတ်စိတ် ၁၈–ပါးတဲ့၊ အဟိတ်စိတ် ပြောရင် သူ့ပါတယ်၊ အသောဘနလို့ ပြောရင်လည်း သူ့ပါတယ်၊ ကာမာဝစရလို့ ပြောရင်လည်းသူ့ပါတယ်၊ လောကီလို့ ပြောရင်လည်း သူ့ပါတယ်။

ကာမာဝစရသောဘနစိတ် ၂၄–ပါးရှိတယ်၊ သူ့ကျတော့ ကာမာဝစရစိတ်လို့ ပြောရင်ရတယ်၊ လောကီလို့ဆိုရင်လဲ ရတယ်။

ရူပါဝစရစိတ် ၁၅–ပါး၊ သူက ရူပါဝစရစိတ် ပြောရင်ရတယ်၊ မဟဂ္ဂုတ်လို့ ပြောရင်ရတယ်၊ လောကီလို့ ပြောရင်လည်း ရတယ်၊ သူ့ပါတယ်ပေါ့၊ အဲဒီနာမည် လေးတွေ အကုန်လုံး တေးထားတယ်၊ ကွန်ပျူတာလုပ်ချင်တဲ့သူရှိရင် ဒါတွေကို

ဒေတာ (Data) ပေးရမယ်။

အခု လေ့လာတာ မနည်းဘူး၊ ဟိုအပတ်နဲ့ ဒီအပတ်က တကယ် အထက်တန်းကျတဲ့ (Higher consciousness) စိတ်တွေ လေ့လာတယ်။

မေး – ပဠမဈာန်မှာ ဝင်စားရင် ဘယ်နှစ်ရက်လောက် နေလို့ရသလဲ။

ဖြေ – ဒါက အမှန်အတိုင်း ပြောရရင် နေချင်သလောက် နေလို့ရတယ် ဆိုနိုင်တယ်၊ ဒါပေမယ်လို့ လူ့ခန္ဓာကိုယ်ရဲ့ အပိုင်းအခြားက ၇–ရက်ပဲ၊ အစာတစ်ခါ စားထားရင် ၇–ရက် ခံတယ်လို့ အဲသလို သတ်မှတ်တယ်၊ အဲဒါကြောင့်မို့ ဈာန်ဝင်စားတယ်၊ သမာပတ်ဝင်စားတယ်၊ နိရောဓသမာပတ် ဝင်စားတယ် ဆိုတာ (Limit) ၇–ရက်ပဲ၊ ရေမသောက်ပဲ ထမင်းမစားပဲ ၇–ရက်တော့ နေနိုင်တယ်၊

မေး – အခုခေတ် ကျန်းမာရေး ဥပဒေအရ ပြောရရင် ရေမသောက်ပဲ ၃–ရက်ပဲ နေနိုင်တယ်လို့ဆိုပါတယ်၊ အခု ဒီမှာ ရေမသောက်ပဲ ၇–ရက် နေနိုင်တယ် ဆိုတာ ဖြစ်နိုင်ပါ့မလား။

ဖြေ – ဒါပေမယ်လို့ သူက ဈာန်တန်ခိုး ရှိတာကိုး၊ အခုခေတ်စကားနဲ့ ပြောရရင် willpower ပေါ့၊ နောင်ကျတော့ တွေ့လိမ့်မယ်၊ ဈာန်စိတ်တွေက ခန္ဓာကိုယ်ကို ကျားကန်ထောက်ပင့်သလို ထောက်ပေးနိုင်တဲ့သတ္တိရှိတယ်၊ ဒါကြောင့် သူတို့နေနိုင်တာ၊ အဲဒီဈာန်အစစ် မဟုတ်ပဲနဲ့ ဝိပဿနာ တရားထိုင်တာကို တော်တော်မြင့်တဲ့ အဆင့်အတန်းရောက်သွားရင် အကြာ ကြီးထိုင်နိုင်တယ်၊ ၃–နာရီ ၄– နာရီ ထိုင်လည်းမသိလိုက်ဘူး၊ ညမှာတစ်ည လုံး မအိပ်ပဲ အားထုတ်, မနက်ကျတော့ ဘာမှမဖြစ်ဘူး၊ မျက်စိတွေ ဖန်တာတို့, အိပ်ချင်တာတို့ ငိုက်တာတို့ ဘာမှ မရှိဘူး၊ ဒီစိတ်တန်ခိုးဟာ သာမန်တရား ထိုင်ပြီး ကိုယ်က မတွေ့ဖူးသေးတော့ စဉ်းစားပြီး မဖြစ်နိုင်ဘူး ပြောမှာပဲ၊ တကယ်ကျတော့ ရိပ်သာတွေမှာ ဒီအတွေ့အကြုံတွေက အများ ကြီးရှိတယ်၊ ဘယ်သူဖြစ်ဖြစ် တရားကို ၂–လ ၃–လလောက် သွားအားထုတ် တဲ့သူ မှန်ရင် တောက်လျှောက် အားထုတ်တာကတော့ဖြင့် ၂–ရက် ၃– ရက် အနည်းဆုံးရှိတယ်၊ မအိပ်ဘူး၊ ရတယ်၊ ပြီးတော့ ညောင်းတယ် ကိုက်တယ် မရှိတော့ဘူး၊ ဒါကြောင့်မို့ အပ္ပနာဇောလို့ခေါ်တဲ့ ဈာန်စိတ်တွေဟာ ခန္ဓာကိုယ်ကို ထိန်းသိမ်းထားနိုင်တယ်၊ ထောက်ပံ့ထားနိုင်တဲ့ သတ္တိရှိတယ်၊ ဒါကြောင့်မို့ နေနိုင်တယ်။

မေး – ဆိ:, ဝမ်း အပေါ်အလေး မသွားပဲနဲ့ နေနိုင်တာလား။
ဖြေ – ဟုတ်တယ်၊ ဒီအတိုင်း (၇)ရက်တော့ ထိုင်နေမှာပဲ။
မေး – ဒီနေရာမှာ Physical Law အရ reactionတို့ ဘာတို့ဟာ confine လုပ်ပြီး၊ minute access နဲ့ သွားနေတဲ့ သဘောဖြစ်ပါသလား။
ဖြေ – ဟုတ်တယ်၊ စိတ်နဲ့ Heart beatနည်းအောင် အခုခေတ် လုပ်တာရှိတယ် မဟုတ်လား။
မေး – ငါးတွေတောင် ရေခန်းသွားတဲ့ကန်ထဲမှာ တစ်နွေလုံး နေသေးသလိုပါပဲလား၊ hibe ပေါ့၊ အဲဒါ ၇–ရက်တောင်မကဘူး၊ one season လောက်နေတာ၊ မိုးပြန်ကျမှ ရှင်သန်တယ်၊
ဖြေ – ဟုတ်တယ်၊
မေး – ဝက်ဝံတွေဆိုရင် ၆–လလောက် မြေကြီးထဲမှာအောင်းနေနိုင်တယ်၊ နှင်းတွေ အားလုံးပျော်မှ သူအပြင်ထွက်လာတယ်။
ဖြေ – အဲဒါမျိုးနေမှာပေါ့။
မေး – တိရစ္ဆာန်မှာ hibernation ခေါ်တယ်၊ အသက်ရှူနှုန်းကလည်း အခုထိ ဆယ်ပုံတစ်ပုံတို့, သွေးခုန်နှုန်းကလည်းနည်းကုန်တာတို့, ခန္ဓာကိုယ်ရဲ့ ရှင်သန်မှုဟာ နှေးကွေးအေးစက်သွားတာတို့ ဖြစ်ကုန်တယ်၊ အဲဒါ သဘာဝ ပတ်ဝန်းကျင်ရဲ့ ပြောင်းလဲမှုကို ခုခံတိုက်ခိုက်တဲ့ သဘောပါလား။
ဖြေ – အဲဒီ အခြေအနေမျိုးကို ရိုးရိုးအခြေအနေမျိုးမှာ စိတ်တန်ခိုးနဲ့ ဖန်တီးယူ တာပေါ့၊
ကောင်းပြီ နောက်အပတ်ဆိုရင် စိတ်အားလုံး ကုန်လိမ့်မယ်ထင်တယ်။
မေး – စောစောပိုင်းပြောခဲ့တာမှာ ကိုရင်လေးက ဘုန်းကြီးကို အရင်တော့ ရေရှိတယ်၊ နောက်ပိုင်း ရေမရှိဘူးဆိုတာ ဘာသဘောနဲ့ ပြောတာပါလဲဘုရား။
ဖြေ – ရေရှိတယ်ဆိုတာက ခြေထောက်ရေစိုမှာ စိုးလို့ပေါ့၊ ဒီလောက် ရေကလေးတော့ ရှိတာပေါ့၊ ဘုန်းကြီးက ရေချိုးချင်တာကိုး၊ ရေချိုးလောက်တဲ့ ရေမရှိဘူးလို့ ပြောတာ၊ ရေမရှိတာလည်း မဟုတ်ဘူး၊ ရှိတာလည်း မဟုတ်ဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ ရေမရှိဘူးလားဆိုတော့လည်း ရှိတယ်၊ ရေချိုးနိုင်လောက်အောင် များများရှိသလား ဆိုတော့လည်း မရှိဘူးပေါ့၊ အဲဒီတော့ ရှိလည်းရှိတယ်၊ မရှိလည်း မရှိဘူးပေါ့၊ အဲဒီအဓိပ္ပါယ်ပဲ၊ သညာသဘော, စိတ်သဘောလေးက သိမ်မွေ့ လွန်းတော့ မရှိဘူးလို့ ထင်ရလောက်အောင်ကို ဖြစ်တယ်။

တစ်ခါတလေ တရားထိုင်တဲ့ အခါကျတော့ ထွက်သက်ဝင်သက်က သိမ်မွေ့သွားတဲ့အခါကျတော့ အသက် မရှူတော့ဘူးထင်ပြီး ကိုယ့်ဟာကိုယ် လန့်ပြီးတော့ မိုက်စမ်းကြည့်တာတို့ ဘာတို့ဖြစ်လာတယ်၊ တကယ်သိမ်မွေ့လာတဲ့ အခါကျတော့ မသိနိုင်ဘူး၊ ဉာဏ်က မလိုက်နိုင်သေးဘူး၊အဲသလို သိမ်မွေ့သွားတာ အဲဒါထက်ပိုပြီး အများကြီး ဒီဈာန်က သိမ်မွေ့မှာပေါ့။

**မေး** – ရသေ့တို့ ပုဏ္ဏားတို့ကျင့်စဉ်နဲ့ တပည့်တော်တို့ ဗုဒ္ဓဘာသာကျင့်စဉ် ဘယ်လို ကွာခြား ပါသလဲ။

**ဖြေ** – ပုဏ္ဏားကတော့ ဦးဇင်းတို့ ဗုဒ္ဓဘာသာအနေနဲ့ ပြောရရင် ဘာမှ သိပ်မဟုတ်ဘူး၊ သူတို့က ဘာသာရေးမှာ လက်ဝါးကြီးအုပ်ထားတယ်၊ ဘာသာရေးဆိုတာ ဟိန္ဒူဘာသာရေးပေါ့၊ သူတို့ကသာ ဗြဟ္မာကြီးရဲ့ ပါးစပ်က ဖွားတယ်ဆိုပြီး ကျမ်းဂန်တွေကို သူတို့က ကိုင်ထားတယ်၊ အခြားသူတွေဟာ သူတို့က ပြောမှသိရမယ်၊ သူတို့က အမြတ်ဆုံး၊ အောက်တန်းအကျဆုံး cast က သူတွေဟာ သူတို့ ဝေဒရွတ်တာတွေကို နားကို မထောင်ရဘူး၊ နားထောင်မိရင် ဒီလူနားထဲ သံပူရည်လောင်းထည့်ရမယ်၊ အဲဒီလောက် သူတို့က ခွဲခြား သတ်မှတ်ထားတာ။

ရသေ့ကျတော့ ဒီလိုမဟုတ်ဘူးလေ၊ ရသေ့က တောထဲမှာ နေပြီးတော့ ကျင့်တာဆိုတော့ သူက ဈာန်တွေ အဘိညာဉ်တွေ ရနိုင်တယ်၊ ရသေ့က တကယ်ကျင့်တဲ့ ပုဂ္ဂိုလ်တွေ။

**မေး** – ဒါပေမယ့် ဗုဒ္ဓဘာသာမှာရှိတဲ့ သီလသမာဓိတွေ အဲဒါ တွေရအောင် သူတို့ ဘယ်လို ကျင့်မလဲ။

**ဖြေ** – နည်းနည်းတော့ ကွာလိမ့်မယ် "ငါးပါးသီလ၊ ရှစ်ပါးသီလ ဆယ်ပါးသီလတွေ ကတော့ ဦးဇင်းတို့ ကျမ်းဂန်တွေအရ ပြောရမယ်ဆိုရင် ဘုရားပေါ်, မပေါ် ကျင့်သုံးလို့ ရတယ်၊ ရှိနေတယ်။

**မေး** – ရသေ့တွေက အဲဒီအတိုင်းပဲလား။

**ဖြေ** – ဟုတ်တယ်၊ ရှေးတုန်းကတော့ ခပ်ဆင်ဆင်ပဲ သွားတယ်၊ ဒီယဉ်ကျေးမှုက လာတာကိုး။

**မေး** – တချို့က ဟိန္ဒူမဟုတ်ဘူးပေါ့။

**ဖြေ** – တချို့က ဟိန္ဒူပဲ။

**မေး** – မတူဘူး၊ ရသေ့က သူ့ဟာသူ တရားအားထုတ်နေတာပဲပေါ့၊ အခုပြောတဲ့

ဈာန်တွေရပြီး ဈာန်ချမ်းသာတွေ ခံစားနေမှာပေါ့။

မေး – ဒီတော့ ဗုဒ္ဓယောကြားတဲ့ ဖိလိုဆိုဖီအတိုင်း ကျင့်တာဟုတ်ချင်မှ ဟုတ်မှာပေါ့။

ဖြေ – မဟုတ်သေးဘူး၊ များသောအားဖြင့်က ဘုရားမရှိတဲ့အခါမှာ ဒီလိုဈာန်ရတယ်ဆိုတာ ခုနပြောခဲ့သလို အယူမှားနေတာ (အမှန်ကတော့)၊ ရုပ်မရှိရင် ချမ်းသာတယ်ဆိုတာ မဟုတ်ဘူးလေ၊ နာမ်ကလည်း အဖြစ်အပျက် ရှိနေသေးတော့ ဆင်းရဲ တရားပဲ၊ ဒါကြောင့်မို့ သူတို့ဟာ တစ်ဖက်စွန်းရောက်နေတဲ့ သူတွေ၊ တော်ကြာရှိသေးတယ်၊ ငါဟာ စိတ်ရှိလို့ နာမှန်းသိသေးတာ၊ စိတ်မရှိရင် ကောင်းတယ်ဆိုပြီးတော့ အားထုတ်လို့ ရုပ်ထုကြီးလို ကမ္ဘာငါးရာ သွားဖြစ်နေတာ၊ အသညသတ် ဗြဟ္မာဆိုတာရှိတယ်၊ အဲသလို ပဉ္စမဈာန် အားထုတ်ပြီး အဲသလိုလုပ်တာ၊ သူကတော့ စိတ်ကြောင့်နာတယ်ဆိုတာ စိတ်က သိတာကို၊ စိတ်မရှိရင် ဒါတွေဘာမှ သိမှာမဟုတ်ဘူး၊ အရုပ်ကြီး သွားထုကြည့်ပါလား၊ အရုပ်ကနာတယ် မပြောဘူးပေါ့၊ အဲသလိုနဲ့ စိတ်ရဲ့ အပြစ်ကို မြင်ပြီး–

## လောကုတ္တရာစိတ် ၈–ပါး

### မဂ်စိတ် ၄–ပါး (ကုသိုလ်)

၁။ သောတာပတ္တိမဂ်စိတ် (၈၂)
၂။ သကဒါဂါမိမဂ်စိတ် (၈၃)
၃။ အနာဂါမိမဂ်စိတ် (၈၄)
၄။ အရဟတ္တမဂ်စိတ် (၈၅)

### ဖိုလ်စိတ် ၄–ပါး (ဝိပါက်)

၁။ သောတာပတ္တိဖိုလ်စိတ် (၈၆)
၂။ သကဒါဂါမိဖိုလ်စိတ် (၈၇)
၃။ အနာဂါမိဖိုလ်စိတ် (၈၈)
၄။ အရဟတ္တဖိုလ်စိတ် (၈၉)

၁။ အရိယာမဂ်တည်းဟူသော ရေအယဉ်သို့ ရှေးဦးစွာ ရောက်ခြင်းဖြင့် ရအပ်သော မဂ်နှင့်ယှဉ်သောစိတ်။ ----- ရောက်ခြင်း၏အကျိုးဖြစ်သောစိတ်။

၂။ ပဋိသန္ဓေအားဖြင့် ဤလူ့ပြည်သို့ တစ်ကြိမ်လာတတ်သော ပုဂ္ဂိုလ်၏မဂ်နှင့် ယှဉ်သောစိတ်။ ----- မဂ်၏ အကျိုးဖြစ်သောစိတ်။

၃။ ပဋိသန္ဓေအားဖြင့် ဤကာမဘုံသို့မလာတတ်သော ပုဂ္ဂိုလ်၏မဂ်နှင့် ယှဉ်သော စိတ်။ ----- မဂ်၏ အကျိုးဖြစ်သောစိတ်။

၄။ ပူဇော်အထူးကို ခံထိုက်သော ရဟန္တာ ပုဂ္ဂိုလ်၏အဖြစ်၏ အကြောင်းဖြစ် သောမဂ်နှင့် ယှဉ်သောစိတ်။ ---- ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်ဟူသော အကျိုးဖြစ်သောစိတ်။

| | | |
|---|---|---|
| မဂ် | – | သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး (၇–ပါး)အပေါင်း |
| မဂ္ဂင် | – | သမ္မာဒိဋ္ဌိစသော အသီးအသီးသော အစိတ်အင်္ဂါ။ |
| မဂ်စိတ် | – | သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး (၇–ပါး) အပေါင်းနှင့် ယှဉ်သောစိတ်။ |
| မဂ် | – | အကြောင်း၊ လမ်း၊ အကျင့်။ |
| ဖိုလ် | – | အကျိုး။ |
| လောကုတ္တရာ | – | ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောကမှ လွန်မြောက်ဆဲ(မဂ်) လွန်မြောက်ပြီးဖြစ်သော (ဖိုလ်) တရား။ ---- လောကထက် လွန်ကဲမြင့်မြတ်သော တရား (မဂ်၊ ဖိုလ်၊ နိဗ္ဗာန်။) |

## လောကုတ္တရာစိတ်၌ ကြိယာမရှိခြင်းအကြောင်း

လောကုတ္တရာစိတ်၌ ကြိယာစိတ်ဟူ၍ မရှိ။

အဘယ်ကြောင့်နည်း။

မဂ်စိတ်သည် တစ်ကြိမ်သာ ဖြစ်ရိုးရှိသောကြောင့်တည်း၊ ပုဂ္ဂိုလ်တစ်ဦး၌ မဂ်စိတ်သည် တစ်ကြိမ်သာဖြစ်သည်၊ ထပ်ကာထပ်ကာ မဖြစ်၊ (အကယ်၍ ထပ်ကာထပ်ကာ ဖြစ်လျှင်ကား လောကုတ္တရာကြိယာစိတ်ဟူ၍ ရှိနိုင်ရာသည်။) ထို့ကြောင့်တည်း။

အဘယ်ကြောင့် မဂ်စိတ်သည် တစ်ကြိမ်သာ ဖြစ်သနည်း။

မဂ်စိတ်သည် တစ်ကြိမ်ဖြစ်ရုံမျှဖြင့် ဆိုင်ရာကိလေသာတို့ကို အကြွင်းမဲ့

ပယ်သတ်နိုင်သဖြင့် ထပ်၍ဖြစ်သော်လည်း ပြုစရာပယ်စရာကိစ္စမရှိတော့၊ ထို့ကြောင့် ထပ်၍မဖြစ်၊ တစ်ကြိမ်သာဖြစ်သည်။

မဂ်ရပြီးသူများ နိဗ္ဗာန်ချမ်းသာကို အထပ်ထပ်ခံစားနိုင်ရန် မဂ်စိတ် အကြိမ်ကြိမ် ထပ်၍ ဖြစ်သင့်သည် မဟုတ်ပါလော။

ထိုခံစားမှုကိစ္စကို ဖိုလ်စိတ်က တာဝန်ယူထားပြီဖြစ်၍ မဂ်စိတ်က ပြုဖွယ်မလို၊ ထို့ကြောင့် မဂ်စိတ် ထပ်မံဖြစ်ဖွယ်မလိုတော့ပါ။



# အဘိဓမ္မာသင်တန်း (၈)

## [စိတ်ပိုင်း]

## လောကုတ္တရာစိတ် ၈-ပါး

ဒီနေ့ စက်တင်ဘာလ ၂၂- ရက်။

လွန်ခဲ့တဲ့ အပတ်က အရူပါဝစရစိတ်အထိ လေ့လာခဲ့ပြီးပြီ၊ ပထမဆုံးက အကုသိုလ်စိတ်, နောက်တော့ အဟိတ်စိတ်, ပြီးတော့ ကာမာဝစရ သောဘနစိတ်, အဲဒါ ပြီးတော့ ရူပါဝစရစိတ်, နောက်တော့ အရူပါဝစရစိတ်။

အရူပါဝစရစိတ်တိုင်အောင် စိတ်ပေါင်း ၈၁- ရှိတယ်၊ အဲဒီ ၈၁-သော စိတ်တွေအားလုံးကို လောကီစိတ်လို့ ခေါ်တယ်၊ နောင်အခါမှာ လောကီစိတ် ၈၁- လို့ပြောရင် ကုသိုလ်စိတ် ၁၂-ပါးကစပြီး အရူပါဝစရစိတ် ၁၂-ပါးကုန်ထိလို့ ပြောရမယ်။

အဲဒီ လောကီစိတ်ထဲမှာ ရူပါဝစရစိတ်ဆိုရင် (Higher consciousness) ပေါ့၊ သာမညပုဂ္ဂိုလ်တွေ မရဘူး,ချာန်ရတဲ့ ပုဂ္ဂိုလ်တွေမှရတယ်။

အရူပါဝစရစိတ်ဆိုရင် သာပြီးတော့ မြင့်သွားပြန်တယ်၊ ဒီနေ့ လေ့လာမှာက တော့ လောကုတ္တရာစိတ်တဲ့၊ လောကုတ္တရာစိတ်ကတော့ အရူပါဝစရစိတ်ထက် မြင့်သွားပြီ။

ဘာကြောင့်ဒီစိတ်တွေကို လောကုတ္တရာစိတ်လို့ခေါ်ရတာလဲ၊ ဒါကို ပထမ

နားလည်ရမယ်၊ လောကုတ္တရာဆိုတဲ့ စကားလုံးမှာ လောကနဲ့ ဥတ္တရ တွဲထားတယ်။

လောကဆိုတာဘာလဲ၊ လောကဆိုတာလောကပဲ၊ ဥတ္တရဆိုတာ လွန်မြောက်တာ,ကျော်လွန်တာ Transcend, ဒီနေရာမှာ လောကဆိုတာ ဘာလဲအတိအကျ ပြောစမ်းပါဆိုရင် ဥပါဒါနက္ခန္ဓာဟုဆိုအပ်သောလောက,လောကဆိုတာဥပါဒါနက္ခန္ဓာ ၅-ပါးကို ဆိုလိုတယ်တဲ့။

ဥပါဒါနက္ခန္ဓာ ၅-ပါးဆိုတာ တဏှာဒိဋ္ဌိနဲ့ စွဲလမ်းလို့ ရကောင်းတာမှန်သမျှ ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်၊ ရှင်းရှင်းပြောရရင် မြင်နေသမျှတွေ့ကြုံနေသမျှ အားလုံးဟာ ဥပါဒါနက္ခန္ဓာ၊ အဲဒီ ဥပါဒါနက္ခန္ဓာ ၅-ပါးကို လောကလို့ခေါ်တယ်။

ခန္ဓာငါးပါးဆိုတာကတော့ ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ,သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာငါးပါးပေါ့၊ အခုတွေ့နေရတဲ့ လူသတ္တဝါတွေဟာ ဒီခန္ဓာ ၅-ပါးအစုအဝေးပဲ၊ တိရစ္ဆာန်တွေ ခန္ဓာ၅-ပါး အစုအဝေးပဲ နတ်တွေ ခန္ဓာ ၅-ပါး အစုအဝေးပဲ၊ ရူပါဝစရဗြဟ္မာတွေ ခန္ဓာ၅-ပါးအစုအဝေးပဲ အရူပါဝစရဗြဟ္မာတွေကျတော့ ခန္ဓာတစ်ပါး ပြုတ်သွားပြီ၊ ရူပက္ခန္ဓာ မပါတော့ဘူး၊ ထားပါတော့။

အဲဒီ ဥပါဒါနက္ခန္ဓာလို ခန္ဓာတွေကို ဒီနေရာမှာ လောကလို့ခေါ်တယ်၊ အဲဒီ လောကက လွန်မြောက်သွားတဲ့တရားမျိုးကို လောကဥတ္တရ၊ လောကုတ္တရာတရားလို့ ခေါ်တယ်။

လွန်မြောက်သွားတယ်ဆိုတာက ဘာတုန်းဆိုတော့ တဏှာဒိဋ္ဌိရဲ့ အာရုံပြုရာ နယ်ပယ်က လွတ်သွားတာ၊ တဏှာဒိဋ္ဌိက သူ့ကို အာရုံမပြုနိုင်တော့တာ၊ ဒါကိုပဲ လွန်မြောက်သွားတယ်လို့ သုံးတယ်။

လောကထဲမှာ ကျရောက်နေသေးရင် တဏှာဒိဋ္ဌိနဲ့စွဲလန်းလို့ရတယ်, လိုချင်လို့ရတယ်, အမှားစွဲလန်းလို့ရတယ်။

လောကုတ္တရာဖြစ်သွားပြီဟော့ဆိုရင် တဏှာနဲ့လည်း စွဲလန်းလို့မရဘူး, ဒိဋ္ဌိနဲ့လည်း စွဲလန်းလို့ မရဘူး, အဲဒီတဏှာ ဒိဋ္ဌိတို့ရဲ့ အာရုံနယ်ပယ်ကနေ လွတ်မြောက်သွားတာကိုပဲ လွန်မြောက်သွားတယ်လို့ သုံးတယ်။

ဒါကြောင့်မို့ "ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောကမှ လွတ်မြောက်တဲ့ တရား, လွန်မြောက်တဲ့ တရားကို လောကုတ္တရာ၊ အဲဒီ လောကုတ္တရာမှာလည်းပဲ မဂ်, ဖိုလ်, နိဗ္ဗာန်ရယ်လို့ အကျဉ်းချုပ်အားဖြင့် ၃-မျိုးရှိတယ်၊ အကျယ်အားဖြင့် မဂ် ၄-ပါး, ဖိုလ် ၄-ပါး, နိဗ္ဗာန် စုစုပေါင်း ၉-ပါး၊ လောကုတ္တရာ ၉-ပါးဆိုတာ ကြားဖူးကြလိမ့်မယ်၊ ဘုရားရှိခိုးထဲမှာပါတော့ လူကြီးတွေက သိကြလိမ့်မယ်။

မဂ်ကို ဘာကြောင့် လောကုတ္တရာလို့ ခေါ်သလဲဆိုတော့ လွန်မြောက်ဆဲဖြစ်လို့၊ present tense မဂ်က အဲဒီ လောကမှ လွန်မြောက်တုန်း လွန်မြောက်ဆဲ။

ဖိုလ်ဆိုတာကျတော့ လွန်မြောက်ပြီးသွားပြီ၊ အတိတ်ဖြစ်သွားပြီ၊ အဲသလို မဂ်နဲ့ဖိုလ်ကကွာတယ်၊ မဂ်လည်းလွန်မြောက်တာပဲ၊ ဖိုလ်လည်းလွန်မြောက်တာပဲ၊ မဂ်ကတော့ လွန်မြောက်ဆဲ၊ ဖိုလ်က လွန်မြောက်ပြီး။

နိဗ္ဗာန်ကတော့ ဘာတဲ့တုန်း၊ နိဗ္ဗာန်ရော, မဂ်ရော, ဖိုလ်ရော ၃–မျိုး တစ်နည်းအားဖြင့် လောကုတ္တရာလို့ ခေါ်တာက ဘာလဲဆိုတော့ "ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောကထက် လွန်ကဲမြင့်မြတ်သော တရားဖြစ်လို့ ဒါက ခုနကလို ကျော်လွန်နေပါတယ် မဟုတ်တော့ဘူး၊ မြင့်မြတ်တယ်၊ ပိုပြီးသာသွားတဲ့ တရားလို့ ဆိုလိုတာ၊ လောကထက်သာသွားတဲ့ တရားကို လောကုတ္တရာလို့ ခေါ်တယ်။

အဲဒီကျတော့ မဂ်လည်းလောကထက်သာတယ်၊ ဖိုလ်လည်း လောကထက် သာတယ်၊ နိဗ္ဗာန်လည်း လောကထက်သာတယ်၊ ဒါကြောင့်မို့လောကုတ္တရာလို့ ပြောလိုက်ရင် မဂ်, ဖိုလ်, နိဗ္ဗာန်အားလုံးဆိုလိုတယ်၊ သို့သော် ဒီနေ့ လေ့လာမှာက လောကုတ္တရာ စိတ်ဖြစ်တဲ့ အတွက်ကြောင့် မဂ်, ဖိုလ်, ဒီ ၂–ခုကိုပဲ လေ့လာမယ်၊ မဂ်စိတ်, ဖိုလ်စိတ်ကို လေ့လာမယ်၊ နိဗ္ဗာန်ကို မလေ့လာသေးဘူး၊ နိဗ္ဗာန်ကို ဆဋ္ဌမပိုင်း နောက်ဆုံးကျမှ ပြောမယ်။

ကောင်းပြီ, လောကုတ္တရာစိတ် ၈–ပါးရှိတဲ့အနက်မှာ မဂ်စိတ် ၄–ပါး၊ ဖိုလ်စိတ် ၄–ပါး, မဂ်စိတ် ၄–ပါးကို လောကုတ္တရာကုသိုလ်စိတ်လို့ ခေါ်ရတယ်၊ ဖိုလ်စိတ် ၄–ပါးကို လောကုတ္တရာဝိပါက်စိတ်လို့ ခေါ်တယ်။

လောကုတ္တရာကုသိုလ်လို့ ပြောလိုက်ရင် မဂ်စိတ်ကို ပြောတာနဲ့ အတူတူပဲ၊ လောကုတ္တရာဝိပါက်လို့ ပြောလိုက်ရင် ဖိုလ်စိတ်လို့ ပြောတာနဲ့ အတူတူပဲ။

ကောင်းပြီ မဂ်စိတ် ၄–ပါးက ဘာတဲ့တုန်း။

(၁) သောတာပတ္တိမဂ်စိတ်

(၂) သကဒါဂါမိမဂ်စိတ်

(၃) အနာဂါမိမဂ်စိတ်

(၄) အရဟတ္တမဂ်စိတ်, ဒါဟာ မဂ်စိတ် ၄–ပါး။

ဒီမဂ်စိတ် ၄–ပါးက ဘယ်လိုအခါမှာ ပေါ်တာတုန်း, ဒီမဂ်စိတ် ၄–ပါးကို ရဖို့ရန် ဘာကို အားထုတ်ရမလဲဆိုတော့ ဝိပဿနာ တရားကို အားထုတ်ရမယ်၊ ဝိပဿနာ တရားမပါပဲနဲ့ မဂ်စိတ်, ဖိုလ်စိတ် မပေါ်နိုင်ဘူး။

ဝိပဿနာတရား အားထုတ်တဲ့အခါ ဝိပဿနာမှာ ဉာဏ်စဉ်လို့ခေါ်တဲ့ ဉာဏ်အဆင့်ဆင့်ရှိတယ် ဆိုပါတော့၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်က တဖြည်းဖြည်း ဉာဏ်တစ်ဆင့်ပြီးတစ်ဆင့် အဆင့်ဆင့် တက်သွားမယ်။

ပထမရုပ်နဲ့ နာမ်ကွဲသွားမယ်၊ နောက်တော့ အကြောင်းအကျိုး ဆက်စပ်တာ နားလည်သွားမယ်၊ နောက်ကျတော့ အနိစ္စ, ဒုက္ခ, အနတ္တ မြင်မယ်၊ အဲဒီနောက်ကျတော့ ဖြစ်တာပျက်တာကို သေသေချာချာမြင်မယ်၊ နောက်ဆုံးကျတော့ ပျက်တာမြင်မယ် စသည်ဖြင့် အဆင့်ဆင့်တက်သွားပြီ ဆိုပါတော့။

တက်သွားလို့ ဝိပဿနာရဲ့ အထွတ်အထိပ်ရောက်ပြီးတဲ့ နောက်မှာ မဂ်စိတ်ဆိုတာ ပေါ်လာတယ်၊ အမှန်တော့ မဂ်စိတ်ဆိုတာ ဝိပဿနာရဲ့ထိပ်မှာနေတယ်၊ ဝိပဿနာထဲမှာ မဂ်စိတ်မပါဘူး၊ ဝိပဿနာရဲ့အပြင်ဘက်, ဝိပဿနာရဲ့ အပေါ်က နေတယ်။

အဲသလို ဝိပဿနာအားထုတ်လို့ အောင်မြင်သွားပြီဆိုတဲ့ တစ်နေ့မှာမဂ်စိတ်ဆိုတာပေါ်တယ်၊ အဲဒီမဂ်စိတ်ဟာ ဝိပဿနာ စိတ်ခဏတွေနောက်က ဆက်တိုက်ဖြစ်တာ၊ ကြားမှာ ဘာမှ ခြားမနေတော့ဘူး။

ဝိပဿနာ အားထုတ်တဲ့အခါကျတော့ ကာမာဝစရသောဘန စိတ်တွေက ကုသိုလ်စိတ် ဖြစ်နေတာ၊ ဒီကုသိုလ်စိတ်တွေက တစ်ခုပြီးတစ်ခု ဖြစ်နေတာ၊ အဲဒီကုသိုလ်စိတ်တွေ ဖြစ်အပြီးမှာ မဂ်စိတ်ဆိုတာ ပေါ်လာတယ်။

အဲဒီမဂ်စိတ်ဟာ နိဗ္ဗာန်ကိုအာရုံပြုတယ်၊ ဝိပဿနာက ရုပ်နာမ်ဆိုတဲ့ လောကီတရားကို အာရုံပြုတယ်၊ ဘာလို့တုန်းဆိုတော့ ဝိပဿနာက အနိစ္စ၊ ဒုက္ခအနတ္တရှုတာ၊ အဖြစ်အပျက်မြင်အောင်ရှုတာဆိုတော့ လောကီတရားသာရှုလို့ ရတယ်၊ လောကုတ္တရာတရားရှုလို့ မရဘူး။

မဂ်စိတ်ကျတော့ နိဗ္ဗာန်ကို အာရုံပြုတာ၊ လောကီတရားကို မဟုတ်တော့ဘူး၊ လောကုတ္တရာတရားကို အာရုံပြုတာ၊ အဲဒီမဂ်စိတ်ဖြစ်တဲ့အချိန် အခိုက်အတန့်လေးဟာ ဘယ်လောက်ကြာသလဲ၊ စိတ်တစ်ခဏ တစ်ချက်ခန့်ပဲ ကြာတယ်ဆိုတော့ ၁-စက္ကန့်ရဲ့ အပုံ တစ်သန်းပုံရင် တစ်ပုံပဲ ကြာချင်မှာကြာမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လက်ဖျက်တစ်တွက်အတွင်းမှာ စိတ်ပေါင်းကုဋေနဲ့ချီပြီးဖြစ်နိုင် ချုပ်နိုင်တယ်။

ဒါကြောင့်မို့ မဂ်စိတ်ဟာ အဲဒီထဲက ခဏလေးတစ်ချက်ပဲဖြစ်တာ၊ ဒါပေမယ့် လို့ သူကသိပ်ပြီး သတ္တိထက်တဲ့စိတ်ဖြစ်တာကြောင့်မို့ အဲဒီစိတ်ဖြစ်တာနဲ့ တစ်ပြိုင်နက်

အဲဒီစိတ်ဟာ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့နိဗ္ဗာန်ကို အာရုံပြုတယ်။

အာရုံပြုတာနဲ့ တစ်ပြိုင်နက်ထဲ သူက ဘာကိစ္စဆောင်ရွက်သလဲဆိုတော့ ကိလေသာတွေပယ်တဲ့ကိစ္စကို ဆောင်ရွက်တယ်၊ ရှင်းရှင်းပြောရရင် ကိလေသာတွေကိုပယ်တယ်။

အဲဒီမဂ်ကပယ်လိုက်တဲ့ ကိလေသာဟာ ဘယ်တော့မှ ဒီပုဂ္ဂိုလ်ထဲ ပြန်မပေါ်တော့ဘူး၊ အပြီးသတ်ပယ်တာ၊ ပယ်နည်းအမျိုးမျိုးရှိတယ်၊ တစ်ခဏ ပယ်တာရှိတယ်၊ အတန်ကြာပယ်တာရှိတယ်, အပြီးသတ်ပယ်တာရှိတယ်။

တစ်ခဏ ပယ်တယ်ဆိုတာက ဘုရားရှိခိုးနေတဲ့အချိန်မှာ တခြားအကုသိုလ်တွေကမရှိဘူး၊ ကုသိုလ်စိတ်တွေဝင်နေတာ၊ တရားထိုင်နေတယ်ဆိုပါတော့၊ အခြားအကုသိုလ်မရှိဘူး၊ ကုသိုလ်စိတ်တွေ ရှိနေတယ်၊ ကုသိုလ်စိတ်နဲ့ အစားထိုးပြီး၊ အကုသိုလ်စိတ်ကို ပယ်ထားတာ၊ ဒါဟာ တဒင်္ဂပဟာန်လို့ သုံးတယ်။

တဒင်္ဂဆိုတဲ့ စကားလုံးတော့ ကြားဖူးမှာပေါ့၊ တဒင်္ဂရဲ့ အဓိပ္ပါယ်ကတော့ "ထိုထိုကုသိုလ် အင်္ဂါဖြင့်၊ အကုသိုလ်ကို ပယ်တယ်"လို့ ဆိုလိုတယ်၊ ဒါဟာ လူပြိန်းနားလည်တဲ့စကား မဟုတ်ဘူး၊ ရှင်းရှင်းပြောရရင် ခဏပယ်တာ, တစ်ခဏမျှ ပယ်တာ၊ အင်္ဂလိပ်ပြောရရင် (Substitutesitute) လုပ်ပြီးပယ်တာ၊ အစားထိုးပြီး ပယ်တာကို တဒင်္ဂပယ်တာခေါ်တယ်။

ဘုရားရှိခိုးနေချိန်မှာ ကိလေသာမရှိတော့တာ၊တရားထိုင်တဲ့အခါမှာကိလေသာ မလာတာ။

သို့သော် အကြောင်းပေါ်တဲ့အခါ ဒီကိလေသာ ပြန်မပေါ်ပေဘူးလား၊ ပေါ်တာပေါ့၊ တရားထိုင်ရင်းနဲ့ ဘေးနားက လူတစ်ယောက်က အသံဗလံမြည်အောင် လုပ်လိုက်လို့ ဒေါသထွက်ရင်အကုသိုလ်ပေါ်လာတယ်၊ ကိလေသာပေါ်လာတယ်၊ တစ်ခုခုလိုချင်တာလေး စိတ်ထဲက စဉ်းစားရင် အကုသိုလ်ပေါ်လာတယ်၊ တဒင်္ဂနဲ့ ပယ်တယ်ဆိုတာကတော့ ခဏလေးသာ ပယ်နိုင်တယ်။

ဈာန်ရတဲ့ အခါကျတော့ ဒီဈာန်ကလည်း ကိလေသာတွေကို ပယ်ထားနိုင်တယ်၊ ဈာန်နဲ့ ပယ်တဲ့ကိလေသာကျတော့ သူ့ကို ပါဠိလို ဝိက္ခမ္ဘနပဟာန်လို့ခေါ်တယ်၊ သူကနည်းနည်းပိုပြီးကြာတယ်၊ ခွာထားနိုင်တယ်လို့ဆိုတယ်၊ ရေထဲမှာရှိတဲ့ မှော်တွေကို ကျွဲကြီး တိုးသွားတော့ အဲဒီမှော်တွေဟာ ကျဲသွားပြီး တော်တော်နဲ့ ပြန်မစေ့ဘူး၊ ဖြည်းဖြည်းချင်းမှ ပြန်စေ့တာမျိုးလို ဈာန်နဲ့ပယ်ထားတဲ့ ကိလေသာကျတော့ချက်ချင်း ပြန်မလာဘူး၊ ဖြည်းဖြည်းချင်းမှ ပြန်လာတယ်၊ လာတော့လာမှာပဲ၊ ဘာလို့တုန်း

ဆိုတော့ သူကလည်း အရင်းအမြစ်နဲ့တကွ အပြီးသတ်ပယ်တာ မဟုတ်သေးလို့။

ဒါကြောင့်မို့ ဈာန်ရပြီး ဈာန်လျောတယ်ဆိုတာတွေ ရှိတာပေါ့၊ ဈာန်တို့ အဘိညာဉ်တို့ ရလို့ကောင်းကင်ပျံနိုင်ပြီးတဲ့ နောက်မှ ဈာန်လျောပြီးတော့ ဖြစ်ချင်တာ ဖြစ်နိုင်တယ်။

မဂ်နဲ့ ပယ်တာကျတော့ သမုစ္ဆေဒလို့ ခေါ်တယ်၊ သမုစ္ဆေဒဆိုတာ အကြွင်းမဲ့ ဖြတ်ပစ်လိုက်တာ၊ အဲဒီမဂ်နဲ့ပယ်လိုက်တဲ့ ကိလေသာကျတော့ ဒီပုဂ္ဂိုလ်ထံ ဘယ်တော့မှ ပြန်မဖြစ်တော့ဘူး၊ အဲဒီလောက် သတ္တိရှိတဲ့မဂ်စိတ်။

ဒီမဂ်စိတ် ဖြစ်လိုက်တာနဲ့ တစ်ပြိုင်နက် ဒီပုဂ္ဂိုလ်ဟာပုထုဇဉ် မဟုတ်တော့ဘူး၊ အရိယာပုဂ္ဂိုလ်ဖြစ်သွားပြီ၊ ဒါကြောင့် အရိယာပုဂ္ဂိုလ်ဆိုရင် မဂ်စိတ်ဖြစ်ဖူးတဲ့ ပုဂ္ဂိုလ်, သူ့သန္တာန်မှာ မဂ်စိတ်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်မှ အရိယာလို့ခေါ်ရတယ်၊ ဒီလို မဖြစ်ဖူးသေးရင် ဒီပုဂ္ဂိုလ်ဟာအရိယာ မဟုတ်ဘူး။

အဲဒီမဂ်စိတ်မှာ ပထမဆုံးရတဲ့မဂ်စိတ်ကို သောတာပတ္တိမဂ်စိတ်၊ အဲဒီ သောတာပတ္တိမဂ်စိတ်နောက်မှာ ဆက်တိုက်လိုက်ပြီးတော့ သောတာပတ္တိဖိုလ်စိတ် ၂- ကြိမ်သော်လည်းကောင်း, ၃-ကြိမ်သော်လည်းကောင်း ဖြစ်တယ်၊ ဒါဟာ စိတ္တနိယာမခေါ်တယ်၊ စိတ်အစဉ်ဟာ ဒီအတိုင်းသွားတယ်။

မဂ်ရတာနဲ့တစ်ပြိုင်နက် နောက်က ဖိုလ်စိတ်လိုက်တယ်၊ ဖိုလ်စိတ်ဟာ ၂- ကြိမ်သော်လည်းကောင်း၊ ၃-ကြိမ်သော်လည်းကောင်း ဖြစ်တယ်၊ ဒါဆိုရင် ဖိုလ်စိတ်က ဘာကိစ္စလုပ်တာတုန်း၊ မဂ်က ကိလေသာပယ်ပြီးပြီ, ဖိုလ်က ဘာလုပ်တာတုန်း ထပ်ပြီးတော့ ငြိမ်းအောင်လုပ်တာ။

ထပ်ပြီးတော့ ငြိမ်းအောင်လုပ်တယ်ဆိုတာ လူတစ်ယောက်က ရိုက်ချလိုက်လို့ အခြားလူတစ်ယောက်လဲ သွားပြီးတဲ့နောက်, နောက်လူတစ်ယောက်က ရောက်လာ ပြီး ပထမလူလုံးဝမထနိုင်အောင် ထပ်ထောင်းပြန်တဲ့ သဘောမျိုး၊ ကျမ်းဂန်တွေ ထဲမှာပြောတာကတော့ မီးကိုသေအောင် သတ်လိုက်ပြီးတဲ့နောက် ပိုပြီးတော့ သေချာအောင် ရေနဲ့ထပ်လောင်းတာမျိုးလို ထပ်မံငြိမ်းစေတဲ့သဘော, ငြိမ်းစေတဲ့ကိစ္စကို ဖိုလ်က ဆောင်ရွက်တယ်။

မဂ်က အပြီးသတ်လိုက်တယ်၊ ကိလေသာမီးကို အပြီးငြိမ်းလိုက်ပြီ၊ ငြိမ်းလိုက် ပြီးတဲ့နောက် နောက်ထပ်မပေါ်နိုင်အောင် ဖိုလ်ကထပ်ပြီး သတ်တယ်၊ အဲဒီဖိုလ်စိတ် ဖြစ်သွားပြီးတဲ့နောက် ဒီပုဂ္ဂိုလ်ဟာ ပထမအဆင့်ဆိုရင် သောတာပန် ဖြစ်သွားပြီ၊ သူလည်း အရိယာပုဂ္ဂိုလ်ပဲ။

သောတာပန်ဖြစ်ပြီးတဲ့နောက် ဆက်ပြီးတော့ ဖြစ်စေ, ကာလခြား၍ဖြစ်စေ, တရားဆက်အားထုတ်တယ်ဆိုပါစို့၊ တရားဆက်အားထုတ်တဲ့အခါကျတော့ ဝိပဿနာကိုပဲ ဆက်အားထုတ်ရတယ်၊ ဝိပဿနာဆက်အားထုတ်တော့ အဆင့်ဆင့် ဝိပဿနာဉာဏ်တက်ပြီး အောင်မြင်ပြန်ပြီဆိုပါတော့၊ နောက်ထပ်မဂ်စိတ်တစ်ခု ပေါ်ပြန်တယ်၊ အဲဒီမဂ်စိတ်တစ်ခု နောက်ကဖိုလ်စိတ် ၂–ကြိမ် ၃–ကြိမ် ဖြစ်တယ်၊ အဲဒီစိတ်ဖြစ်လိုက်တဲ့အခါကျတော့ သူဟာ သကဒါဂါမ်ပုဂ္ဂိုလ် ဖြစ်သွားတယ်၊သူ့စိတ် ကို သကဒါဂါမိမဂ်စိတ်၊ ဒုတိယစိတ်၊ ဖိုလ်စိတ်ကို သကဒါဂါမိဖိုလ်စိတ်။

တစ်ခါ ဒီလိုပဲထပ်ပြီး အားထုတ်ပြန်ပြီ၊ ရှေ့ဆက်ပြီးတက်ချင်လို့ပေါ့၊ အောင်မြင်ပြီ၊ တတိယမဂ်စိတ်ပေါ်တယ်၊ တတိယမဂ်စိတ် နောက် က တတိယဖိုလ်စိတ် ၂–ကြိမ် ၃–ကြိမ် ဖြစ်တယ်၊ တတိယမဂ်စိတ်ကို အနာဂါမိမဂ်စိတ်, တတိယဖိုလ်စိတ်ကို အနာဂါမိဖိုလ်စိတ်။

တစ်ခါ ရှေ့ဆက်သွားဦးမယ်၊ အဆုံးတိုင်ရောက်အောင် အားထုတ်ပြန်တယ်၊ အောင်မြင်သွားပြန်ပြီ၊ စတုတ္ထမဂ်စိတ်ပေါ်တယ်၊ အရဟတ္တမဂ်စိတ်၊ အဲဒီ အရဟတ္တမဂ်စိတ်နောက်က အရဟတ္တဖိုလ်စိတ် ၂–ကြိမ် ၃–ကြိမ် ဆက်တိုက်ဖြစ်တယ်။

အဲဒီ အရဟတ္တမဂ်စိတ် ရပြီးတဲ့နောက်ကျတော့ ဒီပုဂ္ဂိုလ်ကို ရဟန္တာလို့ခေါ်ရတယ်၊ ရဟန္တာဆိုတာ မဂ်အဆင့် ၄–ဆင့်မှာ အမြင့်ဆုံးအဆင့်ရောက်ပြီးတဲ့ပုဂ္ဂိုလ်ကို ရဟန္တာလို့ခေါ်တယ်၊ အရဟတ္တမဂ်စိတ် အရဟတ္တဖိုလ်စိတ်ဟာ ရဟန္တာရဲ့သန္တာန်မှာ ဖြစ်ပြီးသွားပြီ။

အဲဒီတော့ ပထမစိတ်ဖြစ်တဲ့ သောတာပတ္တိမဂ်စိတ်ကို ပြန်သွားကြမယ်၊ သောတာပတ္တိမဂ်စိတ်နဲ့ ဘာကို ပယ်သလဲ, ဘာကိလေသာတွေကို ပယ်သလဲ၊ အခုထဲက မှတ်ချင်မှတ်ကြ၊ တွေ့မှာက နဝမပိုင်း (နောက်ဆုံးပိုင်း)ကျမှ တွေ့မှာ၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ၊ ဒီတရား ၂–မျိုးကို သောတာပတ္တိမဂ်က အကြွင်းမဲ့ ပယ်တယ်။

ဒိဋ္ဌိဆိုတာ အယူမှားပေါ့၊ လှူတာတန်းတာ အကျိုးမရှိဘူး၊ အရိုအသေပြုတာ အကျိုးမရှိဘူး စသည်ဖြင့် ဒီလိုယူဆတဲ့ ပုဂ္ဂိုလ်တွေ၊ ပြီးတော့ လောကကြီးမြဲတယ်လို့ ယူဆတဲ့ ပုဂ္ဂိုလ်တွေ၊ သို့မဟုတ်ရင် လောကကြီးမှာ သတ္တဝါတွေဟာ သေပြီးရင် ပြီးရော နောက်ထပ် ပြန်မဖြစ်ဖူးလို့ ယူတဲ့ပုဂ္ဂိုလ်တွေ၊ ဒီပုဂ္ဂိုလ်တွေကို မိစ္ဆာဒိဋ္ဌိလို့ခေါ်တယ်၊ အဲဒီအယူကိုလည်း ဒိဋ္ဌိအယူလို့ခေါ်တယ်။

အဲဒီဒိဋ္ဌိနဲ့ သို့လောသို့လော ယုံမှားတွေးတောမှု ဝိစိကိစ္ဆာ၊ ဒီနေရာမှာ သို့လောသို့လော ယုံမှားတွေးတောမှုဟာ ဘုရား, တရား, သံဃာ ရတနာသုံးပါးရဲ့

ပတ်သက်တဲ့ ယုံမှားမှု, ပဋိစ္စသမုပါဒ် တရားတော်နဲ့ ပတ်သက်တဲ့ ယုံမှားမှု, သစ္စာလေးပါးနဲ့ ပတ်သက်တဲ့ ယုံမှားမှု, သိက္ခာသုံးပါး အကျင့်တရားနဲ့ ပတ်သက်တဲ့ ယုံမှားမှုမျိုးကို ဆိုလိုတယ်၊ သာမညယုံမှားမှုမျိုးဖြစ်တဲ့ မော်တော်ကားမောင်းသွားလို့ ဘယ်ဘက်ချိုးရမလား, ညာဘက်ချိုးရမလား, မသိတဲ့ ယုံမှားမှုမျိုးကို ဆိုလိုတာ မဟုတ်ဘူး။

စာစကားနဲ့ပြောရမယ်ဆိုရင် ရဟန္တာဖြစ်ပြီးတဲ့ပုဂ္ဂိုလ်တောင်မှ သူက စာသိပ်မတတ်ရင် ဒီဟာလုပ်ကောင်းလား, မလုပ်ကောင်းလား မသိဘူး၊ အဲဒါဝိစိကိစ္ဆာ မဟုတ်ဘူး၊ ရဟန္တာဆိုတော့ ဝိစိကိစ္ဆာကင်းတယ်။

ဝိစိကိစ္ဆာက ဘာလဲ၊ ဘုရားဆိုတာ ဟုတ်ရဲ့လား, ဘုရားက တရားအားလုံးကို သိတယ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လား, ဝိပဿနာရှုလို့ ရုပ်နာမ်သဘော သိတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား၊ အဲဒီလို ယုံမှားမှုမျိုး၊ ပြီးတော့ အခြားယုံမှားမှုမျိုးတွေ ရှိပါသေးတယ်, ငါ နောက်ဘဝဖြစ်ခဲ့တာ ဟုတ်မှဟုတ်ရဲ့လား၊ ရှေ့ဘဝဖြစ်မှာကော ဟုတ်မှဟုတ်ရဲ့လား စသည်ဖြင့် အဲဒီလို ယုံမှားမှုမျိုးတွေ အားလုံးဟာ သောတာပတ္တိမဂ်ကို ရလိုက်ရင် ကင်းသွားတယ်။

ဒါကြောင့် သောတာပတ္တိမဂ်နဲ့ဘာတွေကို ပယ်သလဲလို့မေးရင်ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ၊ ဒီတရား နှစ်မျိုးကိုပယ်တယ်၊ ဒီတရားနှစ်မျိုးကို ပယ်ပြီးဖြစ်တာကြောင့် သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်မှာဘယ်တော့မှ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာမဖြစ်တော့ဘူး၊ ဘုရား, တရား, သံဃာနဲ့ ပတ်သက်လို့ ဘယ်တော့မှ ယုံမှားမှုမျိုး မရှိတော့ဘူး၊ ဒါကြောင့် ဘုရား, တရား, သံဃာနဲ့ ပတ်သက်ရင် မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း၊ သဒ္ဓါတရားနဲ့ ပြည့်စုံတယ်လို့ ဆိုရတယ်၊ ဘယ်လိုလူမျိုးကလာပြီး ခြိမ်းခြောက်လည်းပဲ မရတော့ဘူး၊ "မင်းကို သတ်မယ်ဘုရားကို ဘုရားမဟုတ်ဘူးလို့ ပြော, တရားကို တရားမဟုတ်ဘူးလို့ပြော" ခိုင်းရင် အသေသာခံမယ်၊ သူဒါကို ဘယ်တော့မှ မပြောတော့ဘူး။

သောတာပန်ဖြစ်သွားပြီးတဲ့နောက် ငါးပါးသီလကို မြဲမြဲကြီး သူ ထိန်းတော့တယ်၊ သောတာပန်ဖြစ်ပြီးရင် ငါးပါးသီလကို ဘယ်တော့မှ မဖောက်ဖျက်တော့ဘူး၊ မချိုးတော့ဘူး။

နောက်ဆုံး ဒီဘဝက သေလို့ နောက်ဘဝ လူပြန်ဖြစ်တယ်ထားပါတော့, ကလေးဘဝနဲ့ မွေးဖွားလာပြီဆိုပါတော့, သူ့ကိုယ်သူ သောတာပန်မှန်းသိချင်မှ သိအုံးမယ်၊ ဒါပေမယ့်လို့ သူ့အသက်သတ်မှု, သူ့ဥစ္စာခိုးမှု မလုပ်တော့ဘူး၊ ဘာလို့တုန်းဆိုရင် မဂ်နဲ့ ပယ်တယ်ဆိုတာက တစ်ခါထဲတောက်ခနဲ ပြတ်သွားအောင်

ပယ်လိုက်တာ။

ကျမ်းဂန်တွေမှ ပြောတာက သစ်ပင်ကို မိုးကြိုးပစ်လိုက်သလို ဒီသစ်ပင်သွားတာပဲ၊ အခုခေတ်ဆိုရင် ညျူကလီးယားလက်နက်ပေါ့။

မေး – သောတာပန်ဘာတွေပယ်သလဲ။

ဖြေ – ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပယ်တယ်။

မေး – သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ် ငါးပါးသီလ ချိုးသေးသလား။

ဖြေ – မချိုးတော့ဘူး၊ ကျမ်းဂန်မှာ အတိအလင်းရှိတယ်။

မေး – သကဒါဂါမိမဂ် ရတယ်၊ သကဒါဂမ် ပုဂ္ဂိုလ်ဖြစ်သွားပြီ၊ အဲဒီ ပုဂ္ဂိုလ်ကျတော့ ဘာတွေ ပယ်သလဲ။

ဖြေ – ဘာကိလေသာကိုမှ နောက်ထပ် သူကအထူးမပယ်ဘူး၊ ဒါပေမယ့် ကျန်တဲ့ ကိလေသာတွေကို သူကပါးသွားအောင်လုပ်တယ်၊ နည်းသွားအောင်လုပ်တယ်၊

သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်မကျတော့ဘူး၊ အပါယ်မကျတော့ဘူးဆိုတာ အပါယ်ကျနိုင်လောက်တဲ့ ကိလေသာကို သူမလုပ်တော့ဘူးလို့ ဆိုလိုတာ၊ အပါယ်ကျနိုင်လောက်တဲ့ ကိလေသာတွေကို လုပ်လျက်နဲ့ အပါယ်မကျတာ မဟုတ်ဘူး၊ အဲဒါ သိပ်အယူလွဲတတ်ကြတယ်။

တချို့ ညာချင်တဲ့သူတွေက "ငါ သောတာပန် ဖြစ်နေပြီ၊ ငါ ဘာလုပ်လုပ် အပါယ်မလားတော့ဘူး၊ ကိစ္စမရှိတော့ဘူး၊ မင်းတို့က သောတာပန် မဟုတ်သေးတော့ မင်းတို့ ဘာမှ မလုပ်ကြနဲ့."လို့ ပြောပြီး မတော်တရော်လုပ်တဲ့သူတွေရှိတယ်။

သောတာပန် အပါယ်မလားဘူးဆိုတာဟာ အပါယ်လားစေတဲ့ အကုသိုလ်ကို မလုပ်လို့ကို အပါယ်မလားတာ၊ သူက သူများ အသက်တော့ သတ်သေးတယ်၊ သူများဥစ္စာတော့ ခိုးသေးတယ်, သူ့အိမ်ရာတော့ ပြစ်မှားသေးတယ်, ဒါပေမယ့် သောတာပန် ဖြစ်နေလို့ အပါယ်မလားတာ မဟုတ်ဘူး၊ အဲဒါ သိပ်အရေးကြီးတယ်၊ လူဝတ်ကြောင် ဒကာဒကာမတွေ အသေအချာ မှတ်ကြ၊ ဆရာဆိုတာ အမျိုးမျိုးတွေ့ရတာပဲ၊ ဒီနိုင်ငံမှာလည်း ဒါမျိုးတွေရှိတယ်။

ဒါကြောင့်မို့, သောတာပန် ဖြစ်သွားရင် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပယ်တယ်၊ ဒါဟာ သိပ်စစ်ဆေးဖို့ မလွယ်ပါဘူး၊ သို့သော် ငါးပါးသီလနဲ့ ပြန်ချိန်ကြည့်ကြ၊ ကိုယ့်ကို ကိုယ် သောတာပန် ထင်ရင်လည်း ငါ ပရွက်ဆိတ်လေးများ သတ်နိုင်သေးသလား၊ သတ်သေးသလား၊ အရက်သောက်သေးသလား စသည်ဖြင့် ကိုယ့်ကိုကိုယ် ငါးပါးသီလနဲ့ ပြန်စစ်ဆေးကြည့် ဒါပဲ။

တလောက Texax သွားတော့ လူတစ်ယောက်က သိပ်ဟိုဠ်သွားပြီး တရားအားထုတ်လာလို့ သူ့ကိုယ်သူ သောတာပန် ထင်နေပြီး ဦးဇင်းကို လာမေးတယ်၊ သောတာပန် ဘယ်လိုလဲ ညာလိုလဲ စသည်ဖြင့်ပေါ့။

ဦးဇင်းကပြောတယ်၊ သောတာပန်ဆိုတာ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာပယ်တယ်၊ ဒါပေမယ့် ပုထုဇဉ်လည်း တရားကိုများများအားထုတ်ရင် သောတာပန်နီးနီးပယ်နိုင်တာပဲ၊ သို့သော် ကိုယ်ကျင့်တရားနဲ့ပြန်ကြည့်ကြ၊ ငါးပါးသီလကို ဘယ်တော့မှ မဖောက်ဘူး, မချိုးဘူးလို့ တို့ရဲ့စာပေကျမ်းဂန်မှာ အတိအလင်းရှိတယ်ဆိုတော့ သူက "ဒါတွေ ချည်းတော့ မဟုတ်သေးပါဘူး၊ I still kill insects တဲ့၊ သူ ပုရွက်ဆိတ်လေး ပိုးဟပ်လေးတော့ သတ်ဦးမှာပေါ့လေ၊ အဲသလို ပြန်ချိန်ရတယ်။

မြန်မာပြည်မှာ လူတစ်ယောက်တွေ့ဖူးတယ်၊ သူကလည်း ပြောတယ်၊ ဦးဇင်း တပည့်တော်က သောတာပန် ဖြစ်ပြီးမှ ပြန်လျော့ကျလာတာတဲ့၊ အမှန်တော့ တကယ်ဖြစ်ပြီးမှ လျော့တာမဟုတ်ဘူး၊ သူ့ကိုယ်သူထင်တာပြောတာ၊ သူက တရားသွားအားထုတ်ထားတာကိုး၊ တွေ့သင့်သလောက် တွေ့ထားတော့ သူ့ကိုယ်သူ သောတာပန် ဖြစ်ပြီထင်တာ။

တစ်နေ့တော့ လူတစ်ယောက်က သူ့ကို (သူက ကုန်သည်) သူ ရောင်းတဲ့ ကုန်ရဲ့ အရင်းအနှီးကို မေးတာ၊ ဒီဟာ အရင်းဘယ်လောက်ကုန်သလဲ ဆိုတော့ အမှန်အတိုင်း သူ ဘယ်ပြောလိမ့်မလဲ၊ ညာပြောလိုက်တာပေါ့၊ ညာပြောပြီးတော့မှ သူ စဉ်းစားတယ်၊ ငါ သောတာပန်ပါ, ဘယ့်နှယ် ညာပြောရသလဲဆိုပြီးတော့ သူ့ထက်နားလည်တဲ့ ဆရာကြီးတစ်ယောက် သွားမေးတယ်၊ "ဆရာကြီး သောတာပန် ဆိုတာ လိမ်ပြောသေးလား"ဆိုတော့ ဆရာကြီးက "မင်းကွာ, ဘယ်လိမ်ပြောမလဲ, သောတာပန်ဆိုတာ အသက်စွန့်ပြီး ငါးပါးသီလကို ထိန်းတယ်" ပြောလိုက်တော့မှ ငါ သောတာပန်မဟုတ်သေးပါဘူးဆိုပြီး သူ့ကိုယ်သူ သောတာပန်အဖြစ်က ပြန်ကျ သတဲ့။

ဒါပေမယ့် သူက တစ်ခုတော့ ပြောတယ်၊ "တပည့်တော် ကိုယ့်ကိုကိုယ် သောတာပန် ထင်နေတုန်းက သိပ်စိတ်ကောင်းတာပဲ၊ စိတ်ကောင်းသိပ်ရှိတာပဲ"တဲ့၊ ဒါကြောင့်မို့ ဦးဇင်းက သူ့ကိုယ်သူ သောတာပန် ထင်ချင်လည်း ထင်ပါစေတော့လို့။

မေး – တစ်ခါတလေ ကိုယ်က လိမ်တာတော့မဟုတ်ဘူး၊ အမှတ်တမဲ့ ပြော လိုက်တာဟာ လိမ်ရာကျပါသလား။

ဖြေ – အမှတ်တမဲ့ မဟုတ်ဘူး၊ အမှတ်တမဲ့ပြောတာမျိုး စေတနာ မပါတာမျိုးက

ကိစ္စမရှိဘူး၊ ဒါက စေတနာနဲ့ပြောတာ၊ တကယ် လိမ်ချင်လို့ကို လိမ်လိုက်တာ၊ ဒါဘယ်လောက် ပေးရသလဲမေးတာ၊ အမှန် တစ်ရာပေးရတယ်၊ ဒါပေမယ့် တစ်ရာ ပေးရတယ် မပြောချင်တော့ တစ်ရာ့ငါးဆယ် ပေးရတယ် ပြောတယ်။

မေး – အဲဒါဆိုရင် ဉာတာဖြစ်သွားရောလား။

ဖြေ – အဲဒါတော့ ဉာတာပေါ့။

မေး – ဘယ်သူမှ မထိခိုက်ရင်ကော။

ဖြေ – သူများ မထိခိုက်တဲ့ ဉာတာမျိုးကတော့ သီလမကျိုးဘူးလို့ ပြောတယ်၊ ကမ္မပထမမြောက်ဘူး။သူတစ်ပါးအကျိုးပျက်စီးမှ ကမ္မပထမြောက်တယ်၊ ကောင်းပြီ၊ သောတာပန်က ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပယ်တဲ့အပြင် လောဘ, ဒေါသ, မောဟကိုလဲ အပါယ်ကျ နိုင်လောက်တဲ့ဟာဆို မလုပ်တော့ဘူး၊ သကဒါဂမ်ကျ တော့ ဒီထက်ပါးသွားပြီ၊ သကဒါဂမ်က ဘယ်ကိလေသာကိုမှ ထပ်ပြီး အကြွင်းမဲ့မပယ်ဘူး၊ သို့သော် သကဒါဂါမိမဂ် ရလိုက်ရင် နဂိုကရှိတဲ့ ကိလေသာက ပိုန္နးညံ့သိမ်မွေ့ သွားပြီး ပိုပါးသွားတယ်။

အနာဂါမိမဂ်ရတော့ ဘာကိလေသာတွေ ထပ်ပယ်သလဲဆိုတော့ ကာမရာဂနဲ့ ဗျာပါဒကို ထပ်ပယ်တယ်။

ကာမရာဂဆိုတာက လောကမှာရှိတဲ့ ကာမဂုဏ်ဆိုတဲ့ဝတ္ထုပစ္စည်းတွေ လှလှပပ မြင်စရာတွေ, ကြားစရာတွေ, ဒါတွေအားလုံးကို ကာမဂုဏ်လို့ခေါ်တယ်၊ လူတွေ ကတော့ ကာမဂုဏ်ဆိုရင် sex လိုတာမျိုးပဲ နားလည်လိမ့်မယ်၊ ကာမဂုဏ်ဆိုတာ ဒါမျိုးမဟုတ်ဘူး၊ မြင်တဲ့အာရုံ, ကြားတဲ့အာရုံ, နံတဲ့အာရုံ, အရသာသိတဲ့ အာရုံ, ထိတဲ့အာရုံ, ဒါတွေအားလုံးကို ကာမဂုဏ် ၅–ပါးလို့ ခေါ်တယ်။

အဲဒီကာမဂုဏ်ငါးပါးနဲ့ ပတ်သက်ပြီး သူ့မှာတွယ်တာမှု လိုချင်မှု တောင့်တမှု ဘာမှမရှိတော့ဘူး၊ သို့သော် သူ့မှာ လုံးဝ လောဘကင်းသွားပြီလားဆိုတော့ မကင်းသေးဘူး၊ လောဘကျန်သေးတယ်၊ ဘာကြောင့်တုန်း၊ ရူပဘုံတော့ ရောက်ချင် သေးတာကိုး၊ အရူပဘုံတော့ ရောက်ချင်သေးတာကိုး၊ အဲဒါကြောင့် ရူပရာဂ၊ အရူပရာဂဆိုတဲ့ အလွန်သိမ်မွေ့တဲ့ ရာဂက သူ့မှာရှိသေးတယ်၊ ကာမဘုံမှာရှိနေတဲ့ ပစ္စည်းတွေ အာရုံတွေနဲ့ ပတ်သက်တဲ့ လိုချင်တောင့်တမှုကတော့ သူ့မှာ မရှိတော့ဘူး၊ ဒါကြောင့် အနာဂါမ်ဖြစ်ပြီးရင် အိမ်ထောင်ဘဝနဲ့နေဖို့ အများကြီး ခဲယဉ်းသွားပြီ။

နောက်တစ်ခုက ဗျာပါဒ, ဗျာပါဒဆိုတာ ဒေါသပြောတာ၊ အနာဂါမ်ဖြစ်ရင် ဒေါသလုံးဝကင်းသွားပြီ၊ ဘယ်တော့မှ စိတ်ဆိုးတာတို့ ဒေါသထွက်တာတို့ စိတ်ညစ်

တာတို့ မရှိတော့ဘူး၊ ပြီးတော့ ဒေါသဆိုရာမှာ ကြောက်တာကိုလည်း ဒေါသလို့ အဘိဓမ္မာမှာ ယူရတယ်၊ သူက ဆုတ်နစ်တဲ့ ဒေါသလို့ ခေါ်ရတယ်၊ စိတ်ဆိုးတာ ကတော့ ထက်မြက်တဲ့ဒေါသပေါ့။

မေး – passive ဒေါသလား

ဖြေ – ဟုတ်တယ် passive ဒေါသနဲ့ active ဒေါသ။ aggresive ဒေါသပေါ့။

ဒါကြောင့် အနာဂမ်ဖြစ်ပြီးရင် မကြောက်ဘူး၊ ဘယ်လောက် ခြောက်လှန့်နေနေ မကြောက်တော့ဘူး၊ ကြောက်တာလန့်တာ သူ့မှာ မရှိတော့ဘူး၊ အဲဒါ သူပယ်တယ်။

ဒါကြောင့်မို့ ပုဂ္ဂိုလ်တစ်ယောက်က သူ့ကိုယ်သူ အနာဂါမ်ပါဟော့ဆိုရင် စမ်းလို့ သိပ်လွယ်တယ်၊ သူ့ကို စိတ်ဆိုးအောင်စမ်းကြည့်ပေါ့။

ကောင်းပြီ, အနာဂါမ်ကနေ ရဟန္တာဖြစ်သွားပြီတဲ့၊ စတုတ္ထမဂ်ရလို့ ရဟန္တာ ဖြစ်သွားတဲ့အခါကျတော့ ကျန်တဲ့ကိလေသာဖြစ်တဲ့ရူပါရာဂ အရူပရာဂတို့ မာနတို့ မောဟအဝိဇ္ဇာဆိုတဲ့ တရားတွေအကုန်လုံးပယ်လိုက်ပြီ တစ်ခုမှ ပြန်မလာ တော့ဘူး၊ လုံး၀ Total purity of mind အဲဒီကျမှ ရတော့တယ်။

မေး – ဒါကြောင့် ရဟန္တာဖြစ်ပြီးမှ စိတ်ဆိုးတယ်လို့ ရှိနိုင်ပါ့မလား။

ဖြေ – မရှိနိုင်ပါဘူး။

မေး – ဟိုဟာလိုချင် ဒီဟာလိုချင်ရှိနိုင်ပါ့မလား။

ဖြေ – မရှိနိုင်ဘူး။

မေး – မာနကြီးတာတို့ကော ရှိနိုင်ပါ့မလား။

ဖြေ – မရှိနိုင်ဘူး၊ စိတ်ဟာ အလွန်ကို စင်ကြယ်သွားပြီ၊ အဲဒါကို ရဟန္တာလို့ ခေါ်တယ်။

ကောင်းပြီ, အဲဒါက အဆင့် ၄–ဆင့်၊ အရိယာပုဂ္ဂိုလ် ၈–ယောက်လို့ခေါ်တယ်၊ မဂ်အခိုက်မှာကို တစ်ယောက် ခေါ်တယ်၊ ဖိုလ်အခိုက်မှာကို တစ်ယောက်ခေါ်တော့ နှစ်ယောက် ဖြစ်သွားတော့စုစုပေါင်း ရှစ်ယောက် ဖြစ်သွားတာပေါ့။

သောတာပတ္တိမဂ်ကို ဘာကြောင့် သောတာပတ္တိမဂ်လို့ ခေါ်သလဲ၊ အရိယာမဂ် တည်းဟူသော ရေအယဉ်သို့ ရှေးဦးစွာရောက်ခြင်းဖြင့် ရအပ်သောမဂ်နှင့် ယှဉ်သော စိတ်၊ မှတ်နိုင်ရင်လည်း မှတ်ကြ။

သောတဆိုတာ ဒီနေရာမှာ ရေအယဉ်သောတဟာ နားလို့ပဲ အနက်ပေးတယ်၊ သောတရှင်ဆိုတာ ကြားဖူးကြသလား၊ နားထောင်တဲ့သူကို သောတရှင်လို့ ခေါ်ကြ

တယ်၊ ဒါက မြန်မာတွေထွင်တဲ့စကားလုံး, ဒီနေရာမှာတော့ သောတဟာ နား မဟုတ်ဘူး၊ ရေအယဉ်။

အဲဒီ ရေအယဉ်ထဲသို့ ရှေးဦးစွာ ရောက်သွားတယ်၊ အဲဒီရောက်ခြင်းဖြင့် ရအပ်တဲ့မဂ်၊ အဲဒီမဂ်နဲ့ ယှဉ်တဲ့စိတ်ကို သောတာပတ္တိမဂ်စိတ်။

ကောင်းပြီ မဂ်ရယ်, မဂ္ဂင်ရယ်, မဂ်စိတ်ရယ်, ဒီသုံးခု ခွဲခြားပြီး သိရမယ်၊ ဟိုနေ့တုန်းက ဈာန်ရယ်, ဈာန်အင်္ဂါရယ်, ဈာန်စိတ်ရယ်။

မဂ်ဆိုတာ ဘာလဲ၊ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး (၇–ပါးအပေါင်း) တစ်ခါ တလေကျတော့ ၇–ပါး ဖြစ်တယ်၊ တစ်ခါတလေကျတော့ ၈–ပါးဖြစ်တယ်။

မဂ္ဂင်ရှစ်ပါး တော့ကြားဖူးကြတယ် မဟုတ်လား၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ စသည်ဖြင့် ရှိတယ်၊ အဲဒီဟာတွေ ပေါင်းနေတာကို မဂ်လို့ ခေါ်တယ်၊ ဟိုနေ့က ပြောသလို ဈာန်ဆိုတာ အင်္ဂါ ၅–ပါး ဈာန်အင်္ဂါအပေါင်းကို ဈာန်လို့ ခေါ်သလို အဲဒီဟာတွေပေါင်းနေတာကို မဂ်လို့ခေါ်တယ်။

မဂ္ဂင်ဆိုတာ မဂ်ရဲ့အစိတ်အပိုင်းလို့ဆိုလိုတယ်၊ အဲဒီမဂ်အပေါင်းရဲ့ အစိတ် အပိုင်းဆိုတော့ အသီးအသီး တစ်ခုစီ,တစ်ခုစီ (individually) ပေါ့၊ သမ္မာဒိဋ္ဌိကို မဂ္ဂင်လို့ခေါ်တယ်၊ သမ္မာသင်္ကပ္ပကို မဂ္ဂင်လို့ခေါ်တယ်, သမ္မာဝါစာကို မဂ္ဂင်လို့ ခေါ်တယ် စသည်ဖြင့် သိရမယ်၊ သူတို့ပေါင်း လိုက်တဲ့ ၈–ပါး, အဲဒါကို မဂ်, ၇–ပါးပေါင်းလိုက်ရင် မဂ်။

မဂ်စိတ်ဆိုတာက မဂ်, မဂ္ဂင်, အဲဒါတွေနဲ့ ယှဉ်တဲ့စိတ်၊ တချို့ မဂ်စိတ်က ၈–ပါးလုံးနဲ့ ယှဉ်တယ်၊ တချို့မဂ်စိတ်က ၇–ပါးနဲ့ ယှဉ်တယ်၊ အဲဒါနဲ့ ယှဉ်တဲ့ စိတ်ကျတော့ မဂ်စိတ်။

အဲဒါကြောင့်မို့ သောတာပတ္တိမဂ်စိတ်ဆိုတာ အရိယာမဂ်တည်းဟူသော ရေအယဉ်သို့ ရှေးဦးစွာ ရောက်ခြင်းဖြင့် ရအပ်သောမဂ်။

သစ်တုံးတစ်ခုကို မြစ်ထဲပစ်ချလိုက်ပါ၊ မြစ်ရေအယဉ်ထဲကျသွားရင် ဒီသစ်တုံးဟာ တဖြည်းဖြည်းနဲ့ သမုဒ္ဒရာဘက် သွားတော့မှာပဲ၊ အဲဒီအတိုင်းပဲ ပုဂ္ဂိုလ်ဟာ အရိယာမဂ်တည်းဟူသော ရေအယဉ်သို့ ရောက်တယ်ဆိုရင် နိဗ္ဗာန်ရောက် တော့မှာပဲ၊ ဘယ်သူမှတားလို့မရတော့ဘူး၊ သေချာသွားပြီ၊ ဒါကြောင့်မို့ အရိယာမဂ်ကို ရေအယဉ်နဲ့ နှိုင်းပြီးဒီမှာပြောထားတာ။

ဖိုလ်စိတ်ကျတော့ ဘာတဲ့တုန်း၊ အရိယာမဂ်တည်းဟူသော ရေအယဉ်သို့ ရှေးဦးစွာ ရောက်ခြင်း၏ အကျိုးဖြစ်သောစိတ်။

ဖိုလ်စိတ်ဆိုတာ အကျိုးစိတ်၊ မဂ်စိတ်ပြီးရင် ချက်ချင်း ဖိုလ်စိတ်ဖြစ်တယ်၊ မဂ်စိတ်က အကြောင်း, ဖိုလ်စိတ်ကအကျိုး၊ ဒီနေရာမှာ အကြောင်းနဲ့အကျိုးဟာ တကယ့်ကို ဘာမှ မခြားပဲနဲ့ ဆက်တိုက်ဖြစ်တာ၊ ဒီလိုဖြစ်တာဒီတစ်နေရာပဲရှိတာ၊ ကာမာဝစရကုသိုလ်က အကျိုးပေးတာကနောက်ဘဝမှာ သွားပြီး အကျိုးပေးမှာ၊ ဒီဘဝမှာအကျိုးပေးသည့်တိုင်အောင် ကာလအတန်ကြာမှ အကျိုးပေးမယ်၊ တစ်ရက်ကြာမှ နှစ်ရက်ကြာမှ, တစ်လကြာမှ စသည်ဖြင့် အကျိုးပေးမှာ။

မဂ်က အကျိုးပေးတယ်ဆိုတာကတော့ ချက်ချင်း အကျိုးပေးမှာ၊ ဒါကြောင့်မို့ တရားတော်ရဲ့ဂုဏ်တော်တွေထဲမှာ အကာလိကောဆိုတဲ့ ဂုဏ်တော်ပါတယ်၊ အခါမလင့် အကျိုးပေးတတ်တယ်တဲ့၊ အခါမလင့် အကျိုးပေးတယ်ဆိုတာ ချက်ချင်း အကျိုးပေးတာ၊ သူ့အကျိုးက ချက်ချင်း နောက်က လိုက်လာတာ၊ အင်္ဂလိပ်လို ဘာသာပြန် အလွန် ဒုက္ခများတာ၊ timeless လို့ ပြန်တာတွေဟာ မကိုက်ဘူး၊ အင်မီးရီးယက်ရီဇက် (immediate result) ဆိုရင် နည်းနည်း အဲဒါက ဟုတ်တယ်၊ သို့သော် စကားလုံး အဓိပ္ပါယ်တော့ မဟုတ်တော့ဘူး၊

အကာလိက ဆိုတာ၊ ကာလဆိုတာ အချိန်အခါ၊ အ–ဆိုတာကမရှိတာ၊ အချိန်အခါမရှိတာ။

ဒါကြောင့် ဖိုလ်စိတ်ဆိုတာ မဂ်ရဲ့ အကျိုးဖြစ်တဲ့စိတ်ပေါ့။

သကဒါဂါမိမဂ်ဆိုတာ ပဋိသန္ဓေအားဖြင့် ဤလူ့ပြည်သို့ တစ်ကြိမ် လာတတ်သောပုဂ္ဂိုလ် (သကဒါဂါမ်ပုဂ္ဂိုလ်)၏ မဂ်နှင့် ယှဉ်သောစိတ်တဲ့။

သကဒါဂါမ်ဆိုတာ လူ့ပြည်တစ်ကြိမ် ပြန်လာတယ်၊ လူ့ပြည်မှာ သကဒါဂါမ် ဖြစ်ပြီးတဲ့နောက် လူ့ပြည်ပြန်မလာပဲ နတ်ပြည် ဗြဟ္မာပြည်လည်း သွားချင်သွားနိုင်တယ်၊ သို့သော် လူ့ပြည်တစ်ကြိမ် ပြန်လာချင်လည်း လာနိုင်တယ်၊ ပြန်လာနိုင်တယ်ဆိုတာ ပဋိသန္ဓေနေသောအားဖြင့် ပြန်လာတာပြောတာ၊ ဒီကနေ နတ်ပြည်အလည်သွားပြီး ပြန်လာတာမျိုးကို ဆိုလိုတာမဟုတ်ဘူး၊ ဒီဘဝသေပြီးတော့ လူပြန်ဖြစ်တာ၊ ဒါကြောင့် ပဋိသန္ဓေအားဖြင့်လို့ ဆိုလိုတယ်။

အဲဒီလို ပဋိသန္ဓေအားဖြင့် လူ့ပြည်ကို တစ်ကြိမ်သာ ပြန်လာတတ်တဲ့ ပုဂ္ဂိုလ်ကို သကဒါဂါမ်လို့ ခေါ်တယ်။

ပါဠိစကားမှာ သက, သကတ်ဆိုတာက တစ်ကြိမ် one's ဆိုတဲ့ အဓိပ္ပါယ် ရှိတယ်၊ အဂါမိဆိုတာက လာတယ်ဆိုတဲ့အဓိပ္ပါယ်ရှိတယ်၊ ဒါကြောင့်မို့ တစ်ကြိမ် လာတတ်တဲ့ ပုဂ္ဂိုလ်, သကဒါဂါမ်၊ သူက လူ့ပြည်သို့ ပဋိသန္ဓေအားဖြင့် တစ်ကြိမ်

ပြန်လာနိုင်တယ်။

တတိယပုဂ္ဂိုလ်ကတော့ အနာဂမ်ပုဂ္ဂိုလ်တဲ့၊ အနာဂမ်ပုဂ္ဂိုလ်က ဘာတဲ့တုန်း၊ ပဋိသန္ဓေအားဖြင့် ဤကာမဘုံသို့ (လူ့ဘုံမဟုတ်ဘူး၊ ကာမဘုံ၊ ကာမဘုံဆိုတာ နတ်ဘုံတွေပါတယ်၊ လူ့ဘုံ၊ နတ်ဘုံ၊ အပါယ်လေးဘုံကို ကာမဘုံခေါ်တယ်) မလာတတ်သော ပုဂ္ဂိုလ်တဲ့။

အနာဂါမ် ဖြစ်သွားပြီးလို့ ဒီဘဝကသေရင် လူလည်းမဖြစ်တော့ဘူး၊ နတ်လည်း မဖြစ်တော့ဘူး, ဗြဟ္မာပဲသွားဖြစ်တယ်၊ အနာဂါမ်ဆိုတာ တော်တော်သမာဓိအားကြီးမှ သမာဓိအားကောင်းမှဖြစ်တာ၊ အဲသလိုသမာဓိအားကောင်းတဲ့အတွက်ကြောင့်မို့ အနာဂါမ်ဖြစ်ပြီးတဲ့နောက် ဈာန်ကိုမရပဲ မနေတော့ဘူး၊ ရတာပဲ။

အဲဒါကြောင့် သူတို့သေတဲ့အခါကျတော့ သုဒ္ဓါဝါသဆိုတဲ့ ဗြဟ္မာ့ဘုံမှာသွားဖြစ်တယ်၊ သုဒ္ဓါဝါသဆိုတာ အနာဂါမ်တွေမှ ဖြစ်နိုင်တဲ့ဘုံ။

ဒါကြောင့်မို့ လူ့ဘုံလည်း ပြန်မလာဘူး, နတ်ဘုံလည်း ပြန်မလာဘူး, "ကာမဘုံသို့ ပြန်မလာတတ်တဲ့ ပုဂ္ဂိုလ်ကို အနာဂါမ် ပုဂ္ဂိုလ်၊ သူ့ရဲ့အကျိုးနဲ့ ယှဉ်တဲ့စိတ်က ဖိုလ်စိတ်ပေါ့။

အရဟတ္တမဂ်ဆိုတာဘာတုန်း၊ "ပူဇော်အထူးကို ခံထိုက်သော ရဟန္တာ၊ ဒါကတော့ အရဟန္တ ဆိုတဲ့ပါဠိကို အနက်ပေးတဲ့အခါမှာ အမျိုးမျိုးပေးလို့ ရတယ်၊ ဒီထဲမှာတော့ ရှည်နေမှာစိုးလို့ ဒီအနက်တစ်မျိုးပဲ ပေးလိုက်တယ်၊ ပူဇော် အထူးကို ခံထိုက်သော ပုဂ္ဂိုလ်ကို ရဟန္တာလို့ ခေါ်တယ်။

ပူဇော်အထူးကို ခံထိုက်တယ်ဆိုတာ သူ့ကို ပူဇော်ရင် အကျိုးအများကြီး ရတယ်လို့ဆိုလိုတာ၊ သီလမရှိတဲ့ ပုဂ္ဂိုလ်ကို လှူတာနဲ့, သီလရှိတဲ့ပုဂ္ဂိုလ်ကို လှူတာ မတူဘူး၊ ရိုးရိုးသီလရှိတဲ့ ပုဂ္ဂိုလ်ကို လှူတာနဲ့, သောတာပန်ကို လှူတာ မတူဘူး၊ သောတာပန်လှူတာနဲ့,သကဒါဂါမ်ကို လှူတာမတူဘူး စသည်ဖြင့်ပေါ့၊ ရဟန္တာဆိုတော့ လုံးဝ စိတ်သန့်ရှင်းနေတဲ့ ပုဂ္ဂိုလ်ကို လှူရတာဖြစ်တော့ အကျိုးအများဆုံးရတယ်။

ဒါကြောင့်မို့ ပူဇော်အထူးကို ခံထိုက်တဲ့ ပုဂ္ဂိုလ်လို့ ပြောခြင်းပြောရင် ရဟန္တာပဲ ပြောရမယ်၊ သူက အမြတ်ဆုံးပုဂ္ဂိုလ်။

ဒါကြောင့်မို့ ပူဇော်အထူးကို ခံထိုက်တဲ့ပုဂ္ဂိုလ်ကို ရဟန္တာ၊ ရဟန္တာပုဂ္ဂိုလ်အဖြစ်ရဲ့ အကြောင်းဖြစ်တဲ့မဂ်၊ ရဟန္တာအဖြစ်ဆိုင က အရဟတ္တဖိုလ်ကို ခေါ်တယ်၊ အရဟတ္တဖိုလ်ရဲ့ အကြောင်းကို မဂ်လို့ ခေါ်တယ်၊ သူနဲ့ယှဉ်တဲ့စိတ်ကို အရဟတ္တမဂ်စိတ်။

တခြားအဓိပ္ပါယ်ကတော့ ရဟန္တာဆိုတာ ကိလေသာတွေကိုအကြွင်းမဲ့ ပယ်သတ်တတ်တဲ့ ပုဂ္ဂိုလ်လို့ အဓိပ္ပာယ်ရှိတယ်၊ ခုနပြောသလိုပဲ ရဟန္တာဖြစ်တော့ ကိလေသာကုန်သွားပြီ မဟုတ်လား၊ ဒါကြောင့်မို့ ကိလေသာကို အကြွင်းမဲ့ပယ်သတ်ပြီးတဲ့ ပုဂ္ဂိုလ်ဆိုတဲ့ ဒီလိုအဓိပ္ပါယ်လဲရှိတယ်။

အရဟံဂုဏ်တော် ဖတ်ဖူးရင် တွေ့လိမ့်မယ်၊ ဘုရားဆိုတော့ ဒီထက်သာတာပေါ့၊ အမျိုးမျိုးအဓိပ္ပာယ် ကြံတာတွေရှိတယ်။

အဲဒီရဟန္တာပုဂ္ဂိုလ်ရဲ့ အဖြစ်ဆိုတာကိုတော့ အရဟတ္တဖိုလ်လို့ခေါ်တယ်၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်။

ဒါဖြင့် လောကုတ္တရာစိတ် ၈–ပါးကို ပြန်ရေတွက်လိုက်စမ်းပါ၊ မဂ်နဲ့ဖိုလ်နဲ့ တစ်စုံစီ သွားကြစမ်းပါ။

(၁) သောတာပတ္တိမဂ်စိတ်
(၂) သောတာပတ္တိဖိုလ်စိတ်
(၃) သကဒါဂါမိမဂ်စိတ်
(၄) သကဒါဂါမိဖိုလ်စိတ်
(၅) အနာဂါမိမဂ်စိတ်
(၆) အနာဂါမိဖိုလ်စိတ်
(၇) အရဟတ္တမဂ်စိတ်
(၈) အရဟတ္တဖိုလ်စိတ်

ထို့ကြောင့် လောကုတ္တရာစိတ် ၈–ပါး၊ မဂ်စိတ် ၄–ပါး၊ ဖိုလ်စိတ် ၄–ပါး၊ တစ်နည်းပြောရရင် ကုသိုလ် ၄–ပါး၊ ဝိပါက် ၄–ပါး၊ ဒါဟာ လောကုတ္တရာစိတ် ၈–ပါး။

မေး – သောတာပန်ကျတော့ ပြန်လာတာနဲ့ မလာတာဘယ်လို နားလည်သလဲ။

ဖြေ – ၇–ဘဝ အလွန်ဆုံး သံသရာလည်ဦးမယ်ပေါ့။

မေး – သောတာပန်ဟာ အပါယ်သွားနိုင်သေးလား။

ဖြေ – အပါယ်တော့မသွားဘူး၊ သံသရာဆိုတာ လူ့ဘုံနတ်ဘုံပေါ့၊ အပါယ်တော့ မလားဘူး၊ အလွန်ဆုံးနေရရင် ၇–ဘဝပဲပေါ့။

မေး – Chances တွေက အဲဒီလူတွေက တကယ်လို့ သောတာပန်ဖြစ်ပြီးပြီဆိုရင် နောက်ဘဝ သေတဲ့အချိန်ကျရင် လူပဲ ပြန်ဖြစ်မှာလား။

ဖြေ – အမျိုးမျိုးဖြစ်နိုင်တယ်၊ လူဖြစ်နိုင်တယ်, နတ်ဖြစ်နိုင်တယ်, ဈာန် ရသွားရင်

ဖြဟ္မာလည်း ဖြစ်ဦးမယ်၊

**မေး** – ဒီထက်နိမ့်တဲ့ အဆင့်တော့ မဖြစ်နိုင်တော့ဘူးပေါ့၊

**ဖြေ** – မဖြစ်နိုင်တော့ဘူး၊ အပါယ်မလားဘူးဆိုတာ အဲဒါပဲ၊ ငရဲမကျနိုင်ဘူး၊ တိရစ္ဆာန် မဖြစ်နိုင်ဘူး စသည်ဖြင့်ပေါ့၊ ဒါကြောင့်မို့ အနည်းဆုံးတော့ သောတာပန် ဖြစ်အောင် အားထုတ်ရမယ်, ဒီလို တရားဟောကြတာပေါ့၊ သောတာပန်ဖြစ်ရင် သေချာသွားပြီ၊ စိတ်ချရပြီ၊ ပါဠိလိုသုံးတဲ့အခါမှာ နိယတောလို့သုံးတယ်၊ နိယတောဆိုတာ မြဲတယ်၊ သေချာသွားပြီ၊ အပါယ် မလားတော့ဘူး၊ ဆက်ကြိုးစားသွားရင် အထက်မဂ်တွေရဖို့ပဲ ရှိတယ်။

**မေး** – Automatically ဖြစ်မသွားဘူးလား။

**ဖြေ** – ဟင့်အင်း, မရဘူး။

**မေး** – Automatically ဆိုတာ ဒီလိုလေးဖြစ်ကို ဖြစ်မယ့် အခြေအနေမျိုးမှာ ပေါက်ဖွားလာပြီမဟုတ်လား၊

**ဖြေ** – ကျင့်တော့ကျင့်ရဦးမယ်။

**မေး** – မဟုတ်ဖူးလေ၊ Situation will be success, you will be compelled to practice.

**ဖြေ** – ဒီလိုလဲမဟုတ်ဘူး၊ ဘာလို့တုန်းဆိုတော့ သောတာပန်အဖြစ်နဲ့ လူ့ဘဝက သေသွားမယ်ဆိုပါတော့ နောက်လူ့ဘဝ ဖြစ်ချင်လည်း ဖြစ်မယ်၊ သို့သော် ဒကာမကြီး ပြောတာ ဟုတ်တယ်၊ ဒီ ၇–ဘဝ အတွင်းမှာတော့ သူ ရဟန္တာထိအောင် တက်ကို တက်ရမယ်၊ ဒါတော့သွားရမယ်၊ ဆိုပါတော့, ဒီဘဝမှာ သောတာပန် အဖြစ်နဲ့ ကျေနပ်နေတယ် ဆိုပါတော့, ဝိသာခါတို့, အနာထပိဏ်တို့ကြည့်၊ သူတို့ ဘုရားနဲ့ဘယ်လောက်တွေ့ကြသလဲ၊ ဘုရား ဟောကြားတဲ့တရားကို ဘယ်လောက် နာရသလဲ၊ ဒါပေမယ့် သောတာပန်ပဲ၊ ဒီထက်ပိုပြီး အဆင့်မတက်ဘူး၊ သောတာပန်အဖြစ်နဲ့ အကြာကြီး နေဦးမှာတဲ့၊ သူတို့က သံသရာဝဋ်မှာပျော်တဲ့သူတွေလို့ ဆိုတယ်။

**မေး** – သိရက်သားနဲ့ မကျင့်တော့ဘူးဆိုတာတော့ ဖြစ်သေးလား။

**မေး** – အဲဒါဆိုရင် သက်တမ်းရှည်တဲ့ဘဝတွေမှာ သွားဖြစ်နိုင်သလား။

**ဖြေ** – ဟုတ်တယ်၊ နတ်ဘုံမှာ သွားဖြစ်ပြီး အကြာကြီးနေမယ်ပေါ့၊ နောက်ပိုင်း ကျတော့ ဘုံစဉ်စံဆိုတာတွေရှိတယ်၊ လောကကြီးထဲမှာ သိပ်ပြီး မွေ့လျော်တဲ့ ပုဂ္ဂိုလ်တွေပေါ့၊ အရိယာတော့ ဖြစ်ပြီးပြီ၊ အရိယာဖြစ်ပြီးပေမယ့် ကိလေသာ

အကုန်လုံးကို မပယ်နိုင်သေးတော့, လောကမှာ ဘဝတဏှာရှိသေးတော့၊ ဆိုပါတော့ ပထမနတ်ပြည်မှာနေမယ်, ဟုတ်လား၊ အဲဒီနတ်သက်စေ့တော့ ဒုတိယနတ်ပြည် နေမယ်၊ တတိယနတ်ပြည်နေမယ် စသည်ဖြင့်ပေါ့လေ၊ အဲသလို သွားမယ့်ပုဂ္ဂိုလ်တွေလည်းရှိတယ်။

တချို့ကျတော့လည်း လောကကြီးမှာ ကြာကြာမနေချင်ဘူးပေါ့၊ မြန်မြန် လွတ်ချင်တယ်၊ ဆက်အားထုတ်ရင် ၇-ဘဝ ဆိုတာကအလွန်ဆုံးပြော ထားတာ၊ ဒုတိယဘဝမှာပဲ တစ်ဆင့်တက်သွားရင်ဖြစ်မှာပဲ၊ သို့သော် အလွန်ဆုံးသောတာပန် အဖြစ်နဲ့ နေသွားရင် ၇-ဘဝပဲပေါ့၊ နောက်ဆုံး ဘဝကျရင် ကေန်ရဟန္တာ ဖြစ်သွားမယ်။

ကောင်းပြီ, အဲဒါ လောကုတ္တရာစိတ် ၈-ပါး၊ လောကုတ္တရာစိတ် ၈-ပါးက အကျဉ်းအားဖြင့် ၈-ပါးလို့ ဆိုရတယ်၊ လောကုတ္တရာစိတ်မှာ ကြိယာစိတ် ပါရဲ့လား၊ တွေ့လား၊ ကာမာဝစရသောဘနမှာတုန်းက ကြိယာရှိတယ်၊ ရူပါဝစရ မှာကော (ရှိတယ်) အရူပါဝစရမှာကော (ရှိတယ်) ဒါဖြင့် လောကုတ္တရာကျတော့ ဘာကြောင့် ကြိယာမရှိရတာလဲ။

"လောကုတ္တရာစိတ်၌ ကြိယာစိတ်ဟူ၍မရှိ" ဘာကြောင့်မရှိတာလဲ ပထမ ကြိယာစိတ်သဘောကို နားလည်ထားရမယ်၊ ကုသိုလ်စိတ်သည်ပင်လျှင် ထပ်ဖြစ်တာ ဒီကုသိုလ်စိတ်ပဲ၊ ဒီလိုစိတ်မျိုးပဲ ရဟန္တာသန္တာန်မှာ ထပ်ဖြစ်တော့ ကြိယာလို့သုံးတယ်။

ပုထုဇဉ်ဘဝနဲ့တုန်းက ဘုရားရှိခိုးတယ်၊ ကုသိုလ်စိတ်ဖြစ်တယ်၊ ရဟန္တာဖြစ် ပြီးတဲ့နောက် ဘုရားရှိခိုးတယ်၊ ဒီစိတ်ပဲ ပြန်ဖြစ်တာပဲ၊ ဒီစိတ်မျိုး ပြန်ဖြစ်တာပဲ၊ အဲဒီအခါကျတော့ ကြိယာခေါ်တယ်။

အဲဒီတော့ စိတ်တစ်ခုဟာ ထပ်ဖြစ်နိုင်မှ ကြိယာဖြစ်နိုင်တယ်၊ ထပ်မဖြစ်နိုင်တဲ့ စိတ်ဟာ ကြိယာမဖြစ်နိုင်ဘူး၊ အဲဒီ အခြေခံ နားလည်ရမယ်၊ ဆက်ဖတ်စမ်းပါ။

"မဂ်စိတ်သည် တစ်ကြိမ်သာဖြစ်ရိုးရှိသောကြောင့်တည်း" မဂ်က တစ်ကြိမ်ပဲ ဖြစ်တယ်၊ ထပ်ဖြစ်တာမဟုတ်ဘူး၊ သတ္တဝါတစ်ယောက်အတွက် တစ်သံသရာလုံးမှာ မဂ်ဟာ တစ်ခါပဲဖြစ်တယ်၊ ဒီမဂ်စိတ်ဟာ နောက်ထပ်အခါခါ မဖြစ်ဘူး၊ အဲဒီတော့ ရဟန္တာဖြစ်သွားပြီးတဲ့နောက် ဒီမဂ်စိတ်ဟာ ပြန်မဖြစ်ရင် ဘယ်လိုလုပ်ပြီး ကြိယာစိတ် ရှိတော့မလဲ၊ လောကုတ္တရာကြိယာဆိုတာ မရှိနိုင်ဘူး။

ဒါကြောင့်မို့ မဂ်စိတ်ဟာတစ်ကြိမ်သာ ဖြစ်ရိုးရှိတဲ့အတွက်ကြောင့် လောကုတ္တရာစိတ်မှာ ကြိယာမရှိဘူး၊ အကယ်၍သာမဂ်စိတ်ဟာ ထပ်ကာ, ထပ်ကာ

ဖြစ်နိုင်တယ်ဆိုရင်တော့ လောကုတ္တရာကြိယာစိတ်ဆိုတာ ရှိမှာပေါ့၊ အခုတော့ ဒီလိုမဟုတ်တဲ့အတွက်ကြောင့် လောကုတ္တရာကြိယာစိတ်ဆိုတာ မရှိဘူး။

ဒါဖြင့် ဘာကြောင့် မဂ်ဟာ တစ်ကြိမ်သာ ဖြစ်ရတာတုန်း၊ ဒါဟာ ဦးဇင်းတို့စာတွေထဲမှာ အမေးအဖြေလုပ်ထားတာတွေ၊ အဋ္ဌကထာဋီကာထဲကဟာတွေ ။

"မဂ်စိတ်သည် တစ်ကြိမ်ဖြစ်ရုံမျှဖြင့် ဆိုင်ရာကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်သဖြင့်" သူက တစ်ကြိမ်ထဲနဲ့ သူ့ကိစ္စသူပြီးအောင် လုပ်နိုင်တယ်၊ တစ်ကြိမ်ထဲနဲ့ပြီးတယ်ဆိုတော့ နောက်ထပ်ဘာဖြစ်စရာလိုသလဲ၊ နောက်ထပ်ဖြစ်လည်း သူ့မှာ လုပ်စရာ ကိစ္စမရှိတော့ဘူး၊ သူ့ကိစ္စက ကိလေသာကို ပယ်တဲ့ကိစ္စ။

သစ်ပင်ကြီးခုတ်တာတစ်ချက်ထဲနဲ့ ပြတ်သွားမှ နောက်ထပ်တစ်ချက် ဘာခုတ်စရာလိုသလဲ၊ မိုးကြိုးပစ်တာ တစ်ချက်ထဲနဲ့ သစ်ပင်သေသွားမှ နောက်ထပ် ဘာထပ်ပစ်စရာ လိုသလဲ။

ဒါကြောင့်မို့ မဂ်ဟာ တစ်ကြိမ်ဖြစ်ရုံမျှဖြင့် ဆိုင်ရာကိလေသာ (ဆိုင်ရာကိလေသာဆိုတာ သောတာပတ္တိမဂ်ဖြစ်ရင်ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပေါ့၊ အနာဂါမိမဂ်ဖြစ်ရင် ကာမရာဂတာနဲ့ ဗျာပါဒပေါ့)ကို အကြွင်းမဲ့ ပယ်သတ်နိုင်တဲ့ အတွက်ကြောင့် ထပ်ဖြစ်ပေမယ်လို့ ပြုစရာပယ်စရာ မရှိတော့ဘူး၊ မရှိရင် မဖြစ်ဘူးပေါ့၊ ဒါကြောင့်မို့ မဖြစ်တာတဲ့။

ကောင်းပြီ, အဲဒီတော့ ပုစ္ဆာတစ်ဆင့်လာပြန်တယ်၊ နိဗ္ဗာန်ဆိုတာ အလွန်အေးမြချမ်းသာတဲ့ တရားတစ်ခု၊ အဲဒီနိဗ္ဗာန်ကို အာရုံပြုနေရတယ်ဆိုတာ တကယ်ချမ်းသာတယ်၊ နိဗ္ဗာန်လောက် မဟုတ်တဲ့ ဈာန်နဲ့ နေနိုင်ရင်ပဲ အလွန်ချမ်းသာသွားပြီ၊ နိဗ္ဗာန်အာရုံပြုနိုင်တယ်ဆိုရင် ဒါကတော့ ပြောစရာမရှိဘူး။

ဒါဖြင့် အရိယာပုဂ္ဂိုလ်, မဂ်ရပြီးတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ကိုအာရုံပြုပြီး မဂ်လေး ထပ်ထပ်ဖြစ်နေရင် မကောင်းဘူးလား၊ မဂ်ရပြီးတော့ နိဗ္ဗာန်တစ်ခါထဲ အာရုံပြုပြီး နောက်ထပ် မပြုနိုင်ရင်နိဗ္ဗာန်ရရတဲ့ အကျိုးဟာ ဘာယ်မတုန်း၊ စဉ်းစားစရာလေးတွေရှိတယ်၊ အဲဒါကျတော့ ဘာတဲ့တုန်း။

မဂ်ရပြီးသူများ နိဗ္ဗာန်ချမ်းသာကို အထပ်ထပ် ခံစားနိုင်ရန် မဂ်စိတ်အကြိမ်ကြိမ် ထပ်၍ ဖြစ်သင့်သည် မဟုတ်ပါလော။

ဟုတ်တယ်နော်၊ တစ်ခါရပြီးတော့ပြီးရောဆိုရင် အလွန်ကောင်းတဲ့ အရသာ တစ်ခုကို တစ်ခါစားပြီးရင် မင်းတော်တော့, နောက်ထပ်မစားနဲ့တော့လို့ ပြောသလိုပဲ၊ အဖြေက ဘာတဲ့တုန်း။

"ထိုခံစားမှု ကိစ္စကို ဖိုလ်စိတ်က တာဝန်ယူထားပြီးဖြစ်တယ်"တဲ့၊ ဖိုလ်စိတ်က ထင်ထပ်ဖြစ်တယ်၊ အဲဒါကြောင့် မဂ်ရပြီးတဲ့ပုဂ္ဂိုလ်ဟာ ပထမဆုံး မဂ်ရတဲ့ အခိုက်အတန့်မှာ မဂ်ပြီးရင် ဖိုလ်ဆက်ဖြစ်တယ်၊ ဆက်ဖြစ်ပြီးရင်တခြားစိတ်တွေ ဆက်ဖြစ်တယ်။

အဲဒီနောက် နာရီခြားပြီးဖြစ်စေ, ရက်ခြားပြီးဖြစ်စေ လ–နှစ်ခြားပြီးဖြစ်စေ၊ နိဗ္ဗာန်ကိုအာရုံပြုပြီး ချမ်းသာလေးခံစားနေချင်တဲ့အခါကျတော့ ဖိုလ်စိတ်က ဖြစ်တယ်၊ အဲဒါကို ဖိုလ်ဝင်စားတယ် ခေါ်တယ်၊ စာစကားနဲ့ပြောရင် ဖလသမာပတ်ဝင်စားတယ် ခေါ်တယ်။

ဖိုလ်ဝင်စားတဲ့အခါ (ဟိုနေ့ကပြောတဲ့ ဈာန်လိုပဲ, ဈာန်စိတ်တွေချည်း ဖြစ်နေတဲ့အခါ ဈာန်ဝင်စားတယ်ခေါ်တယ်)၊ ဒီမှာကျတော့ ဖိုလ်စိတ်တွေချည်း ဖြစ်နေတာ ဖိုလ်စိတ်က ဘယ်ကို အာရုံပြုသလဲဆိုတော့ နိဗ္ဗာန်ကို အာရုံပြုတာ။

ဒါကြောင့်မို့ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ မျက်မှောက်ဘဝမှာ ချမ်းသာကို ခံစားဖို့က ဖိုလ်စိတ်ကတာဝန်ယူထားတယ်၊ အဲဒါကြောင့် မဂ်စိတ်ဖြစ်စရာ မလိုတော့ဘူး၊ ဒါကြောင့် မဂ်စိတ်ဟာ တစ်ကြိမ်သာဖြစ်တယ်၊ မဂ်စိတ် တစ်ကြိမ်သာ ဖြစ်တဲ့အတွက်ကြောင့်မို့ လောကုတ္တရာစိတ်မှာ ကြိယာဟူ၍ မရှိဘူး၊ ဒါကြောင့် လောကုတ္တရာမှာ ကုသိုလ်, ဝိပါက်, ဒီ ၂–မျိုးပဲရှိတယ်၊ လောကုတ္တရာကြိယာရယ်လို့ မရှိဘူး။

**မေး** – မဂ်စိတ်ပေါ်လာတဲ့အခါ ဖိုလ်စိတ်က လိုက်ပါသလား။

**ဖြေ** – လိုက်တယ်။

**မေး** – လိုက်တဲ့အခါ တကယ်လို့ အဲဒီပုဂ္ဂိုလ်က တစ်ချိန်ချိန်ကျတော့ အဲဒီစိတ် အကုန်လုံးအစကနေ ပြန်စရပါသလား၊ ဒါမှမဟုတ် တစ်ချိန်လုံး ရှိနေတာလား။

**ဖြေ** – တစ်ချိန်လုံး ရှိနေတာတော့ မဟုတ်ဘူး၊

**မေး** – တကယ်လို့ သူက Rest ယူမယ်၊ တစ်ခုခုဖြစ်မယ်၊ သားသမီးမွေးဖွားမယ်ဆိုလို့ လျော့လိုက်လို့လို့ရှိရင် သူကအစကနေ ပြန်စရတော့မယ်၊ မဂ်စိတ်ရောက်အောင် တစ်ခါပြန်ပြီး အကုသိုလ်စိတ်, အဟိတ်စိတ်, ဘာတွေအကုန်လုံး ပြန်သယ်ပြီးမှ မဂ်စိတ်ရောက်အောင် ဖိုလ်စိတ်ရောက်အောင် လုပ်ရပါသလား။

**ဖြေ** – အဲသလို မလုပ်ရပါဘူး၊ တရားပြန်ထိုင်ရတယ်၊ သူပြန်ထိုင်တဲ့အခါကျတော့ ရောက်ဖူးပြီးသားနေရာ ပြန်ရောက်သလို လွယ်လွယ်ကူကူ ချက်ချင်းရတာပေါ့၊

သို့သော် ဖိုလ်ဆိုတာ ဝင်စားနေတဲ့အခါသာ ဖိုလ်စိတ်ဖြစ်နေတာ၊ ဖိုလ်ချည်းလည်း အမြဲတမ်း ဝင်စားမနေနိုင်ဘူး၊ ဆွမ်းခံထွက်ရဦးမယ် စသည်ဖြင့် အမျိုးမျိုး ရှိတယ်ပေါ့။

ဘာမှလုပ်စရာမရှိဘူး၊ ခန္ဓာကိုယ်ကြီး ဝန်လေးတာလည်း သိနေပြီဆိုတော့ အဲဒီအခါမှာ ချမ်းသာရအောင် ခိုလှုံစရာအဖြစ် ဖလသမာပတ်ကို ဝင်စားတာ၊ ဖလသမာပတ်ကို ဝင်စားတဲ့အခါ နိဗ္ဗာန်ကို အာရုံပြုနေရတဲ့အတွက်ကြောင့်မို့ ချမ်းသာအစစ်အမှန်ကို အာရုံပြုနေရတဲ့အတွက်ကြောင့် သိပ်ချမ်းသာတယ်။

အဲဒီတော့ ဖလသမာပတ်ချည်းပဲ ဘယ်ဝင်စားနေနိုင်မလဲ၊ ခန္ဓာကိုယ်က ခန္ဓာကိုယ်ပဲ၊ ခန္ဓာကိုယ်နဲ့ ပတ်သက်တဲ့ကိစ္စတွေ ရှိသေးတယ်၊ အစားကိုတော့ စားပေးရဦးမယ်။

ကောင်းပြီ, လောကုတ္တရာစိတ်အကျဉ်းပြီးသွားပြီ၊ လောကုတ္တရာစိတ် ၈–ပါး၊ ဒါကြောင့်မို့ လောကီစိတ် ၈၁၊ လောကုတ္တရာစိတ် ၈–ပါးပေါင်းလိုက်စမ်း ၈၉၊ အဲဒီ ၈၉–ကို စာစကားနဲ့ ခေါ်တော့ စိတ်တစ်ခုယုတ်–၉၀၊ တစ်ခုယုတ်ဆိုတာ တစ်ခုလျော့နေတာကို ဆိုလိုတာ၊ စိတ်ကတစ်ခု၊ ရုပ်က ၉၀, အဲသလို မထင်ကြနဲ့၊ ဒါက ပါဠိသုံး, ဘုန်းကြီးသုံး။

ပါဠိမှာ ၁၉ ဂဏန်းမရှိဘူး၊ ၁၉, ၂၉, ၃၉ မရှိဘူး၊ ၁၉–ဆိုရင်၂၀ မှာ ၁–ခုလျော့၊ အဲသလိုသုံးတယ် ၂၉–ဆိုရင် ၃၀–၁–ခုလျော့၊ ဒီလိုယူသွားတာပဲ၊ အဲဒါကြောင့်မို့ ၈၉–ဆိုရင် ၉၀–၁ ခုလျော့၊ လျော့တာကို ယုတ်လျော့တယ်လို့ ဆိုတာ၊ ယုတ်က ယပလက် တစ်ချောင်းငင် တသတ်နဲ့ ယုတ်ရမှာ၊ ရကောက်တစ်ချောင်းငင် ပသတ်နဲ့ ရုပ်ရမှာ မဟုတ်ဘူး၊ ဒါကြောင့်မို့ စိတ်တစ်ခုယုတ် ၉၀, စိတ်တစ်ခု ရုပ် ကိုးဆယ် မဟုတ်ဘူး။

စိတ်ဟာ အကျဉ်းအားဖြင့် ၈၉–ပါးရှိတယ်၊ အဲဒီ ၈၉–ပါးကို အစကနေ ပြန်ကြည့်လိုက်ကြရအောင်။

ပထမဆုံးအတန်းက အကုသိုလ်စိတ် ၁၂–ပါး၊ နောက်အတန်းသုံးတန်းတစ်တွဲအဟိတ်စိတ်–၁၈၊ နောက်တစ်ခါ သုံးတန်းတစ်တွဲ, ကာမာဝစရ သောဘနစိတ်–၂၄၊ နောက်တစ်ခါ သုံးတန်းတစ်တွဲ, ရူပါဝစရစိတ် ၁၅–ခု၊ နောက်တစ်ခါ သုံးတန်းတစ်တွဲ, အရူပါဝစရစိတ် ၁၂ –ခု၊ နောက်ဟာကျတော့ အကျယ်ကို ရည်ရွယ်ပြီး ၄၀–လုပ်ထားတယ်။

အဲဒီတော့ လောကုတ္တရာစိတ် ၈-ပါးဆိုတဲ့အခါကျတော့ ဒီဟာတစ်ခုလုံးကို တစ်လို့ယူရမယ်၊ ၅-ခုရှိတယ်မဟုတ်လား၊ ပထမအတန်း အဲဒါကို တစ်လို့ယူရမယ်၊ အဲဒါ သောတာပတ္တိမဂ်စိတ်၊ ဒုတိယတစ်တန်းလုံးက သကဒါဂါမိမဂ်စိတ်၊ တတိယ တစ်တန်းလုံးက အနာဂါမ်မဂ်စိတ်၊ စတုတ္ထတစ်တန်းလုံးက အရဟတ္တမဂ်စိတ်၊ နောက်တစ်ခု သောတာပတ္တိဖိုလ်စိတ်, သကဒါဂါမိဖိုလ်စိတ်, အနာဂါမိဖိုလ်စိတ်, အရဟတ္တဖိုလ်စိတ်။

ဒါကြောင့်မို့ စိတ် ၈၉-ပါးလို့ ပြောရင် အဲဒီ ၄၀-ကို ၈-ခုပဲ ယူရမယ်၊ တစ်တန်းကို တစ်ခုပဲယူရမယ်၊ နောက်ဆုံး၂-ခုဟာလေ။

အဲဒီလောကုတ္တရာစိတ် ၈-ပါး၊ ဟုတ်ရဲ့လား ကောင်းပြီ, ပြန်ခွဲလိုက်ကြ ရအောင်။

အကုသိုလ်စိတ် ၁၂-ပါး, နောက်သုံးတန်းတစ်စုက အဟိတ်စိတ် ၁၈-ပါး, နောက်သုံးတန်းတစ်စုက ကာမာဝစရသောဘနစိတ် ၂၄-ပါး, နောက်သုံးတန်း တစ်စုက ရူပါဝစရစိတ် ၁၅-ပါး, နောက်သုံးတန်းတစ်စုက အရူပါဝစရစိတ် ၁၂-ပါး, နောက်ဟာကို ၈-ခုပဲယူမယ်။

ပထမအတန်းက အကုသိုလ်စိတ် ၁၂-ပါး၊ နောက်အစုက အဟိတ်စိတ် ၁၈-ပါး၊ တတိယအစုက ကာမာဝစရသောဘနစိတ် ၂၄-ပါး၊ နောက်တစ်စုက ရူပါဝစရစိတ် ၁၅-ပါး၊ နောက်တစ်စုက အရူပါဝစရစိတ် ၁၂-ပါး၊ ပထမ၄-ခုက မဂ်စိတ် ၄-ပါး၊ နောက်၄-တန်းက ဖိုလ်စိတ် ၄-ပါး။

ကောင်းပြီ၊ အသေးစိတ်သွားဦးမယ်၊ ပထမအတန်းက အကုသိုလ်၊ ဒုတိယ အစုမှာ ပထမအတန်းက အကုသိုလ်ရဲ့ အကျိုးဖြစ်တဲ့စိတ်, အကုသလဝိပါက်စိတ်၊ ဒုတိယအုပ်စုမှာ ဒုတိယအတန်းက ကုသိုလ်ရဲ့အကျိုးဖြစ်တဲ့စိတ်၊ ကုသလဝိပါက်စိတ်၊ ဒုတိယအုပ်စုမှာ တတိယအတန်း ၃-လုံးတစ်တန်းက အဟိတ်ကြိယာလို့ခေါ်တယ်၊ အဟိတ်ကြိယာစိတ်။

နောက်သုံးခုမှာ ပထမအတန်းက ကာမာဝစရကုသိုလ်, ဒုတိယအတန်းက ကာမာဝစရဝိပါက်, တတိယအတန်းက ကာမာဝစရကြိယာ။

နောက်အုပ်စု တစ်ခုမှာ ပထမအတန်းက ရူပါဝစရကုသိုလ်, ဒုတိယအတန်းက ရူပါဝစရဝိပါက်, တတိယယအတန်းက ရူပါဝစရကြိယာ။

နောက်သုံးခုမှာ ပထမအတန်းက အရူပါဝစရကုသိုလ်, ဒုတိယအတန်းက အရူပါဝစရ ဝိပါက်, တတိယအတန်းက အရူပါဝစရကြိယာ, ဟုတ်ပြီနော်။

နောက်ဆုံးအုပ်စုမှာ ပထမအုပ်စု ၄–ခုမှာ ပထမအတန်းက သောတာပတ္တိမဂ်၊ ဒုတိယအတန်းက သကဒါဂါမိမဂ်၊ တတိယအတန်းက အနာဂါမိမဂ်၊ စတုတ္ထအတန်းက အရဟတ္တမဂ်။

နောက် ၄–ခုမှာ ပထမအတန်းက သောတာပတ္တိဖိုလ်စိတ်၊ ဒုတိယအတန်းက၊ သကဒါဂါမိဖိုလ်စိတ်၊ တတိယအတန်းက အနာဂါမိဖိုလ်စိတ်၊ စတုတ္ထအတန်းက အရဟတ္တဖိုလ်စိတ်၊ ဟုတ်ပြီလား၊ အားလုံးပေါင်းလိုက်တော့ စိတ် ၈၉–ပါး၊ ဦးဇင်းတို့ ရထားပြီ၊ လောကီစိတ် ၈၁၊ လောကုတ္တရာစိတ် ၈–ခု။

တစ်ခါလောကီစိတ်ထဲမှာ ကာမာဝစရစိတ်–၅၄၊ မဟဂ္ဂုတ်စိတ် ၂၇၊ (ရူပါဝစရစိတ်နဲ့ အရူပါဝစရစိတ်ကို မဟဂ္ဂုတ်စိတ်လို့ခေါ်တယ်)

ကောင်းပြီ၊ နောက်ထပ်ပြောစရာက လောကုတ္တရာအကျယ်ဆိုတာ ရှိသေးတယ်၊ လောကုတ္တရာက ပြောခဲ့တဲ့အတိုင်းဆိုတော့ ၈–ပါးရှိတယ်၊ အဲဒီ လောကုတ္တရာ စိတ် ၈–ပါးက ဈာန်အင်္ဂါနဲ့ ယှဉ်တာကို ကြည့်မယ်၊ ပြောမယ်ဆိုရင် လောကုတ္တရာစိတ် ၄၀– ဖြစ်နိုင်တယ်။

ဘာကြောင့်လဲဆိုတော့ တစ်ခုတစ်ခုမှာ ၅–ခု၊ ၅–ခု ဖြစ်သွားတယ်၊ ရူပါဝစရစိတ် လေ့လာတုန်းက ဈာန် ၅–ပါးရှိခဲ့တယ်၊ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် ပဉ္စမဈာန် ဟုတ်တယ်နော်။

ပထမဈာန်မှာ ဈာန်အင်္ဂါ ၅–ပါးရှိတယ်၊ ဒုတိယဈာန်မှာ ဈာန်အင်္ဂါ ၄–ပါးရှိတယ်၊ တတိယဈာန်မှာ ၃–ပါး၊ စတုတ္ထမှာ ၂–ပါး ပဉ္စမမှာ ၂–ပါး၊ ငါး လေး၊ သုံး၊ နှစ်၊ ကောင်းပြီ။

မဂ်စိတ် ပေါ်တဲ့အခါကျတော့ အဲဒီမဂ်စိတ်တွေကလည်း အဲဒီဈာန်အင်္ဂါ စေတသိက်တွေနဲ့ ယှဉ်တာပဲ၊ ယှဉ်တဲ့အခါကျတော့ ယှဉ်တဲ့စေတသိက်တွေထဲမှာ ဈာန်အင်္ဂါ ၅–ပါးလုံးရှိရင် အဲဒီမဂ်စိတ်ကို ပထမဈာန်မဂ်စိတ်။

တကယ်တော့ ဈာန်စိတ်က မဂ်စိတ်မဟုတ်ဘူး၊ မဂ်စိတ်ဟာ ဈာန်စိတ်မဟုတ်ဘူး၊ ဈာန်ဟာဈာန်ပဲ၊ မဂ်ဟာမဂ်ပဲ၊ သို့သော် ဈာန်နဲ့တူတဲ့မဂ်စိတ်လို့ဆိုတယ်၊ ပထမဈာန်နဲ့တူတဲ့ မဂ်စိတ်ပေါ့။

ဘယ်လိုတူတာတုန်း၊ ဈာန်အင်္ဂါ ၅–ပါးနဲ့ ယှဉ်တာချင်းတူတာ၊ ရူပါဝစရ ပထမဈာန်က ဈာန်အင်္ဂါ ၅–ပါးနဲ့ ယှဉ်သလို ဒီမဂ်စိတ်ကလည်း ဈာန်အင်္ဂါ ၅–ပါးနဲ့ ယှဉ်တယ်၊ ဒါကြောင့် သူ့ကို ပထမဈာန်မဂ်စိတ်လို့ခေါ်တယ်၊ နားလည်ပြီနော်။

ရှင်းရှင်းလင်းလင်း နားလည်ထားရမှာက ဈာန်ဟာဈာန်ပဲ၊ မဂ်ဟာမဂ်ပဲ၊

ဈာန်စိတ်ဟာမဂ်စိတ်မဟုတ်ဘူး၊ မဂ်စိတ်ဟာ ဈာန်စိတ် မဟုတ်ဘူး။

သို့သော် ဒီမဂ်စိတ်ကို ဘာကြောင့်ဈာန်မဂ်စိတ်လို့ ခေါ်သလဲဆိုရင် ဈာန်နဲ့ တူတယ်၊ ဈာန်နဲ့ ဘယ်လိုတူတာတုန်းဆိုရင် ဈာန်အင်္ဂါရှိတာချင်း တူတာ။

အဲဒီတော့ သောတာပတ္တိမဂ်ပေါ်တဲ့အခါကျတော့ အဲဒီဈာန်အင်္ဂါ ၅-ပါးလုံးနဲ့ အတူတူပေါ်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ အဲဒီပုဂ္ဂိုလ်တွေအဖို့ အဲဒီစိတ်ဟာ ပထမဈာန်သောတာပတ္တိမဂ်စိတ်။

တစ်ခါတလေကျတော့ ဈာန်အင်္ဂါ၅-ပါးထဲက ၁-ပါးပါမလာဘူး၊ ဒါလည်း ဖြစ်နိုင်တယ်၊ အဲဒါကျတော့ ဒုတိယဈာန်မဂ်စိတ်။

နောက်တစ်ခု ထပ်မပါပြန်ဘူး, တတိယဈာန်, နောက်တစ်ခု မပါပြန်ဘူး၊ စတုတ္ထဈာန် ပြီးတော့ ဥပေက္ခာနဲ့ ဧကဂ္ဂတာပါမယ်ဆိုရင် ပဉ္စမဈာန်။

အမှန်ကတော့ ဈာန်နဲ့ဈာန်အင်္ဂါရှိပုံချင်းတူတဲ့ မဂ်စိတ်လို့ဆိုတယ်၊ ဒါဟာ အရေးကြီးတယ်၊ တော်ကြာကျတော့ ဈာန်နဲ့မဂ်နဲ့ ရောနေတတ်တယ်၊ ဈာန်စိတ်လည်းပြောသေး, မဂ်စိတ်လည်းပြောသေး, ဈာန်ဟုတ်ရင်မဂ်မဟုတ်ရဘူး၊ မဂ်ဟုတ်ရင် ဈာန်မဟုတ်ရဘူး၊ ကောင်းပြီ။

ဘာကြောင့် ဒီလိုဖြစ်ကုန်တာတုန်း၊ ဒီနေရာမှာ နားလည်ဖို့က မဂ်ရအောင် အားထုတ်တဲ့ပုဂ္ဂိုလ်မှာ ပထမဈာန်ရပြီးမှ အားထုတ်တဲ့ ပုဂ္ဂိုလ်ရှိတယ်၊ ဈာန်မရပဲနဲ့ ဝိပဿနာတန်းပြီး အားထုတ်တဲ့ ပုဂ္ဂိုလ်ရှိတယ်။

ဈာန်မရပဲနဲ့ ဝိပဿနာတန်းပြီး အားထုတ်တဲ့ပုဂ္ဂိုလ် မဂ်ရတဲ့အခါကျတော့ အဲဒီမဂ်မှာ ဈာန်အင်္ဂါ ၅-ပါးလုံးပါတယ်၊ ဒါကြောင့် သူ့မှာတော့ ပထမဈာန်နဲ့ တူတဲ့ မဂ်စိတ်ချည်း ဖြစ်တော့တာပဲ၊ တခြားမဂ်စိတ်တော့ မဖြစ်ဘူး။

ဈာန်ရပြီးမှ မဂ်ရအောင်အားထုတ်တဲ့ ပုဂ္ဂိုလ်ကျတော့အမျိုးမျိုးတွေ လာတော့တယ်၊ အဲဒီအမျိုးမျိုးတွေကို ဇယားကွက်လေးနဲ့ ပြထားတယ်။

အားထုတ်တဲ့အခါမှာ ဈာန်ရတဲ့ပုဂ္ဂိုလ်က တရားအားထုတ်တဲ့အခါ ပထမဆုံး ပါဒကဈာန်တဲ့၊ ပါဒကဈာန်ဆိုတာ အခြေခံတဲ့ ဈာန်လို့ ဆိုလိုတယ် basic Jhāna၊

နောက်တစ်ခုက သမ္မသိတဈာန်တဲ့၊ ဒါက သုံးသပ်ဆင်ခြင်တဲ့ဈာန်၊ နောက် တစ်ခုက ပုဂ္ဂလဇ္ဈာသယ၊ ဒါက ပုဂ္ဂိုလ်ရဲ့အလို (wish)၊ ပြီးတော့မှ နောက်ဆုံးပေါ်တဲ့မဂ်၊ ဒီ ၄-မျိုး နားလည်ရမယ်။

ဆိုပါတော့, သူက ပထမဈာန်ရပြီးသား ပုဂ္ဂိုလ်ဖြစ်တော့ ပထမဦးစွာ

သူက ဈာန်ဝင်စားလိုက်တယ်၊ အဲဒီဈာန်သည် ဝိပဿနာရဲ့ basic ဖြစ်မယ်၊ အဲဒီ ပထမဈာန်ကို ဝင်စားပြီးတဲ့နောက် အဲဒီပထမဈာန်က ထလိုက်တယ်၊ ထတယ်ဆိုတာ လူက ထတာ မဟုတ်ဘူး၊ ဈာန်စိတ်ကွယ်သွားပြီး ရိုးရိုး သာမန်စိတ် ပြန်ဖြစ်တာ၊ အဲဒီအခါကျတော့ သူက ဘာကို ဝိပဿနာရှုသလဲ၊ ပကိဏ္ဏကသင်္ခါရကို ရှုတယ်၊ ပကိဏ္ဏက သင်္ခါရဆိုတာ ရိုးရိုးစကားနဲ့ပြောရင် ရုပ်နာမ်ကို ဆိုလိုတာ၊ ရုပ်နာမ်ကို ရှုတာ၊ စာသုံးလည်းနားလည်အောင်လို့ ပကိဏ္ဏက သင်္ခါရလို့ ထည့်ရေးထားတာ။

ပကိဏ္ဏက သင်္ခါရဆိုတာ ရိုးရိုးပြောရင် လောကီရုပ်နာမ်တွေပဲ၊ ဝိပဿနာ ရှုတယ်ဆိုတာ ဒါတွေရှုတာပဲ၊ ထွက်တယ် ဝင်တယ် ရှုတယ်ဆိုတာရုပ်ရှုတယ်၊ စိတ်တွေပြေးတာရှုတယ်ဆိုတာ နာမ်ရှုတာ၊ အဲဒီရုပ်နာမ်ကိုရှုတာ။

သူ့မှာ ဘယ်လိုမှ ဆန္ဒမရှိဘူး ဆိုပါတော့၊ ပထမဈာန်နဲ့တူတဲ့ မဂ်ပေါ်ချင်တယ်၊ ဒုတိယဈာန်နဲ့ တူတဲ့မဂ်ပေါ်ချင်တဲ့ ဆန္ဒမရှိဘူးဆိုရင် သူ့မှာပေါ်တဲ့ မဂ်ဟာ ပထမဈာန်မဂ်ဖြစ်မယ်၊ ပထမဈာန်နဲ့တူတဲ့မဂ်စိတ် ပေါ်လိမ့်မယ်၊ ဘာကြောင့်တုန်း၊ သူက ပထမဈာန်ကို ဝိပဿနာရဲ့အခြေခံ ပြုခဲ့တာကိုး။

နောက်တစ်ခုကျတော့ ကြည့်၊ သူက ပါဒကဈာန်မဟုတ်ဘူး၊ ရှေးဦးစွာ ဈာန်မဝင်စားဘူး၊ ဒါပေမယ်လို့ သူက ဈာန်ရပြီးသား ပုဂ္ဂိုလ်ဖြစ်တဲ့အခါကျတော့ ဝိပဿနာရှုတဲ့အခါမှာ ရပြီးသားဈာန်ကိုပဲရှုလိုက်တယ်၊ အခုချက်ချင်း မဝင်စားဘူး၊ နဂိုတုန်းက ဝင်စားထားဖူးတဲ့ ဈာန်ကိုပဲ ဝိပဿနာရှုတယ်၊ ခုနလို ရုပ်နာမ်ဝိပဿနာ မရှုတော့ဘူး၊ ဈာန်ကိုပဲသာ အနိစ္စ, ဒုက္ခ, အနတ္တနဲ့ရှုတာ။

ဈာန်ဆိုတာ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါ ၅- ပါးအစုအဝေးမဟုတ်လား၊ အဲဒီဈာန်ကို အနိစ္စပဲ, ဒုက္ခပဲ, အနတ္တပဲရှုတာ၊ ပြီးတော့ သူ့မှာလည်း ဆန္ဒအထူးမရှိဘူး, အလိုအထူးမရှိဘူး, ဘယ်ဈာန်ပေါ်ချင်တယ်ဆိုတဲ့ အထူးမရှိဘူးဆိုရင် သူ့မှာ မဂ်ပေါ်တဲ့အခါ ပထမဈာန်နဲ့ တူတဲ့ မဂ်ပေါ်တယ်၊ အဲဒီတော့ ပါဒကဈာန်နဲ့ သမ္မသိတဈာန်, ဒီနှစ်ခုကစားသွားလိမ့်မယ်။

တတိယဟာ ကြည့်လိုက်စမ်း၊ သူက ဈာန်တွေ အများကြီးရထားတဲ့ပုဂ္ဂိုလ်၊ အဲဒီတော့ ပထမဈာန်ဝင်စားလိုက်တယ်၊ ပထမဈာန်က ထပြီးတော့ရှုတဲ့အခါကျတော့ နဂိုကရဖူးတဲ့ ဒုတိယဈာန်ကို သွားရှုတယ်၊ အခုချက်ချင်း မဝင်စားဘူး။

အဲသလို ရှုတဲ့အခါကျတော့ သူ့ရဲ့ ဆန္ဒက ငါ့မှာ မဂ်ပေါ်ရင် ပထမဈာန်နဲ့ တူတဲ့ မဂ်ပေါ်ပါစေလို့ ဒီလိုဆန္ဒရှိတယ်၊ အဲဒီကျတော့ သူ့ဆန္ဒအလိုက် ပေါ်လိမ့်မယ်၊ ပထမဈာန်မဂ်ပဲ ပေါ်လိမ့်မယ်။

မေး – တပည့်တော်ဖြတ်မေးပါရစေ၊ အဲဒီပါဒက ဈာန်ရယ်, သမ္ဘာသိတဈာန်ရယ်ကို ထပ်ရှင်းပြပါ။

ဖြေ – ပါဒကဆိုတာ အခြေခံကို ပါဒကလို့ ခေါ်တယ်၊ basic သမ္ဘာသိတဆိုတာ သုံးသပ်တယ်, သုံးသပ်တဲ့ဈာန်လို့ဆိုလိုတယ်၊ သုံးသပ်တယ်ဆိုတာ အမှန်က တော့ ဝိပဿနာရှုတာလို့ ဆိုလိုတာ၊ အခြေခံတုန်းက ဝိပဿနာ မရှုဘူး၊ ဒီဈာန်ဝင်စားလိုက်တာ၊ အဲဒါ အခြေခံတယ်၊ ဝိပဿနာရှုတဲ့အခါ ကျတော့ သူ ပကိဏ္ဏကသခ်ါရခေါ်တဲ့ ရုပ် နာမ် ရှုချင်လည်းရှုမယ်၊ ဈာန်ရှုချင်လည်း ရှုမယ်၊ ဒါကြောင့်မို့ သမ္ဘာသိတဈာန်ဆိုတာက ဝိပဿနာ အရှုခံရတဲ့ဈာန် ပါဒကဈာန် ဆိုတာက အခြေခံ အပြုခံရတဲ့ဈာန်။

ကောင်းပြီ, သူက ပထမဈာန်အခြေခံလိုက်တယ်၊ ပထမဈာန်ဝင်စားလိုက် တယ်၊ ပထမဈာန်က ထပြီးတော့ ဒုတိယဈာန်ကို သူက ဝိပဿနာရှုလိုက်တယ်၊ ဒါပေမယ်လို့ သူ့ရဲ့ဆန္ဒက ဒုတိယဈာန်နဲ့တူတဲ့မဂ် ဖြစ်စေချင်တယ်ဆိုရင် ဘာပေါ် မလဲ၊ ဒုတိယဈာန်နဲ့တူတဲ့ မဂ်ပဲပေါ်လိမ့်မယ်၊ သူ့အလိုဆန္ဒအတိုင်း ဖြစ်ရမယ်။

ကောင်းပြီ ပထမဈာန်ကို အခြေခံပြုတယ်၊ ဒုတိယဈာန်ကို ဝိပဿနာရှုတယ်၊ သူ့မှာ No particular wish ဘယ်ဟာပေါ်ပါစေဆိုတဲ့ ဆန္ဒမရှိဘူး၊ ပေါ်ချင်ရာပေါ် ဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ အဲဒါကျတော့ အထက်တန်းကျတာပေါ်မှာပေါ့၊ ဒုတိယဈာန် ပေါ်မယ်။

သူက ပထမ ဒုတိယနှစ်ခုမှာ တစ်ခုကိုအခြေခံပြုပြီးတော့ တစ်ခုကို သုံးသပ်ပြီး တော့ လိုချင်တာဆိုရင်လိုချင်တာရမယ်၊ ဘာမှလိုချင်တာမဟုတ်ဘူးဆိုရင် ကောင်းတာရမယ်၊ အဲဒီအတိုင်းသွားမယ်။

နောက်တစ်ခုက ဘာတဲ့တုန်း၊ ဒုတိယဈာန် အခြေခံပြုတယ်၊ ပထမဈာန် ဝင်စားတယ်၊ သူ့မှာ အထူး အလိုမရှိဘူးဆိုရင်လည်း ဒုတိယဈာန်နဲ့ တူတဲ့မဂ်ပေါ်မယ်။

ကောင်းပြီ သူ့မှာ ပါဒကဈာန်မရှိဘူးတဲ့၊ သူက ဈာန်မရတဲ့ပုဂ္ဂိုလ်ကိုး၊ ရှုတော့ သူကဈာန်ကို ဘယ်ရှုနိုင်မလဲ၊ ဈာန်မှမရပဲ၊ ပကိဏ္ဏကသခ်ါရ ရုပ်နာမ် ကိုပဲ ရှုရမယ်၊ အလိုမရှိဘူးတဲ့၊ ပထမဈာန်နဲ့တူတဲ့မဂ်ပဲ၊ အလိုရှိလည်းသူက မရနိုင်ဘူး၊ အလိုရှိတိုင်းကို မဖြစ်နိုင်ဘူး၊ သူက ဈာန်မရတဲ့ ပုဂ္ဂိုလ်။

တစ်ခါ နောက်တစ်ယောက်ကျတော့ ဈာန်တော့ရတယ်၊ ဈာန်ကို ပါဒက မပြုဘူး၊ ပြီးတော့ ရှုတဲ့အခါကျ ပကိဏ္ဏသခ်ါရပဲရှုတယ်၊ ဈာန်ကိုလုံးဝမတို့ဘူး၊ အဲဒီပုဂ္ဂိုလ်မျိုးကျတော့လည်းပဲ ပထမဈာန်နဲ့တူတဲ့ မဂ်ပဲပေါ်မယ်။

ဘာလို့တုန်းဆို အဲဒီမဂ်စိတ် ပေါ်လိုက်တယ်ဆိုရင် ဝိတက်, ဝိစာရ ၅-ပါးက ပါလာတော့တာကိုး။

ကောင်းပြီ၊ ဒါဖြင့်ရှိရင် ဒီမှာ ပေးထားတာက ပထမနဲ့ ဒုတိယပဲ ပေးထားတယ်၊ ဒါ အမျိုးမျိုး (shuffle)လုပ်နိုင်တယ်၊ ပထမဈာန်ကို ပါဒကပြုမယ်၊ တတိယဈာန်ကို ဆင်ခြင်မယ်၊ ပထမဈာန်ကိုပါဒကပြုမယ်၊ စတုတ္ထဈာန်ကို ဆင်ခြင်မယ် စသည်ဖြင့် အဲသလို လှယ်လိုက်ရင် အများကြီး ထွက်သွားမယ်။

ပုဂ္ဂိုလ်ရဲ့ အလိုရှိရင် ပုဂ္ဂိုလ်ရဲ့ အလိုအတိုင်း ဈာန်နဲ့တူတဲ့ မဂ်ဖြစ်မယ်၊ ပုဂ္ဂိုလ်အလိုမရှိရင်။

## မဂ်စိတ်များ ဈာန်စိတ်နှင့်တူရာ

| ပါဒကဈာန် | သမ္မသိတဈာန် | ပုဂ္ဂလဇ္ဈာသယ | မဂ် |
|---|---|---|---|
| ပထမဈာန် | ပကိဏ္ဏကသင်္ခါရ | မရှိ | ပထမဈာန် |
| မရှိ | ပထမဈာန် | မရှိ | ပထမဈာန် |
| ပထမဈာန် | ဒုတိယဈာန် | ပထမဈာန် | ပထမဈာန် |
| ပထမဈာန် | ဒုတိယဈာန် | ဒုတိယဈာန် | ဒုတိယဈာန် |
| ပထမဈာန် | ဒုတိယဈာန် | မရှိ | ဒုတိယဈာန် |
| ဒုတိယဈာန် | ပထမဈာန် | မရှိ | ဒုတိယဈာန် |
| မရှိ + | ပကိဏ္ဏကသင်္ခါရ | မရှိ | ပထမဈာန် |
| မရှိ % | ပကိဏ္ဏကသင်္ခါရ | မရှိ | ပထမဈာန် |
| အရူပဈာန် | အရူပဈာန် | မရှိ | ပဉ္စမဈာန် |
| အရူပဈာန် | ရူပဈာန်/ပကဏ္ဏိကသင်္ခါရ | မရှိ | ပဉ္စမဈာန် |
| ရူပဈာန် | အရူပဈာန် | မရှိ | ပဉ္စမဈာန် |

အထက်ပါဇယား အမြွက်မျှသာ။

\+ ဈာန်မရသော ယောဂီ။

% ဈာန်ရသော်လည်း ဈာန်ကို ပါဒကလည်းမပြု၊ သမ္မသိတလည်း မပြုသော ယောဂီ။

## လောကုတ္တရာစိတ်အကျယ် ၄၀
## မဂ်စိတ် ၂၀
## သောတာပတ္တိ မဂ်စိတ် ၅-ပါး

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာနှင့်တကွဖြစ် ပထမဈာန်စိတ်(၈၂)
၂။ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာနှင့်တကွဖြစ် ဒုတိယဈာန်စိတ် (၈၃)
၃။ ပီတိ, သုခ, ဧကဂ္ဂတာနှင့်တကွဖြစ် တတိယဈာန်စိတ်။ (၈၄)
၄။ သုခ, ဧကဂ္ဂတာနှင့်တကွဖြစ် စတုတ္ထဈာန်စိတ်။ (၈၅)
၅။ ဥပေက္ခာ, ဧကဂ္ဂတာနှင့်တကွဖြစ် ပဉ္စမဈာန်စိတ် (၈၆)

## သကဒါဂါမိမဂ်စိတ် ၅-ပါး

၁-၅။ သောတာပတ္တိမဂ်စိတ် ၅-ပါးနှင့်တူ (၈၇-၉၁)

## အနာဂါမိမဂ်စိတ် ၅-ပါး

၁-၅။ သောတာပတ္တိမဂ်စိတ် ၅-ပါးနှင့်တူ။ (၉၂-၉၆)

## အရဟတ္တမဂ်စိတ် ၅-ပါး

၁-၅။ သောတာပတ္တိမဂ်စိတ် ၅-ပါးနှင့်တူ။ (၉၇-၁၀၁)

## ဖိုလ်စိတ် ၂၀

သောတာပတ္တိဖိုလ်စိတ် ၅-ပါး သောတာပတ္တိမဂ်စိတ် ၅-ပါးနှင့်တူ (၁၀၂-၁၀၆)
သကဒါဂါမိဖိုလ်စိတ် ၅-ပါး ။ (၁၀၈-၁၁၁)
အနာဂါမိဖိုလ်စိတ် ၅-ပါး ။ (၁၁၂-၁၁၆)
အရဟတ္တဖိုလ်စိတ် ၅-ပါး ။ (၁၁၇-၁၂၁)

ဈာန်စိတ်သည် မဂ်စိတ်မဟုတ်၊ မဂ်စိတ်သည် ဈာန်စိတ်မဟုတ်၊ သို့သော် မဂ်စိတ်လည်း ဈာန်အင်္ဂါများနှင့် ယှဉ်သဖြင့် ဈာန်အင်္ဂါအရေအတွက်အားဖြင့် ရူပပထမဈာန်နှင့် တူသော သောတာပတ္တိမဂ်စိတ်ကို ပထမဈာန်သောတာပတ္တိမဂ်စိတ် ဟု ခေါ်ရသည်၊ ကျန်စိတ်များကို နည်းတူပင်သိပါ။

# အဘိဓမ္မာသင်တန်း (၉)

## စိတ်ပိုင်း

### လောကုတ္တရာစိတ်ရျာနိပွားပုံနှင့် စိတ်ပိုင်းသရုပ်ခွဲ

ဒီနေ့စက်တင်ဘာ ၂၉-ရက်၊ လွန်ခဲ့တဲ့ အပတ်က လောကုတ္တရာစိတ် ၈-ပါးရယ်, လောကုတ္တရာစိတ် ၈-ပါးကနေပြီးတော့ အကျယ် ၄၀-ဖြစ်သွားတာရယ် ပြောခဲ့တယ်၊ ဒီနေ့ လောကုတ္တရာစိတ် အကျယ် ၄၀-ဖြစ်တာ ထပ်ပြီး ပြောရဦးမယ်။

ပထမ လောကုတ္တရာစိတ် ၈-ပါးကို အကျဉ်းလေးတော့ နားလည်ရဦးမယ်၊ လောကုတ္တရာစိတ် ၈-ပါး အကျဉ်းက မဂ်စိတ် ၄-ပါး, ဖိုလ်စိတ် ၄-ပါးလို့ ရှိတယ်၊ မဂ်စိတ် ၄-ပါးကို လောကုတ္တရာ ကုသိုလ်စိတ်၊ ဖိုလ်စိတ် ၄-ပါးကို လောကုတ္တရာ ဝိပါက်စိတ် အဲဒီလို ခေါ်တယ်။

မဂ်စိတ်၄-ပါးရဲ့ အမည်က သောတာပတ္တိမဂ်စိတ်, သကဒါဂါမိမဂ်စိတ်, အနာဂါမိမဂ်စိတ်, အရဟတ္တမဂ်စိတ်, ဖိုလ်စိတ်၄-ပါးကလည်း ဒီအတိုင်းပဲ, သောတာ ပတ္တိဖိုလ်စိတ်, သကဒါဂါမိဖိုလ်စိတ်, အနာဂါမိဖိုလ်စိတ်, အရဟတ္တဖိုလ်စိတ်။

အဲဒီတော့ ကုသိုလ်နဲ့ ဝိပါက်ဆိုတာ ကုသိုလ်ကအကြောင်း, ဝိပါက်ကအကျိုး၊ ဒါကြောင့် ဒီနေရာမှာ အကြောင်းအကျိုးမှာ မဂ်က အကြောင်း, ဖိုလ်က အကျိုး။

တကယ်ဖြစ်စဉ်အတိုင်း ပြောမယ်ဆိုရင် သောတာပတ္တိမဂ် နောက်ကပ်ပြီးတော့

ဘာမှ မခြားပဲနဲ့ သောတာပတ္တိဖိုလ်က ၂-ကြိမ် ၃-ကြိမ်လိုက်တယ်၊ သကဒါဂါမိမဂ် နောက်က သကဒါဂါမိဖိုလ် ၂-ကြိမ်၃-ကြိမ်၊ အနာဂါမိမဂ်နောက် အနာဂါမိဖိုလ် ၂-ကြိမ် ၃-ကြိမ်၊ အရဟတ္တမဂ်နောက် အရဟတ္တဖိုလ် ၂-ကြိမ် ၃-ကြိမ်လိုက်တယ်။

ပြီးတဲ့နောက်မှာ ဖိုလ်ဝင်စားတယ်ဆိုတဲ့ အနေနဲ့ ပြန်ဝင်စားတဲ့ အခါကျတော့ ဖိုလ်စိတ်တွေချည်း ဖြစ်တော့တယ်၊ မဂ်စိတ်မဖြစ်တော့ဘူး။

အဲဒီလို လောကုတ္တရာစိတ် အားလုံး ၈-ပါးဖြစ်သွားတယ်၊ မဂ်စိတ် ၄-ပါး, ဖိုလ်စိတ် ၄-ပါး၊ အဲဒီတော့ သောတာပတ္တိမဂ်စိတ်, သောတာပတ္တိဖိုလ်စိတ် ရပြီးတဲ့ ပုဂ္ဂိုလ်ကို သောတာပန်လို့ခေါ်တယ်၊ သကဒါဂါမိမဂ်စိတ်နဲ့ သကဒါဂါမိဖိုလ် ရပြီးသားပုဂ္ဂိုလ်ကို သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမိမဂ်စိတ်နဲ့ အနာဂါမိဖိုလ်စိတ် ရပြီးသား ပုဂ္ဂိုလ်ကို အနာဂါမ် ပုဂ္ဂိုလ်၊ အရဟတ္တမဂ်စိတ်နဲ့ အရဟတ္တဖိုလ်စိတ်ရပြီးသား ပုဂ္ဂိုလ်ကို ရဟန္တာပုဂ္ဂိုလ် ဒီလိုခေါ်တယ်။

အဲဒီတော့ အရိယာ ၈-ပါး၊ အရိယာ၈-ယောက်လို့ ပြောလေ့ရှိတယ်၊ သောတာပတ္တိမဂ် အခိုက်အတန့်ကို တစ်ယောက်လို့ ယူတယ်၊ သောတာပတ္တိဖိုလ် အခိုက်အတန့်ကို တစ်ယောက်လို့ ယူတယ်၊ အဲဒါကြောင့် ၂-ယောက် ဖြစ်သွားတာ။

ဒါကြောင့် သောတာပတ္တိမဂ်၌ တည်သောပုဂ္ဂိုလ်, သောတာပတ္တိဖိုလ်၌ တည်သောပုဂ္ဂိုလ် ဒီအတိုင်းသွားရင် အရဟတ္တမဂ်၌ တည်သောပုဂ္ဂိုလ်, အရဟတ္တဖိုလ်၌ တည်သောပုဂ္ဂိုလ်၊ အဲဒါကြောင့်မို့ အရိယာ ၈-ယောက်လို့ ပြောတာ၊ လောကုတ္တရာ စိတ် ၈-ပါးရှိတာကြောင့် အရိယာ ပုဂ္ဂိုလ် ၈-ယောက်ဖြစ်တာ။

အဲဒီလောကုတ္တရာစိတ် ၈-ပါးက အကျယ်အားဖြင့်ပွားလိုက်မယ်ဆိုရင် ၄၀-ဖြစ်သွားနိုင်တယ်၊ အကျယ် ၄၀-က ဘယ်လို ဖြစ်တာလဲဆိုတော့ ဒါက မဂ်ဖိုလ်ရအောင် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်တဲ့ ပုဂ္ဂိုလ်က ၂-မျိုးရှိတယ်။

ပထမတစ်မျိုးက ဈာန်မရတဲ့ ပုဂ္ဂိုလ်, ဒုတိယတစ်မျိုးက ဈာန်ရတဲ့ပုဂ္ဂိုလ်၊ ဈာန်ရတဲ့ ပုဂ္ဂိုလ်က ဈာန်ကို အခြေပြုပြီး ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်ရှိတယ်၊ ဈာန်ကို အခြေမပြုပဲနဲ့ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်ရှိတယ်။

အဲသလိုရှိတော့ ဈာန်ရတဲ့ ပုဂ္ဂိုလ်အနေနဲ့ ပြောရမယ်ဆိုရင် ပထမဆုံးဈာန်ကို အခြေပြုမယ်လို့ဆိုရင် ဒီဈာန်ကို အခြေခံပြီးတော့ ဝိပဿနာပွားများမယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုလုပ်ရသလဲဆိုတော့ အခြေခံဈာန်တစ်ခုခုကို ဝင်စားရတယ်၊ အဲသလို အခြေခံဈာန်တစ်ခုခုကို ဝင်စားပြီးတဲ့နောက် အဲဒီဈာန်ကိုပဲဖြစ်ဖြစ်, တခြားဈာန်ကိုပဲဖြစ်ဖြစ် သို့မဟုတ် ရိုးရိုးရုပ်နာမ်ကိုပဲဖြစ်ဖြစ် ဝိပဿနာရှုရတယ်။

အဲသလို ရှုပြီးတဲ့နောက်မှ ဝိပဿနာရဲ့ အကျိုးကြောင့် မဂ်ပေါ်တဲ့အခါမှာ အဲဒီဈာန်အလိုက် ပထမဈာန်မဂ်, ဒုတိယဈာန်မဂ် စသည်ဖြင့် ဒီလိုပေါ်သွားတယ်။

အဲဒီတော့ စာရွက်မှာ တတိယစာရွက်ကြည့်လိုက်၊ တတိယစာရွက်က ဘာတဲ့တုန်း၊ မဂ်စိတ်များ ဈာန်စိတ်နှင့် တူရာတဲ့၊ အဲဒါကို ကြည့်လိုက်, ပထမကော်လံက ပါဒကဈာန်တဲ့, ဒုတိယကော်လံက သမ္မသိတဈာန်တဲ့, တတိယက ပုဂ္ဂလဇ္ဈာသယ စတုတ္ထကမဂ်။

ပါဒကဆိုတာ အခြေခံလို့ဆိုလိုတယ်၊ basic ၊သမ္မသိတဆိုတာ သုံးသပ်တာ၊ သုံးသပ်တယ်ဆိုတာ ဝိပဿနာရှုတာကိုပြောတာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာရှုတာကိုပဲ ဒီနေရာမှာ သုံးသပ်တယ်ခေါ်တယ်၊ ပုဂ္ဂလဇ္ဈာသယဆိုတာ ပုဂ္ဂိုလ်ရဲ့ အလိုကိုခေါ်တယ်၊ မဂ်ကတော့ မဂ်ပေါ့။

ကောင်းပြီ, အဲဒီတော့ ဈာန် ၅-ပါးလုံးရထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ ဆိုကြပါစို့၊ အဲဒီဈာန် ၅-ပါးလုံးရထားတဲ့ ပုဂ္ဂိုလ်ဟာ ပထမဈာန်ကို ဝင်စားလိုက်တယ်၊ ဒါဟာ သမထ, ဝိပဿနာ မဟုတ်သေးဘူး၊ သမထကမ္မဋ္ဌာန်း အားထုတ်ပြီးနောက် ပထမဈာန်ရတယ်၊ အဲဒီ ပထမဈာန်ကို ဝင်စားလိုက်တယ်။

ပထမဈာန်ကိုဝင်စားပြီးတဲ့နောက် ပထမဈာန်မှထလိုက်တယ်၊ အဲဒီ ပထမဈာန်မှထွက်ပြီးတော့ ဝိပဿနာသုံးသပ်တဲ့အခါကျတော့ သူက ဈာန်ကို မသုံးသပ်ပဲနဲ့ ပကိဏ္ဏကသင်္ခါရ မြန်မာလိုပြန်ရင် ပြိုးပြွမ်းသင်္ခါရလို့ ပြန်တယ်၊ ပြိုးပြွမ်းသင်္ခါရလို့ ပြောရင် နားလည်ပါ့မလား၊ ရောနေတာကို ပြောတာ၊ ရှင်းရှင်း ပြောရရင် လောကီရုပ်နာမ်တွေကို ပကိဏ္ဏက သင်္ခါရလို့ပြောတာ။

အဲဒီရုပ်နာမ်ကို အနိစ္စ, ဒုက္ခ, အနတ္တတင်ပြီး သူက ဝိပဿနာရှုတယ်၊ အဲသလို ရှုပြီးတော့ သူ့မှာ အလိုဆန္ဒအထူးအခြားမရှိဘူး၊ ပထမဈာန်နဲ့ တူတဲ့မဂ် ပေါ်ပါစေ, မပေါ်ပါစေ စသည်ဖြင့် အလိုဆန္ဒအထူးမရှိဘူးဆိုပါတော့၊ အဲဒီပုဂ္ဂိုလ်မှာ တရားအားထုတ်လို့ မဂ်ပေါ်တဲ့အခါကျတော့ ပထမဈာန်မဂ်ပေါ်တယ်။

ပထမဈာန်မဂ်ဆိုတာ အမှန်အတိုင်း ပြောရရင် ပထမဈာန်နဲ့တူတဲ့မဂ်ကို ဆိုလိုတယ်၊ ဈာန်ဟာဈာန်ပဲ, မဂ်မဟုတ်ဘူး၊ မဂ်ဟာ မဂ်ပဲ, ဈာန်မဟုတ်ဘူး၊ ဈာန်သည် မဂ်မဟုတ်, မဂ်သည် ဈာန်မဟုတ်။

ဒါပေမယ့် ဒီနေရာမှာဘာကြောင့်ပထမဈာန်မဂ်စိတ် ခေါ်ရသလဲဆိုရင် ပထမဈာန်နဲ့တူတဲ့ မဂ်စိတ်ဖြစ်လို့၊ ရူပါဝစရပထမဈာန်မှာ အင်္ဂါ၅-ပါးရှိတယ်၊ ထို့အတူပဲ, ဒီမဂ်စိတ်မှာလဲ ဈာန်အင်္ဂါ ၅-ပါးရှိတယ်၊ ဒီမဂ်စိတ်က အဲဒီဈာန်အင်္ဂါ

၅-ပါးနဲ့ ယှဉ်တယ်၊ ဒါကြောင့် သူ့ကို ပထမဈာန်မဂ်စိတ်၊ ပထမဈာန်နဲ့တူတဲ့ မဂ်စိတ်လို့ ဆိုလိုတယ်၊ နောက်ဈာန်တွေလဲ ဒီအတိုင်းမှတ်ပါ။

ကောင်းပြီ, အဲဒီဈာန်၅-ပါးလုံး ရထားတဲ့ ပုဂ္ဂိုလ်ကပဲ နောက်တစ်ကြိမ်ကျတော့ ပါဒကဈာန်တွေ ဘာတွေ ဘာမှမဝင်စားတော့ဘူး၊ သမထကို လုံးဝမလုပ်တော့ပဲနဲ့ ဝိပဿနာကို ရှုတော့တယ်၊ အဲသလို ဝိပဿနာရှုတော့ သူရပြီးသား ပထမဈာန်ကို ဝိပဿနာရှုတယ်၊ ဒီပုဂ္ဂိုလ်မှာ ပါဒကဈာန်မရှိဘူး၊ သမ္မသိတအနေနဲ့ (သုံးသပ်တဲ့ဈာန်အနေနဲ့) ပထမဈာန်ကို သုံးသပ်ထားတယ်၊ ပထမဈာန်ကိုပဲ ဝိပဿနာရှုထားတယ်၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါ ၅-ပါးကိုပဲ အနိစ္စ, ဒုက္ခ, အနတ္တ ရှုထားတယ်။

သူ့မှာလည်းပဲ အလိုသီးခြားမရှိဘူးရင် ပထမဈာန်နဲ့တူတဲ့ မဂ်စိတ်ပဲပေါ်မယ်၊ အလိုသီးခြားမရှိတော့, မဂ်စိတ်ဖြစ်တော့ အဲဒီမဂ်စိတ်မှာ ဈာန်အင်္ဂါ ၅-ပါးလုံး ရှိတာကိုး။

ကောင်းပြီ,နောက်တစ်ယောက်ကတော့ ပထမဈာန်ကိုအခြေခံအနေနဲ့ ဝင်စားလိုက်တယ်၊ အဲဒီပထမဈာန်မှထပြီးတော့ ဝိပဿနာသုံးသပ်တဲ့အခါကျတော့ ဒုတိယဈာန်ကို သွားသုံးသပ်တယ်၊ သူက ဈာန်၅-ပါးလုံး ရထားပြီးသားကိုး၊ မရရင် မသုံးသပ်နိုင်ဘူး၊ ရပြီးသား ပုဂ္ဂိုလ်မို့ သုံးသပ်နိုင်တာ။

ဒုတိယဈာန် သုံးသပ်ပြီးတော့ သူ့စိတ်ထဲမှာအလိုဆန္ဒရှိတာက ပထမဈာန်နဲ့တူတဲ့မဂ် ဖြစ်ပါစေလို့ ဒီလိုဆန္ဒရှိတယ်၊ ဒါကြောင့် သူ့ဆန္ဒအလိုက် မဂ်ပေါ်တဲ့အခါကျတော့ ပထမဈာန်နဲ့ တူတဲ့မဂ်ပေါ်တယ်။

ထို့အတူ အဲသလို ပုဂ္ဂိုလ်ပဲ,ပထမဈာန်ကို ပါဒက ပြုတယ်၊ ဝင်စားလိုက်တယ်၊ အဲဒီဈာန်ကထပြီး ဒုတိယဈာန်ကို သုံးသပ်လိုက်တယ်၊ ဝိပဿနာ ရှုလိုက်တယ်၊ ပြီးတော့ သူ့စိတ်ထဲမှာ ဒုတိယဈာန်နဲ့တူတဲ့ မဂ်ပေါ်ပါစေလို့ဆန္ဒရှိတယ်၊ အဲသလို ဆန္ဒရှိရင် မဂ်ပေါ်တဲ့အခါကျတော့ ဒုတိယဈာန်နဲ့ မဂ်ပေါ်တယ်၊ ဒုတိယဈာန်နဲ့တူတယ် ဆိုရင် ဈာန်အင်္ဂါ ၄-ပါးပေါ့၊ ဝိတက်မပါတော့ဘူး။

အဲသလိုပုဂ္ဂိုလ်မျိုးကပဲ ပထမဈာန်ကို ပါဒကပြုလိုက်တယ်, ဝင်စား လိုက်တယ်၊ ပထမဈာန်ကထပြီးတော့ ဒုတိယဈာန်ကို သုံးသပ်တယ်, ဝိပဿနာရှုတယ်၊ သူ့မှာ သီးခြားအထူးအလိုဆန္ဒမရှိဘူး၊ ပထမဈာန်နဲ့တူတဲ့ မဂ်ပေါ်ပါစေ, ဒုတိယဈာန်နဲ့တူတဲ့ မဂ်ပေါ်ပါစေလို့ ဒီလိုဆန္ဒမရှိဘူး၊ မရှိရင်ဘာမဂ်ပေါ်မလဲဆိုတော့ ဒုတိယဈာန်နဲ့တူတဲ့မဂ်ပေါ်မယ်။

ဘာကြောင့်တုန်း၊ ပဌမဈာန်ထက် ဒုတိယဈာန်က ပိုပြီး အထက်တန်းကျတာကိုး၊ သူ့မှာအလိုမရှိရင် အထက်ဈာန်နဲ့တူတဲ့ မဂ်ပေါ်မယ်၊ အလိုရှိရင်တော့ အလိုရှိတဲ့ဈာန်နဲ့တူတဲ့မဂ် ပေါ်မယ်၊ ဒါပါပဲ, ဒါကို မှတ်ထားလိုက်ရုံပဲ။

ကောင်းပြီ,သူက ဒုတိယဈာန်ကို ပါဒက ပြုတယ်၊ ဒုတိယဈာန်ကို အရင်ဝင်စားလိုက်တယ်၊ ဒုတိယဈာန်မှ ထပြီးတော့ ပဌမဈာန်ကို ဝိပဿနာ ရှုလိုက်တယ်၊ သုံးသပ်လိုက်တယ်၊ သူ့မှာဆန္ဒအထူးမရှိဘူး၊ ဘာမဂ်ပေါ်မလဲ၊ ဒုတိယဈာန်နဲ့တူတဲ့မဂ်ပေါ်မှာပဲ။

နောက်တစ်ယောက်လာပြီ၊ သူကတော့ ဈာန်မရတဲ့ရိုးရိုးပုဂ္ဂိုလ်ပေါ့၊ ဈာန်မရတဲ့အတွက် ပါဒကဈာန် ရှိနိုင်ပါဦးမလား၊ မရှိနိုင်ဘူး၊ သုံးသပ်တော့လည်း ဈာန်ကို မသုံးသပ်နိုင်ဘူး၊ ဈာန်မှမရပဲ၊ အဲဒီတော့ ဘာကို သုံးသပ်သလဲ၊ ပကိဏ္ဏကသင်္ခါရ ပြိုးပြမ်းရောပြွမ်းနေတဲ့သင်္ခါရ ခေါ်တဲ့ ရုပ်နာမ်ကိုပဲ ဝိပဿနာရှုတယ်၊ ဈာန်မှမရှိပဲ၊ အလိုရှိတယ်ဆိုတာလည်း မရှိနိုင်ဘူး၊ အဲသလို ပုဂ္ဂိုလ်မျိုးကျတော့ ပဌမဈာန်နဲ့တူတဲ့ မဂ်ပေါ်တယ်။

သူကဈာန်လိုချင်လို့ မဟုတ်ဘူး၊ သူ့မဂ်ပင်ကိုယ်သဘောကိုက အင်္ဂါ ၅- ပါး ပါနေလို့, သူက ဖြစ်စေချင်လို့မဟုတ်ဘူး၊ သို့သော် မဂ်ပေါ်လိုက်ရင်အင်္ဂါ ၅- ပါးက ပါတော့တာပဲ၊ အဲဒါကြောင့် သူ့ကျတော့ ပဌမဈာန်နဲ့တူတဲ့ မဂ်ပေါ်တယ်။

နောက်တစ်ယောက်လာပြီ၊ နောက်တစ်ယောက်ကတော့ ဈာန်တော့ရပါရဲ့၊ ဈာန်ရပေမယ့် သူကဈာန်ကို အခြေခံမပြုဘူး၊ ရှုလည်းမရှုဘူး၊ အဲသလို ပုဂ္ဂိုလ်မျိုး၊ ဈာန်ကို လုံးဝပစ်ထားလိုက်တယ်ပေါ့၊ အဲဒီတော့ သူကဈာန်တော့ရတယ်၊ ဈာန်ကို အခြေခံမပြုဘူး၊ ဝိပဿနာရှုရမှာဖြစ်တော့ သူကဈာန်ကိုမရှုပဲနဲ့ ပကိဏ္ဏက သင်္ခါရ ခေါ်တဲ့ ရုပ်နာမ်ကိုပဲရှုတယ်၊ ရှုပြီးတော့ သူ့မှာလည်း အလိုဆန္ဒမရှိဘူး၊ ဒီတော့ ဘာဈာန်နဲ့တူတဲ့ မဂ်ပေါ်မလဲ, ပဌမဈာန်နဲ့တူတဲ့မဂ်ပဲပေါ်မယ်။

ဒီလိုပဲ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန် သွားရမှာပဲ၊ ဒါတွေအကုန်လုံး မရေးနိုင်ဘူး၊ အဲဒီတော့ principle က ဘာတုန်း၊ ပုဂ္ဂိုလ်မှာ အလိုဆန္ဒအထူးမရှိရင် အထက်ဈာန်နဲ့ တူတဲ့မဂ်ပေါ်မယ်၊ ဒါပဲ၊ ပုဂ္ဂိုလ်မှာအလိုဆန္ဒရှိရင် ပုဂ္ဂိုလ်အလိုဆန္ဒအတိုင်း ပေါ်တယ်။

အဲဒီတော့ ဒုတိယဈာန်ပါဒကပြု, တတိယဈာန်ကို ဝိပဿနာရှု, ပုဂ္ဂိုလ်မှာ အလိုဆန္ဒ အထူးမရှိဘူးဆိုရင် တတိယဈာန်နဲ့တူတဲ့မဂ်ပေါ်မယ်၊ အလိုဆန္ဒအထူးရှိရင် အလိုအထူးရှိတဲ့ အလိုက်ပဲ၊ ဒုတိယဈာန်နဲ့တူတဲ့မဂ်သော်လည်းကောင်း,

တတိယစျာန်နဲ့ တူတဲ့မဂ်သော်လည်းကောင်း ပေါ်မယ် အဲသလို သွားတော့တာပဲ၊ နားလည်လောက်ပြီ။

တစ်ခါ အရူပစျာန်တဲ့၊ အရူပစျာန်ကိုပဲ ပါဒက ပြုတယ်၊ အရူပစျာန်ကိုပဲ ရှုတယ်၊ အလိုအထူးမရှိဘူး၊ ပဉ္စမစျာန်နဲ့တူတဲ့မဂ် ပေါ်မယ်၊ အရူပစျာန်ကို ဘယ်စျာန်ထဲထည့်သလဲ၊ ပဉ္စမစျာန်ထဲထည့်တယ်၊ မှတ်မိတယ်နော်, အရူပစိတ် ၁၂-ခုလုံးကို ပဉ္စမစျာန်လို့ ခွဲရတယ်။

တစ်ခါ အရူပစျာန်ကိုပါဒကပြု၊ ရှုတော့ရူပစျာန်ကိုဖြစ်ဖြစ်, ပကိဏ္ဏက သင်္ခါရကိုဖြစ်ဖြစ် ရှုတယ်၊ အလိုကလဲ သီးခြားမရှိဘူးဆိုရင် ပဉ္စမစျာန်ပဲ ရမယ်၊ ပဉ္စမစျာန်နဲ့တူတဲ့ မဂ်ပဲရမယ်။

တစ်ခါ ရူပစျာန်ကို ပါဒကပြုတယ်၊ အရူပစျာန်ကိုရှုတယ်၊ အလို သီးခြားမရှိဘူး ဆိုရင် ပဉ္စမစျာန်ပဲရမယ်၊ အရူပစျာန်က တန်းမြင့်တာကိုး၊ ဒီလို ပုဂ္ဂိုလ်ကျတော့ ရူပစျာန်ရော အရူပစျာန်ရောရတဲ့ ပုဂ္ဂိုလ်ဖြစ်ရမှာပေါ့။

အဲဒီလို သူတို့ ဝိပဿနာရှုတာအလိုက် မဂ်စိတ်ဟာ ပထမစျာန်နဲ့တူတဲ့ မဂ်စိတ်, ဒုတိယစျာန်နဲ့ တူတဲ့မဂ်စိတ်စသည်ဖြင့် အစဉ်အတိုင်းသွားတာ ပဉ္စမစျာန်နဲ့ တူတဲ့ မဂ်စိတ် ပေါ်တယ်။

ဒါကြောင့်မို့ သောတာပတ္တိမဂ်စိတ်တစ်ခုထဲက ၅-မျိုး ဖြစ်သွားတယ်၊ ပထမစျာန် သောတာပတ္တိမဂ်စိတ်, ဒုတိယစျာန် သောတာပတ္တိမဂ်စိတ် စသည်ဖြင့် သွားတယ်။

သောတာပတ္တိမဂ်စိတ်၅-ပါး၊ သကဒါဂါမိမဂ်စိတ် -၅ပါး၊ အနာဂါမိမဂ်စိတ်- ၅ပါး၊ အရဟတ္တမဂ်စိတ်-၅ပါး၊ ၅ x၄လီ =၂၀ ဒါကြောင့် မဂ်စိတ်အကျယ် ၂၀။

မဂ်စိတ်နဲ့တူစွာ ဖိုလ်စိတ်ကလည်း ဖြစ်ရတာမို့ ဒီအတိုင်းပဲ ဖိုလ်စိတ်ကလဲ- ၂၀၊ ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်, ပဉ္စမစျာန်, ဒါကြောင့်မို့ အားလုံးပေါင်းလိုက်ရင် လောကုတ္တရာစိတ်အကျယ် ၄၀-ရှိတယ်။

ဒါကြောင့်မို့ လောကုတ္တရာစိတ်ဘယ်လောက်ရှိသလဲ မေးရင် အကျဉ်း ၈- ပါး အကျယ်-၄၀၊ အကျဉ်း ၈-ပါးကနေ အကျယ် ၄၀-ပွားသွားတာကို ဦးဇင်းတို့ အသုံးနှုန်းနဲ့ စျာန်ပွားတယ်လို့ ဒီလိုသုံးတယ်၊ စျာန်ပွားတယ် ဆိုတာ စျာန်၅- ပါးနဲ့ မြှောက်လိုက်တယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့။

လောကုတ္တရာစိတ် ၈-ပါးကို စျာန်ပွားလိုက်တဲ့အခါမှာ လောကုတ္တရာစိတ် အကျယ် ၄၀-ဖြစ်သွားတယ်။

အဲဒီတော့ လောကီစိတ်–၈၁ နဲ့ လောကုတ္တရာစိတ်–၈ နဲ့ ပေါင်းလိုက်ရင် စိတ်–၈၉ ရတယ်၊ စိတ်တစ်ခု ယုတ်ကိုးဆယ်ရတယ်၊ လောကီစိတ်–၈၁ နဲ့ လောကုတ္တရာစိတ် အကျယ်–၄၀ နဲ့ ပေါင်းလိုက်ရင် စိတ်အကျယ် ၁၂၁–ပါးရတယ်။

ဒါကြောင့်မို့ စိတ်ဘယ်လောက်ရှိသလဲမေးရင် အမြဲတမ်းပြောရမှာက စိတ်အကျဉ်း–၈၉၊ အကျယ် ၁၂၁–ပါး၊ တစ်ခါတလေကျတော့လည်း စိတ်–၈၉နည်းနဲ့ ပြောသွားတဲ့နေရာတွေလည်း ရှိတယ်၊ တစ်ခါတလေကျတော့လည်း ၁၂၁–ပါး နည်းနဲ့ ပြောသွားတဲ့နေရာတွေလည်းရှိတယ်။

အဲဒါဟာ လောကုတ္တရာစိတ် ၈–ပါး၊ ဟိုနေ့ကလည်း အကျယ် ပြောပြီးပါပြီ၊ လောကုတ္တရာစိတ် ၈–ပါးမှာ ကြိယာမရှိတဲ့အကြောင်းလည်း ပြောပြီးပြီ၊ မှတ်စုအောက်ခြေမှာလည်းရှိတယ်၊ လောကုတ္တရာစိတ်၌ ကြိယာမရှိခြင်းဆိုတာ အမှန်ကတော့ မဂ်စိတ်ဟာ ပုဂ္ဂိုလ်တစ်ယောက်အဖို့ တစ်သံသရာလုံးမှာ တစ်ကြိမ်သာဖြစ်တယ်၊ ထပ်ဖြစ်တယ်လို့ မရှိဘူး၊ မဂ်စိတ်ထပ်မဖြစ်တော့ ကြိယာစိတ်တွေ မရှိနိုင်ဘူးပေါ့၊ ကုသိုလ်စိတ်သည်ပင်လျှင် ရဟန္တာသန္တာန်မှာဖြစ်တော့ ကြိယာစိတ်ခေါ်တယ် မဟုတ်လား၊ ကာမာဝစရကုသိုလ်က ပုထုဇဉ်နဲ့ အောက်တန်းအရိယာတွေ သန္တာန်မှာ ဖြစ်တယ်၊ ကာမာဝစရကြိယာက ရဟန္တာသန္တာန်မှာ ဖြစ်တယ်၊ ဒီစိတ်, ဒီစိတ်ပဲ။

သူတို့ (ကာမာဝစရကုသိုလ်, ကာမာဝစရကြိယာ)တို့က ထပ်ဖြစ်နိုင်တယ်၊ မဂ်စိတ်က ဒီလိုထပ်မဖြစ်နိုင်ဘူး၊ တစ်ခါထဲနဲ့ဆိုင်ရာ ကိလေသာကို အကြွင်းမဲ့ ပယ်နိုင်တယ်၊ အဲသလို ပယ်နိုင်တဲ့အတွက်ကြောင့် မဂ်စိတ်ထပ်မဖြစ်ဖူး၊ မဂ်စိတ်ထပ်မဖြစ်တဲ့အတွက်ကြောင့်မို့ လောကုတ္တရာကြိယာစိတ်ရယ်လို့မရှိ။

ကာမာဝစရမှာကြိယာရှိတယ်, ရူပါဝစရမှာ ကြိယာရှိတယ်, အရူပါဝစရမှာ ကြိယာရှိတယ်, ဒါပေမယ်လို့ လောကုတ္တရာမှာ ကြိယာရယ်လို့မရှိ။

မျက်မှောက်ဘဝမှာ ချမ်းသာခံစားတယ်ဆိုတာရှိတယ်၊ ဒါဟာဈာန်ဝင်စားနေတာ, ဖိုလ်ဝင်စားနေတာ၊ ဖိုလ်ဝင်စားတဲ့ မျက်မှောက်ဘဝ ခံစားမှုကလည်းဖိုလ်က တာဝန်ယူသွားတယ်၊ မဂ်ထပ်ဖြစ်စရာ မလိုတော့ဘူး၊ ဒါကြောင့်မို့ မဂ်စိတ်ဟာ တစ်ကြိမ်သာ ဖြစ်တယ်၊ မဂ်စိတ်တစ်ကြိမ်သာ ဖြစ်တဲ့အတွက်ကြောင့်မို့ လောကုတ္တရာစိတ်မှာ ကြိယာမရှိ။

အားလုံးပေါင်းလိုက်ရင် စိတ်အကျဉ်း ၈၉–ပါး၊ အကျယ် ၁၂၁–ပါး ဖြစ်သွားတယ်၊ ဒါပါပဲ၊ စိတ်ပိုင်းဟာဒါပဲ။

အဲဒီတော့ စိတ်ပိုင်းကုန်သွားပြီးရင် စိတ်ပိုင်းကိုပြန်ပြီးတော့ ချေရလိမ့်မယ်၊ ဦးဇင်းတို့က သရုပ်ခွဲတယ်လို့ခေါ်တယ်၊ စိတ်ဘယ်လောက်ရှိသလဲ၊ ဘာ ဘယ်လောက ရှိသလဲ စသည်ဖြင့် အမေးအဖြေတွေလုပ်ရတယ်၊ အဲဒါကလည်း တော်တော်အရေးကြီး တယ်၊ အဲဒီတော့ ကျေအောင်တော့လုပ်စေချင်တယ်၊ မကျေရင် ရှေ့တက်ရင် စိတ်ပျက်သွားလိမ့်မယ်, အားလျော့သွားလိမ့်မယ်၊ ပြီးပြီးသားကို ကျေအောင်လုပ် ရမယ်၊ ဒါကြောင့်မို့ ဒီနေ့နောက်ကဟာတွေ ပြန်ချေကြဦးစို့။

နောက်ကဟာတွေ ပြန်ချေမယ်ဆိုရင် အပျောက်အပျောက် ဇယားကွက်ကို တစ်နေ့ကို ဒေါင်လိုက်တစ်တန်းပဲ နှလုံးသွင်းသွား၊ ဒါမှမဟုတ် တစ်နေ့ကို one group ပဲနှလုံးသွင်းသား၊ တစ်ပါတ်ဆို အားလုံးရသွားမယ်, ကျေသွားမယ်၊ ဒါလေးမြင်နေမှကောင်းတယ်။

ဆိုပါတော့, အကုသိုလ်စိတ်ပြောလိုက်ရင် ပထမအတန်းတောက်လျှောက် မြင်နေမှ ကောင်းတယ်၊ အဟိတ်စိတ်ပြောလိုက်ရင် နောက်သုံးခုမြင်နေမှ ကောင်းတယ်၊ အဲသလို မြင်နေရင် ဒီကပြောလိုက်တဲ့အခါကျတော့ အလွယ်တကူ သိတယ်ပေါ့။

အသိဉာဏ်သန့်ရှင်းမှမှတ်မိတာ၊ အသိဉာဏ်မသန့်မရှင်းဖြစ်နေရင် မရှင်း မလင်းဖြစ်နေရင် မမှတ်မိတော့ဘူး၊ မမှတ်မိရင် ရှေ့ဆက်ဖတ်တဲ့အခါလည်း ဒုက္ခရောက် တယ်၊ ကြာတော့စိတ်ပျက်လာတတ်မယ်၊ ဒါကြောင့် ကျေအောင်တော့ လုပ်ရမယ် မကျေလို့ ရကိုမရဘူး။

မေး – ကောင်းပြီ ဒီအပြောက်တွေကိုပဲ ကြည့်လိုက်, ပထမအတန်းမှာ ဘယ် နှစ်ပျောက်ရှိသလဲ၊ ၁၂–ပျောက်ရှိတယ်၊ ပထမအတန်းက ဘာတွေလဲ။

ဖြေ – အကုသိုလ်စိတ် ၁၂–ပါး။

မေး – ကောင်းပြီ–အကြမ်းဖျင်းခွဲကြဦးစို့, နောက်သုံးခုတန်း one group က ဘာလဲ။

ဖြေ – အဟိတ်စိတ် ၁၈–ပါး။

မေး – အဟိတ်စိတ် ၁၈–ပါးမှာ ပထမအတန်းက ဘာတုန်း။

ဖြေ – အကုသလဝိပါက်စိတ် ၇–ပါး၊ အကုသိုလ်ရဲ့အကျိုး။

မေး – ဒုတိယအတန်းက ဘာတုန်း။

ဖြေ – အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး။

မေး – တတိယအတန်းက

ဖြေ – အဟိတ်ကြိယာစိတ်၃–ပါး၊အားလုံးပေါင်းလိုက်ရင် အဟိတ်စိတ်၁၈–ပါး။

မေး - အဟိတ်စိတ် ဆိုတာဘာတုန်း။

ဖြေ - ဟိတ် ၆-ပါးနဲ့ မယှဉ်တာပေါ့၊ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟဆိုတဲ့ ဟိတ် ၆-ပါးနဲ့ မယှဉ်တာ, မယှဉ်တဲ့စိတ်ကို အဟိတ်စိတ်လို့ ခေါ်တယ်။

မေး - ကောင်းပြီ Next group က ဘာလဲ။

ဖြေ - ကာမာဝစရသောဘနစိတ်။

မေး - ကာမာဝစရသောဘနစိတ် အားလုံးပေါင်း ဘယ်နှစ်ပါးရှိသလဲ။

ဖြေ - အားလုံးပေါင်း ၂၄-ပါး ရှိတယ်။

မေး - ပထမအတန်းက ဘာတုန်း

ဖြေ - ကာမာဝစရကုသိုလ်စိတ်

မေး - ဒုတိယအတန်းက

ဖြေ - ကာမာဝစရဝိပါက်စိတ်

မေး - တတိယအတန်းက

ဖြေ - ကာမာဝစရကြိယာစိတ်

ကုသိုလ်ဆိုတာ ကုသိုလ်ပေါ့, ဝိပါက်ဆိုတာ ကုသိုလ်ရဲ့အကျိုး ကြိယာကတော့ ကုသိုလ်ပဲ၊ ရဟန္တာသန္တာန်မှာဖြစ်တော့ ကြိယာလို့ခေါ်ရတယ်၊ အဲဒီတော့ ကာမာဝစရ ကုသိုလ်စိတ်ကိုပဲ အခြားနာမည်တစ်မျိုးရှိသေးတယ်၊ ဘာတဲ့တုန်း, မှတ်မိသေးလား၊ မဟာကုသိုလ်စိတ်၊ ဒါဖြင့် ကာမာဝစရဝိပါက်ကိုကော, မဟာဝိပါက်စိတ်၊ ကာမာဝစရ ကြိယာကိုကော, မဟာကြိယာစိတ်၊ ဒီလိုအသုံးအနှုန်းတွေနဲ့ သုံးလိမ့်မယ်၊ အဘိဓမ္မာ အကြောင်း ရေးထားတဲ့ စာအုပ်တွေဖတ်ရင် ဒါတွေ တွေ့လိမ့်မယ်၊ တော်တော်ကြာ မဟာကုသိုလ်စိတ်လို့ ရေးထားရင် ကိုယ်က မဟာကုသိုလ် မသိပဲဖြစ်နေလိမ့်မယ်၊ အဲဒါလည်းမှတ်ထား။

အဲဒီတော့ ကာမာဝစရကုသိုလ်စိတ် ၈-ပါး၊ ကာမာဝစရဝိပါက်စိတ် ၈-ပါး၊ ကာမဝစရကြိယာစိတ် ၈-ပါး၊ အားလုံး ကာမာဝစရသောဘနစိတ် ၂၄-ပါး။

နောက်အစုက ဘာတုန်း၊ ရူပါဝစရစိတ် ၁၅-ပါး၊ ရူပါဝစရစိတ် ၃-တန်းမှာ ပထမအတန်းက ရူပါဝစရကုသိုလ်စိတ် ၅-ပါး၊ ဒုတိယအတန်းက ရူပါဝစရ ဝိပါက်စိတ်-၅ပါး၊ တတိယအတန်းက ရူပါဝစရကြိယာစိတ်-၅ပါး၊ အားလုံး ရူပါဝစရစိတ်-၁၅ပါး။

နောက်တစ်ခုက အရူပါဝစရစိတ်, အရူပါဝစရစိတ်က ၁၂-ပါး ရှိတယ်၊

အရူပါဝစရကုသိုလ်စိတ် ၄–ပါး, အရူပါဝစရဝိပါက်စိတ် ၄–ပါး, အရူပါဝစရကြိယာစိတ် ၄–ပါး၊ အရူပါဝစရစိတ် ၁၂–ပါး။

နောက်အုပ်စုမှာ နှစ်စုခွဲလိုက်ဦး၊ ပထမ ၂၀–ရယ်၊ ဒုတိယ ၂၀–ရယ်။

ပထမ ၂၀–က မဂ်စိတ် ၂၀–ရယ်၊ ဒုတိယ ၂၀–က ဖိုလ်စိတ်–၂၀။

မဂ်စိတ်၂၀–မှာ ပထမဒေါင်လိုက်အတန်းက ဘာမဂ်စိတ်တုန်း၊ သောတာပတ္တိမဂ်စိတ်၊ ဒုတိယဒေါင်လိုက် အတန်းက သကဒါဂါမိမဂ်စိတ်၊ တတိယဒေါင်လိုက် အတန်းက အနာဂါမိမဂ်စိတ်၊ စတုတ္ထဒေါင်လိုက်အတန်းက အရဟတ္တမဂ်စိတ် ၅–ပါးစီရှိတယ်။

ဖိုလ်စိတ်ကျတော့လည်း ပထမအတန်းက သောတာပတ္တိဖိုလ်စိတ်, ဒုတိယအတန်းက သကဒါဂါမိဖိုလ်စိတ်, တတိယအတန်းက အနာဂါမိဖိုလ်စိတ် စတုတ္ထအတန်းက အရဟတ္တဖိုလ်စိတ် ၅–ပါးစီရှိတယ်။

အဲဒီတော့ သောတာပတ္တိမဂ်စိတ် ၅–ပါး သကဒါဂါမိမဂ်စိတ် ၅–ပါး စသည်ဖြင့် အစဉ်အတိုင်းသွား၊ အရဟတ္တဖိုလ်စိတ် ၅–ပါး ထိသွားရင် မဂ်စိတ် ၂၀–ဖိုလ်စိတ် ၂၀၊ ဒါ အကြမ်းဖျင်းသွားပြီးပြီ၊ ပြီးရင် အသေးစိပ်သွားလိမ့်မယ်၊ သိပ် အသေးမစိပ်သေးဘူး၊ သူ့ထက် နည်းနည်း အသေးစိပ်တာလေး သွားဦးမယ် ဟုတ်ပြီလား၊ နည်းနည်းချင်း, နည်းနည်းချင်း အသေးစိပ် သွားရမှာ။

ကောင်းပြီ အကုသိုလ်စိတ် ၁၂–ပါးမှာ ဘယ်လို group တွေရှိသလဲ၊ လောဘမူစိတ် ၈–ပါး၊ ဒေါသမူစိတ် ၂–ပါး၊ မောဟမူစိတ် ၂–ပါး၊ ပထမ ၈–ခုက လောဘမူစိတ်၊ အစိမ်း ၂–ခုက ဒေါသမူစိတ်၊ နောက်ဆုံး ၂–ခုက မောဟမူစိတ်၊ အကုသိုလ်စိတ် အားလုံး ၁၂–ပါးရှိတယ်။

အဟိတ်စိတ်က ၁၈–ပါး၊ ခုနလိုပဲအစဉ်အတိုင်း သွားလိုက်ရင် အကုသလဝိပါက်စိတ် ၇–ပါး၊ ကုသလဝိပါက်စိတ် ၈–ပါး၊ ကြိယာစိတ် ၃–ပါး။

ကောင်းပြီ, အကုသိုလ်စိတ်နဲ့ အဟိတ်စိတ် ပေါင်းလိုက်တော့ ဘယ်လောက်ရတုန်း၊ ၁၂–နဲ့ ၁၈–ပေါင်းတော့ ၃၀၊ အဲဒီ ၃၀–ကို အသောဘနလို့ခေါ်တယ်၊ မတင့်တယ်တဲ့စိတ်လို့ ဆိုတာပေါ့လေ၊ မတင့်တယ်တဲ့စိတ် အကောင်းမဟုတ်တဲ့စိတ်။

အဟိတ်စိတ်က ဆိုးတဲ့စိတ် မဟုတ်ဘူး၊ သို့သော် အကောင်းမဟုတ်တဲ့စိတ် ပေါ့လေ၊ အသောဘနစိတ်။

ဒီနာမည်က မြန်မာနိုင်ငံကမှည့်တာ, ပါဠိကျမ်းဂန်တွေမှာတော့ အသောဘနစိတ်ဆိုတာ မရှိဘူး။

ကောင်းပြီ, အဲဒီ အသောဘနစိတ် ၃၀–က ကျန်တဲ့စိတ်တွေ အားလုံးကို သောဘနစိတ်လို့ ခေါ်တယ်။

**မေး** – သောဘနစိတ် အားလုံးပေါင်း ဘယ်လောက်ရှိသလဲ၊ အကျဉ်းနဲ့ အကျယ် တွက်စမ်းပါ။

**ဖြေ** – အကျဉ်း ၅၉–ပါး၊ အကျယ် ၉၁–ပါး။

**မေး** – ၅၉–ကို ဘုန်းကြီးခေါ်ခေါ်ရင် ဘယ်လို ခေါ်သလဲ။

**ဖြေ** – တစ်ခုယုတ် ခြောက်ဆယ်။

သောဘနစိတ် အကျဉ်း–၅၉၊ အကျယ်အားဖြင့်–၉၁၊ အဲဒါတွေကို သောဘနစိတ်လို့ခေါ်တယ်၊ အဲဒီသောဘနစိတ်ထဲမှာမှ ကာမာဝစရ သောဘနစိတ် ပါလာတယ်။

ရူပါဝစရကျတော့ သောဘနလို့ ထည့်မခေါ်တော့ဘူး၊ ဘာကြောင့်တုန်း၊ ရူပါဝစရက အသောဘနမှမရှိပဲ၊ ရူပါဝစရဆိုရင် သောဘနပဲ၊ အရူပါဝစရဆိုရင် သောဘနပဲ၊ လောကုတ္တရာဆိုရင် သောဘနပဲ၊ ဒါကြောင့်မို့ သူတို့ကျတော့ သောဘနတွေ မထည့်တော့ဘူး။

ကာမာဝစရကျတော့ အသောဘနတွေ ရှိနေတဲ့အတွက်ကြောင့် ကာမာဝစရ သောဘနစိတ်လို့ခေါ်တယ်၊ အားလုံးပေါင်းလိုက်ရင်စိတ် ၁၂၁–ပါး။

ကောင်းပြီ, ကာမာဝစရစိတ် ၅၄–ပါး ဆိုတာ ဘယ်ဟာတွေ ခေါ်တာတုန်း၊ အကုသိုလ်စိတ် ၁၂–ပါး၊ အဟိတ်စိတ် ၁၈–ပါးရယ်, ကာမာဝစရစိတ်၂၄–ပါးရယ်၊ အားလုံးပေါင်းလိုက်ရင် ၅၄–ပါး–ရတယ်၊ အဲဒီ ၅၄ –ပါးကို ကာမာဝစရစိတ်၊ အတိုခေါ်ချင်ရင် ကာမစိတ်၊ ဒါကြောင့် ကာမစိတ် ဘယ်လောက်ရှိသလဲမေးရင် ၅၄–ပါးရှိတယ်။

ကောင်းပြီ, ရူပါဝစရစိတ် ၁၅–ပါး၊ အရူပါဝစရစိတ်–၁၂ပါး၊ ၂–ခုပေါင်း လိုက်ရင် ဘယ်လောက်ရှိသလဲ ၂၇–ပါး၊ အဲဒီ ၂၇–ပါးကို မဟဂ္ဂုစိတ် ၂၇–ပါး ခေါ်တယ်။

နောင်အခါမှာ မဟဂ္ဂုတ်စိတ် ၂၇–ပါးလို့ပြောလိုက်ရင် ရူပါဝစရစိတ် ၁၅–ပါးနဲ့ အရူပါဝစရစိတ် ၁၂–ပါးကို ပြောတာလို့ သိရမယ်။

ကောင်းပြီ, အကုသိုလ်စိတ် ၁၂–ပါး၊ အဟိတ်စိတ် ၁၈–ပါး၊ ကာမာဝစရ သောဘနစိတ် ၅၄–ပါး၊ ရူပါဝစရစိတ် ၁၅–ပါး၊ အရူပါဝစရစိတ် ၁၂–ပါး၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ကာမဝစရစိတ် ၅၄–ပါး၊ မဟဂ္ဂုတ်စိတ် ၂၇–ပါး၊ ပေါင်းလိုက်ရင် ဘယ်လောက်ရသလဲ၊ ၈၁–ပါး ရတယ်၊ အဲဒီ ၈၁–ပါးကို

လောကီစိတ် ၈၁-ပါး၊ ကျန်တဲ့စိတ် ၄၀-က လောကုတ္တရာစိတ်။

ဒါကြောင့်မို့ လောကီစိတ်-၈၁၊ လောကုတ္တရာစိတ်-၄၀၊ သို့မဟုတ် ၈-ပါး၊ ကောင်းပြီ, အကုသိုလ် အတန်းကိုကြည့်လိုက်ဦး၊ ပထမ ၈-ခုက လောဘမူစိတ်, အဲဒီလောဘမူစိတ် ၈-ခုမှာ ပထမဆုံး ၄-ခုက ဘာဝေဒနာနဲ့ယှဉ်သလဲ၊ သောမနဿဝေဒနာနဲ့ယှဉ်တယ်၊ သောမနဿဝေဒနာကို အနီနဲ့ ဒီနေရာမှာ represent လုပ်ထားတယ်၊ အရောင်ကတော့ ကိုယ်ခြယ်ချင်တာ ခြယ်လို့ရပါတယ်၊ ဒါပေမယ်လို့ မြန်မာပြည်မှာတုန်းက လုပ်ခဲ့လို့ ဒီ အရောင်ပဲလုပ်လိုက်တယ်။

သောမနဿ ဝေဒနာနဲ့ ယှဉ်တာက ၄-ပါး၊ အောက် ၄- ခုက အပြာနဲ့ ခြယ်ထားတာက ဥပေက္ခာဝေဒနာနဲ့ ယှဉ်တာက ၄-ပါး၊ အားလုံး ၈-ပါးက လောဘမူစိတ်။

ဒေါသမူစိတ်ကျတော့ ဒေါမနဿဝေဒနာနဲ့ယှဉ်တယ်၊ နောက်ဆုံး ၂-ခုက ဘာတုန်း၊ မောဟမူစိတ်, မောဟမူစိတ်ကျတော့ ဘာနဲ့ယှဉ်သလဲ၊ ဥပေက္ခာဝေဒနာနဲ့ ယှဉ်တယ်။

ဒါကြောင့်မို့ အကုသိုလ်စိတ် ၁၂-ပါးမှာ သောမနဿဝေဒနာနဲ့ ယှဉ်တာ ၄-ပါး၊ ဥပေက္ခာဝေဒနာနဲ့ယှဉ်တာ ၆-ပါး၊ ဒေါမနဿဝေဒနာနဲ့ ယှဉ်တာဆိုရင် ၂-ပါး၊ ဒီအတန်းမြင်ထားရင် အလွန်လွယ်နေပြီ၊ သောမနဿ-၄၊ ဥပက္ခော-၆၊ ဒေါမနဿ-၂။

အဲဒီအကုသိုလ်စိတ်မှာ ပထမစိတ်ကိုကြည့်လိုက်စမ်း၊ ပထမစိတ်က သောမနဿနဲ့ ယှဉ်တယ်၊ လောဘမူလဆိုတဲ့အတွက်ကြောင့် လောဘနဲ့လည်း ယှဉ်တယ်၊ နောက်ထပ်ဘာနဲ့ ယှဉ်သေးလဲ၊ အယူမှားနဲ့ယှဉ်တာ၊ အယူမှားနဲ့မယှဉ်တာ။

အဲဒီတော့ ပထမစိတ်က အယူမှားနဲ့ယှဉ်တယ်၊ ဒုတိယစိတ်ကလည်း အယူမှားနဲ့ပဲ ယှဉ်တယ်၊ ပါဠိလိုခေါ်ရင် ဒိဋ္ဌိဂတ သမ္ပယုတ်။

နောက် အနီ ၂-ခုကျတော့ အယူမှားနဲ့ မယှဉ်ဘူး၊ ဒါကြောင့် သူတို့ကျတော့ ဒိဋ္ဌိဂတဝိပ္ပယုတ်၊ ဒါကြောင့် ဒိဋ္ဌိဂတသမ္ပယုတ် ၂-ခု ၁,၂၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၂-ခု၊ ၃,၄ ဟုတ်ပြီလား။

ဟုတ်ပြီ, ဥပေက္ခာ ၄-ခုထဲက၊ ၅-၆ ဒိဋ္ဌိဂတ သမ္ပယုတ် အယူမှားနဲ့ယှဉ်တယ်၊ နောက် ၂ခု၊ ၇,၈က အယူမှားနဲ့ မယှဉ်ဘူး။

အားလုံး ပထမ ၂-ခုက အယူမှားနဲ့ယှဉ်တယ်၊ ဒိဋ္ဌိနဲ့ယှဉ်တယ်၊ ဒုတိယ ၂-ခု၊ ဒိဋ္ဌိနဲ့ မယှဉ်ဘူး၊ တတိယ ၂-ခု၊ ဒိဋ္ဌိနဲ့ ယှဉ်တယ်၊ စတုတ္ထ ၂-ခု ဒိဋ္ဌိနဲ့

မယှဉ်ဘူး။

ပြီးတော့မှ အသင်္ခါရိက, သသင်္ခါရိက, တိုက်တွန်းခြင်း မရှိတာ၊ တိုက်တွန်းခြင်း ရှိတာ၊ ဒါကျတော့ (alternately) သွားလိမ့်မယ်။

ပထမတစ်ခုက တိုက်တွန်းခြင်း မရှိတာ, ဒုတိယက တိုက်တွန်းခြင်းရှိတာ, တတိယက တိုက်တွန်းခြင်း မရှိတာ, စတုတ္ထက တိုက်တွန်းခြင်းရှိတာ, ပဉ္စမက တိုက်တွန်းခြင်း မရှိဘူး, ဆဋ္ဌမက တိုက်တွန်းခြင်းရှိတာ, သတ္တမက တိုက်တွန်းခြင်း မရှိဘူး, အဋ္ဌမက တိုက်တွန်းခြင်းရှိတယ်။

အဲဒီလို လောဘမူစိတ် ၈–ပါးရှိသွားတယ်၊ အားလုံးလုပ်လိုက်စမ်း၊ ပထမစိတ်ဟာ သောမနဿဝေဒနာနဲ့ ယှဉ်တယ်, ဒိဋ္ဌိနဲ့ယှဉ်တယ်, တိုက်တွန်းခြင်း မရှိဘူး၊ ဟုတ်ပြီ။

ဒုတိယစိတ်ဟာ သောမနဿနဲ့ ယှဉ်တယ်၊ ဒိဋ္ဌိနဲ့ ယှဉ်တယ် တိုက်တွန်းခြင်း လည်း ရှိတယ်။

တတိယကျတော့ သောမနဿနဲ့ ယှဉ်တယ်, ဒိဋ္ဌိနဲ့ မယှဉ်ဘူး, တိုက်တွန်းခြင်း မရှိဘူး။

စတုတ္ထကျတော့ သောမနဿနဲ့ယှဉ်တယ်၊ ဒိဋ္ဌိနဲ့ မယှဉ်ဘူး၊ တိုက်တွန်းခြင်း လည်း ရှိတယ်။

ဥပေက္ခာ၄–ပါးဟာလည်း အဲဒီအတိုင်းပဲ, ဥပေက္ခာနဲ့ယှဉ်တယ်၊ ဒိဋ္ဌိနဲ့ ယှဉ်တယ်, တိုက်တွန်းခြင်း မရှိဘူး။

ဥပေက္ခာနဲ့ယှဉ်တယ်, ဒိဋ္ဌိနဲ့ယှဉ်တယ်, တိုက်တွန်းခြင်းရှိတယ်။

ဥပေက္ခာနဲ့ယှဉ်တယ်၊ ဒိဋ္ဌိနဲ့မယှဉ်ဘူး၊ တိုက်တွန်းခြင်း မရှိဘူး။

ဥပေက္ခာနဲ့ယှဉ်တယ်၊ ဒိဋ္ဌိနဲ့ မယှဉ်ဘူး၊ တိုက်တွန်းခြင်းရှိတယ်၊ အားလုံး လောဘမူစိတ် ၈–ပါး၊ အဲသလို သိနေရမှာနော်။

နံပါတ်တစ်စိတ် ပြောစမ်းပါဆိုရင်၊ ပါဠိလိုပြောတတ်ရင်လည်းပြော, သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ်အသင်္ခါရိက မြန်မာလိုပြောရင်လည်း သောမနဿနဲ့ ယှဉ်တယ်၊ ဒိဋ္ဌိနဲ့ယှဉ်တယ်၊ တိုက်တွန်းခြင်းမရှိဘူးဆိုတာ အဲသလိုကို သိနေရမှာ၊ အဲဒါ လောဘမူစိတ် ၈–ပါး။

ဒေါသမူစိတ် ၂–ပါး၊ သူကတော့ သိပ်အထူးမရှိပါဘူး၊ အသင်္ခါရိက၊ သသင်္ခါရိက, ဒါပဲရှိတယ်၊ တခြားဟာမထူးဘူး၊ ဒေါမနဿနဲ့ယှဉ်တယ်, ပဋိဃနဲ့ ယှဉ်တယ် (ပဋိဃဆိုတာ ဒေါသ) တိုက်တွန်းခြင်း မရှိဘူး။

ဒေါမနဿနဲ့ယှဉ်တယ်, ပဋိဃနဲ့ယှဉ်တယ်, တိုက်တွန်းခြင်းရှိတယ်၊ ဒေါသမူစိတ် ၂-ပါး၊ သူက အစိမ်းခြယ်ထားတယ်။

နောက်တစ်ခုက မောဟမူစိတ် ၂-ပါး၊ မောဟမူစိတ်ကျတော့ ဥပေက္ခာနဲ့ယှဉ်တယ်၊ ပထမဟာကို ဘာလို့ခေါ်သလဲ၊ ယုံမှားတာ၊ ပါဠိလို ဝိစိကိစ္ဆာ။

ဥပေက္ခာနဲ့ယှဉ်တယ်၊ ယုံမှားမှု ဝိစိကိစ္ဆာနဲ့ယှဉ်တယ်၊ သူ့ကျတော့ တိုက်တွန်းခြင်း ရှိမရှိ ခွဲခြားမှုမရှိတော့ဘူး၊ သူက မောဟမူစိတ်ပီပီ တွေဝေတာကိုး၊ တန်ခိုးထက်တယ် မထက်တယ် မရှိတော့ဘူး၊

ဒါကြောင့်မို့ ဥပေက္ခာနဲ့ယှဉ်တယ်၊ ယုံမှားမှုဝိစိကိစ္ဆာနဲ့ယှဉ်တယ်၊ ဒီစိတ်တစ်မျိုး။

နောက်ဆုံးစိတ်က ဥပေက္ခာနဲ့ယှဉ်တယ်၊ ပါဠိလို ဥဒ္ဓစ္စလို့ခေါ်တဲ့ ပျံ့လွင့်မှုနဲ့ယှဉ်တယ်။

ဒါကြောင့်မို့ မောဟမူ ပထမစိတ်ကို ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်၊ မောဟမူဒုတိယစိတ်ကို ဥဒ္ဓစ္စသမ္ပယုတ်စိတ်၊ နောင်အခါကျရင် အဲဒီလိုပြောရမယ်၊ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်ဆိုရင် အဲဒါကိုမြင်ရမယ်၊ ဥဒ္ဓစ္စသမ္ပယုတ်စိတ်ဆိုရင် နောက်ဆုံးဟာကို မြင်ရမယ်။

အဲဒီလို အကုသိုလ်စိတ် ၁၂-ပါးကို အဲသလောက်လေးတော့ ကျေရမယ်၊ နောက်ထပ်ရှုပ်တာတွေရှိသေးတယ်၊ သောမနဿဖြစ်ပြီး သမ္ပယုတ်မဖြစ်တဲ့စိတ်၊ သောမနဿသာဖြစ်ပြီး သမ္ပယုတ်ဖြစ်တဲ့စိတ် စသည်ဖြင့် အဲသလို အမျိုးမျိုးခွဲခြားတာတွေ ရှိသေးတယ်၊ အဲဒါတွေက ရှုပ်လွန်းသွားလိမ့်မယ်၊ ဒီလောက် အရှင်းလေးကိုတော့ ကျေအောင်လုပ်ရမယ်။

အဲသလိုမြင်နေပြီဆိုရင် စာဖတ်လို့လည်းကောင်းလာတယ်၊ စာချတာ နားထောင်ရတာလည်း ကောင်းလာတယ်၊ သို့မဟုတ်လို့ ရှုပ်ထွေးရှုပ်ထွေးဆိုရင် အသိဉာဏ် မရှင်းရင် မရဘူး မှတ်လဲမမှတ်မိဘူး၊ အဲဒါကြောင့်မို့ အဲသလိုလုပ်ရမယ်၊ ဒါကိုပဲ define လုပ်တယ်၊ ကွန်ပျူတာပရိုဂရမ်ထဲမှာ ထားတယ်။

ပထမစိတ် define လုပ်လိုက်စမ်းပါဆိုရင် ဟိုမှာ define လုပ်ထားတယ်၊ ဒါကတော့ စိတ်နာမည်ပြောပါဆိုတာနဲ့ အတူတူပဲ။

ဒါကြောင့် အခု ၁၂-ခုက အကုသိုလ်စိတ်၊ လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး, မောဟမူစိတ် ၂-ပါး, ကောင်းပြီ ဒုတိယကို သွားကြရအောင်။

**မေး** - အဟိတ်စိတ် ၁၈-ပါးမှာ ပထမအတန်းက ဘာတုန်း။

ဖြေ – အကုသလဝိပါက်စိတ်, အကုသိုလ်ရဲ့အကျိုးဖြစ်တဲ့စိတ်။
မေး – ပထမစိတ်က ဘာစိတ်တဲ့တုန်း၊ မြန်မာလိုသိရင် မြန်မာလိုပြော၊ ပါဠိလိုသိရင် ပါဠိလိုပြော။
ဖြေ – စက္ခုဝိညာဏ်စိတ်။
မေး – စက္ခုဝိညာဏ်စိတ်ဆိုတာ မြန်မာလိုဘာလဲ၊
ဖြေ – မျက်စိစိတ်, မြင်တဲ့စိတ်။
မေး – ဒုတိယစိတ်က ဘာတဲ့တုန်း
ဖြေ – ကြားတဲ့စိတ်၊
မေး – တတိယစိတ်က ဘာတဲ့တုန်း၊
ဖြေ – နံတဲ့စိတ်၊
မေး – စတုတ္ထစိတ်က ဘာတုန်း၊
ဖြေ – အရသာသိတဲ့စိတ်၊
မေး – ကြက်ခြေကဘာတုန်း၊
ဖြေ – အထိကိုသိတဲ့စိတ်၊ ဒုက္ခဝေဒနာနှင့်တကွ ဖြစ်တဲ့အထိကိုသိတဲ့စိတ်၊ ကာယဝိညာဉ်လို့ခေါ်တယ်။

အဲဒီငါးခုရဲ့အာရုံကို အာရုံငါးပါးလို့ခေါ်တယ်၊ ပထမစိတ်ရဲ့အာရုံကို ရူပါရုံလို့ခေါ်တယ်၊ မြင်နိုင်တဲ့အာရုံ။

ဒုတိယစိတ်ရဲ့အာရုံကိုသဒ္ဒါရုံ, ကြားနိုင်တဲ့အာရုံ၊ တတိယစိတ်ရဲ့ အာရုံက ဂန္ဓာရုံ, နံနိုင်တဲ့အာရုံ၊ စတုတ္ထစိတ်ရဲ့ အာရုံက ရသာရုံ၊ အာရုံကျတော့ ရသာရုံခေါ်တယ်၊ ပဥ္စမစိတ်ရဲ့အာရုံက ဖောဋ္ဌဗ္ဗာရုံလို့ခေါ်တယ်၊ အတွေ့အထိ, အဲဒီအာရုံငါးပါး။

အစိမ်းခြယ်ထားတာက ဘာတုန်း၊ ဒုက္ခလို့ ပြောတာ၊ ဟိုဘက်တုန်းက ဒေါမနဿကို အစိမ်းခြယ်ခဲ့တယ်၊ ဒီမှာ ဒုက္ခကို အစိမ်းခြယ်တတ်၊ cross လုပ်ထားတာကတော့ ကွဲပြားသွားအောင်လုပ်တာ။
မေး – အဲဒီမြင်တဲ့စိတ်, ကြားတဲ့စိတ် စသည်ဟာ ဘာဝေဒနာနဲ့ ယှဉ်သလဲ။
ဖြေ – ဥပေက္ခာဝေဒနာနဲ့ယှဉ်တယ်။

ဟုတ်တယ်၊ ဥပေက္ခာဝေဒနာနဲ့ယှဉ်တယ်၊ နောက်မှပျော်တာနောက်မှ စိတ်ဆိုးတာ ဘာညာက သီးခြား၊ အဲဒါတွေက နောက်စိတ်တွေနဲ့ယှဉ်တယ်၊ အဲဒီ မြင်တဲ့အခိုက် ကြားတဲ့အခိုက်ဖြစ်တဲ့ ဝေဒနာကတော့ ဥပေက္ခာဝေဒနာပဲ။

မေး – ကောင်းပြီ၊ ကြက်ခြေအစိမ်းကာယ ဝိညာဏ်အောက်မှာ ဘာရှိသလဲ။
ဖြေ – လက်ခံတဲ့စိတ်ရှိတယ်။

ဟုတ်ပြီ၊ လက်ခံတဲ့စိတ်၊ လက်ခံတဲ့စိတ်ကို သမ္ပဋိစ္ဆနလို့ခေါ်တယ်၊ အာရုံနဲ့တွေ့ပြီးနောက် အာရုံကိုလက်ခံတဲ့စိတ် (Receiving) လုပ်လိုက်တဲ့စိတ်၊ အာရုံကိုလက်ခံတဲ့စိတ်၊ သမ္ပဋိစ္ဆနစိတ်လို့ ခေါ်တယ်၊ ပါဠိနာမည်လေးတွေ မှတ်ရမယ်။

မေး – လက်ခံပြီးတဲ့နောက် ဘာလုပ်သလဲ။
ဖြေ – စုံစမ်းတယ်။

ဟုတ်ပြီ၊ စုံစမ်းတာကို ပါဠိလို သန္တီရဏစိတ်၊ ဒါဖြင့် ကြက်ခြေအောက် ပထမစိတ်က သမ္ပဋိစ္ဆိုင်းစိတ်၊ ကြက်ခြေအောက် ဒုတိယစိတ်အောက်ဆုံးက သန္တီရဏစိတ် အားလုံးရ–ပါး။

မေး – ၇–ပါးမှာ ဥပေက္ခာနဲ့ ယှဉ်တာ ဘယ်နှစ်ပါးလဲ။
ဖြေ – ၆–ပါးရှိတယ်
မေး – ဒုက္ခဝေဒနာနဲ့ ယှဉ်တာကကော
ဖြေ – တစ်ပါးရှိတယ်။

ကောင်းပြီ၊ နောက်ဟာတစ်ခု၊ အဟိတ်ကုသလဝိပါက်၊ ဟိတ်နဲ့မယှဉ်ဘူး၊ ကုသိုလ်ရဲ့ အကျိုးတရားတွေ, အကျိုးစိတ်တွေ။

ပထမစိတ်ကမြင်တဲ့စိတ်, ဒုတိယစိတ်က ကြားတဲ့စိတ်, တတိယစိတ်က နံတဲ့စိတ်, စတုတ္ထစိတ်က အရသာသိတဲ့စိတ်, ပဉ္စမစိတ်ကကောင်းတဲ့အတွေ့အထိကို ခံစားတဲ့စိတ်, သိတဲ့စိတ် ကာယဝိညာဉ်, သုခ သူ့ကျတော့ သုခလို့ခေါ်တယ်၊ သောမနဿလို့ မခေါ်ဘူး၊ အနိအဝိုင်းတွေကို သောမနဿဝေဒနာလို့ခေါ်တယ်၊ ဒီ cross ကျတော့ သုခဝေဒနာနဲ့ ယှဉ်တယ်၊ ကောင်းတဲ့အတွေ့အထိတွေ့တဲ့အခါမှာ သုခဝေဒနာ။

အဲဒီအောက်ကဘာတုန်း လက်ခံတဲ့ သမ္ပဋိစ္ဆန်းစိတ်။

မေး – သမ္ပဋိစ္ဆန်းလို့အသံထွက်တာ ရှင်းပြပါ။
ဖြေ – သမ္ပဋိစ္ဆိုင်းလို့ပဲခေါ်တယ်၊ ရေးတော့ နငယ်သတ်နဲ့ ရေးတယ်၊ သမ္ပဋိစ္ဆနကလာလို့ နငယ်သတ်နဲ့ရေးတယ်၊ ဒါပေမယ့် အသံထွက်တော့ သမ္ပဋိစ္ဆိုင်းလို့ထွက်တယ်၊ တချို့ကလည်း သေတ်နဲ့ရေးတယ်၊ ရေးချင်တာနဲ့ ရေးပေါ့လေ၊ သမ္ပဋိစ္ဆန်းဆိုတာ သူ့အတိုင်းရေးတာကောင်းတယ်၊ နသတ်နဲ့ပေါ့၊ ဒါပေမယ့် အသံထွက်တော့ သေတ်အသံထွက်တယ်။

သမ္ပဋိစ္ဆန်းစိတ်အောက်က ၂–ခုကဘာတုန်း၊ သန္တီရဏစိတ်၊ စုံစမ်းတဲ့စိတ်၊ ဒီကျတော့ ၂–မျိုးရှိလာတယ်၊ အကုသိုလ်အကျိုးတုန်းက တစ်မျိုးပဲရှိတယ်၊ ကုသိုလ်အကျိုးကျတော့ ၂–မျိုးရှိလာတယ်၊ ဘာလို့တုန်းဆိုတော့ အာရုံက အလွန် အလိုရှိအပ်တဲ့အာရုံ၊ ရိုးရိုးအလိုရှိအပ်တဲ့ အာရုံ ၂–မျိုးကွဲလို့။

အလွန်အလိုရှိအပ်တဲ့ အာရုံနဲ့တွေ့တော့ သောမနဿ၊ ရိုးရိုးအလိုရှိအပ်တဲ့အာရုံနဲ့တွေ့တော့ ဥပေက္ခာ။

ဒါကြောင့်မို့ သန္တီရဏစိတ်ဟာ ဒီကုသိုလ်ရဲ့အကျိုးထဲမှာ ၂–မျိုး ရှိတယ်။

မေး – အဲဒီထဲမှာ ဥပေက္ခာယှဉ်တာ ဘယ်လောက်ရှိလဲ။

ဖြေ – ၆–ပါးပဲ၊

မေး – သုခနဲ့ယှဉ်တာ၊

ဖြေ – ၁– ပါး၊

မေး – သောမနဿနဲ့ ယှဉ်တာ၊

ဖြေ – ၁–ပါး၊

သုခနဲ့ယှဉ်တာက ကာယဝိညာဏ်၊ အထိသိတဲ့စိတ်၊ သောမနဿနဲ့ယှဉ်တာက သန္တီရဏစိတ် ၁–ခု၊ အားလုံးပေါင်းလိုက်တော့ အဟိတ် ကုသလ ဝိပါက်စိတ် ၈–ပါး။

နောက်သုံးခုက အဟိတ်ကြိယာစိတ် ၃–ပါး၊ ပထမစိတ်က ပဉ္စဒွါရာဝဇ္ဇန်း၊ ၅–ဒွါရကို ဆင်ခြင်တဲ့စိတ်၊ ၅– ဒွါရဘက်ကို လှည့်ပေးတဲ့စိတ်။

ဒုတိယစိတ်က မနောဒွါရာ ဝဇ္ဇန်း၊ မနောဒွါရဘက်ကိုလှည့်ပေးတဲ့စိတ်။

ဒွါရက ၆–မျိုးရှိတယ်၊ ဒွါရဆိုတာ တံခါး၊ အင်္ဂလိပ်လို door နှင့် ပါဠိလို ဒွါရ သိပ်နီးစပ်တယ်။

ပဉ္စဒွါရဆိုတာ ၅–ဒွါရပေါ့၊ မျက်စိ၊ နား၊ ပါးစပ်၊ နှာခေါင်း၊ ခန္ဓာကိုယ်၊ ဒါကိုလည်း ဒွါရလို့ခေါ်တယ်၊ စိတ်ကိုလည်းဒွါရလို့ ခေါ်တယ်၊ အဲဒီ မနောဒွါရဘက်လှည့်ပေးတဲ့စိတ်ကို မနောဒွါရာဝဇ္ဇန်းစိတ်။

နောက်ဆုံးစိတ်က (smiling consciousness) ပြုံးရယ်တဲ့စိတ်၊ ဟသိတုပ္ပါဒ၊ ပြုံးရယ်ခြင်းကို ဖြစ်စေတတ်တဲ့စိတ်လို့ဆိုတယ်။

မေး – အဲဒီပြုံးရယ်ခြင်းကို ဖြစ်စေတတ်တဲ့စိတ်က ဘာဝေဒနာနဲ့ယှဉ်သလဲ။

ဖြေ – သောမနဿ ဝေဒနာနဲ့ယှဉ်တယ်။

မေး – ဒီစိတ်က ဘယ်ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာသာ ဖြစ်စေသလဲ။

ဖြေ - ဘုရား ရဟန္တာ။

ဟုတ်တယ်၊ ဘုရားရဟန္တာ၊ ပစ္စေကဗုဒ္ဓါကို ထည့်ချင်ထည့်နိုင်သေးတယ်၊ ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါတွေမှသာဖြစ်တယ်၊ ပုထုဇဉ်တွေနဲ့ အောက်တန်းအရိယာတွေမှာ မဖြစ်ဘူး၊ အဲဒီစိတ် ၃-ပါးကို အဟိတ်ကြိယာစိတ် ၃-ပါးလို့ ခေါ်တယ်။

အဟိတ်ကြိယာစိတ် ၃-ပါးမှာ ဥပေက္ခာဝေဒနာနဲ့ ယှဉ်တာ၂-ပါး၊ သောမနဿ ဝေဒနာနဲ့ ယှဉ်တာ ၁-ပါး။

ကောင်းပြီ၊ ဒါဖြင့် အဟိတ်စိတ် ၁၈-ပါးမှာ သောမနဿ ဝေဒနာနဲ့ ယှဉ်တာ ၂-ပါး၊ သောမနဿ သန္တီရဏနဲ့ ဟသိတုပ္ပါဒ၊

- သုခ ဝေဒနာနဲ့ယှဉ်တာ ၁ ပါး
- ဒုက္ခဝေဒနာနဲ့ ယှဉ်တာ ၁ ပါး
- ဥပေက္ခာဝေဒနာနဲ့ ယှဉ်တာ ၁၄ ပါး

ဒါကြောင့် သောမနဿ ၂၊ ဥပေက္ခာ-၁၄၊ သုခ-၁၊ ဒုက္ခ-၁၊ အားလုံးပေါင်းရင် ၁၈ ပါး။

ကာမာဝစရကုသိုလ်စိတ် ၈ -ပါး၊ သူကလောဘမူစိတ် နားလည်ပြီးရင် သူ့ကို နားလည်နိုင်ပါတယ်၊ ဘာထူးသလဲဆိုတော့ ဟိုတုန်းက ဒိဋ္ဌိ၊ ဒီကျတော့ဉာဏ်။

အဲဒီတော့ ပဌမစိတ်က သောမနဿနဲ့ ယှဉ်တယ်, ဉာဏ်နဲ့ယှဉ်တယ်, တိုက်တွန်းခြင်းမရှိဘူး။

ဒုတိယစိတ်က သောမနဿနဲ့ယှဉ်တယ်, ဉာဏ်နဲ့ယှဉ်တယ်, တိုက်တွန်းခြင်းရှိတယ်။

တတိယစိတ် သောမနဿနဲ့ယှဉ်တယ်, ဉာဏ်နဲ့ မယှဉ်ဘူး, တိုက်တွန်းခြင်းလည်းမရှိဘူး။

စတုတ္ထစိတ် သောမနဿနဲ့ ယှဉ်တယ်, ဉာဏ်နဲ့မယှဉ်ဘူး, တိုက်တွန်းခြင်းရှိတယ်၊ ဟုတ်ပြီ, ဥပေက္ခာ ၄-ခု လုပ်လိုက်ဦး။

- ဥပေက္ခာဝေဒနာနဲ့ ယှဉ်တယ်, ဉာဏ်နဲ့ယှဉ်တယ်, တိုက်တွန်းခြင်းမရှိဘူး။
- ဥပေက္ခာနဲ့ယှဉ်တယ်၊ ဉာဏ်နဲ့ယှဉ်တယ်၊ တိုက်တွန်းခြင်းရှိတယ်။
- ဥပေက္ခာနဲ့ယှဉ်တယ်၊ ဉာဏ်နဲ့မယှဉ်ဘူး၊ တိုက်တွန်းခြင်း မရှိဘူး။
- ဥပေက္ခာနဲ့ယှဉ်တယ်၊ ဉာဏ်နဲ့မယှဉ်ဘူး၊ တိုက်တွန်းခြင်းရှိတယ်။ ၈-မျိုးဖြစ်သွားပြီ၊ ဒါဟာ ကာမာဝစရကုသိုလ်စိတ် ၈-ပါး, သို့မဟုတ် မဟာကုသိုလ်စိတ်

၈–ပါး၊ သောမနဿ ဝေဒနာနဲ့ ယှဉ်တာ ၄–ပါး၊ ဥပေက္ခာ ဝေဒနာနဲ့ယှဉ်တာ ၄–ပါး၊ အားလုံး ၈–ပါး။

ဝိပါက်စိတ်ဟာ ကုသိုလ်စိတ်နဲ့ ထပ်တူပဲ၊ ဒါကြောင့်မို့ သူ့ကို ခုနလိုပဲ သွားရမယ်၊ သောမနဿနဲ့ယှဉ်တယ်၊ ဉာဏ်နဲ့ယှဉ်တယ်၊ တိုက်တွန်းခြင်း မရှိဘူး စသည်ဖြင့် သွားပါ။

ကာမာဝစရကြိယာစိတ်ကလည်း ဒီအတိုင်း အတူတူပဲ၊ ဉာဏ်နဲ့ယှဉ်၊ မယှဉ်ဆိုတာလေး ထူးတာပါပဲ(လောဘမူနဲ့)၊ တခြားဟာ တူတူပဲ။

မေး – အဲဒီတော့ ကာမာဝစရစိတ် ၂၄ မှာ သောမနဿ ဘယ်လောက်ပါလဲ။

ဖြေ – ၁၂–ပါး၊

မေး – ဥပေက္ခာဝေဒနာနဲ့ ယှဉ်တာကော။

ဖြေ – ၁၂ ပါး, ဟုတ်ပြီ၊ ကာမာဝစရသောဘနက သရုပ်ခွဲရတာလွယ်ပါတယ်။

မေး – ဉာဏ်နဲ့ယှဉ်တာကော ဉာဏ်နဲ့ မယှဉ်တာ ဘယ်လောက်ပါလဲ။

ဖြေ – ဉာဏ်နဲ့ယှဉ်တာ ၁၂–ခု၊ ဉာဏ်နဲ့မယှဉ်တာ ၁၂–ခု၊

ရှေ့ကို ဆက်သွားမယ်၊ ရူပါဝစရစိတ် ၁၅–ပါးတဲ့၊ ပထမအတန်း ကုသိုလ်စိတ် ၅–ခု, ဒုတိယအတန်း ဝိပါက်စိတ် ၅–ခု, တတိယအတန်း ကြိယာစိတ် ၅–ခု။

ဒါဖြင့် ပထမဆုံးစိတ်က ပထမဈာန်စိတ်, နောက်ဟာက ဒုတိယဈာန်စိတ်, နောက်ဟာက တတိယဈာန်စိတ်, နောက်စိတ်က စတုတ္ထဈာန်စိတ်, နောက်ဆုံး ၁ – ခုက ပဉ္စမဈာန်စိတ်။

မေး – ဒါဖြင့် ပထမဈာန်စိတ်က ဘာဝေဒနာနဲ့ ယှဉ်သလဲ။

ဖြေ – သောမနဿဝေဒနာ၊

မေး – ဒုတိယဈာန်စိတ်ကကော၊

ဖြေ– သောမနဿဝေဒနာ၊

မေး – တတိယဈာန်စိတ်ကကော၊

ဖြေ – သောမနဿဝေဒနာ၊

မေး – စတုတ္ထဈာန်စိတ်ကကော၊

ဖြေ – သောမနဿဝေဒနာ၊

မေး – ပဉ္စမဈာန်စိတ်ကကော၊

ဖြေ – ဥပေက္ခာဝေဒနာနဲ့ယှဉ်တယ်၊

ဟုတ်ပြီ၊ ဈာန်အင်္ဂါနဲ့ လှည့်ပေးလိုက်ဦးမယ်။

**မေး** – ပထမဈာန်မှာ ဈာန်အင်္ဂါ ဘယ်နှစ်ပါးရှိသလဲ။

**ဖြေ** – ၅–ပါး၊

**မေး** – ဒုတိယဈာန်မှာကော၊

**ဖြေ** – ၄–ပါး၊

**မေး** – တတိယဈာန်မှာ၊

**ဖြေ** – ၃–ပါး၊

**မေး** – စတုတ္ထ၊

**ဖြေ** – ၂–ပါး၊

**မေး** – ပဉ္စမမှာကော၊

**ဖြေ** – ၂–ပါးပဲ၊

**မေး** – စတုတ္ထ ၂–ပါးက ဘာတွေလဲ၊

**ဖြေ** – သုခနဲ့ ဧကဂ္ဂတာ၊

**မေး** – ပဉ္စမ ၂–ပါးက ဘာလဲ၊

**ဖြေ** – ဥပေက္ခာနဲ့ ဧကဂ္ဂတာ၊

**မေး** – ဈာန်အင်္ဂါ ၅–ပါးကဘာလဲ။

**ဖြေ** – ဝိတက်, ဝိစာရ, ပီတိ, သုခ (ဝေဒနာ) ဧကဂ္ဂတာ၊
ပဉ္စမဈာန်ကျတော့ ဥပေက္ခာ၊ ဥပေက္ခာလည်းဝေဒနာပဲ။

**မေး** – အဲဒီတော့ ရူပါဝစရစိတ် ၁၅–ပါးမှာ ပထမဈာန်စိတ် ဘယ်နှစ်ပါးလဲ၊ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်စိတ် ဘယ်လောက်လဲ။

**ဖြေ** – ၃–ပါး၊ ကုသိုလ်စိတ်ရယ်, ဝိပါက်စိတ်ရယ်, ကြိယာစိတ်ရယ်၊ ဒုတိယဈာန်စိတ် ၃–ပါး, တတိယဈာန်စိတ် ၃–ပါး, စတုတ္ထဈာန်စိတ် ၃–ပါး, ပဉ္စမဈာန်စိတ်– ၃–ပါး,

ကိုင်း, အရူပါဝစရကို သွားလိုက်စမ်း၊ ပထမကုသိုလ်စိတ်–၄ပါး၊ ဒုတိယ ဝိပါက်စိတ်–၄ပါး၊ တတိယကြိယာစိတ် ၄–ပါး။

ကိုင်း၊ ပထမစိတ်နာမည် ဖော်ရလိမ့်မယ်၊ ဘာတဲ့တုန်း၊ အာကာသာနဉ္စာယတန ကုသိုလ်စိတ်၊ ဒုတိယက ဝိညာဏဉ္စာယတန ကုသိုလ်စိတ်၊ တတိယက အာကိဉ္စညာယတန ကုသိုလ်စိတ်၊ စတုတ္ထက နေဝသညာနာသညာယတန ကုသိုလ်စိတ် နာမည်တွေက ရှည်တယ်။

အဲသလို ကုသိုလ်စိတ် ၄–မျိုးရှိတဲ့အတွက် ဝိပါက်စိတ်လည်း ဒီအတိုင်းပဲ ထပ်တူ ထပ်မျှ ၄–မျိုး၊ ကြိယာစိတ်လဲ ဒီအတိုင်းပဲ ၄–မျိုး, အားလုံးပေါင်းလိုက်တော့ အရူပါဝစရစိတ် ၁၂–မျိုး ၁၂–ပါး။

**မေး** – ကိုင်း၊ ပထမစိတ်က ဘာကိုအာရုံပြုသလဲ၊

**ဖြေ** – ကောင်းကင်ပညတ်ကို အာရုံပြုတယ်၊

**မေး** – ဒုတိယစိတ်က ဘာကို အာရုံပြုတုန်း၊

**ဖြေ** – ပထမစိတ်ကို အာရုံပြုတယ်၊

**မေး** – တတိယစိတ်က ဘာကို အာရုံပြုတုန်း၊

**ဖြေ** – ပထမစိတ်ရဲ့ မရှိခြင်း, နတ္ထိ ဘောပညတ်ကို အာရုံပြုတယ်၊

**မေး** – စတုတ္ထစိတ်က ဘာကို အာရုံပြုတုန်း

**ဖြေ** – တတိယစိတ်ကို အာရုံပြုတယ်။

အဲသလို အာရုံလေးတွေနဲ့ အာရုံအလိုက် ကွဲပြားသွားတယ်၊ ရူပါဝစရစိတ်တွေက ဈာန်အင်္ဂါအလိုက် ကွဲပြားသွားတယ်၊ ပထမဈာန်နဲ့ ဒုတိယဈာန် ကွဲပြားသွားတာ ဈာန်အင်္ဂါမတူလို့၊ ဒီကျတော့ ဈာန်အင်္ဂါအတူတူပဲ၊ အာရုံကွဲပြားသွားတယ်၊ ဟို (ရူပါဝစရ)စိတ်မှာ အာရုံမကွဲဘူး၊ ပထမဈာန်ရဲ့ အာရုံနဲ့ ဒုတိယဈာန်ရဲ့ အာရုံ ဒီပုဂ္ဂိုလ်တစ်ယောက်ထဲမှာ ရထားတယ်ဆိုရင် အတူတူပဲ။

ဒီ (အရူပါဝစရ)စိတ်ကျတော့ အာရုံကကွဲပြားတယ်၊ ဈာန်အင်္ဂါက မကွဲပြားဘူး။

**မေး** – ဈာန်အင်္ဂါ ဘယ်နှစ်မျိုးရှိသလဲ၊

**ဖြေ** – ၂–မျိုးပဲရှိတယ်။

**မေး** – ဘာတွေလဲ၊

**ဖြေ** – ဥပေက္ခာနဲ့ ဧကဂ္ဂတာ၊

ဟုတ်တယ်၊ ပဉ္စမဈာန်အတိုင်းပဲ၊ ဒါကြောင့် သူ့ကို ဈာန် ၅–ပါးထဲထည့်တဲ့အခါ ပဉ္စမဈာန်ထဲမှာ ထည့်ရတယ်၊ သီးခြားဆိုတော့လည်း သူ့ ကို အရူပဈာန်လို့ ခေါ်ရတာပေါ့။

မဟဂ္ဂုတ်စိတ် ၂၇–ပါးမှာ ပထမဈာန်ဘယ်လောက်လဲ, ၃–ပါး၊ ၊ဒုတိယဈာန် ၃–ပါး, တတိယဈာန် ၃–ပါး, စတုတ္ထဈာန် ၃–ပါး, ပဉ္စမဈာန် ၁၅–ပါး, အဲဒီလို ပြောရတယ်၊ ပဉ္စမဈာန်စိတ် ဘယ်လောက်လဲဆိုရင် ရူပါဝစရက ၃–ပါး၊ အရူပါဝစရက ၁၂–ပါး၊ အားလုံး ၁၅–ပါး။

ကောင်းပြီ၊ လောကုတ္တရာစိတ် သွားလိုက်ကြရအောင်၊ လောကုတ္တရာစိတ် သွားတဲ့အခါမှာ ပထမအတန်းက သောတာပတ္တိမဂ်စိတ်၊ အဲဒီမှာလည်းပဲ ပထမဟာက ပထမဈာန်၊ နောက်ဟာက ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန် ၅-မျိုး။

ထိုအတူပဲ သကဒါဂါမိမဂ်စိတ်, အနာဂါမိမဂ်စိတ်, အရဟတ္တမဂ်စိတ်, ကောင်းပြီ။

ထိုအတူပဲ သောတာပတ္တိဖိုလ်စိတ်၊ သကဒါဂါမိဖိုလ်စိတ်၊ အနာဂါမိဖိုလ်စိတ်၊ အရဟတ္တဖိုလ်စိတ်၊ အားလုံး လောကုတ္တရာစိတ် အကျယ်-၄၀၊ အကျဉ်းအားဖြင့် ၈-ပါး။

လောကုတ္တရာစိတ် အကျယ်မှာ ပထမဈာန်စိတ် ၈-ပါး၊ ဒုတိယဈာန်စိတ် ၈-ပါး၊ တတိယဈာန်စိတ် ၈-ပါး၊ စတုတ္ထဈာန်စိတ်၈-ပါး၊ ပဉ္စမဈာန်စိတ်လည်း ၈-ပါးပဲ၊ အဲဒီတော့ ဘယ်ဈာန်ပဲပြောပြော၊ ၈-ပါးစီ ရှိတယ်၊ ၈-၅လီ ၄၀ ဖြစ်သွားတာပေါ့။

မေး - ကောင်းပြီ၊ လောကီဈာန် လောကုတ္တရာဈာန် အကုန်လုံး ပေါင်းလိုက်ရင် ဈာန်စိတ် အားလုံးဘယ်လောက်ရှိသလဲ။

ဖြေ - ပထမဈာန်စိတ် ၁၁-ပါး, ရူပါဝစရက ၃-ပါး, လောကုတ္တရာက ၈-ပါး, ဒါကြောင့် ပထမဈာန် ၁၁-ပါး၊ ဒုတိယဈာန် ၁၁-ပါး၊ တတိယဈာန် ၁၁-ပါး၊ စတုတ္ထဈာန် ၁၁-ပါး၊ ပဉ္စမဈာန်စိတ် ၂၃-ပါး ရှိတယ်၊ အဲဒီလို သွားရမယ်၊ ကောင်းပြီ၊ တစ်ခုစီ ရေခိုင်းမှနဲ့ထင်တယ်။

မေး - စိတ် ၁၂၁-ပါးမှာ သောမနဿနဲ့ ယှဉ်တာ ဘယ်လောက်ပါလဲ။

ဖြေ - ၆၂-ပါးရှိတယ်။

မေး - ဥပေက္ခာနဲ့ ယှဉ်တာ ဘယ်လောက်ရှိလဲ။

ဖြေ - ၅၅-ရှိတယ်။

မေး - ဒေါမနဿနဲ့ယှဉ်တာ ဘယ်လောက်ရှိလဲ။

ဖြေ - ၂-ပါး

မေး - ဒုက္ခနဲ့ယှဉ်တာ

ဖြေ - ၁-ပါး

မေး - သုခနဲ့ယှဉ်တာ

ဖြေ - ၁-ပါး

အားလုံးပေါင်းလိုက်စမ်း ၁၂၁–ရရဲ့လား၊ သောမနဿနဲ့ယှဉ်တာ ၆၂– ဥပေက္ခာနဲ့ယှဉ်တာ–၅၅၊ ဒေါမနဿ ၂၊ ဒုက္ခ–၁၊ သုခ–၁ အားလုံးပေါင်းလိုက်တော့ စိတ်အကျယ်–၁၂၁ပါး ရသွားတယ်။

ကောင်းပြီ, တစ်ခုပြောချင်တာရှိတယ်၊ ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ်၊ ဉာဏ်နဲ့ယှဉ်တာ ဉာဏ်နဲ့မယှဉ်တာ ခွဲတဲ့နေရာတွေမှာ အကုသိုလ်စိတ်တွေမှာ ဆိုရင် ဉာဏ်နဲ့မယှဉ်တာသေချာတယ်၊ ဉာဏ်မပါဘူး၊ ဉာဏ်မပါလို့ကို အကုသိုလ် ဖြစ်နေတာ။

– အဟိတ်စိတ်တွေမှာလဲ ဉာဏ်မပါဘူး၊ ဉာဏ်နဲ့ မယှဉ်ဘူး။

– ကာမာဝစရသောဘနစိတ်တွေမှာတော့ တချို့ ဉာဏ်ယှဉ်တယ်၊ တချို့ ဉာဏ်မယှဉ်ဘူး၊ တစ်ဝက်က ဉာဏ်ယှဉ်တယ်၊ တစ်ဝက်က ဉာဏ်မယှဉ်ဘူး။

– ကောင်းပြီ၊ ရူပါဝစရစိတ်ကျတော့ကော၊ ဉာဏ်နဲ့ယှဉ်တာချည်းပဲ၊ ဉာဏသမ္ပယုတ်လို့ မဆိုပေမယ့် ဉာဏ်နဲ့ယှဉ်တာချည်းပဲ၊ အဲဒါလေး မှတ်ထားရမယ်၊ ဒါကြောင့်မို့ ဉာဏ်နဲ့ယှဉ်တဲ့စိတ် ဘယ်လောက်ရှိသလဲလို့မေးရင် ကာမာဝစရသောဘန ထဲက ၁၂–ရယ်၊ ရူပါဝစရ, အရူပါဝစရ, လောကုတ္တရာ အကုန်ရယ်၊ အဲဒါ အားလုံးယူရတယ်။

ဉာဏသမ္ပယုတ်လို့ ပြောလိုက်ရင် ကာမာဝစရသောဘနထဲက ၁၂–ရယ်၊ ရူပါဝစအကုန်၊ အရူပါဝစရအကုန်၊ လောကုတ္တရာအကုန်ပါတယ်၊ လောကုတ္တရာကို ၈–ခုထဲယူမယ်ဆိုရင်အားလုံး ၄၇–ရှိတယ်၊ ၁၂+၁၅+၁၂+၈ အားလုံးပေါင်း–၄၇၊ အဲဒါ ဉာဏ်နဲ့ယှဉ်တဲ့စိတ်။

ဉာဏဝိပ္ပယုတ်လို့ ပြောလိုက်ရင် အကုသိုလ်ပါတယ်, အဟိတ်ပါတယ်, ကာမာဝစရသောဘနထဲက တစ်ဝက်ပါတယ်။

အဲဒီလောက် မှတ်မိမယ်ဆိုရင် တော်တော်ကျေသွားပြီ။

မေး – အရှင်ဘုရား၊ ဉာဏ်နဲ့မယှဉ်တာကျတော့, အကုသိုလ်စိတ် ၁၂–ပါးရယ်၊ အဟိတ်စိတ် ၁၈–ပါး၊ ကာမာဝစရသောဘနစိတ်ထဲက ၁၂–ပါးရယ်၊ ဟုတ်ပါသလား။

ဖြေ – ဟုတ်တယ်၊ သူတို့က ဉာဏ်နဲ့ မယှဉ်ဘူး၊ ဟိုဘက်ကဟာတွေက ဉာဏ်နဲ့ ယှဉ်တယ်၊ ဉာဏ်မပါရင် ဈာန်ဆိုတာဘယ်ရမလဲ၊ ဈာန်တို့ မဂ်ဖိုလ်တို့ဆိုတာ ဉာဏ်ပါမှရတာ၊ ဒါကြောင့် ဉာဏသမ္ပယုတ်စိတ်ဆိုရင်အဲဒါတွေပါသွားတယ်။ အဲဒီလိုစိတ်ပိုင်းကို ကျေရမယ်၊ ဒါကို အထပ်ထပ် အချိန်အားလေးရှိတုန်းမှာ

ဖယားကွက်ထဲက အစက်တွေကို အိတ်ထဲထည့်ထား၊ ပျင်းတဲ့အခါ ထုတ်ကြည့်၊ မှတ်မိသွားအောင်၊ တကယ်မှတ်မိသွားရင် အလွန်အရသာတွေ့လာမယ်။

ကောင်းပြီ၊ နည်းနည်းလေး ခွဲဦးမယ်၊

မေး – အကုသိုလ်စိတ် ဘယ်လောက်ရှိလဲ။

ဖြေ – ၁၂-ပါး

မေး – ကုသိုလ်စိတ် ဘယ်လောက်ရှိလဲ။

ဖြေ – လောကီကုသိုလ်-၁၇၊ လောကုတ္တရာကုသိုလ်-၄၊ သို့မဟုတ်-၂၀၊

ဒါကြောင့်မို့ တစ်ခါတစ်ခါမှာ ဦးဇင်းတို့က ကုသိုလ်စိတ် ၂၁ လို့ပြောရင်၊ လောကုတ္တရာစိတ်ကို ၈-ခုအနေနဲ့ ပြောတာ၊ ဒါကြောင့် ကုသိုလ်စိတ်-၂၁၊ သို့မဟုတ် ၃၇၊ နှစ်မျိုးလုံး မှတ်ထား။

မေး – ဝိပါက်စိတ် ဘယ်လောက်ရှိသလဲ။

ဖြေ – ဝိပါက်စိတ်-၃၆၊ သို့မဟုတ်-၅၂၊

မေး – ကြိယာစိတ် ဘယ်လောက်ရှိသလဲ။

ဖြေ – ၂၀

ဟုတ်တယ်၊ လောကုတ္တရာကြိယာမရှိဘူး၊ ဒါကြောင့် ကြိယာက ၂၀-ပဲ၊ နောက်ပိုင်းကျတော့ ကုသိုလ်စိတ် ၂၁-လို့ အားလုံးခြုံပြောလိုက်မယ်၊ ဝိပါက်စိတ် ၃၆, သို့မဟုတ် ၅၂၊ ကြိယာစိတ်ကတော့ ၂၀-ပဲ၊ အကုသိုလ်ကလဲ ၁၂-ပဲ။

**စေတသိက်လက္ခဏာ ၄–ပါး**

၁။ စိတ်နှင့်အတူဖြစ်ခြင်း
၂။ စိတ်နှင့်အတူချုပ်ခြင်း
၃။ စိတ်နှင့်တူသောအာရုံရှိခြင်း
၄။ စိတ်နှင့်တူသောမှီရာရှိခြင်း

| | | |
|---|---|---|
| အညသမာန | – | တစ်ပါးသော တရားတို့နှင့်တူမျှ လိုက်လျောနိုင်သော စေတသိက် |
| သဗ္ဗစိတ္တသာဓာရဏ | – | စိတ်အားလုံးနှင့်ဆက်ဆံသောစေတသိက် |
| ပကိဏ္ဏက | – | သောဘန, အသောဘန, စိတ်တို့၌ ရောပြွမ်းယှဉ်သော စေတသိက် |
| အကုသလ | – | အကုသိုလ် |
| သောဘန | – | တင့်တယ်သောစိတ် |
| သောဘနသာဓာရဏ | = | သောဘနစိတ်တို့နှင့်သာ ဆက်ဆံသောစေတသိက် |

## စေတသိက် ၅၂– ပါး

**အညသမာန်း စေတသိက် ၁၃–ပါး**

**သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါး**

| | | |
|---|---|---|
| ၁။ | ဖဿ | အာရုံကို တွေ့ထိခြင်းသဘော။ |
| ၂။ | ဝေဒနာ | အာရုံ၏အရသာကို ခံစားခြင်းသဘော။ |
| ၃။ | သညာ | အာရုံကို မှတ်ခြင်းသဘော။ |
| ၄။ | စေတနာ | အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်ခြင်းသဘော။ |
| ၅။ | ဧကဂ္ဂတာ | အာရုံ၌ တည်တံ့ခြင်းသဘော။ |
| ၆။ | ဇီဝိတိန္ဒြေ | သဟဇာတ်တရားတို့ကို စောင့်ထိန်းခြင်းသဘော။ |
| ၇။ | မနသိကာရ | အာရုံ၌ နှလုံးသွင်းခြင်းသဘော။ |

**ပကိဏ်း စေတသိက် ၆–ပါး**

| | | |
|---|---|---|
| ၈။ | ဝိတက် | သမ္ပယုတ်တရားတို့ကို အာရုံသို့ တင်ပေးခြင်း သဘော။ |

| | | |
|---|---|---|
| ၉။ | ဝိစာရ | အာရုံ၌ သမ္ပယုတ်တရားတို့ကို သုံးသပ်စေခြင်း သဘော။ |
| ၁၀။ | အဓိမောက္ခ | အာရုံကို ဆုံးဖြတ်ခြင်းသဘော။ |
| ၁၁။ | ဝီရိယ | သမ္ပယုတ်တရားတို့ကို ထောက်ပံ့ခိုင်စေခြင်းသဘော။ |
| ၁၂။ | ပီတိ | အာရုံကို နှစ်သက်ခြင်းသဘော။ |
| ၁၃။ | ဆန္ဒ | ပြုလိုကာမျှသဘော၊ လိုလားခြင်းသဘော။ |

# အဘိဓမ္မာသင်တန်း (၁၀)

## စေတသိက်ပိုင်း-၁

### အညသမာန်း စေတသိက် ၁၃-ပါး

ဒီနေ့ အောက်တိုဘာလ ၃-ရက်၊ ဒီနေ့မှာ စေတသိက်ပိုင်းအစကို လေ့လာကြမယ်၊ လွန်ခဲ့တဲ့အပတ်တွေက စိတ်ကိုလေ့လာပြီးပြီ၊ ပရမတ္ထတရား ၄-ပါး ဆိုတာရှိတယ်၊ ပရမတ္ထတရား-၄ပါးက စိတ်ရယ်, စေတသိက်ရယ်, ရုပ်ရယ်, နိဗ္ဗာန်ရယ် ဆိုပြီးတော့ ရှိတယ်။

အဲဒီထဲက ပထမပရမတ္ထတရားဖြစ်တဲ့စိတ်ကို အကျယ်လေ့လာပြီးပြီ၊ စိတ်အမျိုးပေါင်း ၈၉-ပါး၊ အကျယ် ၁၂၁-ပါး၊ ဒီနေ့ စေတသိက်ပိုင်းတွေကို စပြီး လေ့လာမယ်။

စေတသိက်ပိုင်းမှာက စေတသိက်တွေကိုလည်းပြမယ်၊ ပြီးတော့ ဒီစေတသိက်တွေနဲ့ စိတ်တွေနဲ့ ယှဉ်တယ်လို့ ခေါ်တာပေါ့လေ၊ ယှဉ်တယ်ဆိုတာ အတူတူဖြစ်တာ၊ ဘယ်စိတ်နဲ့ ဘယ်စေတသိက်က အတူတူဖြစ်နိုင်တယ်, မဖြစ်နိုင်ဘူးဆိုတာ စိတ်ဘက်က ကြည့်တာက တစ်မျိုး, စေတသိက်ဘက် ကြည့်တာက တစ်မျိုး, အဲဒီလို လေ့လာကြမယ်။

ပထမဦးစွာ စေတသိက်ဆိုတာဘာလဲ၊ ဟိုအစတုန်းကလည်း ပြောခဲ့ပါတယ်၊ စေတသိက်ဆိုတာ စိတ်ကိုမှီပြီးတော့ ဖြစ်တဲ့တရား၊ ဒီလိုဆိုလိုတယ်၊ ဒါကိုပဲစိတ်၌ ဖြစ်သော တရားလို့ ကျမ်းဂန်တွေမှာ သုံးတယ်။

အဲဒီတော့ စိတ်ဆိုတဲ့ သဘာဝတရားတစ်ခုရှိတယ်၊ စိတ်ဆိုတာ အာရုံသိမှု သက်သက်ကလေးကို စိတ်လို့ခေါ်တယ်၊ စိတ်နဲ့အတူတူ ဒီနေ့လေ့လာမယ့် စေတသိက် ဆိုတာတွေ ဖြစ်တယ်၊ ဒီစေတသိက်ဆိုတာတွေက အင်္ဂလိပ်လို (Mental States)လို့ ခေါ်တယ်၊ Mental factors လို့လည်းပြန်တယ်၊ Mental state လို့လည်းပြန်တယ်။

အမှန်ကတော့ စိတ်ဖြစ်ပုံလေးတွေကိုပဲ စေတသိက်လို့ခေါ်တယ်၊ စေတသိက် ဆိုတာ စိတ်ကိုမှီပြီး ဖြစ်တတ်တဲ့တရား၊ အဲဒီစေတသိက်တွေက စိတ်ကို ခြယ်လှယ် တယ်၊ ခြယ်လှယ်တယ်ဆိုတာ ကောင်းတဲ့ စေတသိက်တွေနဲ့တွဲမိတဲ့အခါ ဒီစိတ်ကို ကောင်းတဲ့စိတ်လို့ ခေါ်လိုက်တယ်၊ မကောင်းတဲ့စေတသိက်တွေနဲ့ တွဲမိတဲ့အခါ ဒီစိတ်ကို မကောင်းတဲ့စိတ်လို့ ခေါ်လိုက်မယ်။

စိတ်ကဘာနဲ့ တူသလဲဆိုတော့ အရောင်မရှိတဲ့ ရေလိုပေါ့၊ အဲဒီရေထဲ အနီ ရောင်ထည့်လိုက်တဲ့အခါ ရေက အနီရောင် ဖြစ်သွားတယ်၊ အစိမ်းရောင် ထည့်လိုက်တဲ့ အခါမှာ ရေက အစိမ်းဖြစ်သွားတယ်၊ ကောင်းတဲ့စေတသိက်တွေနဲ့ တွဲမိသွားတဲ့အခါမှာ စိတ်ကကောင်းတဲ့စိတ်တွေ, ကုသိုလ်စိတ်တွေ တင့်တယ်တဲ့ စိတ်တွေ၊ မကောင်းတဲ့ စေတသိက်တွေနဲ့ တွဲမိတဲ့အခါမှာ ဒီစိတ်က မကောင်းတဲ့ စိတ်တွေ, အကုသိုလ်စိတ် တွေပဲ။

ဒါကြောင့်မို့ လယ်တီဆရာတော်ဘုရားကြီးက "စိတ်၌ မှီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ်နှင့်ဒွိတ်၊ စေတသိက်"လို့ ဒီလို လင်္ကာလေးရေးထားတယ်၊ ဒွိတ်ဆိုတာ၂- ပေါ့၊ ငါးဆယ်နှင့် ဒွိတ်ဆိုတာ ၅၂-ပေါ့၊ စိတ်ကို မှီပြီးတော့ စိတ်ကိုခြယ်လှယ်တဲ့ တရားတွေ ၅၂-ပါး ရှိတယ်တဲ့။

အဲဒီစေတသိက် ၅၂-ပါးရှိတော့ စေတသိက်ရဲ့ လက္ခဏာကို သိဖို့လိုတယ်၊ ဘယ်လိုလက္ခဏာနဲ့ ပြည့်စုံတဲ့တရားကို စေတသိက်လို့ခေါ်သလဲ၊ စေတသိက်မှာ လက္ခဏာ ၄-ပါးရှိတယ်၊ စေတသိက်ဟုတ်မဟုတ်ကို စစ်ဆေးချင်ရင် ဒီလက္ခဏာ ၄-ပါးနဲ့ စစ်ဆေးရမယ်။

(၁) စိတ်နဲ့အတူဖြစ်ခြင်း

စိတ်နဲ့တစ်ပြိုင်နက်ဖြစ်တယ်, အတူလည်းဖြစ်တယ်၊ စိတ်ဖြစ်တဲ့အခိုက်အတန့် မှာပဲ စေတသိက်လိုက်ဖြစ်တယ်၊ စိတ်က အရင်ဖြစ်သွားပြီး စေတသိက်ကနောက်က လိုက်ဖြစ်တာမျိုး မဟုတ်ဘူး၊ တစ်ပြိုင်နက်သော ခဏမှာဖြစ်တယ်၊ ခဏဆိုတာ အဘိဓမ္မာမှာပြောလာရင် အလွန်တိကျတဲ့ ခဏပဲ၊ Billionth of a second

အဲသလို ခဏကို အဘိဓမ္မာမှာ ခဏလို့ သုံးတယ်။

(၂) စိတ်နှင့်အတူချုပ်ခြင်း၊

ပျောက်သွားတဲ့အခါမှာလည်း စိတ်နဲ့အတူတူပျောက်သွားမယ်၊ စိတ်က အရင်ပျောက်သွားပြီးတော့ စေတသိက်ကနောက်မှ ပျောက်တာမျိုးမဟုတ်ဘူး၊ စေတသိက်က အရင်ပျောက်ပြီးတော့ စိတ်က နောက်မှပျောက်တာမျိုးလဲ မဟုတ်ဘူး၊ စိတ်ပျောက် တာနဲ့ တစ်ပြိုင်နက် စေတသိက်လည်းပျောက်၊ စိတ်နဲ့ စေတသိက်ဟာ ပြိုင်တူချုပ်ရမယ်၊ ပြိုင်တူ ပျောက်ရမယ်။

(၃) စိတ်နှင့်တူသော အာရုံရှိခြင်း၊

အာရုံဆိုတာ အင်္ဂလိပ်လို (object) လို့ခေါ်တဲ့ဟာတွေပေါ့၊ မြင်စရာ, ကြားစရာ, နံစရာ၊ ဒါတွေကို အာရုံလို့ခေါ်တယ်၊ အခုကြည့်လိုက်တဲ့အခါ တစ်စုံ တစ်ခုကို မြင်တယ်ဆိုရင် ဒါဟာမြင်စရာအာရုံ, ပြောလို့ကြားတဲ့ အသံဟာကြားစရာ အာရုံ၊ အဲဒီလို အာရုံတွေရှိတော့ စိတ်က မြင်စရာတွေကို အာရုံပြုရင် စေတသိက်က လည်း မြင်စရာကိုပဲ အာရုံပြုရမယ်၊ စိတ်က အသံကို အာရုံပြုရင် စေတသိက်ကလည်း အသံကိုပဲ အာရုံပြုရမယ်။

စိတ်က အာရုံပြုတာတစ်ခု၊ စေတသိက်ကမတူတဲ့ တခြားအာရုံကို အာရုံပြု တာမျိုး မရှိရဘူး၊ ဒါကြောင့်မို့ စေတသိက်သည် စိတ်ယူတဲ့ အာရုံကိုပဲယူရမယ်၊ စိတ်နဲ့စေတသိက်ဟာ ဒါကြောင့်မို့လည်း အတူတူဖြစ်တာပဲ၊ အဲဒီတော့ အတူတူလည်း ဖြစ်တယ်၊ အတူတူလည်းချုပ်တယ်၊ အာရုံလည်းတူရမယ်။

(၄) စိတ်နှင့်တူသော မှီရာရှိခြင်း၊

စိတ်ဆိုတာက အဘိဓမ္မာသဘောအရ အလကားမဖြစ်ဘူး၊ မှီရာမရှိပဲမဖြစ်ဘူး၊ မှီရာဆိုတာရှိရတယ်၊ ပါဠိလို မှီရာကို ဝတ္ထုလို့ခေါ်တယ်၊ တတိယပိုင်း ကျတော့ အဲဒါတွေလေ့လာရလိမ့်မယ်။

အဲဒီမှီရာဆိုတာက (ဆိုပါတော့) မျက်လုံးအကြည်ဓာတ်ကို မှီရာလို့ခေါ်တယ်၊ နားကို မှီရာလို့ခေါ်တယ်၊ နှာခေါင်းကို မှီရာလို့ခေါ်တယ်။

မျက်လုံးကို အမှီပြုပြီးမြင်တဲ့စိတ် ဖြစ်ပေါ်တယ်၊ မြင်တဲ့စိတ်ဟာ မျက်လုံးမရှိရင် မဖြစ်ပေါ်နိုင်ဘူး၊ ကြားတဲ့စိတ်ဟာ နား (အကြည်ဓာတ်) မရှိရင် မဖြစ်ပေါ်နိုင်ဘူး၊ အဲဒါကြောင့် စိတ်ဟာ ထိုထိုဝတ္ထုလို့ခေါ်တဲ့ မျက်စိအကြည်ဓာတ် စသည်တို့ကို အမှီပြုရတယ်။

စိတ်က မျက်စိကို အမှီပြုတယ်ဆိုရင် စေတသိက်ကလည်း မျက်စိကိုပဲ

အမှီပြုရတယ်၊ အဲဒီလို အမှီပြုတာချင်းလည်းတူရမယ်၊ ဒီအင်္ဂါလက္ခဏာ ၄–ချက်နဲ့ ပြည့်စုံရင် စေတသိက်ပဲ။

စေတသိက် လက္ခဏာ ၄–ပါးက စိတ်နှင့်အတူဖြစ်ခြင်း, စိတ်နှင့်အတူချုပ်ခြင်း၊ စိတ်နှင့်တူသော အာရုံရှိခြင်း၊ စိတ်နှင့် တူသော မှီရာရှိခြင်း။

ဟုတ်ပြီ၊ ဒီအင်္ဂါလက္ခဏာ ၄–ပါးနဲ့ ပြည့်စုံတဲ့ တရားကို စေတသိက်လို့ ခေါ်တယ်၊ ဒါကြောင့်မို့ လယ်တီဆရာတော်ကြီးက "ဖြစ်, ပျက်, မှီ, အာ၊ တူလေးဖြာ၊ အင်္ဂါယှဉ်နိမိတ်"တဲ့၊ ဒီအင်္ဂါ ၄– ဖြာနဲ့ ပြည့်စုံတာပေါ့၊ ခုနတုန်းကလည်း "စိတ်၌မှီတွယ်, စိတ်ကိုခြယ်, ငါးဆယ့်နှင့်ဒွိတ်, စေတသိက်"ဆိုပြီးတော့ လယ်တီဆရာတော်ဘုရားကြီး လင်္ကာရေးခဲ့တာရှိတယ်။

ကောင်းပြီ၊ ဒီအင်္ဂါလက္ခဏာ ၄–ပါးနဲ့ ပြည့်စုံရင် ဒီတရားကို စေတသိက်လို့ ခေါ်ရတယ်၊ အဲဒီတော့ စေတသိက်ဟာစိတ်မှ သီးခြားဖြစ်တဲ့ သဘာဝတရားတစ်ခု၊ ပရမတ္ထတရားတစ်ခု, အမှန်တရားတစ်ခုလို့ဆိုလိုတယ်၊ အဲဒီ စေတသိက်ပေါင်း ၅၂–ပါးရှိတယ်လို့ ပြောတယ်၊ ဒီနေ့ အဲဒီ ၅၂–ပါးကို တစ်ခုချင်း လေ့လာသွားရမယ်။

စေတသိက်တွေထဲမှာ တွေ့မယ့်ဟာတွေက mental states ဆိုတာတွေ ဖြစ်မယ်, emotion ဆိုတာတွေဖြစ်မယ်၊ ဒါတွေဟာ စေတသိက်ထဲမှာ အကုန်ပါနေတယ်၊ စိတ်ကတော့ ခုနပြောသလို အာရုံသိတတ်တဲ့ သဘောတရားအနေနဲ့ သူက Neutral ပဲ၊ ကောင်းတာနဲ့ တွဲမိရင်ကောင်းတဲ့စိတ် ဖြစ်တယ်၊ မကောင်းတာနဲ့ တွဲမိရင် မကောင်းတဲ့စိတ်ဖြစ်တယ်၊ အခုစေတသိက်တွေကတော့ အဲဒီစိတ်ကို ခြယ်လှယ်မယ့်ဟာတွေ။

အဲဒီစေတသိက် ၅၂–ပါးကို စိတ်မှာတုန်းကလိုပဲ အုပ်စုခွဲထားတယ်၊ စိတ်မှာတုန်းက လောကီစိတ်, လောကုတ္တရာစိတ်, ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ် စသည်ဖြင့် အုပ်စုခွဲထားသလို ဒီမှာလည်းပဲ အုပ်စုခွဲထားလိမ့်မယ်။

ပထမအုပ်စုက အညသမန်း စေတသိက် ၁၃–ပါး၊ အဲဒီ အညသမန်း စေတသိက် ၁၃–ပါးမှာမှ၊ သဗ္ဗစိတ္တ သာဓာရဏ စေတသိက်က ၇–ပါး၊ ပကိဏ်း စေတသိက်က ၆–ပါး၊ အဲသလို ခွဲတယ်။

ပထမဆုံး ၁၃–ပါးကိုအညသမာန်း စေတသိက် ပါဠိလိုကျတော့ အညသမာန ပေါ့။

အညသမန်းဆိုတာက ဘာလဲ၊ အညဆိုတာက တစ်ပါးတခြားလို့ခေါ်တယ်၊ သမာနဆိုတာက တူတာ, ဆက်ဆံတာ, common ဖြစ်တာ၊ ဒါကြောင့်မို့

အညသမာနဆိုတာ common to others သူများနဲ့, တခြားတစ်ပါးနဲ့ဆက်ဆံတာ၊ ဆိုလိုတာက ဒီစေတသိက်တွေဟာ ကောင်းတဲ့စိတ်နဲ့ရော, မကောင်းတဲ့ စိတ်နဲ့ရော ဆက်ဆံတယ်၊ ဘာကြောင့်တုန်းဆိုရင် သူက စိတ်အားလုံးနဲ့ယှဉ်မှာ၊ စိတ်အားလုံးဖြစ်တိုင်း သူကပါမှာဆိုတော့ ကောင်းတဲ့စိတ်နဲ့လည်းသူက လိုက်လျောလို့ရတယ်၊ မကောင်းတဲ့စိတ်နဲ့လည်း လိုက်လျောလို့ရတယ်၊ အဲဒါကိုပဲတူတယ်လို့ ပါဠိမှာ သုံးတယ်။

တူတယ်ဆိုတာ ဆင်တူတာကို ပြောတာမဟုတ်ဘူး၊ ဆက်ဆံတာကိုပဲတူတယ်၊ သဘောတူတယ်၊ လိုက်လျောနိုင်တာကိုပဲတူတယ်လို့ သုံးတယ်။

ဒါကြောင့်မို့ ဦးဇင်းတို့ ဘုန်းကြီးလောကမှာ ပြောလေ့ရှိတယ်၊ ဒိပုဂ္ဂိုလ်က ဟိုဘက်လည်းပါ, ဒီဘက်လည်းပါဆိုရင် အညသမန်း ဦးပဉ္စင်းလို့ ခေါ်တယ်၊ အညသမန်းဆိုရင် ဟိုဘက်နဲ့လည်း ဆက်ဆံတယ်၊ ဒီဘက်နဲ့လည်း ဆက်ဆံတယ်၊ ဟိုဘက်လည်းပါ, ဒီဘက်လဲပါပေါ့လေ၊ အဲဒါမျိုး-

အဲဒီ အညသမန်း စေတသိက် ၁၃-ပါးမှာမှ ၂ မျိုးထပ်ကွဲတာက သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး။

သဗ္ဗဆိုတာက အလုံးစုံ၊ စိတ္တဆိုတာက စိတ်၊ သာဓာရဏဆိုတာက ဆက်ဆံတာ၊ စိတ်အားလုံးနှင့် ဆက်ဆံတာ၊ အလုံးစုံသောစိတ်တို့နှင့် ဆက်ဆံတာ။

ဆက်ဆံတယ်ဆိုတာ အတူတူဖြစ်တာ၊ ယှဉ်တာကိုပြောတာ၊ အဲဒီတော့ စိတ်အားလုံးနဲ့ ဆက်ဆံတဲ့စိတ်ဆိုတာ စိတ်အားလုံးနဲ့ အတူတူဖြစ်တဲ့စေတသိက်၊ အဲဒီတော့ စိတ်ဖြစ်တိုင်း ဒီစေတသိက် ၇-ခုဟာ အမြဲတမ်းပါရတယ်လို့ဆိုလိုတယ်၊ စိတ်တိုင်းစိတ်တိုင်းနဲ့ သူက ယှဉ်တယ်။

စိတ်ပေါင်း ၈၉-(သို့မဟုတ်) ၁၂၁-မှာ တစ်ခုတစ်ခုသောစိတ်နဲ့ ဒီ ၇-ခုလုံးက ယှဉ်လိမ့်မယ်၊ အဲဒီစိတ် တစ်ခုတစ်ခုဖြစ်တိုင်း ဒီ ၇-ခုက ပါပြီးသားပဲ၊ ဒီ ၇-ခုအပြင် တခြားဟာတွေတော့ ပါဦးမယ်၊ သူကတော့ မပါမနေပါပြီးသားပဲ။

ကောင်းပြီ၊ ပထမဆုံးစေတသိက်က ဖဿ စေတသိက်တဲ့၊ ဒါကိုတော့ ပါဠိကို မှတ်မိအောင် ကျက်ရမယ်၊ မြန်မာလို နားလည်အောင်လုပ်ရမယ်။

ဖဿ စေတသိက်ဟာ ဘာတဲ့တုန်း၊ အာရုံကိုတွေ့ထိခြင်းသဘော၊ ဒီနေရာမှာ တွေ့ထိခြင်းဆိုတာ နာမ်ချင်းတွေ့ထိတာမဟုတ်ဘူး၊ Physical contact မဟုတ်ဘူး၊ mental contact ၊ မြင်လိုက်တယ်ဆိုပါတော့၊ မြင်စရာအာရုံနဲ့ မြင်တတ်တဲ့ မျက်စိနဲ့ဆုံသွားတာ၊ ဆုံသွားတဲ့အခါမှာ ဖဿစိတ်ကလေးပေါ်လာတယ်။

အဲဒီလို နာမ်တွေ့ထိမှုကို ဖဿလို့ ခေါ်တယ်၊ ရုပ်တွေ့ထိမှုကို ဆင္ဃမပိုင်း ကျတော့ လာလိမ့်မယ်၊ ဖောဋ္ဌဗ္ဗလို့ ခေါ်တယ်၊ ဖဿလို့ပြောရင် နာမ်တွေ့ထိမှုကို ဆိုလိုတယ်၊ အဲသလို အာရုံကို တွေ့ထိခြင်းသဘောကို ဖဿလို့ခေါ်တယ်။

အာရုံကိုတွေ့ထိခြင်း သဘောဟာ ဘယ်လိုနေရာတွေမှာ ထင်ရှားသလဲ၊ ကျမ်းဂန်ထဲမှာလာတဲ့အတိုင်း ပြောရရင် တစ်စုံတစ်ယောက်က အချဉ်စားနေရင် ကိုယ်က သွားရည်ကျနေတယ်၊ အဲဒါ ဖဿပဲ၊ အာရုံချင်းထိခိုက်တာ, အာရုံချင်း တွေ့သွားတာ၊ ဟိုလူအချဉ်စားနေတော့ ကိုယ်က အလိုလိုနေရင်း ပါးစပ်ထဲမှာ သွားရည် ဖြစ်လာတာမျိုး။

အခုခေတ်အနေနဲ့ ပြောရရင် ဆပ်ကပ်ထဲမှာ ကြိုးတန်းလျှောက်နေပြီဆိုရင် ဒီက အလကားနေရင်း ထိတ်လန့်နေတာ၊ အဲဒီကြိုးတန်းပေါ်မှာ ကုလားထိုင်လေး စက်ဘီးလေးနဲ့ လုပ်နေပြီဆိုရင် ကြည့်တဲ့သူက ကြောက်နေပြီ၊ အဲဒီလို ဖြစ်တာ ဖဿရဲ့ သဘော ထင်ရှားတာကို ပြောတာ၊ ဖဿကတော့ အမြဲတမ်း ရှိနေတာပဲ။

အဲသလို နာမ်တရားအချင်း တွေ့ထိမှုသဘောကို ဖဿလို့ ခေါ်တယ်၊ ဒီမှာ သဘော, သဘောလို့ဘာကြောင့် ဒီမှာရေးထားသလဲဆိုတော့ အဘိဓမ္မာတရား, ပရမတ္ထတရားကို လေ့လာတဲ့အခါမှာ ဒီပုဒ်တွေကို define လုပ်လေ့ရှိတယ်၊ အဓိပ္ပါယ်ပြောပြတယ်၊ ဝိဂြိုဟ်ပြုတယ်လို့ဆိုတယ်၊ ဝိဂြိုဟ်ပြုတယ်ပြောရင် မိုနား မလည်လိမ့်မယ် define လုပ်တယ်ဆိုတာမှ နားလည်လိမ့်ဦးမယ်။

define လုပ်တဲ့အခါမှာ သူ့ကိုပြုတတ်တဲ့တရားအနေနဲ့ define လုပ်လို့ ရတယ်၊ ပြုကြောင်းဖြစ်တဲ့ တရားအနေနဲ့ define လုပ်လို့ရတယ်၊ ပြုခြင်းအနေနဲ့ Defineလုပ်လို့ရမယ်။ ၃-မျိုး define လုပ်လို့ရတယ်။

ဆိုလိုတာက ဖဿဆိုတာအာရုံကို တွေ့တတ်တဲ့သဘော တရားပဲလို့ ဒီလိုပဲ ပြောလို့ရတယ်၊ အာရုံကို တွေ့တတ်တဲ့သဘော, အာရုံကို တွေ့တတ်တဲ့ တရား။

တစ်နည်းအားဖြင့် အာရုံကို တွေ့ကြောင်းဖြစ်တဲ့တရားလို့ ဒီလိုလည်း define လုပ်လို့ ရတယ်။

သို့မဟုတ် အာရုံကိုတွေ့ခြင်းမျှလေးပဲ, အာရုံကိုတွေ့ခြင်းသဘောပဲ၊ ဒီလိုလည်း define လုပ်လို့ရတယ်၊

အဲဒီတော့ ပထမဟာတော့ နားလည်ပါလိမ့်မယ်၊ အာရုံကို တွေ့တတ်တယ် ဆိုတော့ agency ကို သူ့အပေါ်တင်စားပြီး သုံးလိုက်တယ်၊ သူဟာ ဒါလုပ်တတ်

တယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်။

ဒုတိယဟာတော့ နားလည်မယ် မထင်ဘူး၊ တွေ့ကြောင်းဆိုတာဘာလဲ၊ တွေ့ကြောင်းဆိုတာ အင်္ဂလိပ်လိုပြောရရင် (Instrumental) တခြားတရားတွေက အာရုံကိုတွေ့တဲ့အခါမှာ သူမပါရင်မပြီးဘူးဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ instrumental ဖြစ်တာကို ရည်ရွယ်ပြီးတော့ define လုပ်လို့လည်းရတယ်၊ ဒါကြောင့်မို့ ဖဿ သည် အာရုံကို တွေ့ကြောင်းဖြစ်တဲ့တရား။

အာရုံကို တွေ့ကြောင်းဖြစ်တဲ့ တရားဆိုတာ အာရုံကို တွေ့တဲ့အခါမှာ စိတ်လည်းပါတယ်၊ တခြားစေတသိက်တွေလည်း ရှိသေးတယ်၊ အဲဒီစိတ်တွေနဲ့ တခြား စေတသိက်တို့အာရုံကို တွေ့တဲ့အခါမှာ သူမပါရင် မဖြစ်ဘူး၊ သူပါမှဖြစ်တယ်၊ အဲဒါကိုပဲ ပါဠိလို ဘုန်းကြီးစကားနဲ့ ပြောရင် တွေ့ကြောင်းတရားလို့ သုံးတယ်၊ အဲဒါကြောင့် ဘုန်းကြီးတွေတရားဟောရင် လူဝတ်ကြောင်တွေပြည့်ပြည့်စုံစုံ နားလည်ဖို့ မလွယ်ဘူးဆိုတာ အဲဒါပြောတာ၊ ဘုန်းကြီးကတော့ သူနားလည်သလို လူတွေ နားလည်မယ်ထင်ပြီး ပြောသွားတာ၊ တကယ်ကျတော့ လူဝတ်ကြောင်တွေက နားမလည်ဘူး။

နောက်ဆုံးတစ်ခုကတော့ တွေ့ခြင်းတရား၊ အဲဒါကတော့ အဲဒီ သုံးမျိုးရှိတဲ့ အနက် တတိယ definition သာလျှင် တကယ်သဘောကို ထိမိတဲ့ definition တဲ့၊ တခြား ၂-ခုကတော့ အတ္တစွဲရှိတဲ့သူတွေကို ကန့်ကွက်ဖို့ဆိုတဲ့ အနေနဲ့ တခြား definition ပေးတာ၊ တကယ့်တကယ်ကတော့ သဘောအထိမိဆုံး definition ကတော့ တွေ့ခြင်းသဘောမျှပဲလို့ဆိုတဲ့ "ခြင်း"ပါတဲ့ဟာ၊ မြန်မာလို ပြောရင် ခြင်းပါတဲ့ဟာကမှ ပရမတ်ကို ထိမိတဲ့ definition တဲ့၊ ဝိဂြိုဟ်လို့ ဆိုရတယ်။

ဒါဟာ ဘာလဲဆိုတော့ ဗုဒ္ဓဘာသာအပြင်ဘက်က လူတွေက မြင်တယ်ဆိုတာ ဒီထဲမှာ အတ္တဆိုတာလေးရှိတယ်၊ ဝိညာဉ်လေး၊ လိပ်ပြာလေး စသည်ဖြင့်ပေါ့၊ မြန်မာမှာလည်း အယူအဆရှိတယ်၊ အဲဒီအတ္တဆိုတာလေးက မြင်တယ်၊ အာရုံကို တွေ့တယ်ဆိုတာ အတ္တလေးကတွေ့တာ, ဒီလို သူတို့က ထင်ထားတယ်။

ဒီလိုထင်ထားတဲ့ ပုဂ္ဂိုလ်တွေကို "မင်းတို့ထင်ထားတာ မဟုတ်ဘူး၊ ဒါဟာ ဖဿကွ၊ တွေ့လား" အဲသလို အဓိပ္ပါယ်မျိုးနဲ့ ဖဿဟာတွေ့တတ်တဲ့သဘောတရား၊ ဒီလိုဆိုတယ်၊ ရှေးတုန်းက ဒီဝါဒတွေက ရှိတော့ ဒါတွေနဲ့ အမြဲတမ်း တိုက်နေရတာ။

တချို့ကျတော့လည်း "အာရုံကိုတွေ့ထိတဲ့အခါမှာ မရှိမဖြစ်တဲ့ အတ္တက

ဒို့သန္တာန်တိုင်းမှာရှိတယ်၊ အဲဒီအတ္တလေးကြောင့် ဒို့တွေက တွေ့နေတာ" ဒီလိုယူဆတဲ့ ပုဂ္ဂိုလ်တွေကို "မဟုတ်ဘူး၊ တွေ့ကြောင်းဆိုတာ ဟောဒီဖဿပဲ၊ မင်းတို့ထင်တဲ့ အတ္တမဟုတ်ဘူး၊ အတ္တဆိုတာ ရှိကိုမရှိဘူး၊ ဖဿကြောင့် ဒို့ကတွေ့ရတာ"အဲသလို ပြောဖို့ရာ အဲဒီလို သူတို့ရဲ့ဝါဒကိုပယ်ဖို့ရာ ဒုတိယ definition မျိုးလဲ သုံးရတယ်။

တတိယ definition ကတော့ သဘောကို ထိမိသွားက နောက်ဆုံး ပထမသဘောအားဖြင့် ကြည့်မယ်ဆိုရင် ပြုတတ်တယ်ဆိုတာလည်းမရှိဘူး၊ ပြုကြောင်း ဆိုတာလည်းမရှိဘူး၊ ပြုခြင်းမျှပဲ၊ There is no actor above action ပဲ၊ actionအပြင် ပြုတတ်တဲ့သူရယ်လို့ တကယ်ရှိတာမဟုတ်ဘူး၊ ပြုခြင်းမျှလေးကိုပဲ ပြုတတ်တဲ့သူပဲ၊ ပြုကြောင်းပဲလို့ ပြောနေရတာ။

အဲဒါကြောင့်မို့ အာရုံကိုတွေ့ခြင်းသဘောဆိုရင် ဒါဟာ အကောင်းဆုံး definition ပဲ၊ ဒီမှာ အကောင်းဆုံး definition ကို ယူထားတာ၊ ၃-မျိုး ၃-မျိုး သွားနိုင်တယ်။

နောက်တစ်ခုက ဝေဒနာတဲ့၊ ဝေဒနာဆိုတာ အာရုံ၏အရသာကို ခံစားခြင်း သဘော၊ အာရုံကိုအရသာခံတယ်, ကောင်းတဲ့အာရုံပဲ, မကောင်းတဲ့အာရုံပဲ, ဒါဟာ ဝေဒနာက ခံစားသွားတာ၊ ဒီမှာလည်းခံစားတတ်တဲ့ သဘော, ခံစားကြောင်း ဖြစ်တဲ့သဘော, ခံစားခြင်းသဘောပေါ့။

ဒီနေရာမှာ နားလည်ရမှာက ဝေဒနာဆိုတာ ဘာလဲဆိုရင် mental ၊ စိတ်ထဲမှာဖြစ်တာ၊ အခုခေတ်က ခန္ဓာကိုယ်ထဲမှာ နာကျင်ခံစားရတာကို ဝေဒနာလို့ ပြောပြောနေတယ်၊ အမှန်ကတော့ နာတဲ့ ရုပ်က ဝေဒနာမဟုတ်ဘူး၊ နာတဲ့ရုပ်ကို စိတ်က experience လုပ်တယ်၊ စိတ်မှာ ဖြစ်တာကို ဝေဒနာခေါ်တယ်၊ အဲဒီ ဝေဒနာ စေတသိက်က အာရုံ၏ အရသာကို ခံစားခြင်းသဘောရှိတယ်၊ သူ့ကို ဘာနဲ့ နှိုင်းသလဲဆိုတော့ ပွဲတော်တည်တဲ့ ရှင်ဘုရင်နဲ့ နှိုင်းတယ်။

ထမင်းရဲ့ အရသာကို တကယ်ခံစားတာက ရှင်ဘုရင်ဖြစ်ရမှာပေါ့၊ ပွဲတော် စာချက်က ချက်ပြုတ်နည်းနည်းပါးပါးမြည်းပြီး ဘုရင်သွားဆက်ရတာ၊ တကယ် ကျကျနန ထိုင်စားတာက ဘုရင်က စားတာ၊

ထို့အတူပဲ တခြားတရားတွေ အာရုံခံစားတာက မစို့မပို့လေး၊ ဆိုပါတော့၊ ဝေဒနာ စေတသိက်ကသာ ပိုင်ပိုင်နိုင်နိုင် အာရုံကို ခံစားတယ်၊ ဒါကြောင့်မို့ သူ့ကို အာရုံ၏ အရသာကို ခံစားခြင်းသဘော, ခံစားတတ်တဲ့သဘော, ခံစားကြောင်း

ဖြစ်တဲ့သဘော။

စိတ်ပိုင်းတုန်းက ဝေဒနာဘယ်နှစ်မျိုး တွေ့ခဲ့သလဲ၊ ၅-မျိုးတောင် တွေ့ခဲ့ပြီ၊ ဘာတွေလဲ၊ သောမနဿဝေဒနာ, ဝမ်းမြောက်တဲ့ဝေဒနာပေါ့၊ ဒေါမနဿ ဝေဒနာ, စိတ်ဆိုးတဲ့ ဝေဒနာပေါ့၊ ဥပေက္ခာဝေဒနာ, အလယ်အလတ် Neutral ပြီးတော့ သုခဝေဒနာ, ဒါက ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး အတွေ့ကောင်းတဲ့အခါမှာ ချမ်းသာတာ၊ ပြီးတော့ ဒုက္ခဝေဒနာ, ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး နာကျင်ဖို့အခါမှာ ဖြစ်တဲ့ ဝေဒနာ၊ အဲဒီဝေဒနာ ၅-မျိုးရှိတယ်၊ ဝေဒနာရဲ့ သဘောက အာရုံရဲ့ အရသာကို ခံစားခြင်းသဘော။

နောက်တစ်ခုက သညာ၊ သညာဆိုတာ အာရုံကိုမှတ်ခြင်းသဘော၊ အမှတ် ပြုပြီး သိခြင်းသဘောကို သညာလို့ခေါ်တယ်၊ အာရုံတစ်ခုနဲ့ တွေ့လိုက်ပြီဆိုရင် သညာလေးက မှတ်တော့တာပဲ၊ အဲဒီသညာ အမှတ်အမှန်အမှားပေါ် မူတည်ပြီး နောက်ပိုင်းမှာလည်း ကိုယ့်ရဲ့အယူအဆတွေက အမှန်အမှားဖြစ်ကုန်တာပဲ၊ တစ်ခါ တလေ သညာမှားထားရင်၊ အမှားမှတ်ထားမိရင် တော်တော်နဲ့ ပျောက်လို့မရဘူး၊ ဒါကြောင့်မို့ သညာဟာ အလွန်ကြောက်စရာကောင်းတယ်။

အာရုံတစ်ခုကို တွေ့တဲ့အခါမှာ ဒီသညာက မှတ်သားထားတဲ့အတွက်ကြောင့် နောက်တစ်ခါထပ်ပြီး ဒီအာရုံမျိုးတွေ့တဲ့အခါကျတော့ ဒါပဲဆိုတာ ဆုံးဖြတ်ပြီး သိနိုင်တယ်။

ဒါကြောင့် သညာကိုတာနဲ့ ဥပမာပေးသလဲဆိုတော့ လက်သမားတွေမျဉ်းတား အမှတ်အသားပြုတဲ့အခါ ဒီနေရာက ဆက်စပ်ဖို့ ဒီနေရာက ပယ်ပစ်ဖို့ ဖြတ်ပစ်ဖို့ ဒါကယူဖို့ စသည်ဖြင့် အဲဒီအမှတ်အသားလေး နောက်ပြန်မြင်တဲ့အခါကျတော့ သိတယ်၊ အခုခေတ်အနေနဲ့ပြောရင် အမှတ်အသားတွေအများကြီးရှိတယ်၊ လမ်းအမှတ် အသားတွေကို တစ်ခါမှတ်လိုက်တယ်၊ အဝိုင်းထဲမှာ စောင်းစောင်းလေး လုပ်ထား တာက တားမြစ်ထားတာပေါ့ စသည်ဖြင့် နောင်တစ်ခါတွေ့တဲ့အခါ အမှတ်ပြုပြီး သိသွားတယ်၊ အဲသလို သိအောင်မှတ်တာမျိုးကို သညာလို့ခေါ်တယ်။

သညာဟာ အမှန်လည်းမှတ်တတ်တယ်၊ အမှားလည်း မှတ်တတ်တယ်၊ စာခြောက် ရုပ်ကို တိရစ္ဆာန်တွေက တကယ့်လူထင်ပြီး ကြောက်နေကြတာ၊ သညာဝိပ္ပလာသ ခေါ်တယ်၊ သညာအမှတ်မှားထားတာ၊ သူက တကယ်လူထင်ပြီး မြင်လိုက်တာနဲ့ ကြောက်လန့်ပြီး ပြေးတော့တာပဲ၊ သညာကို အင်္ဂလိပ်လို ဘာသာ ပြန်တော့ perception လို့ ခေါ်တယ်။

နောက်တစ်ခုက စေတနာတဲ့၊ စေတနာဆိုတာဘာတုန်း၊ စေတနာဆိုတာ အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်ခြင်းသဘော၊ သမ္ပယုတ်တရားဆိုတာ အတူတူဖြစ်တဲ့ တရားကို ခေါ်တာ၊ ယှဉ်ဘက်တရားလို့လည်း စာစကားနဲ့ ခေါ်တယ်၊ အတူတူဖြစ်တဲ့တရား၊ ယှဉ်ဘက်တရား။

အဲဒီတရားတွေကို အာရုံ၌ စေ့ဆော်ခြင်းတဲ့၊ စေ့ဆော်ခြင်းဆိုတာ အာရုံပေါ်မှာ တည်နေအောင် စပ်ဟပ်ပေးတဲ့သဘောတိုက်တွန်းတဲ့သဘောကို စေ့ဆော်တယ်လို့ မြန်မာစကားမှာ သုံးတယ်။

အာရုံနဲ့တွေ့ပြီးပြီဆိုရင် စေတနာကြောင့် တခြားဖြစ်ဘက်တရားတွေ အားလုံး ဟာ အာရုံနဲ့ထိတွေ့နေတယ်၊ အာရုံနဲ့ကပ်နေတယ်ဆိုကြပါစို့" အဲဒီ စေတနာကို ဘာနဲ့ နှိုင်းသလဲ ဥပမာပေးလိုက်မယ်၊ တပည့်ကြီးနဲ့နှိုင်းတယ်၊ ကျောင်းမှာ monitor လိုပေါ့။

တပည့်ကြီးဟာ သူကိုယ်တိုင်လဲ စာကိုကြိုးစားအားထုတ်တယ်၊ တခြား သူ့ထက်ငယ်တဲ့ တပည့်တွေကိုလည်း စာကြိုးစားအောင် လုပ်သလိုပဲ၊ စေတနာက သူကိုယ်တိုင်လည်း အားထုတ်တယ်၊ သူများကိုလည်း အားထုတ်ဖို့လုပ်စေတယ်၊ တစ်နည်း အားဖြင့်ပြောရင် supervisor လိုဟာနေမှာပေါ့၊ သူများတွေကိုလည်း လုပ်ကြဟေ့ လုပ်ကြဟေ့လို့ တိုက်တွန်းနှိုးဆော်တယ်၊ သူကိုယ်တိုင်လည်းလုပ်တယ်၊ အဲဒီတရားမျိုးကို စေတနာလို့ခေါ်တယ်၊ အဘိဓမ္မာကျတော့ တကယ် တိတိကျကျ နားလည်အောင် လုပ်ရတယ်၊ မြန်မာစကား စေတနာကိုတော့ လူတွေ သိနေကြတယ် မဟုတ်လား၊ ကောင်းစေလိုတာ စေတနာပေါ့။

အမှန်အတိုင်းကတော့ စေတနာဆိုတာ ကောင်းစေလိုတာဖြစ်ဖြစ် မကောင်းစေ လိုတာဖြစ်ဖြစ် စေတနာလို့ခေါ်တယ်၊ မြန်မာစကားမှာဆိုရင်တော့ စေတနာဆိုရင် ကောင်းတဲ့ဘက်မှာပဲသုံးတယ်၊ မင်းကို ငါ စေတနာနဲ့ လုပ်ပေးတာ စသည်ဖြင့် ပြောတယ်၊ စေတနာဆိုတော့ အမှန်ကတော့ Neutral ပဲ၊ ကောင်းတဲ့စေတနာရှိတယ်၊ မကောင်းတဲ့စေတနာရှိတယ်၊ သို့သော် ဝေါဟာရစကားအဖြစ် သုံးကြတဲ့အခါ မြန်မာစကားမှာတော့ စေတနာဆိုရင် ကောင်းတဲ့အနေနဲ့ပဲသုံးတယ်။

အဲဒီစေတနာဟာ ဦးဇင်းတို့ နားလည်နေတဲ့ ကံဆိုတာဒါပဲ၊ ကံဆိုတာ နားလည်တယ် မဟုတ်လား၊ ကုသိုလ်ကံ, အကုသိုလ်ကံတို့ဆိုတာ၊ ကံကောင်းတယ်, ကံမကောင်းဘူး၊ နောက်ဘဝကောင်းတဲ့ကံ ပြုခဲ့တယ်တို့ စသည်ဖြင့် ကံဆိုတာ ဒါကို ခေါ်တယ်၊ စေတနာကို ကံလို့ မြတ်စွာဘုရားဟောခဲ့တယ်၊ တိုက်ရိုက်ပါဠိ

စကားက စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ။

ဒီစေတနာတိုက်တွန်းလို့ စေတနာစေ့ဆော်ပြီးတော့ ထိုထိုအမှုတွေ ပြုကြရတာ၊ ကာယကံမှု, ဝစီကံမှု, မနောကံမှုတွေ ပြုတာ၊ volition, အဲဒါကြောင့်မို့ ကံဆိုတာဘာလဲမေးရင် ဒီစေတနာစေတသိက်ကို ခေါ်တာ၊ စေတနာကို Volition လို့ပြန်တယ်၊ ဖဿက contect၊ ဝေဒနာက feeling၊ သညာက pereption၊

နံပတ် ၅-က ဧကဂ္ဂတာ၊ ဧကဂ္ဂတာရဲ့ အဓိပ္ပါယ်က အာရုံ၌ တည်တံ့ခြင်း သဘော။

ဒီနေရာမှာ ဧက=တစ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ one ၊အဂ္ဂက အာရုံဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ဧကအဂ္ဂဆိုတော့ တစ်ခုတည်းသော အာရုံမှာ တည်နေတယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ၊ စိတ်က အာရုံတစ်ခုထဲအပေါ်မှာပဲ ထပ်ကာ ထပ်ကာ တည်နေတာ၊ တစ်ခုတည်းသော အာရုံ၌ တည်တံ့နေခြင်း သဘောကို ဧကဂ္ဂတာလို့ ဒီလိုသုံးတယ်။

မြန်မာစကားမှာရှိတယ်၊ ဧကဂ္ဂတာကျနေတယ်၊ ဘာတယ်နဲ့ သုံးတာရှိတယ်၊ စိတ်စိုက်နေပြီး သမာဓိရနေတာမျိုးကျတော့ အဲဒါမျိုးပြောတယ်။ •

မေး - ဧကဂ္ဂတာက ကောင်းပါသလား။

ဖြေ - ဧကဂ္ဂတာက ကောင်းတာရော၊ မကောင်းတာရော နှစ်မျိုးလုံးရှိတယ်။

ဧကဂ္ဂတာဟာ အာရုံ၌ တည်တံ့ခြင်းသဘော၊ ဘာကြောင့်တုန်း၊ ငါးမျှားတဲ့ အခါမှာ စိတ်မတည်ဘူးလား၊ အဲဒါကတော့ မိစ္ဆာဧကဂ္ဂတာပေါ့။

ဧကဂ္ဂတာကို တိုက်ရိုက်ပြန်လိုက်မယ်ဆိုရင် One pointedness of mind၊ သမာဓိဆိုတာလည်း ဒါကို ခေါ်တာပဲ၊ ဦးဇင်းတို့ပြောနေတဲ့ သီလ, သမာဓိ, ပညာစသည်တို့မှာပါတဲ့ သမာဓိဟာ ဧကဂ္ဂတာနဲ့ အတူတူပဲ၊ တိုက်ရိုက်ပြန်ရင်တော့ one pointedness of mind ရိုးရိုးပြန်ရင်တော့ concetration လို့ ပြန်နိုင်ပါတယ်။

concentration က wrong concentration,. right concentration အဲသလို ရှိတာကိုး၊ ငါးမျှားတဲ့အခါမှာ သမာဓိတည်နေတာကျတော့ wrong concentration ပေါ့၊ တရားအားထုတ်တဲ့အခါ သမာဓိတည်နေတာကျတော့ right concentration ပေါ့။

နံပတ် ၆-က ဇီဝိတိန္ဒြေတဲ့, မြန်မာလိုကသဟဇာတ်တရားတို့ကို စောင့်ထိန်းခြင်းသဘောတဲ့၊ သဟဇာတ်တရားဆိုတာက အတူဖြစ်တဲ့ တရားကို သဟဇာတ်တရားလို့ ခေါ်တယ်။

စောင့်ထိန်းတယ်ဆိုတာက ပျက်မသွားအောင်, သေမသွားအောင်, တည်နေအောင်စောင့်ထိန်းတဲ့ သဘောကို ဒီမှာ ဇီဝိတိန္ဒြေလို့ခေါ်တယ်။

ဇီဝိတိန္ဒြေကို ဘာနဲ့ ဥပမာပေးသလဲဆိုတော့ ကြာရိုးထဲမှာရှိတဲ့ရေနဲ့ ဥပမာပေးတယ်၊ ကြာရိုးထဲမှာရေလေး ရှိနေလို့ ရေကစောင့်ရှောက်ထားလို့ ကြာတွေလန်းဆန်းနေတယ်, ညှိုးမသွားဘူး။

ထို့အတူပဲ ဇီဝိတဆိုတဲ့ နာမ်သဘောတရားက ဖြစ်တဲ့နာမ်တွေ အားလုံးကိုသူက စောင့်ရှောက်တယ်၊ တော်ကြာကျတော့ ရုပ်ဇီဝိတဆိုတာ ရှိလိမ့်ဦးမယ်၊ ဇီဝိတိန္ဒြေလို့ခေါ်တာပဲ၊ ရုပ်တွေထဲမှာလည်း ဇီဝိတတစ်ခုရှိတယ်၊ နာမ်မှာလည်း ဇီဝိတတစ်ခု ရှိတယ်။

ဒီနာမ် ဇီဝိတကနာမ်တရားတွေကိုစောင့်ရှောက်တယ်၊ ရုပ်ဇီဝိတက ရုပ်တရားတွေကို စောင့်ရှောက်တယ်၊ ဒါကြောင့်မို့ ဇီဝိတိန္ဒြေဆိုတာ သဟဇာတ်တရားတို့ကို စောင့်ထိန်း ခြင်း သဘောတဲ့။

ဒီနေရာမှာ ဇီဝိတိန္ဒြေက သဟဇာတ်တရားတွေကို စောင့်ထိန်းတယ်၊ သဟဇာတ်တရားတွေကို ပျောက်ပျက်မသွားအောင် ထောက်ပံ့ထားတယ်၊ ထိန်းထားတယ်၊ ဒါဖြင့် သူ့(ဇီဝိတိန္ဒြေ)ကိုကော ဘယ်သူက စောင့်ရှောက်လို့ ဘယ်သူကထိန်းသလဲ။

ဒါတွေကကျမ်းဂန်လာတာတွေချည်းပဲ၊ ဦးဇင်းက လုပ်ကြံပြောတာ မဟုတ်ဘူး၊ သူ့ကိုယ်သူလည်း ထိန်းတာပဲ၊

သူများထိန်းရင်း သူ့ကိုသူလည်းထိန်းသွားတာ၊ အဲဒီတော့သူ့ကို ဘယ်သူထိန်းသလဲမေးစရာ မလိုတော့ဘူး၊ သူလည်း သူ့ကိုယ်သူပဲထိန်းတယ်၊ သူများထိန်းရင်းသူ့ကိုယ်သူပဲ ထိန်းသွားတယ်။

ဘာနဲ့ ဥပမာပေးသလဲဆိုရင် လှေသမားနဲ့ ဥပမာပေးတယ်၊ ဒီဘက်ကမ်းဟိုဘက်ကမ်း လှေနဲ့ကူးတော့ သူက လှော်ရတယ် မဟုတ်လား၊ သူများလှော်ပို့ရင်းနဲ့ သူပါရောက်သွားတယ်,ပါသွားတယ်, အဲဒီ အဓိပ္ပါယ်မျိုး၊ ကျမ်းဂန်မှာ အကုန်လုံးရှိတယ်၊ အထူးစဉ်းစားဖို့တောင် မလိုဘူး၊ နာမ်တရားတို့ကို ပျောက်ပျက်မသွားအောင် စောင့်ရှောက်တတ်တဲ့သဘောကို ဇီဝိတိန္ဒြေ၊ ဇီဝိတိန္ဒြေကို Vita Princi-

ple အဲသလို ပြန်တယ်။

နံပတ် (၇) မနသိကာရ, ဒီစကားလုံးကို ကြားဖူးကြလိမ့်မယ်ထင်တယ်၊ မနသိကာရဆိုတာ အာရုံ၌ နှလုံးသွင်းခြင်းသဘော၊ မနသိ-စိတ်၌, ကာရ-ပြုခြင်း၊ စိတ်၌ပြုခြင်းဆိုတာ စိတ်ထဲကို အာရုံရောက်နေအောင် သို့မဟုတ် အာရုံထဲစိတ်ရောက် နေအောင် အဲသလို attention လုပ်ပေးတဲ့ သဘောတရားမျိုး၊ သမ္ပယုတ်တရားတွေ အာရုံယူတဲ့အခါ ဖြောင့်ဖြောင့်တန်းတန်းလေး သွားအောင် သူက ထိန်းပေးတဲ့ သဘောမျိုးကို မနသိကာရလို့ ခေါ်တယ်။

ဒီမနသိကာရရှိမှ အာရုံကိုတကယ်သိတာ၊ မနသိကာရမရှိရင်၊အာရုံကို မသိဘူး၊ ဒါကြောင့်မို့ ဝိထိပိုင်းကျတော့ လေ့လာရလိမ့်မယ်။

မြင်တဲ့စိတ်ဖြစ်ဖို့ရာ အကြောင်း၄-မျိုးရှိတယ်၊ မြင်စရာအာရုံလည်းရှိရမယ်။ မျက်လုံးလည်း ရှိရမယ်၊ အရောင်အဆင်းလည်း ရှိရမယ်၊ နောက်တစ်ခုက attention ရှိရမယ်၊ တစ်ခါတလေ ကိုယ့်ရှေ့နေပေါလျက်နဲ့ ကိုယ်က ဂရုမစိုက်လိုက်လို့ မမြင်လိုက်ဘူး မဟုတ်လား၊ အဲဒါကြောင့်မို့ မနသိကာရမရှိရင် ကြားတာလည်း မကြားဘူး ဆိုပါတော့၊ အဲသလို သဘောတရားမျိုးကို မနသိကာရလို့ ခေါ်တယ်။

ဒီမနသိကာရကို ဘယ်လို ဥပမာပေးသလဲဆိုတော့ ရှေးတုန်းက ဘုရင်တွေ စီးတဲ့ရထားတို့မှာ မြင်း ၄-၅-၆ ကောင်ပါတယ် မဟုတ်လား၊ အဲဒီမြင်းတွေကို အညီအမျှ မြင်းတစ်ကောင်နဲ့ တစ်ကောင်ပိုလွန်မသွားအောင်၊ အညီအမျှသွားအောင် ထိန်းပေးတဲ့ရထားထိန်းလို မနသိကာရဟာလဲ သမ္ပယုတ်တရားတွေကို အာရုံဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက်သွားအောင် သူက ထိန်းသိမ်းပေးတယ်၊ အဲဒီ သဘောတရားမျိုးကို မနသိကာရလို့ခေါ်တယ်။

ဒါတွေဟာ အလွန်သိမ်မွေ့ပြီး ရိုးရိုးလူတွေအနေနဲ့ နာမည်တောင် ပြောနိုင်ဖို့ ခဲယဉ်းပါတယ်၊ ဒါကြောင့်မို့ ရှင်နာဂသိန်က မိလိန္ဒာမင်းကြီးကို ပြောတဲ့အခါမှာ "မင်းကြီး မြတ်စွာဘုရားဟာ အလွန်ခဲယဉ်းတဲ့အမှုကို ပြုခဲ့တယ်တဲ့၊ ဘာလဲဆိုရင် တစ်ပြိုင်နက်သော ခဏမှာ ဖြစ်နေတဲ့ အာရုံတစ်ခုထဲယူပြီး ဖြစ်နေတဲ့ ဒီတရားတွေကို ဟောဒါက စိတ်, ဟောဒါကဖဿ၊ ဟောဒါက ဝေဒနာ စသည်ဖြင့် တစ်ခုစီယူပြတာ၊ ဟောတော်မူခဲ့တာဟာ အလွန်ကို ခဲယဉ်းတဲ့လုပ်ငန်း တစ်ခုကို လုပ်တော်မူခဲ့တယ်တဲ့၊ သမုဒ္ဒရာထဲကရေ လက်တစ်ခုပ်လောက်ကို ယူပြီးတော့ ဒီရေက ဂင်္ဂါမြစ်ကရေပဲ၊ ဒီရေက ယမုံနာမြစ်ကရေပဲလို့ ပြောရတာကမှ လွယ်လိမ့်ဦးမယ်၊ လက်ဆုပ်လက်ကိုင် မရနိုင်တဲ့ နာမ်တရားတွေကို ဒါကဖြင့်စိတ်, ဒါက ဖဿ ဒါက ဝေဒနာလို့

ဟောတော်မူခဲ့တာ အလွန်ခဲယဉ်းတဲ့ အမှုကို ပြုတော်မူခဲ့တယ်"လို့ ရှင်နာဂသိန်က မိလိန္ဒမင်းကြီးကို အမိန့်ရှိခဲ့တယ်။

ဒါဟာ အမှန်ပဲ၊ ဘုရားသာ မဟောခဲ့ရင် ကျမ်းဂန်တွေမှာ မပါခဲ့ရင် ဒါတွေသိဖို့ မလွယ်ဘူး။

ကောင်းပြီ, ဒီစေတသိက် ၇-ပါးကို ဘာလို့ခေါ်သလဲ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက်၊ စိတ်အားလုံးနဲ့ ဆက်ဆံတဲ့ စေတသိက်၊ စိတ်ဖြစ်တိုင်းဖြစ်တိုင်း ဒီ ၇-ခုကတော့ ပါမှာချည်းပဲ၊ မပါလို့ မရဘူး။

ဒါကြောင့်မို့ ဘယ်လိုစိတ်ပဲဖြစ်ဖြစ် ကေဂ္ဂတာဆိုတဲ့ သဘောလေးကပါတာပဲ၊ သူက နည်းနည်းပါတာနဲ့ အားရှိပြီး ပါတာကွာတာ၊ ကေဂ္ဂတာဆိုတဲ့ သဘောလေးက ပါတော့ ပါရတာပဲ၊ ဒါကြောင့်မို့ ဒီသဘောတရားတွေဟာ ဘယ်လိုစိတ်ဖြစ်ဖြစ်ပါ နေတာချည်းပဲ။

မေး - အကုန်လုံးပါတာမဟုတ်ပဲနဲ့ ၁-ခုပါရင်ပါမယ်၊ ဒါမှမဟုတ် ၂-ခုလောက် ပါတာမျိုးပါလား။

ဖြေ - မဟုတ်ဘူး၊ ဒီ ၇- ခုစလုံး၊

မေး - တစ်ပြိုင်နက်လား၊

ဖြေ - ဟုတ်တယ်၊ တစ်ပြိုင်နက် နောက်ထပ်လာဦးမယ်၊ တစ်ပြိုင်နက်က သူတင် မကသေးဘူး၊ တခြားဟာတွေက ပါတဲ့အခါပါတယ်၊ မပါတဲ့အခါ မပါဘူး၊ သူတို့ကတော့ ပါကိုပါတယ်၊ အမြဲတမ်းပါတယ်၊ ဒီ chart မှာ ပြထားတာ စိတ်စေတသိက် ယှဉ်တာ အကျယ်ပြထားတယ်၊ detail ပဲ၊

ကောင်းပြီ, နောက်အုပ်စုနာမည်က ပကိဏ်းစေတသိက်တဲ့၊ ပကိဏ်းဆိုတာ ရောရောနှောနှော ယှဉ်တာ, ပြိုးပြွမ်းယှဉ်တာကို ပကိဏ်းခေါ်တယ်။

ဆိုလိုတာက သူတိုဟာ ကောင်းတဲ့စိတ်နဲ့လည်းယှဉ်မယ်၊ မကောင်းတဲ့စိတ်နဲ့ လည်း ယှဉ်မယ်၊ သို့သော် အကုန်လုံးနဲ့ မယှဉ်ဘူး၊ တချို့နဲ့ယှဉ်မယ်၊ တချို့နဲ့မယှဉ်ဘူး၊ အဲဒီလို စေတသိက်ကို ပကိဏ်းစေတသိက်လို့ခေါ်တယ်၊ ပါဠိလိုကျတော့ ပကိဏ္ဏက လို့ရှိတယ်၊ အဲသလို ပကိဏ်းစေတသိက် ၆-ပါး။

ဒီစေတသိက်ကျတော့ စိတ်တိုင်းနဲ့ မယှဉ်တော့ဘူး၊ ယှဉ်တဲ့စိတ်နဲ့ယှဉ်မယ်၊ မယှဉ်တဲ့စိတ်တွေလည်း ရှိလိမ့်မယ်။

ကောင်းပြီ၊ နံပတ် ၈-က ဝိတက်တဲ့ ဝိတက်ဆိုတာ သမ္မယုတ်တရားတို့ကို

အာရုံသို့ တင်ပေးခြင်းသဘော။

စိတ်ကို အာရုံရောက်အောင် ဒီဝိတက်က ခေါ်ခေါ်သွားတာ၊ ဝိတက်ရှိလို့ ဝိတက်ခေါ်, ခေါ်သွားလို့ စိတ်က ဟိုအာရုံရောက်လိုက်, ဒီအာရုံရောက်လိုက်နဲ့၊ ဒါကြောင့်မို့ စိတ်ကူးတွေများပြီးတော့ အိပ်မပျော်ရင်ပြောလေ့ရှိတယ်၊ ဝိတက်များလို့ အိပ်မပျော်ဘူးလို့, ဝိတက်များလိုက်တာနဲ့။

ဝိတက်ဆိုတာ စိတ်ကို အာရုံဆီသို့ ခေါ်,ခေါ်သွားတတ် ပို့ပို့ပေးတတ်တယ်၊ တင်တင်ပေးတတ်တယ်၊ သူ့ကို ဘာနဲ့ ဥပမာပေးသလဲဆိုတော့ သူက မြို့သားပေါ့၊ တောသားတစ်ယောက်က မြို့လာတော့ ဟိုဟိုဒီဒီ မသွားတတ်ဘူးဆိုပါတော့ မသွားတတ်တော့ သူ့က ခေါ်ခေါ်သွားတယ်။

ကျမ်းဂန်ထဲမှာပါတဲ့ ဥပမာနဲ့ ပြောရမယ်ဆိုရင်တော့ ရှင်ဘုရင်ဆီလာတဲ့, ရှင်ဘုရင်ဆီ မရောက်ဖူးတဲ့ တောသားကို ရောက်ဖူးတဲ့ မြို့သားက ခေါ်သွားမှ တောသားက ရှင်ဘုရင်ဆီရောက်ရတယ်။

အဲသလိုပဲ ဝိတက်ကခေါ်သွားတဲ့အတွက်ကြောင့် စိတ်ဟာအာရုံပေါ် ရောက်သွားတယ်၊ ဒါကြောင့်မို့ အာရုံသို့ တင်ပေးခြင်းသဘော, တင်ပေးတယ်လို့သုံးတယ်။

မေး – ဝိတက်ကို အင်္ဂလိပ်လို ဘယ်လိုခေါ်ပါသလဲ။

ဖြေ – ဝိတက်ကို initial application လို့ပြန်တယ်၊ အမှန်တော့ initial application of mind ပေါ့၊ သူက သစစ္စာမှာ စိတ်ကို အာရုံပေါ်တင်ပေးတာ၊ ဝိတက်အကြောင်းက ဈာန်အင်္ဂါတွေမှာတုန်းကပြောခဲ့ပြီးပြီ၊ အဲဒါ ဝိတက် သဘော။

နောက်တစ်ခုက ဝိစာရ၊ ဝိစာရဆို အာရုံ၌ သမ္ပယုတ်တရားတို့ကို သုံးသပ်စေခြင်းသဘော၊ သုံးသပ်စေခြင်းသဘောဆိုတာ အဲဒီအာရုံပေါ်မှာပဲ ထပ်ကာထပ်ကာ ဖြစ်စေခြင်းသဘောလို့ ဆိုလိုတယ်။

ဝိတက်က အဲဒီစိတ်ကို အာရုံပေါ်မှာ ရစ်ဝဲနေအောင် တင်ပေးလိုက်တယ်၊ အာရုံနဲ့ စပ်ဟပ်နေအောင် ဝိစာရက လုပ်ပေးတယ်၊ အဲသလို ဝိစာရရဲ့ သဘောက သမ္ပယုတ်တရားတို့ကို အာရုံ၌ သုံးသပ်စေခြင်းသဘော၊ ဒါက ဝိတက်ဝိစာရ နှစ်ခုတို့ရဲ့ အထူးကိုနားလည်ရမယ်၊ သူ့ကို sustained application လို့ အင်္ဂလိပ် လို ပြန်ရမယ်၊ ဝိတက်ကို initial application၊ ဝိစာရကို sustained application ,

အဲဒီတော့ ဝိတက်, ဝိစာရဟာတစ်ပြိုင်နက်ဖြစ်တာ၊ စိတ်တစ်ခုမှာ ဝိတက်ပြီးမှ ဝိစာရဖြစ်တာ မဟုတ်ဘူး၊ တစ်ပြိုင်နက်ဖြစ်တာဆိုတော့ ဘယ်လိုလုပ်ပြီး အထူးကို နားလည်အောင်လုပ်ရမလဲ၊ သိရမလဲဆိုတော့ ဥပမာလေးတွေ ရှိလာတယ်။

ဥပမာ–ခေါင်းလောင်းတစ်ခုကို တီးလိုက်တဲ့အခါ ပထမအသံထွက်တယ်၊ ထွက်ပြီးတဲ့နောက် ညည်းသံပေါ်လာတယ်၊ ဝိတက်က ပထမတီးလို့ ထွက်လာတဲ့ အသံနဲ့တူတယ်၊ ခေါင်ကနဲမြည်တဲ့အသံ၊ ဝိစာရက နောက်ကလိုက်ညည်းတဲ့အသံ၊ ဖလားတစ်ခု တီးကြည့်ရင်သိတယ်၊ အဲသလို ဝိစာရက နောက်လိုက်သဘောမျိုး ဖြစ်တယ်ပေါ့လေ၊ ဒါပေမယ့် ဖြစ်တာတော့ တစ်ပြိုင်နက်သောခဏမှာဖြစ်တာ။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ငှက်ဟာကောင်းကင်ပျံတက်ချင်တဲ့အခါ ကျတော့ ပထမအတောင်ခတ်ပြီး နည်းနည်းပါးပါးသွားလိုက်ရသေးတယ်၊ ပြီးတော့ ကောင်းကင်ပေါ်ထိုးတက်သွားပြီး ဝဲတယ်၊ ဝိတက်က ဘာနဲ့တူသလဲဆိုတော့ အတောင်ခတ်ပြီး ထပျံတာနဲ့တူတယ်၊ ဝိစာရက ကောင်းကင်မှာဝဲနေတာနဲ့တူတယ်။

နောက်တစ်နည်းကတော့ပျားပိတုန်းဟာ ပဒုမ္မာကြာဆီသို့ စိုက်ထိုးသွားတာ၊ ဝိတက်က အဲဒါနဲ့တူတယ်၊ ကြာပွင့်နားရောက်တော့ ကြာပွင့်ပေါ်မှာ ပျားပိတုန်းက ရစ်ဝဲနေတာပေါ့လေ၊ အဲဒါက ဝိစာရနဲ့တူတယ်၊ အဲဒီလို ဝိတက်နဲ့ ဝိစာရအထူး ကို ဒီလို နားလည်အောင် လုပ်ရမယ်တဲ့။

နာမ်သဘောတရားဟာ တော်တော်သိမ်မွေ့တော့ ဒီလိုပုံစံနဲ့မမှတ်ရင် နားလည် ဖို့ တော်တော်ခဲယဉ်းတယ်၊ နောက်တစ်ခုရှိသေးတယ်၊ နောက်တစ်ခုက ဘာလဲဆိုတော့ ခွက်တစ်ခုမည်းနေလို့ ပွတ်တိုက်ဆေးကြောချင်ဆိုတော့ လက်တစ်ဖက်နဲ့ ကျကျနန ဆုပ်ကိုင်ပြီး နောက်လက်တစ်ဖက်နဲ့ ပွတ်တိုက်ဆေးတယ်၊ ဝိတက်က ဆုပ်ကိုင်တဲ့ လက်နဲ့ တူတယ်၊ ဝိစာရက ပွတ်တိုက်ဆေးတဲ့ လက်နဲ့တူတယ်။

အဲဒီတော့ ဝိတက်နဲ့ဝိစာရဟာ အာရုံကို တစ်မျိုးစီနှယ်နေကြတာပါပဲ၊ အာရုံကို တွေ့တော့ ဝိတက်က အာရုံပေါ်တင်ပေးတယ်၊ ဝိစာရက အာရုံပေါ်မှာ နေတယ်၊

ကောင်းပြီ–ဝိတက်က အာရုံခေါ်တင်ပေးတယ်ပြောတယ်၊ ဒါဖြင့် ဝိတက်မယှဉ် တဲ့စိတ်တွေရှိသေးတယ်၊ အဲဒါကျတော့ ဘယ်လိုလဲ၊အခုနားထောင်ထားတဲ့အတိုင်း ဆိုရင် ဝိတက်ပါမှသာ စိတ်ဟာအာရုံပေါ်ရောက်နိုင်တယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ် မဟုတ်လား၊ ဒါပေမယ့် ဝိတက်က ပကိဏ်းစေတသိက်ဆိုတော့ တချို့စိတ်တွေမှာ မယှဉ်ဘူး၊ ဝိတက်မယှဉ်တဲ့ စိတ်တွေဟာ အဟိတ်စိတ်ထဲက မြင်စိတ် ကြားစိတ်တွေ

စသည်ပေါ့၊ ဘာကြောင့်တုန်းဆိုရင် မလိုအပ်လို့၊ အာရုံနဲ့ အခံနဲ့ ထိခိုက်မှု impact က အားကြီးတဲ့အတွက်ကြောင့် သူတင်ပေးဖို့ မလိုဘူး၊ သူမတင်ပေးပဲနဲ့ စိတ်က အလိုလို ရောက်နိုင်တော့တယ်၊ သူမလိုဘူး၊ အဲဒါကြောင့် အာရုံနဲ့ ဝတ္ထုထိခိုက်မှု အားကြီးတာကြောင့် ဝိတက်တင်ပေးစရာ မလိုဘူး၊ ဒါကြောင့် ဝိတက်က အဲဒီမှာ မယှဉ်ဘူး။

ဝိတက်မယှဉ်တဲ့ ဈာန်စိတ်တွေ ရှိသေးတယ်၊ ဒုတိယဈာန်စိတ်, တတိယဈာန် စိတ်မှာ ဝိတက်မယှဉ်ဘူး၊ အဲဒါကျတော့ ဘာဝနာရဲ့ အစွမ်းပေါ့၊ စိတ်ရဲ့ will power ပေါ့၊ အဲဒါကတော့ ဝိတက်ကို မလိုချင်တာ၊ ယောဂီပုဂ္ဂိုလ်ဟာ ဝိတက် ကို မဖြစ်စေချင်တာ၊ မပေါ်လာစေချင်တာ၊ သူမပေါ်လာစေချင်တော့ သူရှာန်ရတဲ့အခါ မပေါ်ဘူးပေါ့။

အဲဒါကျတော့ ဝိတက်နဲ့တုန်းက သွားလာနေကျဖြစ်တော့ ရင်းနှီးသွားပြီး နောင်ဝိတက်မပါပဲနဲ့ အာရုံတက်နိုင်တဲ့ အခိုပ္ပါယ်ပေါ့လေ။

တောတွင်းသားဟာ ပထမတစ်ကြိမ်တော့ မြို့သားကို လက်ဆွဲပြီး နောက်က လိုက်ရတာပေါ့၊ နောက်တစ်ခါကျတော့ မင်းအရေးမကြီးတော့ဘူး, ငါ့ဘာသာ သွားတော့မယ် ဆိုသလိုပဲ၊ အဲဒီနည်းနဲ့ စိတ်ဟာအာရုံပေါ်ရောက် နိုင်တယ်၊ အဲဒါက ဝိစာရတဲ့။

နောက်တစ်ခုက အဓိမောက္ခတဲ့, အဓိမောက္ခဆိုတာ အာရုံကို ဆုံးဖြတ်ခြင်း သဘော၊ အာရုံကို ဒီအာရုံပဲလို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ခြင်းသဘောကို အဓိမောက္ခလို့ ခေါ်တယ်၊ ဒါက နာမည်အထူး မရှိပါဘူး၊ decision ပဲ။

အဓိမောက္ခက အာရုံကို ဆုံးဖြတ်ခြင်း, သူက ခိုင်မြဲတယ်၊ ဒါကြောင့် သူ့ကို ဘာနဲ့ နှိုင်းသလဲဆိုတော့ တံခါးတိုင်ကြီးနဲ့နှိုင်းတယ်၊ ရှေးတုန်းကမြို့တံခါးကို ခိုင်ခိုင်မာမာ ခပ်ကြီးကြီးလုပ်ရတယ်၊ အဲသလို တံခါးတိုင်ကြီးခိုင်မြဲသလို သူကလဲပဲ အာရုံမှာ မတုန်မလှုပ် တည်အောင်လုပ်နိုင်တဲ့တရား၊ အဓိမောက္ခတဲ့ ဆုံးဖြတ်ခြင်း သဘော။

ဝီရိယတဲ့၊ သမ္ပယုတ်တရားတို့ကို ထောက်ပံ့ခိုင်စေခြင်းသဘော၊ ဝီရိယရှိလို သမ္ပယုတ်တရားတွေက တည်တည်တံ့တံ့ ဖြစ်နေတာ၊ ဝီရိယလျော့သွားတာနဲ့ တစ်ပြိုင်နက် အလုပ်မလုပ်ချင်တော့ဘူး၊ အဲသလိုမျိုးပေါ့၊ သူ့ကို energy လို့ ပြန်တယ်၊ efort လို့ ပြန်တယ်။

**မေး** – ဝီရိယရှိတာနဲ့ industrial ဖြစ်တာနဲ့ တူပါသလား။

ဖြေ – တူပါတယ်,ဒါပေမယ့် ဒီမှာ အခုပြောနေတဲ့ဝီရိယက နာမ်စိတ်ထဲမှာဖြစ်နေတဲ့ ဝီရိယ၊ သူက တိုက်တွန်းတဲ့အတွက်ကြောင့် ခန္ဓာကိုယ်ကထပြီး လုပ်တယ်ဆိုပါတော့၊ ဒါကို ကာရိကဝီရိယလို့ ခေါ်တာရှိတယ်၊ ဒါက ခန္ဓာကိုယ်ရဲ့ လှုပ်ရှားမှုပါပဲ၊ ဝီရိယ စေတသိက် မဟုတ်ဘူး၊ ဝီရိယ စေတသိက်ကြောင့် ဖြစ်လာတဲ့ ခန္ဓာကိုယ်ရဲ့ အလုပ်လုပ်မှု၊ ကာယိက ဝီရိယလို့တော့ခေါ်တယ်၊ ဒီမှာ အခုခေါ်နေတဲ့ ဝီရိယက နာမ်ဝီရိယ၊ စိတ်ထဲမှာ ရှိနေတဲ့ ဝီရိယ၊ ဒါကြောင့်မို့ ဒီဝီရိယမပါရင် ဘာမှ လုပ်လို့မဖြစ်ဘူး၊ တရားထိုင်တဲ့အခါ ဝီရိယလေးနဲ့ လုပ်မှစိတ်ဟာ အာရုံပေါ်ရှိတာ၊ ဒီလို မဟုတ်ရင် စိတ်က ဟိုရောက်ဒီရောက် ရောက်နေတာ၊ နည်းနည်းလေး ဂရုစိုက်လိုက်မှ စိတ်က အာရုံပေါ်ပြန်ရောက်လာတာ၊ ဝီရိယလေးလျှော့ရင် သွားပြန်ရော၊ အဲသလိုပေါ့။

မေး – ဒီဥစ္စာတွေက တရားထိုင်တဲ့အခါမှတ်ရမှာလား၊ နားလည်ရမှာလား။

ဖြေ – မဟုတ်ပါဘူး၊ တစ်ခါ, တစ်ခါ, သိသိလာလိမ့်မယ်၊ ဒါလေးတွေကို မြင်မြင်လာလိမ့်မယ်။

မေး – မြင်လာတဲ့အခါ သိလာတဲ့အခါ မှတ်ရမှာလား။

ဖြေ – ဟုတ်တယ်၊ သူ့ကို ရှာနေဖို့ မလိုဘူး၊ နေ့တိုင်း ဘဝမှာလည်း ဒါတွေကို တွေ့နေရမှာပဲ။

မေး – တွေ့တဲ့အခါမှာ ကိုယ်က analyze လုပ်ရမှာလား။

ဖြေ – တရားအားထုတ်တဲ့အခါမှာ မလုပ်ရဘူး၊ တရားအားထုတ်တဲ့ အခါမှာ ဒါလေးသိအောင် မှတ်တာပဲရှိတယ်၊ analyze မလုပ်ဘူး၊ You do not speculate, you just be mind full, ဦးဇင်းတော့ ဒါပဲ emphasize လုပ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ analyze လုပ်မယ်၊ You make Judgment ဆိုရင် distraction ဖြစ်သွားမယ်၊ မူလကမ္မဋ္ဌာန်း အာရုံကနေ တခြားရောက်သွားမယ်၊ စိတ်ကိုကမ္မဋ္ဌာန်းအာရုံမှာပဲ တတ်နိုင်သမျှ ထားချင်တာကိုး၊ အဲဒီတော့ ဟိုရောက် ဒီရောက် မစဉ်းစားဘူး၊ မြင်တာလေးကိုပဲ မြင်တယ်လို့ မှတ်လိုက်တယ်၊ သိရင်လည်း သိတယ်လို့ပဲ မှတ်လိုက်တယ်၊ ဒီအာရုံဟာ ဘယ်ကလာတာပါလိမ့်မလဲ, ဘာတွေနဲ့ ပေါင်းစပ်ထားတာပါလိမ့်မလဲ, ဒါတွေဘာမှ မစဉ်းစားဘူး၊ အဲသလိုမျိုး။

ပိတိတဲ့၊ အဲဒီပိတိကမှ ခက်တာ၊ ဒါကြောင့်မို့ ဦးဇင်းက တပည့်တွေကို ပြောတာ၊ အဘိဓမ္မာစကားပြောရင်ပါဠိကို ဘယ်တော့မှ လွှတ်လို့မရဘူး၊ သို့မဟုတ်

ဗုဒ္ဓဘာသာအကြောင်းပြောရင်လည်း အတူတူပဲ။

ပီတိကို အင်္ဂလိပ်လိုပြန်တဲ့နေရာမှာ Joy လို့လည်းပြန်တယ်၊ နောက်တစ်ခုက happiness နောက်တစ်ခုက zest, နောက်တစ်ခုက rapture, နောက်တစ်ခုက (preasurable interest) အဲသလို

မေး - တပည့်တော်ထင်တာ ပီတိဟာ satisfaction လို့ ထင်တာ၊ ကိုယ့်စိတ်ကျေနပ်သွားတာ၊ နှစ်သက်သွားတာလို့ ယူဆပြီး satisfy ထင်မိတာ။

ဖြေ - ဒါလည်း မဆိုးပါဘူး၊ အဲသလို ဖြစ်နေတဲ့အတွက်ကြောင့် ပီတိကို အင်္ဂလိပ်လို တစ်လုံးတည်းပြန်လို့ မရတော့ဘူး၊ တချို့ကလည်း Happiness လို့ ပြန်တယ်၊ တချို့က Joy လို့ ပြန်တယ်၊ တချို့က rapture လို့ပြန်တယ်။

ကောင်းပြီ၊ ပီတိက ဘာသဘောလဲဆိုတာ လေ့လာစဉ်းစားရမယ်၊ ပီတိဟာ အာရုံကို နှစ်သက်ခြင်းသဘော၊ အာရုံကို နှစ်သက်ခြင်းသဘောဟာဘာလဲ ဆိုတော့ သူက အာရုံကိုမခံစားဘူးနော်၊ နှစ်သက်တယ်ဆိုပေမယ့် ခံစားတာ မဟုတ်ဘူး၊ ခံစားတာက ဝေဒနာက ခံစားတာ၊ ပီတိက နှစ်သက်တာ။

အဲဒါကြောင့်မို့ နည်းနည်းလေး မတူပဲ ထူးခြားကွဲပြားသွားတာ၊ အဲဒါကြောင့် ဘာနဲ့ ဥပမာပေးသလဲဆိုတော့ ပီတိနဲ့သုခဆိုပါတော့, သုခက အကောင်းခံစားတာ၊ ချမ်းသာခံစားတဲ့ ဝေဒနာ၊ အဲဒါကတော့ ခံစားမှုဝေဒနာ၊ ပီတိက ဝေဒနာထဲ မပါဘူး၊ ပီတိက pleasurable interest ဆိုတာနဲ့ တော်တော်နီးစပ်တယ်၊ အဲဒီ စကားက ရှည်တော့ရှည်တယ်၊ ဒါပေမယ့် အဲဒါက ပိုကောင်းတယ်။

ပီတိနဲ့သုခ အထူးကိုပြောတဲ့နေရာမှာ စိတ်ပိုင်းတုန်းက ပြောခဲ့ဖူးတယ်၊ သဲကန္တာရခရီးသွားလို့ မောပန်းပြီးချွေးတွေသံတွေထွက်တဲ့အခါ ဘယ်နား အိုအေစစ်လေး ရှိပါ့မလဲလို့ လူတစ်ယောက်နဲ့တွေ့လို့ မေးတဲ့အခါ ရှေ့တစ်မိုင်လောက်မှာ ရှိတယ်လို့ ပြောတယ်၊ အဲဒီစကားကြားရတဲ့အချိန်ကစပြီး သူ့စိတ်ဟာ နှစ်သက်မှု interest ဖြစ်သွားပြီ၊ အဲဒါဟာ ပီတိ။

သွားရင်းသွားရင်း ရေကန်တွေ, သစ်ပင်တွေ မြင်ရပြီ၊ အဲဒီအထိ ပီတိအဆင့်ပဲရှိသေးတယ်၊ အဲဒီရောက်လို့ ရေတွေသောက်,ချိုးသုံးပြီး သစ်ပင်အောက်မှာ အေးအေးလူလူ အနားယူတဲ့ အချိန်ကျတော့ သုခ, ခံစားမှုရောက်သွားပြီ။

ခံစားမှု မရောက်သေးခင်ဟာပီတိ၊ ခံစားတဲ့အခါကျတော့ သုခ၊ ဒါပေမယ့်နော်, ပီတိနဲ့ သုခဟာ တစ်ပြိုင်နက်ထဲ ဖြစ်တဲ့စိတ်တွေအများကြီးရှိတယ်၊ အဲဒီတော့

သူ့သဘောနဲ့သူပဲ၊ interest ဖြစ်ရုံက ပီတိပဲ၊ သုခက သူ့ဘာသာ ခံစားလိမ့်မယ်၊ အဲဒီတော့ အာရုံကိုနှစ်သက်ခြင်း သဘောလို့ပဲ မှတ်ရမယ်၊ မြန်မာလိုလည်း ပီတိဖြစ်နေတယ်လို့ ပြောလေ့ရှိတယ် မဟုတ်လား၊ ဒါလည်းမဆိုးဘူး၊ သဘောကျနေတာပေါ့။

အဲဒီပီတိက ၅–မျိုးရှိတယ်၊ ပထမပီတိက အသေးစား ပီတိ၊ တရားထိုင်တဲ့အခါ တွေ့တတ်တယ်၊ တစ်ခါတလေ သိမ့်ကနဲ သိမ့်ကနဲဖြစ်တယ်၊ ကြက်သီးမွေးညင်း ထသလို ဟိုနားကဖြစ်, ဒီနားကဖြစ်, ကြက်သီးမွေးညင်းထရုံ လောက်ဖြစ်တဲ့ ပီတိဟာ အငယ်စားပီတိ။

ပြီးတော့ နောက်တစ်ခုက သူ့ထက်နည်းနည်း ပိုအားကြီးတဲ့ပီတိ၊ တစ်ခဏမျှ သိမ့်ကနဲ, သိမ့်ကနဲဖြစ်သွားတာမျိုးရှိတယ်။

နောက်တစ်ခုက လှိုင်းကြီးများ ဝုန်းကနဲ, ဝုန်းကနဲရိုက်နေတာမျိုးဖြစ်နေတဲ့ ပီတိမျိုး၊ တစ်ခုထက်တစ်ခုပိုပြီး အားကြီးသွားတယ်။

နောက်ပီတိတစ်ခုကတော့ ဆန်းတယ်နော်၊ ထပျံနိုင်တဲ့ ပီတိမျိုး၊ အဲဒီ ပီတိဖြစ်ရင်လူထခုန်နိုင်တယ်, ရွေ့သွားနိုင်တယ်, ဥဗ္ဗေဂပီတိလို့ခေါ်တယ်၊ ရှေးကတော့ ဝတ္ထုတွေရှိတယ်၊ အခုတော့ မသိဘူး။

မိန်းကလေးတစ်ယောက်ဟာ ကိုယ်ဝန်ရှိနေတယ်၊ အဲဒီနေ့က ဘုရားပွဲရှိတယ်၊ မိဘတွေက ဘုရားပွဲကို မလိုက်ခဲ့နဲ့ပြောတယ်၊ ဘုရားပွဲက ခပ်လှမ်းလှမ်းမှာဆိုတော့ ဘုရားပွဲက ရှိခိုးနေသံတွေ အိမ်က ကြားနေရတယ်၊ သူကလည်း သဒ္ဓါတရားရှိတဲ့ မိန်းကလေးဆိုတော့ အဲဒီအသံတွေကြားရင်း ဘုရားကို အာရုံပြုနေလိုက်တာပေါ့။

အဲသလို အာရုံပြုနေလိုက်တာ အဲဒီပီတိဖြစ်ပြီး ပီတိအစွမ်းကြောင့် ကောင်းကင်မှာပျံပြီး ဘုရားပွဲကို သူ့အိမ်က လူတွေထက်အရင်နောက်နေတယ်၊ သူ့မိဘတွေ ရောက်သွားတဲ့အခါ တွေ့ပြီး ဘယ်လိုရောက်လာသလဲလို့မေးတော့ သူက ဘယ်လို ရောက်လာတယ်ဆိုတာ ပြောပြတယ်၊ ပီတိဟာ အဲသလို ခုန်ပျံနိုင်တယ်။

အဲဒီတော့ တရားထိုင်တဲ့အခါမှာ အဲဒီပီတိဖြစ်တတ်တယ်၊ အကြာကြီးတော့ မခုန်ဘူး၊ သို့သော် ရွေ့တယ်၊ ထိုင်လျက်ကြီးနဲ့ ဟိုရွေ့သွား ဒီရွေ့သွား၊ အဲသလို ဖြစ်တတ်တယ်၊ အဲသလို ပီတိသဘောရှိတယ်။

နောက်တစ်ခုကတော့ ဝါဝွမ်းဆိထိသလို တစ်ကိုယ်လုံး ပျံ့နှံ့သွားတဲ့ပီတိမျိုး၊ ဖရဏာပီတိလို့ခေါ်တယ်၊ ပီတိ ၅– မျိုးရှိတယ်၊ ၅–မျိုးစလုံးလိုလိုပဲ တရားထိုင်ရင် တွေ့ရမယ်၊ ကံကောင်းလာရင်ပေါ့လေ၊ အစပိုင်းတော့ မရသေးဘူးပေါ့ ကြာလာ

တော့တွေ့လာတယ်၊ ပီတိကို နှစ်သက်ခြင်းလို့ပဲ မြန်မာလို မှတ်ထားလိုက်ပါ။

နောက်တစ်ခုက ဆန္ဒတဲ့၊ ဆန္ဒဆိုတာ မြန်မာစကားဖြစ်နေပါပြီ၊ ဆန္ဒကို မြန်မာစကားလို့ ထင်ကြသလား၊ အခုတော့ ပါဠိစကား ဖြစ်မှန်းသိနေကြပါပြီ၊ ဆန္ဒဆိုတာ ပြုလိုကာမျှ သဘော, လိုလားခြင်းသဘော၊ ပြုလိုကာမျှလေးပဲ၊ သူက လောဘနဲ့ နီးစပ်တယ်၊ သို့သော် မတူဘူး။

ဆန္ဒက အရာဝတ္ထုကို ကောက်ကိုင်ချင်ရုံမျှ သဘောလေး, အရာဝတ္ထုကို ယူချင်ရုံမျှ သဘောလေး, အရာဝတ္ထုအပေါ်မှာ တွယ်တာငြိကပ်မှု မရှိဘူး၊ အဲဒီလို သဘောကို ဆန္ဒလို့ခေါ်တယ်၊ လောဘနဲ့မတူဘူး၊ လောဘကျတော့ တွယ်တာ ငြိကပ်မှုပါသွားပြီ၊ လိုချင်သွားပြီ၊ ငြိကပ်တွယ်တာမှုနဲ့ ယှဉ်သွားပြီ။

ဆန္ဒက ပြုချင်တာ, ပြုလိုကာမျှလေးပဲ ခေါ်တယ်၊ သူတို့ဥပမာ ပေးတာက လေးသမား လေးပစ်တဲ့အခါကျတော့ မြှားကောက်ဆွဲယူတယ်၊ မြှားယူတာဟာ ယူချင်ရုံမျှပဲ၊ မြှားအပေါ်မှာဘာမှတွယ်တာမှုမရှိဘူး၊ ပစ်တော့ပစ်မှာပဲ၊ အဲဒါလို ဟာမျိုးကို ဆန္ဒလို့ခေါ်တယ်။

**မေး** – ဆန္ဒကို အင်္ဂလိပ်လို ဘယ်လိုပြန်ပါသလဲ။

**ဖြေ** – ဆန္ဒကို အင်္ဂလိပ်လို ပြန်ရတာခက်တယ်၊ အဲဒီအင်္ဂလိပ်စကားကို တော်တော် လူက မသိဘူး၊ နေ့စဉ်သုံးတာ နည်းတာကိုး၊ conation လို့ပြန်တယ်၊ အမှန်တော့ desire ပါပဲ၊ ဒါပေမယ့် အခုခေတ်က desire လို့ ပြောလိုက်ရင် လောဘနဲ့ပါတာချည်းလို့ယူဆသွားတတ်ကြတယ်၊ အဲဒါကြောင့် desire လို့ ပြောရတာ တော်တော်ခက်တယ်၊ အင်္ဂလိပ်လို ပြန်တာ conation လို့ ပြန်တယ်၊ ဆန္ဒနဲ့လောဘမတူဘူး၊ လောဘကို တော်တော် ကြာတွေ့မယ်။

**မေး** – လောဘက ပိုပြင်းတာပေါ့။

**ဖြေ** – လောဘကကပ်ငြိမှုပါတယ်၊ ဆန္ဒကကပ်ငြိမှုမပါဘူး၊ လောဘက attraction များတာပေါ့၊

ဒါကြောင့်မို့ဆန္ဒက ကုသိုလ်ဆန္ဒလည်းဖြစ်နိုင်တယ်၊ အကုသိုလ်ဆန္ဒလည်း ဖြစ်နိုင် တယ်၊ ဘာကြောင့်လဲဆိုတော့ သူကအကုသိုလ်စိတ်မှာလည်း ယှဉ်နိုင်တယ်၊ သို့သော် ပါဠိမှာကျတော့ ဆန္ဒဆိုတဲ့စကားလုံးဟာ တစ်ခါတလေ ဒီဆန္ဒကိုပဲ ဆိုလိုတယ်၊ တစ်ခါတလေကျတော့ ကာမစ္ဆန္ဒလို့ ခေါ်တာရှိတယ်၊ ကာမဆန္ဒကို ကာမစ္ဆန္ဒ ခေါ်တဲ့အခါကျတော့ လောဘ၊

တရားလိုလားတယ်၊ တရားအလိုရှိတယ်ဆိုတော့ ဓမ္မစ္ဆန္ဒပေါ့၊ ဓမ္မဆန္ဒ၊ သို့မဟုတ် ကုသလဆန္ဒ၊ ကုသိုလ်ဘက်က ကောင်းတဲ့အလို၊ ကာမဂုဏ်ဘက်က ပြောရင် ကာမစ္ဆန္ဒ။

နောင်အခါမှာ ဈာန်တို့ တရားထိုင်တဲ့အခါမှာ ပယ်ရမယ့် နီဝရဏတရားတွေထဲမှာ ကာမစ္ဆန္ဒပါတယ်၊ ကာမစ္ဆန္ဒဆိုတာဘာလဲဆိုတော့ လောဘပဲ၊ လောကီအာရုံ ကာမဂုဏ်တွေမှာ တွယ်တာငြိကပ် နှစ်သက်နေတာကို ကာမစ္ဆန္ဒခေါ်တယ်၊ အခု ဒီမှာ ဆန္ဒကတော့ both ပေါ့၊ ကုသိုလ်ဘက်လည်းဖြစ်နိုင်တယ်၊ အကုသိုလ်ဘက် လည်း ဖြစ်နိုင်တယ်။

ကောင်းပြီ, ဒီစေတသိက် ၆–ပါးကို ပကိဏ်း စေတသိက် ၆–ပါးလို့ခေါ်တယ်၊ ပကိဏ်းဆိုတာ ရောရောနှောနှောယှဉ်တာ၊ ရောရောနှောနှော ယှဉ်တယ်ဆိုတာ အမှန်ကတော့ ယှဉ်တဲ့စိတ်မှာ ယှဉ်တယ်၊ မယှဉ်တဲ့စိတ်မှာ မယှဉ်ဘူးလို့ ဆိုလိုတာပါပဲ၊ ပြိုးပြွမ်းယှဉ်တယ်လို့ ရှေးက စကားသုံးကြတယ်။

အင်္ဂလိပ်လို ပကိဏ်းကို particular တဲ့၊ သဗ္ဗစိတ္တသာဓာရဏကတော့ all common ပေါ့လေ၊ common to all.

အဲဒီ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါးနဲ့ ပကိဏ်းစေတသိက် ၆–ပါး နှစ်ခုပေါင်းလိုက်တဲ့ ၁၃–ပါးကို အညသမာန်းစေတသိက်လို့ ခေါ်တယ်၊ စေတသိက် ၁၃–ပါး။

နောက်ထပ် အကုသိုလ်စေတသိက် ၁၄–ပါး၊ ဒါလည်းလာရလိမ့်မယ်၊ နားလည် သွားဖို့အရေးကြီးတယ်၊ ကြာချင်ကြာပါစေ။

## အကုသိုလ်စေတသိက် ၁၄–ပါး

| | | |
|---|---|---|
| ၁၄။ | မောဟ | အာရုံ၏သဘောမှန်ကို ဖုံးကွယ်ခြင်းသဘော။ |
| ၁၅။ | အဟိရိက | ဒုစရိုက်မှ မရှက်ခြင်းသဘော။ |
| ၁၆။ | အနောတ္တပ္ပ | ဒုစရိုက်မှ မကြောက်လန့်ခြင်းသဘော။ |
| ၁၇။ | ဥဒ္ဓစ္စ | စိတ်၏ မငြိမ်သက်ခြင်း ပျံ့လွင့်ခြင်းသဘော။ |
| ၁၈။ | လောဘ | အာရုံ၌ လိုချင်ကပ်ငြိခြင်းသဘော။ |
| ၁၉။ | ဒိဋ္ဌိ | မှားမှားယွင်းယွင်း သိခြင်း (အယူမှားခြင်း)သဘော။ |
| ၂၀။ | မာန | ထောင်လွှားတက်ကြွခြင်းသဘော။ |

၂၁။ ဒေါသ ခက်ထန်ကြမ်းတမ်းခြင်းသဘော။
၂၂။ ဣဿာ သူတပါး စည်းစိမ်ကို ငြူစူခြင်းသဘော။
၂၃။ မစ္ဆရိယ မိမိစည်းစိမ်ကို လျှို့ဝှက်ဝန်တိုခြင်းသဘော။
၂၄။ ကုက္ကုစ္စ ပြုအပ်ပြီးသော ဒုစရိုက် မပြုလိုက်မိသော သုစရိုက်တို့၌ နောင်တတစ်ဖန် ပူပန်ခြင်းသဘော။
၂၅။ ထိန စိတ်၏ ထိုင်းမှိုင်းခြင်းသဘော။
၂၆။ မိဒ္ဓ စေတသိက်တို့၏ ထိုင်းမှိုင်းခြင်းသဘော။
၂၇။ ဝိစိကိစ္ဆာ ဘုရားစသော အာရုံ၌ ယုံမှားခြင်းသဘော။

**သောဘနစေတသိက် ၂၅-ပါး**

**သောဘနသာဓာရဏစေတသိက် ၁၉-ပါး။**

၂၈။ သဒ္ဓါ ဘုရားစသော အာရုံ၌ ယုံကြည်ခြင်းသဘော။
၂၉။ သတိ ဘုရားစသော အာရုံ၌ အမှတ်ရခြင်းသဘော။
၃၀။ ဟိရီ ဒုစရိုက်မှ ရှက်ခြင်းသဘော။
၃၁။ ဩတ္တပ္ပ ဒုစရိုက်မှ ကြောက်လန့်ခြင်းသဘော။
၃၂။ အလောဘ အာရုံ၌ မကပ်ငြိ မလိုချင်ခြင်းသဘော။
၃၃။ အဒေါသ မခက်ထန် မကြမ်းတမ်းခြင်းသဘော။
၃၄။ တတြမဇ္ဈတ္တတာ အာရုံ၌သမွယုတ်တရားတို့ကိုလျစ်လျူရှုစေခြင်းသဘော။
၃၅။ ကာယပဿဒ္ဓိ စေတသိက်တို့၏ ငြိမ်းခြင်းသဘော။
၃၆။ စိတ္တပဿဒ္ဓိ စိတ်၏ငြိမ်းခြင်းသဘော။
၃၇။ ကာယလဟုတာ စေတသိက်တို့၏ ပေါ့ခြင်းသဘော။
၃၈။ စိတ္တလဟုတာ စိတ်၏ ပေါ့ခြင်းသဘော။
၃၉။ ကာယမုဒုတာ စေတသိက်တို့၏ နူးညံ့ခြင်းသဘော။
၄၀။ စိတ္တမုဒုတာ စိတ်၏ နူးညံ့ခြင်းသဘော။
၄၁။ ကာယကမ္မညတာ စေတသိက်တို့၏ အမှု၌ ကောင်းခြင်းသဘော။
၄၂။ စိတ္တကမ္မညတာ စိတ်၏ အမှု၌ ကောင်းခြင်းသဘော။
၄၃။ ကာယပါဂုညတာ စေတသိက်တို့၏ လေ့လာခြင်းသဘော။
၄၄။ စိတ္တပါဂုညတာ စိတ်၏ လေ့လာခြင်းသဘော။
၄၅။ ကာယုဇုကတာ စေတသိက်တို့၏ ဖြောင့်မတ်ခြင်းသဘော။
၄၆။ စိတ္တုဇုကတာ စိတ်၏ ဖြောင့်မတ်ခြင်းသဘော။

# အဘိဓမ္မာသင်တန်း [၁၁]

## [စေတသိက်ပိုင်း]

## အကုသိုလ်စေတသိက် ၁၄ ပါး

ဒီနေ့ အောက်တိုဘာ ၁၀–ရက်နေ့

အကုသိုလ်စေတသိက်ဆိုတာက မြန်မာလို ရိုးရိုးပြောရင် မကောင်းတဲ့ စေတသိက်ပေါ့၊ အကုသိုလ်ရဲ့ အဓိပ္ပါယ်ကို မှတ်မိကြလား။

အကုသိုလ်ဆိုတာ အပြစ်ရှိခြင်း၊ မကောင်းသောအကျိုးကိုပေးခြင်း၊ ဒိလက္ခဏာ ၂–ပါးနဲ့ ပြည့်စုံတဲ့ တရားမျိုးကို အကုသိုလ်လို့ခေါ်တယ်။

အကုသိုလ်စေတသိက်ဆိုကတည်းက ဒီစေတသိက်တွေဟာ အကုသိုလ်စိတ်နဲ့ပဲ ယှဉ်တယ်၊ သူ့ကျတော့ ထူးလာပြီ၊ အညသမန်းစေတသိက်တုန်းကတော့၊ ကုသိုလ်နဲ့လည်းယှဉ်တယ်၊ အကုသိုလ်နဲ့လည်းယှဉ်တယ်၊ သို့မဟုတ် သောဘန စိတ်နဲ့လည်း ယှဉ်မယ်၊ အသောဘနစိတ်နဲ့လည်းယှဉ်မယ်၊

အကုသိုလ် စေတသိက်ကျတော့ အကုသိုလ်စိတ်နဲ့သာ ယှဉ်တော့မယ်၊ နယ်ကျဉ်းသွားတာပေါ့လေ။

မေး – အကုသိုလ်စိတ် ဘယ်နှစ်ပါးရှိသလဲ။

ဖြေ – ၁၂–ပါး

အဲဒီ ၁၂-ပါးနဲ့သာ ဒီစေတသိက် ၁၄-ပါးက ယှဉ်တော့မယ်၊

ကောင်းပြီ နံပတ်(၁)က မောဟ။ မောဟဆိုတာ အာရုံ၏သဘောမှန်ကို ဖုံးကွယ်ခြင်း သဘော၊ အာရုံဆိုတာ object ပေါ့၊ တွေဝေတယ်လို့လည်းသုံးတယ်၊ မောဟရဲ့သဘောက အာရုံရဲ့သဘောကို အမှန်အတိုင်း မမြင်ရအောင် ဖုံးကွယ်ထား တာ။

ဆိုပါတော့, မြတ်စွာဘုရားက အနိစ္စလို့ ဟောထားတယ်၊ အဲဒီအနိစ္စကို အနိစ္စလို့ မမြင်ဘူး၊ နိစ္စလို့မြင်အောင် သူကလုပ်ပေးထားတယ်၊ အနိစ္စသဘောကို ဖုံးကွယ်ပေးထားတယ်, ဒုက္ခသဘောကို ဖုံးကွယ်ပေးထားတယ်, အနတ္တသဘောကို ဖုံးကွယ်ပေးထားတယ်။

မောဟကတိမ်နဲ့တူတယ်၊တိမ်ဖုံးထားရင် နောက်က ဝတ္ထုပစ္စည်းကို ကွဲကွဲ ပြားပြား ရှင်းရှင်းလင်းလင် မမြင်ရသလို မောဟ ဖုံးထားပြီဆိုရင် အမှန်အတိုင်း မမြင်တော့ဘူး၊ ဒီမောဟကြောင့် သတ္တဝါတွေ အမြင်မမှန်တာ၊ ဘာပဲမြင်လိုက် မြင်လိုက်, သူက ဖုံးပြီးသားဖြစ်တော့, ဖုံးထားလိုက်တော့ အမှားချည်း မြင်နေကြ တော့တာ။

ဒါကြောင့် မောဟရဲ့သဘောက မသိခြင်းလို့လည်း ပြန်ကြတယ်၊ မသိဘူး ဆိုတာ အမှန်အတိုင်း မသိတာ၊ အမှန်အတိုင်း မသိရင် အမှားသိတာပဲ။

ဒါကြောင့်မို့ မောဟဟာ အမှန်အတိုင်း မသိတာလည်းဟုတ်တယ်၊ အမှား သိတာလည်းဟုတ်တယ်၊ အဲဒါကိုမောဟလို့ခေါ်တယ်၊ အာရုံ၏သဘောမှန်ကို ဖုံးကွယ်ခြင်းသဘော။

ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ပြောရင် မောဟနဲ့ အဝိဇ္ဇာ အတူတူပဲ၊ သစ္စာ ၄-ပါး မသိအောင် ဖုံးကွယ်တာတို့၊ သံသရာရဲ့ ရှေ့အစွန်း နောက်အစွန်း စသည်မမြင်အောင် ဖုံးကွယ်တာတို့တွေလည်း ပါတယ်ပေါ့၊ မောဟကို အဝိဇ္ဇာလို့လည်းခေါ်တယ်။

မေး - အရှင်ဘုရား၊ မောဟကို အင်္ဂလိပ်လို ဘယ်လိုခေါ်ပါသလဲ။

ဖြေ - မောဟကို delusion, ignorance လို့ ပြန်နိုင်တယ်။

ဒီမောဟဟာ အကုသိုလ်စိတ် အားလုံးနဲ့ ဆက်ဆံတယ်၊ အကုသိုလ်စိတ် ဖြစ်တိုင်းဖြစ်တိုင်း မောဟပါတာချည်းပဲ၊ မောဟမပါရင် အကုသိုလ်ကို မရှိဘူး၊ သူဟာ အကုသိုလ်ဘက်ကနေ ပြောရင် အရေးကြီးတဲ့ မူလအကြောင်းတရား၊

နောက်တစ်ခုက အဟိရိကတဲ့ ဒုစရိုက်တို့မှ မရှက်ခြင်းသဘော၊ နောက်တစ်ခု အနောတ္တပ၊ ဒုစရိုက်မှ မကြောက်လန့်ခြင်းသဘော၊ ဒီ ၂-ခုကို တစ်တွဲထားကြစို့။

အဟိရိက, ဟိရိကဆိုတာရှက်တာ၊ အဟိရိကဆိုတော့ မရှက်ဘူး၊ ဩတ္တပ ဆိုတော့ ကြောက်လန့်တာ၊ အနောတ္တပ္ပဆိုတော့ မကြောက်လန့်တာ၊ ဒါဖြင့် မရှက်တာဟာ ဘယ်မှ မရှက်တာလဲ၊ ဒုစရိုက်မှမရှက်တာ, ဒီနေရာမှာ ပါဠိပီပြင်အောင် သုံးထားတာဖြစ်လို့ ဒုစရိုက်မှလို့ သုံးတာ၊ မြန်မာလိုဆိုရင် ဒုစရိုက်ကို မရှက်တာလို့ ပြောချင်ပြောမယ်။

တစ်ခါတလေ ဘုန်းကြီးသုံးဟာ ပါဠိနောက် အကုန်လိုက်တာ၊ ပါဠိက ဒီနေရာမှာ "မှ"သုံးရမယ်ဟာ့ဆိုရင် မြန်မာလို သုံးလိုက်ကြတာပဲ၊ မြန်မာနားကျတော့ အဲဒါ သိပ်မဖြောင့်ဘူး။

ဒါက တော်သေးတယ်၊ ကြောက်တယ်ဆိုတာကို"မှ"နဲ့သုံးတယ်၊ ပါဠိမှာ "မှ"သုံးရမယ်ဆိုတာကိုး၊ ဘေးမှကြောက်တယ်, သေဘေးမှကြောက်တယ်, မြန်မာလို ရှင်းရှင်းပြောရင် သေဘေးကို ကြောက်တာပဲ။

ဒုစရိုက်မှ မရှက်ခြင်းသဘောဆိုတာ ဒုစရိုက်ပြုရမှာ မရှက်တာကို အဟိရိက လို့ခေါ်တယ်၊ ဒါဖြင့် မရှက်တိုင်း အဟိရိက ခေါ်ရမှာလားဆိုတော့ မဟုတ်ဘူး၊ ကုသိုလ်ကောင်းမှု ပြုရမှာ မရှက်တာမျိုးဟာ အဟိရိက မဟုတ်ဘူး၊ ဒုစရိုက်ပြုရမှာ မရှက်တာမျိုးကိုသာ အဟိရိကလို့ ခေါ်တယ်။

ဒုစရိုက်ဆိုတာ ခန္ဓာကိုယ်နဲ့ မှားမှားယွင်းယွင်းပြုတာ၊ နှုတ်နဲ့ မှားမှားယွင်းယွင်း ပြုတာ။

ခန္ဓာကိုယ်နဲ့ မှားမှားယွင်းယွင်းပြုတယ်ဆိုတာ သူများအသက်သတ်တာ သူ့ဥစ္စာခိုးတာ, သူ့အိမ်ရာပစ်မှားတာ။

နှုတ်နဲ့မှားမှားယွင်းယွင်း ပြုတယ်ဆိုတာ လိမ်ပြောတယ်, ကုန်းတိုက်တယ်, ကြမ်းတမ်းတဲ့စကားတွေသုံးတယ်, အနက်အဓိပ္ပါယ်ကင်းမဲ့ပြီး သိမ်ဖျင်းတဲ့စကားတွေ ပြောတယ်, အကျိုးမဲ့စကားပြောတယ်။

ကာယဒုစရိုက်ဆိုတာ ခန္ဓာကိုယ်နဲ့ပြုတဲ့ မကောင်းမှု၊ ဝစီဒုစရိုက်ဆိုတာ နှုတ်နဲ့ပြုတဲ့ မကောင်းမှု၊ ဝစီဒုစရိုက် ၄-ပါး၊ ကာယဒုစရိုက် ၃-ပါးရှိတယ်။

အဲဒီလို ဒုစရိုက်ပြုရမှာ မရှက်တဲ့သဘောကို အဟိရိကလို့ခေါ်တယ်၊ ဒီနိုင်ငံ မှာ မြှောက်တောင်ပေးနေတာ၊ ဘာပဲဖြစ်ဖြစ် လွတ်လွတ်လပ်လပ် လုပ်သာလုပ်၊ ဒုစရိုက်သောဘာသော ရှက်မနေနဲ့လို့ မြှောက်ပေးနေတာ။

**မေး** – အရှင်ဘုရား၊ မနောဒုစရိုက်ဆိုတာကော ရှိပါသလား။

**ဖြေ** – မနောဒုစရိုက်ကတော ဒုစရိုက်မခေါ်တော့ဘူး၊ စိတ်ထဲမှာသာလာတော့

စိတ်ထဲမှာဖြစ်တယ်၊ ကာယနဲ့ ဝစီပဲ ဒီနေရာမှာ အရေးကြီးတယ်။

ကောင်းပြီ၊ အဟိရိကကို ဘာနဲ့ ဥပမာပေးသလဲဆိုတော့ ရွာထဲက ဝက်နဲ့ ဥပမာပေးတယ်၊ ရွာသူ့ဝက်ဆိုတာ မစင်စားရမှာ မရှက်ဘူး, မရွံဘူး၊ အဲသလိုပဲ အဟိရိကကလည်း အကုသိုလ်ဒုစရိုက်ပြုရမှာ မရှက်ဘူးမရွံ့ဘူး၊ ဒါကြောင့်မို့ သူ့ကို ရွာသူ ဝက်နဲ့ ဥပမာပေးတယ်။

နောက်တစ်ခုက အနောတ္တပ္ပတဲ့၊ အနောတ္တပ္ပဆိုတာ ဒုစရိုက်မှ မကြောက်လန့်ခြင်းသဘော၊ သူကမကြောက်တာ, မလန့်တာ၊ ဒီနှစ်ခုဟာအမှန်ကတော့ အတူတူဖြစ်ကြတာ၊ တစ်ခုဖြစ်ရင် တစ်ခုပါတာပဲ၊ မရှက်ရင် မကြောက်တာပဲ၊ မကြောက်ရင် မရှက်တာပဲ၊ သူ့ aspect လေးနည်းနည်းကွဲသွားတာ။

အဟိရိကကို အင်္ဂလိပ်လိုပြန်တော့ moral shamelessness လို့ပြန်တယ်။

အနောတ္တပ္ပကျတော့ moral fearlessness လို့ ပြန်တယ်။

မကောင်းမှု ဒုစရိုက်ပြုရမှာမကြောက်တာ၊ မကောင်းမှုဒုစရိုက်ပြုလို့ မကောင်းတဲ့အကျိုးတွေ ရမယ်ဆိုတာကို မကြောက်တာပေါ့လေ၊ အဲဒါကို အနောတ္တပ္ပလို့ခေါ်တယ်။

အနောတ္တပ္ပကို ဘာနဲ့ဥပမာပေးသလဲဆိုတော့ မီးထဲတိုးတဲ့ ပိုးပရဲ (လူတွေက ပိုးဖလံလို့ခေါ်တယ်) ကောင်တွေဟာ မီးမြင်ရင် မီးထဲတိုးဝင်တော့တာပဲ၊ ဘာမှ မကြောက်ဘူး၊ အဲသလိုမကြောက်သလိုပဲ အနောတ္တပ္ပပါလာရင် ဘယ်ဒုစရိုက်မျိုး ပြုရမှာကို မကြောက်လန့်တော့ဘူး၊ အဟိရိကနဲ့ အနောတ္တပ္ပ ဒီတရား နှစ်ပါးရဲ့ ဆန့်ကျင်ဘက် အကောင်းတရားနှစ်ပါးကို နောက်တွေ့လိမ့်မယ်၊ သူက မကောင်းတဲ့ဘက်က မရှက်တာနဲ့ မကြောက်တာ။

နောက်တစ်ခုက ဥဒ္ဓစ္စတဲ့၊ ဥဒ္ဓစ္စက စိတ်၏ မငြိမ်သက်ခြင်း ပျံ့လွင့်ခြင်းသဘော၊ စိတ်မငြိမ်သက်တာ စိတ်ပျံ့လွင့်တာကို ဥဒ္ဓစ္စလို့ခေါ်တယ်၊ အင်္ဂလိပ်လိုတော့ restlessness လို့ ပြန်ကြတယ်၊ mental restlessness ပေါ့၊ ခန္ဓာကိုယ် restless ဖြစ်တာဥဒ္ဓစ္စရဲ့ အကျိုးသာဖြစ်မယ်၊ ဥဒ္ဓစ္စမဟုတ်ဘူး၊ ဥဒ္ဓစ္စကနာမ်တရား၊ စေတသိက်သဘော။

စိတ်မငြိမ်မသက်ဖြစ်တာ ဘာလဲဆိုရင် အာရုံနဲ့စိတ်နဲ့မဟပ်မိတာ၊ မကပ်မိတာကိုဆိုလိုတယ်၊ အာရုံပြုလိုက်တယ် (တရားထိုင်တဲ့အခါ ပိုသိသာတယ်) ထွက်သက်ဝင်သက် မှတ်တယ်ဆိုရင် ထွက်သက်ဝင်သက်ကို မှတ်လို့ကောင်းကောင်းမရဘူး၊ ဟိုရောက်နေသလိုလို, ဒီရောက်နေသလိုလို၊ တစ်ခြားကို တိတိကျကျကြီး ရောက်သွား

တာလည်းမဟုတ်ဘူး၊ ဒီအာရုံပေါ်မှာ မှတ်ရတာ အားရပါးရမရှိတာ၊ အဲသလိုဟာမျိုးကို ပျံ့လွင့်တယ်လို့ သုံးတယ်၊ စိတ်ပျံ့လွင့်တယ်၊ ဥဒ္ဓစ္စဖြစ်တယ်လို့ဆိုတယ်၊

ဥဒ္ဓစ္စမှာ ဥဒ်ရယ် ဒ္ဓစ္စရယ် တွဲတားတယ်၊ ဥဒ်ဆိုတာက အထက်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ဒ္ဓစ္စဆိုတာက လှုပ်ရှားနေတယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ အာရုံနဲ့ ကပ်မနေပဲ အာရုံပေါ်မှာ ဝါးတားတားလေးလှုပ်နေတဲ့သဘောကို ဥဒ္ဓစ္စလို့ ခေါ်တယ်။

အဲဒီဥဒ္ဓစ္စကိုတော့ အမျိုးမျိုးဥပမာပေးတယ်၊ လေနည်းနည်းလေးတိုက်တဲ့အခါ ရေပြင်ကြည့်လိုက်ရင် နည်းနည်းလေးလှုပ်နေတယ်၊ အဲဒါမျိုးနဲ့လည်း ဥပမာပေးတယ်။

လေတိုက်တဲ့အခါမှာ အလံလွင့်နေတယ်၊ မငြိမ်သက်ဘူးပေါ့၊ အဲဒါမျိုးလည်း ဥပမာပေးတယ်။

နောက်တစ်ခုက ပြာပုံထဲကို ခဲကြီး ပစ်ချလိုက်တာ ပြာတွေထလာတယ်၊ အဲသလို မရှင်းမလင်း မငြိမ်မသက်ဖြစ်နေတာ၊ အဲဒါနဲ့လည်းဥပမာပေးတယ်၊ ဒါဟာ ဥဒ္ဓစ္စသဘောတဲ့။

ကောင်းပြီ, မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ၊ ဒီ ၄– ခုဟာ၊ အမြဲတမ်းတွဲလျက်ဖြစ်တယ်၊ အကုသိုလ်စိတ် ဖြစ်တိုင်းဖြစ်တိုင်း၊ ဒီ ၄–ခုပါတယ်၊ ဘယ် အကုသိုလ်စိတ်ဖြစ်ဖြစ် ဒီသဘောလေးတွေပါတာချည်းပဲ၊ ဒါကြောင့်မို့ ဒီ ၄– ခုကို တစ်တွဲထားတယ်။

သတိထားကြည့်ရင် ဥဒ္ဓစ္စနဲ့ လောဘနဲ့ နည်းနည်းလေး မကွာဘူးလား၊ Space ပြောတာ၊ အနောတ္တပ္ပဥဒ္ဓစ္စနဲ့ ဥဒ္ဓစ္စနဲ့ လောဘနဲ့ ကြည့်ရင် နည်းနည်းလေး ခွာထားတာ, သူ့ group လေးတွေ လုပ်ထားတာ။

နောက်တစ်ခုက လောဘတဲ့၊ လောဘဆိုတာ လူတိုင်းနားလည်တဲ့ မြန်မာ စကား ဖြစ်နေပြီ၊ အာရုံ၌ လိုချင်ကပ်ငြိခြင်းသဘောတဲ့။

အာရုံတစ်ခုကို မြင်လိုက်ရင် လိုချင်တယ်၊ အဲဒီအာရုံမှာ ကပ်ငြိနေတယ်၊ ဒီသဘောကို လောဘလို့ခေါ်တယ်၊ လောဘဆိုတာလိုချင်တာ ကပ်ငြိတာ၊ တွယ်တာ တာစသည်ဖြင့် စကားတွေ အများကြီးရှိပါတယ်။

အဲဒီလောဘကို မျောက်နဲ့စေးနဲ့ ဥပမာပေးတယ်၊ မျောက်နဲ့စေးဆိုတာ ရှေးတုန်းက မုဆိုးတွေဟာ မျောက်ဖမ်းချင်တော့ သစ်ပင်ကထွက်တဲ့ ပြောင်ပြောင် လက်လက်အစေးတစ်မျိုးရှိတယ်၊ ပြောင်ပြောင်လက်လက်ရှိတော့ မျောက်က အင်မတန် ဆော့တတ်တဲ့ကောင်မျိုးဆိုတော့ ပြောင်ပြောင်လက်လက်ကို လက်နဲ့ လာကိုင်လိုက်ရင် ပထမကိုင်တဲ့လက်က ခွာမရဘူး၊ ဒီလက်မှာ မရလို့ နောက်ကျန်

လက်တစ်ဖက်နဲ့ တွန်းခွာတော့ လက်နှစ်ဖက်စလုံး ကပ်နေရော။

လက်နှစ်ဖက်စလုံး ကပ်နေတော့ ပါးစပ်နဲ့ ခွာတော့ ကပ်နေရော၊ခြေထောက်နှစ်ခုနဲ့ ကန်ပြန်တော့ ခြေထောက်ကပ်ပြန်တယ်၊ တစ်ခါ ဗိုက်နဲ့ကပ်လိုက်တော့ ကိုယ်လက်အင်္ဂါအစိတ်အပိုင်း ၆–ခုစလုံးဟာ သွားကပ်နေတာ၊ အဲဒါမျိုးလိုပဲ အာရုံ ၆–ပါးမှာ ကပ်ငြိတာ၊ လောဘပါပြီး ကပ်ငြိလိုက်ရင်, ကပ်မိရင်ခွာမရတော့ဘူး၊ ဒါကြောင့်မို့ မျောက်နဲ့စေးနဲ့ ဥပမာပေးတယ်။

ပြီးတော့ ဘယ်လို ဥပမာပေးသေးလည်းဆိုရင် လောလောပူနေတဲ့ အိုးကင်းထဲကို အသားတုံးလေးပစ်ထည့်လိုက်ရင် လျှပ်တစ်ပြက် ကပ်သွားတာမျိုး၊ အဲသလို ကပ်ငြိတဲ့ သဘောရှိတယ်တဲ့။

နောက်ဥပမာတစ်ခုက ဆီဆေးတွေ စွန်းသွားတဲ့အခါ ချွတ်မရဘူး၊ အဲဒီလို ကပ်ငြိတတ်တာ လောဘသဘောတဲ့။

ဒီလောဘကို စိတ်ပိုင်းတုန်းက တွေ့ခဲ့ပြီးပြီ မဟုတ်လား၊ လောဘမူလစိတ်ဆိုတာ ဒါပဲပေါ့၊ အမှန်တော့ စိတ်ပိုင်းမှာထဲက စေတသိက်တွေ တွေ့ခဲ့တာ။

နောက်တစ်ခုကဒိဋ္ဌိတဲ့၊ ဒိဋ္ဌိဆိုတာ မှားမှားယွင်းယွင်းသိခြင်းသဘော အယူမှားခြင်းသဘော။

မေး – လောဘကို အင်္ဂလိပ်လို ဘယ်လိုခေါ်ပါသလဲဘုရား။

ဖြေ – လောဘကို attachment လို့ပြန်တယ်၊ greed လို့လည်း ပြန်နိုင်ပါတယ်။

မှားမှားယွင်းယွင်းသိတယ်ဆိုတာ မမြဲတာကို မြဲတယ်လို့ သိနေတယ်, မချမ်းသာတာကို ချမ်းသာတယ်လို့ သိနေတယ်, အတ္တမဟုတ်တာကို အတ္တလို့ သိနေတယ်, သို့မဟုတ်လဲ သတ္တဝါတွေဟာ သေပြီးရင် ပြတ်သွားတာပဲ နောက်ထပ်ဘာမှ မဖြစ်တော့ဘူးဆိုတဲ့ ဥစ္ဆေဒဆိုတဲ့ အယူမျိုးတွေ၊ သို့မဟုတ် သတ္တဝါဟာ အမြဲတမ်းတည်တယ်၊ တစ်ဘဝမှ တစ်ဘဝသို့ မပျက်မစီးပဲ အမြဲတမ်းသွားနေတယ်ဆိုတဲ့ ယူဆတာမျိုး သဿတအယူ၊ သို့မဟုတ် ကံ,ကံ၏အကျိုး မရှိဘူးယူတာမျိုး၊ ဒီလို ယူတာမျိုးဟာ အယူမှားပေါ့၊ ဒိဋ္ဌိ။

အဲဒီတော့ ဒိဋ္ဌိဆိုတဲ့ စကားလုံးဟာ အမှန်အတိုင်းဆိုရင်တော့ သူက view ဆိုတဲ့ အနက်ထွက်တယ်၊ wrong view လို့လည်း မဆိုလိုသေးဘူး၊ right view လို့လည်း မဆိုလိုသေးဘူး၊ ဒိဋ္ဌိဆိုတဲ့ မူရင်းအဓိပ္ပါယ်က အမြင်ပဲ၊ အမြင်ဆိုတာ မှန်ကန်တဲ့အမြင်လည်း ဖြစ်နိုင်တယ်၊ မှားယွင်းတဲ့အမြင်လည်း ဖြစ်နိုင်တယ်။

ဒါပေမယ်လို့ များသောအားဖြင့် ဒိဋ္ဌိဆိုတဲ့အသုံးကို မှားတဲ့အယူမှာပဲ

သုံးတယ်၊ ဒိဋ္ဌိဆိုတဲ့ စကားလုံးတွေ့ရင် မှားတဲ့အယူလို့ပဲ ဆိုလိုသွားတယ်။

ဒါဖြင့် မှန်တဲ့အယူလို့ဆိုလိုချင်တဲ့ အခါကျတော့ ရှေ့ကပုဒ်လေး တစ်ပုဒ် ထည့်ပေးလိုက်တယ်, သမ္မာဒိဋ္ဌိ။

သမ္မာဒိဋ္ဌိလို့ ပြောလိုက်ရင် မှန်တဲ့ အယူသေချာသွားပြီ၊ ဒါဖြင့် မှားတဲ့အယူ သေချာစေချင်ရင် မိစ္ဆာဒိဋ္ဌိပေါ့၊ အဲသလို မှားမှားယွင်းယွင်း ယူတာကို ဒိဋ္ဌိလို့ ခေါ်တယ်။

မမြဲတာမြဲတာလို့ ယူတာ, မချမ်းသာတာ ချမ်းသာတယ်လို့ယူတာ, ကံ,ကံ၏ အကျိုး မရှိဘူးလို့ယူတာ, မိဘကို ရိုသေစရာမလိုဘူးလို့ ယူတာ, ဒီဘဝ, ဟိုဘဝ မရှိဘူးလို့ယူတာတွေ အားလုံးဟာ ဒိဋ္ဌိသဘောတွေပဲ၊ မှားတဲ့အယူတဲ့၊ ဒိဋ္ဌိကို wrong view လို့ ပြန်တယ်။

နောက်တစ်ခုက မာန၊ မာနက မြန်မာစကား ဖြစ်နေတော့ ထင်ရှားတယ်၊ မာနဆိုတာ ထောင်လွှားတက်ကြွခြင်းသဘော။

ငါ, ငါနဲ့ မာနဖြစ်နေကြတာ၊ မာနက တော်တော်ဆန်းတယ်၊ ကောင်းစားနေမှ မာနဖြစ်တာမဟုတ်ဘူး၊ နိမ့်ကျနေလည်း နိမ့်ကျတဲ့ အလိုက်မာနဖြစ်တာပဲ၊ စာထဲမှာ ပါတယ်၊ ဟီန မာန်ဆိုတာ၊ ကိုယ်က ယုတ်ညံ့နေတော့လည်း ယုတ်ညံ့တဲ့ အလိုက်မာန ရှိတာပဲ။

မာနကို ဘာနဲ့ ဥပမာပေးသလဲဆိုတော့ တံခွန်အလံနဲ့ ဥပမာပေးတယ်၊ သူက အထက်ကချည်းနေတာကိုး၊ အလံဆိုတာ သူများအပေါ်ကချည်း ကြွားကြွား ရွှားရွှားနဲ့၊ မာနကလည်း ဒီအတိုင်းပဲ၊ မာနရှိလာရင် ငါ,ငါဆိုပြီး ထောင်လွှားတတ် တယ်တဲ့၊ ဒါကြောင့်မို့ ထောင်လွှားတက်ကြွခြင်းသဘော။

ဒီသုံးခု (လောဘ, ဒိဋ္ဌိ, မာန) ကလည်းတစ်စု၊ သူက လောဘမူစိတ်နဲ့သာ ယှဉ်လိမ့်မယ်၊ ဒေါသမူစိတ်နဲ့ မယှဉ်ပေဘူး၊ မောဟမူစိတ်နဲ့မယှဉ်ပေဘူး၊ လောဘမူ စိတ်နဲ့သာယှဉ်တယ်၊ ဒါကြောင့် ဒီသုံးခုကို တစ်တွဲလုပ်ထားတယ်။

နောက်တစ်ခုက ဒေါသတဲ့၊ ဒေါသကို လူတိုင်းသိပါမယ်, ဒေါသဆိုတာ ခက်ထန် ကြမ်းတမ်းခြင်းသဘောတဲ့၊ ပြစ်မှားခြင်းလို့လည်း ပြန်ကြတယ်၊ ပြစ်မှားခြင်း သဘောဆိုလည်း ရပါတယ်။

ဒေါသဖြစ်လာရင်လူဟာ ခက်ထန်လာတာပဲ, ကြမ်းတမ်းလာတာပဲ၊ ဒါဟာ သိပ်ထင်ရှားတယ်၊ ရိုးရိုးနေတုန်းက မပြောဝံ့တဲ့စကား ဒေါသဖြစ်လာရင် ပြောဝံ့ လာတယ်၊ ရိုးရိုးနေတုန်းက မလုပ်ဝံ့တဲ့အလုပ်, ဒေါသဖြစ်လာရင် လုပ်ဝံ့လာတယ်၊

လူမသတ်ဝံ့တဲ့လူက ဒေါသဖြစ်လာရင် သတ်ဝံ့လာတယ်၊ အဲသလို ခက်ထန်ကြမ်းတမ်းတဲ့သဘောကို ဒေါသလို့ခေါ်တယ်။

ဒီဒေါသဟာ ဘာနဲ့ တူသလဲ၊ သာမာန်ပြောထားတာက အရိုက်ခံရတဲ့မြွေလိုပဲ၊ မြွေကို နည်းနည်းလေး ရိုက်ကြည့်လိုက်ရင် မြွေက ရှူးရှူးရှဲရှဲ ဒေါသ ထွက်တယ်၊ အဲသလိုပဲ ဒေါသကလည်း ပေါက်ကွဲဖို့ အခြေအနေမျိုးပဲ။

ဒီဒေါသဟာ မိမိတည်ရာကို ပြန်ပြီး လောင်တတ်တယ်လို့ ဒီလိုစဉ်းစားကြည့်တဲ့အခါ ယောဂီရဲ့ ဉာဏ်မှာ ထင်လာတယ်၊ ဒါကြောင့်မို့ ဒေါသဖြစ်ရင် ကောင်းတာမဟုတ်ဘူး၊ ကိုယ့်သန္တာန်မှာ ဒေါသဖြစ်တယ်ဆိုရင် ကိုယ့်စိတ်ကို လောင်လိုက်တာပဲ၊ ကိုယ့်စိတ်ဟာ မကောင်းတော့ဘူး၊ နဂိုကဖြစ်နေတဲ့ ကောင်းနေတဲ့ စိတ်ကလေးဟာ ပျက်သွားတယ်၊ ဖျက်ဆီးပစ်လိုက်ပြီ၊ မကောင်းတဲ့စိတ်ဖြစ်သွားပြီ၊ အဲဒါကိုပဲ လောင်တယ်လို့သုံးတာပေါ့၊ ဒေါသတကယ် အားကြီးလာရင် တကယ်လောင်ပြီးတော့ နှလုံးရပ်သွားတာ ရင်ကွဲသေတာမျိုး ဖြစ်ပါလိမ့်မယ်၊ အဲဒါ ဒေါသ၊ ခက်ထန်ကြမ်းတမ်းခြင်းသဘော။

ဒေါသနဲ့ ဒေါမနဿ မတူဘူးနော်၊ ဒီဒေါသကတစ်မျိုး၊ ဒေါမနဿက စိတ်ရဲ့ခံစားမှုသဘော၊ စိတ်ထဲမကောင်းတာ, စိတ်ညစ်တာ, အဲသလို ခံစားမှုသဘောက ဒေါမနဿ၊ စိတ်ဆိုးတာ, ခက်ထန်ကြမ်းတမ်းတာက ဒေါသ,မတူဘူး၊ ဒေါမနဿက ဝေဒနာ၊ ဒေါသက ဝေဒနာ မဟုတ်ဘူး၊ သီးခြား စေတသိက်တစ်ခု။

ဣဿာက သူတစ်ပါးစည်းစိမ်ကို ငြူစူခြင်းသဘော၊ ဣဿာက သူတစ်ပါးစည်းစိမ်ကို အာရုံပြုပြီး ဖြစ်တဲ့သဘောတရား၊ ငြူစူတယ်ဆိုတာ သူများကောင်းစားနေတာကို မနာလိုတာ, Jealousy ခေါ်ရမယ်၊ သူတစ်ပါးကောင်းစားနေတာ မနာလိုတာကို ဣဿာ။

သူတပါးကောင်းစားနေတာကို ငြူစူတယ် ဆိုတော့ ဘာသဘောပါလဲ၊ ဒေါသသဘော ဒေါမနဿသဘောပေါ့၊ ဒါကြောင့်မို့ ဒီစေတသိက် ၄- ခုဟာ ဒေါသမူတွေနဲ့ပဲယှဉ်လိမ့်မယ်၊ တခြားဟာနဲ့ မယှဉ်ဘူး။

မစ္ဆရိယတဲ့၊ မစ္ဆရိယဆိုတာ မိမိစည်းစိမ်ကို လျှို့ဝှက်ဝန်တိုခြင်းသဘော၊ မိမိစည်းစိမ်ကို လျှို့ဝှက်တယ်၊ မိမိစည်းစိမ်ကို ဝန်တိုတဲ့သဘောကိုသိဖို့ အရေးကြီးတယ်။

မစ္ဆရိယကို များသောအားဖြင့်နားလည်နေကြတာက နှမြောတယ်၊ စေးနဲ့တာကို မစ္ဆရိယလို့ ဒီလိုပဲသုံးနေကြတယ်၊ ကပ်စေးနဲ့တယ်ပေါ့လေ၊ ဒါပေမယ့်လို့ ကပ်စေးနဲ့

တယ် ဆိုတော့ လောဘပေါ့၊ သို့သော် မစ္ဆရိယသည် ဘယ်တော့မှ လောဘနဲ့ မယှဉ်ဘူး၊ မစ္ဆရိယက ဒေါသနဲ့ ယှဉ်တယ်။

ဒါဖြင့် ဘာလဲ၊ မိမိစည်းစိမ်ကို လျှို့ဝှက် ဝန်တိုတယ်ဆိုတာ မိမိပစ္စည်း သူတစ်ပါးနဲ့ ဆက်ဆံမှာ မခံနိုင်တာကို ဆိုလိုတာ။

ကိုယ့်မှာ ဒီပစ္စည်းရှိတယ်၊ ဒီပစ္စည်းမျိုး သူများမှာ မရှိစေချင်ဘူး၊ ရှိသွားရင် ကိုယ်က မကြိုက်တော့ဘူး၊ အဲဒါကို မစ္ဆရိယခေါ်တယ်။

ကိုယ်ကအဆင်းလှတယ်၊ သူများကို အဆင်းမလှစေချင်ဘူး၊ သူများအဆင်း လှတာကို မခံနိုင်ဘူးဖြစ်တယ်၊ ဒါဟာ အဆင်းနဲ့ ပတ်သက်ပြီးတော့ဖြစ်တဲ့ ဝန်တို ခြင်း။

ကိုယ်က အမျိုးကောင်းတယ်ဆိုပါတော့, သူများအမျိုးကောင်းတာကို မခံနိုင် တဲ့သဘော၊ ကိုယ်က လာဘ်လာဘ ပေါများတယ်, ပိုက်ဆံရှိတယ်, သူများပိုက်ဆံ ရှိတာကို မခံနိုင်တဲ့သဘော၊ အဲဒီသဘောကို မစ္ဆရိယလို့ ခေါ်တယ်။

မေး – မစ္ဆရိယဟာ သူများကို ကိုယ်လို မသုံးစွဲစေချင်တာ ဟုတ်ပါသလား။

ဖြေ – မသုံးစေချင်တာပါတယ်၊ မသုံးစေချင်တာဆိုတာက သူများသုံးမှာကို မကြိုက် တာ၊ ကိုယ့်ဟာလေးကိုယ် မက်နေတာ မဟုတ်ဘူး၊ ကိုယ့်ဖို့ပဲ ဖြစ်စေချင်တယ်၊ သူများဖို့ မဖြစ်ပါစေနဲ့ဆိုတဲ့ အဓိပ္ပါယ်မျိုး၊ အဲဒါ မစ္ဆရိယ၊

ဒါကြောင့်မို့ မစ္ဆရိယမှာ ဒေါသသဘောပါတယ်၊ လောဘသဘော မဟုတ်ဘူး၊ တပ်မက်တွယ်တာနေတာ မဟုတ်ဘူး၊ တပ်မက်တွယ်တာနေရင် လောဘပဲဖြစ်မယ်၊ အခုဟာက ဒီဟာကို သူများသုံးမှာ, သူများနဲ့ဆက်ဆံမှာကို မခံနိုင်တာ, မကြိုက်တာ အဲဒါကြောင့် ဒေါသသဘောပါတယ်၊ အဲဒါ မစ္ဆရိယ။

မေး – မစ္ဆရိယကို အင်္ဂလိပ်လို ဘယ်လို ပြန်မလဲ၊

ဖြေ – covetousness လို့ ပြန်မယ်၊ ဟုတ်တယ်၊ avariciousness အဲသလို လည်း ပြန်တယ်၊ မှန်လား, မှားလားတော့မသိဘူး၊ Dog and the manager policy အဲဒါလေးတော့ ကောင်းတယ်၊ ဒါပေမယ့် ဒီဟာကိုလည်း တချို့ အမေရိကန်တွေ နားမလည်ဘူး။

တစ်ခါပြောဖူးတယ်၊ Taxas သွားတုန်းက၊ Dog and the manager policy ဆိုတော့ ဟိုကလူတွေ နားမလည်ဘူး၊ အဘိဓမ္မာဟောတော့ လာနားထောင် တာ ၁၀– ယောက်လောက်ရှိတယ်၊ အဲဒီစကားလုံးကို သူတို့ နားမလည်ဘူး။

မစ္ဆရိယဆိုတာ မိမိစည်းစိမ်ကို လျှို့ဝှက်ဝန်တိုတယ်၊ မိမိစည်းစိမ် သူတစ်ပါးနဲ့

ဆက်ဆံမှာကို မခံနိုင်တာလို့ နားလည်ထားရမယ်၊ နှမြောစေးနည်းတယ်ဆိုရင် လောဘ သဘောပါသွားမယ်၊ ဦးဇင်းတို့ မြန်မာပြည်မှာ ပုစ္ဆာထုတ်ရင် လှည့်လှည့် ထုတ်လေ့ရှိတယ်၊ နှမြောစေးနဲတယ်ဆိုတဲ့သူဟာ ဘာသဘောလဲ၊ လောဘ သဘောလား၊ ဒေါသသဘောလား, မစ္ဆရိယများတဲ့သူဟာ ဘာသဘောရှိသလဲ မေးလိုက်ရင် လောဘသဘောရှိတယ်လို့ ဖြေတဲ့သူများတာပေါ့၊ အမှန်က မဟုတ်ဘူး၊ trick လုပ်တာ။

မေး – ပညာဝှက်တာကကော မစ္ဆရိယသဘောပါလား။

ဖြေ – အဲဒါပါတယ်၊ ကိုယ်တတ်တဲ့ပညာ သူများမတတ်စေချင်တာ၊ အဲဒါလည်း ပါတယ်၊ မစ္ဆရိယက အမျိုးမျိုးရှိတယ်၊ အဆင်းနဲ့ပတ်သက်ပြီးရှိတယ်၊ အတတ်ပညာနဲ့ ပတ်သက်ပြီးရှိတယ်၊ လာဘ်လာဘနဲ့ ပတ်သက်ပြီးရှိတယ်၊ အမျိုးအနွယ်နဲ့ ပတ်သက်ပြီးရှိတယ်၊ ဂုဏ်သိရ်နဲ့ ပတ်သက်ပြီးတော့ရှိတယ်။

မေး – ကုက္ကုစ္စတဲ့၊ ကုက္ကုစ္စကို နဂိုက ဘယ်လို နားလည်ထားကြသလဲ၊ ဒီစာ မကြည့်ခင်ကပေါ့။

ဖြေ – ကုပ်ကပ်တယ်လို့ သတိထားပါတယ်။

အဘိဓမ္မာ ကုက္ကုစ္စက ကုပ်ဆိုတဲ့ စကားလုံးနဲ့ မြန်မာစကားလုံး ကုပ်ကပ်တယ်ဆိုတာနဲ့ ရောနှောပြီးတော့ ကုက္ကုစ္စဆိုရင် ကပ်စေးနဲတယ်လို့ ထင်သွားတာ။

ကုက္ကုစ္စရဲ့ သဘောက ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုလိုက်မိသော သုစရိုက်တို့၌ နောက်တတစ်ဖန် ပူပန်ခြင်းသဘော၊ remorse. နောက်ကမှားတာတွေ လုပ်ခဲ့မိတဲ့ အတွက် အဲဒါတွေနဲ့ပတ်သက်လို့ပြန်ပြီးတော့ စိတ်မကောင်းဖြစ်နေတာ၊ နောင်တတွေ ဖြစ်နေတာ။

နောက်က ကောင်းတာတွေမလုပ်ခဲ့မိတဲ့အတွက် အဲဒါနဲ့ပတ်သက်ပြီး စိတ်မကောင်းဖြစ်နေတာ၊ နောင်တဖြစ်နေတာ၊ ဒါကြောင့် ကုက္ကုစ္စဆိုတာ နောင်တ သဘော၊ နောင်တပူပန်တဲ့သဘော။ remorse.

ကပ်စေးနဲတာမဟုတ်ဘူး၊ ဒါပေမယ့် လူ့လောကမှာတော့ ကုက္ကုစ္စကြီးပါကွာ ဘာ,ညာနဲ့ ပြောလေ့ရှိတယ်။

အမှန်တော့ ကုက္ကုစ္စဆိုတာ ပြုအပ်ပြီးသော ဒုစရိုက်, သို့မဟုတ် မပြုခဲ့မိတဲ့ သုစရိုက်ကောင်းတဲ့ အလုပ်တွေနဲ့ ပတ်သက်ပြီး နောင်တဖြစ်တာ၊ ငါ မလုပ်ခဲ့မိလေ ခြင်း, သို့မဟုတ် ငါလုပ်ခဲ့မိလေခြင်းလို့ နောင်တဖြစ်တာကို ကုက္ကုစ္စလို့ ခေါ်တယ်။

မေး – ကုက္ကုစ္စကို ဒေါသ group ထဲမှာပါလား။

ဖြေ – ဟုတ်တယ်၊ ဒေါသ group ထဲမှာပါတယ်၊ ဒါပေမယ့် စိတ်မချမ်းသာတာနော်၊ ပြုလုပ်ခဲ့မိတဲ့ကိစ္စနဲ့ ပတ်သက်ပြီး စိတ်မချမ်းသာ ဖြစ်နေတာကြောင့် ဒေါသ group ထဲ ထည့်ရမှာ၊ စိတ်ဆိုးတာတော့ မဟုတ်ဘူး၊ ဒေါမနဿ သဘောပါသွားတယ်၊ စိတ်ဆိုးတယ်ဆိုတာ anger ဖြစ်နေတာမျိုးမဟုတ်ဘူး၊ depress ဖြစ်နေတာမျိုးလည်း စိတ်ဆိုးတာပဲ၊ စိတ်ဆိုးတယ်ဆိုတာ နဂိုကဖြစ်နေတဲ့ ကောင်းနေတဲ့စိတ်ကလေး ပျက်သွားတာကို စိတ်ဆိုးတယ်လို့ တကယ်သုံးတာ, ဒီ၄–ခုကို တစ်စုမှတ်နော်။

နောက်တစ်ခုက ထိနတဲ့၊ ထိနဆိုတာ စိတ်၏ထိုင်းမှိုင်းခြင်းသဘော, မိဒ္ဓဆိုတာ စေတသိက်တို့၏ ထိုင်းမှိုင်းသဘော, ဒါကတော့ အလွန်သိခဲပါတယ်၊ မြတ်စွာဘုရားမို့ ဟောနိုင်တာ၊ စိတ်နဲ့ စေတသိက်ကို ခွဲခြားသိဖို့ပဲ အလွန်ခဲယဉ်းတာ၊ အဲဒီထဲမှာ စိတ်ရဲ့ထိုင်းမှိုင်းတာက တစ်ခု, စေတသိက်ရဲ့ ထိုင်းမှိုင်းတာကတစ်ခု, ထိနနဲ့ မိဒ္ဓဆိုပြီး ၂–မျိုးခွဲခြားပြီး မြတ်စွာဘုရားက ဟောထားတာ။

တကယ့်လက်တွေ့မှာတော့ ဒီနှစ်ခုကို ကွဲကွဲပြားပြားသိဖို့မလွယ်ဘူး၊ ထိုင်းမှိုင်းတာတော့သိတယ်၊ အိပ်ချင်လာတဲ့အခါ ထိနမိဒ္ဓဝင်လာတာပဲ၊ ဒါကြောင့်မို့ တရားထိုင်တဲ့အခါ အိပ်ချင်ရင် ထိနမိဒ္ဓဝင်လာပြီဆိုပြီး တိုက်ထုတ်ရတာ၊ အိပ်ချင်လာရင် ဒီ ၂–ခုလာတာပဲလို့ မှတ်ထားပေါ့၊ ခွဲခြားပြောပါဆိုရင် ထိနက စိတ်၏ထိုင်းမှိုင်းခြင်း၊ မိဒ္ဓက စေတသိက်တို့၏ ထိုင်းမှိုင်းခြင်း။

အင်္ဂလိပ်လိုပြန်တော့ ထိနကို sloth လို့ ပြန်တယ်၊ မိဒ္ဓကျတော့ torpor ၊ ဈာန်ကို တားမြစ်တတ်တဲ့ တရားတွေ အနေနဲ့လာရင် ဒီ –၂ခုကို တစ်တွဲသုံးတယ်၊ အိပ်ချင်လာပြီဆိုရင် ကုသိုလ်စိတ် မဟုတ်ဘူးနော်၊ မှတ်ထားကြ။

ထိနနဲ့မိဒ္ဓက ဘယ်တော့မှမခွဲဘူး၊ အမြဲတမ်းတွဲဖြစ်တယ်၊ စိတ်နဲ့ စေတသိက်က အမြဲတမ်းတွဲဖြစ်တာကိုး၊ ဒါကြောင့် သူတို့ ၂–ခုက ဘယ်တော့မှ မခွဲဘူး။

နောက်ဆုံးတစ်ခုက ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာဆိုတာ ဘုရားစသော အာရုံ၌ ယုံမှားခြင်းသဘော, ယုံမှားတယ်ဆိုတာ မဆုံးဖြတ်နိုင်တာ, ဟိုဟာစဉ်းစား ဒီဟာစဉ်းစားနဲ့ စိတ်ပင်ပန်းလာတယ်၊ မဆုံးဖြတ်နိုင်ဘူး၊ ဒါကို ဝိစိကိစ္ဆာလို့ ခေါ်တယ်။

ဒီနေရာမှာ ဝိစိကိစ္ဆာဟာ ရိုးရိုးမဆုံးဖြတ်နိုင်တာကို ဝိစိကိစ္ဆာခေါ်သလား, ဆိုပါတော့, ကားမောင်းသွားတာ လမ်းထောင့်ရောက်လို့ ညာဘက်ကွေ့ရမလား, ဘယ်ဘက် ကွေ့ရမလား, မသိတာ ဝိစိကိစ္ဆာလားဆိုရင် ဒါဟာ ဝိစိကိစ္ဆာမဟုတ်ဘူး၊ အဲဒါကတော့ မဆုံးဖြတ်နိုင်တာ undecided မသိတာတစ်မျိုးပဲဖြစ်မယ်၊ ဝိစိကိစ္ဆာ

မဟုတ်ဘူး။

ဝိစိကိစ္ဆာဆိုတာကတော့ ဘုရားနဲ့ ပတ်သက်ပြီး, တရားနဲ့ပတ်သက်ပြီး သံဃာနဲ့ပတ်သက်ပြီး ယုံမှားမှုဖြစ်နေတာ၊ ဘုရားဟာ မှားတယ်ဟော့ အတိအကျ ဆုံးဖြတ်သွားရင်လည်း ဝိစိကိစ္ဆာမဟုတ်တော့ဘူး၊ ဒိဋ္ဌိ ဖြစ်သွားရော။

အခုဟာက ဘုရားဆိုတာတကယ်ရှိခဲ့တာ ဟုတ်မှဟုတ်လေရဲ့လား, ဘုရားမှာ သဗ္ဗညုတဉာဏ်ရှိတာ ဟုတ်မှဟုတ်လေရဲ့လား, အလုံးစုံသောတရားတွေကို သိတယ် ဆိုတာ ဟုတ်မှဟုတ်လေရဲ့လားလို့ အဲသလို ယုံမှားတွေးတောမှု ဖြစ်တယ်၊ မဆုံး ဖြတ်နိုင်ပဲဖြစ်တယ်။

တရားနဲ့ ပတ်သက်ပြီးတော့လည်း ဒီတရားကျင့်လို့ ကိလေသာကင်းတယ် ဆိုတာ ဟုတ်မှ ဟုတ်လေရဲ့လား, တရားထိုင်လို့ သမာဓိရတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့ လား လို့ အဲဒီလို ဟိုလိုလို ဒီလိုလို ဖြစ်နေတာ ဝိစိကိစ္ဆာ။

သံဃာနဲ့ ပတ်သက်ပြီးတော့လည်း မြတ်စွာဘုရားဟောတဲ့အတိုင်း ကျင့်တဲ့ သံဃာရှိတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား၊ သိက္ခာအကျင့်နဲ့ ပတ်သက်ပြီးတော့လည်း ကမ္မဋ္ဌာန်း တရားတို့ ဘာတို့မှာ အများကြီး ဖြစ်တတ်တယ်၊ အဲဒါအားလုံးကို ဝိစိကိစ္ဆာ ယုံမှားခြင်းလို့ခေါ်တယ်။

ရှေးတုန်းက ငါရှိခဲ့တယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား, နောက်ငါဖြစ်ဦးမယ် ဆိုတာဟုတ်မှဟုတ်ရဲ့လား၊ ဘာဖြစ်ဖြစ် သူက ဒီလိုချည်းသွားတော့မှာပဲ၊ ဝိစိကိစ္ဆာ သမားကတော့ ဆုံးဖြတ်ချက် မကျတော့ဘူး၊ ဟိုဟာလိုလို ဒီဟာလိုလိုပဲ သွားမယ်၊ အဲဒီသဘောကို ဝိစိကိစ္ဆာလို့ ခေါ်တယ်။

ပဋိစ္စသမုပ္ပါဒ်နဲ့ ပတ်သက်ပြီးတော့ ယုံမှားတာတွေလည်း အတူတူပဲ၊ အဲသလို ယုံမှားရင် မောဟသဘောတဲ့၊ အာရုံကို မဆုံးဖြတ်နိုင်တာ။

မောဟသဘောဖြစ်တဲ့အတွက်ကြောင့် ဝိစိကိစ္ဆာဟာ မောဟမူစိတ်နဲ့သာ ယှဉ်လိမ့်မယ်၊ နောက်ကျတော့ တွေ့လိမ့်မယ်။

ကောင်းပြီ၊ ဖော်ပြခဲ့တဲ့ ၁၄–ပါးကို အကုသိုလ် စေတသိက် ၁၄–ပါး ပြန်ပြီးတော့ ရေတွက်စမ်းပါဦး။

– မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ဒီ ၄–ခုတစ်တွဲမှတ်ထား
– လောဘ၊ ဒိဋ္ဌိ၊ မာန ဒီ၃–ခု တစ်တွဲမှတ်ထား
– ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဒီ ၄–ခုတစ်တွဲ
– ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ, အားလုံးပေါင်းလိုက်ရင် ၁၄–ခု၊ ဒီ ၁၄–ခုကို

အကုသိုလ် စေတသိက် ခေါ်တယ်၊ သူတို့ဟာ အကုသိုလ်စိတ်၌သာ ယှဉ်လိမ့်မယ်၊ ကုသိုလ်စိတ်နဲ့ ဘယ်တော့မှ မယှဉ်ဘူး၊ ဝိပါက်စိတ်နဲ့ ဘယ်တော့မှ မယှဉ်ဘူး၊ ကြိယာစိတ်နဲ့ ဘယ်တော့မှမယှဉ်ဘူး၊ ရူပါဝစရစိတ်တို့ဆီ ဘယ်တော့မှ မရောက်ဘူး။

မေး – ထိနမိဒ္ဓဟာ မောဟနဲ့ တွဲပါသလား။

ဖြေ – ထိနမိဒ္ဓဟာ မောဟတင်မဟုတ်ဘူး၊ သသင်္ခါရိကဆိုရင်တွဲလိမ့်မယ်၊ သသင်္ခါရိကဆိုတာက တိုက်တွန်းရတာကိုး၊ တိုက်တွန်းမှုလေးပါတော့ သူက ဆုတ်နစ်မှုလေးရှိတယ်၊ အဲဒါကြောင့်မို့ ထိနမိဒ္ဓက အကုသိုလ်, သသင်္ခါရိက စိတ်တွေနဲ့ ယှဉ်လိမ့်မယ်။

ကောင်းပြီ၊ နောက်တစ်ခုက သောဘနစေတသိက်–၂၅ပါး၊ သောဘနဆိုတဲ့ အဓိပ္ပါယ်က တင့်တယ်တယ်၊ လှပတယ်၊ ဒါကို သောဘနလို့ ခေါ်တယ်။

တင့်တယ်တဲ့ စေတသိက် ၂၅–ပါးရှိတယ်၊ အဲဒီ စေတသိက် –၂၅ပါးထဲမှာမှ အစုလေးတွေ ကွဲသေးတယ်၊ ပထမတစ်စုက ၁၉–ပါးရှိတယ်၊ သောဘနသာဓာရဏ လို့ ခေါ်တယ်၊ သာဓာရဏဆိုတာ common ဖြစ်တယ်၊ ဆက်ဆံတယ်လို့ ပြောတာ။

သောဘနသာဓာရဏလို့ ပြောလိုက်ရင် သောဘနစိတ်တွေအားလုံးနဲ့ သူတို့ ဆက်ဆံလိမ့်မယ်၊ သောဘနစိတ်တွေဖြစ်တိုင်း ဖြစ်တိုင်း ဒီ ၁၉–ခုက ယှဉ်လိမ့်မယ်၊ ကာမာဝစရကုသိုလ်စိတ်ဖြစ်ရင် ပါမယ်၊ ရူပါဝစရကုသိုလ်စိတ် ဖြစ်ရင်ပါမယ်၊ အရူပါဝစရ ကုသိုလ်စိတ်ဖြစ်ရင်ပါမယ်၊ လောကုတ္တရာစိတ်ဖြစ်ရင်ပါမယ်၊ သောဘန စိတ်တွေ ဖြစ်တိုင်းဖြစ်တိုင်း သူက ယှဉ်လိမ့်မယ်၊ အဲဒါကို ပါဠိလို သာဓာရဏ၊ မြန်မာလိုတော့ "ဆက်ဆံတယ်"လို့ ပြန်တယ်၊ ဆက်ဆံတယ်ဆိုတာ ဆက်သွယ်တာ၊ common ဖြစ်တာ၊ ဒါကြောင့်မို့ common to beautiful ပေါ့၊ သောဘန သာဓာရဏ ၁၉–ပါးတောင် ရှိတယ်။

ပထမကသဒ္ဓါတဲ့၊ သဒ္ဓါစေတသိက်၊ သဒ္ဓါဆိုတာ ဘုရားစသော အာရုံ၌ ယုံကြည်ခြင်းသဘော၊ ဘုရားတရားသံဃာ စသည်မှာ ဆုံးဆုံးဖြတ်ဖြတ်နဲ့ ယုံကြည်တာကို ဆိုလိုတာ၊ ဒါဟာ ဟုတ်တယ်လို့ ဆုံးဖြတ်မှုပါတယ်၊ အဲသလို ဆုံးဖြတ်ပြီး ယုံကြည်တာမျိုးကို သဒ္ဓါလို့ခေါ်တယ်၊ ဒါကြောင့်မို့ ဒီသဒ္ဓါဟာ အသိဉာဏ်နဲ့ ဆက်နွယ်တယ်၊ တစ်ခါတစ်ခါတော့ အသိဉာဏ် မပါပဲလ ည်း ဖြစ်တတ်တယ်။

ဒီသဒ္ဓါက စိတ်ကို ကြည်စေတတ်တဲ့သဘော လက္ခဏာရှိတယ်၊ သဒ္ဓါတရား ကိုယ့်သန္တာန်မှာဖြစ်လာရင် စိတ်ဟာကြည်လင်သွားတယ်၊ ဘုရား, တရား, သံဃာမှာ

သဒ္ဓါတရားဖြစ်တယ်, သဒ္ဓါတရားရှိတယ်ဆိုတာက ယုံကြည်တာကို ဆိုလိုတာ၊ ဒါပေမယ်လို့ ရိုးရိုးစကားပြောတဲ့အခါကျတော့ ဒီပုဂ္ဂိုလ်ဟာ သဒ္ဓါကောင်း တယ်ပေါ့လို့ ပြောရင် ရက်ရောတယ်လို့ ဆိုလိုတာ၊ အလှူအတန်း ရက်ရောတာကို သဒ္ဓါတရား ကောင်းတယ်လို့ ပြောတာ။

အမှန်ကတော့ အဘိဓမ္မာ ဝေါဟာရအနေနဲ့ဆိုရင် သဒ္ဓါတရား ကောင်းတယ် ဆိုတာဘုရား, တရား သံဃာအပေါ်မှာ ခိုင်မြဲတဲ့ ယုံကြည်မှုရှိတာဆိုလိုတာ၊ ယုံကြည်မှု ရှိလာရင် လှူတာတန်းတာ လုပ်တော့မှာပေါ့လေ၊ အဲဒါသဒ္ဓါတဲ့။

သဒ္ဓါကို ဘာနဲ့နှိုင်းသလဲဆိုတော့ ရေကိုကြည်စေတတ်တဲ့ စကြာမင်းကြီးရဲ့ ပတ္တမြားရတနာနဲ့ နှိုင်းတယ်၊ စကြာမင်းမှာ ပတ္တမြားရတနာတစ်ခုရှိတယ်၊ သူ စစ်တိုက်သွားမယ်၊ ခရီးထွက်တဲ့အခါရေသောက်ချင်လာတယ်၊ ရေကလဲ လူအများ ဖြတ်သန်းသွားလာထားလို့ မကြည်ဘူးဆိုပါတော့၊ အဲသလိုဆိုရင် ရေခပ်ပြီး ပတ္တမြားရတနာ ထည့်လိုက်ရင် ရေဟာ တစ်ခါတည်း အနည်ထိုင်ကျ ကြည်လင် လာပြီး သောက်လို့ရသွားတယ်၊ အဲသလို စကြာမင်းရဲ့ ပတ္တမြား ရတနာနဲ့ နှိုင်းပြီး ကျမ်းဂန်တွေမှာ ဆိုတယ်။

ပြီးတော့ သဒ္ဓါတရားကို ရဲရင့်တဲ့သူနဲ့လဲနှိုင်းတယ်၊ မြစ်တစ်ခုရှိတယ်ဆိုပါတော့၊ မြစ်ဆိုရင် မြန်မာလူမျိုးက ဧရာဝတီပဲ မြင်တာ၊ အဲသလို မမြင်ကြနဲ့၊ ဖြတ်သွားလို့ရတဲ့ မြစ်သေးသေးမျိုးကိုပဲ မြင်ကြ။

အဲဒီမြစ်ကမ်းမှာ လူတွေက ရပ်နေကြတယ်ဆိုပါတော့၊ သူတို့က ဟိုဘက်ကမ်း ကူးချင်တယ်၊ ဒါပေမယ့် မြစ်ထဲက မိချောင်းတွေဘာတွေကြောက်လို့ မကူးဝံ့ဘူး ဖြစ်နေတယ်၊ အဲဒီကျတော့ လူတစ်ယောက်ကလာတယ်၊ လက်ထဲမှာ ဓားပါလာတယ်၊ မင်းတို့ ဘာလုပ်နေကြသလဲ မေးတော့ ဟိုဘက်ကမ်းကူးဖို့ မကူးရဲဘူး သိရတယ်။

"လာခဲ့, ငါ့နောက်က လိုက်ခဲ့၊ ငါကာကွယ်မယ်"ဆိုပြီး သူက ရှေ့ကခေါင်း ဆောင်ဆွဲခေါ်သွား၊ သူ့နောက်က လိုက်ကြနဲ့ ဟိုဘက်ကမ်း ရောက်သွားရော။

သဒ္ဓါတရားဟာ အဲဒါမျိုးလိုပဲ၊ ကုသိုလ်ကောင်းမှုတစ်ခုခု ပြုစရာရှိရင် သဒ္ဓါတရားမရှိရင် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်မနေပေဘူးလား၊ ဟိုဟာလေးစိုးရိမ်, ဒီဟာလေးစိုးရိမ်၊ သဒ္ဓါရှိလာပြီဟေ့ဆိုရင် သူကဆွဲခေါ်သွားလို့ ပါသွားတော့တာပဲ၊ လှူတယ် တန်းတယ်ဆိုလည်း ရက်ရက်ရောရော လှူတန်းတော့တာပဲ၊ သီလ ဆောက်တည် တယ်ဆိုရင်လည်း တကယ် ဆောက်တည်တော့တာပဲ။

အဲဒီလို သဒ္ဓါတရားက ရေအလျင်မှာ ရေစီးထဲဖြတ်ပြီး ခေါ်သွားတဲ့လူနဲ့လည်း

တူတယ်။

ပြီးတော့ သဒ္ဓါတရားကို လက်နဲ့လည်းနှိုင်းသေးတယ်၊ လက်မပါရင် ကိုယ်လို ချင်တဲ့ပစ္စည်း ကောက်မယူနိုင်ဘူး၊ ကောင်းတဲ့ပစ္စည်း ကောက်မယူနိုင်ဘူး ပြောကြပါစို့၊ ထို့အတူပဲ သဒ္ဓါတရားမရှိရင် ကုသိုလ်ကို မယူနိုင်ဘူး၊ သဒ္ဓါရှိမှ ကုသိုလ်ယူရတယ်၊ သဒ္ဓါမရှိရင် ကုသိုလ်ကို ဘယ်လိုလုပ်မှမရဘူး၊ ဒါကြောင့်မို့ သဒ္ဓါတရားဟာ လက်နဲ့လည်း တူတယ်။

သဒ္ဓါတရားကို သူတော်ဥစ္စာလို့ ဟောထားတဲ့ နေရာလည်းရှိတယ်၊ သူတော် ကောင်းဥစ္စာ ၇-ပါးမှာ သဒ္ဓါတရားဟာ တစ်ခုအပါအဝင်ပဲ၊ သဒ္ဓါတရားရှိရင် ဒိပုဂ္ဂိုလ်ဟာ လူချမ်းသာလို့ ခေါ်ရတာပေါ့၊ ပစ္စည်းဥစ္စာမွဲနေပေမယ်လို့ သဒ္ဓါတရားရှိရင် မြတ်စွာဘုရားရဲ့ အမြင်မှာ လူချမ်းသာပဲ၊ သဒ္ဓါတို့ သီလတို့ပေါ့။

တစ်ခါတလေကျတော့လည်း သဒ္ဓါတရားကို မြတ်စွာဘုရားက မျိုးစေ့နဲ့ နှိုင်းခိုင်းတယ်၊ ဒီသဒ္ဓါတရားရှိတော့ သဒ္ဓါတရားကနေပြီး ကုသိုလ်အပင်တွေ ထပေါက်နိုင်တယ်ပေါ့၊ မျိုးစေ့နဲ့နှိုင်းခိုင်းပြီး ဟောထားတာတွေလည်း ရှိတယ်၊ ဒါသဒ္ဓါ တရားနဲ့ ပတ်သက်တာတွေ။

နောက်တစ်ခုက သတိတဲ့၊ သတိကျတော့ ဘုရားစသော အာရုံ၌ အမှတ်ရ ခြင်းသဘော၊ အဘိဓမ္မာမှာလာတဲ့ သတိက ကောင်းတာအမှတ်ရတာကို သတိခေါ် တာနော်၊ ဘုရား၊တရား၊သံဃာသတိရတယ်, တရားထိုင်ဖို့သတိရတယ်၊ လှူဖို့တန်းဖို့ သတိရတယ်, သီလဆောက်တည်ဖို့ သတိရတယ်၊ အဲသလိုသတိရတာမျိုး အမှတ် ရတာမျိုးကို သတိလို့ခေါ်တယ်၊ ဘုရားစသော ကောင်းသောအာရုံ၌ အမှတ်ရခြင်း သဘော။

ဒါပြင့် ငါးမျှားသွားရမှာ သတိရတာတို့ တောလိုက်သွားရမှာ သတိရတာတို့က အဲဒါတော့ သညာဖြစ်သွားပြီ၊ မှားတဲ့သညာ, အကုသိုလ်သညာ, မိစ္ဆာသညာ၊ အဲဒါကို အမှန်ကသတိလို့ မခေါ်ဘူး၊ အဘိဓမ္မာ အသုံးနှုန်းအရ အဲဒါကို သတိလို့ မခေါ်ဘူး။

သတိဟာ နေရာတကာမှာ အရေးကြီးတယ်၊ သတိပဋ္ဌာန်တရားလို့ခေါ်တဲ့ တရားထိုင်တဲ့အခါ သတိလေးပါမှ ရတယ်၊ သတိမရှိရင် စိတ်က ဟိုရောက်ဒီရောက် ရောက်တော့တာ၊ သတိလေးနဲ့ ထိန်းတဲ့ကြားထဲကတောင်မှ ရောက်တယ်ရှိသေးတယ်။

နောက်တစ်ခု ဟိရီ၊ ဒုစရိုက်မှ ရှက်ခြင်းသဘော၊ ခုနတွေ့ခဲ့ပြီနော်၊ သူနဲ့ ဆန့်ကျင်ဖက်ဖြစ်တဲ့ အဟိရိက၊ လူတွေက ဟိရိလို့လည်း ခေါ်တယ်၊ ဟိရိလို့လည်း

သုံးတယ်၊ ဒါက အလွဲအမှားဖြစ်တယ်၊ ပါဠိကိုဖတ်ရင် အရှိအတိုင်း ဖတ်ရတယ်၊ ဟိရီလို့ပဲဆိုရတယ်၊ ဟိရီလို့ အဲသလို နှုတ်တက်မိကြတယ်၊ အဲသလို အမှား နှုတ်တက်မိတာတွေ အလွန်များတယ်။

သိရီသာဖြစ်တယ် အမှန်က သိရိမဟုတ်ဘူး၊ သိရီဂေဟာ၊ သိရီကျက်သရေစသည်ဖြင့် ပြောဆိုသုံးစွဲနေကြတယ်မဟုတ်လား၊ အမှန်က သိရီ။

ဒီမှာလည်း ဒီအတိုင်းပဲ, ဟိရီ, ဒုစရိုက်မှ ရှက်ခြင်းသဘော၊ ဒုစရိုက်ဖြစ်တဲ့ သူ့အသက်သတ်ရမှာ, သူ့ဥစ္စာခိုးရမှာ ရှက်တဲ့သဘောကို ဟိရီလို့ခေါ်တယ်။

ဩတ္တပ္ပတဲ့၊ ဩတ္တပ္ပဆိုတာ ဒုစရိုက်မှ ကြောက်လန့်ခြင်းသဘော၊ ဒုစရိုက်ပြုရမှာကို ကြောက်တာ၊ ဒုစရိုက်ပြုရင် မကောင်းတဲ့အကျိုးတွေရမယ်။

အဲသလို မကောင်းတဲ့အကျိုးတွေရမှာကို ကြောက်တဲ့အတွက်ကြောင့်မို့ မပြုဘူးဆိုပါတော့၊ ဒါကြောင့်မို့ ဟိရီက ဒုစရိုက်မှ ရှက်ခြင်းသဘော, ဩတ္တပ္ပက ဒုစရိုက်မှ ကြောက်လန့်ခြင်းသဘော။

ဟိရီကို ဘာနဲ့ ဥပမာပေးသလဲဆိုတော့ ကိုယ့်ကိုကိုယ် အာရုံပြုပြီးတော့ မကောင်းမှုမှ ရှက်တတ်တဲ့ အမျိုးသမီးကောင်းနဲ့ ဥပမာပေးတယ်။

ငါလိုပုဂ္ဂိုလ်ဟာ ဒါမျိုး မလုပ်ထိုက်ဘူး၊ ငါလို အမျိုးသမီးဟာ မတော်တရော် မလုပ်ထိုက်ဘူးဆိုပြီး၊ ကိုယ့်ကိုကိုယ် ပြန်စဉ်းစားပြီးတော့ စောင့်စည်းမှု ရှိသွားတယ်၊ ဒါကြောင့်မို့ အမျိုးသမီးကောင်းနဲ့ ဥပမာပေးတာ။

ဩတ္တပ္ပကျတော့ ဒုစရိုက်မှ ကြောက်လန့်တယ်ဆိုတာ အပြင်ကဟာကို ဦးစားပေးတဲ့ သဘောရှိတယ်၊ အပြစ်ကို ကြောက်တာ၊ သူများကဲ့ရဲ့မှာကိုကြောက်တာ၊ ဒါကြောင့်မို့ သူ့ကျတော့ ပြည့်တန်ဆာမနဲ့ ဥပမာပေးတယ်၊

သူတစ်ပါး ကဲ့ရဲ့မှာစိုးတာ, သူ့ဆီလူမလာမှာစိုးတဲ့အတွက်ကြောင့်မို့ ပြည့်တန်ဆာမက ကိုယ်ဝန်မရှိအောင်နေတာပေါ့၊ အဲဒီလို ဥပမာပေးတယ်။

ဒါကြောင့်မို့ ဟိရီကို အမျိုးကောင်းသမီးနဲ့ ဥပမာပေးတယ်၊ ဩတ္တပ္ပကို ပြည့်တန်ဆာမနဲ့ ဥပမာပေးတယ်၊ အမျိုးကောင်းသမီးက ကိုယ့်ကိုကိုယ်ဆင်ခြင်ပြီး မကောင်းမှုမလုပ်ဘူး၊ ပြည့်တန်ဆာမကလည်း သူများတွေအတွက် သူ့အနေနဲ့ မလုပ်ထိုက်တာ မဟုတ်ဘူး၊ အဲသလို ဥပမာပေးတယ်။

ဒီ ၂-ပါး (ဟိရီနဲ့ ဩတ္တပ္ပ)ကို လောကပါလတရားလို့ ခေါ်တယ်၊ လောကကြီးကို စောင့်ရှောက်တတ်တဲ့ တရား, လောကရဲ့အစောင့်အရှောက်တရား, ဒီ ၂-ပါး မရှိဘူးဆိုရင် လူ့လောက Society ပရမ်းပတာဖြစ်လာမယ်၊ အခု

ဒိနိုင်ငံကြည့်ပေါ့၊ ဟိရီသြတ္တပ္ပဆိုရင် နားကိုမလည်ဘူး၊ ဟိရီသြတ္တပ္ပရှိတဲ့ သူကိုတောင် သူတို့က ကဲ့ရဲ့ဦးမယ်၊ မရှိအောင် မြှောက်ပေးတယ်၊ အဲဒါကြောင့်မို့လည်း ဒိနိုင်ငံ ကိုးရိုးကားရားဖြစ်နေတာပဲ။

ဒီ ၂-ပါး (ဟိရီနဲ့ သြတ္တပ္ပ)ကို လောကပါလတရားလို့လဲခေါ်တယ်၊ ဖြူစင်ကြောင်းဖြစ်တဲ့ တရားလို့လည်းသုံးတယ်၊ ဒီ ၂-ခုရှိရင် ကုသိုလ်ဖြစ်တော့တာပဲ၊ ဒီ၂-ခု မရှိဘူးဆိုရင် အကုသိုလ်ဖြစ်ချင်ရာဖြစ်ရော။

နောက်တစ်ခုက အလောဘတဲ့, အလောဘဆိုတာ အာရုံ၌ မကပ်ငြိမလိုချင်ခြင်း၊ သဘောပြောင်းပြန်က လောဘပေါ့၊ လောဘရဲ့ ပြောင်းပြန်သည် အလောဘ။

အလှူအတန်းပြုတဲ့အခါ လောဘ ရှိသေးသလား၊ ဒီပစ္စည်းနဲ့ ပတ်သက်ပြီး လောဘရှိနေရင် မလှူနိုင်ဘူးလေ၊ သူများကို မပေးနိုင်ဘူး။

ပစ္စည်းနဲ့ ပတ်သက်ပြီး သူများကို ပေးတယ်,လှူတယ် ဆိုတာ အလောဘက လှူတာ၊ အဲဒါကြောင့် အလောဘကို ဘာနဲ့ ဥပမာပေးသလဲဆိုတော့ သစ်ရွက်ပေါ်မှာ တင်နေတဲ့ ရေပေါက်ကလေးနဲ့ တူတယ်တဲ့၊ သူကကပ်ငြိမနေဘူး၊ ဟိုပြေး ဒီလိမ့်နဲ့, ရေကလေးက ကပ်နေတယ် မရှိဘူး၊ အဲသလိုပဲ ဥပမာပေးတယ်။

ကိလေသာမှ ကင်းလွတ်ပြီးသား ရဟန်းအနေနဲ့ ဘာမှတွယ်တာမှု မရှိသလိုပဲ၊ အလောဘကို ကိလေသာမှ ကင်းလွတ်ပြီးသား ရဟန်းနဲ့လည်း ဥပမာပေးတယ်။

ပြီးတော့ မတွယ်တာမှုမှာ နောက်တစ်ခုက ဘာနဲ့ ဥပမာပေးသလဲဆိုတော့ အညစ်အကြေးထဲ ကျသွားတဲ့လူဟာ အဲဒီအညစ်အကြေးပေါ်မှာ တွယ်တာမှုမရှိဘူး၊ ချက်ချင်းပြန်ပြီး ရုန်းထွက်သွားသလို အာရုံတစ်ခုနဲ့ တွေ့လိုက်ရင် အဲဒီ အာရုံကို မလိုချင်တာ မတွယ်တာတာ, အဲဒီအာရုံမှာ မကပ်ငြိတာကို အလောဘလို့ခေါ်တယ်။

နောက်တစ်ခုက အဒေါသ၊ ဒါလည်း ဒေါသရဲ့ဆန့်ကျင်ဘက်ပဲ၊ မခက်ထန် မကြမ်းတမ်းခြင်းသဘော၊ မခက်ထန်ဘူး, မကြမ်းတမ်းဘူးဆိုရင် ပျော့ပျောင်းတယ်ပေါ့၊ ဒါကြောင့်မို့ အဒေါသဟာ အမှန်တော့ မေတ္တာ၊ မေတ္တာနဲ့ အဒေါသ အတူတူပဲ။

ဒေါသဖြစ်နေရင် မေတ္တာဖြစ်နိုင်ပါ့မလား၊ မဖြစ်နိုင်ဘူး၊ ဆန့်ကျင်ဘက်ပဲ၊ မေတ္တာဖြစ်နေရင် ဒေါသမဖြစ်ဘူး။

အဲဒီ အဒေါသကို ဘာနဲ့ ဥပမာပေးသလဲဆိုတော့ ကိုယ်နဲ့တည့်တဲ့မိတ်ဆွေ၊ ကိုယ်နဲ့တည့်တဲ့ မိတ်ဆွေဆိုရင် ကိုယ့်အပေါ် စိတ်ကောင်းရှိတယ်၊ လိုက်လျောတယ်။

ပြီးတော့ အဒေါသဆိုတာ အေးမြတဲ့သဘောရှိတယ်, မကြမ်းတမ်းဘူးဆိုတော့

စန္ဒကူးနဲ့လည်း ဥပမာပေးတယ်။

နောက်တစ်ခုက တတြမဇ္ဈတ္တတာ၊ အာရုံ၌ သမ္ပယုတ်တရားတို့ကို လစ်လျူရှုစေခြင်းသဘော။

တတြမဇ္ဈတ္တတာဆိုတာက ဟိုဘက်လည်းမပါဘူး၊ ဒီဘက်လည်းမပါဘူး၊ အလယ်မှာ တည်နေတာကို ဆိုလိုတယ်၊ ဟိုဘက်လည်းကျမသွားဘူး၊ ဒီဘက်လည်းကျမသွားဘူး၊ မဇ္ဈဆိုတာအလယ်၊ မဇ္ဈိမပဋိပဒါဆိုတာ အလယ်အလတ်, အင်္ဂလိပ်လိုပြန်ရင် Equanimity လို့ပြန်တယ်။

သူက ဘာသဘောလဲဆိုတော့ မနသိကာရ attention တုန်းကလည်း ဘာဥပမာပြောခဲ့သလဲ၊ မြင်း ၅-ကောင် ၆-ကောင်ကတဲ့ ရထားသွားတဲ့အခါ ဒီမြင်းတွေ အညီအမျှသွားအောင် ဖြောင့်ဖြောင့်သွားအောင် ဂရုစိုက်တာ မနသိကာရ။

တတြ မဇ္ဈတ္တတာရဲ့သဘောက အဲသလို ဂရုစိုက်ပေးလို့ သူ့ဟာသူ ဖြောင့်ဖြောင့်လေး သွားနေတဲ့အခါကျတော့ ဒီ driver က ဘာမှ ကြောင့်ကျမစိုက်တော့ပဲနဲ့ အေးအေးလေးနေတော့တယ်၊ အထူးဘာမှ မြင်းကို ကြောင့်ကျမစိုက်ပဲနဲ့ သူ့ဟာသူ မှန်မှန် အေးအေးဆေးဆေးသွားနေလို့၊ အဲဒီအခါမှာ သူဟာ တတြ မဇ္ဈတ္တတာ သဘောဖြစ်နေတယ်။

ဟိုမြင်းလည်းတို့စရာ မလိုဘူး, ဒီမြင်းလည်းတို့စရာမလိုဘူး, အဲဒီ သဘောကို တတြမဇ္ဈတ္တတာလို့ ခေါ်တယ်။

တတြမဇ္ဈတ္တတာကိုပဲ ဥပေက္ခာလို့လည်း ခေါ်တဲ့နေရာတွေ အများကြီးရှိတယ်၊ ဒါကြောင့်မို့ စာဖတ်တဲ့အခါ ဥပေက္ခာဆိုတဲ့ စကားလုံးတွေ့လာရင် သတိထားရမယ်။

ဥပေက္ခာဟာ ဝေဒနာဥပေက္ခာလည်းရှိတယ်၊ အလယ်အလတ်ခံစားမှု၊ ကောင်းတာခံစားတာလည်း မဟုတ်ဘူး၊ ဆိုးတာခံစားတာလဲ မဟုတ်ပဲနဲ့ အလယ်အလတ်ခံစားမှုဝေဒနာ ဥပေက္ခာက တစ်မျိုး။

ဒီလို ဟိုဘက်ဒီဘက်မကျပဲနဲ့ အလယ်မှာနေတဲ့ ဥပက္ခောက တစ်မျိုး၊ တစ်ခါတစ်ခါ သုတ္တန်ပါဠိတော်တွေမှာ ဥပေက္ခာဆိုတဲ့ စကားလုံးသုံးပြီးဟောတယ်၊ တစ်ခါတလေ ဥပေက္ခာက indiffence, neutral feeling တစ်ခါတလေ Equanimity မတူဘူး။

ဒါကြောင့်မို့ တတြမဇ္ဈတာကို တစ်ခါတလေ ဥပေက္ခာလို့ ခေါ်လိမ့်မယ်။

ဗြဟ္မစိုရ် ၄-ပါးဆိုတာသိကြသလား မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ, အဲဒီ ဥပေက္ခာဟာ ဒါပဲ၊ ဗြဟ္မစိုရ် ၄-ပါးမှာပါတဲ့ ဥပေက္ခာဟာ feeling ဥပေက္ခာ

မဟုတ်ဘူး၊ ဥပေက္ခာဝေဒနာနဲ့ ယှဉ်တဲ့ ဥပေက္ခာမဟုတ်ဘူး၊ ဒီဥပေက္ခာကို ဆိုလိုတာ။

ဒါကြောင့်မို့ အဲဒီဥပေက္ခာကို ပွားများတဲ့အခါကျတော့ မုန်းခြင်းချစ်ခြင်း မရှိတော့ဘူး၊ အလယ်အလတ်မှာပဲနေတော့တယ်၊ ဥပေက္ခာက လုံး၀ အာရုံမပြုတာ တော့မဟုတ်ဘူးနော်၊ အဲဒါ သိပ်အရေးကြီးတယ်။

ဆိုပါတော့, အခုခေတ်မှာသားသမီးမိုက်လို့ ဥပက္ခောပြုလိုက်ပြီဆိုရင် သူ့ကို လုံး၀ စိတ်ထဲမထားတော့ဘူး၊ ပစ်ပယ်လိုက်တာ၊ အဲဒါကို ဥပေက္ခာလို့ သုံးတယ် မဟုတ်လား၊ အမှန်က မဟုတ်ဘူး၊ ဒီဥပေက္ခာက အာရုံပြုလျက်နဲ့ သူ့ကို ချစ်ခြင်း မုန်းခြင်း မဖြစ်တာ, very refined stage ဒီအဆင့်အတန်းမျိုးဟာ တော်တော် လေ့လာယူရတဲ့ အဆင့်အတန်းမျိုး၊ ဒီပုဂ္ဂိုလ်တစ်ယောက်ကို မြင်နေပါ လျက်နဲ့ သူ့ကိုချစ်လည်းမချစ်ဘူး မုန်းလည်းမမုန်းဘူး၊ မုန်းလည်းမမုန်းအောင်ထိန်းရတဲ့ အရည်အချင်းဟာ မနည်းဘူး၊ အဲဒါကို ဥပေက္ခာလို့ ခေါ်တယ်။

ဒါကြောင့်မို့ အခုဗြဟ္မစိုရ်တရား ၄-ပါးထဲက မေတ္တာတွေ့ထားပြီ၊ ဥပေက္ခာ တွေ့ထားပြီ၊ ကရုဏာနဲ့ မုဒိတာကို နောက်တော့ တွေ့လိမ့်မယ်။

နောက်ဟာတွေက အတွဲ, အတွဲနဲ့သွားလိမ့်မယ်၊ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ဆိုတဲ့ ပဿဒ္ဓိအတွဲ၊ ကာယလဟုတာ, စိတ္တလဟုတာအတွဲ စသည်ဖြင့် သွားတယ်။

ကာယပဿဒ္ဓိဆိုတာ စေတသိက်တို့၏ ငြိမ်းခြင်းသဘော၊ စိတ္တပဿဒ္ဓိဆိုတာ စိတ်၏ ငြိမ်းခြင်းသဘော, ခုနကပြောတဲ့ ထိနမိဒ္ဓလိုပဲ။

ဒီနေရာမှာ ကာယဆိုတဲ့ စကားလုံးလေး သတိထားရမယ်၊ ကာယဆိုတာ ကိုယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ကိုယ်ဆိုတာ ရုပ်ခန္ဓာကြီးလို့ များသောအားဖြင့် ယူတတ်တယ်၊ ဒီနေရာမှာ ရုပ်ခန္ဓာကိုယ်ကို မဆိုလိုဘူး၊ ကာယအပေါင်းဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ဦးဇင်းတို့ ခန္ဓာကိုယ်က အစိတ်အပိုင်းလေးတွေ ပေါင်းထားလို့ အပေါင်းလို့ ကိုယ်ကာယလို့ပါဠိလို ခေါ်တာ၊ ဒါကြောင့် ကာယဆိုတာ စေတသိက် အပေါင်းလို့ဆိုလိုတာ၊

ဒါကြောင့် ကာယပဿဒ္ဓိဆိုရင် စေတသိက်အပေါင်းတို့၏ ငြိမ်းခြင်းသဘော၊ စိတ္တပဿဒ္ဓိ စိတ်၏ငြိမ်းခြင်းသဘော၊ အဲဒီ ငြိမ်းနေတဲ့သဘောလေး၊ Tranquility ပေါ့။

နောက်တစ်ခုက ကာယလဟုတာ, စိတ္တလဟုတာ, လဟုဆိုတာပေါ့တာ၊ စေတသိက်တို့၏ပေါ့ခြင်းသဘော, စိတ်၏ပေါ့ခြင်းသဘော, သွက်သွက်လက်လက်

ဖြစ်နေတာကို ဆိုလိုတာ၊ မလေးလံဘူး၊ မထိုင်းမှိုင်းဘူး။

နောက်တစ်ခုက ကာယမုဒုတာ, စိတ္တမုဒုတာ, စေတသိက်တို့၏ နူးညံ့ခြင်းသဘော, သိမ်မွေ့ခြင်းသဘော, စိတ်၏နူးညံ့ခြင်းသဘော, သိမ်မွေ့ခြင်းသဘော၊ အဲဒါတွေက သိပ်မခဲယဉ်းပဲ နားလည်နိုင်တယ်။

ကာယကမ္မညတာ, စေတသိက်တို့၏အမှုဒ္ဓ ကောင်းခြင်းသဘော၊ စိတ္တကမ္မညတာ၊ စိတ်၏အမှုဒ္ဓကောင်းခြင်းသဘော၊ အမှုဒ္ဓကောင်းခြင်းဆိုတာဘာလဲ။

အမှုဒ္ဓ ကောင်းခြင်းဆိုတာက ပါဠိစကားကို တိုက်ရိုက်ပြန်ထားတာ၊ adaptablity အမှုဆိုတာ ထိုထိုကိစ္စပေါ့၊ ထိုထိုကိစ္စဒ္ဓ ကောင်းတယ်ဆိုတော့ adapt လုပ်လို့ရတယ်, ဘာနဲ့ဖြစ်ဖြစ် လုပ်နိုင်တယ်, လိုက်လျောတယ်, အဲဒါကြောင့်မို့ အမှုဒ္ဓကောင်းခြင်း၊ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ စေတသိက်တို့၏ အမှုဒ္ဓ ကောင်းခြင်း၊ စိတ်၏အမှုဒ္ဓကောင်းခြင်း။

ကာယပါဂုညတာ၊ စိတ္တပါဂုညတာ, စေတသိက်တို့၏ လေ့လာခြင်းသဘော, စိတ်၏လေ့လာခြင်းသဘော။

လေ့လာခြင်းသဘောဆိုတာ ဘာတုန်း proficiency လေ့လာပြွမ်းတီးတယ်၊ အလေ့အကျင့် ရတယ်ဆိုတဲ့သဘော၊ ဒါကြောင့်မို့ စေတသိက်တို့၏ လေ့လာခြင်းသဘော proficiency ဖြစ်တယ်၊ စိတ်၏လေ့လာခြင်းသဘော။

နောက်တစ်ခုက ကာယုဇုကတာ, စိတ္တုဇုကတာ, ဥဇုဆိုတာ ဖြောင့်တာ၊ ကာယုဇုကတာဆိုတော့ စေတသိက်တို့ ဖြောင့်မတ်ခြင်းသဘော၊ rectitude လို့ ပြန်တယ်၊ စိတ္တုဇုကတာဆိုတာ၊ စိတ်၏ဖြောင့်မတ်ခြင်းသဘော၊ သူတို့က အတွဲ, အတွဲလေးတွေနဲ့နေတယ်။

အဲဒီတော့ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိက စိတ်စေတသိက်တို့၏ ပူပန်ခြင်းကို ပယ်မယ်, ကာယလဟုတာ၊ စိတ္တလဟုတာအရ စိတ်စေတသိက်တို့၏ ထိုင်းမှိုင်းခြင်းကို ပယ်မယ်စသည်ဖြင့်ပေါ့, သူတို့က ၂-ခု, ၂-ခုစီ တွဲပြီး ဆိုင်ရာ ဆန့်ကျင်ဖက်တရားတွေကို ပယ်တတ်တဲ့အတွက်ကြောင့် ၂-ခု, ၂ ခုတွဲပြီးထားတယ်။

ကောင်းပြီ, ဒီ ၁၉-ခုကို သောဘနသာဓာရဏစေတသိက် ၁၉-ပါး၊ သောဘနသာဓာရဏဆိုတဲ့ အဓိပ္ပါယ်က သောဘနစိတ်အားလုံးနဲ့ ဆက်ဆံမယ်၊ သောဘနစိတ်အားလုံးဖြစ်တိုင်းဖြစ်တိုင်း သူတို့လည်းပဲဖြစ်မယ်, ယှဉ်မယ်။

ဝိရတိ ၃-ပါးတဲ့၊ ဝိရတိဆိုတာ ရှောင်ကြဉ်ကြောင်းဖြစ်သော စေတသိက်, ရှောင်ကြဉ်တဲ့သဘောကို ဝိရတိလို့ခေါ်တယ်၊ rectitude လို့ အင်္ဂလိပ်လို

ပြန်တယ်။

သမ္မာဝါစာတဲ့၊ အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခြင်းသဘော၊ သမ္မာဆိုတာက မှန်ကန်သော,ဝါစာဆိုတာက စကား၊ မှန်ကန်သော စကားလို့ဆိုလိုတယ်။

မှန်ကန်သော စကားဆိုတာက ဒီနေရာမှာ အမှန်အကန်ပြောတာကို ဆိုလိုတာမဟုတ်ပဲနဲ့ မမှန်မကန်ပြောတာ, ကုန်းတိုက်တာ, ကြမ်းကြမ်းတမ်းတမ်းပြောတာ၊ အနက်အဓိပ္ပါယ် မရှိတဲ့စကားကို ပြောဆိုခြင်းမှရှောင်ကြဉ်တာကို (ဒီနေရာမှာ) ဆိုလိုတယ်။

"အသက်မွေးဝမ်းကျောင်းနှင့်မစပ်ဆိုင်သော"ဆိုတာ တချို့က ဒါနဲ့ အသက်မွေးတာတွေရှိတတ်တယ်၊ သူများကို လိမ်ညာပြီး အသက်မွေးတဲ့သူတွေ ရှိတယ်ဆိုရင် မုသာဝါဒဟာ သူ့ရဲ့အသက်မွေးဝမ်းကျောင်း။

အခုဟာက အဲသလို အသက်မွေးဝမ်းကျောင်း မဟုတ်ပဲနဲ့ ရိုးရိုးလိမ်ပြောတာမျိုး၊ ဆိုပါတော့, ဒီလူတွေဟာ လိမ်ပြောပြီး အသက်မွေးတဲ့သူတွေ မဟုတ်ဘူး၊ ဒါပေမယ့်လို့ လိမ်စရာတစ်ခုတွေ့လာတယ်။

တွေ့တဲ့အခါမှာ အဲဒီလိမ်စရာကိုတွေ့လျက်နဲ့, လိမ်ဖို့အခွင့်အရေးကို စွန့်လွှတ်လိုက်တယ်, မလိမ်ဘူး, ရှောင်ကြဉ်လိုက်တယ်၊ အဲသလို ရှောင်ကြဉ်လိုက်တဲ့အခါမှာ သမ္မာဝါစာ စေတသိက်ဖြစ်တယ်၊ ကိုယ့်ဟာကိုယ်ထိုင်နေရင် သမ္မာဝါစာ စေတသိက် စိတ်ထဲမှာမဖြစ်ဘူး၊ ဘုရားရှိခိုးနေတယ်၊ သမ္မာဝါစာ စေတသိက် မဖြစ်ဘူး။

ဘုရားရှိခိုးနေရင်းနဲ့ ခြင်ကိုက်တယ်၊ ခြင်ကိုသတ်ချင်တယ်၊ ဒါပေမယ့် မသတ်ဘူး၊ ရှောင်လိုက်တယ်၊ အဲဒါဆိုရင် အဲဒီအချိန်မှာ သမ္မာကမ္မန္တ ဖြစ်မယ်။

အသက်မွေးဝမ်းကျောင်းနဲ့ မဆိုင်တဲ့ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ရင် သမ္မာဝါစာ၊ အသက်မွေးဝမ်းကျောင်းနဲ့ မဆိုင်တဲ့ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ရင် သမ္မာကမ္မန္တ။

ကိုယ်ကခိုးမှုနဲ့ အသက်မွေးနေရင်တော့ သမ္မာကမ္မန္တ မဟုတ်ဘူး၊ နောက်ဟာ (သမ္မာအာဇီဝ) ဖြစ်လိမ့်မယ်။

အသက်မွေးဝမ်းကျောင်းနဲ့ မစပ်ဆိုင်တဲ့ ဝစီဒုစရိုက်က ရှောင်ရင်သမ္မာဝါစာ၊ ကာယဒုစရိုက်က ရှောင်ရင် သမ္မာကမ္မန္တ။

**မေး** - အရှင်ဘုရား အဲဒါတွေ အကျယ်မပြောတော့ဘူးလား၊

**ဖြေ** - ဝစီဒုစရိုက် ၄-ပါးဆိုတာ လိမ်ပြောတာ, ကုန်းတိုက်တာ, ကြမ်းတမ်းတဲ့

စကားနဲ့ ဆဲရေးတိုင်းထွာတာ၊ အနက်အဓိပ္ပါယ်မရှိတဲ့ တွေ့ကရာစကားတွေ လျှောက်ပြောတာ၊ အဲဒါကို ဝစီဒုစရိုက် ၄-ပါးလို့ခေါ်တယ်၊ အနက်အဓိပ္ပါယ် မရှိတာဆိုတာ အကျိုးမရှိတာကို ခေါ်တာ၊ speartuwel group ဘာမှ အကျိုးမရှိတဲ့စကားကို သမ္ဖပ္ပလာပ၊ နောက်ဆုံးဟာထဲမှာ ထည့်ရတယ်၊ ဒီ ၄- ခုကို ဝစီဒုစရိုက် ၄-ပါးလို့ ခေါ်တယ်၊ နှုတ်နဲ့ ပြုအပ်သော မှားတဲ့ အကျင့်။

**မေး** – ကာယဒုစရိုက် ၃-ပါးကို ပြောပြပါဘုရား။။

**ဖြေ** – ကာယဒုစရိုက် ၃-ပါးက သူများအသက်သတ်တာ, သူများဥစ္စာခိုးတာ, သူများသားမယားပစ်မှားတာ၊ အဲဒါ ကာယဒုစရိုက် ၃-ပါး။

**မေး** – ဒါဖြင့် ငါးပါးသီလထဲမှာ ဘာတွေပါသလဲ ပြောကြစမ်း။

**ဖြေ** – အသက်မသတ်တာပါတယ်, မခိုးတာပါတယ်, သူများအိမ်ရာ မပစ်မှားတာပါတယ်၊ မလိမ်တာပါတယ်။

အဲသလို အသက်မွေးဝမ်းကျောင်းလည်း မဟုတ်ဘူး၊ ဒီဒုစရိုက်တွေနဲ့ တွေ့လာတဲ့အခါ ဒုစရိုက်တွေက ရှောင်တာကို ဝိရတီလို့ ခေါ်တယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ ။

အကယ်၍ မိမိက လိမ်ပြောတဲ့အတတ်နဲ့ အသက်မွေးတယ်၊ နောင်တစ်ချိန်မှာ အဲဒီအသက်မွေးမှုကို လုံးဝစွန့်လိုက်တယ်၊ အဲဒီအခါမှာ သမ္မာ အာဇီဝဖြစ်တယ်၊ အသက်မွေးဝမ်းကျောင်းနှင့် စပ်ဆိုင်သော ဝစီဒုစရိုက် ၄-ပါး၊ ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်ခြင်းသဘော။

တံငါသည်တစ်ယောက်ဟာ ငါးဖမ်းခြင်းအလုပ်ကိုစွန့်လိုက်တယ်၊ သမ္မာအာဇီဝဖြစ်သွားတယ်၊ အသက်မွေးဝမ်းကျောင်းနဲ့ ဆိုင်တဲ့ဟာကိုရှောင်ရင် သမ္မာအာဇီဝ၊ အသက်မွေးဝမ်းကျောင်းနဲ့မဆိုင်တဲ့ ဝစီဒုစရိုက် ကိုရှောင်ရင် သမ္မာဝါစာ၊ ကာယဒုစရိုက်ကိုရှောင်ရင် သမ္မာကမ္မန္တ၊ အဲသလို ကွာတယ်။

ပြီးတော့ သမ္မာအာဇီဝမှာ အရက်ရောင်းပြီး အသက်မွေးတာ, အဆိပ်ရောင်းပြီး အသက်မွေးတာ, လက်နက်ရောင်းပြီး အသက်မွေးတာတွေဟာ မိစ္ဆာအာဇီဝ (ကုန်မသွယ်ကောင်းတဲ့)ထဲမှာ ပါတယ်။

သမ္မာဝါစာ, ဝစီဒုစရိုက်က ရှောင်တာ၊ သမ္မာကမ္မန္တ, ကာယဒုစရိုက်က ရှောင်တာ၊ သမ္မာအာဇီဝ၊ အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ ဝစီဒုစရိုက်၊ ကာယဒုစရိုက်က ရှောင်တာကို သမ္မာအာဇီဝ။

အဲဒါ သေသေချာချာမှတ်ကြ၊ အင်္ဂလိပ်လိုရေးတဲ့ စာအုပ်တွေထဲမှာ ဒီအဓိပ္ပါယ်ကို သူတို့မရေးကြဘူး၊ သမ္မာအာဇီဝဆိုရင် အရက်ရောင်းတာ၊ လက်နက်ရောင်းတာကို ရှောင်တာလောက်သာရေးတယ်၊ အမှန်တော့ ဒါကို နားလည်ရမယ်။

ကောင်းပြီ, ဒီဝိရတီမှာ ရှောင်ကြဉ်မှု ၃-မျိုးရှိတယ်၊ အဲဒီ ရှောင်ကြဉ်မှု ၃-မျိုးကို ကျမ်းဂန်တွေမှာ ဆိုထားတယ်။

ပထမရှောင်ကြဉ်မှုက ဘာလဲဆိုတော့

(၁) အခွင့်အရေးကြုံလာတဲ့အခါ ရှောင်ကြဉ်ခြင်း, ပါဠိလို သမ္ပတ္တဝိရတိလို့ ခေါ်တယ်။

(၂) သမာဒါန ဝိရတိတဲ့, ဆောက်တည်ထားလို့ ရှောင်ကြဉ်တာ။

(၃) သမုစ္ဆေဒ ဝိရတိ, ရဟန္တာဖြစ်လို့ မဂ်ရတဲ့အခါမှာ မဂ်နဲ့ အကြွင်းမဲ့ ပယ်တာ၊ အဲသလို ၃စရိုက်ပယ်တာ ၃-မျိုးရှိတယ်။

သမ္ပတ္တဝိရတိ ဆောက်တည်တယ်ဆိုတာက၊ ကိုယ်ကသိက္ခာပုဒ်တွေ ဆောက်တည်ထားတာ မဟုတ်ဘူး၊ သီလယူထားတာ မဟုတ်ဘူး၊ သို့သော် သတ်ဖို့ရန်ကြုံလာတဲ့အခါ မသတ်ပဲနဲ့ရှောင်လိုက်တာ၊ အဲဒါမျိုးကို သမ္ပတ္တ။

သမ္ပတ္တဆိုတာ ရောက်လာတာ၊ ရောက်လာတွေ့ကြုံတဲ့အခါ ရှောင်တာမျိုးပေါ့။

ရှေးတုန်းက လုလင်တစ်ယောက်ရှိတယ်၊ သူ့မှာ အမေလည်းရှိတယ်၊ အစ်ကိုလည်း ရှိတယ်၊ တစ်နေ့တော့ အမေမှာ ရောဂါဖြစ်တယ်၊ ရောဂါဖြစ်တော့ ဆေးဆရာက ယုန်သားစိမ်းရမှ အမေရောဂါပျောက်မယ်လို့ ပြောတယ်။

အဲသလိုပြောတော့ အစ်ကိုက ညီကို ယုန်ရှာလွှတ်လိုက်တယ်၊ အဲဒါနဲ့ ညီဟာ တောထဲသွား ယုန်လိုက်တော့တာပေါ့၊ အဲသလို လိုက်တဲ့အခါ နွယ်နဲ့ငြိပြီး ယုန်ကလေး မပြေးနိုင်ဘူး၊ အဲဒါကို သွားဖမ်းယူလိုက်တယ်။

ယုန်ကလေးကို ဖမ်းပြီးတဲ့အခါ သူက စဉ်းစားတယ်၊ ငါ့အမေအသက်ကယ်ဖို့အတွက် ဒီသတ္တဝါလေး အသက်သတ်ရမှာလား၊ ဒါဟာဖြင့် မသင့်တော်ဘူး၊ အဲဒီတော့ အသက်တစ်ခုကို ကယ်ဖို့ အသက်တစ်ခုသတ်တာ မသင့်တော်ဘူးဆိုပြီး ယုန်ကလေးကို လွှတ်လိုက်တယ်၊ ယုန်ကလေးက တောထဲဝင်သွားရော။

သူပြန်သွားတော့ အစ်ကိုက ဆီးမေးတော့တာပေါ့၊ ဘယ့်နှယ်လဲ, ယုန်ရခဲ့လားဆိုတော့ သူက မှန်တဲ့အတိုင်း ပြောပြတယ်၊ ကျွန်တော် ယုန်ကို တွေ့တယ်၊ ဒါပေမယ့် မသတ်ချင်တာနဲ့ လွှတ်လိုက်တယ်ဆိုတော့ အစ်ကိုက သူ့ကို ဆူဆဲငေါက်တာပေါ့။

ဒါပေမယ့် သူက ဘာမှ ပြန်မပြောပဲ သူ့အမေရှေ့သွားပြီး သစ္စာဆိုတယ် "ကျွန်တော်ဟာ လူဖြစ်လာတဲ့နေ့ကစပြီး သေစေလိုတဲ့ စေတနာနဲ့ ဘယ်သတ္တဝါကိုမှ မသတ်ခဲ့ဖူးပါဘူး၊ ဒီလို မှန်ကန်တဲ့ စကားကို ဆိုရတဲ့အတွက်ကြောင့် မိခင်မှာ ရောဂါပျောက်ပါစေ" အဲသလို သစ္စာပြုလိုက်တဲ့အခါမှာ သူ့မိခင်ရဲ့ ရောဂါပျောက် ကင်းသွားတယ်။

အဲဒါ ဘာလဲဆိုရင် သမ္မတ္တဝိရတီ၊ ရောက်လာတာကို ရှောင်တာ။

**ဝိရတီ ၃-ပါး**

| | |
|---|---|
| ၄၇။ သမ္မာဝါစာ | အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက် ၄-ပါး မှ ရှောင်ကြဉ်ခြင်းသဘော။ |
| ၄၈။ သမ္မာကမ္မန္တ | အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်သော ကာယဒုစရိုက် ၃-ပါး မှ ရှောင်ကြဉ်ခြင်းသဘော။ |
| ၄၉။ သမ္မာအာဇီဝ | အသက်မွေးဝမ်းကျောင်းနှင့် စပ်ဆိုင်သော ဝစီဒုစရိုက် ၄-ပါး ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်းသဘော။ |

**အပ္ပမညာ ၂-ပါး**

| | |
|---|---|
| ၅၀။ ကရုဏာ | ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်းသဘော။ |
| ၅၁။ မုဒိတာ | သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော။ |

**အမောဟ ၁-ပါး**

| | |
|---|---|
| ၅၂။ ပညိန္ဒြေ | အာရုံကို အမှန်အတိုင်း သိခြင်းသဘော။ |

| | |
|---|---|
| ဝိရတိ | ရှောင်ကြဉ်ကြောင်းဖြစ်သော စေတသိက်။ |
| အပ္ပမညာ | အတိုင်းအရှည်မရှိသော သတ္တဝါပညတ်ကို အာရုံပြုသော စေတသိက် |
| ပညိန္ဒြေ-ပညိန္ဒြိယ | အမှန်အတိုင်း သိမှု၌ အစိုးတရဖြစ်သော စေတသိက်။ |

# အဘိဓမ္မာသင်တန်း ၁၂

## [စေတသိက်ပိုင်း ၃]

## ဝိရတိ စေတသိက် (၃)

### အပွမညာ-၂

### ပညိန္ဒြေ-၁

### သမ္မယောဂနည်းအစ

ဒီနေ့အောက်တိုဘာ ၁၇-ရက်, လွန်ခဲ့တဲ့အပတ်က စေတသိက်တွေကို ဆက်ပြီး လေ့လာခဲ့ကြတယ်၊ ဝိရတိ ၃-ပါး ရောက်သွားပြီ။

ဝိရတိဆိုတာ ရှောင်ကြဉ်တာကိုခေါ်တယ်၊ ဘယ်မှရှောင်ကြဉ်တာလဲဆိုရင် ဒုစရိုက်မှ ရှောင်ကြဉ်တာ။

ဒီနေရာမှာ ဒုစရိုက် ၃-မျိုးရှိတဲ့ အနက်က ၂-မျိုးကို ယူတယ်၊ ၂-မျိုး ဆိုတာ ဝစီဒုစရိုက်နဲ့ ကာယ ဒုစရိုက်။

မနောဒုစရိုက်ကို ဘာကြောင့်မယူသလဲလို့ မေးစရာရှိပါတယ်၊ ဒီဝိရတိစေတသိက် ၃-ပါးက သီလနဲ့ဆိုင်တယ်၊ သီလဆိုတာ စိတ်ထိန်းတာ မဟုတ်ဘူး၊ ကာယကံနဲ့ ဝစီကံကိုထိန်းတာ၊ မနောကံအနေနဲ့ စိတ်ထဲက ဘယ်လောက်သတ်နေနေ ကိုယ်တိုင် မသတ်မချင်း သီလမကျိုးသေးဘူး၊ စိတ်ကတော့ အကုသိုလ် စိတ်ဖြစ်နေတယ်ပေါ့၊

ဒါကြောင့်မို့ ဒီနေရာမှာ သီလနဲ့ ပတ်သက်လာရင် ကာယကံနဲ့ ဝစီကံ, ၂ ခုသာရှိတယ်၊ မနောကံထိန်းဖို့က ဘာဝနာကမ္မဋ္ဌာန်းနဲ့ ထိန်းရတယ်။

ဒါကြောင့်မို့ ရှောင်ကြဉ်မှုမှာ ဝစီဒုစရိုက် ၄-ပါးနဲ့ ကာယဒုစရိုက် ၃-ပါးသာ ပါတယ်၊ ဝစီဒုစရိုက် ၄-ပါးဆိုတာ လိမ်ပြောတာရယ်, ကုန်းတိုက်တာရယ်, ကြမ်းကြမ်းတမ်းတမ်းဆဲဆိုပြောတာရယ်, သိမ်ဖျင်းတဲ့စကား, အနက်အဆံမရှိတာ, လောကုတ္တရာနဲ့ ပတ်သက်ပြီး အကျိုးမရှိတဲ့စကားပြောတာ၊ အဲဒါက ဝစီဒုစရိုက် ၄-ပါး။

ကာယဒုစရိုက် ၃-ပါးဆိုတာက သူ့အသက်သတ်တာ, သူ့ဥစ္စာခိုးတာ, သူ့အိမ်ရာပြစ်မှားတာ။

အဲဒီဝစီဒုစရိုက် ၄-ပါးမှ ရှောင်တဲ့အခါ သမ္မာဝါစာဖြစ်တယ်၊ ကာယဒုစရိုက် ၃-ပါးမှ ရှောင်တဲ့အခါ သမ္မာကမ္မန္တဖြစ်တယ်၊ ဒါက အသက်မွေးဝမ်းကျောင်း မဟုတ်တဲ့ဟာတွေ။

အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ ဝစီဒုစရိုက်, ကာယဒုစရိုက်က ရှောင်တဲ့အခါ ကျတော့ သမ္မာအာဇီဝဖြစ်တယ်၊ ဒီ ၃-မျိုးကို ဝိရတိ စေတသိက် ၃-ပါးလို့ ခေါ်တယ်၊ ရှောင်ကြဉ်တဲ့အခါမှာဖြစ်တယ်၊ မရှောင်ကြဉ်တဲ့အခါမှာ မဖြစ်ဘူး၊ ဘုရားရှိခိုးတဲ့အခါမှာ မဖြစ်ဘူး၊ တရားထိုင်တဲ့အခါမှာ မဖြစ်ဘူး၊ ဘာကြောင့်တုန်းဆိုရင် ရှောင်စရာမှ မတွေ့ပဲကိုး။

ရှောင်စရာတွေ့လို့ ရှောင်လိုက်တဲ့အခါမှာ အရာအားလျော်စွာ သမ္မာဝါစာဖြစ်မယ်, သမ္မာကမ္မန္တဖြစ်မယ်(သို့မဟုတ်) သမ္မာအာဇီဝ ဖြစ်မယ်။

အဲဒီ ဝိရတိ ၃-ပါးနဲ့ ပတ်သက်ပြီးတော့ အမျိုးအစား ၃-ခုကို လွန်ခဲ့တဲ့ အပတ်ကပြောခဲ့တယ်၊ တွေ့လာမှရှောင်တာရယ်၊ ဆောက်တည်ထားလို့ ရှောင်တာရယ်၊ မဂ်နဲ့အကြွင်းမဲ့ ပယ်သတ်တာရယ်။

ပထမဟာကို သမ္ပတ္တဝိရတိ၊ ဒုတိယဟာကို သမာဒါနဝိရတိ၊ တတိယဟာကို သမုစ္ဆေဒဝိရတိလို့ ခေါ်တယ်။

သမ္ပတ္တဝိရတိဆိုတာက သိက္ခာပုဒ်တွေ ဆောက်တည်ထားတာမဟုတ်ဘူး၊ ဒါပေမယ့် ကြုံလာတဲ့အခါမှ ရှောင်လိုက်တာ၊ ငါးပါးသီလ တည်ဆောက်မထားပဲနဲ့ သတ္တဝါကို သတ်စရာကြုံလာတဲ့အခါ မသတ်ပဲရှောင်လိုက်တာ၊ သူ့ဥစ္စာ ခိုးစရာ ကြုံလာတဲ့အခါ မခိုးပဲရှောင်လိုက်တာ၊ လိမ်ပြောစရာ ကြုံလာတယ်၊ မပြောပဲ ရှောင်လိုက်တယ်၊ အဲဒါ သမ္ပတ္တဝိရတိ၊ အကြောင်းဆိုက်လာတဲ့အခါမှာ (သို့မဟုတ်)

အခွင့်အရေးကိုယ့်ဆီ ရောက်လာတဲ့အခါမှာ ရှောင်လိုက်တာ၊ သမ္ပတ္တဝိရတိ။

အဲဒီသမ္ပတ္တဝိရတိနဲ့ ပတ်သက်ပြီး အမေ့ရောဂါကို ကုဖို့ယုန်ရှာထွက်တဲ့ သူ့ဝတ္ထုပြောခဲ့တယ်၊ ယုန်ကလေးဖမ်းလို့ မိလျက်နဲ့ မသတ်ခဲ့ဘူး၊ နောက်အခါကျတော့ အဲဒါကို သစ္စာဆိုလိုက်တဲ့အခါ မိခင်ရဲ့ရောဂါ ပျောက်သွားတယ်။

သမာဒါနဝိရတိဆိုတာက ဆောက်တည်ထားပေမယ့်ကြုံတဲ့အခါမှာရှောင်တာ။

ဒကာတစ်ယောက်က တစ်နေ့တောထဲသွားမယ်လုပ်တော့ မသွားခင် ဘုန်းကြီးဆီမှာ သီလယူတယ်၊ သီလယူပြီးတော့ တောထဲသွားတဲ့အခါမှာ သူ့ကို စပါးကြီးမြွေက ပတ်တော့တာပဲ၊ အဲသလို ပတ်ထားတဲ့အခါကျတော့ သူ့လက်ထဲမှာ ခုတ်ထစ်စရာ ဓားပါတယ်, ပဲကွပ်ပါတယ်။

ပထမတော့ မြွေကြီးကို ခေါင်းဖြတ်ပြီး သတ်မယ်လို့ လုပ်သေးတယ်၊ နောက်တော့ သူစဉ်းစားမိတယ် "ဪ မနက်က ဆရာတော်ထံမှာ သီလယူခဲ့တယ်၊ သီလယူခဲ့ပါလျက်နဲ့ သီလကို ချိုးလို့မသင့်တော်ဘူး၊ ကိုင်း ဒီမြွေကြီး ပတ်လို့ သေချင်သေပေစေတော့ အသေသာခံမယ်, ယူထားတဲ့ သိက္ခာပုဒ်ကို မချိုးတော့ဘူး" ဆိုပြီး ပဲကွပ် (ပုဆိန်)ကြီးကို လွှင့်ပစ်လိုက်တယ်။

အဲသလို လွှင့်ပစ်လိုက်ပြီးရော၊ မြွေကြီးကလည်းပတ်ထားဘာကိုဖြေပြီး တခြား ထွက်သွားရောတဲ့၊ အဲသလို ရှောင်တာမျိုး သိက္ခာပုဒ်ယူထားပြီးမှရှောင်ရင် သမာဒါနဝိရတိ။

ဒါတွေက ဆန်းကြယ်တယ်၊ မဖြစ်ဘူးလို့ မပြောနိုင်ဘူး၊ စိတ်ဓာတ်တန်ခိုးတွေ ရှိတာကိုး။

**မေး** – သမာဒါနဆိုတာကတော့ အဓိပ္ပါယ်ဘယ်လိုရှိပါသလဲ။

**ဖြေ** – သမာဒါနဆိုတာက ဆောက်တည်တာကို ဆိုလိုတာယူတာ၊ သံအာဒါန၊ ယူတယ်ဆိုတာ ဆောက်တည်တာ၊ ဒါနဆိုတဲ့ စကားလုံးပါတာနဲ့ အလှူဒါနနဲ့ သွားမရောလိုက်နဲ့၊ သမာဒါနဆိုတာက သံရယ်၊ အာရယ်, ဒါနရယ်ပေါင်းထားတာ, ဆောက်တည်တယ်ဆိုတဲ့ အဓိပ္ပါယ် ထွက်တယ်၊ ယူတယ်ဆိုတာ သိက္ခာပုဒ်, သီလယူထားတယ်၊ ဘုရားရှေ့မှာ ယူတယ်၊ ဘုန်းကြီးထံက ယူတယ်၊ အဲဒီလိုမျိုး။

နောက်တစ်ခုက သမုစ္ဆေဒဝိရတိတဲ့၊ သမုစ္ဆေဒဝိရတိဆိုတာ မဂ်ရတဲ့အခါ ဖြစ်တဲ့ ဝိရတိ၊ သူကတော့ လောကုတ္တရာဖြစ်တဲ့ အတွက်ကြောင့် လောကီနဲ့ ဘာမှ မဆိုင်ဘူး၊ အလွန်ဆန်းကြယ်တယ်။

အဲဒီဝိရတီကတော့ မဂ်နဲ့ အကြွင်းမဲ့ ကိလေသာတွေကို ပယ်သတ်လိုက်တဲ့အတွက်ကြောင့် ဒါတွေက ရှောင်ပြီးဖြစ်တယ်၊ နောက်ဘယ်တော့မှ မကျူးလွန်တော့ဘူး၊ အဲဒီလိုဟာကို သမုစ္ဆေဒဝိရတီလို့ ခေါ်တယ်။

ဒါကို ပုထုဇဉ်တွေ မရဘူး၊ အရိယာ ပုဂ္ဂိုလ်တွေမှရတာ၊ အရိယာပုဂ္ဂိုလ်တွေဖြစ်သွားတဲ့အခါကျတော့ ကိလေသာတွေကို သောတာပတ္တိမဂ်ရတော့ နည်းနည်းပယ်တယ်၊ သကဒါဂါမိ, အနာဂါမိမဂ်ရတော့ ထပ်ပယ်တယ်၊ အရဟတ္တမဂ်ရတော့ ကိလေသာတွေ အားလုံးပယ်လိုက်တယ်။

အဲသလို ကိလေသာပယ်ပြီးတဲ့အတွက်ကြောင့် လွန်ကျူးစရာတွေကို ဘယ်တော့မှ လွန်ကျူးတော့မှာ မဟုတ်ဘူး၊ အဲဒီမဂ်ရတဲ့အခိုက်မှာ အကြွင်းမဲ့ ပယ်သတ်လိုက်တာ၊ အဲဒီပယ်သတ်တဲ့ အချိန်မှာရှောင်စရာတော့ ရှိတာမဟုတ်ဘူး၊ ဒါပေမယ်လို့ အဲဒီအချိန်မှာ ဒီ ၃-ခုလုံး တစ်ပြိုင်နက် ဖြစ်တယ်၊ ဆန်းကြယ်တယ်။

ပြီးတော့ နောက်ထပ်လည်း သူတို့မှာ ရှောင်စရာမလိုဘူး၊ တစ်ခါထဲနဲ့ ကိစ္စ ပြီးသွားပြီ၊ နောက်ထပ်ဆောက်တည်စရာတို့ ဘာတို့ မရှိတော့ဘူး။

အဲသလို အကြွင်းမဲ့ပယ်သတ်သောအားဖြင့် ကိလေသာ(သို့) ဒုစရိုက်တို့မကောင်းသော အသက်မွေးမှုတို့ကို အကြွင်းမဲ့ ပယ်သတ်သောအားဖြင့် ရှောင်ကြဉ်တာကို သမုစ္ဆေဒဝိရတီလို့ ခေါ်တယ်၊ အဲဒီ သမုစ္ဆေဒဝိရတီက မဂ်နဲ့ အတူတူဖြစ်တဲ့ဝိရတီလို့ မှတ်ရမယ်။

လောကုတ္တရာစိတ် ၈-ပါးထဲမှာ မဂ်စိတ်၄-ပါး ရှိတယ်၊ အဲဒီမဂ်စိတ်နဲ့အတူဖြစ်တဲ့ ဝိရတီ၊ ဒါကြောင့်မို့ ဝိရတီ စေတသိက်ဟာ လောကီစိတ်တွေနဲ့ယှဉ်တဲ့အခါမှာ ၃-ခုစလုံး တစ်ပြိုင်နက် မယှဉ်နိုင်ဘူး၊ ဆိုပါတော့, သတ်တာကိုမသတ်ပဲ ရှောင်လိုက်ရင် သမ္မာကမ္မန္တပဲရှိမယ်၊ လိမ်ပြောစရာကို လိမ်မပြောပဲရှောင်လိုက်ရင် သမ္မာဝါစာပဲ ရှိမယ်၊ အသက်မွေးဝမ်းကျောင်း ဒုစရိုက် ရှောင်လိုက်ရင် သမ္မာအာဇီဝပဲဖြစ်မယ်၊ ဒီ ၃-ခုဟာ တစ်ခုပဲ ၁-ကြိမ်မှာဖြစ်မယ်၊ ၂-ခုတွဲပြီး မဖြစ်နိုင်ဘူး၊ ၃- ခုတွဲပြီး မဖြစ်နိုင်ဘူး။

သို့သော် လောကုတ္တရာစိတ်နဲ့အတူဖြစ်တဲ့အခါကျတော့ တစ်ပြိုင်နက်ဖြစ်တယ်၊ အဲဒါ လောကုတ္တရာစိတ်ရဲ့ဆန်းကြယ်ပုံပေါ့။

ဒါကြောင့်မို့ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဆိုတဲ့ ဒီ ၃-ပါးကို ဝိရတီစေတသိက် ၃-ပါးလို့ခေါ်တယ်၊ သမ္ပတ္တဝိရတီ, သမာဒါနဝိရတီ, သမုစ္ဆေဒဝိရတီတို့ကတော့ အမျိုးအစား။

ဝိရတိစေတသိက် ၃-ပါးပြီးတဲ့နောက် အပ္ပမညာ၊ အပ္ပမညာဆိုတာ အတိုင်း အရှည်မရှိသော သတ္တဝါပညတ်ကို အာရုံပြုသော စေတသိက်တဲ့။

အတိုင်းအရှည်ကို ပါဠိလို အပမာနလို့ခေါ်တယ်၊ အဲသလို အတိုင်းအရှည် မရှိသော သတ္တဝါပညတ်ကို အာရုံပြုတာကြောင့် ဒီစေတသိက်တွေကို အပ္ပမညာ စေတသိက်လို့ခေါ်တယ်။

အဲဒီ အပ္ပမညာစေတသိက် ၂-ခုက ကရုဏာရယ်, (ဂရုဏာလို့လည်း ဘယ်တော့မှ မဖတ်နဲ့၊ ဂငယ်နဲ့လည်း ဘယ်တော့မှ မရေးနဲ့၊ ဂငယ်နဲ့လည်းရေးနေ ကြတယ်၊ ဂရုဏာဒေါသောလို့လည်း ပြောပြောနေကြတယ် စသည်ဖြင့် အဲဒါတွေက မဟုတ်ဘူး၊ ပါးစပ်က အသံဘယ်လိုထွက်ထွက် စာလုံးပေါင်းရင် ကကြီးနဲ့ပဲ ပေါင်းရမယ်။)

ကရုဏာဆိုတာ ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍သနားခြင်း သဘောတဲ့၊ ဒုက္ခိတ သတ္တဝါဆိုတာ ဘာတုန်း၊ ဒုက္ခိတဆိုတာ မြန်မာစကားကို ဖြစ်နေပါပြီ။

ဒုက္ခိတဆိုတာ ဆင်းရဲခြင်းသို့ ရောက်နေသောသတ္တဝါ၊ မြန်မာလို ရှင်းရှင်း ပြောရင်တော့ ဒုက္ခရောက်နေတဲ့ သတ္တဝါပေါ့၊ အဲဒီ ဒုက္ခရောက်နေတဲ့ သတ္တဝါကို အာရုံပြုပြီးတော့ သနားတဲ့ သဘောလေးကို ကရုဏာလို့ခေါ်တယ်။

ဒါကြောင့်မို့ ကရုဏာဟာ သာမန်အားဖြင့် ပြောရင်ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြုတယ်၊ သတ္တဝါလို့ ပြောလိုက်တာကြောင့် ဒါဟာ ပရမတ္ထမဟုတ်ဘူး၊ ပညတ်ဖြစ်သွားတယ်၊ ပရမတ်ဆိုရင် ခန္ဓာငါးပါးရုပ်နာမ်တရား သတ္တဝါလို့ ခေါ်လိုက်တဲ့အတွက် ပညတ်ဖြစ်သွားတယ်။

အဲဒီသတ္တဝါ ပညတ်မှာလည်း ကရုဏာက (အမှန်အတိုင်းပြောရင်) ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြုတယ်၊ တစ်ယောက်ယောက် ဒုက္ခရောက်နေပြီ ကြားသိရရင် သနားတဲ့စိတ် ဖြစ်တတ်တယ် မဟုတ်လား, အဲဒါပဲ။

ကောင်းပြီ,သနားတယ်ဆိုတာ ဘာလဲ၊ အဲဒါကို နားလည်ဖို့ အရေးကြီးတယ်၊ သနားတယ်ဆိုတာ အဲဒီသတ္တဝါ လက်ရှိ ခံစားနေရတဲ့ ဆင်းရဲမှ လွတ်မြောက်စေလို တဲ့ စေတနာ, လွတ်မြောက်စေလိုတဲ့ ဆန္ဒကို သနားတယ်လို့ ခေါ်တယ်။

တစ်စုံတစ်ယောက် ဒုက္ခရောက်နေတာတွေ့ရင် ဒီဒုက္ခက လွတ်မြောက်ပါစေ၊ ပါဠိလို ကရုဏာပို့တဲ့အခါကျတော့ ဒုက္ခာမုစ္စတုလို့ ပို့တယ်၊ ဆင်းရဲမှ လွတ်ပါစေဆိုတဲ့ အဓိပ္ပါယ်ပေါ့။

အဲသလို ဆင်းရဲမှလွတ်ပါစေလို့ပို့ရင် မေတ္တာပို့တာ မဟုတ်ဘူး, ကရုဏာပို့တာ၊

ကရုဏာဆိုတာ အဲဒါပဲ။

ကရုဏာက သေသဘာနသာ ဓာရုဏာစေတသိက်၊ ကောင်းတဲ့စိတ်တွေနဲ့သာ ယှဉ်တယ်၊ မကောင်းတဲ့စိတ်တွေနဲ့ မယှဉ်ဘူး၊ ဒါကြောင့်မို့ ဒီမှာနားလည်ထားဖို့က ကရုဏာကနေ ကျော်လွန်သွားပြီးတော့ ဒေါမနဿထဲကို မကျရောက်စေနဲ့။

ဒီနိုင်ငံမှာ ကရုဏာက ကျော်လွန်ပြီးတော့ ဒေါမနဿထဲရောက်နေတာတွေ အများကြီး ရှိတယ်၊ တိရစ္ဆာန်တွေကို Lab ထဲမှာ စမ်းတဲ့အခါကျတော့ မခံချင်ပဲ ထအော်ကြ, ဆူကြဖြစ်တယ်မဟုတ်လား။

တိရစ္ဆာန်ကို သနားတာကတော့ ကရုဏာပဲ၊ အဲဒီကနေ ဟိုတစ်ဖက်သားကို ဒေါသဖြစ်တာကျတော့ လွန်သွားပြီ၊ ပြီးတော့ သူတို့နဲ့အတူ suffer with them သူတို့ပြောလေ့ရှိတယ်၊ မလုပ်နဲ့ suffer with them ဆိုရင် ကိုယ်လဲအကုသိုလ်ထဲ ကျသွားပြီ၊ သနားတာဟာ သနားတာသာ ရှိရမယ်၊ သူတို့ဒေါမနဿ ဖြစ်သလို ကိုယ်လည်းဒေါမနဿဖြစ်မယ်, ကိုယ်လည်းပဲ စိတ်ဆင်းရဲမယ်ဆိုရင် ကရုဏာ မဟုတ်တော့ဘူး၊ လွန်သွားပြီ၊ အဲဒါ ဒီနိုင်ငံမှာ သိပ်ပြောရတယ်၊ တချို့တွေက အဲသလို ပြောလာကြတယ်။

"အဲဒါ ကရုဏာအစစ်မဟုတ်ဘူး၊ ကရုဏာအတုပဲ, ကရုဏာရဲ့ ရန်သူ ဒေါမနဿပဲ"လို့ ပြောရတယ်။

ကရုဏာဆိုတာ သက်သက်ကောင်းတဲ့စိတ်နေ စိတ်ထားပေါ့၊ whole - some state of mind အဲဒါကြောင့်မို့ ကရုဏာဆိုတာ ဆင်းရဲဒုက္ခ ခံနေရတဲ့ သတ္တဝါတွေကို ဆင်းရဲဒုက္ခမှ လွတ်စေချင်တယ်၊ ကရုဏာဆိုတာ ဒါပဲ။

နောက်တစ်ခုက မုဒိတာ၊ မုဒိတာဆိုတာ သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော။

ကောင်းစားနေတဲ့ ပုဂ္ဂိုလ်ကိုမြင်ရင် ကိုယ်က ဝမ်းမြောက်တယ်၊ ဝမ်းမြောက်တယ်ဆိုတာဟာ ဒီပုဂ္ဂိုလ်ဒီအခြေအနေက မလျော့ကျပါစေနဲ့ဆိုတဲ့ ဆန္ဒ၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တုလို့ ပါဠိမှာ ဆိုကြတာရှိတယ်။

ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ရရှိအပ်ပြီးသော စည်းစိမ်ချမ်းသာမှ မကင်းကြပါစေနဲ့၊ ရပြီးတဲ့ success အဲဒီကနေ ပြန်ပြီး အောက်မကျပါစေနဲ့၊ တိုးချင်သာ တိုးပါစေဆိုတဲ့ သဘော။

ဒါကြောင့်မို့ မုဒိတာဟာ ဣဿာရဲ့ဆန့်ကျင်ဘက်, ဣဿာကတော့ သူများကောင်းစားတာကို မနာလိုဘူး၊ မုဒိတာက သူများ ကောင်းစားတာကို

ဝမ်းသာတယ်။

**မေး** – မုဒိတာဖြစ်ဖို့ ခက်ခဲတာ ဟုတ်ပါသလား။

**ဖြေ** – ဟုတ်တာပေါ့၊ ကရုဏာဖြစ်ဖို့လွယ်တယ်၊ မုဒိတာဖြစ်ဖို့ခက်တယ်၊ ပြီးတော့ ဒါလေးတွေဟာ သိပ်သိမ်မွေ့တယ်၊ စိတ်ထဲမှာ ဖြစ်မှန်းမသိ ဖြစ်သွားတာ၊ အဘိဓမ္မာနားလည်ရင်တော့ ကိုယ့်စိတ်ထဲဘာတွေဖြစ်တယ် ဆိုတာ သိပြီး မကောင်းတဲ့စိတ်ကို check လုပ်နိုင်တာပေါ့။ ငါရပ်မှပဲ၊ အကုသိုလ်ဟာ မကောင်းကျိုးပေးတယ် ဆိုတာသိပြီး ရှောင်နိုင်တယ်ပေါ့။

ဒီနေရာမှာ ကရုဏာကို ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြုပြီး ကရုဏာ ဖြစ်တယ်လို့ဆိုတယ်၊ ကောင်းစားတဲ့ သူကိုကြည့်ပြီးတော့ ကရုဏာပွားလို့ မရဘူးလား၊ ရတာပဲ၊ လူဆိုးတွေကို ကြည့်ပြီး ကရုဏာပွားလို့ မရဘူးလား၊ ဆိုပါတော့ သူများ တွေကို လိမ်ညာပြီး ချမ်းသာနေမယ်ဆိုပါတော့, အဲသလို လူမျိုးကို ကြည့်ပြီးတော့ ကရုဏာပွားလို့ကော မရဘူးလား၊ ရတာပဲ။

ဒီလူ အကုသိုလ်လုပ်နေတယ်၊ အခုလောလောဆယ်တော့ ကောင်းစားတာ မှန်တယ်၊ သို့သော် ဒီဘဝမှာတော့ ဒုက္ခရောက်ချင် ရောက်နိုင်တယ် နောက်ဘဝ ကတော့ သေသေချာချာ ဒုက္ခရောက်မှာပဲ, အဲဒီတော့ သူလည်း သနားစရာသတ္တဝါပဲ" လို့စဉ်းစား လို့ရတယ်။

သို့မဟုတ် ရိုးရိုးလူပဲ၊ ကိုယ်ချစ်မြတ်နိုးတဲ့လူပဲ, ကရုဏာပွားလို့ ရတာပဲ၊ ဘာကြောင့်တုန်း, သူဟာအမြဲတမ်းအိုခြင်း, နာခြင်း ဆင်းရဲခံနေရတယ်၊ မအိုချင်ပဲနဲ့ အိုနေရတယ်, မနာချင်ပဲနာနေရတယ်, တစ်နေ့လဲ မသေချင်ပဲ သေရဦးမယ်, သူလည်းပဲ အဲဒီလမ်းစဉ်အတိုင်း ကြည့်လိုက်ရင် ဒုက္ခိတ သတ္တဝါပဲ၊ အဲသလို နည်းနဲ့ ပွားလို့ရတယ်။

အဲဒီတော့ တကယ့်ဒုက္ခိတသတ္တဝါ အစစ်ကိုမှကရုဏာပွားလို့ရတာ မဟုတ်ဘူး၊ သတ္တဝါတိုင်းကို ကရုဏာပွားလို့ရတယ်၊ ဒီ ၂–ခုကို အပ္ပမညာ ၂–ပါးလို့ခေါ်တယ်။

ဒီ အပ္ပမညာ ၂–ပါးနဲ့ (ဟိုနေ့က သတိထားလို့ ပြောခဲ့တဲ့) ဗြဟ္မစိုရ် ၄– ပါးမှာပါတဲ့ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာရှိရာမှာ မေတ္တာက စေတသိက် ၅၂–ပါးထဲမှာ အဒေါသ, ကရုဏာက မုဒိတာ၊ ဒီမှာ ဥပေက္ခာက တတြမဇ္ဈတ္တတာ၊ ဒါကြောင့်မို့ ဒီမှာ အပ္ပမညာ ၂–ပါးပဲရှိတယ်၊ အမှန်ကတော့ အပ္ပမညာ ၄–ပါးလို့ ကမ္မဋ္ဌာန်းပိုင်းကျတော့ ဆိုလိမ့်မယ်, ဒါတွေပဲ။

ဗြဟ္မဝိဟာရလေးပါးနဲ့ အပ္ပမညာ ၄–ပါး အတူတူပဲ၊ မေတ္တာ, ကရုဏာ,

မုဒိတာ, ဥပေက္ခာ, ဒီ ၄-ခုစလုံးဟာ စေတသိက်တွေပဲ၊ အဒေါသစေတသိက်, ကရုဏာစေတသိက်, မုဒိတာစေတသိက်နဲ့ တတြ မဇ္ဈတ္တတာတို့ပဲ။

ကိုင်း, နောက်ဆုံးရောက်လာပြီ၊ အမောဟတဲ့, သူကတော့ တစ်ခုထဲမို့လို့ ခေါ်ချင်သလိုခေါ်လို့ရတယ်၊ ဒါပေမယ့် နာမည်ကပညိန္ဒြေတဲ့, အဓိပ္ပါယ်ကအာရုံကို အမှန်အတိုင်းသိခြင်းသဘော၊ ဒါက အဓိပ္ပါယ်သာပြောထားတာ၊ အနက် အစစ် မဟုတ်သေးဘူး။

ပညာဆိုတာ သိတာ၊ ဣန္ဒြေဆိုတဲ့စကားလုံးရဲ့အဓိပ္ပါယ်က အစိုးရခြင်းဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ဒါကြောင့် ပညိန္ဒြေဆိုတာ သူဟာပညာလည်း ဟုတ်တယ်၊ သိတဲ့နေရာမှာ အစိုးတရလည်းဖြစ်တယ်၊ ဒါကြောင့်မို့ ပညိန္ဒြေလို့ ခေါ်တယ်၊ နောက်တော့ စက္ခုန္ဒြေ၊ သောတန္ဒြေနဲ့၊ ၂၂-ပါးတွေ့လိမ့်မယ်။

ဒါကြောင့်မို့ ပညိန္ဒြေဆိုတာ သိလည်းသိတယ်, သိတဲ့နေရာမှာ အစိုးတရလည်း ဖြစ်တယ်, ဒီစေတသိက် ဒီနာမ်သဘောတရားကို ပညိန္ဒြေလို့ ခေါ်တယ်၊ အမှန်တော့ သိတဲ့သဘောတရားပါပဲ၊ ဒါကြောင့်မို့ အာရုံကို အမှန်အတိုင်း သိခြင်းသဘော။

အာရုံကို အမှားသိလိုက်ရင် ဒိဋ္ဌိလည်းဖြစ်နိုင်တယ်၊ မောဟလည်း ဖြစ်နိုင်တယ်၊ ပညိန္ဒြေကတော့ အမှန်အတိုင်းသိတာ။

ဒီမှာဆိုလိုတဲ့ ပညာက တကယ့်ကို ရုပ်နာမ်သဘောကို ထိုးထွင်းသိတဲ့ ပညာကိုဆိုလိုတာ၊ ဆိုပါတော့, သင်ကြားတဲ့ပညာတွေလည်း တတ်ကြတယ်မဟုတ်လား၊ အမှန်အတိုင်းပြောရင် ဒါတွေကို ဦးဇင်းတို့က ပညာလို့မခေါ်ဘူး၊ တစ်နည်းနည်းနဲ့ တခြားနာမည်နဲ့ခေါ်ချင်ခေါ်ပေါ့၊ ဗဟုသုတလို့ ခေါ်ချင်ခေါ်, အတတ်လို့ပဲ ခေါ်ခေါ်။

ပညာဆိုတဲ့စကားလုံးကို တကယ်တိတိကျကျသုံးပြီဆိုရင်, ပါဠိတော်တွေမှာ ပညာဆိုတဲ့စကားလုံးကို သုံးပြီဆိုရင်, ရုပ်နာမ်သဘောကို အမှန်အတိုင်း ထိုးထွင်းပြီးသိတာမျိုး ဒီထက်တစ်ဆင့်တက်လိုက်ရင် သစ္စာလေးပါးတရား, နိဗ္ဗာန်ကို ထိုးထွင်းပြီး သိတာမျိုးကို ပညာလို့ ခေါ်တယ်။

·ဒီပညာဟာ ဘယ်တော့မှ အကုသိုလ်စိတ်နဲ့မယှဉ်ဘူး၊ အဟိတ်စိတ်နဲ့ မယှဉ်ဘူး၊ ကာမာဝစရသောဘနစိတ်ထဲမှာတောင်မှ ဉာဏသမ္ပယုတ်နဲ့သာယှဉ်တယ်၊ ဉာဏဝိပ္ပယုတ်နဲ့ ပညာနဲ့မဆိုင်ဘူး။

ပညာကို ဘာနဲ့ ဥပမာပေးသလဲဆိုတော့ မှောင်နေတဲ့အခန်းထဲမှာ မီးထွန်းလိုက်တာမျိုး လင်းသွားသလိုပဲ ပညာမပါရင် ရုပ်နာမ်ရဲ့ သဘောတရားကိုမသိဘူး၊

အမှောင်ကျသလိုပဲ၊ ပညာပေါ်လာတဲ့အခါမှာ ရုပ်နာမ်ရဲ့သဘောတရားကို ထင်ထင် လင်းလင်း သိသွားတယ်၊ အဲသလို သိတတ်တဲ့ သဘောတရား၊ အဲသလို သိခြင်း၌ အစိုးတရဖြစ်တတ်တဲ့ သဘောတရားကို ပညိန္ဒြေလို့ ခေါ်တယ်။

ပညိန္ဒြေကို ပြည့်ပြည့်ဝဝ တိတိကျကျ လုပ်ချင်ရင်တော့ တရားထိုင်ရမယ်၊ တရားထိုင်မှတ်တာကြာလာတဲ့အခါကျတော့ ဒါတွေကို သူ့ဟာသူ မြင်လာတာ၊ ပထမ,စစချင်းတော့ ဒါမဖြစ်နိုင်သေးဘူး၊ သမာဓိရအောင် လုပ်နေရတာ၊ သမာဓိ ဖြစ်တာနဲ့ တစ်ပြိုင်နက် ပညာလာတော့တာပဲ၊ ဒါကြောင့်မို့ ဘုရားဟောထားတာက သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ"တဲ့။

သမာဓိရှိတဲ့ပုဂ္ဂိုလ်ဟာ တရားတွေကို အမှန်အတိုင်းသိမြင်သွားတယ်၊ အပြီး ထိအောင် လုပ်မနေရတော့ဘူး၊ စိတ်တည်ကြည်ပြီး ငြိမ်သွားပြီဆိုတာနဲ့ တစ်ပြိုင်နက် တရားကိုမြင်လာတယ်၊ အဲသလိုမြင်လာတဲ့ ပညာကိုမှ ပညာလို့ ခေါ်တယ်။

ပြီးတော့ ရှိသေးတယ်၊ ကံ,ကံ၏အကျိုးကို ယုံကြည်သိမြင်တဲ့ ကမ္မဿကတ ပညာလို့ ခေါ်တယ်၊ ကံဆိုတာရှိတယ်, ကံ၏အကျိုးဆိုတာ ရှိတယ်လို့ ယုံကြည်တာ၊ ရှေးတုန်းကထဲက ဒါတွေရှိပြီးသားပါ။

အမောဟလို့လည်းခေါ်တယ်၊ ပညာလို့လည်း ခေါ်တယ်၊ ဉာဏ်လို့လည်း ခေါ်တယ်၊ အားလုံး အတူတူပဲ။

အားလုံးပေါင်းလိုက်တော့ စေတသိက် ၅၂-ပါးဖြစ်သွားပြီ၊ အစကပြန်ပြီးတော့ ကြည့်လိုက်ကြပါ။

အညသမန်း စေတသိက် ၁၃-ပါး၊ အဲဒီ အညသမန်း စေတသိက် ၁၃-ပါးထဲမှာ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးပါတယ်၊ ပကိဏ်းစေတသိက် ၆-ပါးပါတယ်။

သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါးက ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ။

ပကိဏ်းစေတသိက် ၆-ပါးက ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒ။

အညသမန်း စေတသိက် ၁၃-ပါး ပြီးတဲ့နောက် အကုသိုလ် စေတသိက် ၁၄-ပါး ဖတ်လိုက်ဦး။

မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ၊ အဲဒါက အကုသိုလ်စေတသိက်-

၁၄–ပါး။

ကောင်းပြီ၊ အဲဒီနောက် သောဘန စေတသိက် ၂၅–ပါး၊ အဲဒီ သောဘန စေတသိက် ၂၅–ပါးထဲမှာ ပထမဆုံး group က သောဘနသာဓာရဏစေတသိက် ၁၉–ပါး၊ ဖတ်လိုက်ဦး။

သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, အလောဘ, အဒေါသ, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ၊ စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ၊ စိတ္တုဇုကတာ ဒီ ၁၉–ပါးကို သောဘန သာဓာရဏ စေတသိက်။

ဝိရတိ ၃–ပါးဖတ်လိုက်ပါ၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ။

အပ္ပမညာ ၂–ပါးဖတ်လိုက်၊ ကရုဏာ, မုဒိတာ။

အမောဟ ၁–ပါးဖတ်လိုက်၊ ပညိန္ဒြေ, အားလုံး ၅၂–ပါး၊ ကရုဏာကို compassion ခေါ်တယ်၊ မုဒိတာကို appreciative joy လို့ ခေါ်တယ်။

ကောင်းပြီ, အဲဒီတော့ အခုဒီစေတသိက်တွေမှာ သီးခြားတစ်ခုစီ, တစ်ခုစီမှာ သူ့လက္ခဏာနဲ့သူရှိတယ်၊ အဲဒီတော့ ပရမတ္ထတရားတွေကို လေ့လာတဲ့အခါမှာ ဦးဇင်းတို့ ဗုဒ္ဓဘာသာလေ့လာနည်းက တကယ့်ကို အသေးစိတ် စစ်စစ်ပေါက်ပေါက် အဖက်ဖက်က နားလည်အောင် လေ့လာရတယ်။

အခု အားလုံးကို မပြောခဲ့သေးဘူး၊ ပထမအခေါက်မှာ သိပ်များနေမှာစိုးလို့၊ သို့သော် ဘယ်လိုနားလည်ရမလဲဆိုတာ မှတ်ထားပေးပါ။

ပရမတ္ထတရားတွေကို လေ့လာနားလည်တဲ့အခါမှာ လက္ခဏာအားဖြင့် နားလည်ရမယ်, ရသအားဖြင့်လည်း နားလည်ရမယ်, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, ဒီ ၄–မျိုး နဲ့ နားလည်ရမယ်။

စိတ်ဆိုတဲ့ သဘောတရားကို ၄–မျိုးနဲ့ နားလည်ရမယ်, ဖဿကိုလည်း ဒီ ၄–မျိုးနဲ့နားလည်ရမယ့် ဝေဒနာကိုလဲ ဒီ၄–မျိုးနဲ့ နားလည်ရမယ်, အဲဒါတွေအားလုံးသာ လေ့လာမယ်ဆိုရင် ဒါထက်အကြာကြီး အချိန်တွေကုန်မယ်၊ သို့သော် အဲဒါတွေကို နားလည်သင့်တယ်။

လက္ခဏာဆိုတာဘာလဲ၊ လက္ခဏာဆိုတဲ့ ပါဠိစကားရဲ့ အဓိပ္ပါယ်က အမှတ်အသား (individual essence)လို့ အင်္ဂလိပ်လိုပြန်တယ်၊ သူ့ရဲ့ သဘောလက္ခဏာ။

အမှတ်အသားဆိုတာ သူ့ကြည့်ပြီး ဒါဘာလဲဆိုတာ သိရမယ်၊ ဆိုပါတော့

လွယ်လွယ်ကူကူ ပြောလိုက်ရင် အခု road sign တွေရှိတယ်၊ ဒါတွေကိုကြည့်ပြီး ညာဘက်မချိုးရဘူး၊ ဘယ်ဘက်မချိုးရဘူးလို့ သိသွားတဲ့ အမှတ်အသားလိုပဲ ဖဿမှာဘယ်လိုအမှတ်အသားမျိုးရှိတယ်, ဒီအမှတ်အသားရှိတဲ့ တရားဟာ ဖဿပဲလို့ အဲသလို သိကြောင်းဖြစ်တဲ့အရာကို လက္ခဏာလို့ခေါ်တယ်၊ သဘော လက္ခဏာပေါ့၊ အဲသလို ဖဿကိုနားလည်ရင် ပထမလက္ခဏာအားဖြင့် နားလည် ရမယ်။

ရသဆိုတာက function သူဘာလုပ်တတ်သလဲ၊ တစ်ခါတလေကျတော့ အကျိုးကို ရသခေါ်လေ့ရှိတယ်၊ များသောအားဖြင့် function ကို ရသခေါ်တယ်၊ သမ္ပတ္တိပြည့်စုံမှုရဲ့ အကျိုးဟာ ရသပဲ။

ပစ္စုပဋ္ဌာန်ဆိုတာ အရေးအကြီးဆုံးပဲ၊ ပစ္စုပ္ပဋ္ဌာန်ဆိုတာ ရင်မှာထင်လာတဲ့ အခြင်းအရာ၊ ကမ္မဋ္ဌာန်းနဲ့ဆိုင်လာတယ်၊ ယောဂီပုဂ္ဂိုလ်ဟာ တရားအားထုတ်နေရင်းနဲ့ ဒီတရားကို သိလိုက်တဲ့အခါမှာ ဒီတရားဟာ ဘယ်လိုလေးပါလားလို့ သိမြင်ပေါ်ပေါက်လာတယ်၊ အဲသလို ပေါ်တဲ့ အခြင်းအရာကို ပစ္စုပဋ္ဌာန်လို့ခေါ်တယ်၊ တစ်ခါတလေ လည်းပဲ အကျိုးကို ပစ္စုပဋ္ဌာန်လို့ ခေါ်တာရှိတယ်။

ပဒဋ္ဌာန်ဆိုတာက နီးသောအကြောင်းလို့ ပြန်ရတယ်၊ manifestation ဆိုတာက ပစ္စုပ္ပဋ္ဌာန်။ အဲဒီ ၄-မျိုး ၄-မျိုးနဲ့ နားလည်မှ ပြည့်ပြည့်ဝဝ နားလည် တယ်ခေါ်ရတယ်။

တကယ်တရားထိုင်လာပြီဆိုရင် ဒါလေးတွေဟာ မြင်မြင်လာတယ်၊ ပြီးတော့ သတိမထားရင်သာရှိမယ်၊ သတိထားရင် မြင်လာတာတွေရှိတယ်၊ အဲဒီတော့ မဟာစည်ဆရာတော်ဟာ လက္ခဏာရသ ပြောပြတဲ့နေရာမှာ အကောင်းဆုံးပဲ၊ ဘာကြောင့်လဲဆိုတော့ လက်တွေ့မှတ်ထားပြီး ပြောသွားတာ ဆရာတော်ရေးတဲ့ စာအုပ်တွေထဲမှာရှိတယ်၊ ဆရာတော်ပေးတဲ့ ဥပမာလေး သိပ်ကောင်းတယ်။

တစ်ခါတလေ ယောဂီဟာ မြင်တာပဲ, သိလိုက်တာပဲ, ဒါပေမယ့် ဒါဟာ လက္ခဏာပဲ, ဒါဟာ ရသပဲလို့ မသိလိုက်ဘူး၊ ဘာနဲ့တူသလဲဆိုရင် လျှပ်စီးလက်လိုက်တဲ့အခါ ကြည့်နေတဲ့သူဟာ လျှပ်စီးမြင်လိုက်သလားဆိုတော့ မြင်တယ်၊ လျှပ်စီးက ဘယ်လို လက္ခဏာရှိသလဲ, ဘယ်လို သီးသန့်ရှိသလဲ, ဘယ်လို အခြင်းအရာရှိသလဲ, လျှပ်စီးရဲ့အကြောင်းဟာ ဘယ်လိုလဲမေးရင် သူပြောချင်မှ ပြောတတ်မှာ။

နားလည်သူတွေက ပြောလိမ့်မယ်၊ လျှပ်စီးဆိုတာ တောက်ပတဲ့ လက္ခဏာရှိတယ်ပေါ့, ဝင်းသွားတယ်၊ ဝင်းလက်သွားတာနဲ့ အမှောင်ကို ပယ်ဖျောက်နိုင်တဲ့

ကိစ္စရှိတယ်, သူ့ function က အမှောင်ကို ပယ်ဖျောက်ခြင်း၊ အခြင်းအရာက ကွေ့ကွေ့ကောက်ကောက် ဘာညာပေါ့၊ ပဒဋ္ဌာန်ကတော့သိပြီ၊ natural တို့ လေ, မိုးတို့, အပူဓာတ်, အအေးဓာတ် စသည်ပေါ့။

အဲသလိုပဲ, တရားအားထုတ်တဲ့အခါ မြင်တော့ မြင်ကြတာပဲ၊ ဒါပေမယ်လို့ တစ်ခါတလေ မသိလိုက်ဘူး၊ တကယ်တရားထိုင်ပြီးတော့ ဂရုစိုက်ပြီး မှတ်လာပြီဆိုတဲ့ အခါကျတော့ ဒီလိုဖြစ်ပါလား, ဒီလိုအခြင်းအရာရှိပါလားလို့ သိလာတယ်၊ အဲဒါတွေကို အကုန်လုံး ကျမ်းဂန်ထဲမှ ရေးထားတယ်။

အဲဒီလို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, ဒီ ၄–မျိုးနဲ့ နားလည်မှ ပြည့်ပြည့်ဝဝ နားလည်တယ်ဆိုရတယ်၊ အဲဒီမှာ ပဒဋ္ဌာန်ဆိုတာ တော်တော်လေး အသုံးကျတယ်၊ ပဒဋ္ဌာန်ဆိုတာ နီးစွာသောအကြောင်း, အထူးသဖြင့် မကောင်းတဲ့ အခြေအနေ, မကောင်းတဲ့စေတသိက်တွေပေါ့။

ဒါတွေ ကိုယ့်မှာအဖြစ်များရင် ဘာကြောင့်ဖြစ်တယ်ဆိုတာသိရင် အဲဒါတွေ ကိုယ်က ရှောင်နိုင်တယ်။

လောဘဟာ ဘာကြောင့် ဖြစ်တတ်လဲ, ဒေါသဟာဘာကြောင့် ဖြစ်တတ်လဲ, မာနဟာဘာကြောင့်ဖြစ်တတ်လဲ စသည်ဖြင့် အကြောင်းသိထားရင် ဟောဒီအကြောင်း ကို ရှောင်နိုင်ရင် ကိုယ့်မှာ မဖြစ်ဘူးပေါ့။

အဲဒီလိုစိတ်ရဲ့ culture ပြုပြင်မှုမှာ ဒါတွေဟာ အသုံးကျတယ်၊ ဒါကြောင့် မို့လည်းအခုလူတွေဟာ စိတ်ယဉ်ကျေးမှုဖြစ်စရာ ဝိပဿနာ ကမ္မဋ္ဌာန်းကို စိတ်ဝင်စား ကြတာနဲ့ သူတို့ရဲ့ စိတ်ရောဂါလူနာတွေကို ဆေးလည်းစား, ဒီနည်းနဲ့လည်း ကုပေးကြတယ်။

ဒါကြောင့်မို့ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်နဲ့ သိမှသာ ပြည့်ပြည့်ဝဝ သိတယ်လို့ ဒီလောက်လေးတော့ မှတ်ထားပါ၊ ကောင်းပြီ၊ အခု စေတသိက် ၅၂ ပါးစလုံး လေ့လာပြီးပြီ၊ အဲဒီ ၅၂–ပါးမှာ ခပ်ဆင်ဆင်တူရာလေးတွေပြောရဦးမယ်၊ အဲဒီမှာ ဝိတက်ရယ်, စေတနာရယ်, မနသိကာရရယ်, ဒီ သုံးခုဟာ ဆင်ဆင်တူတယ်၊ သို့သော် သဘောတရားချင်း လက္ခဏာချင်းကွဲတယ်, ဝိတက်ရယ်, စေတနာရယ်၊ မနသိကာရယ်, ဒီသုံးခုကို တစ်တွဲမှတ်နော်။

ဝိတက်က ယှဉ်တရားတွေကို အာရုံတင်ပေးတယ်၊ စေတနာက အဲသလို တင်ပေးတဲ့တရားတွေကို သူကဆက်စပ်ပေးတယ်၊ engageလုပ်ပေးတယ်၊ ဝိတက် ပို့ပေးတယ်၊ အဲဒီဟာကို အာရုံနဲ့ တွဲကပ်နေအောင် စေတနာက နောက်ကနေ

တွန်းပေးနေတယ်။

မနသိကာရဆိုတာက အာရုံဆီဖြောင်းဖြောင့်တန်းတန်း သွားအောင် သူက ထိန်းကျောင်းပေးတယ်၊ အဲသလို နည်းနည်းတူသလိုလိုနဲ့ ကွဲပြားတယ်။

ဝိတက်က အာရုံဆီပို့ပေးတယ်၊ စေတနာက အာရုံနဲ့ကပ်ပေးထားတယ်၊ မနသိကာရက အာရုံဆီ တန်းတန်းမတ်မတ် ဖြောင့်ဖြောင့်ရောက်အောင် သူကပဲ့ကိုင်တယ်၊ အဲသလို ဝိတက်၊ စေတနာ၊ မနသိကာရတို့ဟာ ထူးခြားမှုရှိတယ်။

ပြီးတော့တစ်တွဲဟာ လောဘနဲ့ဆန္ဒ၊ လောဘကလည်း လိုချင်တာပဲ၊ လောဘလိုချင်မှုက ငြိပ်ကပ်မှုစေးကပ်မှုပါတယ်၊ ဆန္ဒလိုချင်မှုက ငြိကပ်မှု အစေးမပါဘူး။

မြားပစ်တဲ့ သူဟာ မြားတောင့်ထဲက မြားတံဆွဲယူသလိုပဲ ကျမ်းဂန်မှာပြောတယ်၊ အဲဒါဟာ ဆန္ဒ။

လောဘလိုချင်မှုကို ဘာနဲ့ဥပမာပေးသလဲဆိုရင် ဟိုနေ့က ပြောထားသလို ဒယ်အိုးပူပေါ်မှာ အသားပစ်လို့ ကပ်တာရယ်၊ မျောက်နဲ့စေးတို့လို ငြိကပ်မှုပါလာရင် လောဘ၊ ငြိကပ်မှုမပါဘူးဆိုရင် ဆန္ဒ၊ ဆန္ဒက ပြုလိုကာမျှ၊ ပြုလိုကာမတ္တလို့လည်း ကျမ်းဂန်မှာသုံးတယ်။

နောက်တစ်စုကတော့ သညာရယ်၊ ဝိညာဉ်ရယ်၊ ပညာရယ်တဲ့ (ဝိညာဉ်ဆိုတာ စိတ်ပါပဲ) ဒီသုံးခုအစုကို နားလည်ရမယ်။

အဲဒီတော့ ဘုန်းကြီးမြန်မာစာလေးသိရအောင် ဖတ်ပြမယ်။

"သညာ၊ ဝိညာဉ်၊ ပညာတို့၏ အာရုံကိုသိသည်၏အဖြစ်သည် တူညီသော်လည်း သညာသည် အညိုအရွှေ ဤသို့စသည်ဖြင့် အာရုံကို မှတ်သိရုံမျှသာဖြစ်သည်"

သညာသိတာက မှတ်သိရုံလေးပါ၊ ဒါလေးက အနီ၊ ဒါက အညို၊ ဒါက အဝါ စသည်ဖြင့်ပေါ့၊ အဲသလို သိတာ သညာသိ။

"မမြဲ၊ ဆင်းရဲအတ္တမဟုတ်ဟု လက္ခဏာသုံးပါး ထိုးထွင်းသိခြင်းသို့ရောက်စေရန်ကား မစွမ်းနိုင်သေး"

သညာက အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့သိသည့်တိုင်အောင် မစွမ်းနိုင်သေးဘူးတဲ့၊ မှတ်ရုံမှတ်ပြီး သိတာကိုး။

"ဝိညာဉ်သည် အညို၊အရွှေ ဤသို့စသည်ဖြင့် အာရုံကိုလည်းသိ၏၊ လက္ခဏာသုံးပါးထိုးထွင်းသိခြင်းသို့လည်း ရောက်စေ၏"

ဝိညာဉ်သိ (စိတ်သိ)ကျတော့ မှတ်သိလည်းပါသွားတယ်၊ လက္ခဏာကို ထိုးထွင်း သိသောအနေအထိလည်း သိတယ်တဲ့။

"သို့သော်လည်း အဆင့်ဆင့်တက်၍ အရိယာမဂ်ဖြစ်ပေါ်ခြင်းသို့ ရောက်စေရန်ကား မစွမ်းနိုင်သေး"

ဝိညာဉ်သိ, သိရုံနဲ့ ကိစ္စမဆုံးသေးဘူးလို့ ဆိုလိုတယ်။

"ပညာသည်ကား ဆိုခဲ့ပြီးသောနည်းဖြင့် အာရုံကိုလည်း သိ၏၊ လက္ခဏာသုံးပါးထိုးထွင်းသိခြင်းသို့လည်း ရောက်စေ၏၊ အဆင့်ဆင့်တက်၍ အရိယာမဂ်ဖြစ်ပေါ်ခြင်းသို့လည်း ရောက်စေ၏"

အဲသလိုကွာတယ်၊ သညာကမှတ်ရုံသာသိတယ်၊ ဝိညာဉ်ကျတော့ နည်းနည်းလေးပိုသိလာတယ်၊ မကုန်သေးဘူး၊ ပညာကျမှ အကုန်ထိုးထွင်းပြီးတော့သိတယ်၊ ဒါကြောင့် သညာ, ဝိညာဉ်, ပညာသုံးပါးအစုကိုလည်း မှတ်ရမယ်"

ဥပမာပြရရင်, ကျမ်းဂန်က ဥပမာတွေ သိပ်ကောင်းတယ်၊ ရွှေငွေရာပြတ်ပွဲမင်း၏ ပျဉ်ချပ်စားပွဲခုံ၌ တင်ထားသော ငွေအသပြာအစုကို ရောင်းဝယ်ရေး၌ အသိဉာဏ်မဖြစ်သေးသောသူငယ်တစ်ယောက်၊ ရွာသားဖြစ်သော ယောကျ်ားလူကြီးတစ်ယောက်, (ဒါက Ordinary average person) ရွှေငွေရာပြတ်ပွဲမင်းတစ်ယောက်, သုံးဦးသားမြင်ကြရာတွင်၊ ရောင်းဝယ်ရေး၌ အသိပညာမဖြစ်သေးသောသူငယ်သည် ငွေအသပြာတို့၏ အမျိုးမျိုး အထွေထွေ ဆန်းကြယ်ခြင်း, ရှည်လျားခြင်း, လေးထောင့်သဏ္ဌာန်ရှိခြင်း, ဝန်းဝိုင်းခြင်းမျှကိုသာသိ၏"

ဒါလေးက ဝိုင်းဝိုင်းပဲ၊ ဒါကလေးထောင့်ပဲ၊ သူဒီလောက်ပဲသိမယ်တဲ့။

"ဤအရာသည် လူတို့၏ အတွင်းအသုံးအဆောင်,အပ အသုံးအဆောင်ကို ရထိုက်သော ရတနာဟု သမုတ်အပ်သော ဝတ္ထုတည်းဟူ၍ကားမသိ"

ဒါဟာ ပိုက်ဆံအဖြစ်နဲ့ သုံးရတယ်ဆိုတာ မသိဘူးပေါ့။

"ရွာသားဖြစ်သော ယောကျ်ားသည် အထူးထူးအထွေထွေ ဆန်းကြယ်ခြင်းစသည်ကိုလည်းသိ၏၊ ဤအရာသည် လူတို့၏ အတွင်းအသုံးအဆောင်, အပအသုံးအဆောင်တို့ကို ရထိုက်သော ရတနာဟု သမုတ်အပ်သော ဝတ္ထုတည်းဟုလည်း သိ၏"

ဆိုလိုတာကတော့ ဝိုင်းတာ, လေးထောင့်ဖြစ်တာကိုလည်း သိတယ်၊ သုံးလို့ရတယ် ဆိုတာကိုလည်း သိတယ်။

"သို့သော် ဤအသပြာသည် ငွေဖြစ်သည်, ဤအသပြာသည် ထက်ဝက်အနှစ်ရှိသော ငွေဖြစ်သည်ဟူ၍ ဤသို့သော အကွဲအပြားကိုကားမသိ၊ ရွှေငွေရာပြတ်ပွဲမင်းသည်ကား အထူးအခြားတို့ကို အလုံးစုံ အကုန်သိ၏။

ထိုသို့ သိရာ၌လည်း အသပြာကို ကြည့်ရှု၍လည်းသိ၏၊ တီးခေါက်အပ်၍ ရသော အသပြာ၏အသံကိုကြားရ၍လည်း သိ၏၊ အနံ့ကို နမ်း၍လည်းသိ၏၊ အရသာကိုလျက်၍လည်းသိ၏၊ လက်ဖြင့်ချိန်ဆ၍လည်းသိ၏။

ဤမည်သော ရွာ၌သော်လည်းကောင်း၊ မြို့၌သော်လည်းကောင်း၊ တောင်၌သော်လည်းကောင်း၊ ဤမည်သောမြစ်ကမ်း၌သော်လည်းကောင်း ပြုလုပ်အပ်သောငွေ ဟုလည်း သိ၏"

တချို့ကျတော့ ဒါကို ဘယ်မှာလုပ်တယ်ဆိုတာ အထိသိတယ်၊ အဲသလို သညာ၊ ဝိညာဉ်၊ ပညာတို့ သိပုံမျိုးက ကွာတယ်တဲ့၊ သညာကတော့ အမြန်ဆုံး မှတ်ပြီးသိတာ၊ ဝိညာဉ်ကျတော့ နည်းနည်းပိုသိတယ်၊ ပညာကျမှ အသိကုန်တယ်၊ အဲသလိုလည်း ခဏခဏ စဉ်းစားပြီး မှတ်ကြပေါ့၊ ခုနဖတ်လိုက်တာ ဝိသုဒ္ဓိမဂ်မြန်မာ ပြန်စာအုပ်ထဲက ဖတ်လိုက်တာ၊ ကိုယ့်ဟာကိုယ် ဖတ်ကြည့်ကြပေါ့။

အဲဒီတော့ စေတသိက် ၅၂-ပါးကုန်သွားပြီ၊ ၅၂-ပါးလေ့လာပြီးတဲ့နောက် စိတ်ယှဉ်စေတသိက်ယှဉ်တို့ကို လေ့လာရမယ်၊ အဲဒါက တော်တော်ခေါင်းရှုပ်တယ်၊ ဒါပေမယ့် လေ့လာရမှာပဲ။

အဲသလိုလေ့လာတဲ့အခါမှာ ၃-နည်းရှိတယ်၊ သင်္ဂြိုဟ်ထဲမှာ တိုက်ရိုက်ပါ တာက ၂-နည်း၊ ဝိသုဒ္ဓါရုံဆရာတော်ကြီးက ထပ်ပြီးတော့ ထွင်ထားတာက ၁-နည်း၊ အားလုံး ၃-နည်းရှိတယ်၊ တတိယနည်းဖြစ်တဲ့ ဝိသုဒ္ဓါရုံဆရာတော်ကြီးရဲ့ နည်းကအခက်ဆုံးပဲ။

ပထမနည်းကို သမ္ပယောဂနည်းလို့ခေါ်တယ်၊ ဒုတိယနည်းကို သင်္ဂဟနည်း၊ တတိယနည်းကို မိဿကနည်းလို့ခေါ်တယ်။

ဒီဇယားကွက်ဟာ ပထမ ၂-နည်းပါတယ်၊ ဒီထဲမှာ အောက်ကိုတန်းပြီး ဖတ်မယ်၊ လောဘမူလ၊ လောဘမူပထမစိတ်၊ စိတ် ၈၉-ပါး သို့မဟုတ် ၁၂၁-ပါး ကို စိတ်ထဲမှာ အာရုံပြုထားကြ။

ပထမဆုံးစိတ်က လောဘမူလ ပထမစိတ်၊ ထို့အတူပဲ လောဘမူလ ၂-၃-၄-၅-၆-၇-၈

နောက်တစ်ခုက ဒေါသမူလ ၁-၂၊ မောဟမူလ ၁-၂ ဆိုတော့ အကုသိုလ်စိတ် ၁၂-ပါးပြီးသွားပြီ၊ ဒါဟာ ပထမကော်လံ။

နောက်ဟာကျတော့ အကျဉ်းချုံးလိုက်ပြီ၊ မျက်စိလည်သွားကြမယ်၊ ဒီမှာ အကျဉ်းချုပ်လိုက်တာက Dvipañca- viññāṇa အဲဒါကို မြန်မာလို ခေါ်တော့

ဒွေပဉ္စဝိညာဏ်လို့ခေါ်တယ်၊ ပါဠိလိုတော့ ဒွိပဉ္စဝိညာဏ။

ဒွေပဉ္စဝိညာဏ် ၁၀–ဆိုတာ စက္ခုဝိညာဏ်စိတ်, သောတဝိညာဏ်စိတ်, ဃာနဝိညာဏ်စိတ်, ဇိဝှါဝိညာဏ်စိတ်, ကာယဝိညာဏ်စိတ်၊ အဲဒီ ၁၀–ခုကို ဒွေပဉ္စဝိညာဏ် ၁၀–လို့ ခေါ်တယ်။

နောက်တစ်ခုက သမ္ပဋိစ္ဆိနစိတ် ၂– ခုပါတယ်၊ သန္တီရဏစိတ် ၃– ခု ပါတယ်၊ ၃–ခုမှာ ဥပေက္ခာ၂–ခုကို ၁–တွဲထားတယ်၊ သန္တီရဏ သောမနဿကို ၁တွဲထားတယ်၊ up ဆိုတာ ဥပေက္ခာ၊ so ဆိုတာ သောမနဿ၊ သန္တီရဏဥပေက္ခာ, သန္တီရဏသောမနဿ။

နောက်တစ်ခုက pācadvārāvajjana မြန်မာလို ပဉ္စဒွါရာဝဇ္ဇန်း, အဟိတ် စိတ်ထဲမှာပဉ္စဒွါရာဝဇ္ဇန်း တွေ့တယ်မဟုတ်လား။

အဟိတ်စိတ်ကြည့်လိုက်ရင်စက္ခုဝိညာဏ်စိတ်, သောတဝိညာဏ်စိတ်, ဃာနဝိညာဏ်စိတ်, ဇိဝှါဝိညာဏ်စိတ်, ကာယဝိညာဏ်စိတ်။

အဟိတ်ကုသလဝိပါက်စိတ်ထဲမှာ စက္ခုဝိညာဏ်စိတ်, သောတဝိညာဏ်စိတ်, ဃာနဝိညာဏ်စိတ်, ဇိဝှါဝိညာဏ်စိတ်, ကာယဝိညာဏ်စိတ်၊ ဒီ ၁၀–ခုကို ဒွေ ပဉ္စဝိညာဏ်စိတ် ၁၀–လို့ ခေါ်ထားတယ်။

သမ္ပဋိစ္ဆိုင်းစိတ်၂–ခု၊ ဒါက အကုသလဝိပါက်ထဲမှာ ၁–ခုပါတယ်၊ ကုသလ ဝိပါက်ထဲမှာ ၁– ခုပါတယ်။

သန္တီရဏစိတ်က ၃–ခုပါတယ်၊ အကုသလဝိပါက်ထဲမှာ ၁–ခု, အဟိတ် ကုသလဝိပါက်ထဲမှာ ၂– ခု။

ပဉ္စဒွါရဝဇ္ဇန်းက အဟိတ်ကြိယာထဲမှာ မနောဒွါရဝဇ္ဇန်း, နောက်တစ်ခုက ဟသိတုပ္ပါဒ၊ ဒီအကျဉ်းချုံးထားတာကိုလည်းသိမှ။

နောက်အောက်ဆင်းလိုက်စမ်း၊ ကာမာဝစရကုသလ ဝမ်းတူး ဆိုတော့ ပထမနဲ့ ဒုတိယ တစ်တွဲထဲလုပ်ထားတယ်၊ ကာမာဝစရကုသလထဲမှာ သောမနဿ သဟဂုတ် ညာဏသမ္ပယုတ်အသင်္ခါရိကစိတ်, သောမနဿသဟဂုတ် ဉာဏ သမ္ပယုတ် သသင်္ခါရိကစိတ်, ဒီ ၂–ခုကို ဝမ်းတူး လုပ်ပေးထားတယ်။

သရီးဖိုးကျတော့ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်၊ သောမနဿ သဟဂုတ်ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်၊ အဲဒီအတိုင်းသွားမယ်၊ ၅–၆–၇–၈ ဒီအတိုင်း တွဲထားတယ်။

ကာမာဝစရ ဝိပါက ဒီအတိုင်းပဲ ၁–၂–၃–၄–၁–၂က ဉာဏ်နဲ့ယှဉ်တယ်၊

၃, ၄ က ဉာဏ်နဲ့မယှဉ်ဘူး၊ ၅-၆ က ဉာဏ်နဲ့ယှဉ်တယ်၊ ၇-၈ ဉာဏ်နဲ့မယှဉ်ဘူး။

ကာမာဝစရကြိယာစိတ်လည်း ဒီအတိုင်းပဲ၊ ၁-၂-၃-၄-၅-၆-၇-၈

နောက်တစ်ခါ ရူပါဝစရကျတော့ ကုသိုလ်ကြိယာလို့ မလုပ်တော့ပဲနဲ့ဈာန်နဲ့ သွားထားတယ်၊ ဇယားကွက်ထဲမှာ Rūpāvacara 1st Jhāna 3 ဆိုတာဟာ၊ ပထမဈာန် ကုသိုလ်စိတ်, ပထမဈာန်ဝိပါက်စိတ်, ပထမဈာန်ကြိယာစိတ်, အဲဒီ ၃-ခုကို ခတွဲလုပ်လိုက်၊ 2nd Jhāna 3 ဆိုလည်း ဒီအတိုင်းပဲ၊ ကုသိုလ် ဒုတိယဈာန်, ဝိပါက် ဒုတိယဈာန် ကြိယာဒုတိယဈာန်။

3rd Jhāna, 4 th Jhāna, 5th Jhāna ဒီအတိုင်းပဲ၊ အားလုံး ၁၅-ခုပြီး သွားပြီ။

အရူပဝစရကျတော့ အကုန်လုံး တစ်ပေါင်းတည်းထားလိုက်တော့တယ်၊ ဘာကြောင့်တုန်းဆိုတော့ သူက ဈာန်အင်္ဂါအတူတူပဲ၊ သူ့ကို ပဥ္စမဈာန်ထဲထည့်တယ်၊ ဒါကြောင့် အရူပါဝစရစိတ် ၂၂-ခုလုံးကို ပဥ္စမဈာန်လို့ပဲ ဒီမှာသုံးတယ်။

ပြီးတဲ့နောက် လောကုတ္တရာစိတ် အကျယ်၄၀-နဲ့သွားတယ်၊ ၄၀-နဲ့သွားတဲ့ အခါကျတော့ ဒီမှာဘယ်လိုဖတ်ရမလဲဆိုတော့ သောတာပတ္တိ Sotapatti Magga , အဲဒါနဲ့ 1st Jhāna, 2nd Jhāna, 3rd Jhāna, 4th Jhāna. 5 th Jhāna နဲ့ အကုန်လုံး တွဲရမယ်၊ ဆက်လိုက်ရင် အများကြီးဖြစ်သွားမယ်။

အဲဒီတော့ ဘယ်လိုဖြစ်သွားမလဲဆိုတော့ Sotapātti-magga 1st Jhāna 4, Sotāpatti-Magga 2nd Jhāna 4, Sotāpatti Magga 3 rd Jhāna 4, Sotāpatti-Magga 4 th Jhāna 4, Sotapātti-Magga 5 th Jhāna 4,

တစ်ခါ သကဒါဂါမိမဂ် Sakādagāmi-Magga 1st Jhāna 4, Sakadāgāmi-Magga 2nd Jhāna 4, Sakadāgāmi-Magga 3 rd Jhāna 4, Sakadāgāmi-Magga 4 th Jhāna 4, Sakadāgāmi-Magga 5 th Jhana 4, အဲသလို သွားတယ်၊ ဒီဘက်က မဂ်တစ်ခုနဲ့ ဟိုဘက်က ဈာန် ၅-ခုနဲ့ အဲသလို သွားတယ်၊ အားလုံး ၂၀-ဖြစ်သွားတယ်။

ဖိုလ်လည်းဒီအတိုင်းပဲ၊ Sotāppatti-Phala 1 st Jhāna 4, 2nd Jhāna 4, 3rd Jhāna 4, 4th Jhāna 4, 5th Jhāna 4,

တစ်ခါ Sakadāgāmi Phala 1st Jhāna 4, အဲသလို သွားရမယ်၊ အဲသလိုသွားပြီးတဲ့နောက်မှာ ဒီစိတ်နဲ့ စေတသိက်တွေဟာ ရှင်းတယ်၊ ဒီလိုမဟုတ်ရင် ဒီစိတ်တွေဟာ ဘာစိတ်မှန်းကိုသိမှာမဟုတ်ဘူး။

တစ်ခေါက်ပြန်သွားမယ်, အကုသိုလ်စိတ်မှာ ရှိတယ်၊ အဟိတ်စိတ်ထဲမှာ

ဒွိပဉ္စဝိညာဏဆိုတာ ဘာစိတ်တွေလဲ၊ စက္ခုဝိညာဏ်စိတ် ၂-ခု၊ သောတဝိညာဏ် စိတ်၂-ခု၊ ဃာနဝိညာဏ်စိတ် ၂-ခု၊ ဇိဝှါဝိညာဏ်စိတ် ၂-ခု၊ ကာယဝိညာဉ်စိတ်-၂ခု၊

သမ္ပဋိစ္ဆိုင်းစိတ် ၂-ခု၊ အကုသလဝိပါက်ထဲက ၁-ခု၊ ကုသလဝိပါက်ထဲက ၁-ခု။

သန္တီရဏစိတ်ဥပေက္ခာထဲက ၁ ခု အကုသလဝိပါက်ထဲက ၁-ခု, ကုသလ ဝိပါက်ထဲက ၁-ခု။

သန္တီရဏသောမနဿ ၁-ခု၊ ကုသလဝိပါက်ထဲက ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ အဟိတ်ကြိယာစိတ်ထဲက ပထမစိတ်၊ မနောဒွါရာဝဇ္ဇန်းစိတ်၊ ဒုတိယစိတ်၊ ဟသိတုပ္ပါဒ စိတ်, တတိယစိတ်။

ကာမာဝစရကုသိုလ် ၁-၂-၃-၄- သွားတယ်၊ လွယ်သွားပြီ။

ရူပါဝစရ ပထမဈာန် ၃-ဆိုရင် ကုသိုလ်-၁၊ ဝိပါက်၁၊ ကြိယာ-၁၊ ဒုတိယဈာန်-၃၊ တတိယဈာန်-၃၊ စတုတ္ထဈာန်-၃၊ ပဉ္စမဈာန်-၃။

အရူပါဝစရဈာန် ၁၂-က သောတာပတ္တိမဂ် ပထမဈာန်-၄၊ ဒုတိယဈာန် ၄-စသည်ဖြင့် သွားတော့ အားလုံး ၁၂၁-ပါးရတယ်၊ ဒါဟာ အကျဉ်းချုံးထားတာ, ပြီးတော့ စေတသိက်စမယ်။

သဗ္ဗစိတ္တခါရဏ စေတသိက် ၇-ခု၊ ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒ, မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ။

သောဘနသာဓာရဏကျတော့ အကုန်မရေးနိုင်ဘူး၊ ၁၉ ပါး၊ သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ, ----- ဝိရတိ ၃ ပါး၊ အပ္ပမညာ ၂-ပါး၊ ပညိန္ဒြေ။

ကောင်းပြီ၊ သဗ္ဗစိတ္တသာဓာရဏဆိုတာ အားလုံးသောစိတ်တွေနဲ့ ဆက်ဆံ တယ်၊ အားလုံးသောစိတ်တွေနဲ့ ဆက်ဆံတယ်ဆိုတာ အားလုံးသောစိတ်တွေနဲ့ ယှဉ်တယ်၊ အားလုံးသောစိတ်တွေဖြစ်တိုင်း ဖြစ်တိုင်းသူပါတယ်ပေါ့။

အဲဒါကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခုဟာ ဘယ်စိတ်တွေနဲ့ ယှဉ်သလဲမေးရင် စိတ်အားလုံး (အကျဉ်းအားဖြင့် -၈၉၊ အကျယ်အားဖြင့် ၁၂၁ ပါး)နဲ့ယှဉ်တယ်။

ကောင်းပြီ၊ ဝိတက်ဟာ ဘယ်လောက်နဲ့ယှဉ်သလဲ၊ ဈာန်တွေပါလို့ အကျဉ်းနဲ့ မပြောတော့ဘူး၊ အကျယ်နဲ့ပြောမယ်။

ဝိတက်စေတသိက်ဟာ စိတ်ပေါင်း ၅၅–ခုနဲ့ ယှဉ်တယ်၊ ကြည့်လိုက်စမ်း, အကုသိုလ်စိတ် ၁၂–ခုလုံးနဲ့ မယှဉ်ဘူးလား၊ ယှဉ်တယ်၊ ဒွေပဉ္စဝိညာဏ်–၁၀၊ စက္ခုဝိညာဉ် စသည်နဲ့မယှဉ်ဘူး၊ နောက်ကျတော့ ပထမဈာန်ထိအောင် ယှဉ်သွားပြီ၊ ဒုတိယဈာန်ကျတော့ ဝိတက်မပါဘူး၊ တတိယ, စတုတ္ထ၊ ပဉ္စမထိမပါဘူး။

အဲဒီတော့ ရူပါဝစရမှာ ပထမဈာန်နဲ့ယှဉ်တယ်၊ မဂ်မှာ ပထမဈာန်နဲ့ယှဉ်တယ်၊ ဖိုလ်မှာ ပထမဈာန်နဲ့ယှဉ်တယ်၊ အားလုံးပေါင်းလိုက်ရင် ၅၅–ရတယ်။

ကောင်းပြီ၊ ဝိစာရကိုကြည့်လိုက်၊ အကုသိုလ်စိတ် ၁၂–ခုစလုံးနဲ့ ယှဉ်တယ်၊ ဒွေပဉ္စဝိညာဏ် ၁၀–နဲ့ မယှဉ်ဘူး၊ ပထမဈာန်နဲ့ ယှဉ်တယ်၊ ဒုတိယဈာန်နဲ့လည်း ယှဉ်တယ်၊ တတိယ, စတုတ္ထ, ပဉ္စမဈာန်နဲ့ မယှဉ်ဘူး၊ ဒါကြောင့် ရူပါဝစရ ပထမဈာန်, ဒုတိယဈာန်မဂ်, ပထမဈာန်, ဒုတိယဈာန်၊ ဖိုလ်ပထမဈာန်, ဒုတိယဈာန်, ရှင်းရှင်းတော့ ဝိတက် စေတသိက် ၅၅–ခုထက် သူက ၁၁–ခု ပိုလာတယ်၊ ဒုတိယဈာန် ၁၁–ခု ပိုလာတယ်။

အဓိမောက္ခတဲ့၊ အကုသိုလ်စိတ်အားလုံးထဲမှာ ၁–ခုနဲ့ မယှဉ်ဘူး၊ မယှဉ်တဲ့စိတ်ဟာ မောဟမူက မဆုံးဖြတ်နိုင်တဲ့စိတ်လေ၊ အဓိမောက္ခကဆုံးဖြတ်တာ၊ အဲဒီတော့ ဆန့်ကျင်ဘက်တွေပေါ့၊ ဒါဖြင့်ရင် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်တွေနဲ့ မယှဉ်ဘူး၊ ဒွေပဉ္စဝိညာဏ် ၁၀–နဲ့လည်း မယှဉ်ဘူး၊ ကျန်တာတွေနဲ့ကျတော့ အကုန်ယှဉ်တယ်၊ အားလုံး စေတသိက်–၇၈၊ သို့မဟုတ်–၁၁၀။

ဝီရိယကိုကြည့်လိုက် အကုသိုလ်စိတ်အားလုံးနဲ့ ယှဉ်တယ်၊ ဒွေပဉ္စဝိညာဏ် ၁၀–နဲ့ မယှဉ်ဘူး၊ သမ္ပဋိစ္ဆိုင်း ၂–ခုနဲ့ မယှဉ်ဘူး၊ သန္တီရဏ ဥပေက္ခာနဲ့ မယှဉ်ဘူး၊ သန္တီရဏသောဘနဿ မယှဉ်ဘူး၊ ပဉ္စဒွါရာဝဇ္ဇန်းကော မယှဉ်ဘူး၊ ဝီရိယမယှဉ်တဲ့ စိတ် ၁၆– ခုရှိတယ်၊ ကျန်တာယှဉ်တဲ့စိတ်ပေါ့၊ ဒါကြောင့်မို့ ၈၉–ထဲက ၁၆ နှုတ်လိုက်ရင် ၇၃–ခု ကျန်တာပေါ့၊ ၁၂၁–ထဲက နှုတ်ရင် ၁၀၅–ကျန်တယ်၊ ဒါဟာ ဝီရိယနော်၊

ပီတိနဲ့ယှဉ်တဲ့စိတ်တွေကြည့်လိုက်စမ်း သူက သောမနဿစိတ်သာ ယှဉ်တာကိုး၊ အဲဒီတော့ လောဘမူစိတ် ၄–ခု ယှဉ်တယ်၊ လောဘမူ ဥပေက္ခာ မယှဉ်ဘူး၊ ဒေါသမူ မယှဉ်ဘူး၊ မောဟမူမယှဉ်ဘူး၊ ဒီတော့ ဒွေပဉ္စဝိညာဏ် ၁၀– မယှဉ်ဘူး၊ သမ္ပဋိစ္ဆိုင်းမယှဉ်ဘူး၊ သန္တီရဏဥပေက္ခာမယှဉ်ဘူး၊ သန္တီရဏ သောမနဿကျတော့ ယှဉ်တယ်။

ပြီးတော့ ပဉ္စဒွါရာဝဇ္ဇန်း မယှဉ်ဘူး၊ မနောဒွါရာဝဇ္ဇန်းမယှဉ်ဘူး၊ ဟသိတုပ္ပါဒ

ကျတော့ ယှဉ်တယ်။

ပြီးတော့ ကာမာဝစရကုသိုလ် ၁, ၂, ၃, ၄, သောမနဿဖြစ်လို့ ယှဉ်တယ်၊ ၅, ၆, ၇, ၈ မယှဉ်ဘူး၊ ဝိပါက် ဒီအတိုင်းပဲ, ကြိယာဒီအတိုင်းပဲ။

ရူပါဝစရကျတော့ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကတော့ သောမနဿတော့ ဟုတ်တယ်၊ ဒါပေမယ့် ပီတိမယှဉ်ဘူး၊ စတုတ္ထဈာန်က သောမနဿဝေဒနာနဲ့တော့ ယှဉ်တယ်၊ ဒါပေမယ့် ပီတိမယှဉ်ဘူး။

ဒါကြောင့်မို့ သူက ပဌမ, ဒုတိယ, တတိယ ဒီ ၃–ခုနဲ့ပဲယှဉ်တယ်၊ မဂ်စိတ်လည်း ဒီအတိုင်းပဲ၊ ဖိုလ်စိတ်လည်း ဒီအတိုင်းပဲဆိုတော့ အားလုံး ၅၁–ရတယ်။

ဆန္ဒတဲ့၊ ဆန္ဒက ဘာစိတ်တွေနဲ့ယှဉ်သလဲ ကြည့်လိုက်စမ်း၊ လောဘမူစိတ် ၈–ခုနဲ့ယှဉ်တယ်၊ ဒေါသမူစိတ် ၂–ခုနဲ့ယှဉ်တယ်၊ မောဟမူစိတ် ၂–ခုနဲ့ မယှဉ်ဘူး၊ အဲဒီတော့ ဆန္ဒနဲ့ယှဉ်တဲ့စိတ်ဟာ လောဘမူဒွေပဌမလို့ မှတ်ထားပါ။

ပြီးတော့ ဆန္ဒစေတသိက်– အဟိတ်စိတ် ၁၈–ခုနဲ့ မယှဉ်ဘူး၊ ဆန္ဒမယှဉ်တဲ့စိတ်ဟာ လောဘမူဒွေးရယ်– အဟိတ်စိတ် ၁၈–ရယ်ဆိုတော့ ဆန္ဒမယှဉ်တဲ့စိတ် ၂၀–ရှိတယ်၊ ကျန်တာတွေနဲ့တော့ ယှဉ်တယ်၊ ဒါကြောင့် ၈၉–ထဲက ၂၀–နှုတ်လိုက်ရင် ဆန္ဒယှဉ်တဲ့စိတ် ၆၉–ရတယ်။

← သင်္ဂဟနည်း →

**စိတ် – စေတသိက် ယှဉ်ပုံ**

| | | | | အညသမာန်း ၁၃ | | | | | | | အကုသိုလ် ၁၄ | | | | | သောဘဏ ၂၅ | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သဗ္ဗစိတ္တ (၇) သာဓာရဏ | ဝိတက် | ဝိစာရ | အဓိမောက္ခ | ဝီရိယ | ပီတိ | ဆန္ဒ | မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ | လောဘ | ဒိဋ္ဌိ | မာန | ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ | ထိန၊ မိဒ္ဓ | ဝိစိကိစ္ဆာ | သောဘဏ (၁၉) သာဓာရဏ | ဝိရတီ ၃ | အပ္ပမညာ ၂ | ပညိန္ဒြေ | ပေါင်း |
| အကုသိုလ် ၁၂ | လောဘမူ | | ၁ | | | | | | | | | | | | | | | | | | | ၁၉ |
| | | | ၂ | | | | | | | | | | | | | | | | | | | ၁၃ |
| | | | ၃ | | | | | | | | | | | | | | | | | | | ၁၉ |
| | | | ၄ | | | | | | | | | | | | | | | | | | | ၂၁ |
| | | | ၅ | | | | | | | | | | | | | | | | | | | ၁၀ |
| | | | ၆ | | | | | | | | | | | | | | | | | | | ၂၀ |
| | | | ၇ | | | | | | | | | | | | | | | | | | | ၁၀ |
| | | | ၈ | | | | | | | | | | | | | | | | | | | ၂၀ |
| | ဒေါသမူ | | ၁ | | | | | | | | | | | | | | | | | | | ၂၀ |
| | | | ၂ | | | | | | | | | | | | | | | | | | | ၂၂ |
| | ဒေါသမူ | | ၁ | | | | | | | | | | | | | | | | | | | ၁၅ |
| | | | ၂ | | | | | | | | | | | | | | | | | | | ၁၅ |
| အဟိတ်စိတ် ၁၈ | စက္ခုဝိညာဉ် | | ၁၀ | | | | | | | | | | | | | | | | | | | ၇ |
| | သမ္ပဋိစ္ဆန | | ၂ | | | | | | | | | | | | | | | | | | | ၁၀ |
| | သန္တီရဏ (ဥပေက္ခာ) | | ၂ | | | | | | | | | | | | | | | | | | | ၁၀ |
| | သန္တီရဏ (သောမနဿ) | | ၁ | | | | | | | | | | | | | | | | | | | ၁၁ |
| | ပဉ္စဒွါရာဝဇ္ဇန | | ၁ | | | | | | | | | | | | | | | | | | | ၁၀ |
| | မနောဒွါရာဝဇ္ဇန | | ၁ | | | | | | | | | | | | | | | | | | | ၁၁ |
| | ဟသိတုပ္ပါဒ | | ၁ | | | | | | | | | | | | | | | | | | | ၁၂ |
| ကာမာဝစရသောဘဏ ၂၄ | ကုသိုလ် | ၁ | ၂ | | | | | | | | | | | | | | | | | | | ၃၀ |
| | | ၃ | ၄ | | | | | | | | | | | | | | | | | | | ၃၇ |
| | | ၅ | ၆ | | | | | | | | | | | | | | | | | | | ၃၇ |
| | | ၇ | ၈ | | | | | | | | | | | | | | | | | | | ၃၆ |
| | ဇဝနဿ ဝိပါက် | ၁ | ၂ | | | | | | | | | | | | | | | | | | | ၃၃ |
| | | ၃ | ၄ | | | | | | | | | | | | | | | | | | | ၃၂ |
| | | ၅ | ၆ | | | | | | | | | | | | | | | | | | | ၃၂ |
| | | ၇ | ၈ | | | | | | | | | | | | | | | | | | | ၃၃ |
| | ကြိယာ | ၁ | ၂ | | | | | | | | | | | | | | | | | | | ၃၅ |
| | | ၃ | ၄ | | | | | | | | | | | | | | | | | | | ၃၄ |
| | | ၅ | ၆ | | | | | | | | | | | | | | | | | | | ၃၄ |
| | | ၇ | ၈ | | | | | | | | | | | | | | | | | | | ၃၃ |
| ရူပါဝစရ ၁၅ | ပထမဈာန် | | ၃ | | | | | | | | | | | | | | | | | | | ၃၅ |
| | ဒုတိယဈာန် | | ၃ | | | | | | | | | | | | | | | | | | | ၃၄ |
| | တတိယဈာန် | | ၃ | | | | | | | | | | | | | | | | | | | ၃၃ |
| | စတုတ္ထဈာန် | | ၃ | | | | | | | | | | | | | | | | | | | ၃၂ |
| | ပဉ္စမဈာန် | | ၃ | | | | | | | | | | | | | | | | | | | ၃၀ |
| | အရူပါဝစရ | | ၁၂ | | | | | | | | | | | | | | | | | | | ၃၇ |
| လောကုတ္တရာစိတ် ၈/၄၀ | သောတာပတ္တိမဂ် | ပထမဈာန် | ၄ | | | | | | | | | | | | | | | | | | | ၃၆ |
| | သကဒါဂါမိမဂ် | ဒုတိယဈာန် | ၄ | | | | | | | | | | | | | | | | | | | ၃၅ |
| | အနာဂါမိမဂ် | တတိယဈာန် | ၄ | | | | | | | | | | | | | | | | | | | ၃၄ |
| | အရဟတ္တမဂ် | စတုတ္ထဈာန် | ၄ | | | | | | | | | | | | | | | | | | | ၃၃ |
| | | ပဉ္စမဈာန် | ၄ | | | | | | | | | | | | | | | | | | | ၃၃ |
| | သောတာပတ္တိမဂ် | ပထမဈာန် | ၄ | | | | | | | | | | | | | | | | | | | ၃၆ |
| | သကဒါဂါမိမဂ် | ဒုတိယဈာန် | ၄ | | | | | | | | | | | | | | | | | | | ၃၅ |
| | အနာဂါမိမဂ် | တတိယဈာန် | ၄ | | | | | | | | | | | | | | | | | | | ၃၄ |
| | အရဟတ္တမဂ် | စတုတ္ထဈာန် | ၄ | | | | | | | | | | | | | | | | | | | ၃၃ |
| | | ပဉ္စမဈာန် | ၄ | | | | | | | | | | | | | | | | | | | ၃၃ |
| | | | ပေါင်း | ၈၉ | ၅၅ | ၆၆ | ၇၈ | ၇၃ | | ၆၉ | ၁၂ | ၈ | ၄ | ၄ | ၂ | ၅ | ၁ | ၅၉ | ၁၆ | ၂၈ | ၄၇ | |

# အဘိဓမ္မာသင်တန်း (၁၃)

## [စေတသိက်ပိုင်း-၄]

### သမ္ပယောဂနည်း

ဒီနေ့ အောက်တိုဘာလ-၂၄ ရက်နေ့၊ ဒီနေ့ စိတ်နှင့် စေတသိက် ယှဉ်ပုံ လေ့လာကြမယ်။

ဟိုအပတ်တုန်းက နည်းနည်းလေးလည်းစပြီး စိတ်နှင့်စေတသိက်ယှဉ်ပုံ ပြောခဲ့ပါပြီနော်၊ စိတ်နှင့်စေတသိက်နှင့် ယှဉ်ပုံက ၂-မျိုးရှိတယ်။

ပထမနည်းကို သမ္ပယောဂနည်းလို့ခေါ်တယ်၊ ဒုတိယနည်းကို သင်္ဂဟနည်းလို့ ခေါ်တယ်၊ အဲဒီမှာ သမ္ပယောဂနည်းနှင့် သင်္ဂဟနည်း ၂-မျိုးကို ပထမ နားလည်ရမယ်။

သမ္ပယောဂနည်းဆိုတာက စေတသိက်ကို ကိုင်ပြီးတော့ ဒီစေတသိက်ဟာ စိတ် ဘယ်လောက်နှင့်ယှဉ်သလဲ, စိတ်ဘယ်လောက်နဲ့ အတူတူဖြစ်သလဲ, အဲဒါ ရှာတဲ့နည်းကို သမ္ပယောဂနည်းလို့ ခေါ်တယ်၊ စေတသိက် တစ်ခုကို ပြောလိုက် အဲဒီ စေတသိက်ဟာ ဘယ်စိတ်တွေ ဘယ်စိတ်တွေနဲ့ယှဉ်သလဲ, အဲသလိုမေးလိုက်ရင် ကိုယ်က ဖြေနိုင်ရမှာပေါ့၊ အဲဒီနည်းကို သမ္ပယောဂနည်း။

သင်္ဂဟနည်းဆိုတာကတော့ စိတ်ကို ကိုင်ပြီးတော့ စေတသိက်ရှာတဲ့နည်းပေါ့၊ စိတ်တစ်ခုမှာ စေတသိက်ဘယ်လောက်နဲ့ ယှဉ်သလဲ စိတ်တစ်ခုနဲ့ စေတသိက်တွေ

ဘယ်လောက်အတူတူ ဖြစ်သလဲလို့ အဲဒီလို လေ့လာတဲ့နည်းကို သင်္ဂဟနည်းလို့ ခေါ်တယ်၊ အဲဒီတော့ ပထမသမ္ပယောဂနည်းကို မလေ့လာခင် ဘာနားလည်ရမတုန်း ဘာကျေရမလဲ, စိတ် ၁၂၁–ပါးကို နည်းနည်းပြန်ပြီးတော့ကြည့်ရမယ်၊ ကျေအောင် လုပ်ရမယ်၊ ပြီးမှ စေတသိက်နှင့် သွားရမယ်နော်။

အဲဒီတော့ အခု ဒီဘက်မှာရှိတဲ့ ဇယားကွက်ကြီးကို ကြည့်လိုက်မယ်ဆိုရင် အပြောက်အပြောက်တွေ တွေ့လိမ့် မယ်နော်၊ အဲဒီ အပြောက်အပြောက်တွေနဲ့ သွားရင်လည်းရတယ်၊ သို့မဟုတ် အခုပေးထားတဲ့ ဇယားကွက်ကြည့်ပြီးတော့လည်း၊ လိုက်လို့ရတယ်၊ သို့သော် ဇယားကွက်မှာရှိတဲ့စိတ်နဲ့ ဟို အပြောက်အပြောက်တွေ ပေးထားတဲ့, အပြောက်အပြောက်တွေနဲ့ ပြထားတဲ့စိတ်နဲ့ ဒါကိုလည်းပဲ (identify) လုပ်နိုင်ရမယ်။

အဲဒီတော့ ဟိုနေ့ကတည်းက ဒါကို အကုန်လုံးပြောခဲ့ပြီးပြီ၊ နည်းနည်းထပ်ပြော တာနော်၊ စိတ်ပထမကြည့်လိုက်ရင် လောဘမူစိတ်ပထမဆုံး။

အကုသိုလ်စိတ်–၁၂ ခု

– အဟိတ်စိတ်–၁၈ ပါး

– ကာမာဝစရသောဘနစိတ်–၂၄ ပါး

– ရူပါဝစရစိတ်–၁၅ ပါး

– အရူပါဝစရစိတ်–၁၂ ပါး

– လောကုတ္တရာစိတ် အကျဉ်း–၈ ပါး၊ အကျယ်–၄၀ နော်။

ဒါတွေကို စဉ်တန်းထားတာ, စဉ်တန်းထားတော့ တူရာပေါင်းထားတယ်၊ တစ်ခုစီ တစ်ခုစီ မသွားဘူး၊ အမှန်ကတော့ တစ်ခုစီ တစ်ခုစီသွားရင် ပိုပြီးတော့ ရှင်းတယ်၊ ဒါပေမယ်လို့ အဲသလောက်ကြီးတော့လည်း မသွားနိုင်ဘူးနော်။

ဒါကြောင့်မို့ စိတ်ပိုင်းလေ့လာပြီးတဲ့ လူတွေ အနေနဲ့ဆိုရင်တော့ ပြောလိုက် ရင် ဒါလောက်ဆိုရင်သိနိုင်တယ်၊ အဲဒီတော့ အောက်ဒေါင်လိုက်တန်းပြီးတော့ ကြည့်ရင် ပထမလောဘမူလို့ တွေ့လိမ့်မယ်နော်၊ လောဘမူ ညာဘက်မှာ ဘာတွေ တွေ့လဲ၊ ၁–၂–၃–၄–၅–၆–၇–၈ နော်။

ပြီးတော့ ဒေါသမူ–၁၂၊ မောဟမူ–၁၂ တွေ့တယ်နော်၊ နောက် ဘာတွေ့လဲ, ဒွေးပဥ္စဝိညာဏ်–၁၀။ ဒွေးပဥ္စဝိညာဏ် ၁၀–ဆိုတာ ဘာလဲ။

– စက္ခုဝိညာဏ်စိတ် ၂–ခု

– သောတဝိညာဏ်စိတ် ၂– ခု

- ဃာနဝိညာဏ်စိတ် ၂-ခု
- ဇိဝှါဝိညာဏ်စိတ် ၂-ခု
- ကာယဝိညာဏ်စိတ် ၂-ခု
- သမ္ပဋိစ္ဆိုင်း ၂-ခု
- အကုသလဝိပါက်မှာ တစ်ခု ကုသလဝိပါက်မှာ တစ်ခု
- သန္တီရဏက ဥပေက္ခာနှင့်ယှဉ်တာ ၂-ခု
- သောမနဿနှင့်ယှဉ်တာ ၁-ခု

ဒါတွေဟာ မြန်မာလို ရေးထားတဲ့အကွက်ကိုကြည့်လိုက်ရင် ဟိုက အပြောက်တွေကိုလည်း မျက်စိထဲမှာမြင်နေစေရမယ်နော်၊ သမ္ပဋိစ္ဆိုင်းလို့ ပြောလိုက်ရင် ဘယ်နားက အပြောက်ကလေးဆိုတာကို မြင်နေမှ, ဒါမှ ပိုပြီးတော့ ကောင်းမှာ။

နောက်တစ်ခုက ပဥ္စဒွါရာဝဇ္ဇနစိတ်၊ ပဥ္စဒွါရာဝဇ္ဇန်းစိတ်နော်၊ အဟိတ်ကြိယာထဲက နောက်ဘာလဲ၊ မနောဒွါရာဝဇ္ဇန်းစိတ်၊ နောက်တစ်ခု ဟသိတုပ္ပါဒ်စိတ်နော်၊ ဒါ အဟိတ်စိတ် ၁၈-ပါး။

နောက် ကာမာဝစရသောဘနစိတ် ၂၄-ပါးက ကုသိုလ် ၈-ပါး၊ ဝိပါက် ၈-ပါး၊ ကြိယာ ၈-ပါး၊ အဲဒီမယ် ၁-၂-၃-၄ တွဲထားတယ်၊ ဘာကြောင့်လဲ ၁၊၂ က ဉာဏ်နှင့်ယှဉ်တယ်၊ ၃-၄ က ဉာဏ်နှင့် မယှဉ်ဘူးနော်၊ ၅-၆ က ဉာဏ်နှင့် ယှဉ်တယ်၊ ၇-၈က ဉာဏ်နှင့် မယှဉ်ဘူး၊ အဲသလို သွားလိမ့်မယ်။

နောက် ရူပါဝစရစိတ် ၁၅-ခု၊ အဲဒါကို ဘယ်လိုစဉ်လိုက်သလဲ၊ ကုသိုလ် ဝိပါက်ကြိယာ မလုပ်တော့ဘူး၊ ဒီကျတော့ ဘယ်လိုလုပ်လိုက်တုံး ပထမဈာန်စိတ် ၃-ခု၊ ဒုတိယဈာန်စိတ် ၃-ခု၊ တတိယဈာန်စိတ် ၃-ခု၊ စတုတ္ထဈာန်စိတ် ၃-ခု၊ ပဥ္စမဈာန်စိတ် ၃-ခု ဒီလိုလုပ်လိုက်တယ်နော်။

နောက်တစ်ခု အရူပါဝစရစိတ်ကတော့ ၁၂-ခု ဈာန်အနေနဲ့ ပြောမယ်ဆိုရင်တော့ ပဥ္စမဈာန်ထဲကို သွင်းရတယ်နော်။

ပြီးတော့ လောကုတ္တရာစိတ်အကျဉ်း ၈-ပါး၊ အကျယ်-၄၀၊ ဒီမှာတော့ ပထမ အကျယ်နဲ့ကြည့်ကြရအောင်၊ အဲဒီတော့ လောကုတ္တရာစိတ်ကို ဘယ်လို နားလည်ရမလဲ၊ လောကုတ္တရာစိတ် ၄၀-မှာ၊

- သောတာပတ္တိမဂ် ပထမဈာန် ၄-ပါး
- သောတာပတ္တိမဂ် ဒုတိယဈာန်
- သောတာပတ္တိမဂ် တတိယဈာန်

– သောတာပတ္တိမဂ် စတုတ္ထဈာန်
– သောတာပတ္တိမဂ် ပဉ္စမဈာန်

ထို့အတူပဲ သကဒါဂါမိမဂ် ပထမဈာန်, သကဒါဂါမိမဂ် ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်၊

အနာဂါမိမဂ် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်။

အရဟတ္တမဂ် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်၊ နော် အဲသလို သွားရမယ်။

သောတာပတ္တိဖိုလ်စိတ်လည်း ဒီအတိုင်းပဲ သောတာပတ္တိဖိုလ် ပထမဈာန် ၄–ပါး, ဒုတိယဈာန် ၄–ပါး, တတိယဈာန် ၄–ပါး, စတုတ္ထဈာန် ၄–ပါး, ပဉ္စမဈာန် ၄ ပါး။

သကဒါဂါမ်မှာ သကဒါဂါမိဖိုလ် ၄–ပါး၊ ပထမဈာန် ၄–ပါး၊ ဒုတိယဈာန် ၄, တတိယဈာန်၄, စတုတ္ထဈာန် ၄။

အရဟတ္တဖိုလ် ၄–ပါးနော်, အမှန်တော့ ၅–ပါးလေ၊ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်။

အားလုံးပေါင်းလိုက်တော့ စိတ်–၁၂၁ပါး ရတယ်နော်။

ကောင်းပြီ, အဲဒီစိတ် ၁၂၁–ပါးနဲ့ စေတသိက်နဲ့ ယှဉ်တာတွေကို ဒီနေ့ လေ့လာကြမယ်နော်၊ အဲဒီတော့ ပထမဆုံးစေတသိက်တွေမှာ ပထမ group က သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါး။

သဗ္ဗစိတ္တသာဓာရဏစေတသိက်ဆိုတာ စိတ်အားလုံးနဲ့ ဆက်ဆံတဲ့စိတ်လို့ ဆိုတယ်၊ စိတ်အားလုံးနဲ့ ဆက်ဆံတယ်ဆိုတာ စိတ်အားလုံးနဲ့ ယှဉ်တဲ့စိတ်နော်။

ဒါကြောင့်မို့ သဗ္ဗစိတ္တ သာဓာရဏစေတသိက်နှင့် ယှဉ်တဲ့စိတ် ဘယ်လောက် ရှိတုန်းလို့ မေးရင် အလွယ်လေးပဲနော်၊ ရှိသမျှစိတ်တွေ အကုန်ပေးလိုက်ရုံပဲ၊ ၈၉ (သို့မဟုတ်) ၁၂၁ ပါး။

အသေးစိပ်လုပ်ကြစမ်း, ဖဿ စေတသိက်နှင့်ယှဉ်တဲ့စိတ် ဘယ်လောက်လဲ, ၈၉– ၁၂၁ ပါး၊ ဝေဒနာ စေတသိက်နှင့်ယှဉ်တာ ၈၉၊ ၁၂၁ ပါး စသည်ဖြင့် သွားရမယ်နော်။

စေတသိက်–၅၂ ပါးလည်း အလွတ်ကျေရမယ်နော်၊ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ (မနသိကာရ) ဧကဂ္ဂတာ၊ မနသိကာရ၊ အဲဒီ

စေတသိက် ၇–ပါးကတော့ ဘာမှပြောနေစရာမလိုဘူး၊ စိတ်အားလုံးနှင့်ယှဉ်တော့မယ်။

ကောင်းပြီ, နောက် ဘာစေတသိက်တုန်း **ဝိတက်**၊ ဝိတက်စေတသိက် ဘယ်စိတ်တွေနဲ့ ယှဉ်သတဲ့တုန်း၊ အကုသိုလ်စိတ် ၁၂–ပါး အကုန်လုံးနဲ့ယှဉ်တယ်နော်၊ အဟိတ်စိတ်ထဲက ဘာတွေနဲ့ မယှဉ်ဘူးတုန်း၊ ဒွေးပဉ္စဝိညာဏ် ၁၀–နဲ့ မယှဉ်ဘူး၊ မြင်တဲ့စိတ်, ကြားတဲ့စိတ်, နံတဲ့စိတ်, အရသာသိတဲ့စိတ် ထိတဲ့စိတ်နော်, ဒီ ၅–မျိုးနဲ့ ဝိတက်က မယှဉ်ဘူး၊ ဘာကြောင့်တုန်း, ဝိတက် တင်ပေးဖို့ မလိုဘူး၊ အာရုံ ဝတ္ထု ထိခိုက်မှုက ပြင်းထန်တဲ့အတွက်ကြောင့် (impact)အားကြီးတဲ့အတွက်ကြောင့် ဝိတက်က တင်ပေးစရာမလိုဘူး၊ ဒါ အလိုလိုပဲ စိတ်ဟာအာရုံပေါ်ကို ရောက်သွားနိုင်တယ်၊ ဒါကြောင့်မို့ ဒီစိတ်တွေမှာ ဝိတက်မယှဉ်ဘူးနော်။

ဒုတိယဈာန်, တတိယဈာန်စိတ်တွေ ဝိတက်မယှဉ်တာကတော့ ဘာဝနာရဲ့ အစွမ်းကြောင့် မယှဉ်တာ၊ ကိုယ်ကိုယ်တိုင်က ဝိတက်ကို မကြိုက်လို့ ဝိတက်ကို ကျော်လွန်ချင်လို့ ဒုတိယဈာန်, တတိယဈာန် ရအောင်လုပ်တာဆိုတော့ အဲဒီဈာန်တွေမှာလည်းပဲ ဝိတက်မယှဉ်ဘူး။

ဝိတက်မပါပေမယ်လို့ သူတို့က ဘာဝနာရဲ့ အစွမ်းကြောင့် အာရုံဆီသို့ သွားနိုင်တယ်၊ အခု ဒီမြင်သိစိတ်, ကြားသိစိတ် စသည်ကတော့ အာရုံနှင့် ဝတ္ထု ထိခိုက်မှု အားကြီးလို့၊ ပြင်းလို့, သူ (ဝိတက်)မပါပဲနဲ့ အာရုံဆီသို့ သွားနိုင်တယ်။

ဒါကြောင့်မို့ ဒီစိတ်တွေမှာ ဝိတက်မယှဉ်ဘူး၊ အဲဒါကြောင့်မို့ ဝိတက်ယှဉ်တာဟာ ရူပါဝစရထဲကဆိုရင် ပထမဈာန်နော်၊ ပြီးတော့ လောကုတ္တရာထဲကလည်းပဲ ပထမဈာန်ပဲ၊ အဲဒါပဲယှဉ်မယ်၊ ဒါကြောင့်မို့ ဝိတက်ယှဉ်တဲ့စိတ်ပေါင်း ဘယ်လောက်ရှိသလဲဆိုရင် ၅၅–ရှိတယ်။

## ဝိစာရ

ဝိစာရကျတော့ ဝိတက်ယှဉ်တဲ့ ၅၅–အပြင်ဘာနဲ့ ထပ်ပိုပြီးတော့ ယှဉ်သလဲ၊ ဒုတိယဈာန်စိတ် ၁၁–ပါးနှင့် ပိုပြီးတော့ယှဉ်တယ်၊ ဒါကြောင့်မို့ ဝိတက် ယှဉ်တဲ့ ၅၅–ထဲမှာ ဒုတိယဈာန်စိတ် ၁၁–ပါးထည့်လိုက်ရင် ဝိစာရနှင့် ယှဉ်တဲ့စိတ်–၆၆–ပါး ဖြစ်တယ်နော်၊ ဝိတက်နဲ့ ဝိစာရက အတွဲအတွဲဖြစ်တတ်တယ်။

## အဓိမောက္ခ

အဓိမောက္ခဆိုတာက ဆုံးဖြတ်တဲ့သဘော၊ ဒါကြောင့်မို့ ပထမဆုံး သူမယှဉ်တဲ့

စိတ်က ဝိစိကိစ္ဆာ, ဝိစိကိစ္ဆာကမောဟမူထဲက မဆုံးဖြတ်နိုင်တဲ့လူ, အဓိမောက္ခက ဆုံးဖြတ်တာဆိုတော့ သူတို့ချင်း သဘောချင်း မတူဘူး၊ ဒါကြောင့်မို့ သူမယှဉ်ဘူး။

ပြီးတော့ ဒွေပဉ္စဝိညာဏ် ၁၀–မှာ မြင်သိတဲ့စိတ် စသည်မှာလည်း ဆုံးဖြတ်မှု မပါဘူးတဲ့၊ အာရုံက ခုနလိုထိခိုက်မှုကြီးတဲ့အတွက်ကြောင့်မို့လို့ ပေါ်လာတော့တာပဲ ပေါ့နော်၊ ဒီစိတ်ပေါ်လာတာ။

ဒါကြောင့်မို့ ဒွေပဉ္စဝိညာဏ်၁၀–မှာလည်းပဲ အဓိမောက္ခမယှဉ်ဘူး၊ တခြားစိတ်တွေအားလုံးမှာ အဓိမောက္ခယှဉ်တယ်၊ ဒါဖြင့် အဓိမောက္ခမယှဉ်တာဟာ မောဟမူထဲက ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်ရယ်၊ ဒွေးပဉ္စဝိညာဏ်–၁၀ ရယ် ဆိုတော့ ၁၁–နော်၊ ၁၁ ဆိုတော့ ၈၉–ထဲက ၁၁ နုတ်လိုက်ရင် ၇၈၊ ၁၂၁ ထဲက ၁၁ နုတ်လိုက်ရင် ၁၁၀၊ ဒါကြောင့်မို့ အဓိမောက္ခသည် စိတ် ၇၈ (သို့) ၁၁၀–နှင့်ယှဉ်တယ်နော်။

နောက်တစ်ခု **ဝီရိယ,** တက်တက်ကြွနှင့် လုပ်တာကိုခေါ်တယ်၊ အဲဒီမှာ ဝီရိယ မယှဉ်တဲ့စိတ်တွေဟာ ဒွေးပဉ္စဝိညာဏ် ၁၀–တဲ့ ဝီရိယပါစရာ မလိုဘူးတဲ့၊ သမ္ပဋိစ္ဆိုင်းတို့ ဘာတို့ကလည်းပဲ အာရုံယူတဲ့နေရာမှာ သိပ်အားမကောင်းလှဘူးတဲ့၊ ဒါကြောင့်မို့ သူတို့တွေနဲ့လည်း မယှဉ်တော့ဘူး၊ သမ္ပဋိစ္ဆိုင်း ၂–ခုနှင့် မယှဉ်ဘူး၊ သန္တီရဏ ၃–ခုနှင့် မယှဉ်ဘူးနော်၊ ပြီးတော့ ပဉ္စဒွါရာဝဇ္ဇန်းနဲ့တောင် မယှဉ်ဘူး၊ ဝီရိယမယှဉ်တဲ့စိတ် အားလုံး ဘယ်လောက်ရှိလဲ။

| | |
|---|---|
| – ဒွေးပဉ္စဝိညာဏ် | ၁၀ |
| – သမ္ပဋိစ္ဆိုင်း | ၂ |
| – သန္တီရဏ | ၃ |
| – ပဉ္စဒွါရာဝဇ္ဇန်း | ၁ |
| | ၁၆ |

ဝီရိယမယှဉ်တဲ့စိတ်–၁၆ နော်

ဝီရိယယှဉ်တဲ့စိတ် ၈၉–ထဲက ၁၆ နုတ်လိုက်–၇၃၊ ၁၂၁ ထဲက ၁၆ နုတ်လိုက်–၁၀၅၊ အဲဒါက ဝီရိယယှဉ်တာနဲ့ မယှဉ်တာ။

ဒါတွေဟာ ကျေအောင်တော့ လုပ်ကြနော်၊ ရှေ့ဆက်တက်တက်သွားတဲ့ခါ ကျတော့ နောက်ကဟာကျေလာမှ နားလည်တယ်၊ နို့မို့ရင် အသိဉာဏ် မရှင်းဘူး၊ အသိရှုပ်ထွေးလာရင် စိတ်ပျက်လာတော့ စိတ်မဝင်စားတော့ဘူး၊ ဒါကြောင့်မို့ ကျေအောင်တော့ လုပ်ကြနော်။

**ပီတိ။** ။ပီတိဆိုတာ နှစ်သက်တဲ့သဘော, ဒါဖြင့် ဥပေက္ခာနှင့် ယှဉ်ပါ့မလား,

ဥပေက္ခာက မတုန်မလှုပ်ဆိုတာလို လျစ်လျူရှုတာ၊ ဥပေက္ခာနှင့် မယှဉ်ဘူး။ ဒေါသမူနဲ့ကော ယှဉ်ပါ့မလား၊ မယှဉ်ဘူးပေါ့၊ ဒေါသမူနဲ့ကော ယှဉ်ပါ့မလား၊ မယှဉ်ဘူးပေါ့၊ ဒါကြောင့်မို့ ပီတိဟာ အကုသိုလ်ထဲက သောမနဿ ၄-ခုနဲ့ပဲ ယှဉ်တယ်။

အဟိတ်စိတ်ကလည်းဒီအတိုင်းပဲ၊ သောမနဿနဲ့ပဲ ယှဉ်မှာဆိုတော့ အဟိတ်စိတ်ထဲမှာ သောမနဿက သန္တီရဏ ၁-ခုရယ်, ဟသိတုပ္ပါဒ ၁- ခုရယ်၊ ဒီ ၂-ခုနဲ့ပဲ ယှဉ်တယ်နော်၊ ပြီးတော့ ကာမာဝစရသောဘနထဲက ကြည့်လိုက်မယ်ဆိုရင်-

- ကုသိုလ်ထဲက သောမနဿ ၄-ခု
- ဝိပါက်ထဲက သောမနဿ ၄-ခု
- ကြိယာထဲက သောမနဿ ၄-ခု အားလုံးပေါင်း ၁၂-ခုနှင့်ယှဉ်တယ်။

ပြီးတော့ ပထမဈာန်နဲ့ ပီတိဟာ ယှဉ်တယ်၊ ဒုတိယဈာန်နှင့် ယှဉ်တယ်၊ တတိယဈာန်နဲ့ ယှဉ်တယ်၊ စတုတ္ထဈာန်နဲ့မယှဉ်ဘူး။ ပီတိမကြိုက်လို့ကို စတုတ္ထဈာန်ရအောင် လုပ်ထားတာ၊ စတုတ္ထဈာန်ရအောင် အားထုတ်ထားတာ။

ဒါကြောင့်မို့ သောမနဿနဲ့ ယှဉ်သော်လည်းပဲ ပီတိနှင့်မယှဉ်ဘူး၊ ဒါကြောင့်မို့ သောမနဿနဲ့ ပီတိမှာ သောမနဿက အရာကျယ်တယ်၊ ပီတိက အရာကျဉ်းတယ်၊ သောမနဿဖြစ်တိုင်း ပီတိဖြစ်သည်မဟုတ်၊ ပီတိဖြစ်တိုင်း သောမနဿ ဖြစ်သည်။

သောမနဿဖြစ်ပြီဟော့ဆိုတိုင်း ပီတိဖြစ်ပြီလား မဖြစ်ဘူး၊ စတုတ္ထဈာန်မှာ သောမနဿဖြစ်တယ်၊ ပီတိမဖြစ်ဘူး၊ ပီတိဖြစ်တယ်ဆိုရင် သောမနဿကတော့ ဖြစ်တော့တာ၊ ဒါကြောင့်မို့ သောမနဿက အရာကျယ်တယ်၊ ပီတိကအရာကျဉ်းတယ်။

ဒါကြောင့်မို့ ပီတိဟာ ဈာန်စိတ်တွေက ဘာဈာန်တွေနဲ့ ယှဉ်သလဲ၊ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်၊ ဒါပဲယှဉ်တယ်၊ စတုတ္ထဈာန်နဲ့ မယှဉ်ဘူး၊ ပဉ္စမဈာန်နဲ့ မယှဉ်ဘူး၊ ဒါကြောင့် ပီတိနဲ့ ယှဉ်တဲ့စိတ်တွေ ရှာလိုက်စမ်းဆိုရင် ဘယ်လောက်ရသလဲ၊ အားလုံးဟိုစိတ်အကျယ်နဲ့ တွက်တယ် ၅၁။

**ဆန္ဒ**။ ။မောဟမူဒွေးက တွေတွေဝေဝေမို့ ဆန္ဒမလိုဘူးတဲ့၊ ဒွေးပဉ္စဝိညာဏ် ၁၀၊ စသည်မှာလည်း ဆန္ဒမလိုဘူးတဲ့၊ ဒါကြောင့်မို့ ဆန္ဒဟာ အဟိတ်စိတ် ၁၈-ခုလုံးမှာ မယှဉ်ဘူး၊ မောဟမူဒွေးမှာ မယှဉ်ဘူး၊ ဒါဖြင့် ဆန္ဒမယှဉ်တဲ့ စိတ်ဘယ်လောက်ရှိသလဲ မောဟမူဒွေးရယ်၊ အဟိတ်စိတ် ၁၈-ရယ် ပေါင်း ၂၀-ပေါ့။

ဒါဖြင့် ယှဉ်တာရော, ၈၉-ထဲက ၂၀-နုတ်လိုက်-၆၉၊ ၁၂၁-ထဲက ၂၀-

နတ်လိုက် ၁၀၁၊ အဲဒီ စိတ်တွေနဲ့ ယှဉ်တယ်၊ ဒီတိုင်အောင် အညသမာန်း စေတသိက် ၁၃-ခုရဲ့ သမ္ပယောဂနည်း၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု၊ ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒ, ဒါပါပဲ၊ နောက်ဟာတွေကျတော့ ဒီလောက် မခဲယဉ်းတော့ပါဘူး။

အကုသိုလ် စေတသိက်ဆိုတော့ အကုသိုလ်စိတ်ထဲတင်ကြည့်ရတာဆိုတော့ ကျဉ်းသွားပြီနော်၊ ဒီစိတ်တွေက စိတ်အားလုံးနဲ့ယှဉ်တာ၊ ရောပြွမ်းပြီးတော့ ယှဉ်တာဖြစ်တော့ စိတ်အားလုံးကိုကြည့်ရတာ။

ဒီတော့ သူက နည်းနည်းလေး ခက်တယ်၊ ဒါကတော့ အလွတ်မှတ်မှပဲရမှာ၊ ဝီရိယမယှဉ်ဘူးဆိုရင် ဝီရိယဘာနဲ့ မယှဉ်ဘူးလဲ၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ပြီးတော့ ဒွေးပဉ္စဝိညာဏ် ၁၀၊ ဒါတွေနဲ့ မယှဉ်ဘူး၊

အဓိမောက္ခဆိုရင် ဝိစိကိစ္ဆာနဲ့ မယှဉ်ဘူး၊ ဒွေးပဉ္စဝိညာဉ် ၁၀-နဲ့ မယှဉ်ဘူး စသည်ဖြင့်ပေါ့လေ၊ အဲဒါလေးတွေ မှတ်မှတ်ထားရမှာ။

ကောင်းပြီ၊ ဒါက အညသမန်း စေတသိက် ၁၃-ပါးရဲ့ သမ္ပယောဂနည်းနော်၊ အင်္ဂလိပ်လိုပေးထားတဲ့ (chart)ကို ကြည့်လိုက်ရင် ရှင်းတာပါပဲဟုတ်လား၊ အဲဒီတော့ အကုန်လုံးအလွတ်မမှတ်မိသည့်တိုင်အောင် ဒီမှာပြန်ပြီးတော့ ကြည့်ပြီးပြောတတ်ရင် တစ်ဆင့်တော့တက်လာပြီ၊ အလွတ်ပြောတတ်ရင်တော့ အကောင်းဆုံးပေါ့၊ အလွတ် မပြောတတ်သည့်တိုင်အောင် ဘယ်နားသွားရှာမလဲ၊ ရှာတတ်ရင် တော်တာပဲ၊ ဒါကြီးရှိပြီးတော့ မသုံးတတ်ဘူး, မရှာတတ်ဘူးဆိုရင်တော့ သိပ်နေရာမကျဘူး၊ ကျေအောင်တော့ ကြိုးစားပေါ့လေ မကျေရင်လဲ ဒီပြန်ပြန်ကြည့်။

ကောင်းပြီ၊ ဒါကဆန္ဒထိအောင် ပြီးသွားပြီ,အညသမန်း စေတသိက် ၁၃-ပါး ပြီးသွားတော့ ဘာစေတသိက်တွေ လာတုန်း, စေတသိက် ၅၂-မှာ အစဉ်မှာ အကုသိုလ်စေတသိက်နော်၊ အကုသိုလ်စေတသိက် ၁၄-ပါး၊

အဲဒီ အကုသိုလ်စေတသိက် ၁၄-ပါးမှာ ပထမ ၄-ပါး မောဟ, အဟိရိက, အနောတ္တပ္ပ,ဥဒ္ဓစ္စ၊ အကုသိုလ်စိတ်ဖြစ်တိုင်းဖြစ်တိုင်း ဒီသဘော ၄-မျိုးဟာ အမြဲတမ်း တွဲလျက်ပါတယ်။

ယှဉ်တယ်ဆိုတာ ကလေးသင်သင်ရင်တော့ ဒီစိတ်နှင့် ဒီစေတသိက်ယှဉ်တယ်၊ ဒါလောက်ပေါ့၊ လူကြီးသင် သင်ရင်တော့ အကုသိုလ်စိတ်ဖြစ်ရင် ဒီသဘောလေးတွေ တွဲပါနေပါလား၊ ဒီလို သဘောတရားနဲ့ လိုက်ပြီးတော့ သိရမယ်နော်၊ အကုသိုလ်စိတ် တစ်ခုဖြစ်တယ်ဆိုရင် တွေဝေမှုမောဟ, သဘောအမှန်ကို မသိမှုမောဟကလည်း

ပါတယ်တဲ့၊ အဟိရိက အကုသိုလ်ပြုရမှာကိုမရှက်တဲ့ အဟိရိကပါတယ်၊ အကုသိုလ် မကြောက်တဲ့ အနောတ္တပ္ပပါတယ်၊ စိတ်မတည်ကြည်မှု ဥဒ္ဓစ္စပါတယ်တဲ့၊

ဒါကြောင့်မို့ အကုသိုလ်စိတ်ဖြစ်တိုင်း, ဖြစ်တိုင်း ဒီ ၄-ခုက အမြဲတမ်း ပါတယ်တဲ့။

အဲဒီတော့ စိတ်သဘောကို လေ့လာတဲ့အခါမှာ ဒါတွေက သိပ်အရေးကြီးတယ်၊ သာမညအနေနဲ့ ကြည့်မယ်ဆိုရင်, စိတ်ဖြစ်ဖြစ်သွားတာပဲ၊ ကိုယ်က ဘာမှ မသိ လိုက်ဘူး၊ တကယ်စိတ်ကို ကြည့်လာပြီဆိုရင်, ရှုလာပြီဆိုရင်, အထူးသဖြင့်တော့ တရားမှတ်နည်းနဲ့ မှတ်လာပြီဆိုရင်, ဒီသဘောလေးတွေဟာ သိသိလာတာ၊ အဲသလို သိရာကနေ အမှန်ကတော့ ထုတ်ထားတာပဲ။

မြတ်စွာဘုရားက ဒီအတိုင်းလျှောက်ပြီးတော့ ဟောထားတာ မဟုတ်ဘူး၊ အမှန်ကတော့ လက်တွေ့ကနေပြန်ပြီး ထုတ်ပြီးဟောထားတာ၊ ဒါတွေဟာ တရား ထိုင်တဲ့အခါမှာ ဒီသဘောကလေးတွေကို မြင်နိုင်တွေ့နိုင်တယ်။

အဓိမောက္ခက ဝိစိကိစ္ဆာနဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်၊ ဝိစိကိစ္ဆာဆိုတာက မဆုံးဖြတ်နိုင်တာ ယုံမှားတာ အဓိမောက္ခက ဆုံးဖြတ်တာ။

ဥဒ္ဓစ္စက အာရုံပေါ်မှာ မနေနိုင်တာ၊ အာရုံနှင့်စိတ်နဲ့ ချပ်ကနဲ ကပ်နေအောင် မနေနိုင်တာကို ပြောတာ၊ ဟိုအာရုံကိုလည်းပဲ ပိုင်ပိုင်နိုင်နိုင်ကြီးမဟုတ်ဘူး၊ ဒီအာရုံ ကိုလည်း ပိုင်ပိုင်နိုင်နိုင်ကြီး မဟုတ်ဘူး။

ဝီစာရနှင့် ဆန့်ကျင်ဘက်က ဝိစိကိစ္ဆာလို့ ဆိုတယ် ယုံမှားတာက နှစ်လုံး နှစ်ခွလို့ ဒီလိုလည်း သုံးလေ့ရှိတယ်၊ ဟုတ်လား၊ ဒီဟာလဲမဟုတ် ဟိုဟာလည်းမဟုတ် အဲသလိုဖြစ်နေတာ၊ အဲဒါကို ဝိစိကိစ္ဆာလို့ခေါ်တာ၊ ဝီရိယပိုလာတဲ့အခါမှာ ဖြစ်တတ်တာ၊ (concentration) မရတာ၊ ယောဂီတွေအနေနဲ့ပြောရရင် **အမှတ်** မကောင်းဘူးလို့ ပြောတတ်တယ်၊ မှတ်ရတာဟာ အာရုံနှင့် မှတ်ရတာ၊ ချပ်ကနဲချပ်ကနဲ မနေဘူး၊ အံချော်နေတဲ့ သဘောလေးတွေရှိတယ်၊ အဲဒါမျိုးဟာ ဥဒ္ဓစ္စသဘော။

ကောင်းပြီ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ဒီ ၄-မျိုးဟာ၊ အကုသိုလ်စိတ်ဖြစ်တိုင်း ဖြစ်တိုင်းပါတဲ့အတွက်ကြောင့်မို့လို့ သူတို့ကို အကုသလ သာဓာရဏ စေတသိက်ခေါ်တာ၊ သာဓာရဏဆိုတာ ဆက်ဆံတာ common ဖြစ်တာ၊ အကုသလသာဓာရဏဆိုရင် အကုသိုလ်အားလုံးနဲ့ ဆက်ဆံတာ၊ အကုသိုလ် စိတ်ဖြစ်တိုင်း ဖြစ်တိုင်း သူတို့ပါတာ မောဟ, အဟိရိက, အနောတ္တပ္ပ ဥဒ္ဓစ္စ။

နောက်စေတသိက် တစ်ခုက လောဘ, လောဘကျတော့ ဘယ်စိတ်တွေနဲ့

ယှဉ်မလဲ, စဉ်းစားကြည့်စမ်းပါ၊ ဒေါသနဲ့ ယှဉ်ပါ့မလား၊ လောဘနဲ့ ဒေါသ ဘယ်တော့မှ အတူတူမဖြစ်ဘူးနော်။

ဒါကြောင့်မို့ လောဘဟာ လောဘမူစိတ် ၈-ခုနှင့်သာယှဉ်တယ်၊ ဒေါသမူစိတ် ၂-ပါးနဲ့ မယှဉ်ဘူး၊ မောဟမူစိတ် ၂-ပါးနဲ့ မယှဉ်ဘူး။

ဒီသဘောလေးတွေဟာ တစ်ခုနှင့်တစ်ခု အတူတူ မဖြစ်နိုင်ဘူး၊ လိုချင်တာနဲ့ စိတ်ဆိုးတာနဲ့ပေါ့နော်။

## ဒိဋ္ဌိ

ဒိဋ္ဌိကျတော့ ဘယ်စိတ်နဲ့သာ ယှဉ်တော့တုန်းဆိုတော့ လောဘမူစိတ် ၈-ခုထဲက ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နဲ့သာ ယှဉ်တော့မှာပေါ့၊ ဟုတ်ပြီလား, ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်နဲ့ ဘယ်ယှဉ်တော့မလဲ, ဟိုစိတ်တွေက ဝိပ္ပယုတ်လို့ကို ခေါ်ဆိုထားပြီ၊ ဒါကြောင့်မို့ လောဘမူ ပထမစိတ်, ဒုတိယစိတ်နဲ့ ယှဉ်မယ်၊ ပဉ္စမစိတ်, ဆဋ္ဌမ စိတ်နဲ့ ယှဉ်မယ်။

## မာန

မာနကျတော့ ဒိဋ္ဌိနှင့် အတူတူ မယှဉ်ဘူး၊ ဒိဋ္ဌိမယှဉ်တဲ့စိတ်မှာမှ မာန ယှဉ်တယ်နော်၊ အဲဒါကို တော်တော်အပြောရ မလွယ်ဘူး၊ ဘာကြောင့်တုန်း ဒိဋ္ဌိနှင့်မာန အတူတူယှဉ်ဖို့ သိပ်ကောင်းတယ် ဟုတ်လား၊ အယူမှားရှိလို့ မာနဖြစ်တာ၊ အမှန်ကတော့ ငါ,ငါဆိုတဲ့ မာနဖြစ်တာ၊

အတ္တစွဲရှိလို့မာနဖြစ်တာ၊ အတ္တစွဲမရှိရင် မာနမဖြစ်ဘူး၊ သို့သော် ဒီနေရာမှာ ဘာလဲဆိုတော့ ဒီအာရုံကို ယူပုံခြင်း, အာရုံကိုသုံးသပ်ပုံခြင်း, ဒီ ၂- ခုကမတူဘူး။

ဒိဋ္ဌိကတော့ ဘာလဲဆိုတော့အတ္တ မြဲတာတစ်ခုခုရှိတယ်၊ ကိုယ့်သန္တာန်မှာ အမြဲတည်တဲ့ သဘောတရား တစ်မျိုးရှိတယ်၊ အဲဒီ အမြဲတည်တဲ့ သဘောလေးက ကိုယ့်ခန္ဓာကိုယ်ထဲမှာ နေပြီးတော့ သူကခိုင်းတာ ကိုယ်က လုပ်နေရတယ်ပေါ့၊ ဘာလုပ်လုပ် ဒီအတ္တလေးက ခိုင်းတာဆိုတဲ့ အနေနဲ့ ဒီလို အယူမှားတာ မျိုးက ဒိဋ္ဌိ။

မာနကတော့ ငါ,ငါနဲ့ အဲဒီလို သွားတယ်၊ အဲဒီတော့ သူတို့က အာရုံကို Experience လုပ်ပုံချင်းက မတူဘူး၊ ဒါကြောင့်မို့ ဒိဋ္ဌိဖြစ်တဲ့အခိုက်မှာ မာနမဖြစ်ဘူး၊ မာနဖြစ်တဲ့အခိုက်မှာ ဒိဋ္ဌိမဖြစ်ဘူး၊ ဒါကြောင့်မို့ သူတို့ဟာ တစ်ခုတည်းသောစိတ်မှာ

မယှဉ်ဘူးနော်၊ ဦးဇင်းတို့ကျမ်းဂန်မှာတော့ ဘာနဲ့ ဥပမာပေးလဲဆိုတော့ လိုဏ်ဂူ တစ်ခုထဲမှာတဲ့ ခြင်္သေ့မင်းနှစ်ကောင် မအောင်းနိုင်တာလိုပဲတဲ့၊ ဒိဋ္ဌိကလည်းအတ္တ, အတ္တပေါ့၊ မာနကလည်း ငါ,ငါဆိုတော့ သူတို့နှစ်ယောက်စလုံးဟာ အင်ဂျာအားတူ ဖြစ်နေတယ် ဆိုပါတော့၊ အင်တူ အားတူဖြစ်နေတဲ့လူ ၂-ယောက် တစ်နေရာထဲ မနေနိုင်ဘူးပေါ့လေ။

ဒါကြောင့်မို့ ခြင်္သေ့ ၂-စီးလိုပဲ တစ်ခုတည်းသောစိတ်မှာ သူတို့ဟာ မယှဉ် နိုင်ဘူးတဲ့၊ ဒါကြောင့် လင်္ကာလေးရှိတယ်၊

* **ခန္ဓာငါး၀, ဒိဋ္ဌိကမူ, အတ္တဟုစွဲ, မာနခဲမှာ ငါငါငါဟု, စွဲလမ်းပြုသဖြင့် နှစ်ခုပြိုင်ကြ, အားတူမျှ၍, တကွစဉ်လာ, မယှဉ်သာသည်, ပမာခြင်္သေ့ နှစ်စီးတည်း။**

ခြင်္သေ့၂-ကောင်လိုပဲသူတို့ဟာ အားတူအင်တူဖြစ်နေကြတဲ့အတွက် တစ်ခု တည်းသောစိတ်မှာ မယှဉ်ကြဘူးတဲ့၊ ဒါကြောင့်မို့ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်မှာ မာန မယှဉ်ဘူး၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်မှာ ဒိဋ္ဌိမယှဉ်ဘူး။

နောင်အခါမှာ တရားထူးတွေ ဘာတွေရလို့ အရိယာပုဂ္ဂိုလ်တွေ ဘာတွေ ဖြစ်သွားတဲ့အခါကျတော့ ပထမဆုံး သောတာပတ္တိမဂ်ကို ရရင် ဒိဋ္ဌိကို ပယ်တယ်၊ မာနကျန်သေးတယ်၊ အရိယာတွေမှာလည်း မာနရှိသေးတယ်နော်၊ အဲဒီ မာနဟာ ဘယ်လောက်ထိအောင်သွားလဲ၊ အနာဂါမ်ထိအောင်သွားတယ်၊

အဲဒီတော့ ဒိဋ္ဌိနှင့် မာနအတူတူဖြစ်တယ်ဆိုရင် ဒိဋ္ဌိပယ်တာနဲ့ တစ်ပြိုင်နက် မာနပယ်ပြီးသားဖြစ်ရမှာ, အခုအတူတူမဖြစ်ဘူး၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်ဟာ အရိယာပုဂ္ဂိုလ်တွေမှာဖြစ်နိုင်သေးတယ်၊ သူတို့မာနက ပုထုဇဉ်မာနလိုတော့ မကြမ်းတမ်းဘူးပေါ့၊ သို့သော် ဖြစ်နိုင်သေးတယ်၊ ဒိဋ္ဌိကတော့ လုံး၀ကို မဖြစ်နိုင်ဘူး၊

လောဘ, ဒိဋ္ဌိ, မာနတဲ့ ဒီ ၃-ခုကလောဘမူစိတ် ၈-ပါးနဲ့သာ ဆိုင်တယ်ပေါ့၊ လောဘမူစိတ် အားလုံးနဲ့ယှဉ်တယ်၊ တချို့နဲ့ ယှဉ်တယ်ပေါ့၊ ဒါပဲကွာတာ။

ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဒီ ၄-ခုကလည်းပဲ ဒေါသမူ ၂-ခုနဲ့သာ ယှဉ်တယ်၊ ဒေါသမူဒွေးနဲ့သာ ယှဉ်တယ်။

**ဒေါသဆိုတာတော့** သေချာနေပြီ၊ ထင်ရှားနေပြီ၊ **ဣဿာဆိုတာတော့** ဟိုတစ်နေ့က ပြောသလို သူတစ်ပါးရဲ့ စည်းစိမ်ကို ၁န်တိုတာဆိုတော့ မခံချင်တာ လေးပါတယ်၊ ဒါကြောင့်မို့ ဒေါသ၊

**မစ္ဆရိယ**

ဟိုတစ်နေ့က ပြောခဲ့တဲ့အတိုင်း လောဘအရင်းခံတာတော့မှန်တယ်၊ ကိုယ့်ပစ္စည်းအပေါ်မှာ တွယ်တာမှုရှိတယ်၊ တွယ်တာမှုရှိပြီးတဲ့နောက် ဒီပစ္စည်း သူများသုံးမှာ စိုးလာတယ်၊ သူများသုံး မှာကိုမခံနိုင်တာ၊ သူများနဲ့ ဆက်ဆံတာကို သည်းမခံနိုင်တာကို မစ္ဆရိယလို့ခေါ်တဲ့ အတွက်ကြောင့်မို့လို့ မစ္ဆရိယဟာဒေါသသဘောရှိတယ်။

လောဘကို အခြေခံခဲ့ပေမယ်လို့ သူများနဲ့ ဆက်ဆံတာကို မခံနိုင်တဲ့အချိန်မှာ လောဘကျန်ရစ်ခဲ့ပေမယ့် လောဘမရှိတော့ဘူး၊ ဒေါသပဲ ရှိတော့တယ်၊ ဒါကြောင့်မို့ မစ္ဆရိယဟာ လောဘနဲ့ယှဉ်သလား, ဒေါသနှင့်ယှဉ်သလားဆိုရင်၊ ဒေါသနှင့်ယှဉ်တယ်၊ ဒေါမနဿဝေဒနာနှင့် ယှဉ်တယ်။

**ကုက္ကုစ္စ**ကတော့ ပြောစရာမလိုပါဘူး၊ ပြုပြီးတဲ့ မကောင်းမှုကို ပြန်ပြီးတော့နောင်တရတာ၊ မပြုမိခဲ့တဲ့ ကောင်းမှုကို ပြန်ပြီးတော့ နောင်တရတာ၊ ဒါဟာ စိတ်မချမ်းသာတာ၊ အဲဒီတော့ ဒေါသမူဒွေးမှာပဲ ယှဉ်တယ်နော်။

ဒါကြောင့်မို့ မစ္ဆရိယ ဒေါသမူဒွေး၌သာ ယှဉ်ရတာကိုလည်းဒီမှာ လင်္ကာလေးရှိတယ်နော်။

**မပေးရက်လျှင်း, ဝန်တိုခြင်း၌, ကြောင်းရင်းလောဘ, ရှိချေကလည်း, သူများနှင့်ဖက်, ဆက်ဆံချက်ကို စိတ်ဆက်မပိုင်, မခံနိုင်၍, တွဲဆိုင်ဒေါသ, ပါလေရသည်, လောဘ ထိုခါ ချုပ်ပြီးတည်း။**

မစ္ဆရိယဖြစ်တဲ့အခါမှာ လောဘမရှိတော့ဘူး၊ လောဘချုပ်ပြီးပြီတဲ့၊ လောဘကို အခြေခံခဲ့တာမှန်တယ်၊ ဒါပေမယ့် သူဖြစ်တဲ့အခါမှာ လောဘမရှိတော့ဘူး၊ စိတ်ကဆိုးလာပြီ၊ မခံနိုင်တဲ့ဒေါမနဿ၊ ဒေါသဖြစ်လာတယ်၊ ဒါကြောင့်မို့ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စဆိုတဲ့ ဒီ ၄-ခုဟာ ဒေါသမူဒွေးနဲ့သာယှဉ်တယ်၊ ဘုန်းကြီးခေါ်ခေါ်တော့ ဒွေးဆိုတာ ၂၊ ဒေါသမူ ၂-ခုနှင့်သာ ယှဉ်တယ်။

နောက်စေတသိက် ၂-ခု တစ်ပေါင်းထဲက **ထိနနှင့် မိဒ္ဓ**၊ ထိနက စိတ်၏မခန့်ခြင်းလို့ မြန်မာလိုပြန်တယ်၊ စိတ်ထိုင်းမှိုင်းခြင်းပေါ့၊ မိဒ္ဓကတော့ စေတသိက်တို့၏ထိုင်းမှိုင်းခြင်း, ဒါဟာ အိပ်ချင်မူးတူးဖြစ်လာတာ၊ အဲဒီတော့ ထိန မိဒ္ဓဖြစ်လာရင် စိတ်ထက်ထက်သန်သန် မရှိတော့ဘူး။

ဒါကြောင့်မို့ ထိနမိဒ္ဓဟာ သသင်္ခါရိကစိတ် ၅-ခုနှင့်သာ ယှဉ်တယ်၊ အသင်္ခါရိကစိတ် ၅-ခုနှင့် မယှဉ်ဘူး၊ အသင်္ခါရိကစိတ်က နည်းနည်းထက်တယ်၊ သသင်္ခါရိကဆိုတာ တိုက်တွန်းမှ ထလုပ်တာကိုး၊ သူများတိုက်တွန်းသည်ဖြစ်စေ

ကိုယ့်ကိုကိုယ် တိုက်တွန်းသည်ဖြစ်စေ၊ အဲဒီလို တိုက်တွန်းမှုပါတဲ့စိတ်ဆိုတော့ သူက သိပ်မထက်မြက်ဘူး။

ဒါကြောင့်မို့ ထိန မိဒ္ဓဟာ အကုသိုလ်စိတ် ၁၂-ပါးမှာ သသင်္ခါရိကစိတ် ၁-၂-၃-၄-၅-၊ လောဘမူထဲမှာ သသင်္ခါရိကစိတ် ၄-ခုရှိတယ်၊ ဒေါသမူထဲမှာ သသင်္ခါရိကစိတ် ၁-ခုရှိတယ်၊ ဒါကြောင့်မို့ ထိန မိဒ္ဓသည် သသင်္ခါရိကစိတ် ၅-ခုနှင့်သာ ယှဉ်တယ်၊ အသင်္ခါရိကစိတ် ၅-ခုနဲ့ မယှဉ်ဘူး။

ကိုင်း နောက်ဆုံးရောက်လာပြီ၊ **ဝိစိကိစ္ဆာ**၊ ဝိစိကိစ္ဆာကတော့ စိတ် ၁-ပါးနဲ့သာ ယှဉ်တယ်၊ ဝိစိကိစ္ဆာ သိပ်လွယ်တယ်နော်၊ ဘယ်စိတ်မှာတုန်းဆိုရင် ဝိစိကိစ္ဆာစိတ်မှာပေါ့၊ ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်မှာသာ ယှဉ်တယ်၊ အဲဒါ စေတသိက်တွေထဲမှာ စိတ်အနည်းဆုံးနဲ့ယှဉ်တဲ့စေတသိက်ကို ရှာပါဆို ဒါပဲ၊ သူက တစ်ခုတည်းနဲ့သာယှဉ်တယ်၊ တခြားစိတ် ဘယ်စိတ်နဲ့မှ မယှဉ်ဘူး၊ ဒါကြောင့်မို့ အကုသိုလ်စိတ် ၁၄-ပါးမှာ

- ဒေါသ, ဣဿာ, မစ္ဆရိယ၊ ကုက္ကုစ္စ one group သဘောပေါ့။
- လောဘ ဒိဋ္ဌိ မာန (one group)
- ထိန၊ မိဒ္ဓ (one group)

ဝိစိကိစ္ဆာက သူ့ဘာသာသူ (one group) အဲဒီလို သဘောထား။

ပြီးတော့ သောဘန စေတသိက် ၂၅-ပါးလာတယ်၊ အဲဒီ သောဘန စေတသိက် ၂၅-ပါးထဲမှာ သောဘန သာဓာရဏ စေတသိက် ၁၉-ပါး၊ ဒါ လွယ်ပါတယ်၊ သောဘန သာဓာရဏဆိုတာ မြန်မာလို သောဘနနှင့် ဆက်ဆံတာ၊ သောဘနစိတ်နှင့် ဆက်ဆံတယ်ဆိုကတည်းက သောဘန စိတ်တွေဖြစ်တိုင်းဖြစ်တိုင်း သူတို့ပါတော့မှာပေါ့။

ဒါဖြင့် သောဘနစိတ်ပေါင်း ဘယ်လောက်ရှိလဲ၊ ကာမာဝစရ ကုသိုလ်စိတ်က စပြီး သောဘနစိတ် မဟုတ်ဘူးလား၊ ဒါကြောင့်မို့ အဲဒီ စေတသိက် ၁၉-ပါးဟာ ဘယ်စိတ်တွေနဲ့ ယှဉ်သလဲ၊ သောဘန စိတ်တွေနဲ့ ယှဉ်တယ်၊ သောဘနစိတ် ဘယ်လောက်ရှိသလဲဆိုရင် ၅၉-ပါး (တစ်ခုယုတ် ၆၀) သို့မဟုတ် ၉၁-ပါး။

သောဘနစိတ်တွေက

- ကာမာဝစရ သောဘနစိတ် ၂၄ ပါး၊
- ရူပါဝစရစိတ် ၁၅ ပါး
- အရူပါဝစရစိတ် ၁၂ ပါး

– လောကုတ္တရာစိတ် ၈ ပါး
သို့မဟုတ် ၄၀ ပါး

ဒီစိတ်တွေနဲ့ ယှဉ်မယ်။

ဒါဖြင့် ကုသိုလ်စိတ်ဖြစ်တိုင်းဖြစ်တိုင်း သဒ္ဓါစေတသိက် မပါပေဘူးလား၊ သတိ စေတသိက် မပါပေဘူးလား၊ ပြီးတော့ ဟိရီ စေတသိက် မပါဘူးလား၊ ဩတ္တပ္ပ စေတသိက် မပါဘူးလား၊ ကောင်းတဲ့စိတ် ကုသိုလ်စိတ်ဖြစ်တိုင်းဖြစ်တိုင်း အဲဒီ စေတသိက်တွေ ပူးတွဲလျက်ပါတယ်၊ အလောဘ စေတသိက်၊ အဒေါသ စေတသိက် ဒါတွေ အကုန်ပါတာနော်၊ ကောင်းပြီ,ဒါက သောဘနသာဓာရဏ စေတသိက် ၁၉–ပါး။

အဲဒီ သောဘနသာဓာရဏစေတသိက်ပြီးတော့ ဝိရတိ စေတသိက် ၃–ပါး လာတယ်၊ ဝိရတိ စေတသိက် ၃–ပါးဆိုတာ ဘယ်ဟာတွေလဲ၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ကောင်းပြီ, ဒီမှာတော့ အထူးလေးမှတ်စရာရှိတယ်။

သမ္မာဝါစာဆိုတာ ဘာလဲ, ပြန်ပြောလိုက်စမ်းပါအုံး၊ အသက်မွေးဝမ်းကျောင်းနှင့် မသက်ဆိုင်သော ဝစီဒုစရိုက် ၄–ပါးမှ ရှောင်ကြဉ်ခြင်းသဘော, သမ္မာကမ္မန္တ အသက်မွေးဝမ်းကျောင်းနှင့် မသက်ဆိုင်သော ကာယဒုစရိုက် ၃–ပါးမှ ရှောင်ကြဉ်ခြင်း သဘော သမ္မာအာဇီဝဆိုတာ အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော ကာယ ဒုစရိုက် ၃–ပါး, ဝစီဒုစရိုက် ၄–ပါးမှ ရှောင်ကြဉ်ခြင်းသဘော။

ဒီ ၃–မျိုးကိုဝိရတိလို့ခေါ်တယ်၊ ဝိရတိဆိုတာ ပါဠိစကား, မြန်မာလိုရှောင်ကြဉ် ခြင်းလို့ အဓိပ္ပါယ်ထွက်တယ်၊ အဲဒီ ဝိရတိ စေတသိက် ၃–ပါးက ဘာစိတ်တွေနဲ့ ယှဉ်မလဲ, ကာမာဝစရ ကုသိုလ်စိတ် ၈–ခုလုံးနှင့် ယှဉ်တယ်, လောကုတ္တရာစိတ် ၈–ခုနှင့် ယှဉ်တယ်၊ (သို့မဟုတ်)၄၀–နှင့်ယှဉ်တယ်၊ ဒါဖြင့်ရင် ဝိရတိ စေတသိက် ၃–ပါးဟာ ကာမာဝစရ ကုသိုလ်နှင့် ယှဉ်တယ်၊ ပြီးတော့ လောကုတ္တရာကုသိုလ်နှင့် ယှဉ်တယ်။

ကာမာဝစရနှင့်ယှဉ်တဲ့အခါ သူ့ကိုလောကီဝိရတီလို့ ခေါ်ရတာပေါ့၊ ကာမာ ဝစရစိတ်က လောကီစိတ် မဟုတ်ဘူးလား၊ လောကုတ္တရာစိတ်နှင့် ယှဉ်တဲ့အခါ လောကုတ္တရာဝိရတီနော်၊

အဲဒီမှာ ထူးတာရှိတယ်၊ တစ်နေ့က နည်းနည်းလေးတော့ အမြွက်ကလေးတော့ ပြောခဲ့တယ်၊ သတိရလားတော့ မသိဘူး။

လောကုတ္တရာစိတ်ဟာ သိပ်ပြီးတော့ တန်ခိုးရှိတယ်၊ ဒါကြောင့်မို့ ဒီ ဝိရတိ

စေတသိက်ဟာ လောကုတ္တရာစိတ်နှင့် တစ်ပြိုင်နက်ဖြစ်တယ် ဘာတယ်နဲ့ပြောခဲ့တယ်၊ အဲဒီတော့ ဝိရတီဆိုတာ ရှောင်တာနော်၊

ရိုးရိုးဘုရားရှိခိုးနေတဲ့အချိန်မှာ ဝိရတီစေတသိက် ဖြစ်နိုင်ပါ့မလား မဖြစ်နိုင်ဘူးနော်၊ သတ်စရာတစ်ခုတွေ့တယ်, မသတ်ပဲရှောင်တယ်၊ လိမ်ပြောစရာတစ်ခုတွေ့တယ်၊ လိမ်မပြောပဲရှောင်တယ်၊ သို့မဟုတ် အသက်မွေးဝမ်းကျောင်း ဖြစ်တဲ့ သတ်ခြင်း, လိမ်ပြောခြင်းမှ ရှောင်တယ်၊ အဲဒီလို ရှောင်ကြဉ်တဲ့အခါမှသာ ဝိရတီစေတသိက်က ဖြစ်မှာနော်၊

အခုလို စာသင်နေတဲ့ အခါမျိုး, ဘုရားရှိခိုးနေတဲ့ အခါမျိုး, တရားထိုင်နေတဲ့အခါမျိုးဝိရတီ စေတသိက်ဖြစ်ပါ့မလား, မဖြစ်ဘူး၊ ဒါ လောကီစိတ်မှာ ပြောပြတာ။

အခု ကာမာဝစရကုသိုလ်စိတ် ၈–ပါး ဖြစ်တဲ့အခါမှာ ဒီဝိရတီဟာ ပါနိုင်သလား၊ မပါနိုင်ဘူးလား၊ ရှောင်ကြဉ်တဲ့အခါမှာသာ ပါနိုင်တယ်၊ ရိုးရိုးအခါမှာ မပါနိုင်ဘူး၊ ဒါပေမယ့် ဝိရတီ စေတသိက်ဟာ ဘယ်စိတ်တွေနဲ့ ယှဉ်သလဲဟေ့လို့ မေးလိုက်ရင်တော့ ကာမာဝစရကုသိုလ်စိတ် ၈–ပါးနှင့် ယှဉ်တယ်၊ လောကုတ္တရာစိတ် ၈–ပါးနှင့် ယှဉ်တယ်လို့ပဲ ပြောရမယ်။

အဲဒီတော့ ကာမာဝစရကုသိုလ်စိတ်နဲ့ယှဉ်တဲ့အခါမှာ ဝိရတီ ၃–ခုမှာ တစ်ခုပဲယှဉ်နိုင်တယ်၊ တကယ်ယှဉ်တဲ့အခါမှာတော့ ၃–ခုစလုံး တစ်ပြိုင်နက်မယှဉ်နိုင်ဘူးနော်၊ သတ်မှုကိုရှောင်တဲ့အခါမှာ ခိုးမှုကို ရှောင်တာမဟုတ်ဘူး၊ လိမ်ပြောမှုကိုရှောင်တာမဟုတ်ဘူး၊ ဟုတ်တယ်မို့လား၊ တစ်ခုတစ်ခုသာ သူ့အာရုံပြုပြီးတော့ ရှောင်ရမှာ၊ ဒါကြောင့်မို့ ဒီဝိရတီ စေတသိက် ၃–ပါးဟာ ကာမာဝစရကုသိုလ်စိတ်နှင့် တစ်ခါတလေမှပဲယှဉ်တယ်၊ ယှဉ်တဲ့အခါမှာလည်းပဲ တစ်ခုစီသာယှဉ်တယ်၊ ဟုတ်ပြီလား၊ အဲဒါ မှတ်ရမယ်နော်၊ တစ်ခါတလေမှပဲ ယှဉ်တယ်၊ တစ်ကြိမ်မှာ တစ်ခုနဲ့သာယှဉ်တယ်၊ ကာမာဝစရ ကုသိုလ်စိတ်နှင့် ဝိရတီယှဉ်တယ်၊ ကာမာဝစရကုသိုလ်စိတ်ဖြစ်တိုင်းဖြစ်တိုင်း ဝိရတီ မယှဉ်ဘူး၊ ဘယ်လိုအခါမှသာ ယှဉ်မလဲဆိုရင် ရှောင်ကြဉ်တဲ့အခါမှာ ယှဉ်မယ်။

အဲဒီ ရှောင်ကြဉ်တဲ့အခါမှာကော ၃–ခုစလုံး ပြိုင်တူ ယှဉ်နိုင်ပါ့မလား, တစ်ပြိုင်နက်သော ခဏမှ မယှဉ်ဘူး, တစ်ခုပဲရမယ်နော်၊

- သမ္မာဝါစာယှဉ်ရင် သမ္မာကမ္မန္တ သမ္မာအာဇီဝမယှဉ်၊
- သမ္မာကမ္မန္တယှဉ်ရင် သမ္မာဝါစာ သမ္မာအာဇီဝ မယှဉ်
- သမ္မာအာဇီဝယှဉ်ရင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ မယှဉ်နိုင်ဘူး၊ ဒါ.

လောကီစိတ်နှင့်ဖြစ်တဲ့အခါကို ပြောတာ။

ဒါကြောင့်မို့ အခု စာတက်နေတဲ့ အချိန်အခါမှာ ကုသိုလ်စိတ်တွေ ဖြစ်နေတယ်နော်၊ ဝိရတီ တစ်ခုမှ မယှဉ်ဘူးနော်။

လောကုတ္တရာကျတော့ ပြောင်းပြန်သွားတယ်၊ ဒါကြောင့်မို့ပြောတာ၊ လောကုတ္တရာစိတ်ရဲ့ ဆန်းကြယ်ပုံ ဒါဟာ ဘာခေါ်လဲ၊ လောကကို (transcend) ဖြစ်သွားတဲ့အတွက်ကြောင့်မို့လို့ လောက အဖြစ်မျိုး မဟုတ်တော့ဘူး၊ ဟိုကျတော့ လောကုတ္တရာစိတ်ဖြစ်တိုင်း ဖြစ်တိုင်းလည်း ယှဉ်တယ်၊ အမြဲလည်းယှဉ်တယ်၊ ပြီးတော့ ၃-ခုစလုံး တစ်ပြိုင်နက်ယှဉ်တယ်၊ အဲဒီ ကျတော့ ဆန်းကြယ်တယ်နော်၊

ဒါဘာကြောင့်လဲဆိုတော့ လောကုတ္တရာစိတ်ဖြစ်တယ်ဆိုတော့ လောကုတ္တရာစိတ်ဆိုတာ ကိလေသာကို သတ်တာ၊ ကိလေသာကို သတ်တဲ့စိတ်ဟာ လောကုတ္တရာစိတ်ပဲ၊

မဂ်စိတ် ဖိုလ်စိတ်ဖြစ်တယ်၊ မဂ်စိတ်ဖြစ်လိုက်တယ်ဆိုရင် ဆိုင်ရာကိလေသာကို နောက်ထပ်တစ်ခါပေါ်မလာအောင် သတ်နိုင်တာ၊ သမုစ္ဆေဒပဟာန် သမုစ္ဆေဒဝိရတီ။

အဲဒါကြောင့်မိုလို့ သူက လွန်ကျူးစရာကိုဒုစရိုက်လို့ခေါ်တယ်နော်၊ မကောင်းတဲ့ အသက်မွေးမှုကို ဒုရာဇီဝလို့ခေါ်တယ်။

မကောင်းတဲ့ အကုသိုလ်ဖြစ်တဲ့ ဒုစရိုက်, ဒုရာဇီဝတွေကို တစ်ပြိုင်နက် အပြီးသတ်ပယ်နိုင်တဲ့အတွက်ကြောင့်မို့လို့ လောကုတ္တရာစိတ်နှင့် ယှဉ်တဲ့အခါကျတော့ သူတို့က အမြဲတမ်းပဲယှဉ်တယ်တဲ့၊ ပြီးတော့ တစ်ခုစီ တစ်ခုစီ ယှဉ်နေစရာလည်း မလိုဘူးတဲ့၊ အားလုံးယှဉ်တယ်၊ အဲဒီလိုကွာတယ်၊ လောကီနှင့် လောကုတ္တရာကွာပုံ ပြောင်းပြန်ပါပဲ။

လောကုတ္တရာမှာ အမြဲယှဉ်တယ်, အကုန်လုံးယှဉ်တယ်, ၃-ခုလုံး တစ်ပြိုင်နက် ယှဉ်တယ်၊ ပြီးတော့ကော တစ်ကြိမ်မှာ တစ်ခုသာယှဉ်တယ်၊ လောကီစိတ်မှာ တစ်ခါတလေသာယှဉ်တယ်၊ တစ်ကြိမ်မှာ တစ်ခုသာယှဉ်တယ်၊ အဲဒီလို ကွာတယ်၊ ဒါဝိရတီရဲ့ ထူးခြားပုံ၊ ဒါကြောင့်မို့ လောကီဝိရတီတစ်မျိုး၊ လောကုတ္တရာ ဝိရတီ တစ်မျိုးနော်၊

အဲဒီတော့ လောကီဝိရတီက ဘာကို အာရုံပြုသလဲဆိုတော့ ခုနက ပြောတဲ့ ဒုစရိုက်ဒုရာဇီဝကို အာရုံပြုတာ၊ လွန်ကျူးအပ်တဲ့ ဝတ္ထုလို့ခေါ်တယ်။

သတ်မယ်ကြံတယ်ဟုတ်လား၊ မသတ်ဘူးရှောင်လိုက်တယ်၊ သတ်စရာဖြစ်တဲ့ ဝတ္ထုကို အာရုံပြုတယ်၊ ဒါကို ဝိရမိတဗ္ဗလို့ ပါဠိလိုခေါ်တယ်။

လောကုတ္တရာဝိရတီကျတော့ နိဗ္ဗာန်အာရုံပြုတာ၊ အဲသလိုလည်း ကွာသွားသေးတယ်။

ခုနလို ဒုစရိုက် ဒုရာဇီဝတစ်ခုစီလည်း အာရုံပြုနေတာ မဟုတ်တော့ဘူး၊ လောကုတ္တရာ ဝိရတီကျတော့ နိဗ္ဗာန်ကို တစ်ခါတည်း အာရုံပြုတာ။

အဲဒါကြောင့်မို့လည်းပဲ ၃-ခုလုံးဟာ တစ်ပြိုင်နက်လည်းဖြစ်တယ်၊ အမြဲတမ်းလည်း ဖြစ်တယ်၊

ဒါကြောင့်မို့ ဝိရတီနှင့်ပတ်သက်ပြီး ဒီအထူးကို မှတ်ထားရမယ်၊ မဂ္ဂင်ရှစ်ပါးထဲက ၃- ခုဟာ ဒါပဲ အတူတူပဲ။

မဂ္ဂင်၈-ပါးကို သီလ, သမာဓိ, ပညာလို့ ၃-ခုခွဲလိုက်တဲ့အခါမှာ သူတို့က သီလအစုထဲပါတယ်နော်၊ နောင်ကြုံတဲ့အခါ ပြောပြမယ်၊ မဂ္ဂင်ရှစ်ပါးထဲမှာဝိရတီ ပါတယ်၊ အဲဒါက ဝိရတီတဲ့။

နောက်တစ်ခုက အပ္ပမညာ ၂-ပါးတဲ့၊ အပ္ပမညာ၂-ပါးဆိုတာ ကရုဏာရယ်, မုဒိတာရယ်၊ ကရုဏာဆိုတာ ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ သနားခြင်းသဘော၊ မုဒိတာဆိုတာ သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော၊

အဲဒီ ကရုဏာနှင့် မုဒိတာက ဘယ်စိတ်တွေမှာ ယှဉ်သလဲဆိုရင်

- ကာမာဝစရ ကုသိုလ်စိတ် ၈-ပါး၊
- ကာမာဝစရကြိယာစိတ် ၈-ပါး
- ရူပါဝစရ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန် စတုတ္ထဈာန်၊

အဲဒီတော့ ရှစ်နှစ်လီဆယ့်ခြောက် ၈x၂ =၁၆ ရယ်, ရူပါဝစရ ၁၂-ရယ် ပေါင်း ၂၈-ဟုတ်ပြီလား၊ စိတ်အကျဉ်းပြောပြော အကျယ်ပြောပြော သူကတော့ အတူတူပဲ။

ဒါကြောင့်မို့ အပ္ပမညာ စေတသိက် ၂-ပါး ကရုဏာနှင့် မုဒိတာဟာ စိတ်ဘယ်လောက်နဲ့ ယှဉ်သလဲဆိုရင် စိတ် ၂၈-ပါးနှင့် ယှဉ်တယ်လို့ ပြောရမယ်၊ အဲဒါတွေက

- ကာမာဝစရကုသိုလ်စိတ် ၈-ပါး
- ကာမာဝစရကြိယာ ၈-ပါး
- ရူပါဝစရ ပထမဈာန် ၃-ပါး
- ဒုတိယဈာန် ၃-ပါး
- တတိယဈာန် ၃-ပါး

– စတုတ္ထဈာန် ၃–ပါး
အားလုံးပေါင်းလိုက်ရင် ၂၈–ပါးနှင့်ယှဥ်တယ်၊

ကောင်းပြီ, ဒီမှာလည်းပဲ ကုသိုလ်စိတ်ဖြစ်တိုင်းဖြစ်တိုင်း ကရုဏာယှဥ်မလား, မုဒိတာယှဥ်မလား, မယှဥ်ဘူး၊ အခုလို ဘုရားဝတ်တက် စာတက်နေတဲ့အခါ ကရုဏာ ယှဥ်ချင်ရင် ဒုက္ခိတသတ္တဝါပညတ် အာရုံပြုပြီးတော့ ဒီဒုက္ခမှ လွတ်ပါစေ ဆိုတဲ့ ဆန္ဒပြုမှ ကရုဏာဖြစ်တာ။

မုဒိတာကျတော့လည်းသုခိတ သတ္တဝါပညတ်ကို အာရုံပြုပြီးတော့ ဒီအခုရ နေတဲ့ စည်းစိမ်ချမ်းသာက မလျော့ကြပါစေနဲ့ဆိုတဲ့ ဆန္ဒပြုရမယ်။

အဲဒါကြောင့်မို့ အဲသလို ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြုပြီး သနားတဲ့ အခိုက်မှာသာ ကရုဏာဖြစ်တယ်၊ သုခိတသတ္တဝါပညတ်ကို အာရုံပြုပြီးတော့ ဝမ်းမြောက်တဲ့ အခိုက်မှာသာ မုဒိတာဖြစ်တယ်၊ ရိုးရိုး ဘုရားရှိခိုးနေတဲ့အခါမှာ နှစ်ခုလုံး မဖြစ်ဘူးနော်။

ဒါကြောင့်မို့ သူတို့ဟာလည်းပဲ အမြဲတမ်းယှဥ်တာမဟုတ်ဘူး၊ ရံခါသာယှဥ်တဲ့ စေတသိက် အခုပြောတဲ့ စိတ် ၂၈–ပါးမှာ ယှဥ်တယ်ဆိုလို့ အဲဒီစိတ် ၂၈–ပါး ဖြစ်တိုင်းဖြစ်တိုင်း ဖြစ်တဲ့အကြိမ်တိုင်းမှာသူတို့ယှဥ်တာ မဟုတ်ဘူးနော်၊ သူတို့ ယှဥ်နိုင်တာသာပြောတာ၊ ဒီစိတ်တွေနဲ့ ယှဥ်နိုင်တယ်။

ဒါကြောင့်မို့ သူတို့ဟာ အမြဲယှဥ်တဲ့စေတသိက်တွေ မဟုတ်ဘူး၊ ယှဥ်ပြန် တော့ရော ၂–ခု တစ်ပြိုင်နက်မယှဥ်နိုင်ဘူး၊ အာရုံမတူလို့ အာရုံတူရမယ် မဟုတ်ဘူး လား၊ စိတ် စေတသိက်နှင့် အာရုံတူရမယ်၊ အာရုံတူမှ တစ်ပြိုင်နက်ဖြစ်နိုင်တယ်။

ကရုဏာက ဒုက္ခိတသတ္တဝါကို အာရုံပြုတယ်၊ မုဒိတာကသုခိတသတ္တဝါကို အာရုံပြုတယ်၊ ဒါကြောင့်မို့ သူတို့ဟာ ခုနက ဝိရတီတွေလိုပါပဲဟုတ်လား၊ တစ်ရံ တစ်ခါမှာ သာယှဥ်တယ်၊ ယှဥ်ပြန်တော့လည်း တစ်ခုသာယှဥ်တယ်၊ ဒါ ကရုဏာနှင့် မုဒိတာ။

နောက်ဆုံး **ပညိန္ဒြေ**,အမောဟလို့လည်းခေါ်တယ်၊ ပညိန္ဒြေလို့လည်းခေါ်တယ်၊ ခေါ်ချင်သလို ခေါ်လို့ရတယ်။

အဲဒီ ပညိန္ဒြေ အမောဟ စေတသိက်က ဘာတွေနဲ့ ယှဥ်သလဲ၊ ဘယ်စိတ်တွေနဲ့ ယှဥ်သလဲ၊ သူက ဉာဏသမ္ပယုတ်နှင့်သာယှဥ်မှာ, ဉာဏဝိပ္ပယုတ်နှင့် မယှဥ်ဘူး မဟုတ်လား။

ဒါကြောင့်မို့ အကုသိုလ်နှင့် မယှဥ်ဘူး၊ အဟိတ်စိတ်နှင့် မယှဥ်ဘူး၊ ကာမာ

ဝစရ သောဘနထဲကရော ဉာဏဝိပ္ပယုတ်နဲ့ မယှဉ်ဘူး။

ဒါကြောင့်မို့

- ကာမာဝစရကုသိုလ်ထဲက ၁-၂-၅-၆

- ကာမာဝစရ ဝိပါက်ထဲက ၁-၂-၅-၆-

- ကာမာဝစရ ကြိယာထဲက ၁-၂-၅-၆- ကျန်တာကျတော့ အကုန်ယှဉ်တော့တယ်။

ရူပါဝစရတို့ အရူပါဝစရတို့ လောကုတ္တရာတို့က ဉာဏ်မပါပဲနှင့် ဖြစ်ပါမလား၊ ဘယ်ဖြစ်မလဲ, ဉာဏ်မပါရင် ဈာန်လည်းမရဘူး။

ဒါကြောင့်မို့ သူတို့ကတော့ ဉာဏသမ္ပယုတ်လို့ ပြောမထားပေမယ်လို့ ဉာဏသမ္ပယုတ်တွေနော်။

ဦးဇင်းတို့ စိတ်နာမည်တွေပေးဟဲ့ အခါကျတော့ ဉာဏသမ္ပယုတ်လို့ပါလား၊ မပါဘူးနော်၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဈာန် ကုသိုလ်စိတ်၊ ဉာဏ်ပါတယ်လို့ ပြောမထားဘူး၊ ပြောမထားပေမယ်လို့ နားလည် ရမယ်။

ဒါကြောင့်မို့ ပညိန္ဒြေ စေတသိက်ဟာ စိတ်ပေါင်း-၄၇ (သို့မဟုတ်) ၇၉-နှင့်ယှဉ်တယ်၊ ပညိန္ဒြေ စေတသိက်လို့ ပြောလိုက်ရင် အကုသိုလ်နှင့် မဆိုင်ဘူး၊ အဟိတ်စိတ်နှင့် မဆိုင်ဘူး၊ ဉာဏဝိပ္ပယုတ်နှင့် မဆိုင်ဘူး၊ ဒါပါပဲ။

ဒါကြောင့်မို့ စဉ်းစားကြည့်စမ်း၊ ဦးဇင်းတို့ အဘိဓမ္မာမှာခေါ်တဲ့ ပညာဆိုတာဟာ ကုသိုလ်နှင့်ယှဉ်တာ၊ ကောင်းတဲ့စိတ်တွေနဲ့ ယှဉ်တာ, ဝိပါက် ကြိယာလည်း ယှဉ်တာ။

အကုသိုလ်နှင့် ယှဉ်တာကို ပညာလို့ မခေါ်ဘူး၊ ဒီကောင် ဉာဏ်နီဉာဏ်နက်များတယ်လို့ ပြောလေ့ရှိတယ်မဟုတ်လား၊ အဲဒီလိုဟာမျိုးကို ဦးဇင်းတို့က ပညာလို့ မခေါ်ဘူး၊ ဒါကို လောဘပြဋ္ဌာန်းတဲ့ မာယာအနေနဲ့သာ ခေါ်တယ်။

ဒါကြောင့်မို့ သူတစ်ပါးကို သတ်ဖို့ရန် ကြံစည်တယ်၊ သံပုံကြံတတ်တယ်၊ အဲသလို အကြံအဖန်ထုတ်ပြီး သူတစ်ပါးသတ်တဲ့အခါမှာ ပညာလို့ ဦးဇင်းတို့က မခေါ်ဘူး၊ ဒါ တစ်နည်းနည်းနှင့် ဒေါသပြဋ္ဌာန်းတဲ့စိတ် ဖြစ်ချင်ဖြစ်မယ် (သို့မဟုတ်) မာယာ ပြဋ္ဌာန်းတဲ့စိတ် ဖြစ်ချင်ဖြစ်မယ်, ပညာလို့ သုံးတာဟာ မြတ်စွာဘုရားတရားတော်မှာ ပညာလို့ ပြောလိုက်ပြီဆိုရင် အခုလို အကောင်းနှင့်တွဲတာကိုသာ ပညာလို့ခေါ်တာ။

ထို့အတူပဲနော်၊ သတိ စေတသိက်ဟာ သောဘနစိတ်တွေနဲ့သာယှဉ်တယ်၊

သောဘနသာဓာရဏ ၁၉-ပါးထဲမှာ သတိပါတယ်၊ ဒါဖြင့်ရင် အကောင်တစ်ကောင် သတ်ဖို့ သတိရတာ၊ သူ့ဥစ္စာခိုးဖို့ သတိရတာ၊ အဲဒါ သတိစေတသိက်ဟုတ်ပါ့မလား မဟုတ်ဘူး၊ သညာစေတသိက်၊ သတိဆိုတာ ကောင်းတာကိုသာ ဦးဇင်းတို့က ခေါ်တာ၊ နေ့စဉ်သုံးစကားမှာကျတော့ ကောင်းတဲ့ နေရာလည်းသုံးတယ်၊ မကောင်းတဲ့ နေရာလည်းသုံးတယ်၊ တကယ့်ကို အဘိဓမ္မာ (Technically) သုံးလာပြီဆိုရင် သတိဆိုတာကောင်းတာကိုသာ သတိခေါ်တာ၊ ဒါ သိပ်အရေးကြီးတယ်၊ အခုအခါ မှာလည်း သင်ပေးတတ်တယ်၊ ဒါဟာ Mind fulness မို့လား၊ မကောင်းတာကို သတိရလာလည်း Mind fulness ပဲလား၊ ဟိုနေ့က ပြောခဲ့သလို သေသေချာချာ လေ့လာချင်ရင်တော့ နောက်တစ်ခေါက်မှပဲ လုပ်ကြ၊ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဆိုတာတွေနဲ့ လေ့လာရင် သိပ်ကောင်းတယ်၊ ဒီတစ်ခါဆိုတော့ နည်းနည်းများ နေလိုက်မယ်၊ နောက်ဖတ်စရာ စာအုပ်တွေရှိပါတယ်၊ ပညာကတော့ အမှန်ကို သိတဲ့သဘော၊ မီးရောင်များ ထိုးလိုက်သလို ပညာနှင့် မောဟနှင့်က ဆန့်ကျင်ဘက်ကို၊ မောဟဆိုတာအမိုက်မှောင် ကျနေတာ၊ မောဟတို့ အဝိဇ္ဇာတို့ဆိုတာ အမိုက်မှောင် ပညာကတော့ ဘာနှင့်တူလဲဆိုရင် မီးထွန်းလိုက်တော့ အကယ်၍ အခုနေ မီး မလင်းတော့ဘူး မှောင်နေမယ်ဆိုရင် အခန်းထဲ ဘာရှိတယ်ဆိုတာ ဦးဇင်းတို့ မသိရဘူး၊ မမြင်ရဘူး၊ မီးမောင်းထိုးပေး လိုက်တယ်ဆိုတော့ ဘယ်နေရာ ဘာရှိတယ် ဆိုတာ သိရတယ် မြင်ရတယ်။

ထို့အတူပဲ, ပညာမပါဘူးဆိုရင် မောဟဖုံးလွှမ်းနေရင် ဒီတရားတွေရဲ့သဘော အနိစ္စ ဒုက္ခ အနတ္တတွေရဲ့သဘော အဖြစ်အပျက်သဘောတွေကို ဦးဇင်းတို့က မမြင်ဘူး၊ ပညာပေါ်လာပြီဆိုရင် ဝိပဿနာပညာပေါ်လာတဲ့အခါကျတော့ ဒါတွေ မြင်လာတော့တာနော်၊ ဒါကြောင့်မို့ ပညာမှာ ရိုးရိုးပညာရှိတယ်၊ ဝိပဿနာတရား အားထုတ်လို့ ပေါ်လာတဲ့ပညာရယ်၊ ဒီထက် မဂ်ပညာ, ဖိုလ်ပညာ, ဒါကတော့ အထက်တန်းအကျဆုံးပညာနော်၊ အဲသလို ရှိတယ်။

**မေး**- ပညိန္ဒြေကို အင်္ဂလိပ်လို ဘယ်လိုခေါ်ပါသလဲ?

**ဖြေ** - faculty of wisdom, ဣန္ဒြေကို faculty ပြန်တယ်၊ အပ္ပမညာကတော့ သူတို့ပြန်တာ (illimitable) လို့ပြန်တယ်၊ ဦးဇင်း ကြိုက်တာကတော့ (boundless)လို့၊ အဲဒါကို ပိုကြိုက်တယ်၊ (Limit less)သို့မဟုတ်၊ (boundless)

သူတို့ကို ဘာကြောင့် အပ္ပမညာလို့ခေါ်တာလဲ၊ တစ်နေ့က ပြောခဲ့ပါတယ်၊

အပ္ပမညာဆိုတာ အပိုင်းအခြား မရှိဘူးဆိုတဲ့ အဓိပ္ပါယ်၊ ဘယ်လို အပိုင်းအခြား မရှိတာလဲဆိုရင် အပိုင်းအခြားမရှိတဲ့ သတ္တဝါကို အာရုံပြုရလို့၊ သတ္တဝါ ချန်မထားရဘူး ဟုတ်လား၊ မေတ္တာပို့တဲ့အခါ, ကရုဏာပွားတဲ့အခါ, မုဒိတာပွားတဲ့အခါ, ဥပေက္ခာ ပွားတဲ့အခါမှာ ချန်မထားရဘူး ဟုတ်လား။

ဒါကြောင့်မို့ တဖြည်းဖြည်းနဲ့ ချဲ့သွားတဲ့အခါကျတော့ ကိုယ်မုန်းတဲ့သူပါ မေတ္တာပို့ရတာနော်၊ မုန်းတဲ့လူတော့ ချန်ထားမယ်၊ နှင့် သဗ္ဗေသတ္တာထဲထည့်လို့ မရဘူးဆိုပြီး ချန်ထားလို့ မရဘူး၊

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ၄- မျိုးမှာ မေတ္တာကို ဘယ် စေတသိက်က ကိုယ်စားပြုသွားသလဲဆိုရင် အဒေါသ စေတသိက်က ကိုယ်စားပြု သွားတာ၊ ဥပေက္ခာကို ဘယ်စေတသိက်က ကိုယ်စားပြုသွားသလဲဆိုရင် တတြ မဇ္ဈတ္တတာ။

အဲဒီတော့ အပ္ပမညာနှင့် ပတ်သက်ပြီး ပြောစရာလေးရှိသေးတယ်၊ ဒါက ဘာလဲဆိုတော့ ရှေးတုံးကလဲ ဆရာတစ်ပါးနှင့် တစ်ပါး အယူအဆ မတူတာလေးတွေ ရှိတယ်၊ ဒီစာတွေ အဋ္ဌကထာတွေ မပေါ်လာခင်ကတည်းက ရှိလာခဲ့ကြတာ။

အဲဒီမှာ တချို့ဆရာတွေက ဘယ်လို ယူဆသလဲဆိုရင် ဥပေက္ခာသဟဂုတ်နဲ့ အပ္ပမညာမယှဉ်သင့်ဘူး, ဒီလိုယူဆကြတဲ့ ဆရာတွေရှိတယ်၊ အခု အတိုင်းဆိုရင် အပ္ပမညာ စေတသိက်ဟာ ဥပေက္ခာသဟဂုတ်နှင့်ကော မယှဉ်ပေဘူးလား၊ ကာမာဝစရ ၅-၆-၇-၈ ဟာ ဥပေက္ခာသဟဂုတ်တွေပဲမဟုတ်ဘူးလား၊ ယှဉ်တယ်မဟုတ်ဘူးလား၊ ယှဉ်တယ်နော်၊ အပ္ပမညာနှင့် တောက်လျှောက်တန်းပြီး ကြည့်လိုက်၊ ကာမာဝ စရကုသလ ၁-၂-၃-၄-၅-၆-၇-၈ မှာ ၅-၆-၇-၈ ဟာ ဥပေက္ခာ မဟုတ်ဘူးလား၊ ကြိယာထဲမှာလည်း ဒီအတိုင်းပဲ၊ အဲဒီတော့ ကရုဏာ မုဒိတာ ပွားများတဲ့အခါမှာ ဥပေက္ခာနှင့် မယှဉ်သင့်ဘူး၊ ဥပေက္ခာက နောက်ဆုံး ဗြဟ္မဝိဟာရ ဥပေက္ခာပွားများမှ ယှဉ်ရမှာကိုး။

ဒါကြောင့်မို့ ဥပေက္ခာ သဟဂုတ်နှင့် အပ္ပမညာနှင့် မယှဉ်သင့်ဘူးဆိုပြီးတော့ တချို့ဆရာတွေက အဲဒီဥပေက္ခာတွေထုတ်ပစ်လိုက်တယ်၊ ဥပေက္ခာထုတ်ပစ် လိုက်တော့ ဥပေက္ခာ ဘယ်နှစ်ခု ထုတ်ပစ်ရမလဲ၊ ကုသိုလ်ထဲက ၄-ခု, ကြိယာ ထဲက ၄-ခု, ထုတ်ပစ်လိုက်ရင် ၈-ခု ထုတ်ပစ်ရမယ်၊ ၈-ခုနုတ်လိုက်ရင် ၂၈ ထဲက ၈-ခု နုတ်လိုက်ရင်-၂၀၊ တချို့ဆရာတွေက အပ္ပမညာ ၂-ခုဟာ စိတ် ၂၀- နှင့်ပဲယှဉ်တယ်၊ သောမနဿ သဟဂုတ်ဖြစ်တဲ့ ကာမာဝစရကုသိုလ်, ကာမာဝစရ

ကြိယာ ပြီးတော့ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် ဒါတွေနဲ့ သာယှဉ်တယ်၊ ဥပေက္ခာကာမာဝစရကုသိုလ်, ဥပေက္ခာကာမာဝစရ ကြိယာနှင့် မယှဉ်နိုင်ဘူးနော်၊ ဘာကြောင့်တုန်းဆိုတော့ ကရုဏာ မုဒိတာ ပွားများတဲ့အခါကျတော့ ဈာန်ရမှာကိုး၊ ကရုဏာပွားများပြီးတော့ ကရုဏာဈာန်၊ မုဒိတာပွားများပြီးတော့ မုဒိတာဈာန်ဆိုတော့ ပထမဈာန်တွေ, ဒုတိယဈာန်တွေဖြစ်မှာပေါ့၊ အဲဒီတော့ အဲဒီဈာန်အဆင့် မရောက်ခင် ရှေးကပွားများရတာကို ပရိကံလို့ခေါ်တယ်၊ ပရိကမ္မဘာဝနာဆိုတာ အဲဒီဟာကို မရောက်ခင် ဒီကနေပြီးတော့ အခြေခံ လုပ်နေရတာ ပရိကမ္မဘာဝနာ။

ပြီးတော့ တခါ ဥပစာရဘာဝနာဆိုတာက အနီးနားကပ်နေတယ်, ဥပစာရ၊ အဲဒီလို ပွားများတဲ့အခါမှာ ဒီစာတစ်ခုကို ကျေလာတဲ့အခါကျတော့ တစ်ခါတလေ ဒီစာကိုအာရုံမပြုဘဲနဲ့ စိတ်က တခြားရောက်နေပေမယ်လို့ ရွတ်မသွား နိုင်ဘူးလား, ရွတ်သွားနိုင်တာပဲ၊ ဘုရားရှိခိုးတဲ့အခါ စဉ်းစားကြည့်၊ တစ်ခါတလေ ဖြစ်တယ်၊ ပါးစပ်ကတော့ဆိုနေတာ စိတ်က ဟိုရောက်ဒီရောက် ရောက်နေတာ၊ ဒါ ဘာပြုလို့လဲ ဆိုတော့ ကျေနေလို့၊ ထို့အတူပဲတဲ့ တကယ့်ကို ကရုဏာတို့ မုဒိတာတို့ကို အကြိမ်ပေါင်းများစွာ အချိန် အကြာကြီးစီးဖြန်းလာတဲ့ အခါကျတော့ စီးဖြန်းတဲ့ ပုဂ္ဂိုလ်က ကျင်လည်လာတယ်၊ ခုနစာကျေသလို ကျင်လည်လာတဲ့အခါတော့တစ်ခါ တစ်ခါတော့လည်း ဥပေက္ခာ သဟဂုတ်စိတ်နဲ့ စီးဖြန်းဖြစ်လိုက်မယ်တဲ့၊ ဒါက ဒီဈာန် မရောက်ခင်မှာ, တစ်ခါတလေလည်း သောမနဿနှင့်, များသောအားဖြင့် သောမနဿနှင့် စီးဖြန်းဖြစ်တယ်ပေါ့လေ၊ သို့သော် ဥပေက္ခာနှင့်လည်း စီးဖြန်းဖြစ်နိုင်တယ်။

ဘာကြောင့်တုန်း, ခုနပြောသလို စာတွေကျေလာတဲ့အခါကျတော့ စိတ်တခြားရောက်ပေမယ့်စာတွေ ပြန်နိုင်တာမျိုးလို ဖြစ်နိုင်တာဖြစ်တဲ့အတွက်ကြောင့် မို့လို့ ဒီအပ္ပမညာ ၂-ခုဟာ ဥပေက္ခာနှင့်လည်း ယှဉ်နိုင်ပါတယ်၊ ဥပေက္ခာကာမာဝစရနှင့် လည်း ယှဉ်နိုင်ပါတယ်တဲ့၊ ဒီလိုနောက်ဆရာတွေက အကြောင်းပြတယ်နော်။

ဈာန်အခိုက်မှာတော့ဖြစ်ရင် ဧကန်သောမနဿဖြစ်ရမယ်၊ ဘယ်နည်းနှင့်မှ ဥပေက္ခာနှင့် မယှဉ်နိုင်ဘူး၊ အဲဒီဈာန်မရောက်ခင် အားထုတ်နေတာတွေကို ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ လို့ခေါ်တယ်၊ အဲဒီ ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အခိုက်မှာတော့ သောမနဿနှင့် ဆင်ခြင်လိုက်, ဥပေက္ခာနှင့် ဆင်ခြင်လိုက်ပေါ့လေ၊ ဖြစ်နိုင်ပါတယ်တဲ့။

အဲဒီလို ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျမ်းဂန်တွေမှာ တချို့တချို့ဆိုတဲ့ စကားလုံးလေးသုံးလိုက်ရင် ကိုယ်မကြိုက်ဘူးဆိုတဲ့ အဓိပ္ပါယ်ပြောတာ၊ ဒါကြောင့်မို့ သဂြိုဟ်မှာ တချို့ဆရာတွေက ဒီလိုဆိုတယ်၊ သူကဒါလေးပြောသွားတာ၊ အဲဒီလို တချို့ဆရာတွေက ဒီလိုဆိုတယ်လို့ ပြောလိုက်ရင် အဲဒီဟာကို အဲဒီပုဂ္ဂိုလ်က မကြိုက်လို့ ဒီလိုပြောတယ်နော်၊ ဦးဇင်းတို့ ကျမ်းဂန်တွေမှာ အဲသလိုဟာလေးတွေ ရှိတယ်၊ ဒါကြောင့်မို့ Tradition လိုတယ်ပြောတာ၊ ဒါတွေဟာ အစဉ်အလာ မှတ်လာကြတာ၊ တိုက်ရိုက်ထည့်ရေးထားတာ မဟုတ်ဘူး၊ ငါ ဒါမကြိုက်ဘူးလို့ ထည့်ရေးသွားတာ မဟုတ်ဘူး။

ဒါပေမယ်လို့ တချို့ကတော့ ဒီလိုဆိုတယ်ဟော့လို့ ပြောလိုက်ရင် သူ သိပ်မကြိုက်တာ, သူလက်မခံဘူးလို့ဆိုလိုတယ်၊ အဲဒါမျိုးတွေကို အခုမှ လေ့လာတဲ့ အနောက်နိုင်ငံကလူတွေက ဘယ်သိမလဲ၊ ဒါကြောင့်မို့ သူတို့ဘာသာပြန်တွေဟာ အဲဒါမျိုးတွေကျရင် လွဲကုန်တာနော်၊ Tradition က သိပ်လိုတယ်၊ ပါဠိလိုတော့ ကေစိလို့ခေါ်တယ်၊ ကေစိဆိုတဲ့ စကားဆိုတာ အချို့လို့ခေါ်တယ်၊ ကေစိဆိုတဲ့ စကားလေးနဲ့ အသုံးခံရရင် ဒါမကြိုက်တာ၊ ငါ့ထက်ညံ့တယ်ဆိုတဲ့ အဓိပ္ပါယ်, ကေစိထိုးတယ်လို့ အဲဒီလိုခေါ်တယ်၊ ဒါ ပါဠိနှင့် ကိုင်ပြောမှပိုလို့ ကောင်းတာ၊ မြန်မာလိုချည်းပြောနေရတာဆိုတော့ တစ်မျိုးပေါ့လေ၊ စာသင်သား ပြောရတာဆိုတော့ ကောင်းတယ်၊

*** အပရေမှူ, ဂုဏ်ရည်တူ, ကေစိမူကား, ကိုယ့်အောက်ထားတဲ့၊**

ကြားဖူးအောင်တော့ ပြောရမှာပေါ့၊ အပရေဆိုတဲ့ စကားလုံးနှင့် သုံးရေးထားရင်တဲ့ သူနဲ့ငါနဲ့ တန်းတူသဘောပေါ့လေဟုတ်လား၊ အဲသလို အဓိပ္ပါယ်မျိုး ရှိတယ်၊ ဒါ implied meaning ပေါ့။

ကေစိလို့ ပြောလိုက်ရင်တော့ ကိုယ့်အောက်ချလိုက်တာ၊ ဘုန်းကြီးချင်းကျတော့ စကားပြောရင်မြန်မာလိုပြောရင်လည်း သတိထားရတာ၊ တချို့ဆိုတဲ့စကားကို သိပ် မပြောဝံ့ဘူး၊ တချို့လို့ပြောလိုက်ရင် အဲသလို ယူဆသွားမှာကိုး၊ interpret လုပ်သွားမယ်။

ဒါကြောင့်မို့ အပ္ပမညာ ၂-ပါးဟာ ကေစိဆရာတို့အလို သောမနဿနှင့်သာ ယှဉ်တယ်၊ ဥပေက္ခာနှင့် မယှဉ်နိုင်ဘူး၊ သမာနဝါဒလို့ခေါ်တဲ့ အများကတော့ ဘယ်လိုယူဆလဲ၊ သောမနဿနှင့်လည်း ယှဉ်နိုင်ပါတယ်၊ ဥပေက္ခာနှင့်လည်း ယှဉ်နိုင်ပါတယ်တဲ့၊

ဒါဟာ ဘာနှင့်တူသလဲဆိုရင် ခုနပြောသလို လေ့လာပြီးတဲ့ ကျမ်းဂန်တွေကို ရွတ်တဲ့အခါကျတော့ သတိမထားပဲနဲ့လည်း ရွတ်သွားလို့ရသလိုပဲ၊ စီးပြန်းမှု အဝါးဝလာတဲ့ အခါကျတော့ တစ်ခါတလေ သောမနဿနှင့်စီးပြန်းလိုက် တစ်ခါတလေ ဥပေက္ခာနှင့် စီးပြန်းလိုက်ဖြစ်နိုင်ပါတယ်၊ အဲသလို ဖြစ်နိုင်တဲ့အတွက်ကြောင့် မို့လို့ ဈာန်အဆင့် မရောက်ခင်မှာတော့ သောမနဿ ဥပေက္ခာဖြစ်တာကို ခွင့်ပြုနိုင်တယ်၊ ဈာန်အဆင့် ရောက်သွားရင်တော့၊ သောမနဿနှင့် ဧကန်ကို ယှဉ်ရမယ်၊ အဲဒီလို မှတ်မိနော်၊ ကေစိနှင့် အပရေ။

ဒါကြောင့် ကျမ်းဂန်ဖတ်တဲ့အခါ ပါဠိစာဖတ်တဲ့အခါ ကေစိဆိုရင်တော့ သတိထားပေါ့၊ ကေစိဆိုမကြိုက်တာပဲ။

စေတသိက် ၅၂-ပါး ယှဉ်ပုံကုန်သွားပြီ၊ ဒါကို ဘာနည်းလို့ခေါ်လဲ၊ သမ္ပယောဂနည်းတဲ့၊ သမ္ပယောဂနည်းဆိုတာ၊ စေတသိက်ကိုင်ပြီး စိတ်ရှာတဲ့နည်း၊ ဒီစေတသိက်နဲ့ယှဉ်တဲ့စိတ် ဘယ်လောက်ရှိပါလိမ့်မလဲ ရှာတဲ့နည်းကို သမ္ပယောဂနည်း ခေါ်တယ်၊

ဒီထဲမှာ ဘာလေးတစ်ခု လေ့လာရဦးမလဲဆိုတော့ ဘယ်စေတသိက်တွေက အမြဲတန်းယှဉ်တယ်၊ ဘယ်စေတသိက်တွေက တစ်ခါတလေသာယှဉ်ကယ်ဆိုတာလေး ခွဲကြအုံးစို့နော်၊ အဲသလို ခွဲတဲ့အခါကျတော့ အဲဒါတော့ ရေးမှတ်ကြ၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ ၃-ခု, အပ္ပမညာ၂-ခု, မာန, ထိန, မိဒ္ဓ အားလုံးပေါင်းတော့ ၁၁-ခုရှိတယ်၊ အဲဒီ ၁၁-ခုကို အနိယတ ယောဂီလို့ခေါ်တယ်၊ အနိယတဆိုတာ အမြဲမဟုတ်တာကို ဆိုလိုတာ, နိယတ ဆိုတာအမြဲနော်၊

အဲဒီတော့ ဣဿာစေတသိက်ဟာ ဒေါသမူစိတ်ဖြစ်တိုင်းဖြစ်တိုင်း ယှဉ်တာ မဟုတ်ဘူး၊ သူများစည်းစိမ်ကို ငြူစူတဲ့အခါသာ ယှဉ်တယ်၊ မစ္ဆရိယကလည်း ကိုယ့်ပစ္စည်း သူများနဲ့ဆက်ဆံတာကို မကြိုက်တဲ့အခါမှာသာ ယှဉ်တယ်၊ အမြဲတမ်း ဒေါသမူစိတ် ဖြစ်တိုင်းဖြစ်တိုင်းမှာ ယှဉ်တာမဟုတ်ဘူးနော်၊ ကုက္ကုစ္စကလည်း နောင်တ ပူပန်တဲ့အခါမှာသာယှဉ်တယ်၊ ဒေါသမူစိတ်ဖြစ်တိုင်း ယှဉ်တာ မဟုတ်ဘူး။

ဒါကြောင့်မို့ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ဝိရတီ, ဒါ ခုနက ပြောခဲ့ပြီ၊ ကရုဏာ မုဒိတာ ပြောခဲ့ပြီနော်၊ ပြီးတော့ကော မာနတဲ့၊ မာနလည်းရံခါပဲယှဉ်တယ်တဲ့နော်၊ ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ဖြစ်တိုင်းဖြစ်တိုင်း မာနယှဉ်တာ မဟုတ်ဘူး။

ပြီးတော့ ထိနမိဒ္ဓာကလည်း ရံခါသာ ယှဉ်တာ, ဖြစ်တိုင်းဖြစ်တိုင်း ယှဉ်တာ မဟုတ်ဘူး၊ ဒါကြောင့်မို့ ရံခါသာယှဉ်တဲ့ စေတသိက်ပေါင်း ၁၁-ခု

ရှိတယ်နော်၊ ကျန်တာတွေကို နိယတယောဂီ၊ ကျန်တာတွေကတော့ သူတို့ဆိုင်ရာ စိတ်ဖြစ် တိုင်းဖြစ်တိုင်း ယှဉ်တယ်နော်။

အနိယတ ယောဂီစေတသိက် ၁၁-ပါး၊ နိယတယောဂီစေတသိက် ၄၁-ပါး၊ အနိယတဆိုတဲ့ သဘောလည်း နားလည်ပြီဟုတ်လား၊ သူတို့နှင့်ယှဉ်ပါတယ်ဆိုတဲ့ စိတ်ဖြစ်တိုင်းယှဉ်တာ မဟုတ်ဘူးနော်၊ သူ့အခြေအနေက ပေးလာမှ ဆိုကြပါစို့ ယှဉ်တာ။

ဒါကြောင့်မို့ ဣဿာယှဉ်နေတဲ့အခိုက်မှာ မစ္ဆရိယ မယှဉ်ဘူး၊ ကုက္ကုစ္စ မယှဉ်ဘူး၊ မစ္ဆရိယယှဉ်တဲ့အခိုက်မှာ ဣဿာမယှဉ်ဘူး စသည်ဖြင့် အဲသလိုသွားရမယ်၊

သင်္ဂဟနည်းလေ့လာတော့လဲ ဒါနည်းနည်းပြန်ပြီးတော့ နွေးအုံးမယ်၊ ဒီနေ့ သမ္ပယောနည်းနဲ့ပဲ တော်ကြမယ်နော်၊ သမ္ပယောဂနည်းက သင်္ဂဟနည်းထက် လွယ်တယ်နော်၊ သင်္ဂဟနည်းကျတော့ ဒီထက်နည်းနည်းရှုပ်မှာ။

# အဘိဓမ္မာသင်တန်း ၁၄

## စေတသိက်ပိုင်း–၅

## သင်္ဂဟနည်း

ဒီနေ့ နိဝင်ဘာလ ၇ ရက်နေ့၊ လွန်ခဲ့တဲ့ အပတ်က သင်တန်းမလုပ်ဖြစ်ဘူး၊ Holiday ဖြစ်နေတယ်၊ အဲဒီတော့ ဟိုရှေ့အပတ်က သမ္ပယောဂနည်းကို လေ့လာခဲ့ကြတယ်၊ သမ္ပယောဂနည်းဆိုတာ စေတသိက်ကိုင်ပြီးတော့ ဘယ်စိတ်ဘယ်စိတ်တွေမှာ ယှဉ်တယ်လို့ ရှာတဲ့နည်းပေါ့၊ အဲဒါကို ပါဠိလို သမ္ပယောဂနည်းလို့ခေါ်တာ၊ သမ္ပယောဂနည်းကိုကျေရင် နားလည်ရင် သင်္ဂဟနည်းလဲကျေတာပဲ, နားလည်တာပဲ၊ ခက်တာမဟုတ်ပါဘူးနော်၊ သမ္ပယောဂနည်းသိရင် သင်္ဂဟနည်းသိတယ်၊ သင်္ဂဟနည်းသိရင် သမ္ပယောဂနည်းသိတယ်၊ အပြန်ပြန်အလှန်လှန် သွားတာပဲကိုး၊

အဲဒီတော့ သင်္ဂဟနည်းကတော့ စိတ်ကိုကိုင်ပြီးတော့ အဲဒီစိတ်မှာ စေတသိက်ဘယ်လောက်ယှဉ်တယ်ဆိုတာကိုရှာတဲ့နည်း၊ အဲဒီတော့ အခု ဇယားကွက် လုပ်ထားလိုက်တော့ ဘာမှ မခဲယဉ်းတော့ဘူး၊ မှတ်မိဖို့ကတော့ ခဲယဉ်းတယ်၊ သိဖို့ကတော့ မခဲယဉ်းတော့ဘူးနော်၊ အခါခပ်သိမ်း ကိုယ်က ဇယားကွက် ပြန်မကြည့်နိုင်ဘူးနော်။

အဲဒီတော့ သင်္ဂဟနည်း လုပ်တော့မယ်ဆိုရင် အဲဒီဇယားကွက်ကို ဘယ်လိုကြည့်မလဲ၊ ကန့်လန့်ဖြတ်ဖတ်တော့မယ်၊ သမ္ပယောဂနည်းတုန်းက ဦးဇင်းတို့ ဒေါင်လိုက်

ဖတ်သွားတယ် ဟုတ်လား၊ အခု သင်္ဂဟနည်းကျတော့ ကန့်လန့်ဖြတ်သွားမယ်၊ ကန့်လန့်ဖြတ် ဖတ်တဲ့အခါကျတော့ ပထမဆုံးဘာလဲ၊ လောဘမူစိတ်-၁၊ လောဘမူ ပထမစိတ် လောဘမူ ပထမစိတ်မှာ စေတသိက်ဘယ်လောက်ယှဉ်သလဲ၊ အဲသလို ရှာရမယ်ဆိုတော့ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခုနှင့် ယှဉ်တာတော့ သေချာပြီ၊ နောက်တစ်ခါ ဘာပါလဲ၊ ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒပါတယ်၊ အညသမန်း စေတသိက် ၁၃-ခုလုံး လောဘမူ ပထမစိတ်မှာ ယှဉ်တယ်ပေါ့၊

တစ်ခါ အကုသိုလ်စေတသိက်ထဲက စဉ်းစားထည့်လိုက်ရင်၊ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, မယှဉ်ပေဘူးလား၊ ယှဉ်တာပေါ့ သူကတော့ အကုသိုလ်စိတ် ၁၂-ခုစလုံးနှင့် ယှဉ်တာ၊ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, လောဘ မယှဉ်ပေဘူးလား၊ လောဘမူစိတ်ပဲ, ယှဉ်တာပေါ့၊ ဒိဋ္ဌိမယှဉ်ပေဘူးလား၊ ယှဉ်တာပေါ့၊ ဒိဋ္ဌိ ယှဉ်ရင် မာနယှဉ်သလား၊ မယှဉ်ဘူး၊ ဒါ ဟိုအပတ်တုန်းက ပြောခဲ့ပြီ။

ဒါကြောင့်မို့ ဒိဋ္ဌိယှဉ်တယ်, မာနမယှဉ်ဘူး, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ယှဉ်မလား၊ မယှဉ်ဘူး၊ သူက ဒေါသမူနှင့်သာ ယှဉ်မှာနော်၊ ထိန မိဒ္ဓ မယှဉ်ဘူး၊ ဘာကြောင့်လဲ, သူကအသင်္ခါရိက ဖြစ်နေလို့, ထိန မိဒ္ဓက သသင်္ခါရိက မှာသာ ယှဉ်တယ်၊ ဟုတ်တယ်မဟုတ်လား၊ ဝိစိကိစ္ဆာကော မယှဉ်ဘူး၊ ဟိုဘက်က သောဘန စေတသိက်တွေ ကြည့်ဖို့လိုသေးလား၊ ကြည့်ဖို့ မလိုဘူး။

ဒါဖြင့်ရင် အကုသိုလ်စိတ်မှာ စေတသိက် ဘယ်လောက်ယှဉ်တယ်ဆိုတာ ရှာချင်ရင် အညသမာန်း စေတသိက်နှင့် အကုသိုလ်စေတသိက် ဒီအတွင်းမှာပဲ ရှာရမှာပေါ့၊ ၁၃-၁၄-၂၇ ထဲမှာ ရှာရမယ်၊ ကဲ, ဘာခဲယဉ်းလဲ, မခဲယဉ်းပါဘူးနော်၊ သင်္ဂဟနည်းခက်တယ်ပြောတော့ လန့်နေတယ်ဟုတ်လား၊ မခက်ပါဘူး။

ဒုတိယစိတ်, ဒုတိယစိတ်က သသင်္ခါရိကစိတ် မဟုတ်ဘူးလား၊ သသင်္ခါရိက စိတ် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူကျတော့ ထိနမိဒ္ဓ ပိုသွားမယ်ပေါ့၊

ဒါဖြင့်ရင် သူက ဘယ်လောက်လဲ, ၂၁-ပထမစိတ်မှာ စေတသိက်-၁၉၊ ဒုတိယစိတ်မှာ-၂၁၊ ၁၉ (plus) ထိနမိဒ္ဓ, ဟုတ်တယ်မို့လား။

တတိယစိတ်ကြည့်လိုက်စမ်း, တတိယစိတ်ကျတော့ သူက ဒိဋ္ဌိဂတဝိပ္ပယုတ် ဖြစ်သွားပြီ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒိဋ္ဌိနှင့် ယှဉ်ပါမလား, မယှဉ်ဘူး၊ ဒိဋ္ဌိနှင့် မယှဉ်ပဲနဲ့ ဘာနဲ့ယှဉ်သလဲ, မာနနှင့် ယှဉ်တယ်၊ ဒါကြောင့်

သူလည်းပဲ စေတသိက်အရေအတွက်ဆိုရင် ဘယ်လောက်လဲ ၁၉-ပဲပေါ့၊ ကန့်လန့် ဖြတ်ဆိုတာ ဒီမယ် ဒီအတိုင်းပြောတာ။

တတိယစိတ်မှာ ဒိဋ္ဌိ အစား မာနထည့်လိုက်တာပါပဲ၊ ၁၉-ခုပဲ။

စတုတ္ထစိတ်ကျတော့ကော သသင်္ခါရိကစိတ်ဖြစ်သွားတဲ့ အတွက်ကြောင့်မို့ ၁၉-ထဲမှာ ထိန မိဒ္ဓတစ်ခါထည့်မယ်, ၂၁-ပဲ၊ ဒါဖြင့် ပထမစိတ် ၄- ခုမှာ ၁၉-၂၁-၁၉-၂၁ ဟုတ်တယ်မို့လား၊ ပထမ ၁၉-က ဒိဋ္ဌိနှင့် နောက် ၁၉-က မာနနှင့် ၂၁-၂၁ ကျတော့ ထိနမိဒ္ဓ ထပ်ထည့်လိုက်တာ, ဟုတ်တယ်မို့လား၊ ဒီလောက် မခဲယဉ်းပါဘူး။

နံပါတ် ၅-စိတ်တဲ့, နံပါတ် ၅-စိတ်ကျတော့ ဘာဝေဒနာနှင့် ယှဉ်သွားပြီလဲ သောမနဿလား, ဥပေက္ခာလား, ဥပေက္ခာနှင့် ယှဉ်သွားပြီ၊ အပြောက်ကလေးတွေ ရှိရင် အပြောက်ကလေးတွေကြည့်လိုက်, အနီလား အပြာလား ဟုတ်ကဲ့လား၊

ဥပေက္ခာနှင့် ယှဉ်သွားရင် ဘာမယှဉ်ဘူးဖြစ်မလဲ, ပီတိ၊ ပီတိက သောမနဿနှင့် သာယှဉ်တာ၊ ဥပေက္ခာနှင့် မယှဉ်ဘူးဟုတ်လား၊ ဒါဖြင့် အညသမာန်း စေတသိက် ၁၃-ခုထဲက ပီတိ နုတ်ရလိမ့်မယ်နော်။

ဒါကြောင့်မို့ ပီတိကြဉ်သော အညသမန်းစေတသိက်-၁၂၊ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ဒီ ၄ ခုကပါရမယ်, လောဘပါတယ်, ဒိဋ္ဌိပါတယ်၊ အဲဒီတော့ အားလုံးဘယ်လောက် ဖြစ်သွားလဲ, ၁၈-ပေါ့၊ ၁၉-ထဲက ပီတိနုတ်တယ်၊ဘာကြောင့် ပီတိနုတ်ရတုံး, သူက ဥပေက္ခာသဟဂုတ် ဖြစ်နေလို့၊ ဒါဖြင့် နံပါတ် ၆-စိတ်ကျတော့ သသင်္ခါရိက ဖြစ်မသွားဘူးလား၊ သသင်္ခါရိက ဖြစ်သွားရင် ခုနက ၁၈-ထဲကို ဘာထပ်ထည့်မလဲ ထိန, မိဒ္ဓ ထပ်ထည့် ၂၀-ဖြစ်မယ်။

၇-ခုမြောက်စိတ်က ဒိဋ္ဌိဂတဝိပ္ပယုတ်၊ ဒိဋ္ဌိဂတဝိပ္ပယုတ်ဖြစ်တဲ့အတွက်ကြောင့် မို့လို့ ဒိဋ္ဌိယှဉ်ပါ့မလား၊ မယှဉ်ဘူး၊ ဘာယှဉ်မလဲ, မာန ယှဉ်မယ်ပေါ့၊ ဒါကြောင့် ဒိဋ္ဌိအစားမာနကို အစားထိုးလိုက် သူလည်း ၁၈-ပဲပေါ့၊

၈-ခုမြောက်စိတ်ကျတော့ ဘာထပ်ထည့်မလဲ, သူက သသင်္ခါရိကဖြစ်သွားတဲ့ အတွက်ကြောင့်မို့ ထိန မိဒ္ဓ ထပ်ထည့်-၂၀၊ အဲဒီတော့ ဒီလို လုပ်ကြရအောင်၊ လောဘမူစိတ် ၈-ခုကို ပထမစဉ်းစားလိုက်စမ်း

- ပထမစိတ်က ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိက
- ဒုတိယစိတ်က ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိက
- တတိယစိတ်က ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက

- စတုတ္ထစိတ်က ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက
- ပဉ္စမစိတ်က ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက
- ဆဋ္ဌမစိတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက
- သတ္တမစိတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက
- အဋ္ဌမစိတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက

ဒိဋ္ဌိဂတ သမ္ပယုတ်လို့ဆိုရင် ဒိဋ္ဌိယှဉ်တယ်၊ မာနမယှဉ်ဘူး၊ ဒိဋ္ဌိဂတဝိပ္ပယုတ် လို့ဆိုတဲ့ အခါကျတော့ကို မာနယှဉ်တယ် ဒိဋ္ဌိမယှဉ်ဘူး။

အသင်္ခါရိကဆိုတော့ ထိန မိဒ္ဓ မယှဉ်ဘူး၊ သသင်္ခါရိကဆိုတော့ ထိန မိဒ္ဓ ယှဉ်တယ်။

သောမနဿဆိုတော့ ပီတိယှဉ်တယ်၊ ဥပေက္ခာဆိုတော့ ပီတိမယှဉ်ဘူး၊ ဒါလေးမှတ်ထားလိုက်ရင် မရပေဘူးလား၊ တွက်လို့ရပြီ။

ဒါကြောင့်မို့ လောဘမူစိတ် ၈–ခုမှာ စေတသိက်တွေရဲ့ သင်္ချာအရေအတွက်ကို တန်းပြီးတော့ ကြည့်လိုက်စမ်း၊ ၁၉–၂၁–၁၉–၂၁–၁၈–၂၀–၁၈–၂၀ ဟုတ်ပြီလား, ဘာမှမခက်ဘူး။

ဒေါသမူစိတ် ၂–ခုတဲ့, ဒေါသမူစိတ် ၂–ခုကျတော့ ပထမစိတ်က အသင်္ခါရိက၊ ဒုတိယစိတ်က သသင်္ခါရိက, သူက ဒေါမနဿ သဟဂုတ်၊ ဒါဖြင့် ပီတိယှဉ်ပါ့မလား၊ မယှဉ်ဘူး။

ဒါဖြင့် ပီတိမပါတဲ့ အညသမာန်းစေတသိက် ၁၂–ခုရယ်၊ မောဟ, အဟိရိက အနောတ္တပ္ပ, ဥဒ္ဓစ္စ, သူကတော့ ပါရလိမ့်မယ်၊ သူက ၁၂ ခု စလုံးနှင့် ယှဉ်တာ, လောဘယှဉ်မလား, မယှဉ်ဘူး၊ ဒိဋ္ဌိ ယှဉ်မလား မယှဉ်ဘူး၊ မာနယှဉ်မလား, မယှဉ်ဘူး၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ယှဉ်မလား၊ ယှဉ်မယ်၊ ထိန မိဒ္ဓ ယှဉ်မလား, မယှဉ်ဘူး၊ သူက အသင်္ခါရိက၊ ဒါဖြင့်ရင် သူ့ကျတော့ ဘယ်လောက် ရတော့လဲ ၂၀–ပဲ ရတော့တယ်။

ပီတိမပါတဲ့ အညသမန်း စေတသိက်–၁၂၊ မောဟ, အဟိရိက, အနောတ္တပ္ပ ဥဒ္ဓစ္စက ၄–ခု ပြီးတော့ ဒေါသ, ဣဿာ, မစ္ဆရိက, ကုက္ကုစ္စက ၄–ခု၊ ၁၂–ရယ်၊ ၄–ရယ်၊ ၄–ရယ်၊ ၂၀–ဟုတ်ပြီလား။

ဒေါသမူ ဒုတိယစိတ်ကျတော့ ဘာပိုသွားမလဲ၊ သသင်္ခါရိက ဖြစ်တဲ့အတွက် ကြောင့်မို့လို့ ထိန မိဒ္ဓ ပိုသွားမယ်၊ ဒါပဲပေါ့၊ အဲဒီတော့ ဘယ်လောက် ဖြစ်မလဲ ၂၂–ဖြစ်မယ်။

အဲဒီတော့ ဒေါသမူ ပထမစိတ်မှာ စေတသိက် ဘယ်လောက်ယှဉ်မလဲ၊ ၂၀- ယှဉ်မယ်နော်။

ပီတိကြဉ်တဲ့ အညသမာန်းစေတသိက်-၁၂၊ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ ၄-ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ၄-ခု ဟုတ်ပြီလား။

ဒုတိယစိတ်ကျတော့ အဲဒီ ၂၀-ထဲမှာ ထိန, မိဒ္ဓ, ထပ်ထည့်မယ်နော် ၂၂-ဖြစ်သွားပြီ။

မောဟမူစိတ် ၂-ခု ရှိတယ်၊ မောဟမူစိတ် ၂-ခုမှာ ပထမစိတ်က ဝိစိကိစ္ဆာ သဟဂုတ်စိတ်၊ ဒုတိယစိတ်က ဥဒ္ဓစ္စ သဟဂုတ်စိတ်၊

ပထမ ဝိစိကိစ္ဆာ သဟဂုတ်စိတ်မှာ ဘာတွေ မယှဉ်နိုင်ဘူးလဲ ကြည့်လိုက်စမ်းပါ၊ အဓိမောက္ခမယှဉ်နိုင်ဘူး၊ အဓိမောက္ခဆိုတာဆုံးဖြတ်တာ၊ သူက ဝိစိကိစ္ဆာက မဆုံးဖြတ်တာ၊ ဥပေက္ခာ သဟဂုတ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပီတိ မယှဉ်နိုင်ဘူး၊ ဆန္ဒလည်း မောဟမူစိတ်မှာ မယှဉ်ဘူးလို့ ဆိုခဲ့တယ်။

ဒါကြောင့်မို့ အဓိမောက္ခရယ်, ပီတိရယ်, ဆန္ဒရယ်၊ ၃-ခု ထုတ်ပစ်လိုက်၊ ဘယ်ဟောက်ကျန်တော့လဲ၊ အညသမန်း စေတသိက် ၁၀-ခု ဟုတ်ပြီလား၊ ၇-ခုရယ်၊ ဝိတက်ရယ်, ဝိစာရရယ်, ဝိရိယရယ်, ပြီးတော့ အကုသိုလ်စေတသိက်ထဲက မောဟ, အဟိရိက, အနောတ္တပ္ပ ဥဒ္ဓစ္စ ဒီ ၄-ခုကတော့ အမြဲတမ်း ပါရမယ်လေ, ၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ်ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဝိစိကိစ္ဆာ တစ်ခုနော် အားလုံးပေါင်းလိုက်တော့ ဘယ်လောက်ရလဲ၁၅-ခုပဲရတော့တယ်။

ဥဒ္ဓစ္စ သဟဂုတ်စိတ်ကျတော့ ဘာတွေ ပါသလဲဆိုတော့ သူက အဓိမောက္ခနှင့် ယှဉ်သွားပြီနော်၊ ပီတိနဲ့လည်း မယှဉ်ဘူး ဆန္ဒနဲ့လည်း မယှဉ်ဘူး၊ ဝိစိကိစ္ဆာနဲ့လည်း ယှဉ်သလား၊ မယှဉ်ဘူး, အဲဒီတော့ ဝိစိကိစ္ဆာလျော့သွားပြီးတော့ အဓိမောက္ခ တိုးလာတယ်၊ အဲဒီတော့ သင်္ချာ-၁၅ ဟာ ၁၅ ပဲပေါ့၊ အဲဒီတော့ မောဟမူ ပထမစိတ်မှာ စေတသိက် ဘယ်လောက် ယှဉ်သလဲ ၁၅- ခု ယှဉ်တယ်၊ ဒုတိယ စိတ်မှာရော ၁၅-ခု ယှဉ်တယ်။

သူက အာရုံပေါ်မှာ မတည်တာသာရှိတယ်၊ ဆုံးဖြတ်မှုကတော့ ပါတယ်၊ အဲဒါကြောင့်မို့လို့ သူကျတော့ ယှဉ်တယ်။

ဒါဟာ အကုသိုလ်စိတ် သင်္ဂဟနည်း၊ အကုသိုလ်စိတ် ၁၂-ခု အကုသိုလ်စိတ် တစ်ခု တစ်ခုမှာ စေတသိက် ဘယ်လောက် ယှဉ်သလဲဆိုရင်ဒီအတိုင်းသွားရမယ်၊ အကုသိုလ်စိတ်ရဲ့ သင်္ဂဟနည်းကို လေ့လာတဲ့အခါမှာ စေတသိက် အားလုံးကြည့်ဖို့

မလိုဘူး၊ အညသမန်းစေတသိက်, အကုသိုလ်စေတသိက်, ဒါတွေပဲ ကြည့်ဖို့လိုတယ်။

ဒီထဲကမှ ဘယ်ဟာက ယှဉ်တယ်၊ ဘယ်ဟာက မယှဉ်ဘူးဆိုတာလေး စဉ်းစားလိုက်ရုံပဲ။

ကောင်းပြီ, အဟိတ်စိတ် သွားကြစို့၊ အဟိတ်စိတ် ၁၈–ခုမှာ ဒွေပဉ္စဝိညာဏ် ၁၀။

ဒွေးပဉ္စဝိညာဏ် ၁၀–ဆိုတာ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာန ဝိညာဏ် ဇိဝှါဝိညာဏ်, ကာယဝိညာဏ်နော် အဲဒီ ၅–စုံပေါ့၊ ဒါကို ဒွိပဉ္စဝိညာဏ, ပါဠိလို ဒွေးပဉ္စဝိညာဏ် ၁၀–လို့ ခေါ်တယ်၊ အဲဒီ ဒွေးပဉ္စဝိညာဏ် ၁၀–ကတော့ စေတသိက် လည်းနည်းတယ်၊ ဟန်ကျတယ်၊ ဘယ်လောက်နှင့်သာ ယှဉ်သတုံး, သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇–ပါးနှင့်သာယှဉ်တယ်နော်၊ တခြားစေတသိက် ဘယ်ဟာ တွေနဲ့မှ မယှဉ်ဘူး။

ကောင်းပြီ ဒွေးပဉ္စဝိညာဏ် ၁၀–ပြီးတော့ သမ္ပဋိစ္ဆိုင်းစိတ် ၂–ခုရှိတယ် နော်၊ အကုသလဝိပါက်ထဲက ၁–ခု, ကုသလဝိပါက်ထဲက ၁–ခု၊ အဲဒီ သမ္ပဋိစ္ဆိုင်း စိတ်မှာ စေတသိက် ဘယ်လောက်ယှဉ်သလဲ၊ ဇယားကွက်အရ ပြောလိုက်စမ်း ၁၀–ခု ယှဉ်တယ်၊ ဘာတွေတုံး, သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ခု ဝိတက်, ဝိစာရ, အဓိမောက္ခ, ၁၀–ခု ယှဉ်တယ်နော်၊ ဒါ သမ္ပဋိစ္ဆိုင်း ၂–ခုမှာနော်၊ သမ္ပဋိစ္ဆိုင်း ၂–ခုကို နောင်အခါကျတော့ သမ္ပဋိစ္ဆိုင်း ဒွေးလို့ ခေါ်လိမ့်မယ်။

သန္တီရဏကျတော့ ဥပေက္ခာနဲ့ သောမနဿ ၂–ခုခွဲလိုက်ကြစို့, ဘာကြောင့် တုန်း သူကစေတသိက် ယှဉ်ပုံချင်း မတူဘူးနော်။

သန္တီရဏကျတော့ ဥပေက္ခာသန္တီရဏ, သောမနဿသန္တီရဏ, ၂–ခုရှိတယ်၊ အကုသလဝိပါက်ထဲက ၁–ခု, ကုသလဝိပါက်ထဲက ၁–ခု၊ အဲဒီ ဥပေက္ခာ သန္တီရဏမှာကော စေတသိက် ဘယ်လောက်ယှဉ်သလဲ ၁၀ ခုပဲ၊ ခုနဟာနဲ့ အတူတူပါပဲနော်၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ခု ဝိတက်, ဝိစာရ, အဓိမောက္ခ။

နောက် သောမနဿသန္တီရဏတစ်ခုရှိတယ်၊ ဘယ်ထဲမှာရှိလဲဆိုရင် ကုသလ ဝိပါက်ထဲမှာရှိတယ်၊ ကုသလဝိပါက်ထဲမှာ အနီပြောက်ကလေးပေါ့၊ သောမန ဿသန္တီရဏမှာ စေတသိက် ဘယ်လောက်ယှဉ်သလဲ, ၁၁–ခု ယှဉ်တယ်၊ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇–ခု, ဝိတက်, ဝိစာရ, အဓိမောက္ခ, ပီတိ။

ကိုင်း –နောက် ပဉ္စဒွါရာဝဇ္ဇန်းစိတ်, သူကတော့ ၁–ခုပဲရှိတယ်၊ ဒါ

တတိယ ကော်လံရဲ့ ပထမှာ ပဉ္စဒွါရာဝဇ္ဇန်းစိတ်နဲ့ စေတသိက် ဘယ်လောက် ယှဉ်သလဲ။ ၁၀–ခု ယှဉ်တယ်၊ ဘာတွေတဲ့တုံး, အဲဒီ စေတသိက် ၁၀–ခုက သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ခု၊ ဝိတက်, ဝိစာရ, အဓိမောက္ခ။

ဒါဖြင့် သမ္ပဋိစ္ဆိုင်း ၂–ခုနှင့် အတူတူဖြစ်မနေဘူးလား၊ သန္တီရဏ ဥပေက္ခာနဲ့ လည်း အတူတူဖြစ်သွားပြီ။

ပြီးတော့ မနောဒွါရာဝဇ္ဇန်းစိတ်,ဒါ ဒုတိယအပြာနော် မနောဒွါရာဝဇ္ဇန်းစိတ်နှင့် စေတသိက် ဘယ်လောက်ယှဉ်သလဲ၊ ၁၁–ခု ယှဉ်တယ်၊ ဘာတွေတဲ့တုန်း၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ခု ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, သူက ပီတိမယှဉ်ဘူး၊ သူက ဥပေက္ခာ သဟဂုတ်ကိုး၊ အားလုံးဘယ်လောက်လဲ ၁၁–ခုနဲ့ ယှဉ်တယ်တဲ့။

ကိုင်း, နောက်ဆုံးစိတ် ဟသိတုပ္ပါဒ်တဲ့၊ ဟသိတုပ္ပါဒ်က သောမနဿနဲ့ ယှဉ်သလား, ဥပေက္ခာနဲ့ ယှဉ်သလား, အပြာလား အနီလား အနီ သောမနဿ, သောမနဿဆိုကတည်းက ပီတိယှဉ်တော့မယ်၊ အဲဒီတော့ ဟသိတုပ္ပါဒ်နှင့်ယှဉ်တဲ့ စေတသိက်ပေါင်း ဘယ်လောက်ရှိသလဲ, ၁၂–ခုတောင် ရှိတယ်၊ ဘာတွေတဲ့တုံး သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇–ခု၊ ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒတစ်ခုပဲ မယှဉ်ဘူးနော်၊ ဒါက အဟိတ်စိတ်မှာ သင်္ဂဟနည်း။

- စက္ခု ဝိညာဏ်စိတ်နှင့် စေတသိက် ဘယ်လောက်ယှဉ်သလဲ ၇–ခု
- သောတဝိညာဏ်စိတ်နဲ့ ၇–ခု, ဃာဏဝိညာဏ်စိတ်နဲ့ ၇–ခု, ဇိဝှာ ဝိညာဏ်စိတ်နဲ့ ၇–ခု, ကာယဝိညာဏ်စိတ်နဲ့ ၇– ခု,
- သမ္ပဋိစ္ဆိုင်းစိတ် ၂–ခုနှင့် ၁၀–ခု
- ဥပေက္ခာသန္တီရဏနဲ့ ၁၀–ခု
- သောမနဿ သန္တီရဏနဲ့ ၁၁–ခု
- ပဉ္စဒွါရာ ဝဇ္ဇန်းနဲ့ ၁၀–ခု
- မနောဒွါရာဝဇ္ဇန်းနဲ့ ၁၁–ခု
- ဟသိတုပ္ပါဒ်နဲ့ ၁၂–ခု

ဟသိတုပ္ပါဒ်က အများဆုံးယှဉ်တာ။

အဲဒီတော့ သမ္ပိစ္ဆိုင်း ၂–ခုကို သမ္ပဋိစ္ဆိုင်းဒွေးလို့ ခေါ်မယ်၊ သန္တီရဏကတော့ သန္တီရဏပဲ၊ အဲဒီတော့ တစ်ခုမှတ်ကြရမယ်နော်၊ ဝေါဟာရလေးတစ်ခု မှတ်ရမယ်၊ ပဉ္စဒွါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်း ၂– ခုနှင့် ဒီ ၃– ခုပေါင်းပြီးတော့ မနောဓာတ်လို့

ခေါ်တယ်၊ အဲဒါလေးမှတ်ထားနော်၊ နောင်အခါကျ သုံးလိမ့်မယ်၊ ဒီဝေါဟာရကို၊ ပဋ္ဌဒွါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်း ၂-ခု အားလုံးဘယ်လောက်လဲ ၃- ခုပေါ့၊ အဲဒီ ၃-ခုကို မနောဓာတ်လို့ နောက်ကျတော့ ခေါ်လိမ့်မယ်၊ ဒီဝေါဟာရလေးမှတ်ထားကြ နောင်အခါကျတော့ ဒီ ၃-ခုကိုပြောချင်ရင် ပဋ္ဌဒွါရာဝဇ္ဇန်းသမ္ပဋိစ္ဆိုင်းဒွေးလို့ မပြောတော့ဘူး၊ မနောဓာတ်လို့ သုံးလိမ့်မယ်၊ အဲဒီလိုမနောဓာတ် ၃-ခုလို့ပြောရင် ကိုယ်က ပဋ္ဌဒွါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်းဒွေးကို ပြောတာလို့ နားလည်ရမယ်။

**မေး** – ပဋ္ဌဒွါရာဟာ ၁၀-မဟုတ်လား၊

**ဖြေ** – မဟုတ်ဘူး၊ သူက တစ်ခုတည်းပဲ၊ ပဋ္ဌဒွါရာဝဇ္ဇန်းစိတ်က တစ်ခုထည်း။

**မေး** – ဒွေးပဋ္ဌကျတော့ကော၊

**ဖြေ** – ဒွေးပဋ္ဌကျတော့ ဒွေးက ၂-ကိုး၊ ပဋ္ဌက ၅-ဆိုတော့ ၂x၅ လိဖြစ်သွားတယ်၊ ၂-ခု ၅ စုံပေါ့၊ ဒါကတော့ ပဋ္ဌဆိုတော့ ၅-ပေါ့၊

ပဋ္ဌဒွါရဆိုတာက ဒွါရ ၅-ပါးမှာ ဖြစ်တယ်လို့ ဆိုလိုတယ်၊ စက္ခုဒွါရ သောတဒွါရ စသည်ဖြင့် မြင်တဲ့အခါလည်းသူပါတယ်၊ ကြားတဲ့အခါလည်း သူပါတယ်၊ ဒီလို ဆိုလိုတယ်၊ မြင်တဲ့ ဝီထိ ဖြစ်ထားအခါမှာလည်း သူပါတယ်၊ ကြားတဲ့ဝီထိဖြစ်တဲ့ အခါမှာလည်းသူပါတယ်၊ နံတဲ့ဝီထိဖြစ်တဲ့ အခါမှာလည်း သူပါတယ်၊ အဲဒီလို စိတ်ကတော့ ၁-ခုတည်းပဲ၊ ၅-ဒွါရမှာဖြစ်တဲ့စိတ်လို့ ဒီလို ဆိုလိုတယ်၊ ဒွါရက တတိယပိုင်းကျမှ လာလိမ့်မယ်၊ အဲဒါက အဟိတ်စိတ်။

ကာမာဝစရ သောဘနစိတ်မှာ ကြည့်ကြအုံးစို့, ပထမဆုံး ကုသိုလ်စိတ်, ကာမာဝစရစိတ် ၈-ခုကို စိတ်ထဲမှာ မြင်အောင်ကြည့်ထားလိုက်၊ ပထမ ၄-ခုက အနီ, ဒုတိယ ၄- ခုက အပြာ ဟုတ်ပြီလား၊ ပထမ ၄-ခုက သောမနဿနှင့် ယှဉ်တယ်၊ ဒုတိယ ၄- ခုက ဥပေက္ခာနှင့် ယှဉ်တယ်။

သောမနဿနှင့်ကျရင် ပီတိယှဉ်လိမ့်မယ်၊ ဥပေက္ခာကျရင် ပီတိ မယှဉ်ဘူး။

အဲဒီမှာ ပထမ ၂-ခုက ဉာဏ်နှင့် ယှဉ်တယ်, ဉာဏသမ္ပယုတ်၊ ၁,၂ က ဉာဏသမ္ပယုတ်နော်၊ ၃ ၊ ၄ က ဉာဏ ဝိပ္ပယုတ်, ဉာဏ်နှင့် ယှဉ်ဘူး၊ ဉာဏ်နှင့် မယှဉ်ဘူးဆိုရင် အဲဒီကျတော့ ပညိန္ဒြေယှဉ်ပါ့မလား၊ မယှဉ်တော့ဘူးပေါ့၊ နောက်ဆုံး ဖြစ်တဲ့ အမောဟပညိန္ဒြေ မယှဉ်ဘူးနော်၊ ၃-၄-က ဉာဏ်ဝိပ္ပယုတ်၊ ၅-၆- ကတော့ တစ်ခါဉာဏသမ္ပယုတ် ဖြစ်လာတယ်၊ ၇-၈ ကျတော့ ဉာဏဝိပ္ပယုတ် ပြန်ဖြစ်သွားတယ်၊ ဉာဏသမ္ပယုတ်ဆိုရင် အမောဟနှင့် ယှဉ်မယ် ဉာဏဝိပ္ပယုတ်ဆိုရင် အမောဟ မယှဉ်ဘူး, ဒါလေး မှတ်ထားဖို့ပဲ။

ကိုင်း– ကြည့်လိုက်ကြရအောင်။

ကာမာဝစရ ကုသိုလ်စိတ် ပထမစိတ်နှင့် ဒုတိယစိတ် တစ်ခု တစ်ခုမှာ စေတသိက် ဘယ်လောက်ယှဉ်သလဲ၊ အဆုံးမှာ ဂဏန်းဘယ်လောက်ရှိသလဲ, ၃၈ နှင့် ယှဉ်တယ်၊ အဲဒီ ၃၈–ဟာ ဘာတွေလဲ၊ အညသမန်း စေတသိက် ၁၃–ခု၊ ဟော အားလုံးပေါင်းလိုက်တော့ အကုသိုလ်ကြည့်စရာ မလိုဘူး။

သောဘနထဲကြည့်လိုက်စမ်း၊ သောဘနသာဓာရဏ ၁၉–ကတော့ အထူး တွေးမနေနဲ့၊ အကုန်လုံးနဲ့ ယှဉ်တယ်၊ ဝိရတိ ၃–ခုနှင့် ယှဉ်တယ်၊ အပ္ပမညာ ၂– ခုနှင့် ယှဉ်တယ်၊ ပညိန္ဒြေနှင့်ယှဉ်တယ်၊ ဒါဖြင့် သောဘနစေတသိက် ၂၅–ခု အကုန်လုံး ယှဉ်တာပေါ့၊ ဒါကြောင့်မို့ အားလုံးပေါင်းလိုက်တော့ ၁၃–နှင့် ၂၅– နှင့် ၃၈။

သို့သော် ဒီနေရာမှာမှတ်ဖို့က တစ်ခုတော့ရှိတယ်၊ ဟိုအပတ်တုန်းကပြောခဲ့ပြီ၊ ဝိရတိ စေတသိက်ဟာ တစ်ခါတလေသာ ယှဉ်တယ်၊ ယှဉ်ပြန်တော့လည်း တစ်ခုစီ ယှဉ်တယ်၊ သူက လောကီ ကုသိုလ်စိတ်၊ အပ္ပမညာကကော တစ်ခုစီပဲ ယှဉ်တယ်၊ တစ်ခါတလေ ယှဉ်တယ်။

ဒါကြောင့်မို့ သူတို့ကို ထုတ်ပစ်လိုက်စမ်း, ဝိရတိ ၃–ခုနှင့် အပ္ပမညာ ၂– ခုကို ထုတ်ပစ်လိုက်ရင် စေတသိက်ဘယ်လောက်သာ အမြဲယှဉ်မလဲ၊ ဒီမှာ ၃၃– ခုသာ အမြဲယှဉ်မယ်နော်၊ အများဆုံး ဘယ်လောက်နဲ့ ယှဉ်နိုင်မလဲ, တစ်ကြိမ် (at one time) ၃၄, ဝိရတိ ယှဉ်တဲ့အခါမှာလည်းအပ္ပမညာနှင့် မယှဉ်ဘူး၊ အပ္ပမညာယှဉ်တဲ့အခါမှာလည်း ဝိရတိ မယှဉ်ဘူး၊ အဲဒီ ၅–ခုကတော့ one at a time၊ ဒါကြောင့် ၃၃, plus သမ္မာဝါစာ၊ သို့မဟုတ် ၃၃ plus သမ္မာကမ္မန္တ၊ သို့မဟုတ် ၃၃ plus သမ္မာအာဇီဝ, သို့မဟုတ် ၃၃ plus ကရုဏာ, သို့မဟုတ် ၃၃ plus မုဒိတာ, အဲသလို သွားမယ်။

ဒါကြောင့်မို့ အမြဲတမ်း ယှဉ်နိုင်တာက ၃၃၊ တစ်ကြိမ်ထဲမှာ အများဆုံး ယှဉ်နိုင်တာ ၃၄၊ ဒါကြောင့်မို့ သူနှင့် ယှဉ်နိုင်တဲ့ စေတသိက် အားလုံး ပြောစမ်းပါ ဆိုရင်တော့၊ ၃၈, နားလည်ပြီနော်၊ အဲသလို မှတ်ရမယ်။

ဘာကြောင့်တုန်း, ဝိရတိနှင့်အပ္ပမညာက ဟိုတစ်နေ့က ပြောခဲ့တဲ့ အနိယတ ယောဂီ ဆိုတဲ့ အထဲမှာပါတယ်၊ အနိယတယောဂီဆိုတာ သူတို့နှင့် ယှဉ်တဲ့စိတ် ဆိုတဲ့ အထဲမှာကို အမြဲယှဉ်တာမဟုတ်ဘူး၊ ရံဖန်ရံခါမှသာယှဉ်တာ၊ အဲဒါတွေလည်း မှတ်ရမယ်။

ဒါကြောင့်မို့ ကာမာဝစရ ကုသိုလ်စိတ် ပထမ ၂–ခု ပေါ့လေ၊ ပထမဒွေးလို့ ခေါ်တယ်၊ ပထမ ၂–ခုနှင့် ယှဉ်တဲ့စေတသိက် ၃၈–ရှိတယ်ဆိုပေမယ့် အမြဲတမ်း ယှဉ်နိုင်တာက ၃၄–ပဲ ရှိတယ်။

သမ္မာဝါစာနှင့်သော်လည်းကောင်း, သမ္မာကမ္မန္တ နှင့်သော်လည်းကောင်း, သမ္မာအာဇီဝနှင့်သော်လည်းကောင်း, ကရုဏာနှင့်သော်လည်းကောင်း၊ မုဒိတာနှင့်သော် လည်းကောင်း တစ်ခုစီ တစ်ခုစီပဲသွားမယ်။

ကောင်းပြီ တတိယစိတ်နှင့် စတုတ္ထစိတ်တဲ့၊ သူတို့ကျတော့ ဉာဏဝိပ္ပယုတ် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပညိန္ဒြေ လျှော့သွားမယ်၊ ဒါဖြင့် ၃၇, တခြားဟာတွေ အကုန်တူတယ်။

အဲဒီတော့ အညသမာန်းစေတသိက် ၁၃–ခု, သောဘနသာဓာရဏ စေတသိက် ၁၉–ခု, ဝိရတိ–၃၊ အပ္ပမညာ–၂၊ ဒီမှာလည်းပဲ ခုနက ပြောတဲ့အတိုင်းပဲဝိရတိ အပ္ပမညာက ရံခါမှသာယှဉ်လိမ့်မယ်၊ ပြီးတော့ တစ်ခုစီသာ ယှဉ်လိမ့်မယ်၊ဒါကြောင့်မို့ အမြဲတမ်းသာဆိုရင် ၃၂–ဖြစ်မှာပေါ့၊ တစ်ကြိမ်ထဲအများဆုံးဆိုရင် ၃၃–ဖြစ်မယ်။

၅–၆ ကြည့်လိုက်စမ်း၊ ၅–၆ ဟာ ဥပေက္ခာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပီတိနုတ်ရလိမ့်မယ်။

အဲဒါကြောင့်မို့ ပီတိကြဉ်သော အညသမန်း စေတသိက်–၁၂၊ နောက်ဟာ တွေတော့ အတူတူပဲ၊ သောဘန စေတသိက်–၂၅၊ ပေါင်းလိုက်–၃၇။

၇–၈ ကျတော့ စေတသိက် ဘယ်လောက်နှင့် ယှဉ်သလဲ–၃၆၊ ဘာကြောင့်တုန်း သူက ဉာဏဝိပ္ပယုတ်ဖြစ်သွားပြီ၊ အဲဒီတော့ ပညိန္ဒြေ မယှဉ်ဘူး။

ဒါကြောင့်မို့ ကာမာဝစရ ကုသိုလ်စိတ် ၈–ခု နော်၊ ၈–ခုမှာ ၂–ခုစီ တွဲထားလိုက်၊ တွဲထားလိုက်ရင် အစဉ်အတိုင်း ကြည့်လိုက်ရင် ၃၈–၃၇–၃၇–၃၆ တကယ် ၁,၂,၃,၄ အတိုင်း သွားမယ်ဆိုရင် ၃၈–၃၈ ၃၇–၃၇ ၃၇–၃၇– ၃၆–၃၆။

၁–နှင့် ၂–တွဲမယ်, ၃–နှင့် ၄–တွဲမယ်, အဲသလို တွဲတွဲ ထားမယ်ဆိုရင် ၃၈–၃၇၊ ၃၇–၃၆ ဟုတ်ပြီ။

ကာမာဝစရ ဝိပါက်စိတ်ကြည့်ကြစို့, ဒီကျတော့ ဘာတွေထုတ်ပစ်လိုက်သလဲ၊ ကြည့်စမ်း၊ ၁,၂,၃,၄ ကတော့ ခုနအတိုင်း မှတ်ထား၊ ၁,၂ ဆိုရင် သောမနဿဉာဏ သမ္ပယုတ်, ၃–၄ ဆိုရင် သောမနဿဉာဏဝိပ္ပယုတ်, ၅–၆ ဥပေက္ခာ ဉာဏသမ္ပယုတ် ၇–၈ ဥပေက္ခာ ဉာဏ ဝိပ္ပယုတ်၊ ကောင်းပြီ။

၁-၂ ကြည့်လိုက်စမ်း, စေတသိက်ဘယ်လောက် တွေ့ရတုံး၊ ၃၃-ပဲ ရှိတယ်၊ ဒီကျတော့ အညသမာန်း စေတသိက် ၁၃-ခုနှင့် ယှဉ်တယ်၊ သောဘန သာဓာရဏ စေတသိက် ၁၉-ခုနှင့် ယှဉ်တယ်၊ ဝိရတီမယှဉ်ဘူး၊ အပ္ပမညာမယှဉ်ဘူး။

ဒါ ဘာလဲဆိုတော့ ဝိရတီဟာ လောကီမှာဖြစ်ရင် ဧကန်ကုသိုလ်သဘော ရှိတယ်၊ ကုသိုလ်ဇာတ်ရှိတယ်၊ တစ်စုံတစ်ခုက ရှောင်ကြဉ်တယ်ဆိုတာ ကုသိုလ် ဖြစ်တယ်၊ ရှောင်ကြဉ်တဲ့အခါမှာ ဝိပါက်ဖြစ်တာမဟုတ်ဘူး၊ ကြိယာဖြစ်တာ မဟုတ်ဘူး။

ဒါကြောင့်မို့ ဝိရတီဟာ လောကီဖြစ်ရင် ဧကန် ကုသိုလ် သဘောရှိတယ်၊ ဒါကြောင့်မို့ ဝိပါက်စိတ် ကြိယာစိတ်တွေမှာ ဝိရတီ ယှဉ်လိမ့်မယ် မဟုတ်၊ ဒါကြောင့်မို့ ဝိပါက်စိတ်မှာ ဝိရတီ မယှဉ်ဘူးတဲ့၊ အပ္ပမညာလည်းပဲ မယှဉ်ဘူးတဲ့။

ဘာကြောင့်လဲဆိုတော့ ကာမာဝစရ ဝိပါက်က ကာမတရားကိုသာလျှင် အမြဲတမ်း အာရုံပြုတယ်၊ ကရုဏာနှင့် မုဒိတာက သတ္တဝါ ပညတ်ကို အာရုံပြုတယ်၊ ဒါက ပညတ်, ကာမတရားမဟုတ်ဘူး၊ တတိယပိုင်းကျမှ ပိုနားလည်လိမ့်မယ်၊ အာရုံတွေအကြောင်း လေ့လာတဲ့အခါကျမှ, ဟုတ်လား။

အဲဒီတော့ ကာမာဝစရ ဝိပါက်စိတ်သည် ကာမတရားကိုသာ ဧကန်အမြဲတမ်း အာရုံပြုတယ်၊ ပညတ်ကို အာရုံမပြုဘူး၊ ကရုဏာ မုဒိတာ ကလည်းပဲ ပညတ်ကို အာရုံပြုတယ်၊ အာရုံမတူဘူး၊ အာရုံမတူရင် မယှဉ်နိုင်ဘူး၊ စိတ်နှင့် စေတသိက်ဟာ တူသော အာရုံရှိရမယ်။

*** ဖြစ်, ပျက်, မှီ, အာ၊ တူ လေးဖြာ၊**
**အင်္ဂါယှဉ်နိမိတ်။**

ဒါကြောင့်မို့ ဝိရတီ ၃- ခုလည်း မယှဉ်နိုင်ဘူး၊ အပ္ပမညာ ၂- ခုလည်း မယှဉ်နိုင် တဲ့အတွက်ကြောင့်မို့လို့ ၅-ခု ထုတ်ပစ်လိုက်တော့ ၃၃-ပဲ ကျန်တော့တာပေါ့၊ ဒါ ဝိပါက်စိတ်တွေ။

ပြီးတော့ တတိယစိတ်နှင့် စတုတ္ထစိတ်ကျတော့ ဘာထပ်ပြီး လျော့သွားမလဲ ဆိုတော့ သူက ဉာဏဝိပ္ပယုတ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဉာဏ်လျော့သွားမယ် ပညိန္ဒြေလျော့သွားမယ်၊ ဒါကြောင့်မို့ ၃၂-သာ ရှိတော့တယ်နော်။

၅-၆ တဲ့, ၅-၆က ဥပေက္ခာ ဉာဏသမ္ပယုတ် ဒါကြောင့်မို့ ပီတိထုတ်ပစ် ဉာဏ်ပြန်ထည့်, ဟုတ်လား၊ သချာအတူတူပဲ ဘယ်လောက်တုန်း ၃၂-ပဲ။

၇-၈ ကျတော့ ဥပေက္ခာဉာဏဝိပ္ပယုတ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပီတိ

လည်းထုတ်,ဉာဏ်လည်းထုတ်,၃၁–ကျန်တော့တာ၊ အဲဒါ ကာမာဝစရ ဝိပါက်စိတ်နော်။

အဲဒီတော့ ကာမာဝစရဝိပါက်စိတ်မှာ ဝိရတီမယှဉ်ဘူး၊ အပ္ပမညာ မယှဉ်ဘူး၊ ဒါ မှတ်ထားရုံပဲ၊ ဉာဏ်ကတော့ ယှဉ်တဲ့အခါယှဉ်မယ်၊ မယှဉ်တဲ့အခါ မယှဉ်ဘူး၊ ပီတိယှဉ်တဲ့အခါယှဉ်မယ်, မယှဉ်တဲ့အခါမယှဉ်ဘူး၊ ဒါဆို လွယ်သွားပြီ မဟုတ်ဘူးလား။

ကာမာဝစရ ကြိယာစိတ်တဲ့, ခုနအတိုင်းပဲ

– ၁,၂ က သောမနဿ ဉာဏသမ္ပယုတ်၊

– ၃,၄ က သောမနဿ ဉာဏ ဝိပ္ပယုတ်၊

– ၅–၆ က ဥပေက္ခာ ဉာဏ သမ္ပယုတ်

– ၇–၈ က ဥပေက္ခာ ဉာဏ ဝိပ္ပယုတ်

ကြည့်လိုက်စမ်း, ကြိယာစိတ်မှာ စေတသိက် ဘယ်လောက်ယှဉ်သလဲ၊ အညသမာန်း စေတသိက် ၁၃–ခု ယှဉ်တယ်၊ သောဘန သာဓာရဏ စေတသိက် ၁၉– ခု ယှဉ်တယ်၊ ဝိရတိ မယှဉ်ဘူး။

ခုနက ပြောတဲ့အတိုင်းပဲဝိရတီက လောကီဆိုရင် ကေန် ကုသိုလ်ဖြစ်ရမယ်တဲ့။

ကုသိုလ်သာ ယှဉ်မယ်ပေါ့လေ၊ သူက ကြိယာဖြစ်နေတော့ မယှဉ်ဘူး။

အပ္ပမညာကျတော့ ဒီကျတော့ ယှဉ်လာပြီ၊ ဘာကြောင့်တုန်းဆိုတော့ သူက ကြိယာစိတ်ကျတော့ ပညတ်ကိုလည်း အာရုံပြုနိုင်တယ်။

ခုနက ဝိပါက်စိတ်ကျတော့ ပညတ်ကို အာရုံမပြုဘူး, ကာမတရားကိုသာ အာရုံပြုတယ်၊ ဒါကြောင့်မို့ ဒီကျတော့ အပ္ပမညာယှဉ်နိုင်လာတယ်၊ ဒါကြောင့်မို့ အခု ဘယ်လောက်ရသလဲ၊ ၃၅–ရတယ်၊ အမှန်က ၃၈–ထဲက ဝိရတီ ၃–ခု ထုတ်လိုက်တာပါပဲ။

ကောင်းပြီ, ၃–၄ ကျတော့ ဘာလျော့သွားမလဲ၊ ပညာလျော့သွားမှာပေါ့ ၃၅ က ဘာဖြစ်သွားလဲ, ၃၄–ဖြစ်သွားတာပေါ့, ပညာလျော့သွားမယ်။

၅–၆ ကျတော့ ဘာလျော့ပြီး ဘာပြန်တိုးမလဲ, ပီတိထုတ်ပစ်, ပညာပြန်ထည့်, ၃၄–ပဲ။

၇–၈ ကျတော့ ၂–ခုစလုံး ထုတ်ပစ် ၃၃–ဟုတ်လား၊ ပီတိထုတ်, ပညာ, ပညိန္ဒြေထုတ် ဒါက ဘာတုန်း, ကာမာဝစရ သောဘနစိတ် ၂၄–ခုမှာ သင်္ဂဟနည်း, ဟုတ်ပြီလား။

ကာမာဝစရသောဘနစိတ် ၂၄ ခုမှာ ပုံသေလေး မှတ်ထားဖို့က ကုသိုလ်စိတ်မှာ ဝိရတီလည်းယှဉ်တယ်၊ အပ္ပမညာလည်းယှဉ်တယ်၊ ဝိပါက်စိတ်မှာ ဝိရတီလည်း မယှဉ်ဘူး၊ အပ္ပမညာလည်း မယှဉ်ဘူး၊ ကြိယာစိတ်မှာ ဝိရတီမယှဉ်ဘူး၊ အပ္ပမညာ ယှဉ်တယ်၊ ဒီဟာလေး မှတ်မိထားရင် သွားလို့ရတာပဲ။

ပြီးတော့ ဉာဏသမ္ပယုတ်စိတ်မှာ ပညိန္ဒြေယှဉ်မယ်၊ ဉာဏဝိပ္ပယုတ်စိတ်မှာ ပညိန္ဒြေမယှဉ်ဘူး၊ သောမနဿသဟဂုတ်စိတ်မှာပီတိယှဉ်မယ်၊ ဥပေက္ခာ သဟဂုတ် စိတ်မှာ ပီတိ မယှဉ်ဘူး၊

**မေး** – ဝိပါက်စိတ်က ကာမတရားကို အာရုံပြုတယ်, ပညတ်ကို အာရုံမပြုနိုင်ဘူး ကြိယာစိတ်ကကော၊

**ဖြေ** – ကာမတရားကိုလည်း အာရုံပြုတယ်၊ ပညတ်ကိုလည်းအာရုံပြုတယ်။

ဒီအာရုံတွေအကြောင်းက တတိယပိုင်းကျတော့ လာလိမ့်မယ်၊ ဒါကို တချို့ အဓိပ္ပါယ်တွေက မစုံသေးခင်ဆိုရင် သိပ်မရှင်းဘူး၊ အာရုံပြုတာ နားလည်ပြီးမှ ဒါပြန်ပြောတဲ့အခါကျတော့ သိပ်ရှင်းသွားပြီ။

ဈာန်စိတ်ပိုင်း သွားကြစို့။

ရုပါဝစရစိတ်ကျတော့ ကုသိုလ် ကြိယာအတိုင်း မသွားတော့ပဲ ပထမဈာန် ဒုတိယဈာန်နှင့်သွားမယ်၊ ဘာလို့တုန်းဆိုရင် ကုသိုလ်မှာလည်း ဒီစေတသိက်ပဲ၊ ဝိပါက်မှာလည်း ဒီစေတသိက်ပဲ၊ ကြိယာမှာလည်း ဒီစေတသိက်ပဲ။

ဒါကြောင့်မို့ ရူပါဝစရစိတ်မှာ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်သွားမယ်နော်၊ အပြောက်အပြောက်ကလေးတွေမှာ ကြည့် လိုက်ရင် ကန့်လန့်ဖြတ် ပထမတန်း ၃– ခု, ဒုတိယတန်း ၃– ခု, တတိယတန်း ၃–ခု, စတုတ္ထတန်း ၃– ခု, ပဉ္စမတန်း ၃–ခု၊ အဲသလို သွားလိမ့်မယ်။

ရူပါဝစရ ပထမဈာန်စိတ် ၃–ခုရှိတယ်၊ ကုသိုလ်စိတ်, ဝိပါက်စိတ်, ကြိယာ စိတ်၊ အဲဒီ ပထမဈာန်စိတ် ၃–ခုမှာ တစ်ခုတစ်ခုမှာ စေတသိက် ဘယ်လောက် ယှဉ်သလဲတဲ့၊ အညသမာန်းစေတသိက် ၁၃–ခုလုံးနှင့်ယှဉ်တယ်၊ ပြီးတော့ သောဘန သာဓာရဏ ၁၉–ခုနှင့် ယှဉ်တယ်၊ ဝိရတီနှင့် မယှဉ်ဘူး၊ သူတို့က ပညတ်အာရုံပြုတာ၊ ရူပါဝစရစိတ် ဆိုတာက ပညတ်အာရုံပြုတာ၊ အပ္ပမညာကျတော့ ယှဉ်တယ်၊ ဉာဏ်ကလည်း မယှဉ်လို့မရဘူး၊ သူတို့က ဉာဏသမ္ပယုတ်ချည်းပဲ, ဝိပ္ပယုတ်ကို မရှိတော့ဘူး။

ဒါကြောင့်မို့ အညသမာန်း စေတသိက် ၁၃–ခုရယ်, သောဘန သာဓာရဏ

စေတသိက် ၁၉-ခုရယ်, ပြီးတော့အပ္ပမညာရယ်, ပညိန္ဒြေရယ် ပေါင်းလိုက်ရင် ဘယ်လောက်တုန်း-၃၅၊ ပထမဈာန်မှာ ယှဉ်တယ်နော်။

ကောင်းပြီ, ဒုတိယဈာန် ၃-ခု ကျတော့ ဘာလျော့သွားမလဲ, ဝိတက် လျော့သွားမယ်ပေါ့၊ ဒုတိယဈာန်စိတ် ပြန်ကြည့်လိုက်ရင် ဝိတက်ပါရဲ့လား၊ စိတ်ပိုင်းတုန်းကလေ၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဈာန်အင်္ဂါ ၅-ပါးနှင့် တကွဖြစ်သော ပထမဈာန်စိတ်။

ဒုတိယဈာန်စိတ်ကျတော့ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန် အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယဈာန်စိတ်၊ ဟုတ်ပြီလား၊ ဝိတက် ပြုတ်သွားပြီ။

ဒါကြောင့်မို့ ဒုတိယဈာန်စိတ် ၃-ခုမှာ ဝိတက် နုတ်လိုက်တော့ ဘယ်လောက် ကျန်သတုံး၊ စောစောက ၃၅-ထဲက ဝိတက် နုတ်လိုက် ၃၄-နော်။

တတိယဈာန်စိတ် ၃-ခုကျတော့ ဘာထပ်လျော့သွားမလဲ, ဝိစာရ ထပ်လျော့ သွားမယ် ပီတိသာ ကျန်တော့တယ်၊ ဒါကြောင့်မို့ ခုန ၃၅-ထဲက ဝိတက်, ဝိစာရ နုတ်ပြီးတော့ ဘယ်လောက် ကျန်တော့တုန်း, ၃၃-နော်။

စတုတ္ထဈာန်ကျတော့ ဘာပြန်ထပ်လျော့သွားပြန်သလဲ၊ ပီတိပါ ထပ်လျော့ သွားတယ်၊ စတုတ္ထဈာန်က သောမနဿသဟဂုတ်တော့ဟုတ်တယ်၊ ဒါပေမယ်လို့ ပီတိနှင့်မယှဉ်ဘူး၊ ဒါကြောင့်မို့ ပီတိနှင့် သုခ အထူးတုန်းက သုခက အရာကျယ်တယ်၊ ပီတိက အရာကျဉ်းတယ်လို့ ပြောခဲ့တယ်၊ သောမနဿဖြစ်တိုင်း ပီတိနှင့်ယှဉ်တာ မဟုတ်ဘူး၊ ပီတိနှင့် ယှဉ်တိုင်း သောမနဿ ဖြစ်တယ်။

ဒါကြောင့်မို့ စတုတ္ထဈာန်ကျတော့ ပီတိ တစ်ခါ ထပ်နုတ်လိုက်တော့-၃၂ ဖြစ်သွားတယ်။

ပဉ္စမဈာန်ကျတော့ဘာထပ်နုတ်ရမလဲ၊ နုတ်စရာမလိုဘူးနော်၊ ဒါပဲ မဟုတ်ဘူး လား၊ ဘာနုတ်လိုက်တုန်း, အပ္ပမညာ။

အပ္ပမညာက ဘာလဲ, ကရုဏာနှင့် မုဒိတာက ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်နှင့်သာ ယှဉ်တယ်၊ ပဉ္စမဈာန်နှင့် မယှဉ်ဘူး၊ ပဉ္စမဈာန် ဆိုတာက ဥပေက္ခာနှင့်ယှဉ်တယ်။

အဲဒါကြောင့်မို့လို့ အပ္ပမညာစေတသိက် ၂-ခုက ဈာန် ၄-ပါးနှင့်သာ ယှဉ်နိုင်တယ်၊ ပဉ္စမဈာန်နှင့် မယှဉ်ဘူး။

ဒါကြောင့် ပဉ္စမဈာန်ကျတော့ အပ္ပမညာ ၂-ခု နုတ်လိုက်, ဘယ်လောက် ရတော့တုန်း၊ ၃၂-ထဲက ၂-ခု နုတ်လိုက်တော့ ၃၀-ရတော့တယ်။

ကိုင်း, ပြန်ပြောစမ်း၊ ရူပါဝစရ ပထမဈာန်စိတ်မှာ စေတသိက် ဘယ်လောက်ယှဉ်သလဲ, ၃၅၊ ဘာနုတ်ထားသလဲ, ဝိရတီ၊

- ဒုတိယဈာန်စိတ်ကျတော့ ဝိတက်နုတ်လိုက်
- တတိယဈာန်စိတ်ကျတော့ ဝိတက်, ဝိစာရ နုတ်လိုက်
- စတုတ္ထဈာန်စိတ်ကျတော့ ဝိတက်, ဝိစာရ, ပီတိ နုတ်လိုက်
- ပဉ္စမဈာန်စိတ်ကျတော့ ဝိတက်, ဝိစာရ ပီတိ, အပ္ပမညာ ၂-ခု နုတ်လိုက်နော်၊ အပ္ပမညာ ၂-ခုက သူက ရှင်းရှင်းပြောကြစို့ သောမနဿနှင့်သာ ယှဉ်တာပါပဲ။

ဒါကြောင့်မို့ သူက ပထမဈာန်, ဒုတိယဈာန်,တတိယဈာန်,စတုတ္ထဈာန်မှာသာ ယှဉ်တယ်၊ ပဉ္စမဈာန်မှာ မယှဉ်ဘူး။

အရူပါဝစရစိတ်ကတော့ လွယ်တယ်၊ ဘာကြောင့်တုန်း, သူကပဉ္စမဈာန် အတိုင်းပဲ၊ ဈာန်ခွဲလိုက်တဲ့အခါမှာ သူက ပဉ္စမဈာန်ထဲမှာ ထည့်ရတယ်၊ ဘာကြောင့်တုန်း, သူမှာ ဈာန်အင်္ဂါ ၂-ပါးပဲရှိတယ်၊ ဥပေက္ခာရယ်, ဧကဂ္ဂတာရယ်။

ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးသာ ရှိတဲ့အတွက်ကြောင့်မိုလို့ သူ့မှာ အထူးပြောနေစရာမလိုတော့ဘူး၊ ရူပါဝစရ ပဉ္စမဈာန်အတိုင်းပဲ စေတသိက်တွေ ယှဉ်လိမ့်မယ်၊ ဒါကြောင့်မို့ စေတသိက် ဘယ်လောက်ယှဉ်မလဲ ၃၀-ပဲယှဉ်မယ်၊ ရူပါဝစရ ပဉ္စမဈာန်နှင့် အတူတူပဲ။

ဒါကြောင့်မို့ အာကာသာနဉ္စာယတနစိတ်, ဝိညာနဉ္စာယတနစိတ် စသည်ဖြင့် ရှိတဲ့ အရူပါဝစရစိတ်တွေမှာ စေတသိက် ဘယ်လောက်ယှဉ်သလဲမေးရင် ၃၀-ပဲ။

အဲဒီ ၃၀-ဟာ ဘယ် ၃၀-လဲဆိုရင် ရူပါဝစရ ပဉ္စမဈာန်မှာ ယှဉ်တဲ့ ၃၀-ပဲ အတူတူပဲ။

လောကုတ္တရာစိတ်ကိုလည်း ဈာန်တွေနဲ့ ခွဲတယ်၊ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်၊ ဒီနေရာမှာတော့ မဂ် ၄-ပါး ဖိုလ် ၄-ပါး သီးခြား ခွဲထားတယ်နော်၊ အမှန်တော့ ပေါင်းလိုက်ရင်လည်းရတယ်၊ သို့သော် မဂ်နှင့် ဖိုလ်နှင့် ကွဲချင်လို့၊ အဲဒီတော့-

- သောတာပတ္တိမဂ် ပထမဈာန်စိတ် ၄-ပါး
- သကဒါဂါမိမဂ် ပထမဈာန်စိတ် ၄-ပါး
- အနာဂါမိမဂ် ပထမဈာန်စိတ် ၄-ပါး
- အရဟတ္တမဂ် ပထမဈာန်စိတ် ၄-ပါး အဲသလို ရှိတယ်။

တစ်ခါ သောတာပတ္တိဖိုလ် ပထမစျာန် ၄-ပါး စသည်ဖြင့် ရှိတယ်။

အဲဒီတော့ သောတာပတ္တိမဂ် ပထမစျာန်စိတ်မှာ စေတသိက် ဘယ်လောက်ယှဉ်သလဲ၊ အမှန်ကတော့ ပထမစျာန်စိတ် အားလုံးလို့ ပြောရင်လည်းရပါတယ်၊ ဒီမှာ ကွဲနေလို့ပါ၊ လောကုတ္တရာ ပထမစျာန်စိတ် မဂ်ရော၊ ဖိုလ်ရော၊ ပေါင်းလိုက်ရင်လည်း ရတယ်နော်၊ အဲဒီတော့ ပထမစျာန်စိတ် ၈-ခုမှာလို့ ပြောရင်လည်းပြီးပါတယ်၊ စေတသိက် ဘယ်လောက်ယှဉ်သလဲ-၃၆။

ဒီကျတော့ ဝိရတီယှဉ်လာပြီ, ဝိရတီက လောကုတ္တရာကျတော့ အကုန်လုံးယှဉ်တယ်၊ ဆန်းတယ်နော်၊ လောကုတ္တရာမှာကျတော့ ဝိရတီဟာ အမြဲတမ်းလည်းယှဉ်တယ်၊ တစ်ပေါင်းတည်းလဲယှဉ်တယ်၊ ကာမာဝစရမှာ ယှဉ်တာနဲ့ ပြောင်းပြန်ပဲ။

ကာမာဝစရမှာကျတော့ တစ်ခါတစ်လေမှလည်းယှဉ်တယ်၊ တစ်ခုစီလည်းယှဉ်တယ်၊ ဟော ဒီကျတော့ လောကုတ္တရာကျတော့ အမြဲတမ်းလည်းယှဉ်တယ်၊ တစ်ပေါင်းတည်း လည်းယှဉ်တယ်၊ လောကုတ္တရာရဲ့ သတ္တိပဲ။

ဘာကြောင့်လဲဆိုတော့ ဝိရတီရဲ့ အာရုံဖြစ်တဲ့ဝိရတီစေတသိက်တွေ ရှောင်တဲ့ ဒုစရိုက် ဒုရာစာရ၊ ဒုစရိုက်တို့ မကောင်းတဲ့ အသက်မွေးမှုတို့ကို အပြီးသတ်တစ်ခါတည်း မဂ်နှင့်ပယ်လိုက်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လောကုတ္တရာစိတ်ကျတော့ ဝိရတီ စေတသိက်ဟာအမြဲတမ်းလည်း ယှဉ်တယ်၊ ၃-ခုလုံးလည်းယှဉ်တယ်လို့ ဒီလို ယူရတယ်။

ဒါကြောင့်မို့ ဝိရတီသာယှဉ်တယ်, အပ္ပမညာကျတော့ မယှဉ်ဘူး၊ ဘာကြောင့်လဲ ဆိုတဲ့အခါကျတော့ လောကုတ္တရာစိတ်က နိဗ္ဗာန်ကို အာရုံပြုတယ်၊ အပ္ပမညာက သတ္တဝါပညတ်ကိုအာရုံပြုတယ်၊ အာရုံပြုတာချင်း မတူဘူး၊ ဒါကြောင့်မို့ သူတို့ မယှဉ်နိုင်ဘူး၊ ဒါကြောင့်မို့ အညသမာန်း စေတသိက်-၁၃-ခု, သောဘနသာဓာရဏ-၁၉ ခု၊ ဝိရတီ ၃-ခု, ပြီးတော့ ပညိန္ဒြေ-၁ ခု၊ အားလုံး ၃၆-ပဲယှဉ်တယ်။

- ဒုတိယစျာန်စိတ် ၁-ခုလျှော့ ဝိတက်လျှော့
- တတိယစျာန်စိတ် ဝိတက် ဝိစာရလျှော့
- စတုတ္ထစျာန်စိတ် ဝိတက်, ဝိစာရ, ပီတိ,လျှော့
- ပဥ္စမစျာန်စိတ် ဝိတက်, ဝိစာရ, ပီတိလျှော့

ဒါကြောင့်မို့ စတုတ္ထစျာန်နှင့် ပဥ္စမစျာန် ဒီကျတော့ သချာတူတယ်၊ ၃၃-ချင်းတူတယ်။

ထို့အတူပဲ ဖိုလ်ပထမစျာန်စိတ် ၄-ခု၊ စေတသိက်ဘယ်လောက်တုန်း၃၆။

- ဒုတိယစျာန်စိတ် - ၃၅
- တတိယစျာန်စိတ် - ၃၄
- စတုတ္ထစျာန်စိတ် - ၃၃
- ပဥ္စမစျာန်စိတ် - ၃၃, အတူတူပဲ၊

စိတ်ပိုင်းမှာ ကောင်းကောင်းမကျေတော့ ဒီမှာလည်းလာပြီး မရှင်းမလင်းဖြစ်နေတာမို့လား၊ အဲဒီတော့ ကိုယ်က စေတသိက်တွေကိုလည်း မြင်နေရမယ်၊ အညသမာန်းစေတသိက်, အကုသိုလ်စေတသိက်, သောဘနစေတသိက်, ဆိုပြီးတော့ စိတ်ကလည်း မြင်နေပြီးတော့ ဟပ်ယူရတာပေါ့၊ သို့သော် ဒီဇယားကွက်ကိုကြည့်ပြီးတော့ ရှာတတ်ရင် တစ်ထစ်တက်လာပြီ၊ အလွယ်ပြောနိုင်ရင် သိနိုင်ရင်တော့ ဒါအကောင်းဆုံးပဲ၊ ခုနလို အချက်ကလေးတွေကို မှတ်ထားရင် စဉ်းစားလို့ရပါတယ်။

ဝိရတီဆိုတာ ကာမာဝစရ ကုသိုလ်မှာ ယှဉ်တယ်၊ လောကုတ္တရာမှာယှဉ်တယ်၊ ကာမစိတ်ကုသိုလ်မှာ ယှဉ်ရင် သူက ရံခါ အသီးအသီး ယှဉ်တယ်၊ လောကုတ္တရာ ယှဉ်ရင် အမြဲတစ်ပေါင်းတည်း ယှဉ်တယ်။

အပ္ပမညာစေတသိက်ကျတော့ သူက ပညတ်ကို အာရုံပြုတယ်၊ ဒါကြောင့်မို့ ကာမာဝစရဝိပါက်မှာ သူမယှဉ်ဘူး၊ ပဥ္စမစျာန်ဆိုတော့ သူမယှဉ်ဘူးပေါ့ ပီတိဆိုရင်လည်း သောမနဿဆိုရင် ယှဉ်မယ်၊ ဥပေက္ခာဆိုရင် မယှဉ်ဘူး၊ စတုတ္ထစျာန်ကျတော့ သောမနဿဖြစ်ပေမယ်လို့ ပီတိမယှဉ်ဘူး၊ ဒါက ဘာဝနာနှင့် ပယ်ခွာထားတာကိုး။

ဉာဏသမ္ပယုတ်ဖြစ်ရင် ပညိန္ဒြေယှဉ်မယ်, ဉာဏဝိပ္ပယုတ်ဖြစ်ရင် ပညိန္ဒြေမယှဉ်ဘူး။

အဲသလိုဟာလေးတွေ သိနေရင် ရှာလို့ရပါတယ်၊ အဲဒါအားလုံး သင်္ဂဟနည်း၊ တစ်ခေါက်ပြန်သွားလိုက်ကြရအောင်,ဒီတစ်ခါ သချာနှင့်သွားမယ်။

| | | |
|---|---|---|
| လောဘမူ | ပထမစိတ်မှာ | ၁၉ |
| | ဒုတိယစိတ်မှာ | ၂၁ |
| | တတိယစိတ်မှာ | ၁၉ |
| | စတုတ္ထစိတ်မှာ | ၂၁ |
| | ပဥ္စမစိတ်မှာ | ၁၈ |
| | ဆဋ္ဌမစိတ်မှာ | ၂၀ |
| | သတ္တမစိတ်မှာ | ၁၈ |

| | | |
|---|---|---|
| | အဋ္ဌမစိတ်မှာ | ၂၀ |
| ဒေါသမူ | ပထမစိတ်မှာ | ၂၀ |
| | ဒုတိယစိတ်မှာ | ၂၂ |
| မောဟမူ | ပထမစိတ်မှာ | ၁၅ |
| | ဒုတိယစိတ်မှာ | ၁၅ |

အဟိတ်စိတ်သွားလိုက်စမ်း

| | |
|---|---|
| ဒွေးပဉ္စဝိညာဏ် ၁၀-မှာ | ၇-ခု |
| သမ္ပဋိစ္ဆိုင်းဒွေးမှာ | ၁၀-ခု |
| ဥပေက္ခာသန္တီရဏမှာ | ၁၀-ခု |
| သောမနဿ သန္တီရဏမှာ | ၁၁-ခု |
| ပဉ္စဒွါရာဝဇ္ဇန်းမှာ | ၁၀-ခု |
| မနောဒွါရာဝဇ္ဇန်းမှာ | ၁၁-ခု |
| ဟသိတုပ္ပါဒ်မှာ | ၁၂-ခု |

ကာမာဝစရကုသိုလ်စိတ်

| | |
|---|---|
| ပထမဒွေး ၁-၂ မှာ | ၃၈ |
| ၃-၄ မှာ | ၃၇ |
| ၅-၆ မှာ | ၃၇ |
| ၇-၈ မှာ | ၃၆ |

ကာမာဝစရဝိပါက်စိတ်

| | |
|---|---|
| ၁-၂ မှာ | ၃၃ |
| ၃-၄ မှာ | ၃၂ |
| ၅-၆ မှာ | ၃၂ |
| ၇-၈ မှာ | ၃၁ |

ကာမာဝစရ ကြိယာစိတ်

| | |
|---|---|
| ၁-၂ မှာ | ၃၅ |
| ၃-၄ မှာ | ၃၄ |

| | |
|---|---|
| ၅-၆ မှာ | ၃၄ |
| ၇-၈ မှာ | ၃၃ |


ရူပါဝစရ - ကုသိုလ်စိတ်


| | |
|---|---|
| ပထမဈာန် ၃- မှာ | ၃၅ |
| ဒုတိယဈာန် ၃- ခု | ၃၄ |
| တတိယဈာန် ၃- ခု | ၃၃ |
| စတုတ္ထဈာန် ၃- ခု | ၃၂ |
| ပဥ္စမဈာန် ၃- ခု | ၃၀ |
| အရူပါဝစရ - စိတ် ၁၂ ခုလုံးမှာ | ၃၀ |


လောကုတ္တရာ


| | |
|---|---|
| ပထမဈာန်မှာ | ၃၆ |
| ဒုတိယဈာန်မှာ | ၃၅ |
| တတိယဈာန် | ၃၄ |
| စတုတ္ထဈာန်မှာ | ၃၃ |
| ပဥ္စမဈာန်မှာ | ၃၃ |


ဒီကျတော့ စတုတ္ထနှင့် ပဥ္စမကတူတယ်၊ ဖိုလ်စိတ် ၄-ခုမှာလည်း ဒီအတိုင်းပါပဲ၊ အဲဒါဟာ သင်္ဂဟနည်း၊ အဲဒီတော့ သမ္ပယောဂနည်းရယ်, သင်္ဂဟနည်းရယ်၊ ဒီနှစ်ခုနှင့် လှည့်ချေလိုက်ရင် တော်တော်လေး ကျေသွားလောက်တယ်။

ဒါကြောင့်မို့ပြောတာ, စိတ်ပိုင်းကျေပစေ, ကျေပစေပြောတာအဲဒါပဲ။ ကျေအောင်လုပ်နော်၊ နည်းနည်းချင်းလုပ်သွားပါ၊ တစ်ခါတည်း ကုန်အောင်တော့ စိတ်မကူးနှင့်, စိတ်ပင်ပန်းတယ်၊ နည်းနည်းချင်းလုပ်သွားရင် ရတယ်။

အဲဒီတော့ ဒီဇယားကွက်ကို အထက်ကနေ အောက်ကို ဖတ်လိုက်ရင် သမ္ပယောဂနည်း, ဘယ်ဘက်က ညာဘက်ကို ကန့်လန့်ဖြတ်ဖတ်လိုက်ရင် သင်္ဂဟနည်း ဖြစ်တယ်၊ ဒါ ရှာလို့လွယ်ပါပြီ။

ဆိုပါတော့ ဒိဋ္ဌိစေတသိက်ဟာ စိတ်ဘယ်လောက်နှင့် ယှဉ်သလဲလို့ သိချင်ရင် ဒိဋ္ဌိ ဒေါင်လိုက် ဖတ်လိုက်ရုံပဲ၊ လောဘမူပထမစိတ်မှာ စေတသိက် ဘယ်လောက် ယှဉ်သလဲဆိုရင် အဲဒီ လောဘမူ ၁-ကို ကန့်လန့်ဖြတ်ဖတ်လိုက်ရုံပဲ၊ အဲဒီ ကျရင်

တွေ့မှာပေါ့၊ ဒိဋ္ဌိစေတသိက်နှင့် ယှဉ်တာဆို ၄-တွေ့လိမ့်မယ် လောဘမူ ပထမ စိတ်နှင့် ယှဉ်တာဆို ၁၉ တွေ့လိမ့်မယ်၊ အဲသလို သွားရမယ်။

နောင်ခါကျတော့ စိတ်ယှဉ်စေတသိက်ယှဉ် ပြောလိုက်ရင်မြင်နေမှကောင်းမယ်၊ မမြင်ရင် ရှုပ်ထွေး ရှုပ်ထွေးသွားမယ်၊ ဒါဟာ မရောသေးဘူး၊ မတွဲသေးဘူးနော်၊ ယှဉ်တာကို compatibility, ယှဉ်တယ်ဆိုတာ အတူတူဖြစ်တာကို ပြောတာ compair လုပ်တာကိုပြောတာမဟုတ်ဘူး၊ တစ်ပြိုင်နက် ဖြစ်တာကို ယှဉ်တယ်လို့ ဆိုတယ်။

မေး – ထူးဆန်းတယ်ဆိုတာ ဒွေးပဉ္စဝိညာဏ် ၁၀-နဲ့ တွဲတဲ့ စေတသိက် ၇-ခု။ တော်တော် ပြင်းထန်တယ်နော်၊

ဖြေ – ဒွေးပဉ္စဝိညာဏ် ၁၀-က စေတသိက် ၇-ခုထဲပဲရှိတယ်၊ သူကတော်တော် ပြင်းထန်တယ်၊ impact ဖြစ်တယ်၊ တခြားဟာဘာမှ မလိုတော့ဘူး။

မေး – သူဖြစ်နေတဲ့အချိန်မှာ အခြားစေတသိက်တွေပေါ်ဖို့ အလားအလာနည်းသွားတယ်ပေါ့။

ဖြေ – သူဖြစ်နေတဲ့အချိန်မှာ အခြားစေတသိက်တွေ မရှိပဲ ဒီ ၇-ခုထဲပဲ ဖြစ်နေတော့တယ်၊ သူဖြစ်ပြီး နောက်ကျတော့ကို သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်မယ်၊ အဲဒီကျတော့ သမ္ပဋိစ္ဆိုင်းအရာ ၁၀-ခု ဖြစ်သွားတယ်၊ ဟို စိတ်ပိုင်းတုန်းက ဥပမာလေးတွေနဲ့ ပြောခဲ့ပါ ရောလား၊ သရက်ပင်အောက်မှာ လူအိပ်နေတဲ့ ဥပမာလေး တစ်ခုပြီးတစ်ခု တစ်ခုပြီးတစ်ခု သွားတယ်၊ သူ့အခိုက်အတန့်နှင့် သူ့အခိုက်၊ ဒီမယ်စေတသိက် ကလေးတွေ ယှဉ်၊ယှဉ်သွားရမယ်။

အဲဒါကြောင့်မို့လို့ တက်ပြီးသားကိုတော့ ကျေပစေ၊ တက်ပြီးသား မကျေရင် မကောင်းဘူး၊

ဒါဟာ ရိုးရိုးလေးသွားတာရှိသေးတယ်၊ တွဲတာ မရှုပ်သေးဘူး၊ ကိုင်း နည်းနည်းနည်းနည်း (Just for a sample) မောဟမူဒွေးဆိုပါတော့, မောဟမူဒွေးမှာ စေတသိက်ဘယ်လောက်ယှဉ်သလဲလို့ မေးမယ်၊ ၂-ခုပေါင်းကြည့်ရလိမ့်မယ်၊ ကဲ ဘယ်လောက်ရလဲ၊ မောဟမူဒွေးနှင့် ယှဉ်နိုင်တဲ့ စေတသိက်ပေါင်း ဘယ်လောက် ရှိသလဲ၊ တူတာကို မယူဘူး၊ မတူတာကို ယူမယ်၊ ၁၆-ခု မဟုတ်ဘူးလား၊ မောဟမူဒွေးမှာ ပထမစိတ်နှင့်က ၁၅-ခု ယှဉ်တယ်၊ ဒုတိယစိတ်နှင့်က ၁၅-ခု ယှဉ်တယ်၊ ၂-ခုလုံးနှင့် ယှဉ်တာကို ရှာစမ်းပါဆိုရင် ၁၆-ခုရမယ်၊ အဲဒါမျိုးပေါ့၊ အဲဒါကတော့ ပိုပြီးတော့ ရှုပ်သွားလိမ့်မယ်၊ မလုပ်ကြနဲ့ဦးစို့၊

တူတာကျတော့ ဒီအတိုင်းထား၊ မတူတာကျတော့ ထပ်ထည့်တယ်, ပထမ ၁၅–ခုကြည့်ထား အဲဒီ ၁၅ –ခုထဲမှာ ဘာထပ်ထည့်မလဲ, အဓိမောက္ခထပ်ထည့်မယ်၊ ဒါပဲပေါ့၊ ဝိစိကိစ္ဆာက နဂိုတည်းက ပါပြီးသားလေ။

အဲဒီလို အကုန်လုံး စုစုမေးရင် ပေါင်းရတဲ့အခါကျ မလွယ်ဘူး၊ ပထမစိတ်က စိတ်တစ်ခုမှာ ရှိပြီးသား, နောက်ဟာတွေက မတူတာ ထပ်ထပ်ထည့်သွားမှာ၊ တူတာကတော့ သချ်ာမတိုးတော့ဘူး။

အခု ပထမစိတ်နှင့် ၁၅–ခု ယှဉ်ထားတော့ ဒုတိယစိတ်ကလည်း ၁၅–ခုပဲ အဲဒီ ၂–ခုမှာ ကြည့်လိုက်ရင် common ဖြစ်တာ ၁၄–ခုရှိတယ်၊ အဓိမောက္ခက ဒုတိယစိတ်နှင့် ယှဉ်တယ်၊ ဝိစိကိစ္ဆာက ပထမစိတ်နှင့် ယှဉ်တယ်၊ ၂–ခုစလုံး ထပ်ထည့်လိုက်၊ ၁၄–ထဲ ၂– ခုထည့် ၁၆–ခု, အဲဒီနည်းနှင့်သွားမယ်နော်။

အခု ဒါက သင်္ဂြိုလ်လို့ခေါ်တဲ့ ကျမ်းမှာပြတဲ့နည်း, သမ္ပယောဂနည်း, သင်္ဂဟနည်း၊ ဒီ ၂– နည်းပဲ။

ဒါတောင်မှ ခက်ပြီလို့ ထင်နေရင် ဦးဇင်းတို့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးရှိတယ်၊ မြန်မာပြည်မှာ ဆရာတော်ကြီးက နောက်တစ်နည်း ထပ်ထည့်လိုက်သေးတယ်၊ မိဿကနည်းတဲ့။

အဲဒါကဘာလဲဆိုတော့ စေတသိက်ချင်း ယှဉ်တဲ့နည်း၊ အဲဒါကျတော့ ဒီ ၂–နည်းကို ရောမွှေလိုက်တာ။

ဆိုပါတော့ ဖဿ စေတသိက်နှင့် စေတသိက်ပေါင်း ဘယ်လောက်ယှဉ်သလဲ၊ စေတသိက် စေတသိက်ချင်းမေးတာ, ဖဿစေတသိက်နှင့် စေတသိက် ဘယ်လောက် ယှဉ်သလဲသိချင်ရင် ဖဿစေတသိက်နှင့် စိတ်ဘယ်လောက်ယှဉ်သလဲပထမ အရင်ရှာရမယ်၊ ပြီးတော့မှ အဲဒီစိတ်တွေအားလုံးနှင့် စေတသိက် ဘယ်လောက်ယှဉ်သလဲ ရှာပြီးတော့ ရတော့မှ ဖဿပါနေရင် ဖဿပြန်နုတ်လိုက်, အဲဒီနည်းနှင့် သွားတာ, အဲဒါတော့ ပိုရှုပ်တယ်၊ အခု ပထမဆုံးဟာတော့ သိပ်လွယ်တယ်။

ဆိုပါတော့, ဖဿက စိတ်အားလုံးနှင့် ယှဉ်တယ်မို့လား၊ အဲဒီ စိတ်အားလုံးနှင့် စေတသိက်အားလုံး မယှဉ်ဘူးလား၊ ယှဉ်တယ်ဆိုရတာပေါ့၊ဒါဖြင့်ရင် စေတသိက် ၅၂–ခုပဲရတယ်၊ အဲဒီတော့ ဒီဖဿသည် ဖဿနှင့် ယှဉ်တယ်လို့ မပြောနိုင်ဘူး၊ ဒါကြောင့်မို့ ဖဿနုတ်လိုက်၊ ဖဿသည် စေတသိက် ၅၁ –ခုနှင့် ယှဉ်တယ်။

လောဘ ကျတော့ ဒီလိုမဟုတ်တော့ဘူး၊ လောဘကျတော့ လောဘမူစိတ်

၈–ခုနှင့်ပဲ ယှဉ်မှာမဟုတ်လား၊ အဲဒီကျတော့ သောဘန စေတသိက်တွေ မပါတော့ဘူးပေါ့၊ အဲသလိုနည်းနဲ့ ရှာသွားတဲ့နည်းကို ဝိသုဒ္ဓါရုံဆရာတော်ကြီးက ထွင်ထားတာ၊ မိဿကနည်းခေါ်တယ်၊ အဲဒါတော့ ရေးတော့ ပေးအုံးမှာပေါ့လေ၊ နောက်အပတ်ကျရင်နော်၊ လက်ထဲရှိထားရင် နောင်တစ်ချိန် အချိန်ရရင် လေ့လာ ချင်ရင်လေ့လာလို့ ဖြစ်တာပေါ့။

ဒါကြောင့်မို့ အခု ဒီနေ့ဆိုပါတော့ စိတ်နှင့်စေတသိက် ၂– ခုကိုပေါင်းပြီးတော့ လေ့လာပြီးပြီပေါ့နော်၊ စိတ်ဘယ်လောက်ရှိတုန်း, အကျဉ်းအားဖြင့် ၈၉, အကျယ်အားဖြင့် ၁၂၁–ပါးရှိတယ်၊ စေတသိက်က ၅၂–ပါးရှိတယ်၊ အဲဒီမှာ စိတ်တစ်ခုခုမှာ စေတသိက် ဘယ်လောက်ဘယ်လောက်ယှဉ်တယ်၊ တစ်ခါ စေတသိက် တစ်ခု တစ်ခုနှင့် စိတ်ဘယ်လောက် ဘယ်လောက်ဖြစ်တယ်၊ ဒါတွေအားလုံး ရောနှောလေ့လာပြီးပြီ။

ပြီးတော့ ဒီ စေတသိက်တွေထဲမှာ နိယတယောဂီနှင့် အနိယတယောဂီ ၂–မျိုးလည်း ဟိုနေ့က လေ့လာပြီးပြီ၊ သူနှင့်ယှဉ်တယ်ဆိုတဲ့စိတ်နှင့် အမြဲတမ်းယှဉ်တာဖြစ်တိုင်းယှဉ်တာနော်၊ သူနဲ့ ယှဉ်တယ်ဆိုတဲ့စိတ်နှင့် ရံခါသာ ယှဉ်တာ၊ အဲဒါလည်း လေ့လာပြီးပြီဆိုရင် စိတ်ပိုင်းနှင့် စေတသိက်ပိုင်း ၂–ခု ပြီးသွားပြီ၊ စိတ်နှင့်စေတသိက်ဆိုတာ ဘယ်တော့မှ ခွဲဖြစ်တာမဟုတ်ဘူး၊ စိတ်ဖြစ်ရင် စေတသိက်က ပါတော့တာဆိုတော့ အမှန်တော့ ဘယ်ခါပဲဖြစ်ဖြစ် စိတ်ချည်းသီးခြား, စေတသိက်ချည်း သီးခြားဆိုတာ မရှိဘူး၊ စကားအနေနဲ့ ပြောရင်သာရှိတာ တကယ့်တကယ်ကျတော့ ဒါတွေအမြဲတမ်းဖြစ်နေတာ။

အဲသလို အမြဲတမ်းအတူတကွဖြစ်နေတဲ့ သဘောတရားတွေကို မြတ်စွာဘုရားမို့သာ တစ်ခုချင်း, တစ်ခုချင်း ခွဲခြားပြီးတော့ ဟောနိုင်တော်မူတာ၊ ရိုးရိုးပုဂ္ဂိုလ်တွေအနေနဲ့ဆိုရင်တော့ နည်းနည်းပါးပါးတော့သိတယ်၊ တရားထိုင်တဲ့အခါမှာ မြင်လာတဲ့အခါမှာ ဒီသဘောလေးတွေကို တစ်ခုသိမယ်၊ နှစ်ခုသိမယ်၊ ဒါပေမယ့် အားလုံးသိဖို့ ကတော့ မဖြစ်နိုင်ဘူးလို့ပဲ ဆိုရမယ်။

သို့သော် ကိုယ့်မှာ ဉာဏ်ရှိသလောက်, ပါရမီရှိသလောက်, ပါရမီဉာဏ် ဝိပဿနာဉာဏ်ထက်သန်သလောက် အသိလေးတွေ မြင်မြင်သွားမယ်၊ ရှင်းရှင်းပြီးသွားမယ်။

ဘာနဲ့တူသလဲဆိုရင် ဆိုပါတော့ အရသာ ၃–၄ မျိုးရောပြီးထားတဲ့ အစာဟစ်ခု စားတဲ့အခါကျတော့ စပ်တယ်ဆိုတာလည်း ကိုယ်သိတယ်၊ ငန်တယ်ဆိုတာ

လည်း သိတယ်၊ ချဉ်တယ်ဆိုတာလည်းသိတယ်၊ အမှန်ကတော့ ရောနေတာပဲ၊ ရောနေပေမယ်လို့ ဒီအရသာလေးတွေ တစ်ခု,တစ်ခုကို သိသွားတယ်၊ ဘာကြောင့်လဲဆို ကိုယ်က ဒါနဲ့ (Familiar) ဖြစ်နေပြီးသား။

အဲဒါမျိုးကို တကယ်ထိုင်ပြီးတော့ ရှုမှတ်လာပြီဆိုတော့ ဒီသဘောလေးတွေ တစ်ခုချင်း, တစ်ခုချင်းကတော့ သိတာပဲ၊ တစ်ပြိုင်နက်ဖြစ်နေတာ, ရောနေတာ၊ ဒါပေမယ်လို့ ခွဲခြားပြီးတော့ သိနေတာပဲ၊ ခုနက ပြောသလို လွန်ခဲ့တဲ့အပတ်ကလား, ဟိုဘက်အပတ်ကလား, ဘယ်သူပို့တဲ့ဟင်းမှန်း မသိပါဘူး၊ ဟင်းရည်ပေါ့လေ၊ ဟင်းရည်ဆိုတော့ ကိုယ်ကတော့ နေရာကျပြီဆိုပြီးတော့ သောက်လိုက်တာ၊ စပ်လိုက်တာ၊ ငရုပ်သီး မမြင်ရပဲနဲ့ စပ်တာ။

ဆိုလိုတာကတော့ စပ်တယ်ဆိုတဲ့ အရသာလည်း ကိုယ်သိသွားတယ်၊ ဒီအထဲမှာ တခြားငန်တဲ့ အရသာလေးလည်းသိတယ်၊ ချဉ်တဲ့အရသာလေးလည်း သိတယ်၊ ရောနေတာပဲ၊ အမှန်ကတော့ သိဖို့မကောင်းဘူး၊ ဒါပေမယ်လို့ ကိုယ့်လျှာက ခွဲခြားပြီးသိနေတာ၊ လျှာပါးတယ်ခေါ်မလား၊ အဲဒီအတိုင်းပဲ ကိုယ့် ဉာဏ်က ပါးနပ်လာတဲ့ အခါကျတော့ ဒီဟာလေးတွေက သိလာတာပဲ၊ အဲဒါကြောင့်မို့ အလွန်စိတ်ဝင်စားဖို့ကောင်းတယ်၊ အဲဒါ စိတ်တော့မပျက်ကြနဲ့, ကြိုးစားပြီးတော့ မှတ်မိလေ ကိုယ့်မှာ အရသာတွေ့လေ ဖြစ်လိမ့်မယ်နော်၊ ဘာလို့တုန်း တစ်နေ့တစ်နေ့ တက်ထားတာကို နည်းနည်းလုပ်သွား၊ အမှန်တိုင်း ပြောရင်တော့ ကျေအောင်လုပ်ဖို့ တစ်ပတ်လုံးအချိန်ရှိတယ်၊ ဒီတိတ်ပဲ ပြန်ပြန် နားထောင်သွားပြီးတော့ ဒီစာအတိုင်းပဲလုပ်သွားပါ။

အဲဒီတော့ ဟို အပြောက်အစက်ကလေးတွေကိုလည်း မျက်စိထဲ မြင်အောင် ကြိုးစားနော်၊ ပြောလိုက်တယ်ဆိုရင်, တန်းမြင်နေတယ်ဆိုရင် အနီ ၄-ခု အပြာ ၄-ခု ဘာပဲ, ညာပဲဒါလေးတွေ မြင်သွားရင် ကောင်းမယ်။

အဲဒီတော့ အဲဒီဟာလေးတွေ တစ်ခုချင်းတစ်ခုချင်းကို (identify) လုပ်နိုင်အောင် ကြိုးစားသွားတယ်၊ ဒါဖြစ်တယ်, ဘာကြောင့်တုန်းသူတို့ (Chemistry) သမားတွေကျတော့ ဒီလိုမှတ်တာ၊ သူတို့လဲ တစ်ရာကျော်ရှိတာပဲ၊အောင်မယ်, မှတ်တော့လည်း သူတို့ အလွတ်ရေးနိုင်တဲ့ သူတွေရှိတယ်နော်။

အဲဒီအတိုင်းပဲ စိတ် ၈၉၊ ၁၂၁-လည်းဘာမှ ခဲယဉ်းတာမဟုတ်ဘူး၊ အမှန်ကတော့ နည်းနည်းချင်းသာလုပ်သွား။

ကောင်းပြီ, ဒါဖြင့်ရင် စိတ်ပိုင်းနှင့် စေတသိက်ပိုင်း, ဒီနေ့စေတသိက်ပိုင်း

ပေါ့လေ၊ စေတသိက်ပိုင်း ၂ ပြီးပဲ ထားကြစို့ ဟုတ်လား၊ သို့သော် ခုနက ပြောတဲ့ မိဿကနည်းဆိုတဲ့ အပေါင်းနည်းကို နောက်အပတ်ကျတော့နည်းနည်းပြောပြမယ်ပေါ့၊ ဘာတုန်းဆိုတော့ မြန်မာဆရာတော်တွေ ဘယ်လောက်ထိအောင် အဘိဓမ္မာကို မွေနှောက်ထားတယ်၊ ဘယ်လောက်ထိအောင်လုပ်ထားတယ်ဆိုတာ သိစေချင်တယ်၊

အမှန်အတိုင်းပြောတော့ ဦးဇင်းတို့က ဒီကျမ်းဂန်တွေ ဒီအဘိဓမ္မာတွေကို သူများဆီကရတာနော်၊ အိန္ဒိယက သီဟိုဠ်က ရတာမဟုတ်လား၊ ရပေမယ်လို့ တို့မြန်မာဆရာတော်တွေက အရှိအတိုင်းလေး တင်ယူတာ မဟုတ်ဘူး၊ ထပ်ပြီးတော့ ဖြည့်လိုက်သေးတယ်၊ ထွင်လိုက်သေးတယ်ဆိုတာလည်း သိစေချင်တယ်၊ ဒါ မြန်မာ နိုင်ငံမှာ ထွင်ထားတာ၊ ည ဝါဆိုတာတွေ နောက်ရှိသေးတယ်နော်။

ဒါကြောင့်မို့ အဘိဓမ္မာနဲ့ ပတ်သက်လာရင်တော့ မြန်မာဖြစ်ရတာဟာ အလွန်အလွန် ကံကောင်းတယ်လို့ဆိုရမှာ၊ တခြားလူမျိုးတွေ ဒီလိုသင်ခွင့် အခွင့်အလမ်း သိပ်မရကြဘူး၊ ဘာပြုလဲဆိုတော့ သူတို့နိုင်ငံတွေမှာ ဒီ အဘိဓမ္မာ အစဉ်အလာက ပြတ်သလောက် ဖြစ်သွားတာ၊ အခုမှပြန်ပြီးတော့ လုပ်နေရတာဆိုတော့ သိပ်မြန်မာပြည်လို မဟုတ်တော့ဘူး၊ မြန်မာပြည်ကတော့ အခုထိအောင် သွားနေတုန်းပဲ၊ အစဉ်အလာဟာ နောက်လည်းသွားနေမှာပဲ၊ ကောင်းပြီ စိတ်နှင့်စေတသိက်တဲ့။

* အဘိဓမ္မာ သင်တန်းပို့ချချက်များ
* ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ၊ ပဉ္စမတွဲများ
* ရွှေစန္ဒာထွန်းစာပေမှ
* ဆက်တိုက်ထွက်ရှိလာပါမည်

အမှတ် ၂၆၉၂၄
ရက်စွဲ..................

ရွှေစန္ဒာထွန်းစာပေ

# အဘိဓမ္မာသင်တန်းပို့ချချက်များ

## (ပထမတွဲ)

အရှင်သီလာနန္ဒာဘိဝံသ (D.Litt.)
(အဂ္ဂမဟာပဏ္ဍိတ-အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
**ပါဠိမောက္ခချုပ်ဆရာတော်**
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်





